http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ဝိမာနဝတ္ထုပါဠိတော်
နှင့်
# ပေတဝတ္ထုပါဠိတော်
# မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ဝိမာနဝတ္ထုပါဠိတော်
နှင့်
# ပေတဝတ္ထုပါဠိတော်
# မြန်မာပြန်

သာသနာ - ၂၅၅၄  ကောဇာ - ၁၃၇၂  ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ဝိမာနဝတ္ထုပါဠိတော်

နှင့်

# ပေတဝတ္ထုပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ॥ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ॥ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ॥ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င–၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င–၂ | (၇) –၃ | (၁၂) –၇ (လျော့) | |
| | | (သုတ္တန်) င–၃ | (၁၈) –၄ | (၁၁) –၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) –၇ | (၄၀) –၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com



## က - ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁

] ၃၄ သုတ်

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအဖြေခံ)

---

## ခ - မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]
၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ]

] ၁၅၂ သုတ်

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

---

## ဂ - သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)

] ၇၇၆၂ သုတ်

---

## ဃ - အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း

] ၉၅၅၇ သုတ်

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊
ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကစံခံနိုင်နည်း။

http://www.dhammadownload.com



## ၄-ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄-၁) ခုဒ္ဒကနိကာယ် ဝိနည်း ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄-၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကကဏ်) |
| ၁၄.၄-၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄-၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄-၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄-၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄-၂) ခုဒ္ဒကနိကာယ် အဘိဓမ္မ ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄-၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄-၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| - | | ၃ ဓါတုကထာ | x |
| ၂၀.၄-၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄-၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄-၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| - | | ၆ ယမိုက် | x |
| - | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (၈–၃) ခုဒ္ဒကနိကာယ် သုတ္တန္တ ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | |
|---|---|---|---|
| ၂၃. ၈–၃. ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. ၈–၃. ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. ၈–၃. ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. ၈–၃. ၄/၇ - | ၉ ပဋိသမ္ဘိဒါ မဂ် | | ၁ |
| ၂၇. ၈–၃ ၅/၇ - | ၁၀ မိလိန္ဒပဉှာ | | ၁ |
| ၂၈. ၈–၃. ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. ၈–၃. ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ①ဝိမုတ္တိရသ | (၁) | ④ပိဋက | (၃) |
| ②ဓမ္မဝိနယ | (၂) | ⑤နိကာယ် | (၅) |
| ③ဝစန | (၃) | ⑥ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

**ခုဒ္ဒကနိကာယ်**

**ဝိမာနဝတ္ထုနှင့်ပေတဝတ္ထုပါဠိတော် မြန်မာပြန်**

# ကျမ်းဦးမှတ်ဖွယ်

---

## လူ့ပြည်လူ့ဘဝ၏ ကျေးဇူးတရားများ

"တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေစ တာဝတိံသေ၊ကတမေဟိ တီဟိ သူရာ သတိမန္တော ဣဓ ဗြဟ္မစရိယဝါသော၊ ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေ စ တာဝတိံသေ တိ"[၁]။

"ရဟန်းတို့ ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် အကြောင်းသုံးမျိုးတို့ဖြင့် ဥတ္တရကုရုကျွန်းနေ လူတို့ကိုရင်း တာဝတိံသာနတ်တို့ကိုရင်း လွှမ်းမိုးသာလွန်ကုန်၏၊ အဘယ်အကြောင်းသုံးမျိုးတို့နည်းဟူမူ ရဲရင့်ကုန်၏၊ ခိုင်မြဲသောသတိရှိကုန်၏၊ ဤကျွန်း၌ မြတ်သောအကျင့်ကို ကျင့်သုံးရ၏၊ ရဟန်းတို့ ဤအခကြောင်းသုံးမျိုးတို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် တာဝတိံသာနတ်တို့ကိုရင်း ဥတ္တရကုရုကျွန်းနေ လူတို့ကိုရင်း လွှမ်းမိုးသာလွန်ကုန်၏"[၂]။

သုတ္တန္တပိဋက ခုဒ္ဒကနိကာယ် ဒုတိယကျမ်းစာလာ ဝိမာနဝတ္ထုနှင့် ပေတဝတ္ထုတို့ကို ကြည့်ရှုသုံးသပ်သူတိုင်းပင် အထက်ဖော်ပြပါ အင်္ဂုတ္တိုရ်လာ စကားရပ်ကို ပိုမို၍ သဘောပေါက်နိုင်ကြပေမည်၊ အသူးအားဖြင့် ဝိမာနဝတ္ထုတွင် မိမိတို့၏ ကုသိုလ်ကံအလျောက် နတ်သမီး နတ်သားတို့၏ စည်းစိမ်ခံစားရပုံနှင့် ဥယျာဉ်ဗိမာန် ရေကန်ပဒေသာပင် မြင်း ဆင် ရထား အစားစားတို့ကို တခမ်းတနား ဖော်ပြထားပေသည်၊ မိုးပျံမြေလျှိုး တန်ခိုးတေဇာ အရောင်အဝါတို့ကိုလည်း အားကျဖွယ်ရာ ဟောကြားထားပေသည်၊ သို့ဖြစ်စေကာမူ ယင်းစည်းစိမ်ချမ်းသာ တန်ခိုးတေဇာတို့ကို နတ်ပြည်လောကတွင် လူ့ပြည်၌ကဲ့သို့ ကျပ်ပြည့်တင်းပြည့် ဖန်တီး၍မဖြစ်၊ လေ့လာဆည်းပူး၍မရ၊ ရှိပြီးစည်းစိမ်တန်ခိုးမျှကိုပင် တိုးပွါးသစ်လွင်လာရန် လုပ်ဆောင်ခြင်းငှါ မလွယ်ကူပေ၊ စည်းစိမ်ချမ်းသာ တန်ခိုးတေဇာ အားလုံးကိုပင် များသောအားဖြင့် လူ့ပြည်လောကမှ ကုသိုလ်ပုညဟူသော လက်နက်ကောင်းဖြင့် ပြုလုပ်ဖန်တီးပေးရလေသည်။

ဖော်ပြပါ အင်္ဂုတ္တိုရ်လာ လူ့ပြည်လောက၏ ရဲရင့်ခြင်း သတိရှိခြင်းတို့အပြင် အထူးအားဖြင့် မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်းတို့သည် ထိုနတ်ပြည်အထပ်ထပ်၏ စည်းစိမ်တန်ခိုး အမျိုးမျိုးတို့ ဖြိုးဖြိုးဝေမှုတို့ကို ဖန်တီး၍ ပေးနေကြပေသည်၊ ထို့ကြောင့် လူ့ပြည်လောကကြီးသည် နတ်ပြည် ဗြဟ္မာ့ပြည်တို့၏ စည်းစိမ်ချမ်းသာ တန်ခိုးတေဇာတို့ကို နေ့ညမရွေး ထုတ်လုပ်ပုံပြင်၍ ပေးနေသည့် အချက်အချာ ဗဟိုဌာနကြီးဖြစ်ပြီးလျှင် နတ်ပြည် ဗြဟ္မာ့ပြည်သို့ သွားရာ ကူးတို့ဆိပ်ကြီးသဖွယ်လည်းဖြစ်၍ လူ့ပြည်မှ လူတို့သည် မိမိတို့၏ ကုသိုလ်ပုညအားလျော်စွာ နတ်ပြည် ဗြဟ္မာ့ပြည်တို့သို့ နေ့ညမရွေး ကူးသန်းရွှေ့ပြောင်း နေကြရပေသည်။

---

၁။ အံ ၃-၁၉၈။

၂။ အင်မြန် ၃-၁၉၈။

http://www.dhammadownload.com



ဤနေရာ၌ "လူ"ဟူသော အမည်ပညတ်၏ အဓိပ္ပါယ်ကို သိထားထိုက်ပေသည်၊ "လူ"ဟူသည့် မြန်မာဝေါဟာရမှာ ပါဠိဘာသာအားဖြင့် "မနုဿ"ဟူသောပုဒ် ဖြစ်ပေသည်၊ ယင်း"မနုဿ"ပုဒ်ကို အဋ္ဌကထာဆရာက "လောဘာဒီဟိ အလောဘာဒီဟိ စ သဟိတဿ မနဿ ဥဿန္နတာယ မနုဿာ =လောဘ အလောဘ အစရှိသည်တို့နှင့်တကွဖြစ်သော စိတ်၏ ပြန့်ပြောများပြားသည်၏ အဖြစ်ကြောင့် မနုဿ 'လူ'မည်၏"ဟု ဆိုထားရာ တလူလူမြင့်မား ထက်ကြွနေသည့် အဓိပ္ပါယ်ရောက်သော မြန်မာပညတ် လူဟူသည်နှင့် ထပ်တူလိုပင်ဖြစ်နေပေသည်၊ လူသတ္တဝါတို့သည် လောဘစသော စိတ်ပြန့်ပြောနေ၍ပင် အပါယ်ဘုံသို့ ဆင်းသက်ကြရပြီး အလောဘစသော စိတ်ကောင်းစိတ်မြတ်များ ပြန့်ပြောများပြား တလူလူမြင့်မားနေ၍ပင် နတ်ပြည် ဗြဟ္မာ့ပြည်နှင့် နိဗ္ဗာန်ခရီးလမ်းတွင် ပြည့်လျှမ်း၍ နေရပေသည်။

လူ့ဘုံဟူသော ဘဝပဒေသာပင်ကြီး သုဂတိကူးတို့ဆိပ်ကြီးမှပင် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာ သုံးဖြာသော စည်းစိမ်ကြီးများကို ခူးဆွတ်စားသောက် ကူးမြောက် ရွှေပြောင်းသွားနိုင်သဖြင့် ဘဝအမျိုးမျိုးတွင် လူ့ဘဝသည်သာ အကောင်းအမွန်ဆုံး ကောင်းမှုကုသိုလ် အပြုနိုင်ဆုံးဟု နှလုံးပိုက်အပ်ပေ၏၊ ဤစကားရပ်ဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းဟူသော ပုညကိရိယအမှုများကို လူ့ဘဝမှတပါး အခြားသောဘဝ အခြားသောဂတိများ၌ ပြုလုပ်ခွင့်မရဟူ၍ကား မဆိုလိုပေ၊ သင့်တန်သလောက် ရနိုင်သည်ဟုကား ဆိုရပေမည်၊ ငရဲဘုံ၌ပင် ကာမာဝစရကုသိုလ်စိတ်၏ဖြစ်ခြင်းကို ရံခါ ရနိုင်ပေသေးရာ အခြားဘုံများ၌ကား ဆိုဖွယ်ရာမရှိပေ၊ သို့ဖြစ်စေကာမူ နတ်ဘုံ ငရဲဘုံနှင့် တိရစ္ဆာန်ဘုံတို့သည် ချမ်းသာစင်စစ် ဆင်းရဲစင်စစ်နှင့် ဆင်းရဲများပြားသည်၏အဖြစ်ကြောင့် ပုညကိရိယ ကုသိုလ်ကောင်းမှု ပြုခွင့်များကို ရရှိရန် မလွယ်ကူပေ၊ ထို့ပြင် သပ္ပုရိသူပနိဿယစက်ဟူသော သူတော်ကောင်း ပုဂ္ဂိုလ်တို့နှင့် ပေါင်းဖော်တွေ့ဆုံနိုင်ခွင့်စသည့် အကြောင်းမျိုးတို့နှင့်ယှဉ်စပ်ရန် အလွန်ခဲယဉ်းခြင်းကြောင့်လည်း ပုညကိရိယ ကုသိုလ်ကောင်းမှု ပြုခွင့်များမှာ ဝေးသည်ထက်ဝေး၍ နေရပေသည်။

လူ့ဘုံသည်ကား နတ်ဘုံကဲ့သို့လည်း ချမ်းသာအတိ စံစားရသည်မဟုတ်၊ ငရဲဘုံကဲ့သို့လည်း ဆင်းရဲအတိ ခံစားရသည်မဟုတ်၊ တိရစ္ဆာန်ဘုံကဲ့သို့လည်း ဆင်းရဲများပြားလှသည်မဟုတ်၊ ချမ်းသာများပြားသော 'သုခ ဗဟုလ' ဘုံမျိုးသာဖြစ်ရာ ပုညကိရိယ ဝတ္ထုဖြစ်ခွင့်လည်းလွယ်ကူ၍ သပ္ပုရိသူပနိဿယစက်နှင့်လည်း ပြည့်စုံနိုင်ခဲလတော့သည်၊ လူ့ဘုံသည် ဆင်းရဲဒုက္ခနှင့်ကား မကင်းသေးပေ၊ သို့သော် ထိုဆင်းရဲသည်ပင် ပုညကိရိယဝတ္ထုကောင်းမှုပြုရန်အတွက် အထောက်အကူပြု၍ နေပေသေး၏၊ မှန်၏-ဆင်းရဲကိုမှီ၍ပင် ဘုရား တရား သံဃာ ရတနာသုံးပါး၌ ယုံကြည်မှု သဒ္ဓါတရားဖြစ်ပွား၍ လာရပေသည်၊ သံတုံးကို ခေါက်သောလက်နက်လုပ်ရာ၌ မီးချည်းဖုတ်နေလျှင်ရင်း ရေချည်းလောင်းနေလျှင်ရင်း ထိုးခုတ်သုံးစွဲနိုင်သောလက်နက် ဖြစ်မလာနိုင်ပေ၊ မီးလည်းထိုက်သင့်သလောက်ဖုတ် ရေလည်းထိုက်သင့်သလောက်လောင်းမှ လက်နက်ကောင်းဖြစ်လာသကဲ့သို့ မီးနှင့်တူသော ဆင်းရဲချည်းခံစားနေရမှု ဆင်းရဲများပြားနေရမှု၊ ရေနှင့်တူသော ချမ်းသာချည်းခံစားနေရမှုတို့သည် ပုညကိရိယ ဟူသောလက်နက်ကောင်းတို့ကို များစွာ မဖြစ်ပေါ်စေနိုင်၊ မီးရေမျှတ ဒုက္ခသုခသင့်ရုံမျှ ခံစား စံစားရသော လူ့ဘုံမျိုးမှာသာ ပုညကိရိယလက်နက်ကောင်းများကို အခြားဘုံတို့ထက်ပို၍ ထုတ်လုပ်နိုင်ကြောင်း နှလုံးပိုက်သင့်ပေသည်။

---

၁။ ဝိမာန ၄-၁၆။

http://www.dhammadownload.com



## လူလေးမျိုး

လူဟူရာ၌လည်း အဋ္ဌကထာ [၁] တွင် လေးမျိုးပြထားသေးသည်၊ ထိုလေးမျိုးကို ဤနေရာ၌ ဖော်ပြရန်လိုအပ်လှသဖြင့် ဖော်ပြဦးမည်၊ လူသည် သာမညအားဖြင့် တမျိုးတစားတည်းသာ ဖြစ်သော်လည်း အထူးပြု၍ ခွဲဝေရလျှင်....

(၁) မနုဿနေရယိက=လူငရဲသား

(၂) မနုဿပေတ=လူပြိတ္တာ

(၃) မနုဿတိရစ္ဆာန=လူတိရစ္ဆာန်

(၄) ပရမတ္ထမနုဿ=လူစစ်စစ်

ဟူ၍ လေးမျိုးခွဲဝေရလေသည်။

(၁) မနုဿနေရယိက=လူငရဲသားဟူသည်ကား လူဇာတ်ဝင်လူသား စင်စစ်ဖြစ်လျက် သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးယူခြင်းစသော မပြုသင့်သော အမှုတို့ကို ပြုလုပ်သဖြင့် ပြစ်ဒဏ်ပေးရန် ထိုက်တန်သည်နှင့် လျော်စွာ မင်းစသည်တို့က လက်ခြေဖြတ်ခြင်း စသော အပြစ်တို့ဖြင့် အပြစ်ပေးခံရသောကြောင့် ဆင်းရဲဒုက္ခကြီးစွာခံစားနေရသူမျိုးဖြစ်၏။

(၂) မနုဿပေတ = လူပြိတ္တာဟူသည်ကား လူသားစင်စစ်ပင် ဖြစ်သော်လည်း ရှေးကပြုခဲ့ဘူးသော မကောင်းမှုကြောင့် (ရှေးကကောင်းမှုကို မပြုခဲ့သောကြောင့်) အစားအစာ အဝတ်အထည်ကိုမျှလည်း မရရှိ ဆာလောင်ခြင်းဆင်းရဲဖြင့် နှိပ်စက်ခံနေရသည်ဖြစ်၍ ဆင်းရဲကြီးစွာဖြင့် ရပ်တည်ရာမရ ကတိမ်း ကပါး ပြေးလွှားရှာဖွေနေရသူမျိုးဖြစ်၏။

(၃) မနုဿတိရစ္ဆာန=လူတိရစ္ဆာန် ဟူသည်ကား လူလူချင်းအတူတူ ဖြစ်သော်လည်း သူတပါးနှင့်စပ်၍ အသက်မွေးရသဖြင့် သူတပါးတို့၏ တာဝန်ဝတ်တရားတို့ကို ထမ်းဆောင်လျက် မနေမနား သွားလာနေရသူမျိုးနှင့် လူလောက စည်းမျဉ်း ဥပဒေကို ကျော်နင်းဖျက်ဆီး၍ မလုပ်အပ်သည်ကို လုပ်သဖြင့် အစိုးရမင်းစသော ဟပါးသူတို့၏ ခြိမ်းချောက်မှုကြောင့် သေဘေးကို ကြောက်၍ တောချုံပိတ်ပေါင်းကို ခိုမှီဝင်အောင်းကာ အိပ်လိုခြင်း ဆာလောင်ခြင်း ဆင်းရဲကို ပယ်ဖျောက်ရုံမှတပါး အခြားမည်သည့်အကြောင်းအကျိုးဟုတ်သည် မဟုတ်သည်ကိုမျှ မစဉ်းစားနိုင်ပဲ ဒုက္ခကြီးစွာလှည့်လည်ပြေးလွှားနေရသူမျိုးဖြစ်၏။

(၄) ပရမတ္ထမနုဿ=လူစင်စစ်ဟူသည်ကား မိမိ၏ အကျိုးစီးပွါးကို သိ၍ ကံကံ၏ အကျိုးကို ယုံကြည်ကာ မကောင်းမှုမှ ရှက်ခြင်း ကြောက်ခြင်းဟု ဆိုအပ်သော ဟိရိဩတ္တပ္ပနှင့် ပြည့်စုံပြီးလျှင် သတ္တဝါတို့အပေါ်၌ သနားခြင်းရှိသည်ပြင် သံဝေဂတရားရှိသည့်အလျောက် အကုသိုလ်ကမ္မပထတရားတို့ကိုလည်း ရှောင်ကြဉ်ကာ ကုသိုလ်ကမ္မပထတရားတို့ကိုလည်း ကောင်းစွာကျင့်သုံး၍ ပုညကိရိယာဝတ္ထုတို့နှင့် ပြည့်စုံသော သူမျိုးပင်ဖြစ်သည်။

ဤလူလေးမျိုးတို့တွင် ဝိမာနဝတ္ထုအရ နောက်ဆုံးဖြစ်သော ပရမတ္ထမနုဿမျိုးကိုသာ ဆိုလိုပေသည်၊ သို့သော်လည်း ဘုရားအစရှိသော ပုဂ္ဂိုလ်မြတ်များ၏ အချီးအမြှောက်ကိုခံရလျှင်

---

၁။ ဝိမာန ဋ္ဌ-၁၉၊

http://www.dhammadownload.com



ကျန်သော လူသုံးမျိုးတို့သည်လည်း ဝိမာနဝတ္ထုအရ ပါဝင်နိုင်ပေသေး၏။ (စက္ကာလီစသောဝတ္ထုကိုထောက်၊ နောက်၌ထင်ရှားလတ္တံ့)။

**အသျှင်မဟာမောဂ္ဂလ္လာန်နှင့် နတ်ပြည်လောက**

ဤဝိမာနဝတ္ထု၌ အသျှင်မဟာမောဂ္ဂလ္လာန်စသော ရဟန္တာအရှင်မြတ်ကြီးတို့သည်—

"ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ"။

"အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့ပါသနည်း"—

စသည်ဖြင့် တွေ့ရသော နတ်သား နတ်သမီး၏ စည်းစိမ်ကို ချီးမွမ်းပြီးနောက် လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့၍ ဤမျှစည်းစိမ် ခံစားနေရသနည်းဟု **ဒိဋ္ဌသံသန္ဒနာ (သိလျက်နှိုးနှောဆွေးနွေးလိုသော)** အနေဖြင့် မေးမြန်းခဲ့သည်မှာ ဖော်ပြပါ ပရမတ္ထမနုဿဘဝ၏ မွန်မြတ်ပုံ ပဒေသာပင်ကြီးနှင့် တူပုံတို့ကို ထင်ရှားစေလိုသော **မဟာဇ္ဈာသယ** မြတ်သောအလိုဆန္ဒစိတ်ဓာတ်တော်ကြောင့်ပင် ဖြစ်ပေ၏၊ ထိုမှတပါး ထိုခေတ် ထိုအခါ၌ ခေတ်စားလျက်ရှိသော "ဘဝသည် ပြတ်၏၊ တမလွန်ဘဝမရှိ၊ ကောင်းမှု မကောင်းမှု အကျိုးမရှိ" စသော ဥစ္ဆေဒဝါဒ, နတ္ထိကဝါဒသမားများအား တမလွန်ဘဝ မုချရှိကြောင်းနှင့် ကုသိုလ်ကောင်းမှု၏ အကျိုးတို့ကို ထင်ရှားစေလိုသော အလိုတော်ကြောင့်လည်း ဖြစ်ပေသေးသည်။

အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီးသည် နတ်ပြည်သို့ ကြွတော်မူ၍ နတ်သမီးသစ် နတ်သားသစ်များနှင့် မကြာခဏတွေ့ဆုံကာ မေးမြန်းစုံစမ်းခဲ့သည်မှာ ထိုမဟာဇ္ဈာသယဆန္ဒတော်မြတ်ကြောင့်ပင်ဖြစ်ကြောင်း ထင်ရှားရန် မထေရ်မြတ်ကြီးအကြောင်းကို အနည်းငယ်မျှ ဖော်ပြပါဦးမည်။

အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီးသည် လွန်ခဲ့သော တသင်္ချေနှင့် ကမ္ဘာတသိန်းထက်က ပွင့်တော်မူသော အနောမဒဿီမြတ်စွာဘုရားလက်ထက်က လကျ်ာတော်ရံ အဂ္ဂသာဝက အသျှင်သာရိပုတြာအလောင်းတော်နှင့်အတူ တွဲ၍ လက်ဝဲတော်ရံ အဂ္ဂသာဝကဆုကို တောင်းတော်မူခဲ့ပြီး တသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် အဂ္ဂသာဝကပါရမီကို ဖြည့်ကျင့်တော်မူခဲ့၍ ယခုဂေါတမမြတ်စွာဘုရား ပွင့်တော်မူချိန်တွင် ရာဇဂြိုဟ်ပြည်အနီး ကောလိတရွာ မောဂ္ဂလိပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေယူ၍ ဖွားဘော်မူသောအခါ ကောလိတဟု အမည်တွင်လျက် အရွယ်သို့ရောက်သော် အတတ်ပညာအားလုံး သင်ကြားတတ်မြောက်ခဲ့လေသည်၊ တရံရောအခါ အသျှင်သာရိပုတြာအလောင်း ဥပတိဿနှင့်အတူ တောင်ထိပ်ပွဲသဘင်ကိုကြည့်ရှုစဉ် သံဝေဂရ၍ တရားရှာထွက်ကြရာ ဘုရားပွင့်တော်မမူသေးသဖြင့် ထိုအချိန်က ရာဇဂြိုဟ်ပြည်၌ ထင်ရှားကျော်ကြားလှသော သိဉ္စည်းဆရာကြီးအထံ၌ ပရိဗိုဇ်ပြု၍ နေရလေသည်။

နောက်မကြာမီ မြတ်စွာဘုရားပွင့်တော်မူ၍ ဓမ္မစကြာတရားကို ဟောတော်မူပြီးနောက် အစဉ်အတိုင်း ရာဇဂြိုဟ်ပြည်သို့ ချောက်ဆဲအခါ ထနေ့သဉ် ပဉ္စဝဂ္ဂီငါးဦးအပါအဝင် အသျှင်အဿဇိမထေရ်နှင့် အသျှင်သာရိပုတြာအလောင်း ဥပတိဿပရိဗိုဇ် တွေ့ကြရာမှအစ လမ်းမှန်သို့

http://www.dhammadownload.com



ရောက်ကာ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လာပြီး "အသျှင်မဟာမောဂ္ဂလ္လာန်" ဟူသော အမည်တော်ဖြင့် ရဟန်းဖြစ်ပြီးနောက် ခုနစ်ရက်မြောက်အချိန်တွင် မဂဓတိုင်း ကလ္လဝါလရွာကို အမှီပြု၍ ရဟန်းတရားကို အားထုတ်ကာ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်တော်မူခဲ့သည်၊ ထို့နောက် တန်ခိုးအရာဘွင် ပြိုင်ယှဉ်ဖက်မရှိ ဖြစ်တော်မူသည့်အတိုင်း အောက်ပါ အကြောင်းလေးချက်ကို ပဓာနပြု၍ တန်ခိုးအရာတွင် အကြီးမြတ်ဆုံး 'ဣဒ္ဓိမန္တတေဒဂ်'ဘွဲ့ထူး ဖြင့် မြတ်စွာဘုရားက ချီးကျူးမြှောက်စားခဲ့လေသည်။

အကြောင်းလေးချက်မှာ—

(၁) နန္ဒောပနန္ဒနဂါးမင်းနှင့်တူသော နဂါးမင်းတို့ကိုသော်လည်း နှိမ်နင်းဆုံးမနိုင်သော တန်ခိုးအာနုဘော်ရှိခြင်း။

(၂) ဤဘဝ၌သာ တန်ခိုးအာနုဘော်ကြီးသည်မဟုတ်၊ လွန်ခဲ့သော ဘဝပေါင်း ငါးရာတိုင်တိုင် ရသေ့ရဟန်းအဖြစ်ဖြင့် တန်ခိုးအာနုဘော်ကြီးသူ ဖြစ်ခဲ့ခြင်း။

(၃) ငရဲပြည်သို့ ကြွ၍ မိမိ၏ တန်ခိုးအစွမ်းဖြင့် ငရဲသားသတ္တဝါတို့အား သက်သာရာ ရစေခြင်းငှါ အေးမြစေရန် အဓိဋ္ဌာန်ပြု၍ လှည်းဘီးပမာဏရှိသော ပဒုမာကြာပွင့်ကြီးကို ဖန်ဆင်း၍ ပဒုမာကြာ၏ အလယ်ချက်မွေ့၌ ထိုင်နေပြီးလျှင် တရားဒေသနာ ဟောကြားခြင်းနှင့် နတ်ပြည်လောကသို့ ကြွသွား၍ နတ်အပေါင်းအား ကမ္မဂတိကို သိစေ၍ သစ္စာလေးပါးတရားကို ဟောကြားခြင်း။

(၄) သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကိုထား၍ တပါးသော မည်သည့်သာဝကမှ အသျှင်မဟာမောဂ္ဂလ္လာန်ကဲ့သို့ တန်ခိုးအာနုဘော်ကြီးသူ မရှိခြင်းတို့တည်း။

ဤအကြောင်းလေးချက်သည်ပင် အသျှင်မဟာမောဂ္ဂလ္လာန် ဣဒ္ဓိမန္တတေဒဂ် ရခြင်း၏ အကြောင်းဖြစ်ပေသည်။

တနေ့သောအခါတွင် အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီးသည် ဆိတ်ငြိမ်ရာအရပ်၌ သီတင်းသုံးတော်မူလျက် ဤသို့ ကြံစည်တော်မူမိလေသည်၊ "ယခုအခါ လူတို့သည် ဝတ္ထု၏ ပြည့်စုံခြင်း ခေတ်၏ ပြည့်စုံခြင်း မရှိသော်လည်း မိမိ၏ စိတ်ကြည်လင်မှု ပြည့်စုံခြင်းကြောင့် ထိုထိုကုသိုလ်ကောင်းမှုတို့ကိုပြု၍ နတ်ပြည်လောက၌ ဖြစ်ကြကုန်ပြီးလျှင် မွန်မြတ်သော နတ်စည်းစိမ်တို့ကို ခံစားသုံးဆောင်၍ နေကြကုန်၏၊ ငါသည် နတ်ရွာ နတ်ပြည်သို့ လှည့်လည်သွားလာလျက် ထိုနတ်တို့ကို သက်သေထား၍ ထိုနတ်တို့ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုနှင့် ရရှိခံစားရသော ကုသိုလ်ကောင်းမှု၏ အကျိုးတရားကို ပြောကြားစေ၍ ထိုအကြောင်းအရာ အပြည့်အစုံကို မြတ်စွာဘုရားအား လျှောက်ထားရမူ ကောင်းလေစွ၊ ဤသို့လျှောက်ထားလျှင် ငါတို့၏ဆရာ မြတ်စွာဘုရားသည် ကောင်းကင်ပြင်၌ လပြည့်ဝန်းကြီးကို ထင်ထင်ရှားရှားကြွတက်လာစေသကဲ့သို့ လူတို့၏ကောင်းမှုအကျိုးကို ပြလျက် အနည်းငယ်မျှပြုအပ်သော ကောင်းမှုကိုလည်း အာရုံပြု၍ သဒ္ဓါ၏အစွမ်းဖြင့် မွန်မြတ်သောအကျိုးရှိသည်အဖြစ်ကို ထင်ရှားစေတော်မူလျက် ထိုထိုသော ဝိမာနဝတ္ထုအဋ္ဌုပ္ပတ္တိကို တရားထုံးပြုတော်မူ၍ များမြတ်သောတရားဒေသနာတော်ကို ဟောတော်မူလိမ့်လတ္တံ့၊ ထိုတရားဒေသနာတော်သည် လူများအပေါင်း၏ အကျိုးစီးပွါးအလို့ငှါ နတ်လူဘို့၏ ချမ်းသာခြင်းအလို့ငှါ ဖြစ်ပေလတ္တံ့ တကား"။

http://www.dhammadownload.com



ထိုသို့ ကြံစည်တော်မူမိသည့်အားလျော်စွာ အသျှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးသည် သီတင်းသုံးရာမှ ထတော်မူကာ နှစ်ထပ်နှစ်လွှာ နီစွာသေသင်းပိုင် ကေသီသက်န်းတို့ကို ပြုပြင်တော်မူ၍ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်ပြီးလျှင် သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်လျက် မိမိ၏အလိုဆန္ဒကို လျှောက်ထား၏၊ မြတ်စွာဘုရား ခွင့်ပြုအပ်သည်ရှိသော် မြတ်စွာဘုရားကို ရှိခိုးပြီး အရှိအသေပြု၍ နေရာမှထပြီးနောက် အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၏၊ ထိုဈာန်မှ ထပြီးနောက် တန်ခိုးအစွမ်းဖြင့် တခဏခြင်းသာလျှင် တာဝတိံသာဘုံသို့ ကြွသွားလေ၏၊ ထိုထိုဘုံဗိမာန်တို့၌ နေကြသည့် ထိုထိုနတ်သား နတ်သမီးတို့ ဆည်းပူးအပ်သော ကောင်းမှုကံကို မေး၍ ဖြေဆိုစေပြီးလျှင် ထိုနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွလာခဲ့ပြီးနောက် ထိုအဖြစ်အပျက်အလုံးစုံကို မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားလေ၏၊ မြတ်စွာဘုရားကလည်း ထိုနတ်သား နတ်သမီးတို့၏ အကြောင်းအင်္ဂျပွတ္တိကို သဘောတူလက်ခံတော်မူ၍ ရောက်လာသော ပရိသတ်တို့အား အကျယ်အားဖြင့် ပြန်လည်ဟောကြားတော်မူ၏။

ဤသို့ဖြင့် ဝိမာနဝတ္ထုများသည် လူ့ပြည်လောက၌ ထင်ရှား၍လာပြီးလျှင် လူ့ဘဝ၏မွန်မြတ်ပုံ ဘဝပဒေသာပင်ကြီးဖြစ်ပုံတို့ကို ပေါ်လွင်စေရုံမက 'ဘဝသည် ပြတ်၏'ဟူသော ဥစ္ဆေဒဝါဒ, 'ကောင်းမှု, မကောင်းမှုတို့၏ အကျိုးသည် မရှိ'ဟူသော နတ္ထိကဝါဒစသော အယူမှားသူများအားလည်း နှိမ်နင်းသကဲ့သို့ ဖြစ်ဘိရကား ဤဝိမာနဝတ္ထုတရားဒေသနာသည် အလွန်အကျိုးရှိသော ဒေသနာတော်များတွင် အပါအဝင်ဖြစ်နေပေတော့သည်။

## ဝိမာနဝတ္ထု

ဝိမာနဝတ္ထုပါဠိတော်တွင် ဣတ္ထိဝိမာန, ပုရိသဝိမာန (အမျိုးသမီးဝိမာနပိုင်း, အမျိုးသားဝိမာနပိုင်း)ဟူ၍ နှစ်ပိုင်းရှိရာ ဣတ္ထိဝိမာနဟူသောအပိုင်း (လူ့ပြည်မှ ဒါနသီလစသော ကုသိုလ်ကောင်းမှုများကိုပြု၍ နတ်ပြည် နတ်ဗိမာန်အသီးသီး၌ ဖြစ်ကြရသော နတ်သမီးတို့အကြောင်း)ကို ဖော်ပြထားရာ၌ (အမည်မျှသာပြသော ဝတ္ထုများကိုချန်လှပ်၍) ၈၅-ဝတ္ထုပါရှိပေသည်၊ ထို-၈၅ ဝတ္ထုတွင် သဘောတူရာပေါင်း၍—

(၁) သောတာပန်ဖြစ်ပြီး နတ်ပြည်ရောက်သောဝတ္ထု ၅-ဝတ္ထု
(၂) ဘုရားကိုကြည်ညို၍ လက်အုပ်ချီမိုး ရှိခိုးရုံမျှနှင့် နတ်ပြည်ရောက်သော ဝတ္ထု ၂-ဝတ္ထု
(၃) ကျောင်းအလှူပွဲတွင် သာဓုခေါ် ရုံမျှဖြင့် နတ်ပြည်ရောက်သော ဝတ္ထု ၁-ဝတ္ထု
(၄) သီလသက်သက်ဖြည့်ကျင့်၍ နတ်ပြည်ရောက်သော ဝတ္ထု ၂-ဝတ္ထု
(၅) ဒါန, သီလပူးတွဲပြုသဖြင့် နတ်ပြည်ရောက်သော ဝတ္ထု ၇-ဝတ္ထုနှင့်
(၆) ကျန်သောဝတ္ထုအားလုံးမှာ ဒါနပြု၍ နတ်ပြည်သို့ရောက်သောဝတ္ထုချည်းဖြစ်လေသည်။

ဤသို့ ဒါနနှင့်ဆိုင်သော ဝတ္ထုများပြားရသည်မှာလည်း ဝတ္ထု၏အကြောင်းခံမှာ မြတ်စွာဘုရားကဲ့သို့သော အဂ္ဂဒက္ခိဏေယျ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်များ ပွင့်ထွန်းပေါ် ပေါက်ချိန်တွင် လှူဒါန်းရခြင်းနှင့် မြတ်စွာဘုရားကို မျက်မှောက်ဖူးတွေ့ရသဖြင့် သာမညဖြစ်ရိုးဖြစ်စဉ် သဒ္ဓါစေတနာတို့ထက် ထူးကဲလှသော တကယ့်သဒ္ဓါစစ် စေတနာစစ်တို့ ဖြစ်ပေါ် လာခြင်းတို့ကြောင့်ဖြစ်ပေရာ ထိုအချက်မှာ အထူးသတိချပ်စရာပင် ဖြစ်ပေ၏။

http://www.dhammadownload.com



ထိုအချက်ကို ထင်ရှားစေရန် ဤဝိမာနဝတ္ထု ပါဠိတော်မြန်မာပြန် (စာမျက်နှာ-၉) ၌ လာရှိသော တတိယနာဝါဝိမာနဝတ္ထု၏အဖွင့် ဝတ္ထုနိဒါန်းကို အဋ္ဌကထာမှ တိုက်ရိုက်မြန်မာပြန်၍ ထည့်သွင်းလိုက်ပါသည်။

## တတိယနာဝါဝိမာနဝတ္ထု[၁]

မြတ်စွာဘုရားသည် ဒေသစာရီလှည့်လည်တော်မူသည်ရှိသော် များစွာသောရဟန်းသံဃာနှင့်တကွ ကောသလတိုင်း ထူဏပုဏ္ဏားရွာသို့ ဆိုက်ရောက်တော်မူခဲ့လေ၏၊ ထူဏရွာရှိပုဏ္ဏားနှင့် အမျိုးသားတို့သည် "ရဟန်းဂေါတမသည် ငါတို့၏ရွာသို့ ရောက်လာသတတ်"ဟု ကြားသိကြလေ၏၊ ထိုအခါ ထူဏရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် သာသနာတော်ကို မကြည်ညိုကြသော မိစ္ဆာဒိဋ္ဌိအယူရှိ၍ မစ္ဆေရပြောသူများ ဖြစ်ကြရကား "ရဟန်းဂေါတမသည် ဤရွာ၌ နှစ်ရက် သုံးရက် နေကောင်းနေရာ၏၊ ဤရွာသားအားလုံးကို မိမိစကား၌ တည်စေရာ၏၊ ထိုမှလွဲ၍ ဗြာဟ္မဏဓမ္မ၌ တည်ခြင်းကို မရရာ"ဟု စဉ်းစားမိကြသဖြင့် ထိုရွာ၌ မြတ်စွာဘုရားအား နေရာမရစိမ့်သောငှါ အားထုတ်ကြကုန်လျက် မြစ်ဆိပ်တို့၌ရှိသော လှေဘိုကိုလည်း ဖက်ထားဖယ်ရှားကြကုန်၏၊ တံတားတို့ကိုလည်း ဖျက်ဆီးကြကုန်၏၊ ထို့အတူ ရေချမ်းစင် မဏ္ဍပ်တို့ကိုလည်း ဖျက်ဆီးကြကုန်၏၊ ရေတွင်းတတွင်းကိုသာ (ရွာသူရွာသားတို့သုံးရန်) ချန်ထား၍ ရေတွင်းအားလုံးတို့ကို မြက်စသည်တို့ဖြင့် ပြည့်စေ၍ ဖို့ပိတ်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏားတို့၏ ဖောက်ပြန်သောအခြင်းအရာကို သိတော်မူ၍ ထိုပုဏ္ဏားတို့ကို အစဉ် သနားတော်မူသဖြင့် ရဟန်းသံဃာနှင့်တကွ ကောင်းကင်ခရီးဖြင့် မြစ်ကို ကျော်၍ ကြွလာတော်မူပြီးလျှင် အစဉ်အတိုင်း ထူဏပုဏ္ဏားရွာသို့ ရောက်သော် လမ်းမပေါ်သို့ သက်ဆင်းကာ သစ်ပင်ရင်းတခု၌ အသင့်ရှိနေသောနေရာဝယ် ထိုင်နေတော်မူလေ၏။

ထိုအခါ၌ များစွာကုန်သော ရေခပ်သူအမျိုးသမီးတို့သည် (ဘုရားနှင့်) မနီးမဝေးလမ်းဖြင့် (ရေအိုးတို့ကိုရွက်၍) သွားကြကုန်၏၊ ထိုရွာ၌ "အကယ်၍ ရဟန်းဂေါတမ ရောက်လာခဲ့မူ ထိုရဟန်းဂေါတမအား ခရီးဦးကြိုဆိုခြင်း မပြုရ၊ အိမ်သို့ကြွလာသည့် ရဟန်းဂေါတမ၏ တပည့်တို့အားလည်း ထမင်းမပေးရ" ဟု ကတိကဝတ် ပြုထားကြကုန်၏။

ထိုအခါ၌ ပုဏ္ဏားတဦး၏ကျွန်မ အမျိုးသမီးကလေးတဦးသည် အိုးဖြင့် ရေခပ်ပြီးပြန်လာသည်ရှိသော် ရဟန်းအပေါင်းခြံရံကာ ထိုင်နေတော်မူသော မြတ်စွာဘုရားကိုင်း ခရီးဖြင့်ပင်ပန်း နွမ်းနယ်လာသည့် ရဟန်းအပေါင်းကိုင်း တွေ့မြင်၍ ကြည်လင်သောစိတ်ရှိလျက် သောက်ရေကို ပေးလှူလိုသည်ဖြစ်ရကား "ရဟန်း ဂေါတမအား တစုံတရာမျှ မပေးရ ခရီးဦးကြိုခြင်းမျှလည်း မပြုရဟု ရွာသားတို့ ထားခဲ့သော ကတိကဝတ်သည် ငါ့အား တည်ရှိခဲ့၏၊ သို့ပင်ဖြစ်သော်လည်း ဤသို့ ကောင်းမှုပြုရာ လယ်တာ မြေကောင်းသဖွယ် ဖြစ်သော အလှူခံပုဂ္ဂိုလ်မြတ်တို့ကို ရပါလျက် ဤသို့ သောက်ရေလှူဒါန်းခြင်းမျှဖြင့်လည်း မိမိအဖို့ ထောက်တည်ရာကို မပြုငြားအံ့၊ အဘယ်အခါ၌ ငါသည် ဆင်းရဲစွာ အသက်မွေးရခြင်းမှ လွတ်ပါအံ့နည်း၊ ငါ၏သခင်သည်ရင်း ရွာသားအားလုံးတို့သည်ရင်း ငါ့အား သတ်လိုကသတ်စေ၊ ဤသို့သော ကောင်းမှုပြုရာ လယ်မြေမြတ်၌ သောက်ရေလှူဒါန်းမှုတည်းဟူသော ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးမည်သာတည်း"ဟု သန္နိဋ္ဌာန်ပြုပြီးလျှင်

၁။ ဝိမာန ၄-၄၀။

http://www.dhammadownload.com



အခြားသော ရေခပ်အမျိုးသမီးတို့က တားမြစ်ကြသော်လည်း အသက်ကိုမငဲ့ကွက်ပဲ ဦးခေါင်းပေါ်မှ သောက်ရေအိုးကိုချ၍ လက်နှစ်ဖက်တို့ဖြင့် ချီမကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် ငါးပါးသောထိခြင်းတို့ဖြင့် ရှိခိုးပြီးနောက် သောက်ရေဖြင့်ဖိတ်ကြားလေ၏(သောက်ရေကိုလှူ၏)။

မြတ်စွာဘုရားသည် ထိုအမျိုးသမီး၏ စိတ်ကြည်လင်မှုကို ရှုငဲ့၍ အမျိုးသမီးကို ချီးမြှောက်တော်မူလိုသဖြင့် ရေကို ရေစစ်ဖြင့် စစ်လျက် လက်ခြေတို့ကို ဆေးကြော၍ သောက်ရေကို သောက်တော်မူလေ၏၊ အိုး၌ ရေသည် ကုန်ခန်းခြင်းသို့မရောက်၊ အမျိုးသမီးသည် ထိုအခြင်းအရာကိုမြင်ရသော် တဖန်ကြည်လင်သောစိတ်ဖြင့် ရဟန်းတပါးအား ပေးလှူပြန်၏၊ ထိုမှတပါး အခြားအခြားရဟန်းများအားလည်း ပေးလှူပြန်၏၊ဤသို့ဖြင့် အလုံးစုံသော ရဟန်းတို့အား ပေးလှူလေ၏၊ရေသည် ကုန်ခန်းခြင်းသို့မရောက်သည်သာတည်း၊ အမျိုးသမီးသည် ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ ပြည့်မြဲတိုင်းသော ရေအိုးဖြင့် အိမ်သို့ရှေးရှုပြန်သွား၏၊ ထိုအမျိုးသမီး၏ အရှင်သခင်ဖြစ်သော ပုဏ္ဏားသည် သောက်ရေပေးလှူသည့်အဖြစ်ကို ကြားသိ၍ ဤကျွန်မသည် ရှာ၏ ကတိကဝတ်ကို ဖျက်ဆီး၏၊ ငါကိုယ်တိုင် ရှုတ်ချသင့်၏ ဟု ကြံစည်ကာ အမျက်ဒေါသ (မီး)သည် တဖျစ်ဖျစ် မြည်အောင်တောက်လောင်သည်ဖြစ်၍ အမျိုးသမီးကို မြေသို့လဲကျစေလျက် လက်တို့ဖြင့်၎င်း ခြေတို့ဖြင့်၎င်း ရိုက်နှက်ကန်ကျောက်၏၊ အမျိုးသမီးသည် ထိုလုံ့လပယောဂဖြင့် အသက်ကုန်ခြင်းသို့ ရောက်၍ တာဝတိံသာနတ်ဘုံ၌ ဖြစ်လေ၏။

အမျိုးသမီး၏ ကုသိုလ်ကံ အာနုဘော်ကြောင့် ပဒေသာပင်ဖြင့် တင့်တယ်သော ကြီးစွာသော ဗိမာန်သည်ဖြစ်၏၊ ထိုဗိမာန်ကို ဝန်းရံ၍ ငွေဖြင့်တန်ဆာဆင်အပ်သော ပုလဲကွန်ရက်ကဲ့သို့သော သဲတို့ဖြင့် ဖြန့်ကြဲအပ်သော ဖြူစင်သော သဲသောင်ကမ်းပါးရှိသော ပတ္တမြား အစုံကဲ့သို့ သန့်ရှင်းကြည်လင်သော ရေကို ဆောင်သည့်မြစ်သည် ရှိ၏၊ ထိုမြစ်၏ ကမ်းပါးနှစ်ဖက်တို့၌ ရှိသည့် ဥယျာဉ်ဗိမာန်၏ တံခါးဝ၌ အဆင်းငါးမျိုးရှိသော ကြာအပေါင်းတို့နှင့် တန်ဆာဆင်အပ်သော ရွှေလှေနှင့်တကွ ကြီးစွာသော ရေကန်ကြီးသည် ဖြစ်ပေါ်၏၊ နတ်သမီးသည် နတ်စည်းစိမ်ကို အစဉ်ခံစားလျက် လှေဖြင့်ကစားမြူးထူးသည်ဖြစ်၍ လှည့်လည်သွားလာနေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ငါတို့ကိုတွင်း၏၊ ရေတွင်းမှ ရေကို ဆောင်ယူချေလော့"ဟု အမိန့်တော်ရှိ၏၊ အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအား "မြတ်စွာဘုရား ယခုအခါ ရေတွင်းကို ထူဏရွာသားတို့သည် ဖျက်ဆီးအပ်ပါပြီ၊ ရေကိုဆောင်ယူရန် မဖြစ်နိုင်ပါ"ဟု လျှောက်ထား၏၊ မြတ်စွာဘုရားသည် နှစ်ကြိမ် သုံးကြိမ် စေခိုင်း၏၊ သုံးကြိမ်မြောက်စေခိုင်းရာ၌ အာနန္ဒာမထေရ်သည် မြတ်စွာဘုရား၏ သပိတ်တော်ကို ဆောင်ယူ၍ ရေတွင်းသို့ ရှေးရှုကြွသွားလေ၏၊ အာနန္ဒာမထေရ် ရေတွင်းသို့ ကြွသွားသည်ရှိသော် ရေတွင်းသည် ရေပြည့်သည်ဖြစ်၍ လျှံတက်လာပြီးလျှင် ထက်ဝန်းကျင်စီးဆင်း၏၊ (ရေတွင်းကို ဖုံးပိတ်ထားသော) မြက်ထုံးအလုံးစုံသည် မျော၍ အလိုလိုထွက်၏၊ ထုံးစီးသောရေသည် အဆင့်ဆင့်တိုးပွါး၍ တပါးသောရေအိုင်တို့ကို ပြည့်စေလျက် ထိုထူဏပုဏ္ဏားရွာကို ထက်ဝန်းကျင်မှ ဝန်းရံ၍ ရွာတစိတ်ကို လွှမ်းမိုးသွားလေ၏။

ထိုတန်ခိုးပြာဋိဟာကို မြင်လေသော် ပုဏ္ဏားတို့သည် တအံ့တသြ မဖြစ်ဘူးမြဲ ထူးကဲသောစိတ်ဖြစ်ကြ၍ မြတ်စွာဘုရားကို တောင်းပန်ကြကုန်၏၊ ထိုတောင်းပန်သော တခဏ၌ပင် ရေအယဉ်သည် ကွယ်ပျောက်လေ၏၊ ပုဏ္ဏားတို့သည် မြတ်စွာဘုရား၏၎င်း ရဟန်းသံဃာ၏၎င်း ဂနရဌာနကို

http://www.dhammadownload.com



စီရင်၍ နက်ဖြန် ဆွမ်းအလို့ငှါ ပင့်ဖိတ်ကာ ဒုတိယနေ့၌ ကြီးစွာသောအလှူကို ပြုပြင်ဆင်ယင်လျက် ဘုရားအမှူးရှိသော သံဃာကို မွန်မြတ်သော ခဲဘွယ် ဘောဇဉ်ဖြင့် လုပ်ကျွေးပြီးသော် အလုံးစုံသော ထူဏရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြတ်စွာဘုရားကို ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသည့်တိုင်အောင် ကောင်းစွာလုပ်ကျွေးကြကုန်လျက် ထိုင်နေကြကုန်၏။

ထိုအခါ နတ်သမီးသည် မိမိ၏စည်းစိမ်ကို ဆင်ခြင်၍ ထိုအကြောင်းကို စူးစမ်းသည်ရှိသော် ထိုသောက်မရလှူဒါန်းခဲ့သည်ကို သိ၍ နှစ်သက်ဝမ်းမြောက်လျက် "ယခုပင် ငါသည် မြတ်စွာဘုရားကို ရှိခိုးအံ့၊ ကောင်းသောအမှုကိုပြုရာ၌ ပြုသူတို့အား အနည်းငယ်မျှကို ပြုလုပ်သော်လည်း များမြတ်သောအကျိုး ပေးသည့်အဖြစ်ကို လူ့ လောက၌ ထင်ရှားအောင် ပြုပေအံ့"ဟု ကြံစည်၍ အားထုတ်မှုကို ဖြစ်စေလျက် နတ်သမီးတထောင်အခြံအရံရှိသော ဗိမာန်နှင့်အတူသာလျှင် ကြီးကျယ်သောနတ်တန်ခိုး ကြီးမားသောနတ်အာနုဘော်ဖြင့် လာလတ်၍ လူအများမြင်စဉ်ပင် ဗိမာန်မှ သက်ဆင်းလျက် မြတ်စွာဘုရားကို ချဉ်းကပ်ရှိခိုး၍ လက်အုပ်ချီကာ ရပ်တည်လာ၏။

ထိုနောက်၌ မြတ်စွာဘုရားသည် ထိုပရိသတ်အား ကံ၏အကျိုးကို မျက်မှောက်ထင်ရှား ပြလိုသောကြောင့် နတ်သမီးအား မေးတော်မူပုံ နတ်သမီးက ပြန်၍ လျှောက်ထား ဖြေကြားပုံတို့ကို ဝိမာနဝတ္ထုစာကိုယ်တွင် ဖတ်ရှုနိုင်ပေ၏[၁]၊ ဤဝတ္ထု၌ မြတ်စွာဘုရား ချီးမြှောက်ပုံနှင့် အမျိုးသမီး၏ အသက်ကိုမျှ ပမာနမထား စွန့်စား၍ လှူဒါန်းပုံတို့ကိုဆင်ခြင်လျှင် တမလွန်၌ အကျိုးခံစားရပုံမှာ များလွန်းသည်ဟု မဆိုသာချေ၊ ဒါနဝတ္ထု၏ကြီးကျယ်မှု သေးငယ်မှုမှာ ပမာနမဟုတ်၊ အသက်ကို စွန့်၍ လှူဒါန်းနိုင်သော စေတနာသဒ္ဓါတို့၏ ကြီးမားကျယ်ပြောမှုသည်သာ ပမာနဖြစ်ရပုံကို ဤဝိမာနဝတ္ထုဖြင့် သက်သေတင်နိုင်ပေတော့သည်။

ဤဝတ္ထုမှာ ထူးထူးကဲကဲ ရဲရဲဝံ့ဝံ့ စွန့်စားလှူဒါန်းသော ဒါန၏ အကျိုးပြဝတ္ထုဖြစ်၏၊ ထိုမှတပါး ကိုယ်ကျင့်တရားနှင့် သီလစောင့်သုံးမှုကြောင့် အကျိုးပေးရာတွင် တပါးသူထက် သာပုံဝတ္ထုတခုကိုလည်း ဝိမာနဝတ္ထုအဋ္ဌကထာမှ ထုတ်ဆောင်၍ ပြလိုပေသေးသည်။

## လတာဝိမာနဝတ္ထု [၂]

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ၌ သာဝတ္ထိပြည်သား ဥပါသကာတယောက်၏ သမီးသည် လတာမည်၏၊ ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်စူးရှသော ဉာဏ်ရှိ၏၊ လင်အိမ်သို့ ရောက်သောအခါ လင်ကိုရင်း ယောက္ခမနှစ်ဦးကိုရင်း ကျူးလွန်၍ မကျင့်၊ ချစ်ဖွယ်သောစကားကို ဆို၏၊ အခြွေအရံအား ချီးမြှောက်ခြင်း၌ လိမ္မာ၏၊ အိမ်၌ အိမ်ထောင်ဝန်ကို ဆောင်ရွက်နိုင်၏၊ အမျက်ထွက်လေ့မရှိ၊ သီလအကျင့်နှင့် ပြည့်စုံ၏၊ ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်၏၊ မကျိုးမပေါက်သော သီလရှိ၍ ဥပုသ်စောင့်သုံးခြင်း၌ မမေ့မလျော့ဖြစ်၏၊ ထိုလတာအမျိုးသမီးသည် နောက်အဖို့၌ သေဆုံးကွယ်လွန်၍ ဝေဿဝဏ်နတ်မင်းကြီး၏ သမီးဖြစ်ကာ လတာဟူသော အမည်ဖြင့်သာလျှင် ဖြစ်၏၊ ထိုလတာနတ်သမီးအား တပါးသော သဇ္ဇာ ပဝရာ အစ္စိမတီနှင့် သုတာဟူသော ညီမလေးဘော်တို့သည် ရှိကုန်၏၊ ထိုနတ်သမီးညီအစ်မငါးဦးတို့ကိုလည်း သကြားမင်းသည် ဆောင်ယူ၍ ကခြေသည်အဖြစ်ဖြင့် အလုပ်

၁။ ဤမြန်မာပြန် စာမျက်နှာ ၉-တွင်ကြည့်။ ၂။ ဝိမာန ၄၁-၁၂၀။

http://www.dhammadownload.com



အကျွေးအရာ၌ ထား၏၊ လတာနတ်သမီးသည် အကအဆိုစသည်၌ လိမ္မာကျွမ်းကျင်သဖြင့် အကြီးအမှူးဖြစ်လေ၏။

ထိုနတ်သမီးတို့သည် တပေါင်းတည်း စု၍ ချမ်းသာစွာ ထိုင်နေကြစဉ် ကောင်းစွာ သီဆိုခြင်း၌ ကျွမ်းကျင်မှုကို စွဲ၍ အငြင်းအခုံ ဖြစ်၏၊ ထိုနတ်သမီးတို့သည် ဖခင် ဝေဿဝဏ်နတ်မင်းကြီးထံသို့ သွား၍ "ခမည်းတော် သမီးတော်တို့တွင် အဘယ်သမီးတော်သည် ကခြင်းစသည်တို့၌ အကောင်းဆုံး ဖြစ်ပါသနည်း"ဟု မေးကုန်၏၊ ဝေဿဝဏ်နတ်မင်းကြီးက "ချစ်သမီးတို့ သွားကြကုန်၊ အနောတတ်အိုင်၏ ကမ်းပါး နတ်သဘင်အစည်းအဝေး၌ ကောင်းစွာသီဆိုခြင်း ဖြစ်စေကုန်လော့၊ ထိုအစည်းအဝေး၌ သင်တို့၏ ထူးခြားမှုသည် ထင်ရှားလတ္တံ့"ဟု ဆို၏၊ ထိုနတ်သမီးတို့သည် ဖခင်ဝေဿဝဏ်နတ်မင်းကြီး ဆိုတိုင်း ပြုကြကုန်၏၊ ထိုနတ်သဘင်အစည်းအဝေး၌ နတ်သားတို့သည် လတာနတ်သမီး ကခုန်သည်ရှိသော် မိမိနေမြဲတိုင်းသဘာဝဖြင့် ရပ်တည်ခြင်းငှါ မတတ်နိုင်ကုန်၊ ကောင်းစွာဖြစ်သော ရွှင်လန်းခြင်းရှိကြသဖြင့် ရင်သပ်ရှုမော အံ့သြသောစိတ်ဖြစ်ကုန်၍ အစဉ်မပြတ် ကောင်းချီးပေးကုန်လျက် ကျယ်လောင်စွာ ဟစ်ကြွေးကာ အဝတ်ပုဆိုးတို့ကို မြှောက်ပင့်ဝှေ့ရမ်းခြင်း ပြုကြကုန်၏၊ ဟိမဝန္တာတတောလုံး တုန်လှုပ်သကဲ့သို့ ကြီးစွာသော အုတ်အုတ်ကျက်ကျက်အသံသည် ဖြစ်လေ၏၊ လတာနတ်သမီးမှတပါးသော နတ်သမီးတို့ ကခုန်သောအခါတို့၌ကား ချေမ်းလုသောရာသီဖြစ်သည့် သိသိရ ရတုအခါ၌ ဥသြငှက်ကဲ့သို့ တိတ်ဆိတ်စွာ ထိုင်နေကြကုန်၏၊ ဤသို့လျှင် ထိုသီဆိုပွဲ၌ လတာနတ်သမီး၏ ထူးခြားသော ထင်ရှားကျော်ကြားမှုသည် ဖြစ်လေ၏။

ထိုအခါ၌ ထိုနတ်သမီးတို့တွင် သုတာမည်သော (ညီမအငယ်ဆုံး) နတ်သမီးသည် "အဘယ်ကောင်းမှုကိုပြု၍ ဤအမကြီးလတာသည် ငါတို့ကို အဆင်းဖြင့်၎င်း အခြံအရံဖြင့်၎င်း လွှမ်းမိုး၍ တည်သနည်း၊ ငါသည် အမကြီးလတာကို မေးပေအံ့"ဟု ကြံစည်ကာ လတာနတ်သမီးကို မေး၏၊ လတာနတ်သမီးသည် ထိုသို့ဖြစ်ရခြင်းအကြောင်းကို ဖြေကြား၏၊ ထိုအကြောင်းကို ဝေဿဝဏ်နတ်မင်းကြီးက နတ်ပြည်သို့ ဒေသစာရီကြွချီလာသော အသျှင်မဟာမောဂ္ဂလ္လာန်အား လျှောက်ထား၏၊ မထေရ်သည် ထိုအကြောင်းကို မေးမြန်းသော အကြောင်းရင်းမှစ၍ ဘုရားရှင်အား လျှောက်ထားလေ၏။

ထိုမေးမြန်းပုံ ဖြေကြားပုံတို့ကို ဤဝိမာနဝတ္ထုစာကိုယ် [၁] တွင် ဖတ်ရှုနိုင်ပေသည်၊ ဤဝတ္ထု၌ အမျိုးသမီးတဦး၏ လင်ကို ကျူးကျော်၍ မကျင့်ပုံ ယောက္ခမမိဘတို့၌ ရိုသေ၍ အိမ်ရှင်မ ပီသပုံ သီလမြဲပုံနှင့် ဥပုသ်စောင့်မပျင်းရိပုံတို့ကို ဖော်ပြထားပြီး ထိုကောင်းမှုအတွက် တမလွန်တွင် တပါးသူတို့ထက် အရာရာ၌ သာလွန်ပုံကို ဖော်ပြထားသည်မှာ အိမ်ထောင်ရှင်အမျိုးသမီး တိုင်း အားကျအတုယူစရာပင် ဖြစ်ပေသည်။

အောက်ပါစဏ္ဍာလီဝိမာနဝတ္ထုမှာ ဒါန သီလစသော ကောင်းမှုလုံးဝမရှိရှာသော စဏ္ဍာလီ အမယ်အိုသည် အထက်တွင် ဖော်ပြခဲ့သည့် လူလေးမျိုးတွင် လူပြိတ္တာအမျိုးအစား၌ပင် ပါဝင်နေ ပေသေးသည်၊ သို့သော် မြတ်စွာဘုရား၏ ကရုဏာတော်ကြောင့် ကောင်းမှုဖြစ်ပေါ်လာပြီး ကောင်းကျိုး ခံစားရပုံကို ပေါ်လွင်ထင်ရှားစေပေသည်။

---

၁။ ဤမြန်မာပြန်စာမျက်နှာ ၃၃၄-တွင် ကြည့်။

http://www.dhammadownload.com



## စဏ္ဍာလိဝိမာနဝတ္ထု[၁]

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ သီတင်းသုံးနေတော်မူသည်ရှိသော် နံနက်မိုးဇာသောက်ထ အခါ၌ ဘုရားရှင်တို့ အလေ့အကျက်အားလျော်စွာ မဟာကရုဏာသမာပတ်ကို ဝင်စားရာမှ ထ၍ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ထိုရာဇဂြိုဟ်မြို့၌ပင်လျှင် စဏ္ဍာလတင်းကုပ်၌ နေသော သက်တမ်းကုန်(သေချိန်ကျိုး)နေသည့် စဏ္ဍာလီမည်သော အမယ်အိုကိုဍင်း ထိုစဏ္ဍာလီအမယ်အို၏ ငရဲ၌ ဖြစ်မည့်ကံသည်လည်း အနီးကပ်၍ တည်နေသည်ကိုဍင်း မြင်တော်မူလေ၏၊ မြတ်စွာဘုရား သည် မဟာကရုဏာတော် ကောင်းစွာတိုက်တွန်းအပ်သော စိတ်ရှိသည်ဖြစ်၍ "နတ်ပြည်၌ ဖြစ်လတ္တံ့သောကံကို ဖြစ်စေ၍ ထိုအမယ်အိုအား ငရဲ၌ဖြစ်ခြင်းကို တားမြစ်ကာ နတ်ပြည်၌ တည်စေအံ့"ဟု ကြံစည်တော်မူပြီး၍ များစွာသော ရဟန်းသံဃာအပေါင်းနှင့်တကွ ရာဇဂြိုဟ်မြို့ သို့ ဆွမ်းခံဝင်တော်မူ၏၊ ထိုအခါ၌ စဏ္ဍာလီအမယ်အိုသည် တောင်ဝှေးကို ဆွဲကိုင်ကာ ရာဇဂြိုဟ် မြို့မှ ထွက်စဉ် မြတ်စွာဘုရားကို မြင်၍ ရှေးရှုမျက်နှာမူလျက် ရပ်နေလေ၏၊ မြတ်စွာဘုရား သည်လည်း ထိုအမယ်အို၏ သွားခြင်းကို တားမြစ်သကဲ့သို့ ရှေ့မှ ရပ်တော်မူလေ၏၊ ထိုအခါ အသျှင်မဟာမောဂ္ဂလ္လာန်သည် မြတ်စွာဘုရား၏ စိတ်အလိုတော်ကိုဍင်း ထိုအမယ်အို၏ အသက် ကုန်လတ္တံ့သည်ကိုဍင်း သိ၍ မြတ်စွာဘုရားအား ရှိခိုးရန် အမယ်အိုအား ဂါထာနှစ်ပုဒ် ရွတ်ဆို၍ တိုက်တွန်းတော်မူ၏။

အသျှင်မဟာမောဂ္ဂလ္လာန်ထေရ်သည် ဂါထာနှစ်ပုဒ်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကို ပြောကြား၍ မိမိ၏တန်ခိုးအာနုဘော်၌တည်ကာ ထိုစဏ္ဍာလီအမယ်အို၏လည်း အသက်တမ်းကုန်သည့်အဖြစ်ကို ထင်စွာပြု၍ ထိတ်လန့်စေပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးရန် တိုက်တွန်းလေ၏၊ ထိုစဏ္ဍာလီ အမယ်အိုသည် အသျှင်မဟာမောဂ္ဂလ္လာန်၏ စကားကို ကြား၍ ထိတ်လန့်ခြင်းဖြစ်ကာ မြတ်စွာ ဘုရား၌ ကြည်လင်သော စိတ်ရှိလျက် ငါးပါးသောထိခြင်းဖြင့် ရှိခိုး၍ လက်အုပ်ချီလျက် ကိုယ်ကို ညွတ်ပြီးလျှင် ဘုရားသို့ရောက်သော ပီတိဖြင့် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ရပ်တည်၏၊ မြတ်စွာဘုရားသည် "ဤမျှဖြင့် သင့်လျော်ပြီ၊ ဤစဏ္ဍာလီအား နတ်ပြည်၌ ဖြစ်ကြောင်းဖြစ်လေ ပြီ"ဟု ကြံစည်တော်မူ၍ နောက်ပါရဟန်းသံဃာနှင့်အတူ မြို့သို့ ဝင်လေ၏၊ ထိုစဉ်တွင် အစာရှာ လှည့်လည်လာသော နွားသားငယ်ရှိသည့် နွားမတကောင်သည် ထိုနွားသားငယ်ကြောင့်ပင် ပြေးလာလျက် ဦးချိုဖြင့် စဏ္ဍာလီအမယ်အိုကို ဝှေ့၍ ဇီဝိတိန္ဒြေမှ ချလေ၏။

စဏ္ဍာလီသည် ထိုဘဝမှ စုတေခဲ့၍ တာဝတိံသာနတ်ဘုံ၌ ဖြစ်၏၊ နတ်သမီးတထောင်တို့သည် ထိုစဏ္ဍာလီနတ်သမီး၏ အခြံအရံတို့ဖြစ်ကုန်၏၊ ထိုခဏ၌သာလျှင် စဏ္ဍာလီနတ်သမီးသည် ဗိမာန် နှင့်တကွလာ၍ ဗိမာန်မှ သက်ဆင်းကာ အသျှင်မဟာမောဂ္ဂလ္လာန်အား ချဉ်းကပ်ရှိခိုး၏၊ ထိုနောက် အသျှင်မဟာမောဂ္ဂလ္လာန်က မေးမြန်း၍ နတ်သမီးက စဏ္ဍာလီဖြစ်ကြောင်းပြောကြား၍ ကုသိုလ် ကောင်းမှုကိုလည်း လျှောက်ထားလေ၏၊ ပြောဆိုကြပုံများကို စာကိုယ်[၂]၌ ကြည့်ရှုသိရှိနိုင်၏။

ဤဝတ္ထုတွင် အသျှင်မဟာမောဂ္ဂလ္လာန်၏ တိုက်တွန်းချက်ကြောင့် စဏ္ဍာလီ အမယ်အိုသည် မြတ်စွာဘုရားအား လက်အုပ်ချီ၍ ရှိခိုးလိုက်သည်၊ ရှိခိုးခြင်းဖြင့်ပြီးသော ကောင်းမှုကံသည် ဖြစ် ဆဲခဏ၏အစွမ်းဖြင့် နည်းလှသည်ကား မှန်၏၊ သို့ပင်ဖြစ်သော်လည်း ခေတ်ဟူသော ကောင်းမှု၏ တည်ရာပုဂ္ဂိုလ်မှာ ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်၍ ကြီးမားလှပေရာ အကျိုး၏ ကြီးမားမှုမှာလည်း

---

၁။ ဝိမာန ၄၄-၄၅။

၂။ ဤမြန်မာပြန် စာမျက်နှာ ၂၅-၃ ကြည့်။

http://www.dhammadownload.com



အတိုင်းထက်အလွန်ပင် ဖြစ်ရပေ၏၊ ထိုမှတပါး ဗုဒ္ဓါနုဿတိအာရုံ၌ဖြစ်သော ပီတိ၏ ဖြစ်ဆဲခဏ၌ ပညာသတိတို့၏ သန့်ရှင်းစင်ကြယ်ခြင်းကြောင့်လည်း ဤမျှ အကျိုးကြီးမားရခြင်းဖြစ်ကြောင်း မှတ်သားသင့်လှပေသည်။

## ဂုတ္တိလဝိမာနဆိုင်ရာမှတ်သားဖွယ်ရာ

အထက်ပါ ကောက်နုတ်ချက်အချို့မှာ ဝိမာနဝတ္ထုပါဠိတော် ဂုတ္တိလဝိမာနအပိုင်းမှ အချို့သော သိမှတ်ဖွယ်ရာများကို အဋ္ဌကထာမှ ထုတ်နုတ်ဖော်ပြလိုက်ခြင်းပင် ဖြစ်ပေသည်၊ ထိုမှတပါး ထုတ်နုတ်၍ ပြသင့်သော ဝတ္ထုကြောင်းများစွာရှိသေးသော်လည်း ပါဠိတော် ဘာသာပြန်များကို ဖတ်ရှုရုံမျှဖြင့် အဓိပ္ပါယ်ပေါ်နိုင်သဖြင့် လျစ်လျူရှုလိုက်ပေသည်၊ သို့သော် ဤဝိမာနဝတ္ထုဘာသာပြန် (စာမျက်နှာ ၃၇)၌ ပါဝင်သော ဂုတ္တိလဝိမာနဝတ္ထုနှင့်ပတ်သက်၍ကား အနည်းငယ် ရှင်းလင်းပြသင့်သဖြင့် အောက်ပါအချက်ကို မှတ်သားထားသင့်ပေသည်။

ဤဝိမာနဝတ္ထု ဘာသာပြန် စာကိုယ် (စာမျက်နှာ ၃၇)တွင် ဂုတ္တိလဝိမာနဟူသော အမည်ဖြင့် ဝတ္ထုပေါင်း ၃၆ ဝတ္ထုပါရှိလေသည်၊ ၎င်းဝတ္ထုများမှာလည်း အခြား ဝိမာနဝတ္ထုများကဲ့သို့ပင် အသျှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်သည် နတ်ပြည်မှမေးမြန်းစုံစမ်းခဲ့ပြီး မြတ်စွာဘုရားအား လျှောက်ထားခဲ့သော ဝတ္ထုများ ဖြစ်လေသည်၊ ထိုအခါ မြတ်စွာဘုရားက ထို ၃၆-ဝတ္ထုဆိုင်ရာ၌ အသျှင် မဟာမောဂ္ဂလ္လာန်အား ချစ်သား မောဂ္ဂလ္လာန် ထိုနတ်သမီးတို့သည် သင်နှင့်သာလျှင် ဤသို့ သက်သက် ဖြေကြားခဲ့ဘူးသည်မဟုတ်၊ စင်စစ် ရှေးက ငါနှင့်လည်း ဤအတူ မေးမြန်း ဖြေကြားဘူးလေပြီဟု မိန့်ကြားတော်မူပြီး ဂုတ္တိလဇာတ်[1] ကို ပြန်လည်ဟောကြားတော်မူခဲ့လေသည်။

ထိုဂုတ္တိလဇာတ်မှာ ဇာတ်ပါဠိတော် ဒုကနိပါတ်၌ ပါရှိ၏၊ ဘုရားအလောင်းတော်သည် ဂုတ္တိလ မည်သော စောင်းသမားဖြစ်၍ တပည့်ဖြစ်သော ဒေဝဒတ်အလောင်း မုသိလစောင်းသမားက စောင်းတီးပြိုင်ရန် ချိန်းဆိုပုံ ဘုရားလောင်းဂုတ္တိလသည် အရွယ်ကြီးပြီဖြစ်၍ ရှုံးမည်ဟုထင်သဖြင့် တောသို့ ထွက်ပြေးရာ သိကြားမင်းက သင်ပင်နိုင်မည်ဟုပြောပြီး စောင်းကြိုးခုနစ်ချောင်းကို တချောင်းစီတချောင်းစီဖြတ်၍ တီးစေရာ မုသိလက ထိုအတူလိုက်တီး၍ မုသိလရှုံးပုံများနှင့် နောင်တွင် ဂုတ္တိလအား တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားပြီး နတ်သမီးများနှင့်တွေ့ ဆုံစေရာ ဤဝိမာနဝတ္ထုလာ ဂါထာများအတိုင်း နတ်သမီး ၃၆ ဦးက ဖြေကြားပုံတို့ကို ဒုကနိပါတ် ဂုတ္တိလဇာတ်တွင် ဖော်ပြထား၏၊ ဤဂုတ္တိလဝိမာန၏ အစဖြစ်သော နှစ်ဂါထာ(၃၂၇နှင့် ၃၂၈)မှာ ထိုဒုကနိပါတ်မှ သိကြားမင်းနှင့် ဂုတ္တိလတို့ ပြောကြပုံများပင် ဖြစ်လေသည်။

သို့ဖြစ်သဖြင့် ဤဝိမာနဝတ္ထု ၃၆-ဝတ္ထုလာ နတ်သမီး ၃၆-ဦးမှာ ဘုရားလောင်းနှစ်ငယ် ဂုတ္တိလ စောင်းဆရာဘဝက တွေ့ဆုံခဲ့သော နတ်သမီးများပင် ဖြစ်ကြောင်း၊ သို့သော်လည်း နှစ်ပေါင်း အသင်္ချေလွန်လေပြီဖြစ်သဖြင့် ဂုတ္တိလဘဝက တွေ့ရသော နတ်ဘဝမဟုတ်တော့ဘဲ အကြိမ်ကြိမ် ရတော့၍ ကောင်းမှုကံအလျောက် ကုသိုလ်ကံမကုန်မခြင်း ဤဘုံ ဤဗိမာန်၌ပင် ထပ်၍ထပ်၍ ဖြစ်နေကြရကြောင်းကို မှတ်သားထားသင့်ကြပေ၏။

---

[1] ဒုတိယ-၄ ၂၂၇။

http://www.dhammadownload.com



ဣတ္ထိဝိမာနအပိုင်းနှင့်ပတ်သက်၍ကား ဤမျှ မှတ်သားမိလျှင်ပင် စာကိုယ်ကိုဖတ်၍ အရသာ ပေါ်လောက်ပြီဖြစ်ရာ ပုရိသဝိမာနအပိုင်း၌ မှတ်သားဖွယ်ရာများကို အနည်းငယ်မျှ ဆက်လက် ဖော်ပြပါဦးမည်။

## ပုရိသဝိမာနဆိုင်ရာမှတ်သားဖွယ်ရာ

ပုရိသဝိမာနအပိုင်းတွင် ၃၃-ဝတ္ထုမျှသာပါရှိသည်၊ထို ၃၃-ဝတ္ထုတွင် ဣတ္ထိဝိမာနကဲ့သို့ အရိယာ (သောတာပန်စသည်) အဖြစ်မပါရှိပဲ ဒါနသက်သက်ပြုသူ ၂၂-ဦး၊ သီလသက်သက် ဆောက်တည် ခဲ့သူ ၂-ဦး၊ ဒါနသီလ ရောနှောပြုခဲ့သူ ၁-ဦး၊ ကြည်ညို၍ ရှိခိုးရုံမျှဖြင့် နတ်ပြည်၌ဖြစ်ရသူ ၃-ဦး၊ ကျောင်းဝေယျာဝစ္စပြုလုပ်ခဲ့သူ ၁-ဦး၊ တိရစ္ဆာန်ဘဝမှလာသူ ၂ဦး၊ ဒါနမပြုပဲ ရဟန်းဘဝဖြင့်ခေတ္တ ကျင့်သုံး၍ လူထွက်ပြီး စေတီကိုပူဇော်ခဲ့သူ ၁-ဦးနှင့် သူတပါး ဖြစ်ကတတ်ဆန်းမျှတင်လှူခဲ့သော ပန်းကို စေတီ၌ ကောင်းမွန်စွာ ပြုပြင်တင်လှူခဲ့သူ ၁-ဦး စုစုပေါင်း ၃၃-ဦးတို့၏ အကြောင်း အရာများ ပါရှိပေသည်။

ထို ၃၃-ဦးတို့တွင် အထူးအားဖြင့် ဘုရားလောင်းတော်ထွက်ရာ၌ စီးတော်မူသော ကဏ္ဍကမြင်း ဘဝမှဖြစ်လာသော ကဏ္ဍကနတ်သားအကြောင်းကိုလည်း ဖတ်ရှုကြရမည် ဖြစ်၏။

(ဤဝတ္ထုနှင့်စပ်လျဉ်း၍ ဖားဘဝမှနတ်သားဖြစ်လာသူ မဏ္ဍူကဒေဝပုတ္တဝတ္ထုကိုလည်း တွေ့ နိုင်သေး၏၊ တိရစ္ဆာန်ဘဝဖြင့် ဘုရားရှင်နှင့် တိုက်ရိုက်တွေ့ဆုံရ၍ နတ်ပြည်၌ နတ်သား ဖြစ်ရသည် မှာ အလွန် ကုသိုလ်ထူးပေသည်၊ ကုသိုလ်ဟုန်ကြီးမားလျှင် တိရစ္ဆာန်ဘဝမှလာသော်လည်း အလွန် တန်ခိုးကြီးမားကြ၏၊ ကဏ္ဍကနတ်သားဝတ္ထု၊ မဏ္ဍူကနတ်သားဝတ္ထုတို့တွင် တိရစ္ဆာန်မှတဖြစ်လဲ နတ်သားများပင်ဖြစ်လင့်ကစား အလွန်တန်ခိုးကြီးကြောင်း တွေ့ရှိနိုင်၏၊ နတ်ပြည်၌ တိရစ္ဆာန် အဖြစ်မရှိပေရာ အချို့ဝတ္ထုများရှိ ရေကန်အတွင်းမှ ဥဩ ဟသာနှင့် ကြိုးကြာ စသည်များမှာ လည်း ဆိုင်ရာ အခြံအရံနတ်များက တန်ခိုးရှင်နတ်သမီး နတ်သားများ ပျော်မွေ့နိုင်ရန် ဥဩ အသွင် ဟသာအသွင် ကြိုးကြာအသွင်စသည် ဖန်ဆင်းပေးရသည်ဟု အဋ္ဌကထာတွင် ၁ ဆို၏)။

ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီး နောက်မှ ကုသိုလ်ပြု၍ နတ်ဘုံသို့ ရောက်လာသော စူဠရထ နတ်သားအကြောင်းနှင့် ကဿပမြတ်စွာဘုရားလက်ထက်မှ ယခုအထိ တာဝတိံသာနတ်ပြည်တွင် တည်ရှိနေသေးသော မဟာရထနတ်သားဝတ္ထုများကိုလည်း အံ့ဩဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်၏၊ ထို့ပြင် ကမ္ဘာသုံးသောင်းထက် သုမေဓာမြတ်စွာဘုရားပွင့်တော်မူပြီးနောက် ပရိနိဗ္ဗာန်ပြုတော် မူကာ သုမေဓာဘုရားရှင်၏ ဓာတ်တော်များကို စေတီတည်ပြီးချိန်တွင် အမျိုးသားတဦးသည် ဘုရားသာသနာတော်အတွင်းမှာပင် ရဟန်းပြု၍ ခုနစ်နှစ်မျှသာ အားထုတ်ပြီးနောက် လူထွက်ကာ စေတီယင်ပြင်၌ တံမြက်လှည်းခြင်း သီလဆောက်တည်ခြင်းကိုပြုသဖြင့် တာဝတိံသာနတ်ပြည်၌ ယခုဘုရားလက်ထက်တိုင်အောင် နတ်သားဖြစ်နေသေးသော အနေကဝဏ္ဏနတ်သားဝတ္ထုမှာလည်း တနည်းတဖုံ အံ့ဩဖွယ်ရာ ကောင်းလှပေသည်။

ထိုဝတ္ထု၌ "အရှင်ဘုရား ထိုအခါ၌ အကျွန်ုပ်သည် ပေးလည်းမပေးလှူခဲ့ဘူးပါ၊ ပေးလှူရန် လည်း ဒါနဝတ္ထုမရှိခဲ့ပါ၊ ပူဇော်ခြင်းငှါထိုက်တော်မူသော မြတ်စွာဘုရား၏ ထိုသရီရဓာတ်တော်ကို ပူဇော်ကြကုန်လော့၊ ဤသို့ ပူဇော်သည်ရှိသော် ဤလူ့ပြည်မှ နတ်ပြည်သို့ သွားရကုန်လိမ့်သတည်း

၁။ ဝိမာန ၄၅-၅၁။

http://www.dhammadownload.com



ဟု သူတပါးတို့ကိုသာလျှင် နှိုးဆော်တိုက်တွန်းခဲ့ဘူးပါ၏”ဟု ပြောဆိုပုံ ပါရှိသဖြင့် ဓာတ်တော်တို့ကို ပူဇော်ခြင်း, ပူဇော်ရန် တိုက်တွန်းခဲ့ခြင်းတို့အတွက် အကျိုးပေးပုံတို့မှာ အလွန်မှတ်သား စရာကောင်းလှပေသည်။

အထူးမှတ်သာ ထားသင့်သော ဝိမာနဝတ္ထုတပုဒ်ကား သေရီသကဝိမာနဝတ္ထုပင် ဖြစ်၏၊ ၎င်းဝတ္ထုမှ ပါယာသိရာဇညမည်သော သေတဗျမြို့စားမင်းသည် ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီး နောက်မှ အသျှင်ကုမာရကဿပနှင့်တွေ့ဆုံကာ ကောင်းသောဉာဏ်အမြင်၌ တည်ပြီးလျှင် ကုသိုလ်ကောင်းမှုတို့ကိုပွါး၍ သေရီသကမည်သော စတုမဟာရာဇ်ဘုံ အပါအဝင်ဖြစ်သော ဗိမာန်ကခုန်၌ နတ်သားဖြစ်ခဲ့၏၊ ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူး၍ ဒါနစသည်တို့ကိုပြုခဲ့သော်လည်း ရိုရိုသေသေ မပြုခဲ့သဖြင့် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ဗိမာန်၌ ဖြစ်ခဲ့ရပေသည်၊ ၎င်း၏ အဠုပ္ပတ္တိကို နှစ်ပေါင်းအတော်ကြာမှ လှည်းကုန်သည်တို့နှင့်စပ်၍ မထေရ်များ သိကြရသဖြင့် ဒုတိယသံဂါယနာပွဲတွင်မှ အသျှင်မဟာယသအမှူးရှိသော မထေရ်များက မှတ်တမ်းတင်ခဲ့ကြရသည်၊ ဝိမာနဝတ္ထုအားလုံးတို့တွင် ဤသေရီသက ဝိမာနဝတ္ထုသည် ဒုတိယသံဂါယနာ၌ ထည့်သွင်းသော ဝတ္ထုဖြစ်သဖြင့် ထူးခြားသည်ဟု ဆိုသင့်ပေသည်၊ (စူဠရထနတ်သားကား ဘုရားပရိနိဗ္ဗာန်ပြုပြီးမှ ဖြစ်သော်လည်း အသျှင်မဟာကစ္စည်းနှင့် စောစောတွေ့ရသဖြင့် ပဌမသံဂါယနာတွင် မှတ်တမ်းတင်ခဲ့ကြောင်း အဠကထာဆရာဆိုလေသည်)။

အချုပ်အားဖြင့်ဆိုရသော် ဝိမာနဝတ္ထုတို့သည် မြတ်စွာဘုရား သာသနာတော်၌ ကုသိုလ်ကောင်းမှု ပြုလုပ်ကြရန်နှင့် ပြုလုပ်ပြီးသူတို့အဖို့လည်း အစဉ်သဖြင့် ဝမ်းမြောက်ရွှင်လန်း၍ ကောင်းမှုပြုရသည့် အကျိုးတရားတို့ တိုးပွါးသည်ထက် တိုးပွါးလာရန် ရည်ရွယ်ချက်ဖြင့် အသျှင်မဟာမောဂ္ဂလ္လာန် ရဟန္တာမဟာထေရ်မြတ်ကြီး၏ အတွေ့အမြင်အတိုင်း မြတ်စွာဘုရားကတဆင့် ဟောကြားထားခြင်းဖြစ်ကြောင်း သဒ္ဓါကြည်လင်စွာ မှတ်ကြရာ၏။

ဤမျှဖြင့် ဝိမာနဝတ္ထုနှင့်ဆိုင်ရာ မှတ်သားဖွယ် အချက်အလက်များကို ပြဆိုပြီး၍ ပေတဝတ္ထုဆိုင်ရာအချက်အလက်များကို ဖော်ပြပါဦးအံ့။

## ပေတဝတ္ထုဆိုင်ရာ ပြိတ္တာတို့အကြောင်း

ပေတဝတ္ထုဟူသည်မှာ ပြိတ္တာတို့၏အကြောင်းအရာတို့ကို ဖော်ပြသောကျမ်းဖြစ်၏။

မှန်ပါသည်....

“ရှေးဘဝတို့က ပြိတ္တာတို့ ပြုအပ်ခဲ့သော, ပြိတ္တာအဖြစ်ကို ဆောင်တတ်သော ကံအမျိုးမျိုးတို့ကို ထိုသတ္တဝါတို့၏အကျိုး ခြားနားချက်အားလျော်စွာ ပြတတ်၍ အထူးအားဖြင့် သံဝေဂကိုဖြစ်စေတတ် ကံ၏အကျိုးကို မျက်မှောက်ထင်ရှား မြင်သိစေတတ်သော, ပေတဝတ္ထုဟူသော အမည်ဖြင့် ကောင်းစွာသိအပ်သည့် အကြောင်းအဠုပ္ပတ်ရှိသော မြတ်စွာဘုရား၏ ဒေသနာတော်ကို ခုဒ္ဒကနိကာယ်၌ ရဟန္တာမထေရ်မြတ်တို့ သံဂါယနာတင်ခဲ့ကုန်ပြီ” [၁]။

---

၁။ ပေတဝတ္ထု ဋ္ဌ-၁။

http://www.dhammadownload.com



ဤ ပေတဝတ္ထုအဋ္ဌကထာ ဂါထာရမ္ဘ၌ အဋ္ဌကထာဆရာ အသျှင်ဓမ္မပါလက ဂါထာ ၃ ပုဒ်ဖြင့် အထက်ပါအတိုင်း ဖော်ပြပလ္လင်ခံခဲ့၍လည်း ပေတဝတ္ထုဟူသည် ပြိတ္တာတို့အကြောင်းကို ဖော်ပြထားသည်ဟု ဆိုသင့်ပေ၏။

သို့ရာတွင် ပေတဝတ္ထုပါဠိတော်ကိုရင်း အဋ္ဌကထာကိုရင်း စေ့စေ့ငုငု ကြည့်ရှုမိလျှင် "ပေတဝတ္ထုသည် ပြိတ္တာတို့၏အကြောင်းဖြစ်၏"ဟူသော စကားမှာ ယေဘုယျနည်းအားဖြင့်သာဆိုထားသည်ဟု သိသာနိုင်ပေ၏၊ အဘယ့်ကြောင့်ဆိုသော် ဤ ပေတဝတ္ထု၌ ပါဝင်သောအကြောင်းအရာတို့တွင် ပြိတ္တာဘုံသို့ ရောက်သွားသူတို့၏ အကြောင်းအရာသာမက ငရဲဘုံသို့ရောက်သွားသူ၊ လူ့ဘုံသို့ ရောက်သွားသူ၊ နတ်ဘုံသို့ ရောက်သွားသူနှင့် ဗြဟ္မာဘုံသို့ ရောက်သွားသူတို့၏ အကြောင်းအရာများလည်း ပါဝင်နေသောကြောင့်ပင်။

ပုံစံအားဖြင့် ရေဝတီပေတဝတ္ထု (ဤပေတဝတ္ထုပါဠိတော်မြန်မာပြန် ၂၀၃)မှာ ငရဲသို့သွားသော ရေဝတီအမျိုးသမီး၏ အကြောင်းအဋ္ဌုပ္ပတ်ဖြစ်၏၊ ကုမာရပေတဝတ္ထု (စာမျက်နှာ ၁၇၃) မှာ သုသာန်၌ စွန့်ပစ်ခံရသော သူငယ်တဦး၏ အကြောင်းအဋ္ဌုပ္ပတ်ဖြစ်လေသည်၊ ခေတ္တူပမပေတဝတ္ထု (စာမျက်နှာ ၁၅၅)မှာ ရုက္ခစိုးနတ်ဖြစ်သော ဝတ္ထုဖြစ်၍ အင်္ကုရပေတဝတ္ထု (စာမျက်နှာ-၁၅၂)မှာ တာဝတိံသာ၌ နတ်ဖြစ်သော ဝတ္ထုဖြစ်ပြီး ဥရဂပေတဝတ္ထု(စာမျက်နှာ-၁၃၄) မှာ သိကြားမင်းဖြစ်သော ဝတ္ထုဖြစ်လေသည်၊ ထိုမှတပါး ဥဗ္ဗရိပေတဝတ္ထု (စာမျက်နှာ-၁၆၃)မှာ ဗြဟ္မာ့ပြည်ရောက်သော ဝတ္ထုဖြစ်၏၊ ထို့ပြင် ဂေါဏပေတဝတ္ထု (စာမျက်နှာ-၁၃၀)နှင့် ပိဋ္ဌဓီတလိကပေတဝတ္ထု (စာမျက်နှာ-၁၂၆)တို့မှာ မည်သည့်ဘဝသို့မျှ ကူးပြောင်းသော အကြောင်းမဟုတ်မူ၍ သောကကိုဖြေဖျောက်သောအားဖြင့် ဖြစ်ပေါ်လာသောဝတ္ထုများဖြစ်သည်။ ဂေါဏပေတဝတ္ထုမှာ အဖသေဆုံး၍ ငိုနေသူအား ပရိယာယ်ဖြင့် တရားဟောသော ဝတ္ထုဖြစ်သည်၊ ပိဋ္ဌဓီတလိကပေတဝတ္ထုကား (ပါဠိတော်အနေဖြင့် မသိသာသော်လည်း အဋ္ဌကထာအရ) အနာထပိဏ်သူဌေးကြီး၏ မြေးမကလေးသည် ကစားစရာ မြေညက်ယမင်းရုပ်ကလေး ကျကွဲသွားသဖြင့် "သမီးငယ်လေး သေပါပြီ"ဟု ချော့မော့၍မရအောင် ဟစ်အော်ငိုကြွေးသောအခါ အဖိုးဖြစ်သူ သူဌေးကြီးက "မြေးမငယ် သင်၏ သေဆုံးသောသမီးအတွက် အလှူပေးပေအံ့"ဟု ဆိုကာ မြတ်စွာဘုရားနှင့် သံဃာငါးရာအား ပင့်ဖိတ်၍ ဆွမ်းလှူဒါန်းရာ မြတ်စွာဘုရားက ဂါထာ ၄-ပုဒ်ဖြင့် အနုမောဒနာတရား ဟောကြားတော်မူသည့် ဝတ္ထုဖြစ်လေသည်၊ ဤသို့လျှင် ပေတဝတ္ထုတိုင်းသည် ပြိတ္တာတို့၏ အကြောင်းမဟုတ်သည်ကို သိမှတ်ထားသင့်ပေသည်၊ သို့သော် အများအားဖြင့်ကား ပြိတ္တာတို့အကြောင်းအဋ္ဌုပ္ပတ်ဖြစ်လေသည်။

ယင်းသို့အားဖြင့် ပေတဝတ္ထုဟုဆိုပါလျက် ငရဲဘုံ၊ လူ့ဘုံ၊ နတ်ဘုံနှင့် ဗြဟ္မာဘုံတို့သို့ ရောက်သွားသူတို့၏ ဝတ္ထုများကို ထည့်သွင်းထား၍ အမည်နှင့်ဆန့်ကျင်မှု မဖြစ်ပါလောဟု မေးဖွယ်ရာရှိပေသည်၊ ယင်း အမေးအတွက် "ပေတ"ဟူသော အမည်ကို ရှင်းလင်းတင်ပြအပ်ပေသည်။

(၁) ပကဋ္ဌေန သုခတော ဣတာ ဂတာတိ ပေတာ ချမ်းသာသုခမှ=ဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် ပေတမည်၏[၁]၊

---

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ-၁၆၁။

http://www.dhammadownload.com



(၂) မနုဿတ္တဘာဝတော အပေတတ္တာ ပေတပရိယာယောပိ လဗ္ဘတိ ဝေ=လူ့ဘဝမှ အတ္တဘောမှ ကင်းကွာ (ကွယ်လွန်) သွားသောကြောင့် ပေတဟု ခေါ်ဆိုခြင်းကို ရအပ်၏ [၁]။

ပေတ၏ အနက်အဓိပ္ပါယ်ကို ဖော်ပြပါ ကျမ်းဂန်လာစကားရပ်များအရ သိနိုင်၏၊ (၁) အချက်အရ ပြိတ္တာဘုံသို့ ရောက်သွားသူတို့ကို ရနိုင်ပြီး (၂) အချက်အရ မည်သည့်ဘုံသို့ ရောက်သွားသူတို့ အကြောင်းကိုမဆို အရာဌာနအားလျော်စွာ ရနိုင်လေသည်။

အထူးအားဖြင့် အချို့ပေတဝတ္ထုတို့မှာ ဝိမာနဝတ္ထုများနှင့် ဝတ္ထုတူဖြစ်နေသည်ကိုလည်း တွေ့ရ၏၊ ပုံစံအားဖြင့် ဝိမာနဝတ္ထုမှ သေရီသကဝိမာနဝတ္ထုနှင့် ပေတဝတ္ထုမှ သေရီသက ပေတဝတ္ထုကိုကြည့်လျှင် သိနိုင်ပေသည်၊ ၎င်းဝတ္ထုနှစ်ခုမှာ အတူတူပင်ဖြစ်၏၊ ထို့ပြင် မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထုနှင့် မဋ္ဌကုဏ္ဍလီ ပေတဝတ္ထုမှာလည်း တူပေသည်၊ ဤသို့ဖြစ်ရသည်မှာ တဝတ္ထုတည်းပင် ဖြစ်လင့်ကစား ဝိမာနသဘောသက်ဝင်ရုံသာမက ပေတသဘောလည်း သက်ဝင်နေသဖြင့် ပေတ၌ ထပ်မံ၍ ဖော်ပြရခြင်းဖြစ်ကြောင်း သိထားသင့်ပေသည်။

ပြိတ္တာဟူသည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ်သတ္တဝါလေးပါးတို့တွင် ပါဝင်သော လူ့ပြည်လောကအတွင်းမှာပင် တောချုံပိတ်ပေါင်း တောင်စောင်း ဂူလိုဏ်စသည်တို့တွင် ခိုမှီ၍ ဆင်းရဲထူပြောစွာ ခံစားနေရသည့် သတ္တဝါတမျိုးပင် ဖြစ်လေသည်၊ လူ့ပြည်လူ့လောကဟွင် လူဟူ၍ ဖြစ်ရခဲ့စဉ်က ငြူစူဝန်တိုခြင်း များပြား၍ မိမိကိုယ်တိုင်လည်း ပေးကမ်းလှူဒါန်းခြင်း မရှိ၊ သူတပါးတို့ ပေးကမ်းလှူဒါန်းသည်ကိုလည်း ဟားမြစ်၍ အန္တရာယ်ကို ပြုကုန်သူတို့သည် များသောအားဖြင့် ထိုသတ္တဝါမျိုး၌ ဖြစ်ပွါးကြရကုန်၏၊ မိမိပြုလုပ်သော မကောင်းမှုကြောင့် ထိုသတ္တဝါတို့သည် ထမင်းငတ်ခြင်း ရေမွတ်သိပ်ခြင်းစသော ဒုက္ခတို့ကို ခံစားလျက် နှစ်ပေါင်း ရာထောင်သိန်းသန်းကာလပတ်လုံးသော်၎င်း ဘုရားတဆူနှင့်တဆူအကြား ကာလပတ်လုံးသော်၎င်း မကျွတ်မလွတ်နိုင်ပဲ ရှိနေကြရကုန်၏၊ ထိုမျှလောက်သော ကာလပတ်လုံး ထမင်းတလုံး ရေတပေါက်မျှ မစားရမသောက်ရ ကြီးစွာသောဒုက္ခကို ခံစားနေရသော်လည်း အကုသိုလ်ကံ အရှိန်မကုန်သဖြင့် ကွယ်လွန်သေဆုံး ဘဝတုံးရခြင်း မရှိသဖြင့် အသားအသွေးမရှိ အရေအကြောအရိုးမျှသာရှိပြီးလျှင် အလွန်ဆိုးဝါးသော အဆင်းဖြင့် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ တည်ရှိနေကြရလေသည်။

ပြိတ္တာတဦး၏ အဆင်းဆိုးဝါးပုံကို "ထိုပြိတ္တာ၏ ကိုယ်ပမာဏသည် ထန်းပင်လုံးပမာဏရှိ၍ ထက်ဝန်းကျင် ကိုယ်ရေသည် ကြမ်းထမ်းစွာ၏၊ ဖောက်ပြန်သော ဆံရှိ၍ ကြောက်မက်ဖွယ်အဆင်းရှိပြီးလျှင် အလွန်ဖောက်ပြန်ဆိုးဝါး၍ ရွံရှာစက်ဆုပ်ဖွယ်အမြင်ရှိ၏၊ ထိုပြိတ္တာသည် ငါးဆယ့်ငါးနှစ်တို့ကာလပတ်လုံး ထမင်းတလုံး ရေတပေါက်ကိုမျှ မရရှိပဲ ခြောက်သော လည်ချောင်းနှုတ်ခမ်းရှိလျက် ဆာလောင်မွတ်သိပ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ထိုမှ သည်မှ ပတ်ပတ်လည် ပြေးလွှားနေရ၏"ဟု ပေတဝတ္ထု အဋ္ဌကထာ ခေပါလသေဋ္ဌိပေတဝတ္ထုအဖွင့် [၂] တွင် ဖော်ပြထား၏။

## ပြိတ္တာလေးမျိုး ပြဆိုချက်

၎င်းပြိတ္တာတို့ကို သံဂါယနာဝင် အဋ္ဌကထာ ဋီကာကျမ်းကြီးတို့၌ ဖော်ပြထားသည့်အတိုင်း ရသင့်သမျှ အမျိုးအမည်အတန်းအစား ခွဲခြားပြဆိုရပါမူ လေးမျိုးလေးစားရှိနိုင်လေသည်။

---

၁။ ပေတ ၄-၇၂။ ၂။ ပေတဝတ္ထု ၄-၅၄။

http://www.dhammadownload.com



ထိုလေးမျိုးတို့ကား —

(၁) ပရဒတ္တူပဇီဝိကပြိတ္တာ
(၂) ခုပ္ပိပါသိကပြိတ္တာ
(၃) နိဇ္ဈာမတဏှိကပြိတ္တာနှင့်
(၄) ကာလကဥ္စိကပြိတ္တာဟူ၍ လေးမျိုးတို့တည်း။

ထိုလေးမျိုးတို့တွင်—

(၁) သူတပါးတို့ ပေးအပ်သောအစာကို အမှီပြု၍ အသက်ရှင်ရသော ပြိတ္တာသည် ပရဒတ္တူပဇီဝိကပြိတ္တာမည်၏။

(၂) ထမင်းငတ်ခြင်း ရေမွတ်သိပ်ခြင်းဖြင့် မပြတ်အနှိပ်စက်ခံနေရသော ပြိတ္တာသည် ခုပ္ပိပါသိကပြိတ္တာမည်၏။

(၃) အမြဲအကြွင်းမဲ့ လောင်ကျွမ်းခံနေရသဖြင့် ပူပန်ခြင်းရှိသော ပြိတ္တာသည် နိဇ္ဈာမတဏှိကပြိတ္တာမည်၏။

(၄) အသုရကာယ်ဟု အသီးအခြားခေါ်ဝေါ်အပ်သော ပြိတ္တာအသုရကာယ်သည် ကာလကဥ္စိကပြိတ္တာမည်၏။

ဤပြိတ္တာလေးမျိုး၌ ပရဒတ္တူပဇီဝိကပြိတ္တာမျိုးမှာ လူ့ဘဝရှိဆွေမျိုးဉာတကာစသည်တို့က ရည်ညွှန်းလှူဒါန်းသည်ကို ဝမ်းမြောက်နုမောဒနာခေါ်နိုင်လျှင် စားဖွယ်သောက်ဖွယ် စသည်ကို ရရှိနိုင်လေသည်၊ ပေတဝတ္ထုတွင် များသောအားဖြင့် ဤပရဒတ္တူပဇီဝိက အမျိုးအစားဝင်ပြိတ္တာများသာဖြစ်သည်၊ ခုပ္ပိပါသိက ပြိတ္တာအမျိုးအစားမှာမူ အနည်းငယ်မျှသာ ပါရှိ၏၊ နိဇ္ဈာမတဏှိကပြိတ္တာမျိုးမူကား မပါရှိပေ၊ ကာလကဥ္စိကပြိတ္တာဟူသည်ကား ပြိတ္တာဟူ၍သာ အမည်တပ်ထားသော်လည်း အသုရကာယ်မျိုးအဖြစ်သာ ထင်ရှားလေသည်။

ထိုကာလကဥ္စိက အသုရာအကြောင်းကို "ထိုကာလကဥ္စိက အသုရာတို့၌ အတ္တဘောသည် သုံးဂါဝုတ်မျှ ပမာဏရှိသောဟူ၏၊ နည်းသော အသားအသွေးရှိ၏၊ အရိုးအရေမျှသာရှိသည်အဖြစ်ကြောင့် ဖက်ရွက်ခြောက်ကဲ့သို့သော ကိုယ်ရှိ၏၊ ပုဇွန်တို့ကဲ့သို့ မျက်စိတို့သည်ထွက်၍ ဦးခေါင်း၌ တည်ကုန်၏၊ ခံတွင်းသည် အပ်နဖါးပေါက်နှင့်တူ၏၊ ဦးခေါင်း၌သာလျှင်ဖြစ်၏၊ ထို့ကြောင့် ထိုကာလကဥ္စိကအသုရာတို့သည် အောက်သို့ ညွှတ်ကုန်း၍ အစာကို ယူကုန်၏"ဟု ပါထိကအဋ္ဌကထာ[၁] တွင် ပြဆိုထားလေသည်။

အထူးမှတ်သားဖွယ်တရပ်ကား နိယတဗျာဒိတ်ခံယူပြီးသော ဘုရားအလောင်းတော်တို့သည် ခုပ္ပိပါသိကပြိတ္တာမျိုး နိဇ္ဈာမတဏှိကပြိတ္တာမျိုးနှင့် ကာလကဥ္စိကပြိတ္တာ အသုရာမျိုး၌ မဖြစ်ဟု အပဒါန် သုတ္တနိပါတ်ဗုဒ္ဓဝင်နှင့် စရိယာပိဋကဋ္ဌကထာ[၂]တို့၌ အဆိုရှိပေရာ ပရဒတ္တူပဇီဝိကပြိတ္တာမျိုးကား ဖြစ်နိုင်သေး၏ဟု မှတ်သားသင့်ပေသည်။

---

၁။ ဒီ ဋ္ဌ ၃-၅။

၂။ အပဒါန ဋ္ဌ ၁-၁၅၇၊ သုတ္တနိပါတ ဋ္ဌ ၁-၄၅၊ ဗုဒ္ဓဝံသ ဋ္ဌ-၃၁၆၊ စရိယာပိဋက ဋ္ဌ-၃၂၁။

http://www.dhammadownload.com



## ပြိတ္တာအမျိုးမျိုး

ဤပေတဝတ္ထုပါဠိတော် မြန်မာပြန်အတွက် မှတ်သားဖွယ်ရာတွင် ပရဒတ္တူပဇီဝိက အမျိုးအစားဝင် ပြိတ္တာတို့အကြောင်းကို အထူးအားဖြင့် ဖော်ပြရေးသားရမည် ဖြစ်သော်လည်း ပြိတ္တာတို့၏ အကြောင်းနှင့်စပ်၍ လောကပညတ္တိကျမ်း ဆဂတိဒီပနီကျမ်းတို့၌လာသော ပြိတ္တာတို့ကို ဖော်ပြအပ်ပေသည်။

ဟိမဝန္တာတောင်၏ နံပါးဝယ် ဝိဋ္ဋျာဋဝီမည်သော တောအုပ်ကြီး၌ (ဂိဇ္ဈကုဋ်တောင်၌ ?) ပြိတ္တာတို့၏ မြို့ကြီးသည် ရှိ၏၊ ထိုပြိတ္တာမြို့၌ အောက်ပါပြိတ္တာတဆယ့်နှစ်မျိုးတို့ ရှိကြကုန်၏။

(၁) ဝန္တာသပြိတ္တာမျိုး (အလွန်ထမင်းငတ်ခြင်း ရေမွတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ တရံတဆစ်မျှ ထမင်းဘောဇဉ်ကို စားခြင်းငှါ မရ၊ သူတပါးတို့ စွန့်ပစ်အပ်သော တံတွေးနှပ် အန်ဖတ်တို့ကို စားရသော ပြိတ္တာမျိုး)။

(၂) ကုဏပါသပြိတ္တာမျိုး(အကောင်ပုပ်ကို စားသောပြိတ္တာမျိုးတည်း၊ မြွေကောင်ပုပ်, ခွေးကောင်ပုပ်, လူကောင်ပုပ်စသည်တို့ကို ရသောအခါ စားရ၍ မရသောအခါ ငတ်မွတ်ခြင်းဖြင့် ဆင်းရဲခံနေရသော ပြိတ္တာမျိုး)။

(၃) ဂူထခါဒကပြိတ္တာမျိုး(မစင်ကို စားရသော ပြိတ္တာမျိုး)။

(၄) အဂ္ဂိဇာလမုခပြိတ္တာမျိုး(နေ့ညဥ့်ပတ်လုံး ခံတွင်းမှ မီးလျှံထွက်သော ပြိတ္တာမျိုးတည်း၊ ထိုမီးလျှံသည် ပြိတ္တာ၏ လျှာနှုတ်ခမ်းတို့ကို လောင်လျက် အပြင်သို့ တယူဇနာထွက်ပြေး၏)။

(၅) သူစိမုခပြိတ္တာမျိုး(အပ်နဖားပေါက်မျှ ခံတွင်းရှိသော ပြိတ္တာမျိုးတည်း၊ ထိုပြိတ္တာသည် ကြီးသောကိုယ် ရှည်သောလည် ရှိ၏၊ ခံတွင်းကား အပ်နဖားပေါက်မျှသာ ရှိ၏၊ အစာကို ရသောအခါ ခံတွင်းအလွန်ကျဉ်းသောကြောင့် ခံတွင်းဖြင့် မျိုခြင်းငှါ မတတ်နိုင်သဖြင့် နားပေါက် နှာခေါင်းပေါက်ဖြင့် သွတ်သွင်း၏၊ အနည်းငယ်မျှ သာယာမှုကို မရ၊ ကာလရှည်မြင့်စွာ ငတ်မွတ်ဆာလောင်၍ နေသော ပြိတ္တာမျိုးဖြစ်၏)။

(၆) တဏှာဋ္ဋိတပြိတ္တာမျိုး(ရေမွတ်သိပ်မှု တဏှာဖြင့် နှိပ်စက်အပ်သော ပြိတ္တာမျိုး၊ ထိုပြိတ္တာသည် တရံတခါမျှ သောက်ရေကို မရ၊ ရေငတ်ခြင်း ပြင်းပြလှသဖြင့် ရေတွင်း ရေကန် ထုံးအိုင် မြစ်ချောင်း သမုဒ္ဒရာရှိရာသို့ ကပ်ရောက်သောအခါ ထိုရေတွင်း ရေကန်စသည်သည် ပြည်သွေး ကျင်ကြီး ကျင်ငယ် ဖွဲပြာကဲ့သို့ ထင်ရလေ၏)။

(၇) သုနိဇ္ဈာမကပြိတ္တာမျိုး(လွန်စွာ အကြွင်းမဲ့ လောင်မြိုက်သော မီးလောင်ငုတ်နှင့်တူသည့် ပြိတ္တာမျိုး)။

(၈) သတ္တင်္ဂပြိတ္တာမျိုး(ဓားလက်နက်နှင့်တူသော အင်္ဂါရှိသော ပြိတ္တာမျိုး၊ ထိုပြိတ္တာသည် ဓားသွား ငါးမျှားချိတ်နှင့်တူသော လက်သည်း ခြေသည်းအင်္ဂါတို့ဖြင့် မိမိကိုယ်အင်္ဂါတို့ကို ကုတ်ဖွဲ့ ဖြတ်ကော်၍ အသားအသွေးတို့ကို စား၏)။

(၉) ပဗ္ဗတင်္ဂပြိတ္တာမျိုး(နေ့ရော ညဥ့်ပါ လောင်မြိုက်၍ အခိုးပြိုက်ပြိုက်ထွက်သော တောင် ပမာဏလောက်သော ကိုယ်ရှိသည့် ပြိတ္တာမျိုး)။

http://www.dhammadownload.com



(၁၀) အဇဂရဂ်ပြိတ္တာမျိုး (အလျှံတပြောင်ပြောင် တောက်လောင်သော စပါးကြီးမြွေနှင့် တူသော ကိုယ်ဖြင့် ညဥ့်၌ လှည့်လည်သွားလာ၍ နေ့၌ အထူးထူးသော ဒုက္ခကို ခံစားနေရသည့် ပြိတ္တာမျိုး)။

(၁၁) ပေမာနိကပြိတ္တာမျိုး(ကုသိုလ် အကုသိုလ်ရောသောကံ 'မိဿက ကံ'ကြောင့် ဗိမာန်၌ ဖြစ်သော ပြိတ္တာမျိုး၊ ရံခါ ကုသိုလ်အကျိုးကြောင့် နတ်ဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရ၏၊ ရံခါ အကုသိုလ်အကျိုးကြောင့် ဒုက္ခကို ခံစားရ၏)။

(၁၂) မဟိဒ္ဓိကပြိတ္တာမျိုး (ကံ၏ အကျိုးကြောင့် တန်ခိုးကြီးမား၍ ပြိတ္တာအားလုံးတို့၏ အကြီးအမှူးသဖွယ်ဖြစ်ကာ အလွန်အဆင်းလှ အလွန်စည်းစိမ်ကြီးမားသကဲ့သို့ ထင်ရသော်လည်း ဘောဇဉ်ကို မစားရ၊ ရံခါ ထမင်းအဖျော်စသည်ကို ရသော်လည်း သုံးဆောင်ခံစားခွင့်မရ ဒုက္ခ အလွန်ကြီးသော ပြိတ္တာမျိုး)။

ဤသို့ ထင်ရှားသည်ကိုစွဲ၍သာ ပြိတ္တာ ၁၂-မျိုးဟု ဆိုသော်လည်း ပြိတ္တာတို့ကား အမျိုး အမည်များလှကုန်၏၊ ထိုဆဂတိဒီပနီကျမ်း၌ပင် သူစိလောမပြိတ္တာမျိုး, ခရလောမပြိတ္တာမျိုး, ဒီဃနခပြိတ္တာမျိုး, ကေပါဒပြိတ္တာမျိုး, အနေကပါဒပြိတ္တာမျိုး, ကေဟတ္ထပြိတ္တာမျိုး, အနေကဟတ္ထ ပြိတ္တာမျိုး, ကေနေတ္တပြိတ္တာမျိုး, အနေကနေတ္တပြိတ္တာမျိုးစသည်ဖြင့် ရှိကုန်သေး၏။[၁]

ထိုမှတပါးလည်း ပါရာဇိကကဏ်ပါဠိတော်[၂]၌ငင်း သံယုတ်ပါဠိတော်[၃]၌ငင်း ပြိတ္တာ ၂၁-မျိုး လာရှိသေး၏၊ ၎င်းတို့ကို ဆိုင်ရာ ပါဠိတော် မြန်မာပြန်တို့၌ ကြည့်ရှုမှတ်သားနိုင်ကြပေသည်။

ဤဖော်ပြပြီးသော ပြိတ္တာအမျိုးမျိုးတို့သည် မူလဖော်ပြရာ ပရဒတ္တူပဇီဝိကစသော ပြိတ္တာမျိုး လေးပါးတို့၌ ထိုက်သည့်အားလျော်စွာ အကျုံးဝင်ကုန်၏၊ ဤပြိတ္တာမျိုးတို့သည် မည်မျှပင် ဆင်းရဲဒုက္ခကို ခံစားနေရငြားသော်လည်း မိမိအား ရည်ညွှန်းလှူဒါန်း၍ အမျှပေးဝေသည်ကို ပရဒတ္တူပဇီဝိကပြိတ္တာမျိုး၌ဖြစ်၍ ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ခေါ်နိုင်ခဲ့ပါမူ ခံစားနေရ သော ဆင်းရဲဒုက္ခများ ကွယ်ပျောက်၍ တခဏခြင်းပင် ချမ်းသာအမျိုးမျိုးကို ခံစားနိုင်ကြ ပေသည်။

ထိုပရဒတ္တူပဇီဝိကပြိတ္တာအမျိုးအစားနှင့် ပတ်သက်၍ ပေတဝတ္ထုအဋ္ဌကထာ၌ လာရှိသော တိရောကုဋ္ဋသုတ်အဖွင့်ကို အောက်တွင် ပြန်ဆိုဖော်ပြလိုက်ပေသည်။

## တိရောကုဋ္ဋပေတဝတ္ထု[၄]

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကာသိမည်သော မြို့သည် ရှိ၏၊ ထိုမြို့၌ ဇယသေနမည်သောမင်းသည် မင်းပြု၏၊ ထိုမင်းအား သိရိမာမည်သော မိဖုရားသည် ရှိ၏၊ ထိုမိဖုရားကြီး၌ ဖုဿမည်သော ဘုရားလောင်းသည် ဖွားမြင်၍ ကာလအစဉ်အားဖြင့် ဘုရား အဖြစ်သို့ ရောက်၏၊ ဇယသေနမင်းသည် 'ငါ၏သားသည် ကြီးစွာသော တောထွက်ခြင်းကို ပြု၍ ဘုရားဖြစ်၏၊ ငါ၏သားဖြစ်သောကြောင့် ငါတဦးတည်းပိုင်သည့် ငါ၏ဘုရားသာ ဖြစ်၏၊ ယင်း ဘုရားဟောသည့် တရားသည်လည်း ငါ၏တရားသာဖြစ်၏၊ ယင်းဘုရား၏ တပည့်သားသံဃာ

---

၁။ သံဝေဂဝတ္ထုဒီပနီကျမ်း။ ၂။ ဝိမြန် ၁-၁၄၈။

၃။ သံမြန် ၁-၄၃၆။ ၄။ ပေတဝတ္ထု ၄-၁၈။

http://www.dhammadownload.com



သည်လည်း ငါ၏သံဃာသာဖြစ်၏’ဟု မိမိ(တဦးတည်း)ပိုင်ဖြစ်စေ၍ အခါခပ်သိမ်း ကိုယ်တိုင်သာလျှင် လုပ်ကျွေး၏၊ သူတပါးတို့အား လှူဒါန်းပူဇော်ရန် အခွင့်မပေးချေ။

မြတ်စွာဘုရား၏ အမိကွဲဖြစ်သော ညီနောင်သုံးယောက်တို့သည် “ဘုရားတို့မည်သည် အလုံးစုံသော လောက၏အကျိုးစီးပွါးအလို့ငှါ ဖြစ်ကုန်၏၊ တဦးတယောက်၏ အကျိုးငှါ မဟုတ်၊ ငါတို့၏ ခမည်းတော်သည် တပါးသူတို့အား လှူဒါန်းပူဇော်ရန် အခွင့်မပေး၊ အဘယ်သို့လျှင် ငါတို့သည် မြတ်စွာဘုရားကို လုပ်ကျွေးခြင်းငှါ ရဟန်းသံဃာအား လုပ်ကျွေးခြင်းငှါ အခွင့်ရပါအံ့နည်း”ဟု ကြံစည်ကြကုန်၏၊ ထိုမင်းသားတို့သည် “ယခု ငါတို့သည် အကြောင်း ဥပါယ်တခုကို ပြုကုန်အံ့”ဟူ၍ ပြောဆိုတိုင်ပင်ကြကုန်ပြီးလျှင် ပစ္စန္တရစ်ထကြွသကဲ့သို့ ပြုကုန်၏၊ ထိုအခါ မင်းကြီးသည် “ပစ္စန္တရစ်သည် ထကြွ၏”ဟု ကြားသိ၍ သားတော်သုံးပါးတို့ကို ပစ္စန္တရစ်ငြိမ်သက်စေရန် စေလွှတ်၏၊ ထိုမင်းသားတို့သည် သွား၍ ငြိမ်သက်စေပြီးလျှင် ပြန်လာကြကုန်၏၊ မင်းကြီးသည် နှစ်သက်သည်ဖြစ်၍ “သင်တို့သည် အလိုရှိရာဆုကို ယူကြကုန်”ဟု ဆုပေး၏၊ မင်းသားတို့က “အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို လုပ်ကျွေးရန် အလိုရှိကြပါကုန်၏”ဟု ဆိုကုန်၏၊ မင်းကြီးသည် “ထိုအရာကိုထား၍ တပါးသောအရာကို ယူကြကုန်လော့”ဟု ဆိုပြန်၏၊ မင်းသားတို့သည် “အကျွန်ုပ်တို့အား တပါးသောအရာကို အလိုမရှိကုန်”ဟု ဆိုကုန်၏၊ “သို့တပြီးကား အပိုင်းအခြားကို ပြု၍ ယူကြကုန်လော့”ဟု မင်းကြီးဆိုလေသော် မင်းသားတို့သည် မြတ်စွာဘုရားကိုပူဇော်ရန် ခုနစ်နှစ်တို့ကို တောင်းကုန်၏၊ မင်းကြီးသည် မပေး၊ ဤသို့လျှင် ခြောက်နှစ် ငါးနှစ် လေးနှစ် သုံးနှစ် နှစ်နှစ် တနှစ် ခုနစ်လ ခြောက်လ လေးလတို့ကိုဆို၍ မပေးလေသော် သုံးလကို တောင်းကုန်၏၊ ထိုအခါမှ မင်းကြီးသည် “ယူကြကုန်”ဟု ပေးလေ၏။

ထိုမင်းသားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ “အရှင်ဘုရား အကျွန်ုပ်တို့သည် သုံးလပတ်လုံး မြတ်စွာဘုရားကို လုပ်ကျွေးခြင်းငှါ အလိုရှိပါကုန်၏၊ မြတ်စွာဘုရားသည် သုံးလပတ်လုံး ဝါဆိုခြင်းကို လက်ခံတော်မူပါ”ဟု လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလေ၏၊ မင်းသားညီနောင်သုံးဦးတို့သည် မိမိတို့၏ ဇနပုဒ်တို့ကို လွှဲအပ်ထားသော တိုင်းမှူး ယောကျ်ားထံ စာရေး၍ “ဤသုံးလပတ်လုံး ငါတို့သည် မြတ်စွာဘုရားကို လုပ်ကျွေးအပ်၏၊ ကျောင်းကိုအစပြု၍ အားလုံးသော မြတ်စွာဘုရားအား လျော်သည့်အလုပ်အကျွေး အဆောက်အဦကို စီရင်လေလော့”ဟု မှာလိုက်၏၊ ထိုတိုင်းမှူးယောကျ်ားသည် အလုံးစုံကိုစီရင်၍ အကြောင်းပြန်ကြား၏၊ ထိုမင်းသားတို့သည် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ကုန်၍ ယောကျ်ားတထောင် အလုပ်အကျွေးတို့ဖြင့် မြတ်စွာဘုရားကိုငှင်း ရဟန်းသံဃာကိုငှင်း ရိုသေစွာ လုပ်ကျွေးလိုသည်ဖြစ်၍ ဇနပုဒ်သို့ ပင့်ဆောင်ကာ ကျောင်းကိုလှူဒါန်းအပ်နှင်း၍ ဝါဆိုစေကုန်၏။

ထိုမင်းသားညီနောင်သုံးဦးတို့၏ ဘဏ္ဍာစိုးဖြစ်သော သူကြွယ်သားတဦးသည် ဇနီးနှင့်တကွ ကြည်လင်သောသဒ္ဓါစိတ်ရှိသည် ဖြစ်၏၊ ထိုသူသည် ဘုရားအမှူးရှိသော သံဃာအား အလှူဝတ္ထုကို ရိုသေစွာ ပေးလှူ၏၊ တိုင်းမှူးယောကျ်ားသည် ထိုသူကြွယ်သားကို ခေါ်ဆောင်၍ အသောင်းအထောင်သော ဇနပုဒ်သားတို့နှင့်တကွ ရိုသေစွာသာလျှင် အလှူကို ဖြစ်စေ၏၊ ထိုတသောင်းတထောင်သော ဇနပုဒ်သားတို့တွင် အချို့သော ဇနပုဒ်သားတို့သည် ထိပါးပုတ်ခတ်(ဆန့်ကျင်)သောစိတ်ရှိကုန်၏၊ ထိုသူတို့သည် အလှူ၏အန္တရာယ်ကိုပြုကုန်၍ လှူဖွယ်ဝတ္ထုတို့ကို ကိုယ်တိုင်စားကြကုန်၏၊ အလှူတင်းကုပ်တို့ကိုလည်း မီးတိုက်ကြကုန်၏၊ ဝါကျွတ်၍ ပဝါရဏာပြုပြီးသော်

http://www.dhammadownload.com



ထိုမင်းသားတို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်းကိုပြု၍ မြတ်စွာဘုရားအား ခြံရံလျက် ခမည်းတော်၏အထံသို့သာလျှင် ပြန်သွားကြကုန်၏၊ ထိုအရပ်မှ ပြန်ကြွသွားပြီး နောက်အဘို၌ ဖုဿမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူ၏၊ မင်းသားသုံးဦးတို့သည်ငင်း တိုင်းမှူးယောကျာ်းသည်ငင်း ဘဏ္ဍာစိုးသည်ငင်း အစဉ်အားဖြင့် သေ၍ ပရိသတ်နှင့်တကွ နတ်ပြည်၌ ဖြစ်ကုန်၏၊ ဆန့်ကျင်သော စိတ်ရှိကုန်သော သူတို့သည် ငရဲ၌ ဖြစ်ကြကုန်၏၊ ဤသို့လျှင် ထိုနှစ်စုံသောသူတို့သည် နတ်ပြည်မှ နတ်ပြည်သို့ငင်း ငရဲမှ ငရဲသို့ငင်း ဖြစ်ကြကုန်၍ ကိုးဆယ့်နှစ်ကမ္ဘာတို့ လွန်ကုန်၏။

ထို့နောက် ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ထိုဆန့်ကျင်သော စိတ်ရှိကြကုန်သော သူတို့သည် (ငရဲမှ တက်၍) ပြိတ္တာဖြစ်လာကြကုန်၏၊ ထိုအခါ၌ လူတို့သည် မိမိမိမိတို့၏ ဆွေမျိုးပြိတ္တာတို့၏အကျိုးငှါ အလှူပေး၍ "ဣဒံ နော ဉာတီနံ ဟောတု=ဤအလှူသည် ငါတို့၏ဆွေမျိုးတို့အား ဖြစ်စေသတည်း"ဟု ရည်ညွှန်း (အမျှပေးဝေ) ကုန်၏၊ ထိုပြိတ္တာတို့သည် စည်းစိမ်ချမ်းသာတို့ကို ရကုန်၏၊ ထိုအခါ၌ ကိုးဆယ့်နှစ်ကမ္ဘာထက်က ပြိတ္တာတို့သည် ထိုအကြောင်းကို တွေ့မြင်ရလေသော် ကဿပမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ "ကဿပမြတ်စွာဘုရား အကျွန်ုပ်တို့အား ဤသို့ သဘောရှိသော စည်းစိမ်ကို ရပါအံ့လော"ဟု မေးကြကုန်၏၊ မြတ်စွာဘုရားသည် "ယခုအခါ၌ မရလတ္တံ့၊ နောင်အခါ၌ ဂေါတမမည်သောမြတ်စွာဘုရားသည် ပွင့်တော်မူလတ္တံ့၊ ထိုမြတ်စွာဘုရား၏ လက်ထက်၌ ဗိမ္ဗိသာရမည်သောမင်းသည် ဖြစ်လတ္တံ့၊ ထိုမင်းသည် သင်တို့၏ ကိုးဆယ့်နှစ်ကမ္ဘာထက်က အဆွေအမျိုးဖြစ်၏၊ ထိုမင်းသည် ဂေါတမမြတ်စွာဘုရားအား အလှူပေး၍ သင်တို့အား ရည်ညွှန်း၍ အမျှပေးဝေလတ္တံ့"ဟု မိန့်ကြားတော်မူ၏၊ ဤသို့ မိန့်ကြားတော်မူသည်ရှိသော် ထိုပြိတ္တာတို့အား ထိုစကားသည် "နက်ဖြန် ရလတ္တံ့"ဟု ဆိုဘိသကဲ့သို့ အတိုင်းမသိ ဝမ်းမြောက်ကြလေ၏။

ထို့နောက် တခုသော ဗုဒ္ဓန္တရ(ဘုရားတဆူနှင့်တဆူအကြားကာလ)ကို လွန်သည်ရှိသော် ငါတို့ ဂေါတမမြတ်စွာဘုရားသည် ပွင့်တော်မူလာ၏၊ ထိုမင်းသားညီနောင်တို့သည် ယောကျာ်းတထောင်တို့နှင့်တကွ နတ်ပြည်မှစုတေခဲ့၍ မဂဓတိုင်း ပုဏ္ဏားမျိုး၌ဖြစ်ကာ အစဉ်အားဖြင့် ရသေ့ပြုလုပ်၍ ဂယာသီသ၌ ရသေ့သုံးဦးတို့ နေကုန်၏၊ ဇနပုဒ်လွှဲအပ်ခံရသော တိုင်းမှူးယောကျာ်းသည် ဗိမ္ဗိသာရမင်းဖြစ်လာ၏၊ ဘဏ္ဍာစိုးဖြစ်သော သူကြွယ်သားသည် ဝိသာခသူကြွယ်ဖြစ်လာ၏၊ ငင်း၏မယားသည် ဓမ္မဒိန္နာ မည်သော သူဌေးသမီးဖြစ်လာ၏၊ ကြွင်းကျန်သော ပရိသတ်တို့သည်ကား မင်း၏ ပရိသတ်တို့သည်သာလျှင် ဖြစ်ကုန်၏။

ငါတို့ မြတ်စွာဘုရားသည် လောက၌ပွင့်တော်မူ၍ သတ္တသတ္တာဟကို လွန်စေလျက် အစဉ်အားဖြင့် ဗာရာဏသီပြည်သို့ ကြွ၍ ဓမ္မစကြာတရားကို ဟောတော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့ကို အစထား၍ အခြံအရံ တထောင်ရှိသော ရသေ့သုံးဦးတို့ကို ဆုံးမပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူ၏၊ ထိုရာဇဂြိုဟ်ပြည်၌ ဆည်းကပ်ခါစသာလျှင်ဖြစ်သော ဗိမ္ဗိသာရမင်းကြီးကို တသိန်းတသောင်းကုန်သော အင်္ဂမဂဓတိုင်းသား ပုဏ္ဏားသူကြွယ်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်စေလေ၏၊ ထိုအခါ ဗိမ္ဗိသာရမင်းသည် နက်ဖြန်အလို့ငှါ ဆွမ်းဖြင့်ဖိတ်ကြားရာ လက်ခံတော်မူသဖြင့် ဒုတိယနေ့၌ လုလင်သဏ္ဌာန်ဖြင့် သိကြားမင်းသည် ရှေ့မှသွား၍—

"ယဉ်ကျေးသော စိတ်နှလုံးရှိတော်မူသော ကိလေသာမှ လွတ်တော်မူပြီးသော သိင်္ဂီနိက် ရွှေအဆင်းရှိတော်မူသော မြတ်စွာဘုရားသည် ယဉ်ကျေးသော စိတ်နှလုံး

http://www.dhammadownload.com



ရှိကုန်သော ကိလေသာမှ လွတ်မြောက်ပြီးကုန်သော ရသေ့ဟောင်း (ရဟန္တာ) တထောင်တို့နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူလာပါပြီ"။

ဤသို့အစရှိကုန်သော ဂါထာတို့ဖြင့် ရွှတ်ဆိုချီးကျူးကာ ရာဇဂြိုဟ်ပြည်သို့ ကြွဝင်တော်မူလာပြီးလျှင် မင်းနန်းတော်၌ ကြီးစွာသောအလှူကို ခံယူတော်မူ၏၊ ထို (ကိုးဆယ့်နှစ်ကမ္ဘာထက်က ဆွေမျိုးဟောင်း) ပြိတ္တာတို့သည် "ဗိမ္ဗိသာရမင်းသည် ငါတို့အတွက် လှူ၏၊ ယခုပင် ရည်ညွှန်းလတ္တံ့၊ ယခုပင် ရည်ညွှန်းလတ္တံ့" ဟု မြော်လင့်ခြင်းကြီးစွာဖြင့် ကောင်းစွာခြံရံ၍ ရပ်တည်ကုန်၏။

မင်းကြီးသည် အလှူကိုပေး၍ "အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးအံ့နည်း"ဟု ကျောင်းနေရာကိုသာလျှင် ကြံစည်၏၊ ထိုအလှူကို တစုံတယောက်အားမျှ မရည်ညွှန်းမိ၊ ထိုအလှူ၏ အဘို့ကို မရကုန်သည်ရှိသော် ထိုပြိတ္တာတို့သည် မြော်လင့်ချက် ကင်းမဲ့ကုန်သည်ဖြစ်၍ ညဉ့်အချိန်၌ မင်း၏နန်းတော်သို့ ဝင်ပြီးလျှင် အလွန်ကြောက်မက်ဖွယ်ကောင်းသော အသံကို ပြုကုန်၏၊ မင်းသည် ဘေးဖြင့်ထိတ်လန့်ကြောက်ရွံ့ခြင်းသို့ ရောက်၍ နံနက်မိုးသောက်ရောက်လတ်သော် မြတ်စွာဘုရားအား "ဤသို့သဘောရှိသော အသံကို ကြားရ၏၊ အသို့ဖြစ်လတ္တံ့နည်း"ဟု လျှောက်ထား၏၊ မြတ်စွာဘုရားသည်"မင်းကြီး ကြောက်လင့် သင်မင်းကြီးအား တစုံတခုသော မကောင်းမှုသည် မဖြစ်၊ စင်စစ်မူ သင်၏ထင်ရှားရှိသော ဆွေမျိုးဟောင်းတို့သည် ပြိတ္တာဘုံတို့၌ ဖြစ်ကုန်၏၊ ထိုသူတို့သည် တခုသော ဗုဒ္ဓန္တရပတ်လုံး မြော်လင့်ခြင်းကြီးစွာဖြင့် မြတ်စွာဘုရားအား အလှူကိုပေး၍ ငါတို့အား ရည်ညွှန်းလတ္တံ့ဟု လှည့်လည်ကုန်သော်လည်း သင်မင်းကြီးသည် ယမန်နေ့က အလှူပေး၍ မရည်ညွှန်းသည့်အတွက်ကြောင့် မြော်လင့်ချက်ကင်းပြတ်လျက် ထိုသို့သဘောရှိသောအသံကို ပြုကုန်၏"ဟု မိန့်တော်မူ၏၊"အရှင်ဘုရား အသို့နည်း ယခုအခါ၌ ပေးလှူသော် ထိုဆွေမျိုးဟောင်းပြိတ္တာတို့ ရကုန်အံ့လော"ဟု မေးလျှောက်၏၊ "မင်းကြီး ရပေအံ့"ဟု ဘုရားမိန့်တော်မူ၏၊ "အရှင်ဘုရား သို့တပြီးကား တပည့်တော်သည် မြတ်စွာဘုရားအား ယနေ့ အလှူကို လှူပါအံ့၊ ထိုပြိတ္တာတို့အား ရည်ညွှန်းပါအံ့"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

မင်းကြီးသည် နန်းတော်သို့သွား၍ ကြီးစွာသော ဒါနကိုစီရင်လျက် မြတ်စွာဘုရားအား လျှောက်ကြား၏၊ မြတ်စွာဘုရားသည် မင်း၏နန်းတော်သို့ကြွ၍ ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏၊ ထိုပြိတ္တာတို့သည်"ယနေ့ရကုန်ငြားအံ့လည်း မသိ"ဟု လာကုန်၍ တံတိုင်းတဖက် နံရံတဖက်စသည်တို့၌ ရပ်တည်ကုန်၏၊ မြတ်စွာဘုရားသည် ထိုပြိတ္တာအားလုံးကို မင်းကြီးအား မြင်အောင် တန်ခိုးဖြင့် ပြတော်မူလေ၏၊မင်းကြီးသည် အလှူရေစက်ကိုပေး၍"ဣဒံ မေ ဉာတီနံ ဟောတု= ဤအလှူသည် ငါ၏ဆွေမျိုးဟောင်းပြိတ္တာတို့အား ဖြစ်စေသတည်း"ဟု ရည်ညွှန်းလေ၏၊ ထိုခဏ၌သာလျှင် ပြိတ္တာတို့အား ကြာနီကြာညိုပန်းတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်သော ရေကန်တို့သည် ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့သည် ထိုရေကန်တို့၌ ရေချိုး၍ရင်း ရေသောက်၍ရင်း ပူလောင်ခြင်း ပင်ပန်းခြင်းနှင့် မွတ်သိပ်ခြင်းတို့ ငြိမ်းကုန်သည်ဖြစ်၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏၊ မင်းကြီးသည် ယာဂုစသော ခဲဘွယ်ဘောဇဉ်တို့ကို ပေးလှူ၍ ရည်ညွှန်း၏၊ ထိုပြိတ္တာတို့အား ထိုရည်ညွှန်းသောခဏ၌သာလျှင် နတ်၌ဖြစ်သော ယာဂုခဲဘွယ် ဘောဇဉ်တို့သည် ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့သည် ထိုခဲဘွယ်ဘောဇဉ်တို့ကို စားသောက်၍ ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်၏၊ ထို့နောက် အဝတ်ပုဆိုး အိပ်ရာနေရာတို့ကို ပေးလှူ၍ ရည်ညွှန်းပြန်၏၊ ထိုပြိတ္တာတို့အား

http://www.dhammadownload.com



နတ်၌ဖြစ်သော အဝတ်ပုဆိုး ပြာသာဒ် အခင်းအရံ အိပ်ရာစသော တန်ဆာတို့သည်ဖြစ်ကုန်၏၊ထို ဖြစ်ပေါ် လာတိုင်းသော အခြင်းအရာကိုလည်း မင်းကြီးမြင်အောင် မြတ်စွာဘုရားသည် အဓိဋ္ဌာန် ပြုတော်မူ၏၊ မင်းကြီးသည် ထိုအခြင်းအရာကိုမြင်၍ အလွန်လျှင် ဝမ်းမြောက်လေ၏၊ ထို့နောက် မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသည်ရှိသော် ဗိမ္ဗိသာရမင်းကြီးအား ဆွမ်းအနုမောဒနာ အကျိုးငှါ တိရောကုဋ္ဋပေတဝတ္ထုကို ဟောတော်မူလေ၏၊ (တိရောကုဋ္ဋပေတဝတ္ထု မြန်မာပြန်ကို ဤပေတဝတ္ထုပါဠိတော်မြန်မာပြန်စာမျက်နှာ ၁၂၇-၌ ကြည့်ရှုကြပါကုန်)။

## ပရဒတ္တူပဇီဝိကပြိတ္တာနှင့် အလှူ၏အကျိုး

ဖော်ပြပါ တိရောကုဋ္ဋပေတဝတ္ထုအဖွင့် အဋ္ဌကထာအရ ကံအားလျော်စွာ ပရဒတ္တူပဇီဝိက ပြိတ္တာမျိုး၌ဖြစ်၍ အလှူ၏အကျိုးကို ခံစားရန် မြော်လင့်စောင့်စားပြီးနေလင့်ကစား လှူဒါန်းသူ ကလည်း မြင့်မြတ်သောအလှူခံပုဂ္ဂိုလ်များအား လှူဒါန်း၍ ရည်ညွှန်းပါမှ မြော်လင့်စောင့်စား ရကျိုးနပ်ကာ မှန်မြတ်သောစည်းစိမ်မျိုးကို ရရှိနိုင်ပေသည်၊ ပေတဝတ္ထုလာ စူဠသေဋ္ဌိပေတဝတ္ထု[၁] ကို ကြည့်လျှင် ရည်ညွှန်း၍ လှူပင်လှူငြားသော်လည်း ဒုဿီလတို့အား လှူဒါန်းသဖြင့် အလှူ၏ အကျိုးကို မရကြောင်း သိရပေသည်။

ထိုဝတ္ထု၌ အဇာတသတ်မင်းသည် ဒေဝဒတ် တိုက်တွန်းချက်အရ ခမည်းတော်ကို လုပ်ကြံ၍ နန်းတက်ပြီးနောက် နောင်တကြီးစွာရသဖြင့် စက်တော်ခေါ်၍ မပျော်နိုင်ပဲ ပြာသာဒ်အထက် ဆင့်၌ စကြံသွားနေစဉ် ကောင်းကင်၌ ပြိတ္တာတကောင်သွားသည်ကို တွေ့ရပုံ၊ ထိုပြိတ္တာမှာ အသွေးအသားကင်း၍ အရိုးအကြောနှင့် အရေသာရှိပြီး အဝတ်အစားမရှိ ဦးခေါင်းပြောင်ပြောင် နှင့် သွားသည်ဖြစ်ရာ အဇာတသတ်မင်းက ချွန်ဖြင့်ကြွသွားသော တိတ္ထိရဟန်းဟုပါးပါးထင်သဖြင့် လှမ်း၍မေးရာ ပြိတ္တာဖြစ်ပြီး ဗာရဏသီရှိသမီးထံ သွား၍ ရည်ညွှန်းလှူဒါန်းသော ကုသိုလ်အဖို့ကို ယူမည့်အကြောင်းပြောပုံ၊ အဇာတသတ်မင်းက အပြန်ဝင်ခဲ့ပါရန်မှာသဖြင့် အပြန်ဝင်လာသော အခါ မထူးခြား၍မေးရာ ဒုဿီလတို့ကို လှူဒါန်းပြီး ရည်ညွှန်းသောကြောင့် မထူးခြားကြောင်း ပြောပုံ၊ အဇာတသတ်မင်းက ထိုပြိတ္တာအတွက် ဘုရားထံလှူဒါန်း ရည်ညွှန်းမှုရပုံတို့ကို ဖော်ပြ ထားသည်ကို တွေ့ရပေရာ ပြိတ္တာတို့ကို ရည်ညွှန်းလှူဒါန်းရာ၌လည်း အလှူခံပုဂ္ဂိုလ်ကို ရွေးချယ် စိစစ်၍ လှူဒါန်းသင့်သည်ကိုလည်း သတိပြုသင့်ပေသေးသည်။

ထိုပြင် မှတ်သားရန် အကြောင်းတချက်မှာလည်း တစုံတဦး သေဆုံးကွယ်လွန်၍ ပြိတ္တာဘုံ စသည်တို့သို့ ရောက်ရှိသွားသဖြင့် ရည်ညွှန်းလှူဒါန်းရာ၌ ပရဒတ္တူပဇီဝိကပြိတ္တာမျိုးဖြစ်၍ ရည် ညွှန်းလှူဒါန်းသည့်အတိုင်း စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားရသည်ဖြစ်စေ အခြားပြိတ္တာမျိုး ဖြစ်၍ငှင်း ငရဲစသောဘဝမျိုးသို့ ရောက်၍ငှင်း ကုသိုလ်အကျိုးကို မခံစားရသည်ဖြစ်စေ အလှူ ရှင်သည် အကျိုးမဲ့မဖြစ်၊ အကျိုးရှိသည်သာဖြစ်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် ဇာဏုဿောဏိသုတ်၌ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူထားပေသည်။

## ဇာဏုဿောဏိသုတ်[၂]

ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ်အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်နေလျက်

---

၁။ ပေတဝတ္ထုပါဠိတော် မြန်မာပြန် စာမျက်နှာ ၁၅၁။

၂။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ဘတိယအုပ် စာမျက်နှာ ၄၆၉။

http://www.dhammadownload.com



မြတ်စွာဘုရားအား"အသျှင်ဂေါတမ အကျွန်ုပ်တို့ပုဏ္ဏားတို့မည်သည်ကား'ဤအလှူသည်ကွယ်လွန်သော ဆွေမျိုးသားချင်းတို့သို့ ရောက်ပါစေ၊ ဤအလှူကို ကွယ်လွန်ကုန်သော ဆွေမျိုးသားချင်းတို့သည် သုံးဆောင်ကြပါစေ'ဟု အလှူကိုလှူကြပါကုန်၏၊ အသျှင်ဂေါတမ အသို့နည်း၊ ထိုအလှူသည် ကွယ်လွန်သော ဆွေမျိုးသားချင်းတို့အထံသို့ ရောက်ပါသလော၊ အသို့နည်း ထိုကွယ်လွန်သော ဆွေမျိုးသားချင်းတို့သည် ထိုအလှူကို သုံးဆောင်ကြရပါသလော"ဟု လျှောက်၏၊ "ပုဏ္ဏား ရောက်သင့်သောအရပ်၌ ရောက်၏၊ မရောက်သင့်သောအရပ်၌ မရောက်"ဟု မိန့်တော်မူ၏၊ "အသျှင်ဂေါတမ ရောက်သင့်သောအရပ်ဟူသည် အဘယ်ပါနည်း၊ မရောက်သင့်သောအရပ်ဟူသည် အဘယ်ပါနည်း"ဟု လျှောက်၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏၊မပေးသည်ကို ယူလေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောလေ့ရှိ၏၊ကုန်းစကားရှိ၏၊ ရုန့်ရင်းကြမ်းထမ်းသော စကားရှိ၏၊ ပြိန်ဖျင်းသော စကားရှိ၏၊ အဘိဇ္ဈာများ၏၊ ဖျက်ဆီးလိုသော စိတ်ရှိ၏၊ မှားယွင်းသော အယူရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ငရဲသို့ ရောက်ရ၏၊ ထိုသူသည် ငရဲသားသတ္တဝါ၏ အစာအာဟာရဖြင့် ငရဲ၌ မျှတရ၏၊ ထိုအစာအာဟာရဖြင့် ထိုသူသည် ထိုငရဲ၌ တည်ရ၏၊ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သောအရပ်မဟုတ်သေး၊ ယင်းငရဲ၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏။ပ။မှားယွင်းသောအမြင်ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ တိရစ္ဆာန်မျိုးသို့ ရောက်ရ၏၊ ထိုသူသည် ထိုတိရစ္ဆာန်မျိုးဖြစ်သည့် သတ္တဝါတို့၏ အစာဖြင့် ထိုတိရစ္ဆာန်မျိုး၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသတ္တဝါသည် ထိုတိရစ္ဆာန်မျိုး၌ တည်ရ၏၊ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သောအရပ်မဟုတ်သေး၊ ယင်းတိရစ္ဆာန်မျိုး၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ရုန့်ရင်းကြမ်းထမ်းသောစကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊အဘိဇ္ဈာမများ၊ မဖျက်ဆီးလိုသောစိတ်ရှိ၏၊ မှန်ကန်သော အယူရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ လူတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် လူတို့၏အစာဖြင့် ထိုလူ့ဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသူသည် ထိုဘုံ၌ တည်ရ၏၊ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သော အရပ်မဟုတ်သေး၊ ယင်းဘုံ၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်ကန်သောအမြင်ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ နတ်တို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် နတ်တို့၏ အစာဖြင့် ထိုနတ်ဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသူသည် ထိုနတ်ဘုံ၌ တည်ရ၏၊ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သော အရပ်မဟုတ်သေး၊ ယင်းနတ်ဘုံ၌တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏။ပ။ မှားယွင်းသောအမြင်ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ပြိတ္တာဘုံသို့ ရောက်၏၊ ထိုသူသည် ပြိတ္တာ

http://www.dhammadownload.com



ဘုံသားဖြစ်သည့် သတ္တဝါတို့၏ အစာဖြင့် ထိုပြိတ္တာဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုပြိတ္တာဘုံ၌ တည်ရ၏၊ သို့မဟုတ် ထိုသူအတွက် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ကသော်၎င်း ဆွေမျိုးသားချင်းတို့ကသော်၎င်း ပေးလှူအပ်သောဒါနဖြင့် ထိုပြိတ္တာသည် ထိုပြိတ္တာဘုံ၌ မျှတရ၏၊ ထိုဒါနဖြင့် ထိုပြိတ္တာသည် ထိုပြိတ္တာဘုံ၌ တည်ရ၏၊ ပုဏ္ဏား ဤသည်ကား ရောက်သင့်သောအရပ်တည်း၊ ယင်းပြိတ္တာဘုံ၌ တည်သူအား ထိုဒါနသည် ရောက်၏ဟု မိန့်တော်မူ၏။

"အသျှင်ဂေါတမ အကယ်၍ ထိုကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဘုံဌာနသို့ မရောက်ပါလျှင် အဘယ်သူသည် ထိုဒါနကို သုံးဆောင်ပါသနည်း"ဟု လျှောက်၏၊ "ပုဏ္ဏား ထိုဌာနသို့ ရောက်ကုန်သော အခြားသော ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဒါနကိုသုံးဆောင်ခံစားရ၏"ဟု မိန့်တော်မူ၏၊ "အသျှင်ဂေါတမ အကယ်၍ ထိုကွယ်လွန်သူ ဆွေမျိုးသားချင်းတို့လည်း ထိုဌာနသို့ မရောက်ကြပါလျှင် ထိုဒါနကို မည်သူသုံးဆောင်မည်နည်း"ဟု လျှောက်၏၊ "ပုဏ္ဏား ဤမျှရှည်လျားသောအချိန်အခါဝယ် ကွယ်လွန်သူဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာဌာနရှိရာ၏ဟူသော ဤအကြောင်းသည် အရာမဟုတ်၊ အခွင့်မဟုတ်ပေ၊ ပုဏ္ဏား အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့ မဖြစ်နိုင်"ဟု မိန့်တော်မူ၏၊ "သေသူသည် မဖြစ်သင့်ရာ၌ ဖြစ်သော်လည်း အသျှင်ဂေါတမသည် ဒါန၏အကျိုးကို ပညတ်တော်မူပါသလော"ဟု လျှောက်၏။

ပုဏ္ဏား သေသူသည် မဖြစ်သင့်ရာ၌ဖြစ်သော်လည်း ငါသည် ဒါန၏အကျိုးကို ပညတ်၏၊ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်ကိုသတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောလေ့ရှိ၏၊ ကုန်းစကားရှိ၏၊ ရုန့်ရင်းကြမ်းထမ်းသောစကားရှိ၏၊ ပြိန်ဖျင်းသောစကားရှိ၏၊ အဘိဇ္ဈာများ၏၊ ဖျက်ဆီးလိုသောစိတ်ရှိ၏၊ မှားယွင်းသောအမြင်ရှိ၏၊ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း ထမင်းအဖျော် အဝတ် ယာဉ် ပန်း နံ့သာပျောင်း အိပ်ရာနေရာ ဆီမီးကို လှူ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ဆင်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၏။ ထိုသူသည် ထိုဆင်ဘဝ၌ အစားအသောက် ပန်း အထူးထူးသော အဆင်တန်ဆာကို ရခြင်းရှိ၏၊ ပုဏ္ဏား ဤဘဝ၌ အသက်ကို သတ်ခြင်း မပေးသည်ကိုယူခြင်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း မဟုတ်မမှန်ပြောခြင်း ကုန်းစကားရှိခြင်း ရုန့်ရင်းကြမ်းထမ်းသော စကားရှိခြင်း ပြိန်ဖျင်းသော စကားရှိခြင်း အဘိဇ္ဈာများခြင်း ဖျက်ဆီးလိုစိတ်ရှိခြင်း မှားယွင်းသောအယူရှိခြင်းကြောင့် ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ဆင်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် ထိုဆင်ဘဝ၌ အစားအသောက် ပန်း အထူးထူးသော အဝတ်တန်ဆာကို ရခြင်းရှိ၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်ခြင်းရှိ၏။ပ။ မှားယွင်းသော အမြင်ရှိ၏၊ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကိုလှူ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ မြင်းတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရ၏။ပ။ နွားတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။ပ။ ခွေးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် ထိုခွေးဘဝ၌ အစားအသောက် ပန်း အထူးထူးသော အဆင်တန်ဆာကို ရခြင်းရှိ၏၊ ပုဏ္ဏား

http://www.dhammadownload.com



ဤလောက၌ အသက်သတ်ခြင်း။ပ။ မှားယွင်းသော အယူရှိခြင်းကြောင့် ထိုသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှနောက်၌ ခွေးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် ထိုခွေးဘဝ၌ အစား အသောက် ပန်း အထူးထူးသော အဆင်တန်ဆာကို ရခြင်းရှိ၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်ကန်သော အမြင်ရှိ၏၊ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစား အသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကိုလှူ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ လူတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် ထိုလူ့ဘဝ၌ လူ၌ ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ရခြင်းရှိ၏၊ ပုဏ္ဏား ဤလောက၌ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အယူရှိခြင်းကြောင့် ထိုသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှ နောက်၌ လူတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရ၏၊ သမဏအားသော်၎င်း ဗြာဟ္မဏအား သော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ဆီမီးကို လှူ သောကြောင့်ကား ထိုသူသည် ထိုလူ့ဘဝဝယ် လူ၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ရခြင်းရှိ၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်ကန် သောအမြင်ရှိ၏၊ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကိုလှူ၏၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှနောက်၌ နတ်တို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် ထိုနတ် ဘဝ၌ ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ရခြင်းရှိ၏။ ပုဏ္ဏား ဤလောက၌ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်ရှိခြင်းကြောင့် ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည် မှနောက်၌ နတ်တို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ သမဏအားသော်၎င်း ဗြာဟ္မဏအား သော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် နတ်ဘဝဝယ် နတ်ပြည်၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကိုရခြင်း ရှိ၏၊ ပုဏ္ဏား အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့မဖြစ်နိုင်ပေဟု မိန့်တော်မူ၏၊ အသျှင်ဂေါတမ အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ အသျှင်ဂေါတမ အလှူရှင်သည် အကျိုး မဲ့မဖြစ်သောကြောင့် အလှူတို့ကို လှူရန် အလွန်ပင်သင့်သည်သာတည်း၊ ကုဗ္ဗိုးထမင်းတို့ကို ပြုရန် သင့်သည်သာတည်းဟု လျှောက်၏။

ပုဏ္ဏား ဤအရာသည် ဤသို့ပင်တည်း၊ ပုဏ္ဏား အလှူရှင်သည် အကျိုးမဲ့ မဖြစ်နိုင်သည်သာ တည်းဟု မိန့်တော်မူ၏။

အထက်ပါ ဇာဏုသောဏိသုတ်၌ ရည်ညွှန်းလှူဒါန်းသော အလှူ၏အကျိုးကို ပရဒတ္တူပဇီဝိက ပြိတ္တာတို့ရပုံ ဤပြိတ္တာမှတပါး အခြားဆွေမျိုး ပြိတ္တာတို့ပါရပုံ သံသရာဘဝ ရှည်လျားလှသဖြင့် ဆွေမျိုးဟောင်း ပြိတ္တာမရှိဟူ၍ မမှတ်သားထိုက်ပုံနှင့် အကယ်၍ မည်သူမျှမရထိုက်သဖြင့် မရစေ ကာမူ အလှူရှင်များအဖို့ အကုသိုလ်ပြုမိ၍ တိရစ္ဆာန်ဘဝသို့ ရောက်ရလျှင်ပင် တိရစ္ဆာန်ဘဝတွင် မွန်မြတ်သော အစားအသောက် အသုံးအဆောင်တို့ ရရှိနိုင်ပုံနှင့် လူနတ်ဖြစ်လျှင် ဆိုဖွယ်ရာ မရှိပုံတို့ကို ဟောကြားထားလေသည်။

http://www.dhammadownload.com



ထိုမှတပါး ပြိတ္တာဘဝတွင် ကိုယ်တိုင်လှူဒါန်း၍ အကျိုးရပုံ ဝတ္ထုတခုကိုလည်း ဆန်းဆန်း ကြယ်ကြယ် ဤပေတဝတ္ထုတွင် တွေ့ရ၏၊ ၎င်းမှာ ဥစ္ဆုပေတဝတ္ထု[၁] ဖြစ်၏၊ ပါဠိတော်မူရင်းတွင် အကုသိုလ်ကံနှင့် အကျိုးအပြစ် ထင်ရှားရုံမျှ ဖော်ပြထားသော်လည်း အဋ္ဌကထာတွင် စုံစုံလင်လင် ဖွင့်ပြထားပေ၏။

## ဥစ္ဆုပေတဝတ္ထု

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုစဉ် ယောကျ်ားတဦးသည် ကြံစည်းကို ထမ်းကာ ကြံတချောင်းကို စား၍သွား၏၊ သီလရှိ၍ ကောင်းသောသဘောရှိသော အခြား ယောကျ်ားတဦးသည် ကလေးငယ်ကိုချီ၍ ထိုကြံစည်းထမ်းသော ယောကျ်ား၏နောက်မှ လိုက်၏၊ ကလေးငယ်သည် ကြံကိုမြင်သော် ငိုရှိုက်တောင်း၏၊ ကလေးချီလာသော ဥပါသကာယောကျ်ားသည် ကလေးငိုသည်ကိုသိ၍ ကြံစည်းရှင်ယောကျ်ားနှင့် အာလာပ သလ္လာပပြု၏၊ ကြံစည်းရှင်ယောကျ်ား ကား ထိုဥပါသကာယောကျ်ားနှင့်တကွ တခွန်းသောစကားကိုမျှ မပြောဆို၊ ကလေးအားလည်း ကြံတဆစ်ကိုမျှမပေး၊ ဥပါသကာယောကျ်ားသည် ထိုကလေးကိုပြ၍ "မိတ်ဆွေ ဤကလေးသည် အလွန်ငို၏၊ ဤကလေးအား ကြံတဆစ်မျှပေးပါလော" ဟု ဆို၏၊ ထိုစကားကိုကြားသော် ကြံရှင် ယောကျ်ားသည် ကြိမ်းမောင်းလျက် အမျက်ထွက်သောစိတ်ကို ဖြစ်စေ၍ မရှိသေသည်၏ အစွမ်း ဖြင့် ကြံတချောင်းကို နောက်ပြန်ပစ်၍ပေး၏။

ထိုကြံရှင် ယောကျ်ားသည် တပါးသောအခါ၌ သေလွန်၍ ကြာမြင့်စွာ စိမ်ထုံအပ်သော လောဘ၏အစွမ်းဖြင့် ပြိတ္တာဘုံ၌ ဖြစ်လေ၏၊ အကျိုးမည်သည်ကား အကြောင်းနှင့်တူစွာ ဖြစ် တတ်သည်အားလျော်စွာ ထိုပြိတ္တာအား ရှစ်ပယ်မျှလောက်သော အရပ်ကို လွှမ်းခြုံလျက် မျက်စဉ်းညိုအဆင်းနှင့်တူကုန်သော ကျည်ပွေ့လုံးတံ ပမာဏရှိကုန်သော ကြံတို့ဖြင့် တခဲနက် ကျယ် ပြန့်သော ကြံတောကြီးသည်ဖြစ်လာ၏၊ ထိုပြိတ္တာသည် ကြံတို့ကို စုတ်ရန် "ကြံကိုယူပေအံ့" ဟု စိတ်ကူး၍ ကပ်ကာမျှ၌ ထိုယောကျ်ားကို ကြံတို့သည် ဆီးကြိုပုတ်ခတ်၏၊ ထိုပြိတ္တာသည် ထိုကြံ တို့၏ရိုက်ပုတ်သောဒဏ်ဖြင့် မူးမေ့၍လည်းကျ၏။

တနေ့သ၌ အသျှင်မဟာမောဂ္ဂလ္လာန်သည် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်လေသော် လမ်း၌ထိုပြိတ္တာ ကို တွေ့လေ၏၊ ပြိတ္တာသည် အသျှင်မဟာမောဂ္ဂလ္လာန်ကို တွေ့လျှင် မိမိ၏ အဖြစ်ကို လျှောက် လေရာ အသျှင်မဟာမောဂ္ဂလ္လာန်က လွန်ခဲ့သောဘဝက ပြိတ္တာပြုခဲ့သော အကုသိုလ်ကံကို ပြန်လည် ဟောပြ၍ ကြံကိုနောက်ပြန်ပစ်၍ ပေးခဲ့ဘူးသဖြင့် နောက်ပြန် နုတ်ယူလျှင် ကြံကိုစားရလတ္တံ့ ဟု ဟောပြ၏၊ ပြိတ္တာသည် မထေရ်မြတ်မိန့်တော်မူသည့်အတိုင်း နောက်ပြန် နုတ်ယူ၍ စားလေသော် ကောင်းမွန်စွာ စားရလေ၏၊ မထေရ်၏ ကျေးဇူးကြောင့် ကြံကိုယူ၍ စားပြီးလျှင် ကြံစည်းတခု ကြီးစွာပြု၍ မထေရ်မြတ်အား လှူဒါန်းလေရာ အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် ပြိတ္တာကို ချီးမြှောက်လိုသဖြင့် ထိုကြံစည်းကို ပြိတ္တာကိုပင် ထမ်းပိုးယူဆောင်စေ၍ ဝေဠုဝန်ကျောင်းတော်သို့ သွားကာ မြတ်စွာဘုရားအား ပေးလှူစေ၏၊ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ထိုပြိတ္တာ၏ ကြံစည်းကို သုံးဆောင်တော်မူ၍ အနုမောဒနာပြု၏၊ ပြိတ္တာသည် ကြည်လင်ရွှင်ပျသောစိတ်ရှိ၍ ပြန်သွား၏၊ ထိုအခါမှစ၍ ချမ်းသာစွာ ကြံကိုစားသောက်ရလေ၏၊ ထိုပြိတ္တာဘဝမှ သေလွန် လေသော် တာဝတိံသာနတ်ပြည်၌ ဖြစ်ရလေ၏။

---

၁။ ပေတဝတ္ထုပါဠိတော် မြန်မာပြန် စာမျက်နှာ ၂၀၆-နှင့် ပေတဝတ္ထု ဋ္ဌ-၂၄၀။

http://www.dhammadownload.com



ထို့ဥစ္စာပေတဝတ္ထုကို ကြည့်ရှုလျှင် အချို့ကုသိုလ်ဟုန် အသင့်အတင့်ရှိသော ပြိတ္တာတို့သည် ကိုယ်တိုင်လည်း ပေးလှူနိုင်ကြောင်းသိသာနိုင်၏၊ သို့သော် . ကိုယ်တိုင်လှူဒါန်းခြင်းကြောင့် ဒိဋ္ဌ-ဓမ္မအကျိုးခံစားရသည်ထက် တမလွန်ကျိုးသည်သာ သေချာ၏၊ ရည်ညွှန်းသော ဒါနအလှူကို ဝမ်းမြောက်နှမော်သာခုခေါ် ရခြင်းကသာ ၎င်းတို့ပြိတ္တာများအတို့ ဒိဋ္ဌဓမ္မချမ်းသာသုခကို ရစေနိုင်သည်ကို မှတ်သားသင့်ပေ၏။

## ပြိတ္တာတို့နှင့်ပတ်သက်၍ အထူးမှတ်သားဖွယ်အချက်များ

အပါယ်ဘုံသားဖြစ်သော ပြိတ္တာတို့နှင့်ပတ်သက်၍ ၎င်းတို့၏ ပကတိအဆင်းအသွင်မှာ မမြင်ဝံ့အောင် ဆိုးဝါးကြောင်း ပေတဝတ္ထုတို့တွင် များစွာတွေ့ရ၏၊ ပကတိအသွင်ဆိုးဝါးလှရာတွင် အကုသိုလ်အကျိုးကြောင့် အင်္ဂါကြီးငယ်ချွတ်ယွင်းမှုများ ယားနာစသော ဝေဒနာနှိပ်စက်မှုများကလည်း ထပ်လောင်း၍ ဆိုးသည်ထက် ဆိုးအောင် ကုပ္ပံပေသေးရာ အဘယ်မှာလျှင် ရှုဝံ့စရာရှိချေအံ့နည်း၊ ထို့ကြောင့် ရံဖန်ရံခါ ကံအားလျော်စွာ ပကတိသွင်ပြင်ကို လူသားတို့တွေ့မြင်ရသောအခါ၌ ကြောက်လန့်၍ သွားကြ၏၊ တမင်ပြုပြင်၍ ချောက်လှန့်သည်မဟုတ်သော်လည်း ဆိုးဝါးသောအသွင်ကြောင့် ချောက်လှန့်သကဲ့သို့ ဖြစ်သဖြင့် ချောက်လှန့်သည် (တဇ္ဇေတိ-ချောက်လှန့်၏ ဟူသောပါဠိအရ တဇ္ဇေချောက်သည်) ဟု ပြောဆိုကြ၏၊ ရံဖန် ရံခါ ချောက်လှန့်သည့်အခါလည်း ရှိသေး၏၊ မြတ်စွာဘုရားသည် သူစိလောမဘီလူးအား ချွတ်ရန် သူစိလောမ၏ နေရာသို့သွားရာ သူစိလောမဘီလူးက ချောက်လှန့်၍ လွှတ်သကဲ့သို့ ပြိတ္တာများက ချောက်လှန့်တတ်သေးသည် ဟူ၍လည်း မှတ်သင့်၏။

ပြိတ္တာတို့သည် အစားအသောက်နှင့် ပတ်သက်၍ ထမင်းတလုံး ရေတပေါက် စားသောက်ရမှုမရှိ၊ တော်မွတ်နေရသည်သာများကြောင်း ပေတဝတ္ထုတို့အရ သိရှိနိုင်၏၊ စားသင့်၍ စားရလျှင် ၎င်းတို့၏ အာဟာရမှာ လူတို့၏ တံတွေးနှပ် အညစ်အကြေး စသော စက်ဆုပ်ရွံရှာဖွယ်များသာဖြစ်ကြောင်း ထိုထိုပါဠိအဋ္ဌကထာတို့၌ ဆို၏၊ ရံဖန် ရံခါ လူဘို့စွန့်ပစ်သော လက်ဆေးရေခွက်မှ ထမင်းအစအနများ စွန့်ပစ်သော ထမင်းကျန် ဟင်းကျန်များကိုလည်း ရှာဖွေစားသောက်ကြရ၏၊ ထိုသို့ မြို့တွင်းရွာတွင်းတို့၌ သွားလာရှာဖွေစားသောက်နေထိုင်ကြသော်လည်း ၎င်းတို့၏ ကမ္မဇိဒ္ဓိတန်ခိုးကြောင့်ဖြစ်စေ ဆေးမြစ်တန်ခိုးကြောင့်ဖြစ်စေ ၎င်းတို့ကို လူတို့က မမြင်ကြရပေ၊ ထိုအကြောင်းကို မဇ္ဈိမပဏ္ဏာသအဋ္ဌကထာလာ သီဟိုဠ်ကျွန်း အနုရာဓမြို့၌ ဖြစ်သော အောက်ပါဝတ္ထုကြောင်းဖြင့် သိသာနိုင်လေသည်။

တယောက်သော ဘီလူး ပြိတ္တာမသည် သားငယ်နှစ်ယောက်တို့ကို ထုပါရုံ ဘုရားမုခ်ဝ၌ ထားခဲ့ပြီးလျှင် အစားအစာရှာဖွေရန် မြို့တွင်းသို့ ဝင်လေ၏၊ သားငယ်နှစ်ယောက်တို့သည် ဆွမ်းခံကြွသော မထေရ်တပါးကိုမြင်၍ "အရှင်ဘုရား အကျွန်ုပ်တို့၏ မိခင်သည် မြို့တွင်းသို့ ဝင်သွားပါ၏၊ ထိုမိခင်အား 'ရ ရသမျှအစားအစာကို ယူ၍ အမြန်လာပါလော့၊ သင်၏သား နှစ်ယောက်တို့သည် ဆာလောင်လှပြီ၊ ရပ်တည်ခြင်းငှါပင် မစွမ်းနိုင်တော့ပါ'ဟု ပြောကြားပါလော့"ဟု မှာ၏၊ "သင်တို့၏ မိခင်ကိုငါသည် အဘယ်သို့လျှင် မြင်ပါအံ့နည်း"ဟု မထေရ်ကပြောလျှင် "ဤဆေးမြစ်ကိုယူသွားပါ"ဟု ဆိုကာ ဆေးမြစ်တခုကို မထေရ်အား ပေးလေ၏၊ ဆေးမြစ်ကိုရလျှင် မထေရ်သည် ဘီလူး ပြိတ္တာထောင်ပေါင်းများစွာတို့ကို မြင်ရလေ၏၊ ထိုမထေရ်သည် ဘီလူးပြိတ္တာငယ်နှစ်ဦး၏ ပေးထားသော အမှတ်အသားဖြင့် ထိုဘီလူးပြိတ္တာမကြီးကို ဆိုးဝါး၍ ကြောက်မက်ဖွယ် ကောင်းသော

http://www.dhammadownload.com



အဆင်းဖြင့် လမ်းပေါ်၌ ကိုယ်ဝန်အညစ်အကြေးကို စောင့်မျှော်နေခိုက် တွေ့မြင်ရ၍ ထိုမှာလိုက်သော အကြောင်းကို ပြောပြလေ၏၊ အဘယ်ကြောင့် သင်ရဟန်းသည် အကျွန်ုပ်ကို မြင်ပါသနည်းဟု ဆိုသော် ရဟန်းက ဆေးမြစ်ကို ထုတ်၍ပြလေရာ ထိုဘီလူးပြိတ္တာမသည် ဆေးမြစ်ကို လုယက်၍ ပြေးလေ၏။[၁]

ဤဝတ္ထုကြောင်းဖြင့် ဘီလူးပြိတ္တာတို့သည် သားငယ်သမီးငယ်တို့ကို မွေးဖွားကြောင်း ဆေးမြစ်တန်ခိုးဖြင့် ၎င်းတို့ကိုယ်ကို ကွယ်စေနိုင်၍ ဆေးမြစ်ဘန်ခိုးဖြင့်ပင် ၎င်းတို့ကို မြင်နိုင်ကြောင်း ကိုယ်ဝန်အညစ်အကြေး စသည်ကို စားသောက်နေထိုင်ကြောင်းတို့ကို သိနိုင်လေသည်။

ပြိတ္တာတို့နှင့် လူတို့ဆက်ဆံရေးမှာကား ပြိတ္တာတို့သည် ကိုယ်ထင်ရှားပြပြီး မိမိဆင်းရဲဒုက္ခကို ပြောပြ၍ လူတို့အား ဒါနပြုပြီးလျှင် အလှူအဘို့ကို ရည်ညွှန်းအမျှပေးဝေပါရန် ပြောဆိုခြင်းစသော ရိုးရိုး ဆက်ဆံမှုများအပြင် ထူးထူးဆန်းဆန်းအိမ်ထောင်ရေးဖြင့် ဆက်ဆံသောပြိတ္တာမျိုးလည်း ရှိသေးကြောင်း ပေတဝတ္ထုအရသိနိုင်၏၊ ဤပေတဝတ္ထုလာ သုတ္တပေတဝတ္ထုနှင့် ပါဠလိပုတ္တပေတဝတ္ထု[၂] တွင် ပြိတ္တာက လူမကိုဆောင်ယူ၍ မယားအဖြစ်ထားပုံကို တွေ့ရသည်၊ ကဏ္ဏမုဏ္ဍပေတိ[၃] ဝတ္ထုတွင်မူ ပြိတ္တာမက ဗာရာဏသီမင်းနှင့် မွေ့လျော်ပုံကို ဖော်ပြထားလေသည်။

ပါဠိတော်မြန်မာပြန်တွင် ဇာတ်လမ်းမပေါ်သဖြင့် အဋ္ဌကထာအရ အမြွက်မျှ ဖော်ပြရသော် သုတ္တပေတဝတ္ထုမှာ မြတ်စွာဘုရားမပွင့်မီ အနှစ် ၇၀၀-ကျော်က သာဝတ္ထိမြို့၏ မနီးမဝေး ရွာတရွာတွင် လူငယ်တဦးသည် ပစ္စေကဗုဒ္ဓါတပါးကို လုပ်ကျွေးဘူး၏၊ ထိုလူငယ် အရွယ်သို့ ရောက်သော် အမျိုးသမီးတဦးနှင့် ထိမ်းမြားရာ ထိမ်းမြားသောနေ့၌ပင် သူငယ်ချင်းများနှင့် မြစ်ဆိပ်သို့ သွားပြီး ရေချိုးရာမှ မြွေကိုက်ခံရ၍ သေဆုံးလေ၏၊ ပစ္စေကဗုဒ္ဓါအား လုပ်ကျွေးသော ကုသိုလ်ရှိသော်လည်း အမျိုးသမီး၌ စွဲလမ်းသောစိတ်ကြောင့် ပြိတ္တာဖြစ်ရလေသည်၊ သို့သော် ကုသိုလ်ဟုန်ကြောင့် တန်ခိုးကြီးလေသည်။

ထိုပြိတ္တာသည် ဗိမာန်ဖြင့်နေ၍ အမျိုးသမီးကို စွဲလမ်းနေသဖြင့် တနေ့တွင် တန်ခိုးဖြင့် အမျိုးသမီးကို ကုသိုလ်ပြုစေပြီးလျှင် ၎င်း၏ ဗိမာန်သို့ ဆောင်ယူလေသည်၊ အမျိုးသမီး၏ မိခင်အားလည်း အိုးခွက်တို့နှင့်အပြည့် ရွှေငွေတို့ကို ပေးခဲ့လေသည်၊ အမျိုးသမီးသည် ထိုဗိမာန်၌ ချစ်သူဖြစ်သော နတ်ပြိတ္တာနှင့် အနှစ် ၇၀၀-လုံးလုံး နေထိုင်လေသည်၊ အနှစ် ၇၀၀-နေထိုင်ပြီးနောက် ငြီးငွေ့သဖြင့် လူ့ပြည်ပြန်ခွင့်တောင်း၍ နတ်ပြိတ္တာက လိုက်ပို့ရာ လူ့ပြည်သို့ ရောက်သော် အိမ်မင်း၍ သွားကာ ၇-ရက်အတွင်း ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီး ကွယ်လွန်သွားလေသည်။

ဤ၌ လူ့အဖြစ်ဖြင့် နတ်ပြိတ္တာထံ၌ အနှစ် ၇၀၀-နေထိုင်ခြင်း အနှစ် ၇၀၀-လုံး နုပျိုနေခြင်းတို့မှာ နတ်၌ဖြစ်သော ဥတုအာဟာရတို့က ထောက်ပံ့သည်၏အဖြစ်ကြောင့်၎င်း ကံ၏ အာနုဘော်ကြောင့်၎င်း ဤမျှလောက် ကာလပတ်လုံး ငယ်ရွယ်နုနယ်သော အခြင်းအရာဖြင့် တည်နေနိုင်ကြောင်း လူ့ပြည်သို့ ရောက်သွားသောအခါ လူတို့၏ဥတုအာဟာရ၏ အစွမ်းကြောင့် အိုမင်းသွားရကြောင်း အဋ္ဌကထာ၌ ပြဆိုထားပေသည်၊ ပါဠလိပုတ္တ ပေတဝတ္ထုတွင်မူ ပြိတ္တာနှင့် လူအမျိုးသမီး တနှစ်ပေါင်းဖော် နေကြောင်းဆို၏။

---

၁။ မ ၄-၃-၁၇၇ ။

၂။ ပေတဝတ္ထုပါဠိတော် မြန်မာပြန် စာမျက်နှာ ၁၃၅။

၃။ ပေတဝတ္ထုပါဠိတော် မြန်မာပြန် ၁၄၀။

http://www.dhammadownload.com



ကဏ္ဏမုဏ္ဍပေတဝတ္ထုမှာ ကဿပဘုရားရှင်လက်ထက်က ဥပါသိကာမတဦးသည် သေသောက်ကြူးနှင့် မှောက်မှားမိပြီး မိမိ၏လင် ဥပါသကာအား လိမ်လည်လှည့်ဖျား၍ "မှောက်မှားမိလျှင် ဘဝတိုင်း ခွေးစားခံရပါစေ"ဟု ကျိန်ဆိုခဲ့ဘူး၏၊ ထိုဘဝမှ ကွယ်လွန်လေသော် ထိုမိန်းမသည် ဟိမဝန္တာ ကဏ္ဏမုဏ္ဍအိုင်အနီး၌ ပြိတ္တာမဖြစ်၍ နေ့၌ ကဿပဘုရားလက်ထက်က တရားအားထုတ်ခဲ့သော ကောင်းမှုကြောင့် နတ်စည်းစိမ်ကို ခံစားရပြီး ညဥ့်မူ လိမ်လည်ကျိန်ဆိုခဲ့မှုကြောင့် ခွေးနက်ကြီးတကောင်၏ အစားကို ခံရလေ၏၊ နှစ်ပေါင်းများစွာ ကြာသော် ယောကျာ်းမရှိသဖြင့် ငြီးငွေ့သောကြောင့် သရက်သီးကိုမျှော၍ လူ့ပြည်မှ လူသားတို့ကို သွေးဆောင်ခေါ်ယူရာ ဗာရာဏသီမင်းကြီးကိုယ်တိုင် ထိုပြိတ္တာမထံသို့ သွားရောက်ကာ ပြိတ္တာမနှင့် ပေါင်းသင်းနေလေ၏၊ နောက်ကာလ၌ တညသောအခါ ပြိတ္တာမ ခွေးစားခံရသည်ကို မင်းကြီးတွေ့မြင်၍ အကြောင်းစုံကို မေးမြန်းသိရှိလေသော် ဗာရာဏသီပြည်သို့ ပြန်သွားလေသည်။

ဖော်ပြပါ ဝတ္ထုတို့ကို ထောက်ထားလျှင် တန်ခိုးရှိသော ပြိတ္တာမျိုးတို့သည် လူတို့နှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်နိုင်ကြကြောင်း ဘဝခြားလင့်ကစား နှစ်ပေါင်းကြာမြင့်စွာ အတူတကွ ပျော်ပျော်ရွှင်ရွှင်နေကြောင်း သိရပေသည်။

အမ္ဗဝနပေတဝတ္ထု[၁]တွင် သူကြွယ်ဘဝမှ ဆင်းရဲသွားသောသူတဦးသည် သမီးကို မိတ်ဆွေအိမ်တွင် ခေတ္တထားခဲ့၍ ကုန်ကူးသွားရာ ငွေငါးရာရကြောင်း ငွေငါးရာနှင့် ပြန်လာရာ၌ ခိုးသူတို့နှင့်တွေ့၍ ငွေကို တနေရာ၌ ဝှက်ထားပြီး ပုန်းနေစဉ် တွေ့သွားသဖြင့် အသတ်ခံရကြောင်း ငွေကိုစွဲ၍ ပြိတ္တာဖြစ်သွားပြီးနောက် အခြားမိတ်ဆွေလှည်းကုန်သည်များကို တွေ့သောအခါ၌ ကိုယ်ထင်ပြ၍ အကျိုးအကြောင်းပြောပြကာ ငွေငါးရာကို ထုတ်ဖော်ပေးပြီး သမီးအား တဝက် ပေးရန်နှင့် ကုသိုလ်ပြုရန် မှာကြားကြောင်း သမီးက ယာဂုဆွမ်းနှင့် သရက်သီးကိုလှူ၍ ရည်ညွှန်းမှ ချမ်းသာသုခရရှိကြောင်းများ ပါရှိရာ ပြိတ္တာတို့သည် မိမိသားသမီးစသည်တို့အား ငွေကြေးစသော ဝတ္ထုပစ္စည်းများကို ပေးကမ်းနိုင်ကြောင်းကိုလည်း သိရ၏။

ပြိတ္တာတို့သည် တံတွေး နှပ် စသော လူတို့၏ အညစ်အကြေးတို့ကို ရှာဖွေစားသောက်နေထိုင်ရကြောင်းနှင့် ဆိုးဝါးယုတ်ညံ့သော အသွင်အပြင်ကို ကမ္မဇိဒ္ဓိခေါ် ကံတန်ခိုးဖြင့်ဖြစ်စေ ဆေးမြစ်တမျိုးမျိုး၏ အစွမ်းဖြင့်ဖြစ်စေ ကွယ်၍ နေတတ်ကြောင်း အထက်၌ အတန်ငယ် ဖော်ပြခဲ့ပြီးဖြစ်၏၊ ယုတ်ညံ့သော အာဟာရတို့ကို စားသောက်အသက်မွေးရသူတို့ဖြစ်သည်အားလျော်စွာ ပြိတ္တာတို့သည် သေလွန်သောအခါ ၎င်းတို့၏ ကြမ်းထမ်းသော ခန္ဓာကိုယ်ကို ကွယ်၍မထားနိုင်ကြကုန်၊ ပကတိ အဆင်းအသွင်အတိုင်း ထားခဲ့ရန်လည်း မဖြစ်သဖြင့် ပြိတ္တာတို့ ကွယ်လွန်သောအခါ၌ သားတိရစ္ဆာန်ပိုးမွှားစသော အကောင်တမျိုးမျိုးအဖြစ် ပြောင်းလဲ ထားရစ်ခဲ့ရကြောင်း မိလိန္ဒပဉှာတွင် ဆိုထားပေသည်။

မိလိန္ဒပဉှာ[၂]၌ "မင်းမြတ် သေကုန်သော ဘီလူး(ပြိတ္တာ)တို့၏ ကိုယ်ကောင်ကို တွေ့မြင်ရ၏၊ ထိုဘီလူး(ပြိတ္တာ)တို့၏ အပုပ်နံ့သည်လည်း လှိုင်၏၊ မင်းမြတ် သေကုန်သော ဘီလူး(ပြိတ္တာ)တို့၏ ကိုယ်ကောင်ကို ပိုးကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ပေါက်ဖတ်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ခြပုန်းအသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ပိုးနှံကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ကင်းခြေများ

၁၊ ပေတဝတ္ထုပါဠိတော် မြန်မာပြန် စာမျက်နှာ ၂၁၃ နှင့် ပေတဝတ္ထု ဋ-၂၅၆၊
၂။ မိလိန္ဒပဉှာ ပါဠိတော် မြန်မာပြန် ၂၈၂။

http://www.dhammadownload.com



အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ငှက်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ သမင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏''ဟု မိလိန္ဒမင်းအား အသျှင်နာဂသေန ဖြေကြားထား၏။

## အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများ

အပါယ်လေးဘုံတွင် ပြိတ္တာဘုံပါဝင်ကြောင်း ပြိတ္တာတို့သည် အပါယ်ဘုံသားများဖြစ်ကြောင်း မှာ အထူး ရေးသားဖွယ် မလိုချေ၊ သို့သော် အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများရှိသေးသည် ဟုဆိုလျှင် ရုတ်တရက် အံ့ဩသွားကောင်း သွားပေမည်၊ထို့ကြောင့် အပါယ်ဘုံ၌အကျုံးမဝင်သော ပြိတ္တာများအကြောင်းကို စဉ်းငယ်ဖော်ပြသင့်ပေသေး၏။

အပါယ်ဘုံ၌ အကျုံးဝင်သူ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် သတ္တဝါတို့သည် ပဋိသန္ဓေကပင် အကုသလဝိပါက် အဟိတ်ပဋိသန္ဓေနေခဲ့ကြသူများ ဖြစ်ကြ၏၊ အချို့ပြိတ္တာတို့သည် သုဂတိ အဟိတ် ဒွိဟိတ် တိဟိတ် ပဋိသန္ဓေနေကြလေသည်၊ ၎င်းတို့ကိုကား အပါယ်ဘုံသားဟူ၍ မခေါ်ရ တော့ချေ၊ ပြိတ္တာပင်ဖြစ်လင့်ကစား သုဂတိအဟိတ်စသော ပဋိသန္ဓေဖြင့်ဖြစ်လာကြလျှင် စတု-မဟာရာဇ်ဘုံသားအဖြစ် အကျုံးဝင်လာကြ၏၊ သို့သော် စတုမဟာရာဇ်နတ်များကဲ့သို့ကား တန်ခိုး ကြီးမားခြင်း မရှိကြပေ။

ဘုရားရှင် လက်ထက်တော်က သူစိလောမဘီလူး ခရလောမဘီလူး ပိယင်္ကရမာတာဘီလူးမ ဥတ္တရမာတာဘီလူးမတို့သည် ပြိတ္တာဟုဆိုရသော ဝိနိပါတိကအသုရာမျိုးတို့ပင် ဖြစ်၏၊ သို့သော် ၎င်းတို့မှာ တိဟိတ်ပဋိသန္ဓေနေသော အထက်တန်းစားများဖြစ်၍ တရားထူးကို ရနိုင်ကြပေသည်။

အင်္ဂုတ္တရအဋ္ဌကထာ၌ [၁] ဝိနိပါတိကအသုရာအကြောင်း ဖွင့်ဆိုရာတွင် အပါယ်လေးပါးမှ လွတ်သော ဥတ္တရမာတာ ပိယင်္ကရမာတာ ဖုဿမိတ္တာ ဓမ္မဂုတ္တာစသော အခြား ဝေမာနိကပြိတ္တာတို့သည် ရှိကုန်၏၊ ထိုဝေမာနိကပြိတ္တာတို့သည် အဝါ အဖြူ အညို ကြမ်းပိုးရေအဆင်း ရွှေရောင် အဆင်းစသော အရောင်အဆင်းဖြင့်၎င်း အပိန်အဝ အတိုအရှည် ကိုယ်နေကိုယ်ဟန်ဖြင့်၎င်း ခန္ဓာကိုယ်သည် အမျိုးမျိုးဖြစ်၏၊ ပဋိသန္ဓေသညာသည်လည်း လူတို့ကဲ့သို့ ဒွိဟိတ် တိဟိတ်နှင့် အဟိတ်တို့၏အစွမ်းဖြင့် အမျိုးမျိုးပင် ဖြစ်၏(အပါယ်ဘုံသားတို့ကဲ့သို့ အဟိတ် ပဋိသန္ဓေတခုတည်းမဟုတ်)၊ ထိုဝေမာနိကပြိတ္တာတို့သည် စတုမဟာရာဇ် တာဝတိံသာအစရှိသော နတ်တို့ကဲ့သို့လည်း တန်ခိုး မကြီးကုန်၊ အထီးကျန်သောလူတို့ကဲ့သို့ တန်ခိုးနည်းကုန်၏၊ အစားအဝတ်ရခဲသဖြင့် ငတ်မွတ်သော ဆင်းရဲရှိကုန်၍ နေထိုင်ကြရကုန်၏၊ အချို့မှာ လဆုတ်ပက္ခ၌ ဆင်းရဲခံပြီးလျှင် လဆန်းပက္ခ၌ ချမ်းသာခံစားကြရကုန်၏၊ ထိုသို့ချမ်းသာအပေါင်းအစုမှ ပျက်စီး၍ကျရောက်သည်၏အဖြစ်ကြောင့် "ဝိနိပါတိက"ဟုခေါ် ဆိုရကုန်၏၊ ထိုဝိနိပါတိက အသုရာခေါ် ဝေမာနိကပြိတ္တာတို့တွင် တိဟိတ် ပဋိသန္ဓေနေသူတို့သည် အကျွတ်တရားရကြကုန်၏ဟု ဖွင့်ဆို၏၊ သုတ်မဟာဝါအဋ္ဌကထာ၌လည်း ထိုအတူ ပါရှိ၏။

## ပိယင်္ကရမာတာနှင့် ဥတ္တရမာတာ

ဤနေရာ၌ သံယုတ်ပါဠိတော်လာ ပိယင်္ကရမာတာနှင့် ဥတ္တရမာတာဝတ္ထုကို သိထိုက်သဖြင့် ထုတ်ပြဦးမည်။

---

၁။ အံ-႒ ၃-၁၆၃-နှင့် ဒီ-႒ ၂-၁၀၀။

http://www.dhammadownload.com



မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဇေတဝန်ကျောင်းတိုက်အတွင်း၌ ကောသမ္ဗကမည်သော ကျောင်းဆောင်သည်ရှိ၏၊ တနေ့သ၌ အသျှင်အနုရုဒ္ဓါသည် ကောသမ္ဗက ကျောင်းဆောင်အတွင်း၌ ထိုင်နေ၍ သာယာသောအသံဖြင့် ဓမ္မပဒ အပ္ပမာဒဝဂ်ကို သရဇ္ဈာယ်၍နေတော်မူခိုက်ဖြစ်၏၊ ထိုအခါ ပိယင်္ကရမည်သော သားငယ်ရှိသူ ဝေမာနိကပြိတ္တာမ(ပိယင်္ကရမာတာ) သည် သားပိယင်္ကရ ပြိတ္တာငယ်ကို ရင်ခွင်ဖြင့်ပိုက်ချီလျက် ဇေတဝန်ကျောင်း၏နောက်ဖက်မှစ၍ အစာရှာထွက်လာလေရာ အစဉ်အားဖြင့် သာဝတ္ထိမြို့ဖက်သို့ရှေးရှုလျက် ကျင်ကြီးကျင်ငယ် တံတွေးနှပ်စသည့် မကောင်းဆိုးရွား အစားအစာတို့ကို ရှာဖွေသည်ရှိသော် အသျှင်အနုရုဒ္ဓါ၏နေရာသို့ရောက်၍ သာယာသော တရားရွတ်ဖတ်သံကို ကြားရလေ၏၊ ထိုတရားသံသည် ပိယင်္ကရမာတာအား အရေအစရှိသည်ကို ဖောက်ခွဲ၍ ရိုးတွင်းခြင်ဆီကို ထိခိုက်ကာ နှလုံးသို့ဆိုက်ရောက်၍ တည်လေ၏၊ ထိုအခါ ပိယင်္ကရမာတာအား အစာရှာဖွေခြင်း၌ စိတ်မျှလည်းမဖြစ်၊ တရားသံကို နားစိုက်၍သာ ရပ်တည်နေ၏၊ သားဖြစ်သူ ပိယင်္ကရကား ငယ်ရွယ်သူဖြစ်၍ တရားနာခြင်း၌ စိတ်မရှိ၊ ထိုပိယင်္ကရသည် ဆာလောင်မွတ်သိပ်မှုဖြင့် နှိပ်စက်ရကား "မိခင် အဘယ်ကြောင့် ရောက်ရာနေရာ၌ သစ်ငုတ်ကဲ့သို့ ရပ်နေသနည်း၊ အကျွန်ုပ်အတွက် ခဲဘွယ်ဘောဇဉ်ဟူ၍ကိုလည်း အဘယ့်ကြောင့်မရှာသနည်း" ဟု ထပ်ကာထပ်ကာ မိခင်အား မေးလေ၏၊ ပိယင်္ကရမာတာသည် ငါ့အား ဓမ္မန္တရာယ်ပြုလှ၏ဟု သားငယ်ကို—

"ပိယင်္ကရ အသံမပြုလင့်၊ ရဟန်းသည် ဓမ္မအစုတို့ကို ရွတ်ဆိုနေ၏၊ ငါတို့သည် ဓမ္မအစုကို သိ၍ ကျင့်နိုင်ကုန်ငြားအံ့လည်း မသိ၊ ငါတို့အား အစီးအပွါးဖြစ်တန်ရာ၏။

သတ္တဝါတို့၌လည်း စောင့်စည်းကြရကုန်အံ့၊ သိလျက်မမှန်စကားကို မဆိုကြရကုန်အံ့၊ မိမိ၏ကောင်းသော အကျင့်သီလကိုလည်း ကျင့်သုံးကြရကုန်အံ့၊ မြေဖုတ်ဘီလူးပြိတ္တာဘဝမှ လွတ်ကြကောင်းတန်ရာ၏"[၁] ဟု နှစ်သိမ့်စေ၏။

ဤသို့ သားငယ်ကို နှစ်သိမ့်စေ၍ တရားနာလေသော် ထိုနေ့၌ပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏၊ (ဤကား ပိယင်္ကရမာတာဝတ္ထုဖြစ်၏)။

တရံရောအခါ မြတ်စွာဘုရားသည် (ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်) ဆွမ်းစားပြီးချိန်၌ လူအပေါင်းအား တရားဟောတော်မူပြီးသော် လူအပေါင်းကို ပြန်လွှတ်လိုက်ပြီးနောက် ရေချိုးအိမ်၌ ရေသပ္ပါယ်တော်မူကာ ဂန္ဓကုဋိတိုက် ပရိဝုဏ်အတွင်း ခင်းထားအပ်သော ဘုရားနေရာတော်၌ အရှေ့လောကဓာတ်ကို မျက်နှာတူရူ ရှုတော်မူလျက် ထိုင်နေတော်မူ၏၊ ထိုအခါ ကေစာရိက ဒိဗ္ဗစာရိကစသော ပံသုကူလိက ပိဏ္ဍပါတိက ရဟန်းတို့သည် မိမိ မိမိတို့၏ နေ့သန့်ရာ အရပ်အသီးသီးမှ ထွက်လာကြကုန်ပြီးလျှင် မြတ်စွာဘုရားထံသို့ လာကြကုန်၍ ရှိခိုးကြပြီးနောက် တင်းတိမ်နီဖြင့် ကာရံဘိသကဲ့သို့ ထိုင်နေကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့၏ အလိုကိုသိတော်မူ၍ မြတ်စွာဘုရားသည် နိဗ္ဗာန်နှင့်စပ်သော တရားစကားကို ဟောတော်မူ၏။

ထိုစဉ်အခါ (ပုနဗ္ဗသုမည်သော သားအကြီးကို လက်မှာဆွဲ၍ ဥတ္တရာမည်သော သမီးအငယ်ကို ရင်ခွင်ဝယ်ပိုက်ချီထားသော) မြေဖုတ်ဘီလူး ပြိတ္တာမ ပုနဗ္ဗသုမာတာ၊ သို့မဟုတ်-ဥတ္တရမာတာသည် သမီးငယ်ကို ပွေ့ချီ သားကြီးကိုလက်ဆွဲ၍ ဇေတဝန်ကျောင်း နောက်ဖက်တံတိုင်းအနီး၌

၁။ သံ မြန် ၁-၁၉၇။

ကျင်ကြီး ကျင်ငယ် တံတွေးနှပ်တို့ကို ရှာဖွေရင်း အစဉ်သဖြင့် ဇေတဝန်ကျောင်းတော် တံခါးမုခ်နားသို့ ရောက်လာ၏။

"အာနန္ဒာ သပိတ်ကို ယူခဲ့လော့၊ သက်န်းကို ယူခဲ့လော့၊ စားကြွင်းစားတို့အား စားဖွယ်ကို ပေးလော့" ဟု မြွက်ဆိုတော်မူသော မြတ်စွာဘုရား၏ အသံတော်သည် ထက်ဝန်းကျင် တဆယ့်နှစ်တောင်မျှ၌သာ ကြားရ၏၊ တရားဟောတော်မူသော မြတ်စွာဘုရား၏ အသံတော်မူကား စကြဝဠာအဆုံးတိုင်အောင် ပရိသတ်ထိုင်နေကာမူလည်း ပရိသတ်အဆုံးတိုင်အောင် သွား၏၊ ပရိသတ်အပသို့မူကား "ချိုမြိန်သောအသံတော်သည် အကြောင်းမဲ့ (နာယူသူမရှိပဲ) မပျက်စီးစေလင့်"ဟု လက်တသစ်မျှလည်း မထွက်သွားပေ၊ ထိုအခါ၌ ဥတ္တရမာတာ (မြေဖုတ်ဘီလူးပြိတ္တာမ)သည် ပရိသတ်၏အပ၌ တည်သဖြင့် ဘုရားရှင်၏ အသံတော်ကို မကြားရပေ၊ တံခါးမုခ်၌တည်ရှိသော ထိုဥတ္တရမာတာအား ကျယ်ပြန့်သော ဘုရားလမ်းမတော်သည် ရှေး ရှုတည်ရှိ၍ ဂန္ဓကုဋီတော်သည် ထင်လာ၏၊ ထိုဥတ္တရမာတာသည် လေငြိမ်ရာ၌ရှိသော ဆီမီးကဲ့သို့ ဘုရား၌ ရှိသေခြင်းဖြင့် လက်ခြေလှုပ်ရှားခြင်းစသည်မှကင်း၍ ငြိမ်သက်နေသော ပရိသတ်ကို မြင်သည်ရှိသော် "ဤနေရာ၌ တစုံတရာ စားဖွယ်ပစ္စည်းဘဏ္ဍာကို ဝေဖန်သည်ဖြစ်လတ္တံ့၊ ငါသည် ထောပတ် ဆီ ပျား တင်လဲ စသည်တို့တွင် တခုခုကို သပိတ် လက်စသည်တို့မှ မြေသို့စီးကျဖိတ်စင်သည်ကို ရလတ္တံ့"ဟု နှလုံးသွင်း၍ (သားသမီးတို့နှင့်) ကျောင်းတွင်းသို့ ဝင်လေ၏။

ကျောင်းတံခါးမုခ်၌ ကြမ်းထမ်းသော ဘီလူးစသည်တို့အား တားမြစ်ရန် တည်ရှိသော ကျောင်းစောင့်နတ်တို့သည် ဥတ္တရမာတာ၏ ဥပနိဿယကိုသိ၍ မတားမြစ်ကြကုန်၊ ဥတ္တရမာတာသည် ပရိသတ်နှင့် တပေါင်းတည်းအဖြစ်သို့ ရောက်လတ်၍ မြတ်စွာဘုရား၏ချိုမြိန်သာယာသော အသံတော်သည် အရေအစရှိသည်ကို ဖောက်ခွဲ၍ ရိုးတွင်းခြင်ဆီကို ထိခိုက်ကာ (နှလုံးသို့ဆိုက်ရောက်၍) တည်လေ၏၊ ဥတ္တရမာတာသည် တရားနာရန် မတုန်မလှုပ် ရပ်တည်သည်ရှိသော် ရှေးပိယင်္ကရမာတာကဲ့သို့ သားသမီးတို့က မေးမြန်းကြသဖြင့် ငါ့အား တရားနာခြင်း၏ အန္တရာယ်ကို မပြုကြလင့်ဟု သားသမီးတို့ကို—

"ချစ်သမီး ဥတ္တရာ နတ်လူတို့ကို ဆုံးမတော်မူတတ်သော ဘုရားမြတ်၏တရားကို ငါနာယူနေသမျှအတွင်း ဆိတ်ဆိတ်နေပါလော့၊ ချစ်သားပုနဗ္ဗသု ဆိတ်ဆိတ်နေပါလော့"[၁] စသည်ဖြင့် နှစ်သိမ့်စေ၍ တရားကို နာကြကုန်၏။

မြတ်စွာဘုရားသည် တရားဟောတော်မူရာမှ ပရိသတ်ကို အမှတ်ပြုလေသော် ထိုဥတ္တရမာတာ၏ရင်း သားပုနဗ္ဗသု၏ရင်း သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်၍ ဒေသနာတော်ကို လည်စေလျက် သစ္စာလေးပါးတရားစကားကို ပြတော်မူ၏၊ ထိုတရားတော်ကို ကြားနာရ၍ ထိုနေရာ၌သာလျှင် ရပ်တည်လျက် သားပုနဗ္ဗသုနှင့်အတူ မိခင်ဥတ္တရမာတာ မြေဖုတ်ဘီလူးပြိတ္တာမသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ သမီးဥတ္တရာသည်ကား ဥပနိဿယကား ရှိ၏၊ သို့သော် အလွန်ငယ်လွန်းသဖြင့် တရားတော်ကို ခံယူခြင်းငှါ မတတ်နိုင်သေးပေ။

ဤဖော်ပြပါ ပိယင်္ကရမာတာ ဥတ္တရမာတာတို့ကား အဆင်းအသွင်ဆိုးဝါး၍ လူတို့၏ ကျင်ကြီးကျင်ငယ်တံတွေးနှပ်စသော အညစ်အကြေးတို့ကို ရှာဖွေစားသောက်နေရသော မြေဖုတ်ဘီလူးမျိုး

၁။ သံ မြန် ၁-၁၉၇၊

http://www.dhammadownload.com



ပြိတ္တာတို့ပင် ဖြစ်ကြပေ၏၊ သို့သော် ပဋိသန္ဓေအားဖြင့် အဟိတ်ပဋိသန္ဓေမဟုတ်၊ တိဟိတ်ပဋိသန္ဓေ နေသူများဖြစ်ပေရာ၊ စတုမဟာရာဇ်ဘုံသား စာရင်း၌ဝင်ကြရပေသည်၊ ထို့ကြောင့် ၎င်းတို့ကို အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများဟု ဆိုရပေသည်။

ဤမျှဖြင့် ပေတဝတ္ထုနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာများကို နိဂုံးချုပ်ပေအံ့၊ ဤပေတဝတ္ထု များကို မြတ်စွာဘုရားသည် ထုတ်ဖော်ဟောကြားတော်မူ၍ သတ္တဝါပေါင်းများစွာကို အကျွတ် တရားရစေတော်မူခဲ့သည်၊ ဤသို့ရစေတော်မူရာ၌ ပြိတ္တာမျိုးဇာတ်၌ ဖြစ်ရခြင်း၏အပြစ်ကို ဖွင့်ပြ တော်မူ၍ တရားနာယူသူတို့၏ နှလုံးသားကို သံဝေဂဖြင့် ဖျန်းပက်တော်မူခြင်းကို အရင်းပြုတော် မူပေသည်၊ ထိုအရင်းမှသည်လူအပေါင်းကို သံဝေဂတရားရရှိစေပြီး၍ အကုသိုလ်တရားမှ ရှောင် ကြဉ်စေပြီးလျှင် ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ နတ်ရွာသုဂတိလျှင် လည်းလျောင်း ရာဖြစ်စေခဲ့ပေသည်။

## အကျိုးတရားနှင့်မြှော်ရည်ချက်

ဖော်ပြပါ အကျိုးတရားများကို ထောက်ရှု၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့က နိကာယ်ငါးရပ်မှ များမြတ်သော ပါဠိတော်မြန်မာပြန်များကို ပြန်ဆိုရိုက်နှိပ်ရာ၌ ခုဒ္ဒကနိကာယ် အပါအဝင် ဤဝိမာနဝတ္ထုပါဠိတော်နှင့် ပေတဝတ္ထုပါဠိတော်နှစ်ကျမ်းကို သီးသန့်ထုတ်နုတ်၍ တအုပ်တည်းပြုလုပ်ရာတွင်—

(၁) အမျိုးသား အမျိုးသမီးတိုင်း မိမိတို့ဆိုင်ရာ ကျင့်ဝတ်များ၌ မယွင်းမချွတ် ပြည့်စုံနိုင် ကြရန်,

(၂) နိစ္စဂရုဓမ္မသီလကို ခါးဝတ်ထည်ကဲ့သို့ စောင့်ထိန်း၍ ရှစ်ပါးဆယ်ပါး ဥပုသ်သီလများကို တတ်အားသလောက် အားထုတ်နိုင်ကြရန်,

(၃) သမထဝိပဿနာဘာဝနာများကို ထိုက်သလောက် ကြိုးစားကြရန်,

(၄) ဒါနဝတ္ထုများကို တတ်အားသ၍ လှူဒါန်းကြရန်,

(၅) အကုသလကမ္မပထတရားများကို ရှောင်ရှားနိုင်ကြရန်,

(၆) အထူးအားဖြင့် သူတပါးဥစ္စာစည်းစိမ်၌ မနာလိုမှု မိမိစည်းစိမ်၌ ဝန်တိုမှုနှင့် မှားယွင်း သော မိစ္ဆာဉာဏ် ဝင်စွဲကပ်ရောက်မှုတို့မှ ကင်းဝေးနိုင်ကြရန်,

(၇) အကုသိုလ်တရားတို့၌ ထိတ်လန့်သော သံဝေဂဉာဏ်ကိုရရှိ၍ ထိုသံဝေဂဉာဏ်ကို အရင်း ပြုပြီး ဒုဂ္ဂတိဘဝတို့နှင့် ဝေးကွာကင်းပ၍ သုဂတိဘဝတို့၌သာ ကျက်စားနိုင်ကြရန်နှင့်—

(၈) ဝိမာနဝတ္ထုကိုဖတ်၍ ဤနတ်တို့၌ရှိသော ဒါန သီလ ဘာဝနာ စသည့် တရားထူးတရား မြတ်တို့သည် ငါ၌လည်း ရှိကုန်၏ဟု ဒေဝတာနုဿတိတရားများ ပွါးများနိုင်ပြီးလျှင် ပေတ ဝတ္ထုကိုဖတ်၍ ဤပြိတ္တာတို့၌ ဖြစ်ပွါးခဲ့ဘူးသော အကုသလကမ္မပထနှင့် ဣဿာ မစ္ဆရိယစသော တရားဆိုးတို့ ငါ့သန္တာန်၌ ကင်းငြိမ်းကုန်၏ဟု ပီတိကိုဖြစ်စေ၍၎င်း ထိုတရားတို့ကို ခွါပြီးလျှင် ဝိပဿနာကို ပွါးများလျက် ကိလေသာအားလုံးကို ကုန်ခန်းနိုင်စေရန်—

ဟူသော အကျိုးထူး တရားထူးများကို မြှော်လင့်ချက်ထားရှိခဲ့သည့်အတိုင်း အလွယ်ကူဆုံး အများသုံးနှင့် မချုံးမဖွင့် လျော်ကန်သင့်အောင် ပြန်ဆိုရိုက်နှိပ်၍ ဖြန့်ချိလိုက်ခြင်းဖြစ်ပေရာ

http://www.dhammadownload.com



ဤကျမ်းကို ဖတ်ရှုကြသူတို့သည် မိမိတို့ အမိဘာသာ မြန်မာစာဖြင့် လွယ်ကူစွာ ဖတ်ရှုနိုင်ကြသည့်အတိုင်း အသိဉာဏ်ဖွင့်ကာ ဝမ်းသာနှစ်သိမ့် ပီတိစိမ့်အောင် တမြိန့်မြိန့် ခံစားလေ့လာကြပြီးလျှင် ဖော်ပြပါ အကျိုးတရားရှစ်ချက်နှင့်ပြည့်စုံ၍ နိဗ္ဗာန်ဘုံအထက်စခန်းအထိ တက်လှမ်းနိုင်ကြပါစေသောဝ်....ဟု မနောပဏိဓိ မင်္ဂလာဖြင့် ဆုတောင်းပတ္ထနာ ပြုလိုက်ပါသတည်း။

(က) ဝိမာနာနဉ္စ ပေတာနံ၊ ပုဗ္ဗကမ္မဉ္စ တပ္ဖလံ။
ဉာနတာ ပဿတာ သာမံ-ဘိညာ ဇိနေန ဗျာကတံ။

(ခ) ပုညံ'ဝ' မနုယုဉ္ဇန္တု၊ ကမ္မပါကံ ဟိ' စိန္တိယံ။
နာ'ဝ မညန္တု အပ္ပန္တိ၊ အပ္ပမ္ပိ ပုညပါပကံ။

(က) ဗိမာန်ရှင်တို့နှင့် ပေတတို့၏ ရှေးကံနှင့်အကျိုးကို ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် သိတော်မူ မြင်တော်မူ၍ (ယင်းတို့၏ အဋ္ဌုပ္ပတ္တိကို) ဘုရားရှင်ကိုယ်တိုင် ဟောကြားတော်မူခဲ့ပြီ။

(ခ) ထို့ကြောင့် (ဤဝိမာနနှင့် ပေတဝတ္ထုပါဠိတော် မြန်မာပြန်ကျမ်းကို ဖတ်ရှု၍) ကုသိုလ်ကောင်းမှုကိုသာ ကြိုးစားပြုလုပ်ကြပါကုန်၊ ကံ၏အကျိုးကိုကား **မကြံစည်အပ်ပေ၊** ကောင်းမှု မကောင်းမှုကို နည်းသည် (ငယ်သည်) ဟု မထိမဲ့မြင် **မပြုကြကုန်လင့်။**

http://www.dhammadownload.com

http://www.dhammadownload.com

## ဝိမာနဝတ္ထုပါဠိတော် မြန်မာပြန်

# မာတိကာ

---


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁-ဣတ္ထိဝိမာန** | |
| | **၁-ပီဌဝဂ်** | |
| **၁-ပဌမပီဌဝိမာနဝတ္ထု** | | |
| | ရှေးလူဖြစ်စဉ်က ရဟန်းတို့အား နေရာအင်းပျဉ် လှူဒါန်း၍ အလှူခံတို့ကို ရိုသေတုပ်ဝပ် တတ်အားသမျှ လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့် ရွှေပလ္လင် ရွှေအင်းပျဉ် ရွှေဗိမာန်ပေါက်ကာ အလိုရှိတိုင်း သွားလာနိုင်သော နတ်သမီး .... .... .... .... .... | ၁ |
| **၂-ဒုတိယပီဌဝိမာနဝတ္ထု** | | |
| | ရှေးလူဖြစ်စဉ်က ရဟန်းတို့အား ရှေးနည်းတူ လှူဒါန်းခဲ့သော ကံကြောင့် ကြောင်မျက်ရွဲရတနာဖြင့် ပြီးသော ပလ္လင်အင်းပျဉ်ဗိမာန် ပေါက်ကာ အလိုရှိတိုင်း သွားလာနိုင်သော နတ်သမီး .... .... | ၂ |
| **၃-တတိယပီဌဝိမာနဝတ္ထု** | | |
| | ကိလေသာကင်းစင်သော ရဟန္တာအရှင်မြတ်အား ကြည်ညိုသော စိတ်ထားဖြင့် ကောင်းမြတ်သော အင်းပျဉ်ကို ကိုယ်ထိလက်ရောက် လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့် အရောင်အဆင်း လှပတင့်တယ်ခြင်းဖြင့် အရပ်လေးမျက်နှာ ထွန်းလင်းတောက်ပလျက် ရွှေပလ္လင် ရွှေအင်းပျဉ် ရွှေဗိမာန်ပေါက်သော နတ်သမီး .... .... .... .... | ၃ |
| **၄-စတုတ္ထပီဌဝိမာနဝတ္ထု** | | |
| | ရှေးလူဖြစ်စဉ်က ကိလေသာမြူကင်းသော ရဟန္တာအရှင်မြတ်အား စိတ်ထားကြည်လင်စွာ နေရာအင်းပျဉ်ကို ကိုယ်ထိလက်ရောက် လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့် အဆင်တန်ဆာ စုံလင်စွာနှင့် ကြောင်မျက်ရွဲရတနာဖြင့်ပြီးသော ပလ္လင်အင်းပျဉ်ဗိမာန်များကို ရရှိသော နတ်သမီး | ၄ |
| **၅-ကုဉ္ဇရဝိမာနဝတ္ထု** | | |
| | ကိလေသာကင်းစင်၍ ဈာန်ဝင်စားလျက်ရှိသော သူတော်ကောင်းတို့အား လက်တွေ့ဖူးမြင်ကာ အရွက်နှင့်တကွသော ပဒုမာကြာပန်းကို | |

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

လှူဒါန်းခဲ့ရသော ကုသိုလ်ကံကြောင့် ပဒုမာကြာအသွင် ကြန်အင်ပြည့်စုံ ကြာဝတ်မှုန်ပြွမ်းလျက်ရှိသော ရုပ်အသွင်ရှိသူ နတ်သမီး .... .... ၅

၆-ပဌမနာဝါဝိမာနဝတ္ထု

ရှေးလူ့ဘဝက ရေမှတ်သိပ်၍ ပင်ပန်းနွမ်းနယ်သူတို့အား သောက်ရေကို ပေးလှူခဲ့သောကြောင့် ကြာပုဏ္ဍရိက်ပန်းနှင့် အေးမြသော ရေရှိသည့် ရေကန် ပန်းပင်အမျိုးမျိုးဝန်းရံလျက် နီဖလံရွှေအမိုးရှိသော လှေကို စီးရသူ ဗိမာန်ဘုံနန်းကို ရရှိသော နတ်သမီး .... .... ၆

၇-ဒုတိယနာဝါဝိမာနဝတ္ထု

ရှေးနည်းအတူ သောက်ရေလှူခဲ့သောကုသိုလ်ကံကြောင့်ကြာပုဏ္ဍရိက် ပန်းနှင့် အေးမြသော ရေရှိသည့်ရေကန် ပန်းပင်အမျိုးမျိုးဝန်းရံလျက် ဗိမာန်ဘုံနန်းကို ရရှိသော နတ်သမီး .... .... ၈

၈-တတိယနာဝါဝိမာနဝတ္ထု

ရှေးနည်းအတူ သောက်ရေလှူခဲ့သော ကုသိုလ်ကံကြောင့် ရှေးနည်း အတိုင်း အကျိုးထူးခံစားရသော နတ်သမီး .... .... ၉

၉-ဒီပဝိမာနဝတ္ထု

ရှေးလူ့ဘဝက ဆီမီးတန်ဆောင်ကို လှူဒါန်းခဲ့သောကြောင့် သောက်ရှူးကြယ်အသွင် ဝန်းကျင်အရပ်မျက်နှာ တောက်ပလျက် ကြာပုဏ္ဍရိက် ပန်းတို့ဖြင့် ဆန်းကြယ်သော ဗိမာန်၌ ဖြစ်ရသော နတ်သမီး .... .... ၁၀

၁၀-တိလဒက္ခိဏာဝိမာနဝတ္ထု

ရှေးလူ့ဘဝက မြတ်စွာဘုရားအား နှမ်းလှူခဲ့သော ကုသိုလ်ကံကြောင့် ရပ်မျက်နှာဝန်းကျင် ကြည်လင်တောက်ပသော အရောင်အဆင်းဖြင့် စိတ်နှစ်သက်ဖွယ်ကောင်းကျိုးများကို ရရှိသော နတ်သမီး.... .... ၁၁

၁၁-ပဌမပတိဗ္ဗတာဝိမာနဝတ္ထု

ရှေးလူဖြစ်စဉ်က လင့်အပေါ်၌ ဝတ်တရားမပျက် ပြုစုခဲ့သည့်ပြင် အလှူပေးခြင်း၌ မွေ့လျော်သည့်အလျောက် ချီးမြှောက်လှူဒါန်းခဲ့သောကြောင့် အသံသာသော ငှက်အပေါင်းတို့ တွန်ကျူးလျက် ကြည်နူးဖွယ် ပန်းအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော ဘုံဗိမာန်ကို ရရှိသော နတ်သမီး .... .... ၁၂

၁၂-ဒုတိယပတိဗ္ဗတာဝိမာနဝတ္ထု

ရှေးလူဖြစ်စဉ်က မြတ်စွာဘုရား၏ ဥပါသိကာမဖြစ်လျက် ကျင့်ဝတ် သီလပြည့်စုံစွာ လင်ကိုပြုစုခဲ့သဖြင့်၎င်း အလှူဒါနပြုခဲ့သောကြောင့်၎င်း

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကြောင်မျက်ရွဲတိုင်တို့ဖြင့် ဆန်းကြယ်သော ဘုံဗိမာန်ဝယ် ကခြင်း သီခြင်း အစုံအလင်တို့ဖြင့် ပျော်ရွှင်စွာ စံစားရသော နတ်သမီး .... .... | ၁၃ |
| ၁၃-ပဉ္စမသုဏိသာဝိမာနဝတ္ထု | | |
| | ရှေးလူဖြစ်စဉ်က ယောက္ခမအိမ်၌ ချွေးမဖြစ်ရစဉ် ရဟန္တာအရှင်မြတ်ကို ဖူးမြင်ကာ မုံ့ခဲဖွယ်ကို လှူဒါန်းခဲ့သောကြောင့် နန္ဒဝန်ဉယျာဉ်၌ အရောင်အဝါတောက်ပသော အဆင်းနှင့်ပြည့်စုံသူ နတ်သမီး .... .... | ၁၄ |
| ၁၄-ဒုတိယသုဏိသာဝိမာနဝတ္ထု | | |
| | ရှေးနည်းအတူ လူဖြစ်စဉ်က ရဟန္တာအရှင်မြတ်အား မုယောမှုံ့ကို လှူဒါန်းခဲ့သောကြောင့် နန္ဒဝန်ဉယျာဉ်၌ မွေ့လျော် ခံစားရသော နတ်သမီး .... .... | ၁၅ |
| ၁၅-ဥတ္တရာဝိမာနဝတ္ထု | | |
| | ရှေးလူဖြစ်စဉ်က သူတပါးကို ငြူစူခြင်း ဂုဏ်ပြိုင်ခြင်း ဝန်တိုခြင်းမရှိ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သုံး၍ လင့်အလိုသို့လိုက်ခြင်း လှူဒါန်း ပေးကမ်းခြင်း သိက္ခာပုဒ်ငါးပါးကို လုံခြုံစေခြင်းတို့ကြောင့် အခြံအရံ ဂုဏ်သတင်း ကျော်စောခြင်းနှင့် ပြည့်စုံသော အဖြစ်သို့ ရောက်ရသော နတ်သမီး .... .... | ၁၆ |
| ၁၆-သိရိမာဝိမာနဝတ္ထု | | |
| | ရှေးလူဖြစ်စဉ်က မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားကို ကြားနာရ၍ သီလကို ကောင်းစွာဆောက်တည် လောကုတ္တရာ သမာဓိတည်လျက် အရိယမဂ်သို့ ဆိုက်ရောက်ခဲ့သောကြောင့် လူအများတို့ အပူဇော်ကိုခံကာ သောတာပန် အဖြစ်ဖြင့် ကွယ်လွန်ပြီးနောက် နိမ္မာနရတိနတ်ပြည်သို့ ရောက်ရသောနတ်သမီး .... .... | ၁၇ |
| ၁၇-ကေသကာရီဝိမာနဝတ္ထု | | |
| | ဗာရာဏသီပြည်၌ ကေသကာရီအမည်ဖြင့် မိန်းမဖြစ်စဉ်က ရတနာသုံးပါး၌ ယုံကြည် သီလ၌တည်ကာ သောတာပန်ဖြစ်၍ ဘဝပြောင်းသော အခါ ရွှေသစ်ပင်တို့ဖြင့် ဝိုင်းရံသောဗိမာန်တွင် နတ်သမီးအပေါင်းတို့ကို လွှမ်းမိုးနိုင်သော အရောင်အဆင်းကို ရရှိသူ နတ်သမီး .... .... | ၂၀ |


## ၂-စိတ္တလတာဝဂ်


| | | |
|---|---|---|
| ၁-ဒါသိဝိမာနဝတ္ထု | | |
| | ရှေးလူဖြစ်စဉ်အခါ သူတပါး၏ အစေခံကျွန်မ ဖြစ်ရသော်လည်း ဂေါတမမြတ်စွာဘုရား၏ ဉပါသိကာမဖြစ်၍ ခန္ဓာကိုယ်ကို မငဲ့ကွက် | |

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

အရိယမဂ်သို့ ရောက်အောင် အားထုတ်ကာ အရိယာအဖြစ်ဖြင့် ကွယ်လွန်၍ တာဝတိံသာ စိတ္တလတာဥယျာဉ်အတွင်း ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းလျက် တူရိယာ ခြောက်သောင်းတို့ဖြင့် တီးမှုတ်ဖျော်ဖြေခြင်း ခံယူကာ ဝမ်းမြောက် ပျော်ရွှင်စွာနေရသော နတ်သမီး .... .... ၂၁

၂-လခုမာဝိမာနဝတ္ထု

လူ့ဘဝ၌ဖြစ်စဉ် ရဟန်းတို့အား ဆွမ်း, မုယောမုံ့, ဟင်းရွက်ဟင်း လှူဒါန်းကာ သောဝီရကအဖျော်ကို ဆက်ကပ်ခဲ့ခြင်း,ဥပုသ်သီလ ကျင့်သုံးခြင်းတို့ကြောင့် သကဒါဂါမ်ဖြစ်ကာ ဘဝပြောင်းသောအခါ ပတ်ဝန်းကျင်အရောင်အဝါ ထွန်းပသော ရုပ်အသွင်နှင့် ပြည့်စုံသူ နတ်သမီး .... .... ၂၂

၃-အာစာမဒါယိကာဝိမာနဝတ္ထု

ရှေးလူဖြစ်စဉ် ဆွေမျိုးပျက်စီး အထီးကျန်သော သူဆင်းရဲမဖြစ်ကာ သူတပါးအိမ်အဖီကို အမှီပြုနေရသူဖြစ်ပါလျက် အသျှင်မဟာကဿပအား ထမင်းချိုးကို ကိုယ်ထိလက်ရောက် လှူဒါန်းခဲ့သောကြောင့် ကွယ်လွန်သောအခါ နိမ္မာနရတိ နတ်ပြည်၌ ချမ်းသာပျော်ရွှင်စွာ ဖြစ်ရသော နတ်သမီး .... .... ၂၄

၄-စဏ္ဍာလိဝိမာနဝတ္ထု

လူဖြစ်စဉ်အခါ ဒွန်းစဏ္ဍားအမျိုး၌ဖြစ်ရ၍ အောက်တန်းကျသူဖြစ်ရစေကာမူ အသျှင်မဟာမောဂ္ဂလ္လာန်၏ တိုက်တွန်းမှုကြောင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ရှိခိုးခဲ့လေရာ ကွယ်လွန်သောအခါ တာဝတိံသာ နတ်ပြည်၌ အလုံးစုံ ကောင်းမြတ်တင့်တယ်သောဗိမာန်တွင် ခံစားရသော နတ်သမီး .... .... ၂၅

၅-ဘဒ္ဒိတ္ထိဝိမာနဝတ္ထု

ရှေးလူဖြစ်စဉ် သဒ္ဓါသီလနှင့် ပြည့်စုံ၍ ရဟန်းမြတ်များအား ဆွမ်း သင်္ကန်း အိပ်ရာနေရာ ဆီမီးတို့ကို ပူဇော်လှူဒါန်းခြင်း အရိယာအဖြစ်သို့ ရောက်ရခြင်း အဂ္ဂသာဝက အရှင်မြတ်အား လုပ်ကျွေးခဲ့ခြင်းတို့ကြောင့် တာဝတိံသာနတ်ပြည်၌ မိမိအရောင်အဝါဖြင့် ထွန်းပလျက် လှည့်လည်နေထိုင်ရသော နတ်သမီး .... .... ၂၆

၆-သောဏဒိန္နာဝိမာနဝတ္ထု

ရှေးလူဖြစ်စဉ် ဒါနသီလ ကုံလုံကြွယ်ဝ၍ အရိယသစ္စာတို့၌ လိမ္မာသူဖြစ်ကာ ဂေါတမမြတ်စွာဘုရား၏ ဥပါသိကာမ ဖြစ်ပြီးနောက် တာဝတိံသာနတ်ပြည်၌ စိတ်နှစ်သက်ဖွယ် အရောင်အဆင်း တင့်တယ်ခြင်းနှင့် ပြည့်စုံစွာ ဖြစ်လာရသူ နတ်သမီး ... .... ၂၇

http://www.dhammadownload.com




အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

**၇-ဥပေါသထာဝိမာနဝတ္ထု**

လူဖြစ်စဉ်အခါ သဒ္ဓါသီလနှင့် ပြည့်စုံ၍ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သုံးခဲ့ခြင်း နေ့စဉ် ငါးပါးသီလမြဲခဲ့ခြင်း အရိယသစ္စာ၌ လိမ်မာခဲ့ခြင်းတို့ကြောင့် တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်၌ စိတ်ဆန္ဒအတိုင်းဖြစ်ကာ ဥပေါသထာဟူသော အမည်ဖြင့် ထင်ရှားသော နတ်သမီး .... .... ၂၈

**၈-နိဒ္ဒါဝိမာနဝတ္ထု**

ရာဇဂြိုဟ်ပြည်၌ နိဒ္ဒါဟူသော ဥပါသိကာမဖြစ်စဉ် သဒ္ဓါတရားဖြင့် အခါမပြတ် လှူဒါန်းခဲ့ခြင်း ဥပုသ်ပဋိသီကို နေ့ရက်အလိုက် စောင့်သုံးခဲ့ခြင်း အရိယသစ္စာ၌ လိမ်မာခဲ့ခြင်းတို့ကြောင့် နတ်ပြည်တွင် သောက်ရှူးကြယ်အသွင် ထင်ရှားသော နတ်သမီးဖြစ်လာရသူ .... .... ၃၀

**၉-သုနိဒ္ဒါဝိမာနဝတ္ထု**

ရှေး နိဒ္ဒါဥပါသိကာမကဲ့သို့ ဒါနသီလအခြေခံ၍ အရိယသစ္စာ၌ လိမ်မာသူ ဖြစ်သောကြောင့် နတ်ပြည်၌ သောက်ရှူးကြယ်အလား ထင်ရှားစွာ ဖြစ်လာရသော နတ်သမီး .... .... ၃၁

**၁၀-ပဌမဘိက္ခာဒါယိကာဝိမာနဝတ္ထု**

ရှေးလူ့ဘဝက မြတ်စွာဘုရားအား ကိုယ်ထိလက်ရောက် ဆွမ်းလှူခဲ့သောကြောင့် နတ်ပြည်၌ အရပ်မျက်နှာဝန်းကျင် ကြည်လင်တောက်ပသော ကိုယ်ရောင်ကိုယ်ဝါဖြင့် ဖြစ်လာရသော နတ်သမီး .... .... ၃၂

**၁၁-ဒုတိယဘိက္ခာဒါယိကာဝိမာနဝတ္ထု**

ရဟန္တာအရှင်မြတ်အား ဖူးမြင်ရ၍ ကြည်ညိုသောစိတ်ဖြင့် ဆွမ်းလှူခဲ့သောကြောင့် အလွန်နှစ်သက်ဖွယ်သော အရောင်အဆင်းဖြင့် နတ်ပြည်၌ ဖြစ်လာရသော နတ်သမီး .... .... ၃၂

## ၃-ပါရိစ္ဆတ္တကဝဂ်

**၁-ဥဠာရဝိမာနဝတ္ထု**

သီလမရှိသောအမျိုး၌ ချွေးမဖြစ်ခဲ့ရသော်လည်း ရတနာသုံးပါး၏ ဂုဏ်ကိုယုံကြည်သက်ဝင်၍ သီလဆောက်တည်ခြင်း ဆွမ်းခံရဟန်းအား အိုးကင်းမုံ့ကို လှူခဲ့ခြင်းတို့ကြောင့် ဤသို့ လှူရမည်လားဟု ယောက္ခမက ရိုက်နှက်၍ အသက်သေဆုံးကာ တာဝတိံသာ နတ်ပြည်ဝယ် တင့်တယ်တောက်ပ လိုတိုင်းရသော နတ်သမီးဖြစ်လာရသူ .... .... ၃၃

**၂-ဥစ္ဆုဒါယိကာဝိမာနဝတ္ထု**

ရာဇဂြိုဟ်ပြည် ယောက္ခမဆိုးအိမ်၌ နေရစဉ် ဆွမ်းခံကြွလာသော အရှင်မြတ်အား ဝမ်းမြောက်ဝမ်းသာ ကြံပိုင်းကိုလှူဒါန်းရာ ယောက္ခမ

http://www.dhammadownload.com




အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ဖြစ်သူက မနှစ်သက် ရိုက်နှက်သောကြောင့် ကွယ်လွန်ပြီးလျှင် တာဝတိံ သာ နတ်ပြည်၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းနှင့် ပြည့်စုံစွာ မွေ့လျော်ခံစားရသော နတ်သမီး .... .... ၃၄

၃-ပလ္လင်္ကဝိမာနဝတ္ထု

လူဖြစ်စဉ်အခါ သီလငါးပါးနှင့်တကွ အကြို အပို့နေ့ပါမကျန် ဥပုသ်ကို စောင့်သုံး၍ လင်ယောကျ်ားကို ကောင်းစွာလုပ်ကျွေးကာ မြတ်စွာဘုရား ၏ သာဝိကာမ တပည့်ဖြစ်ခဲ့ရပြီးနောက် ကွယ်လွန်သောအခါ ကျောက် မျက်ရတနာတို့ဖြင့် ဆန်းကြယ်သော အိပ်ရာနေရာ ပလ္လင်ဘုံနန်း အခန်း ခန်းကို ရရှိသော နတ်သမီး .... .... ၃၆

၄-လတာဝိမာနဝတ္ထု

ရှေးလူဖြစ်စဉ် စည်းစိမ်ကြွယ်ဝသော ယောကျ်ားအိမ်၌နေလျက် မိဖ ယောကျ်ားခဲအို လင်ယောကျ်ားတို့ကို ရိုသေလေးစားခဲ့သည့်ပြင် ကောင်းမှု အမျိုးမျိုးကို ပြုစုခဲ့သဖြင့် နတ်ပြည်ဝယ် ဝေဿဝဏ်နတ်မင်း၏ သမီးငါး ယောက်အနက် လတာမည်သော နတ်သမီးဖြစ်ရ၍ အခြားနတ်သမီး တို့ထက် အကြောင်းလေးပါးဖြင့် ထူးကဲသာလွန်သော အကျိုးကိုရရှိသူ .... ၃၇

၅-ဂုတ္တိလဝိမာနဝတ္ထု

ဝတ္ထုတ္တမဒါယိကာစသော နတ်သမီး ၃၆-ဦးအား အသျှင်မဟာ မောဂ္ဂလ္လာန်က ပြုခဲ့သော ကောင်းမှုတို့ကို မေးမြန်း၍ မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားက ငါဂုတ္တိလ စောင်းသမား ဖြစ် စဉ်ကလည်း မေးမြန်းခဲ့ဘူးရာ ၎င်းတို့က ဤကဲ့သို့ပင် လျှောက်ထားဘူးပုံ ပြန်လည်၍ ဟောပြသော ဝိမာနဝတ္ထု ၃၆-ပုဒ်။

၁။ **ဝတ္ထုတ္တမဒါယိကာဝိမာနဝတ္ထု**... သူတပါးတို့ နှစ်သက်ဖွယ် အဝတ် အထည် ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းခဲ့သောကြောင့် နတ်ပြည်၌ နှစ်သက် ဖွယ် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံစွာ ဖြစ်လာရသော နတ်သမီး .... .... ၃၈

၂။ **ပုပ္ဖုတ္တမဒါယိကာဝိမာနဝတ္ထု**... ကောင်းမြတ်သော ပန်းကို လှူ ဒါန်းခဲ့သောကြောင့် နတ်ပြည်၌ နတ်သမီးတထောင် ခြံရံကာ တင့်တယ် တောက်ပစွာ ဖြစ်လာရသော နတ်သမီး .... .... ၃၉

၃။ **ဂန္ဓုတ္တမဒါယိကာဝိမာနဝတ္ထု**....ကောင်းမြတ်သောနံ့သာကို လှူ ဒါန်းခဲ့သောကြောင့် နတ်ပြည်၌ နတ်သမီးတထောင် ခြံရံကာ တင့်တယ် တောက်ပစွာ ဖြစ်လာရသော နတ်သမီး .... .... ၄၀

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၄။ ဖလုတ္တမဒါယိကာဝိမာနဝတ္ထု**....ကောင်းမြတ်သော သစ်သီးကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ နတ်သမီးတထောင်ခြံရံကာ တင့်တယ် တောက်ပစွာ ဖြစ်လာရသော နတ်သမီး .... .... | ၄၁ |
| | **၅။ ရသုတ္တမဒါယိကာဝိမာနဝတ္ထု**.... ကောင်းမြတ်သော အရသာကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ နတ်သမီးတထောင်ခြံရံကာ တင့်တယ် တောက်ပစွာ ဖြစ်လာရသော နတ်သမီး .... .... | ၄၁ |
| | **၆။ ဂန္ဓပဉ္စင်္ဂုလိကဒါယိကာဝိမာနဝတ္ထု**....ကဿပမြတ်စွာဘုရား၏ပုထိုး တော်၌ နံ့သာဖြင့် လက်ငါးချောင်းရာပေးခြင်းကို လှူဒါန်းခဲ့သော ကြောင့် ချစ်မြတ်နိုးဖွယ်အစုံအလင်နှင့်တကွ နတ်ပြည်၌ ဖြစ်လာရသော နတ်သမီး .... | ၄၂ |
| | **၇။ ဧကူပေါသထဝိမာနဝတ္ထု** .... ခရီးသွား ရဟန်းယောကျာ်း ရဟန်းမိန်းမတို့ကို ဖူးမြင်၍ ထိုရဟန်းတို့၏တရားကို ကြားနာကာ တနေ့မျှ ဥပုသ်စောင့် ကျင့်သုံးခဲ့သောကြောင့် နှစ်သက်ဖွယ် အရုပ်အဆင်းဖြင့် နတ်ပြည်၌ ဖြစ်လာရသော နတ်သမီး .... .... | ၄၃ |
| | **၈။ ဥဒကဒါယိကာဝိမာနဝတ္ထု** ... ရဟန်းတပါးအား ကြည်လင်သော စိတ်ဖြင့် သောက်ရေသုံးဆောင်ရေ လှူဒါန်းခဲ့သောကြောင့် နတ်သမီး တထောင်ခြံရံလျက် နှစ်သက်ဖွယ် အရုပ်အဆင်းနှင့် ပြည့်စုံစွာ ဖြစ်လာ ရသော နတ်သမီး .... .... | ၄၃ |
| | **၉။ ဥပဋ္ဌာနဝိမာနဝတ္ထု**....ကြမ်းကြုတ်သော ယောက္ခမ မိန်းမသူ, ယောကျာ်းသူတို့အား ငြူစူခြင်းမရှိ လုပ်ကျွေး၍ သီလကို ကျင့်သုံးခဲ့ခြင်း ကြောင့် နတ်ပြည်၌ နတ်သမီး တထောင်ခြံရံလျက် နှစ်သက်ဖွယ် အရုပ် အဆင်းနှင့် ပြည့်စုံစွာ ဖြစ်လာရသော နတ်သမီး .... .... | ၄၃ |
| | **၁၀။ အပရကမ္မကာရိနီဝိမာနဝတ္ထု**....သူတပါးတို့၏ အမှုကြီးငယ်ကို မပျင်းမရိ လုပ်ဆောင်ခဲ့ရသော ကျွန်မပင် ဖြစ်စေကာမူ အမျက်မထွက်, မထောင်မလွှား သူတပါးအား ခွဲဝေပေးကမ်းတတ်သော အလေ့ရှိသော ကြောင့် နတ်ပြည်၌ နတ်သမီးတထောင် ခြံရံကာ တင့်တယ်လှပစွာ ဖြစ် လာရသော နတ်သမီး .... .... | ၄၄ |
| | **၁၁။ ခီရောဒနဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား နို့ဆွမ်းကို လှူဒါန်းခဲ့သောကြောင့် နတ်ပြည်၌ အလိုရှိအပ်သော အဆင်းနှင့် ပြည့်စုံ စွာ ဖြစ်လာရသော နတ်သမီး .... .... | ၄၄ |
| | **၁၂။ ဖာဏိတဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံ ရဟန်းအား တင်လဲကို လှူဒါန်းခဲ့သောကြောင့် နတ်ပြည်၌ အလိုရှိအပ်သော အဆင်းနှင့် ပြည့်စုံ စွာ ဖြစ်လာရသော နတ်သမီး .... .... | ၄၅ |

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁၃။ ဥစ္ဆုခဏ္ဍိကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ကြံပိုင်းကို လှူဒါန်းခဲ့သောကြောင့် နတ်ပြည်၌ အလိုရှိအပ်သော အဆင်းနှင့်ပြည့်စုံစွာ ဖြစ်လာရသော နတ်သမီး .... .... | ၄၅ |
| | **၁၄။ တိမ္ဗရုသကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား တည်သီးကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ဖြစ်ရသော နတ်သမီး.... ... | ၄၆ |
| | **၁၅။ ကက္ကာရိကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား သခွါးဆစ်သီးကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... | ၄၆ |
| | **၁၆။ ဧဠာလုကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံ ရဟန်းအား သခွါးကြောင်သီးကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသောနတ်သမီး.... | ၄၆ |
| | **၁၇။ ဝလ္လိဖလဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ဖရုံသီးကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... .... | ၄၆ |
| | **၁၈။ ဖရုသကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ဖက်သက်တရော်သီးကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး.... | ၄၆ |
| | **၁၉။ ဟတ္ထပ္ပတာပကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား မီးအိုးကင်းကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... | ၄၆ |
| | **၂၀။ သာကမုဋ္ဌိဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ဟင်းရွက်တဆုပ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... | ၄၆ |
| | **၂၁။ ပုပ္ဖကမုဋ္ဌိဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ပန်း လက်တဆုပ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... | ၄၆ |
| | **၂၂။ မူလကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား အမြစ်ခဲဖွယ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... .... | ၄၆ |
| | **၂၃။ နိမ္ဗမုဋ္ဌိဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံ ရဟန်းအား တမာရွက်တဆုပ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... | ၄၆ |
| | **၂၄။ အမ္ဗကဉ္စိကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ပုန်းရည်ချဉ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... | ၄၆ |
| | **၂၅။ ဒေါဏိနိမ္မဇ္ဇနိဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား နှမ်းဆီထွေးကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... | ၄၇ |
| | **၂၆။ ကာယဗန္ဓနဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ခါးပန်းကြိုးကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... | ၄၇ |
| | **၂၇။ အံသဗဒ္ဓကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ပခုံးဖွဲ့ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... | ၄၇ |

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၂၈။ **အာယောဂပဋ္ဌဒါယိကာဝိမာနဝတ္ထု**........ဆွမ်းခံ ရဟန်းအား အာယောဂပဋ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်လာရသော နတ်သမီး .... .... ၄၇

၂၉။ **ဓိဇ္ဇပနဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား လေးထောင့်ယပ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... ၄၇

၃၀။ **တာလဝဏ္ဋဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံ ရဟန်းအား ထန်းရွက်ယပ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... ၄၇

၃၁။ **မောရဟတ္ထဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအားဥဒေါင်းတောင်ခြင်နှင်ယပ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... .... ၄၇

၃၂။ **ဆတ္တဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ထီးကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... ၄၇

၃၃။ **ဉပါဟနဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ဘိနပ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... ၄၇

၃၄။ **ပူဝဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား မုန့်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... .... ၄၇

၃၅။ **မောဒကဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား ကတွတ်မုန့်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော နတ်သမီး .... ၄၈

၃၆။ **သက္ခလိကာဒါယိကာဝိမာနဝတ္ထု**....ဆွမ်းခံရဟန်းအား သကာခဲကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ အခြံအရံနတ်သမီးဘထောင်ထက်သာလွန်သော နတ်သမီးဖြစ်ရသူ .... .... ၄၈

**၆-ဓဒ္ဒလ္လဝိမာနဝတ္ထု**

ရှေးဘဝက သံဃာတော်အား ရှစ်ပါးစာဆွမ်းကို လှူဒါန်းခဲ့ခြင်း အရေအတွက်များလှစွာသော ရဟန်းတို့အား ဆွမ်းအဖျော်ဖြင့် ရောင့်ရဲစေခဲ့ခြင်း သံဃိကဒါနကို ပြုခဲ့ခြင်းတို့ကြောင့် တာဝတိံသာ၌ သိကြားမင်းကပင် ငေးယူရလောက်အောင် ထွန်းတောက်ရောင်ဝါ ကြီးကျယ်စွာနှင့် သုဘဒ္ဒါအမည်ရသော နတ်သမီး .... .... ၄၈

**၇-ပေသဝတီဝိမာနဝတ္ထု**

မဂဓတိုင်း နာဠကရွာ၌ သူကြွယ်အမျိုး၌ ချွေးမဖြစ်ရစဉ် အသျှင်သာရိပုတြာမထေရ်မြတ်၏ ဥတုဇရုပ်အလောင်းအား ပန်းတို့ဖြင့် ကြဲဖြန့်ပူဇော်ခဲ့ခြင်းကြောင့် ကြာမျိုးငါးအင် ပန်းသစ်ပင် အစုံအလင်တို့ဖြင့် ဝိုင်းရံသော ဗိမာန်၌ ချမ်းသာစွာ ခံစားရသော နတ်သမီး .... .... ၅၁

http://www.dhammadownload.com


အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၈-မလ္လိကာဝိမာနဝတ္ထု

ပရိနိဗ္ဗာန်စံတော်မူသော မြတ်စွာဘုရားအား ရွှေ ငွေ ပတ္တမြား ပုလဲတို့ဖြင့် စီခြယ်သော ရွှေကွန်ရက်ဖြင့် ဖုံးအုပ်သဖြင့် သောဝဏ္ဏဇာလအမည်ရသော မဟာလတာတန်ဆာကို တင်လှူပူဇော်ခဲ့သောကြောင့် ရွှေဝါရောင် အဆင်တန်ဆာ ရတနာအမျိုးမျိုးဝတ်ဆင်ကာ တူရိယာအသံထွက်သော ပန်းကုံးတို့ဖြင့် ရှုမဆုံးအောင် ဖြစ်လာရသော နတ်သမီး .... .... ၃၃

၉-ဝိသာလက္ခိဝိမာနဝတ္ထု

ရာဇဂြိုဟ်ပြည်တွင် သုနန္ဒာဥပါသိကာမဖြစ်စဉ် သဒ္ဓါ သီလပြည့်စုံစွာနှင့် ရဟန်းသံဃာတို့အား အဝတ်အရုံ ဆွမ်း ကျောင်း ဆီမီးတန်ဆောင်တို့ကို လှူဒါန်းခဲ့ခြင်း ဥပုသ်စောင့်သုံးခဲ့ခြင်းတို့ကြောင့် တာဝတိံသာနတ်ပြည်၌ ရှုမဆုံးဖွယ် တင့်တယ်သော မျက်လုံးရှင် ယာဉ်ရထားအစုံရသော ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံသူ နတ်သမီး .... .... ၃၄

၁၀-ပါရိစ္ဆတ္တကဝိမာနဝတ္ထု

ရှေးဘဝက မြတ်စွာဘုရားအား သော်ကပန်းကုံးကို ဆက်ကပ်ခဲ့သောကြောင့် ပင်လယ်ကသစ်ပင်၌ ပန်းကို သီကုံးကာ သာယာသော သီချင်းကို သီဆိုလျက် တူရိယာသံ ထွက်ပေါ်အောင် ပျော်ရွှင် ကခုန်နေရသော နတ်သမီး .... .... ၃၅

၄-မဉ္ဇိဋ္ဌကဝဂ်

၁-မဉ္ဇိဋ္ဌကဝိမာနဝတ္ထု

ရှေးလူ့ဘဝက မြတ်စွာဘုရားကို ဖူးမြင်ရ၍ အင်ကြင်းပန်းတို့ဖြင့် ကြဲဖြန့်ပူဇော်ခဲ့သောကြောင့် ရွှေသဲခင်းသောမြေအဘို၌ မောင်းသော အဆင်းရှိသော ဗိမာန်၌ အင်ကြင်းတောပန်းရနံ့တို့ဖြင့် ကြိုင်လှိုင်သင်းပြန့်ကာ ချမ်းသာစွာခံစားနေရသော နတ်သမီး .... .... ၃၆

၂-ပဘဿရဝိမာနဝတ္ထု

ရှေးလူ့ဘဝက ဆွမ်းခံရဟန်းအား ပန်းနှင့်တင်လဲကို လှူဒါန်းခဲ့သောကြောင့် နန္ဒဝန်ဥယျာဉ်၌ သိကြားမင်းကဲ့သို့ တင့်တယ်လျက် ပြိုးပြိုးပြက်တောက်ပသော အဝတ်တန်ဆာ စန္ဒကူးနံ့သာလိမ်းကျံသကဲ့သို့ နှစ်သက်ဖွယ်သော အကျိုးများကို ရရှိသော နတ်သမီး .... .... ၃၇

၃-နာဂဝိမာနဝတ္ထု

ဗာရာဏသီပြည်၌ မြတ်စွာဘုရားအားချဉ်းကပ်၍ အဝတ်အစုံကို လှူဒါန်းကာ ခြေတော်အစုံကို လက်အုပ်ချီမိုး ရှိခိုးခဲ့သောကြောင့် ပတ္တမြား

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်း၍ ပြင်ဆင်ထားသော ဆင်ထက်သို့ တက်စီးလျက် ကောင်းကင် ခရီးဖြင့် သွားလာနိုင်ခြင်း၊ ပဒုမာကြာရေကန်တို့ဖြင့် တူရိယာသံ စုံလင်စွာခံစားရခြင်းတို့နှင့်ပြည့်စုံသော နတ်သမီး.... .... | ၅၇ |
| ၄-အလောမဝိမာနဝတ္ထု | | |
| | ဗာရာဏသီပြည်၌ မြတ်စွာဘုရားအား မုယောမှုံ့ခြောက်ကို ကိုယ်တိုင် လက်ရောက် လှူဒါန်းခဲ့သောကြောင့် နတ်ပြည်တွင် အလောမဟူသော အမည်ဖြင့် အရပ်ဝန်းကျင် ရောင်ရှင်တောက်ပ ချမ်းသာခံစားရသော နတ်သမီး .... .... | ၅၉ |
| ၅-ကဥ္ဇိကဒါယိကာဝိမာနဝတ္ထု | | |
| | အန္ဓကဝိန္ဒမြို့၌ မြတ်စွာဘုရားအား ဆီးသီးရည်ဖြင့် ချက်၍ ဆီမွှေး သတ်ထားသော ပုံးရည်ကို လှူဒါန်းခဲ့သောကြောင့်၎င်း ပိတ်ချင်းသီး ကြက်သွန် ပန်းရင်းနှင့်ရောဇသော ပုန်းရည်ကို အသျှင်အာနန္ဒာမှတဆင့် လှူဒါန်းခဲ့သောကြောင့်၎င်း သောက်ရှူးကြယ်အသွင်ရောင်ရှင်တောက်ပ နတ်ချမ်းသာခံစားရသော နတ်သမီး .... .... | ၅၉ |
| ၆-ဝိဟာရဝိမာနဝတ္ထု | | |
| | ဝိသာခါကျောင်းအမ ပုဗ္ဗာရုံကျောင်း ပူဇော်ပွဲကျင်းပရာတွင် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ (သာဓု) ခေါ်ခဲ့သောကြောင့် နတ်ပြည်တွင် လှမျိုးစုံ ကြက်သရေ တူရိယာသံအထွေထွေတို့ဖြင့် ဆဲ့ခြောက်ယူဇနာရှိသောဗိမာန်၌ ပျော်စံရသော နတ်သမီး .... .... | ၆၀ |
| ၇-စတုရိတ္ထိဝိမာနဝတ္ထု | | |
| | သေိကတိုင်း ကုန်းမြင့်အရပ် ပဏ္ဍကတမြို့တော်၌ ဆွမ်းခံရဟန်းအား ငှရွှေပန်းစည်းကို လှူဒါန်းခဲ့သောကြောင့်၎င်း ကြာညိုပန်းစည်းကို လှူခဲ့သောကြောင့်၎င်း ပဒုမာကြာစည်းကို လှူခဲ့သောကြောင့်၎င်း ဆင်စွယ်အသွေး မြတ်လေးပန်းကို လှူခဲ့သောကြောင့်၎င်း အရောင်အဆင်း တင့်တယ်ခြင်း အစုံအလင်ဖြင့် ပျော်ရွှင်စွာ ခံစားရသော နတ်သမီး လေးဦး .... .... | ၆၃ |
| ၈-အမ္ဗဝိမာနဝတ္ထု | | |
| | လူ့ဘဝက သရက်ပင်တို့ဖြင့် ခြံရံအပ်သောကျောင်းကို သံဃာတော်၏ အကျိုးငှါ လှူဒါန်းသည့်ပြင် ကျောင်းပူဇော်ပွဲတွင် အဝတ်ပဒေသာ သရက်ပင်မှာပြုပြီးလျှင် ဆီမီးတန်ဆောင်ထွန်းကာ သံဃာတော်အား လှူဒါန်းခဲ့သောကြောင့် နတ်ပြည်တွင် သရက်ဥယျာဉ်ကြီးအတွင်း ခမ်းနားသော | |

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဗိမာန်၌ တူရိယာသံအစုံ နတ်သမီး အကအခုန်တို့ဖြင့် ပျော်စံရသော နတ်သမီး .... .... | ၆၅ |
| ၉-ပီတဝိမာနဝတ္ထု | | |
| | ရှေးဘဝ လူ့ပြည်၌ မြတ်စွာဘုရား၏စေတီ (သရီရဓာတ်) တော်ကို ရည်မှတ်၍ သပွတ်ခါးနွယ်ပန်းလေးပွင့်တို့ကို ပူဇော်ရန်အသွား လမ်းခရီး အကြားတွင် သေဆုံး၍ နတ်ပြည်၌ ရွှေဝါရောင် အဝတ်တန်ဆာ တံခွန်တို့ဖြင့် ရွှေဝါရောင်ပြာသာဒ်တွင် ခံစားရသော နတ်သမီး .... .... | ၆၆ |
| ၁၀-ဥစ္ဆုဝိမာနဝတ္ထု | | |
| | ရာဇဂြိုဟ်ပြည်၌ အသျှင်မဟာမောဂ္ဂလ္လာန်အား ကြံပိုင်းကို လှူဒါန်းခဲ့သောကြောင့် တာဝတိံသာနတ်ပြည်၌ သိကြားမင်းကဲ့သို့လုံခြုံ၍ နတ်သမီးများစွာခြံရံကာ ချမ်းသာစွာ ခံစားရသော နတ်သမီး .... .... | ၆၇ |
| ၁၁-ဝန္ဒနဝိမာနဝတ္ထု | | |
| | ရှေးလူ့ဘဝက သီလစင်ကြယ်သော ရဟန်းမြတ်ကို ဖူးမြင်၍ ကြည်လင်သောစေတနာဖြင့် ရှိခိုးဦးချခဲ့သောကြောင့် အလွန်နှစ်သက်ဖွယ်သော အရောင်အဆင်းဖြင့် နတ်ချမ်းသာခံစားရသူ နတ်သမီး .... .... | ၆၉ |
| ၁၂-ရဇ္ဇုမာလာဝိမာနဝတ္ထု | | |
| | ရှေးဘဝ ဂယာရွာ၌ ပုဏ္ဏား၏ကျွန်မဖြစ်စဉ် အရှင်သခင်၏ ဆဲရေးခြင်းတို့ကြောင့် အိမ်မှထွက်လာကာ ဆွဲကြိုးချသေရန်ကြံစည်ဆဲ မြတ်စွာဘုရားနှင့်တွေ့၍ ဘုရားကို ဆည်းကပ်လော့ဟူသော မိန့်တော်သံကို နာယူလျက် အဆင့်ဆင့် အားထုတ် မဆုတ်မနစ်သော သဒ္ဓါတရား သစ္စာလေးပါးကိုသိ စုတိသောအခါ တာဝတိံသာနတ်ပြည်တွင် ထင်ရှားသောနတ်သမီးတို့၏ ချီးမွမ်းခြင်းကို ခံရသူဖြစ်လာရသော နတ်သမီး .... .... | ၆၉ |


## ၂-ပုရိသဝိမာန

## ၅-မဟာရထဝဂ်


| | | |
|---|---|---|
| ၁-မဏ္ဍူကဒေဝပုတ္တဝိမာနဝတ္ထု | | |
| | ရေကန်၌ ဘားသတ္တဝါဖြစ်စဉ် တနေ့သ၌ ဘုရားတရားတော်ကို နာယူခိုက် နွားကျောင်းသား၏ လက်ချက်ဖြင့် အသက်ဆုံး၍ နတ်ပြည်၌ တန်ခိုး အာနုဘော် အကျော်အစော အရောင်အဝါ ပြည့်စုံစွာဖြစ်လာရသော နတ်သား .... .... | ၇၃ |

http://www.dhammadownload.com




အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

**၂-ရေဝတီဝိမာနဝတ္ထု**

လင်နန္ဒိယ မယားရေဝတီတို့သည် လင်ကသူတော်ကောင်း မယားက သူယုတ်မာ သဘောမတူကြ၊ နန္ဒိယသည် ဝန်တို မရှိ လှူဒါန်းခဲ့သော ကြောင့် နတ်ပြည်၌ တင့်တယ်စွာဖြစ်ရစဉ် မယား ရေဝတီသေ၍ ငရဲသို့ ရောက်ရာမှ ငရဲထိန်းတို့က နန္ဒိယဗိမာန်ကိုပြရန် နတ်ပြည်သို့ခေါ်လာ၍ ဗိမာန်ကိုအတွေ့ နောင်တကြီးစွာရ နန္ဒိယနှင့်အတူမနေနိုင် ငရဲသို့သာ ပြန်ကျရသော စိတ်ဝင်စားဖွယ်အဖြစ်အပျက် .... .... ၇၃

**၃-ဆတ္တမာဏဝဝိမာနဝတ္ထု**

မြတ်စွာဘုရား ကြွတော်မူဆဲ ဆတ္တလုလင်နှင့်တွေ့၍ ဆုံးမတော်မူရာ အပြည့်အစုံလိုက်နာ ရတနာသုံးပါးကိုဆည်းကပ် ကိုယ်ကျင့်တရားကို သိမ်းဆည်း၍ ခရီးသွားဆဲ ခိုးသူတို့လက်ချက်ကြောင့် သေဆုံးပြီးနောက် တာဝတိံသာနတ်ပြည်၌အလိုရှိတိုင်း ပြည့်စုံစွာ ခံစားရသော နတ်သား .... ၇၆

**၄-ကက္ကဋကရသဒါယကဝိမာနဝတ္ထု**

ရှေးလူဖြစ်စဉ် ပုဇွန်လုံးဟင်းကို လှူဒါန်းခဲ့သောကြောင့် နတ်ပြည်တွင် ခြေဆယ်ချောင်း ရွှေပုဇွန်ရုပ်တံခါးဝ၌ရှိ၍ ကြည့်၍မငြီးသော ဗိမာန် ပြာသာဒ်တို့ဖြင့် အကာအခုန် ပရိသာတ်စုံလင်စွာ ခံစားရသော နတ်သား .... .... ၈၀

**၅-ဒွါရပါလကဝိမာနဝတ္ထု**

လူဖြစ်စဉ်အခါ ရဟန်းတော်များကို စိတ်ဖြင့်ကြည်ညို၍ နှုတ်ဖြင့်လည်း "ဤနေရာ၌ နေတော်မူပါ"ဟု လျှောက်ထားခဲ့သောကြောင့် နတ်ပြည်၌ ပက္ကမြားတိုင်ဗိမာန်နှင့် ကြောင်မျက်ရွဲတိုင် ပြာသာဒ်အဆောင်ဆောင် တို့ကို ရရှိ၍ အလိုရှိတိုင်းပျော်ရွှင်ခံစားရသော နတ်သား .... .... ၈၁

**၆-ပဌမကရဏီယဝိမာနဝတ္ထု**

မြတ်စွာဘုရား၌ ကြည်ညိုသောသဒ္ဓါဖြင့် ဒါနစသော ကုသိုလ်တို့ကို ပြုခဲ့သောကြောင့် တဆယ့်နှစ်ယူဇနာရှိသော ကြောင်မျက်ရွဲတိုင်ရှိသော ပြာသာဒ်ဆောင် ခုနစ်ရာတို့၌ ချမ်းသာစွာခံစားရသော နတ်သား .... ၈၁

**၇-ဒုတိယကရဏီယဝိမာနဝတ္ထု**

ရဟန်းတပါး၌ ကြည်ညိုသောသဒ္ဓါဖြင့် ဒါနစသော ကုသိုလ်တို့ကို ပြုခဲ့ သောကြောင့် ယခင်နတ်သားနည်းတူ ပြာသာဒ်ဆောင်ခုနစ်ရာတို့၌ နတ် ချမ်းသာ နတ်ကာမဂုဏ်တို့ဖြင့် ပျော်ရွှင်စွာခံစားရသော နတ်သား .... ၈၂

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၈-ပဌမသူစိဝိမာနဝတ္ထု

အလှူဝတ္ထု ငယ်သော်လည်း အကျိုးပေးကြီးကျယ်နိုင်သည်ဟု ယုံကြည်သောသဒ္ဓါဖြင့် အပ်ကိုလှူဒါန်းခဲ့သောကြောင့် ပတ္တမြားတိုင်ရှိသော ပြာသာဒ်ဆောင်ခုနစ်ရာတို့၌ နတ်ချမ်းသာ နတ်ကာမဂုဏ်တို့ဖြင့် ပျော်ရွှင်စွာခံစားရသော နတ်သား .... .... ၁၃

၉-ဒုတိယသူစိဝိမာနဝတ္ထု

ကိလေသာမှုန်ကင်း၍ ကြည်လင်လှသော ရဟန္တာအသျှင်ကို ဖူးမြင်ရ၍ ကြည်လင်သောသဒ္ဓါဖြင့် အပ်ကိုလှူဒါန်းခဲ့သောကြောင့် ပတ္တမြားတိုင်ကြောင်မျက်ရွှေဗိမာန်၌ နတ်စောင်းတူရိယာတို့ဖြင့် ချမ်းသာစွာခံစားရသော နတ်သား .... .... ၁၄

၁၀-ပဌမနာဂဝိမာနဝတ္ထု

ကဿပမြတ်စွာဘုရား၏ ပုထိုးတော်၌ ပန်းရှစ်ပွင့်တို့ကို ကိုယ်ထိလက်ရောက် လှူဒါန်းခဲ့သောကြောင့် ခွန်အားကြီး၍ လျင်မြန်သော စီးတော်ဆင်ကိုစီးကာ ကြာပန်းရေကန် တူရိယာအတန်တန်တို့ဖြင့် ခံစားရသော နတ်သား .... .... ၁၄

၁၁-ဒုတိယနာဂဝိမာနဝတ္ထု

သူ့သက်မသတ်, သူ့ဥစ္စာမခိုး, အရက်မသောက်, မုသားမပြော, ကာမေသုမှောက်ကြည် ကြည်လင်သောစိတ်ဖြင့် ဆွမ်းအဖျော်နှင့် အခြားဒါနများကို ပြုခဲ့သောကြောင့် ကိုယ်လုံးဖြူသော ဆင်ပြောင်ကိုစီးကာ နတ်ချမ်းသာကို ခံစားရသော နတ်သား .... .... ၁၅

၁၂-တတိယနာဂဝိမာနဝတ္ထု

ကြံရှက်မိုးကျောင်း, သက်ငယ်မိုးကျောင်း, အဝတ်မိုးကျောင်းများကို တတ်အားသမျှ လှူခဲ့သောကြောင့် ကိုယ်လုံးဖြူသောဆင်ကိုစီးကာ တာဝတိံသာနတ်ပြည် သုဓမ္မာနတ်မျိုးတွင် အပါအဝင် ကောင်းကင်၌ တည်နေ၍ တူရိယာအထွေထွေတို့ဖြင့် အပူဇော်ခံကာ ခံစားရသော နတ်သား .... ၁၆

၁၃-စူဠရထဝိမာနဝတ္ထု

ရှေးဘဝအခါ အဿကမင်း၏သား သုဇာတမည်သော မင်းသားဖြစ်၍ တောကစားထွက်စဉ် အသျှင်မဟာကစ္စည်းနှင့် တွေ့သောအခါ တရားတော်ကိုနာယူ သရဏဂုံ၌တည်လျက် သရီရဓာတ်တော်တို့ကို ပူဇော်ခဲ့သောကြောင့် နှလုံးမွေ့လျော်ဖွယ်ရှိသော တာဝတိံသာ နတ်ပြည်တွင် လျင်မြန်လှသော အဿတိုရ်မြင်းရွှေရထားတို့ဖြင့် ခမ်းနားစွာ ခံစားရသော နတ်သား .... .... ၁၆

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄-မဟာရထဝိမာနဝတ္ထု | | |
| | ကဿပဘုရားလက်ထက်က မြတ်စွာဘုရားကို ဖူးမြင်ရသောအခါ သဒ္ဓါထက်သန်စွာ အရသာရှိသော ဆွမ်းအဖျော်နှင့် သက်န်းတို့ကို လှူဒါန်းခဲ့သည့်ပြင် သုံးပါးအံပြားရှိသော အသဒိသအလှူကြီးကို ပေးလှူခဲ့သောကြောင့် သိကြားမင်းကဲ့သို့သော ကြီးကျယ်ခမ်းနားသော နတ်ချမ်းသာကို ခံစားရသော နတ်သား .... .... | ၉၀ |
| | ၆-ပါယာသိဝဂ် | |
| ၁-ပဌမအဂါရိယဝိမာနဝတ္ထု | | |
| | ရှေးလူဖြစ်စဉ် လင်မယားနှစ်ဦးလုံး ရဟန်းတော်တို့၏ ရေကန်သဖွယ်ဖြစ်ကြ၍ ဆွမ်းအဖျော် အဝတ်သက်န်းတို့ကို လှူဒါန်းခဲ့သောကြောင့် တာဝတိံသာ စိတ္တလတာဉယျာဉ်ပမာ ဆန်းကြယ်စွာသော ဗိမာန်၌ ခံစားရသော နတ်သား .... .... | ၉၅ |
| ၂-ဒုတိယအဂါရိယဝိမာနဝတ္ထု | | |
| | ရှေးနတ်သားကဲ့သို့ပင် လှူဒါန်းခဲ့သောကြောင့် အာနုဘော်ကြီးစွာ နတ်ချမ်းသာကို ခံစားရသော နတ်သား .... .... | ၉၅ |
| ၃-ဖလဒါယကဝိမာနဝတ္ထု | | |
| | အသျှင်မဟာမောဂ္ဂလ္လာန်အား သရက်သီးလေးလုံး လှူဒါန်းခဲ့သောကြောင့် ပတ္တမြားတိုင်ဗိမာန်၌ မျှားမြတ်သော စည်းစိမ်ချမ်းသာ နတ်သမီးအစုံအလင်ဖြင့် ခံစားရသော နတ်သား .... .... | ၉၆ |
| ၄-ပဌမဉပဿယဒါယကဝိမာနဝတ္ထု | | |
| | ရှေးလူဖြစ်စဉ်က ရဟန်းတပါးအား တည်းခိုရန်ကျောင်းကိုငှင်း ဆွမ်းအဖျော်သက်န်းကိုငှင်း လှူဒါန်းခဲ့သောကြောင့် မိုးကောင်းကင်၌ လမင်းအသွင် တောက်ပသောဗိမာန်၌ အရောင်အဆင်း တင့်တယ်ခြင်းနှင့်တကွ ခံစားရသော နတ်သား .... .... | ၉၇ |
| ၅-ဒုတိယဉပဿယဒါယကဝိမာနဝတ္ထု | | |
| | ရှေးနတ်သားကဲ့သို့ပင် လှူဒါန်းခဲ့၍ နတ်ချမ်းသာကို ခံစားရသော နတ်သား .... .... | ၉၈ |
| ၆-ဘိက္ခာဒါယကဝိမာနဝတ္ထု | | |
| | လူ့ဘဝက မွတ်သိပ်ဆာလောင်သော ရဟန်းတပါးအား တထပ်စာ ဆွမ်းကို လှူဒါန်းခဲ့သောကြောင့် ပတ္တမြားတိုင် ဗိမာန်ပြာသာဒ် ခုနစ်ရာတို့၌ ချမ်းသာစွာ ခံစားရသော နတ်သား .... .... | ၉၈ |

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၇-ယဝပါလကဝိမာနဝတ္ထု

လူ့ဘဝတွင် မုယောခင်းစောင့်ဖြစ်စဉ် ရဟန်းမြတ်အား မုယောမှုံ့ကို လှူဒါန်းခဲ့သောကြောင့် ပတ္တမြားဘိုင် ဗိမာန်၌ ထွန်းလင်းတောက်ပစွာ ခံစားရသော နတ်သား .... .... ၉၇

၈-ပဌမကုဏ္ဍလီဝိမာနဝတ္ထု

သီလ သမာဓိ ပညာနှင့် ပြည့်စုံသော ရဟန်းတို့ကို ဖူးမြင်ရ၍ ဆွမ်း အဖျော် အဝတ်သင်္ကန်းစသော အလှူများကို ပေးလှူခဲ့သောကြောင့် လဝန်းကဲ့သို့ တင့်တယ်သော ဗိမာန်၌ နားဒေါင်းပန်ဆင်ကာ အာနုဘော် ကြီးစွာ ခံစားရသော နတ်သား .... .... ၉၉

၉-ဒုတိယကုဏ္ဍလီဝိမာနဝတ္ထု

အဂ္ဂသာဝကနှစ်ပါးကို ဖူးမြင်ရ၍ သဒ္ဓါတရားဖြင့် ဆွမ်းအဖျော် အဝတ် သင်္ကန်း စသည်တို့ကို လှူဒါန်းခဲ့သောကြောင့် လဝန်းကဲ့သို့ တင့်တယ် သော ဗိမာန်၌ ကောင်းမြတ်သော နားဒေါင်းပန်ဆင်ကာ ချမ်းသာခံစား ရသော နတ်သား .... .... ၁၀၀

၁၀-ပါယာသိဝိမာနဝတ္ထု

ပါယာသိမင်း၏ ဥတ္တရလုလင် ဖြစ်စဉ်အခါ သူတော်ကောင်း ရဟန်း တို့ကို မြတ်နိုးစိတ်ဖြင့် ဆွမ်းအဖျော် အဝတ်သင်္ကန်းစသည်တို့ကို လှူဒါန်း ခဲ့သောကြောင့် သုဓမ္မာနတ်သဘင်နှင့် တူသော ဗိမာန်၌ အာနုဘော် ကြီးစွာ ခံစားရသော နတ်သား .... .... ၁၀၁

၇-သုနိက္ခိတ္တဝဂ်

၁-စိတ္တလတာဝိမာနဝတ္ထု

အားကိုးရာမရှိ အထီးကျန် လူဆင်းရဲဖြစ်စဉ် အိုမင်းသော မိဖတို့ကို လုပ်ကျွေးခဲ့ခြင်း သီလရှိသူတို့ကို မြတ်နိုးခြင်း ဆွမ်းအဖျော် သင်္ကန်း စသည်တို့ကို လှူဒါန်းခဲ့ခြင်းတို့ကြောင့် တာဝတိံသာရှိ စိတ္တလတာ ဥယျာဉ်အလား ခမ်းနားသော ဗိမာန်၌ ပျော်စံရသော နတ်သား .... ၁၀၂

၂-နန္ဒနဝိမာနဝတ္ထု

ရှေးနတ်သားအတူ လူဆင်းရဲဖြစ်စဉ် မိဖအိုတို့ကို လုပ်ကျွေးခြင်း စသည်တို့ကြောင့် နန္ဒဝန်ဥယျာဉ်ကဲ့သို့ တင့်တယ်သော ပတ္တမြားတိုင် ဗိမာန် ပြာသာဒ်ဆောင် ခုနစ်ရာတို့၌ ချမ်းသာစွာ ပျော်စံရသော နတ်သား .... .... ၁၀၃

http://www.dhammadownload.com




အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

**၃-မဏိထူဏဝိမာနဝတ္ထု**

လူ့ဘဝက တောခရီး၌ တံတားဆောက်ခြင်း အရံသစ်ပင် စိုက်ပျိုးခဲ့ခြင်း သီလရှိသူတို့ကို မြတ်နိုးခြင်း ပေးကမ်းလှူဒါန်းခြင်းတို့ကြောင့် ပြာသာဒ်ဆောင် ခုနစ်ရာတို့၌ နတ်တူရိယာစုံလင်စွာဖြင့် ပျော်စံရသော နတ်သား .... .... ၁၀၃

**၄-သုဝဏ္ဏဝိမာနဝတ္ထု**

အန္ဓကဝိန္ဒမြို့၌ လူဖြစ်စဉ် မြတ်စွာဘုရားအလို့ငှါ ကျောင်းတော်ကို ကိုယ်တိုင် ဆောက်လုပ်စေခဲ့၍ ပန်းနံ့သာ နံ့သာပျောင်းတို့ကို လှူဒါန်းခဲ့ခြင်းကြောင့် တာဝတိံသာနတ်ပြည်၌ ရွှေတောင်ထိပ်ဝယ် ဆန်းကြယ်သော ဗိမာန်တွင် နေလုလင်ကဲ့သို့ တင့်တယ်စွာ ဖြစ်ရသော နတ်သား.... ၁၀၄

**၅-အမ္ဗဝိမာနဝတ္ထု**

ရှေးဘဝ သရက်ဥယျာဉ်၌ ဥယျာဉ်စောင့်ဖြစ်စဉ် အသျှင်သာရိပုတြာ ကြွလာခိုက် ပူအိုက်ခြင်းမှ သက်သာစေရန် သရက်ပင်ရင်း၌ အသျှင်မြတ်အား ချိုးရေ လှူဒါန်းခဲ့၏၊ ချိုးရေလှူခြင်းဖြင့် သရက်ပင်ကို ရေလောင်းခြင်း အသျှင်မြတ် ရေချိုးခြင်း နှစ်ကိစ္စပြီးစီးရ၏၊ ထိုကံကြောင့် ပတ္တမြားတိုင် ဗိမာန်ပြာသာဒ်တို့၌ နတ်တူရိယာ နတ်ကချေသည်တို့ဖြင့် ခံစားရသော နတ်သား .... .... ၁၀၅

**၆-ဂေါပါလဝိမာနဝတ္ထု**

ရှေးဘဝ သူတပါးနွားမတို့ကို စောင့်ရှောက်ရသော လူဆင်းရဲဖြစ်စဉ် အသျှင်မောဂ္ဂလ္လာန် ကြွလာတော်မူ၍ ကြည်ညိုသဖြင့် ပုဝါနွမ်းဖြင့် ထုပ်ထားသော မုယောမှုံ့ကို လှူဒါန်းခဲ့ပြီးလျှင် ပဲခင်းကို နွားမစားရန် လျင်မြန်စွာ အပြေးတွင် မြွေခဲ၍ သေဆုံးရာ တာဝတိံသာနတ်ပြည်၌ မြောက်ဆယ့်လေးယောက်သော နတ်ကချေသည်တို့၏ အဖျော်အဖြေကိုခံလျက် လဝန်းကဲ့သို့သော ဗိမာန်တွင် ပျော်စံရသော နတ်သား .... .... ၁၀၇

**၇-ကဏ္ဍကဝိမာနဝတ္ထု**

ဘုရားအလောင်း သိဒ္ဓတ်မင်းသား၏ ဖွားဘက်ကဏ္ဍကမြင်းဖြစ်စဉ် တောထွက်သောအခါ ဘုရားအလောင်းကို တောသို့အရောက် စီးတော်ယာဉ်အဖြစ် ကူညီခဲ့ခြင်း အတိုင်းမသိ ဝမ်းမြောက်ခြင်းဖြစ်ရ၍ ဘုရားလောင်းနှင့် ခွဲခွါရသောအခါ ပြင်းထန်သော လွမ်းနာကြောင့် သေဆုံးခဲ့ပြီးနောက် နေလုလင်အသွင် ရောင်ရှင်တောက်ပသော ဗိမာန်၌ နှလုံးမွှေလျော်ဖွယ် ရေကန်သစ်ပင် ပျော်ရှင်ဖွယ်အစုံအလင်ဖြင့် ခံစံရသော နတ်သား .... .... ၁၀၈

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈-အနေကဝဏ္ဏဝိမာနဝတ္ထု | | |
| | ရှေးဘဝ သုမေဓာမြတ်စွာဘုရား၏ သာဝကဖြစ်စဉ် ခုနစ်နှစ်ပတ်လုံး ရဟန်းပြုခဲ့ဘူး၏၊ ဘုရားပရိနိဗ္ဗာန်စံတော်မူသောအခါ စေတီတော်ကို ရှိခိုး ပူဇော်ခဲ့ကာ စိတ်ကြည်လင်စေခဲ့သောကြောင့် အဆင်းအမျိုးမျိုးဖြင့် ဆန်းကြယ်သောဗိမာန်၌ သုနိမ္မိတ နတ်မင်းကြီးကဲ့သို့ မွေ့လျော်ရသော နတ်သား .... .... | ၁၁၁ |
| ၉-မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထု | | |
| | နှမြောစေးနဲသော သူဌေးသားဖြစ်ရစဉ် ဒါနဟူ၍ မပြုခဲ့ရ ရောဂါ ပြင်းထန်၍ သေခါနီးကာလမှ ဘုရားကို ဖူးမြင်ရ၍ ကြည်လင်မြတ်နိုး ရှိခိုး ခဲ့ရသော ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားစာရင်းဝင် အပေါင်းအဖော်ဖြစ်ရသော နတ်သား .... .... | ၁၁၂ |
| ၁၀-သေရီသကဝိမာနဝတ္ထု | | |
| | နောင်ဘဝမရှိဟူသော မိစ္ဆာအယူဖြင့် ဝန်တိုစေးနဲသူဖြစ်ခဲ့သော ပါ-ယာသိရာဇညမင်းသည် ရှင်ကုမာရကဿပနှင့်တွေ့၍ တရားမှန်ကို သိသဖြင့် ဥပါသကာအဖြစ် ငါးပါးသီလလုံခြုံ ကုသိုလ်အဟုန်ကြောင့် သံကန္တာရတွင် ဘုမ္မစိုဝ်းနတ်ဖြစ်ရ၍ လှည်းကုန်သည်များနှင့် တွေ့သောအခါ အပြန်အလှန် မေး ဖြေ ကြသော အကြောင်းအရာအစုံအလင် ပါဝင်သော နတ်သား အကြောင်း .... .... | ၁၁၅ |
| ၁၁-သုနိက္ခိတ္တဝိမာနဝတ္ထု | | |
| | ကဿပဘုရား၏ ပုထိုးစေတီ၌ မကောင်းသဖြင့် တင်ထားသော ပန်း များကို ကောင်းစွာပြုပြင် တင်ထားခဲ့ခြင်းကြောင့် တန်ခိုးကြီးမားစွာ ပတ္တမြားတိုင် ဗိမာန်နှင့် ကြောင်မျက်ရွဲတိုင်ပြာသာဒ် ခုနစ်ရာတို့၌ နတ် တူရိယာ စုံလင်စွာဖြင့် ချမ်းသာစွာခံစားရသော နတ်သား .... .... | ၁၂၂ |


ဝိမာနဝတ္ထုပါဠိတော် မြန်မာပြန် မာတိကာ ပြီး၏။

http://www.dhammadownload.com

## ပေတဝတ္ထုပါဠိတော် မြန်မာပြန်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

**၁-ဥရဂဝဂ်**

**၁-ခေတ္တူပမပေတဝတ္ထု**

လယ်မြေကောင်းနှင့် တူသော ရဟန္တာတို့၌ အလှူဒါယကာလယ်သမားက လှူဖွယ်ဝတ္ထုမျိုးစေ့ကို လှူဒါန်းပျိုးချခြင်းဖြင့် ကောင်းသော အကျိုးကို ရနိုင်ကြောင်း၊ ထိုကုသိုလ်အကျိုးကို ပြိတ္တာတို့ပင်ခံစားရကြောင်း .... .... ၁၂၅

**၂-သူကရပေတဝတ္ထု**

ကိုယ်ဖြင့် စောင့်စည်း၍ နှုတ်ဖြင့် မစောင့်စည်းခဲ့သောကြောင့် ကွယ်လွန်သောအခါ ရွှေအဆင်းနှင့်တူသောကိုယ် ဝက်မျက်နှာနှင့်တူသော မျက်နှာဖြင့် ပြိတ္တာဖြစ်ရသူ .... .... ၁၂၅

**၃-ပူတိမုခပေတဝတ္ထု**

အပြောအဆိုကြမ်းထမ်းလျက် နှုတ်မစောင့် ခြိုးခြံသော အကျင့်ကို ကား ကျင့်ခဲ့သောကြောင့် ပြိတ္တာဘဝ၌ တင့်တယ်သော ရုပ်အဆင်းနှင့် ခံတွင်းပုပ်သိုး ပိုးလောက်ထိုးခြင်းကို ခံနေရသောပြိတ္တာ .... .... ၁၂၆

**၄-ပိဋ္ဌဓီတလိကပေတဝတ္ထု**

သေပြီးသူကိုဖြစ်စေ အိမ်စောင့်နတ်စသည်ကို အကြောင်းပြု၍ဖြစ်စေ နတ်မင်းကြီးလေးပါးကို အကြောင်းပြု၍ဖြစ်စေ လှူဒါန်းခဲ့လျှင် သေသူကို ပူဇော်သည်မည်ကြောင်း ကောင်းကျိုးခံစားရကြောင်း .... .... ၁၂၆

**၅-တိရောကုဋ္ဋပေထဝတ္ထု**

ဤလူ့ဘုံမှ လှူဒါန်းသော ကုသိုလ်သည် နောင်ဘဝ၌ ဖြစ်နေကြရသော ဆွေမျိုးပြိတ္တာတို့ ကောင်းကျိုးဖြစ်စေနိုင်ကြောင်းကို မိုးရေပမာ ထင်ရှားစွာ ပြသောဝတ္ထု .... .... ၁၂၇

**၆-ပဉ္စပုတ္တခါဒပေတိဝတ္ထု**

လင်တူမိန်းမက မယားကြီးကိုယ်ဝန်ရှိခိုက် ကိုယ်ဝန်ကို ချခဲ့ရာ ဟုတ်မှန်ပါလျက်“သား၏အသားကို စားရစေသား”ဟု လိမ်လည် ကျိန်ဆိုခဲ့သောကြောင့် သေသောအခါ နံနက် သားငါးယောက် ညနေချမ်း သားငါးယောက်တို့ကို စားသောက်ကာ အစဉ်ဆာလောင်နေသော ပြိတ္တာဖြစ်ရသူ.... ၁၂၈

http://www.dhammadownload.com




အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

**၇-သတ္တပုတ္တခါဒပေတဝတ္ထု**

လင်တူမိန်းမက မယားငယ်ကိုယ်ဝန်ရှိခိုက် ကိုယ်ဝန်ကို ချခဲ့ရာ သွေးပြည်ဖြစ်၍ ကျခဲ့၏၊ အမှုပေါ်သောအခါ "သား၏အသားကို စားရစေသား"ဟု ကျိန်ဆိုခဲ့သော မုသားကြောင့် သေသောအခါ နံနက် သားခုနစ်ယောက် ညနေချမ်း သားခုနစ်ယောက်တို့ကို စားသောက်ကာ အစဉ်ဆာလောင်နေသော ပြိတ္တာဖြစ်ရသူ .... .... ၁၂၉

**၈-ဂေါဏပေတဝတ္ထု**

အဘိုးသေ၍ အဖငိုကြွေးနေသည်ကို သားဖြစ်သူက နွားသေကို ကြည့်ကာ ငိုကြွေးခြင်းဖြင့် သက်သေပြကာ သောကငြိမ်းကြောင်း နည်းလမ်းကောင်းပြသောဝတ္ထု .... .... ၁၃၀

**၉-မဟာပေသကာရပေတဝတ္ထု**

လင်အလှူပေးသည်ကို မယားဖြစ်သူက အမျိုးမျိုးကျိန်ဆဲရာတွင် "သင်၏အဝတ်တို့သည် သံပြားနှင့်အတူ ဖြစ်ပါစေ"ဟု ဆဲရေးခဲ့သောကြောင့် သေသောအခါ သွေးပြည်အညစ်အကြေးကိုစား သံပြားအဝတ်ကို ဝတ်နေရသူပြိတ္တာမ .... .... ၁၃၁

**၁၀-ခလ္လာဋိယပေတဝတ္ထု**

ဗိမာန်တွင်း၌ အဝတ်မရှိ ပြင်သို့မထွက်ဝံ့သည်ကို သနားသဖြင့် ကုန်သည်များက အလှူပေး အမျှဝေ သာဓုခေါ်သဖြင့် ချက်ခြင်း ကောင်းကျိုးချမ်းသာ အစုံအလင်ကို ရရှိသောပြိတ္တာမ .... .... ၁၃၃

**၁၁-နာဂပေတဝတ္ထု**

သားသမီး သုံးယောက်တို့ အလှူပေးသည်ကို ဝန်တိုစိတ်ဖြင့် ပိတ်ပင်ဆဲရေးမိကြသောကြောင့် သေလွန်သောအခါ သားသမီးများမှာ ချမ်းသာ၍ မိဖတို့မှာ တင်းပုတ်ဖြင့် ရိုက်နှက်ခြင်းကိုခံကာ သွေးပြည်ကို စားသောက်နေရသူ ပြိတ္တာများ .... .... ၁၃၃

**၁၂-ဥရဂပေတဝတ္ထု**

သားသေဆုံးလျက် မငိုကြွေးသော အဖ အမိ နှစ်မ မယားလေးဦးတို့ ပြောပုံနှင့် သေသူကို လွမ်းဆွတ်ငိုကြွေးခြင်း၏ အကျိုးမရှိပုံ ဥပမာအစုံအလင်ပါသောဝတ္ထု .... .... ၁၃၄

**၂-ဥဗ္ဗရိဝဂ်**

**၁-သံသာရမောစကပေတဝတ္ထု**

ရှေးဘဝ၌ အလှူဒါနပြုရန် တိုက်တွန်းမည့်သူ မရှိ၍ ဒါနမပြုခဲ့ရ သေလွန်သောအခါ ကြုံလှီတော်မွတ် အဝတ်မပါသော ပြိတ္တာမအား

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

အသျှင်သာရိပုတြာက သနားလှသဖြင့် ဆွမ်းတလုတ်စာ လက်တဝါးမျှသော အဝတ် သောက်ရေကို လှူကာ အမျှဝေတော်မူမှ ချမ်းသာခွင့်ရသော ပြိတ္တာမ .... .... ၁၃၆

၂-သာရိပုတ္တတ္ထေရမာတုပေတဝတ္ထု

ရှေးဘဝ၌ အသျှင်သာရိပုတြာ၏ မိခင်ဖြစ်ဘူး၍ ကုသိုလ်အားနည်းခိုက် ပြိတ္တာဘဝတွင် ဖြစ်ရ၍ သားကောင် လူတို့၏ပြည်သွေးကို စားသောက် သုသာန်ကို အိမ်ပြုနေရသူအား အသျှင်သာရိပုတြာသနားတော်မူသဖြင့် စတုဒ္ဒိသာသံဃိကအလှူပေးကာ အမျှဝေတော်မူမှ ချမ်းသာခွင့်ရသော ပြိတ္တာမ .... .... ၁၃၈

၃-မတ္တာပေတဝတ္ထု

လင်တူမိန်းမ တိဿာ အပေါ်၌ ဝန်တို မိစ္ဆာ စိတ်ဖြင့် မကောင်းပြုမကောင်းပြော မကောင်းကြံများကို အဆန်းတကြယ်ပြုခဲ့၍ အဝတ်မပါပိန်ချိသော ခန္ဓာဖြင့် ပြိတ္တာဖြစ်နေရသူ မတ္တာအား တိဿာကသနားလှ၍ သံဃာရှစ်ပါးအား ကုသိုလ်ပြု အမျှဝေသဖြင့် နတ်သမီးအလား ချမ်းသာခံစားရသော ပြိတ္တာမ .... .... ၁၄၀

၄-နန္ဒာပေတဝတ္ထု

လင့်အပေါ်၌ မရိုသေ မလေးစား စကားကြမ်းစွာ ပြောဆိုခဲ့သောကြောင့် ပြိတ္တာဘဝတွင် ရုပ်သွင်မည်းနက် ကြောက်မက်ဖွယ် ရုပ်အဆင်းရှိနေရာ လင်ဖြစ်သူမြင်တွေ့က သနားလှသဖြင့် ရဟန်းတို့အားကျောင်းအိပ်ရာစသည်လှူဒါန်း၍ အမျှအတန်းဝေမှ ချမ်းသာရာရသော ပြိတ္တာမ .... .... ၁၄၃

၅-မဋ္ဌကုဏ္ဍလိပေတဝတ္ထု

သူဌေးသားဖြစ်လျက် ဒါနသီလမပြု စုတိကျခါနီးမှ ဘုရားကိုဖူးမြင်ရ၍ ကြည်လင်သဒ္ဓါ ရှိခိုးရသောစေတနာကြောင့် တာဝတိံသာ နတ်သားစာရင်းဝင် ဖြစ်ရကြောင်းဖြင့် စေးနှဲသောဖခင်ကို ရှင်းပြပြောကြား သတိတရားရဖွယ် ကောင်းသော ဝတ္ထု .... .... ၁၄၄

၆-ကဏှပေတဝတ္ထု

သားသေ၍ ပူဆွေးနေသော ဝါသုဒေဝမင်းကို ညီ ဃဋပဏ္ဍိတက သေခြင်းတရားပြ၍ ဆုံးမပုံနှင့် တရားရ၍ သောကကင်းပုံ အစုံပါသော ဝတ္ထု .... .... ၁၄၇

http://www.dhammadownload.com




အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

၇-နေပါလသေဒ္ဓိဝတ္ထု

ရှေးဘ၀ သူဌေးဖြစ်စဉ် အလှူခံကို မလာနိုင်ရန် တံခါးပိတ် တားမြစ် စဉ်းလဲကောက်ကျစ်သောကြောင့် သေသောအခါ ပြိတ္တာဖြစ်ကာ ငါးဆဲ့ ငါးနှစ်ပတ်လုံး အစာမရ ရေမတွေ့ရပဲ ဒုက္ခကြီးစွာ ခံစားပြီးနောက် သံတံတိုင်း ကာရံထားသော ငရဲသို့ ကျရဦးမည့်ပြိတ္တာ .... .... ၁၄၉

၈-စူဠသေဒ္ဓိပေတဝတ္ထု

ပစ္စည်းကြွယ်ဝလျက် ဒါနကိုမပြုမိ ဝန်တိုခြင်းစိတ်ရှိလျက် စုတိသော အခါ ပြိတ္တာဖြစ်ကာ အဇာတသတ်မင်းနှင့်တွေ့ရာတွင် အကြောင်းရင်းကို ပြောရှင်း၍ သမီးရင်းက ကုသိုလ်ပြုသော်လည်း အလှူခံ မစင်ကြယ်၍ အကျိုးမရ အဇာတသတ်မင်းကိုယ်တိုင် သံဃာအား ပေးလှူ၍ အမျှ အတန်းဝေမှ ချမ်းသာခွင့်ရသောပြိတ္တာ .... .... ၁၅၁

၉-အင်္ကုရပေတဝတ္ထု

အသယှသူဌေး အလှူတွင် အလှူခံတို့အား လမ်းညွှန်ဘူး၍ တန်ခိုး ကြီးသော နတ်သားဖြစ်ရသူနှင့် ထိုအလှူတွင် ဝန်ဆောင် ပုဂ္ဂိုလ်ဖြစ်ခဲ့ သော်လည်း အလှူခံတို့အား မဲ့ရွဲ့ခဲ့ဘူး၍ အရုပ်ဆိုးလျက်ဝေ်မွတ်နေသည့် ပြိတ္တာဖြစ်ရသူတို့ အကြောင်းအရာ အစုံအလင်နှင့် သာသနာတွင်းကုသိုလ် သာသနာပကုသိုလ်တို့၏ အကျိုးပေးခြားနားပုံ အင်္ကုရနတ်သားနှင့်ဣန္ဒက နတ်သားတို့၏ စည်းစိမ် အခွင့်အရေး ကွာခြားပုံ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူပုံ အစုံ ပါသောဝတ္ထု .... .... ၁၅၂

၁၀-ဥတ္တရမာတုပေတိဝတ္ထု

သားဖြစ်သူဥတ္တရက ဒါနပြုသည်ကို အမိဖြစ်သူ မနှစ်သက် ကန့်ကွက် ဆဲရေးခဲ့မိသောကြောင့် ကွယ်လွန်သောအခါ ပြိတ္တာဘ၀၌ ငါးဆယ့်ငါး နှစ်ပတ်လုံး အစာနှင့်ရေကို မသုံးစားရ ဂင်္ဂါမြစ်ကိုတွေ့သော်လည်း သွေး အတိဖြစ်၍ မသောက်ရ ဒုက္ခကြီးစွာ ခံစားရသော ပြိတ္တာမ.... .... ၁၅၉

၁၁-သုတ္တပေတဝတ္ထု

ပစ္စေကဗုဒ္ဓါအား ချည်ကိုလှူခဲ့သောကြောင့် ဆန်းကြယ်သော ဗိမာန် တွင် နတ်ပြိတ္တာနှင့်အတူ အနှစ်ခုနစ်ရာမွေ့လျော်၍ အကုဋ္ဌေမျှသောအဝတ် တို့ဖြင့် ခံစားရသော လူမိန်းမက နတ်ပြိတ္တာအား လူ့ပြည်သို့ ပြန်ပို့ရန် ပြောပုံနှင့် လူ့ပြည်သို့ရောက်သော် အမယ်အိုကြီး ဖြစ်သွားပုံတို့ဖြင့် ထူးဆန်းသောဝတ္ထု .... .... ၁၆၀

http://www.dhammadownload.com



## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂-ကဏ္ဏမုဏ္ဍပေတိဝတ္ထု | | |
| | သီလရှိသောလင်ကို ကျော်လွန်၍ ယောကျ်ားတပါးတို့နှင့် ဖောက်ပြားမှိုပါလျက် လက်ဆုပ်လက်ကိုင်မိသောအခါ ခွေးစားခံရပါစေဟု ကျိန်စာဆိုခဲ့မိ၍ သေသောအခါ ကြည်နူးဘွယ်ကောင်းသော ရေကန်အနီး ပြာသာဒ်၌ နေ့အချိန် ခံစား၍ ညအချိန်တွင် ခွေးစားခံနေရသောပြိတ္တာမက ဗာရာဏသီမင်းအား ပြောကြားပုံပါသောဝတ္ထု .... .... | ၁၆၁ |
| ၁၃-ဥဗ္ဗရိပေတဝတ္ထု | | |
| | လင်ဖြစ်သူ ရှင်ဘုရင်သေဆုံး၍ ယူကြုံးမရ ငိုကြွေးနေသောမိဖုရားကို ပညာရှိရသေ့က ဗြဟ္မဒတ်မင်းပေါင်း ရှစ်သောင်းလေးထောင်ရှိကြောင်း ဘဝဟောင်းဖြစ်ထွေကို အခြေကျကျ ရှင်းလင်းပြသဖြင့် သောကကင်းစင်လျက် လူ့အသွင်ကိုပယ်ရှား ရသေ့အဝတ်အစားဖြင့် မေတ္တာပွါးသော ဥဗ္ဗရိမိဖုရားဝတ္ထု .... .... | ၁၆၃ |
| **၃-စူဠဝဂ်** | | |
| ၁-အဘိဇ္ဇမာနပေတဝတ္ထု | | |
| | ရှေးဘဝလူဖြစ်စဉ် အလှူဝတ္ထုရှိကုန်လျက် ကောင်းမှု မပြုခဲ့ကြ၊ လှူမည့်အစား စွန့်ပစ်လိုက်ကြသေး၏၊ ဝန်တိုခြင်း များ၍ အလှူခံတို့ကို ဆဲရေးခဲ့သောကြောင့် သေလွန်သောအခါ ပြိတ္တာတပိုင်း လူတပိုင်းဖြင့် အဝတ်မပါ ဗလာကျင်းနေရသည့် အဖြစ်ဆိုး၌ ဖြစ်ကြရသော ပြိတ္တာများဝတ္ထု .... .... | ၁၆၆ |
| ၂-သာဏဝါသီထေရပေတဝတ္ထု | | |
| | သာဏမထေရ်၏ မိဘဆွေမျိုးများသည် အကုသိုလ်ကို ပြုခဲ့ကြသောကြောင့် သေလွန်ကြသောအခါ ပြိတ္တာဘဝ၌ အဝတ်မပါ အစာမရ ဒုက္ခကြီးစွာတွေ့နေကြရသည်ကို သာဏမထေရ်တွေ့မြင်၍ အလှူအတန်းပြုကာ အမျှဝေသဖြင့် ချမ်းသာသုခရရှိကြသော ပြိတ္တာများ .... .... | ၁၆၉ |
| ၃-ရထကာရပေတိဝတ္ထု | | |
| | ကုသိုလ်တဝက် အကုသိုလ်တဝက် ပြုခဲ့သောကြောင့် ကွယ်လွန်သော အခါ ဗိမာန်ဘုံနန်းကို ရသော်လည်း လင်မရှိ တကိုယ်ထည်း ပျင်းရိဘွယ် ဖြစ်နေရသောပြိတ္တာမ .... .... | ၁၇၁ |
| ၄-ဘုသပေတဝတ္ထု | | |
| | ရှေးဘဝလူအဖြစ်၌ အိမ်ရှင်မဖြစ်စဉ် အမိကိုညှဉ်းဆဲ လင်ကိုဂရုမထား မုသားဆိုကာ တစုံတခုကိုမျှ မလှူခဲ့သောကြောင့် ကွယ်လွန်သောအခါ | |

http://www.dhammadownload.com



**အမှတ်စဉ်** **အကြောင်းအရာ** **စာမျက်နှာ**

သလေးစပါးကို ခေါင်းပေါ်၌ ကြဲဖြန့်သူ သံတင်းပုတ်ဖြင့် ရိုက်နှက်ခံရသူ မစင်ကိုစားရသူ အသီးအသီးဖြစ်နေကြရသော ပြိတ္တာများ .... .... ၁၇၂

**၅-ကုမာရပေတဝတ္ထု**

ရှေးအကုသိုလ်ကံကြောင့် ပြည့်တန်ဆာမဝမ်း၌ဖြစ်၍ ဖွားသောအခါ သင်းချိုင်း၌ စွန့်ပစ်ခံရသော်လည်း ကုသိုလ်ကံကြောင့် နတ်နှင့်ဘီလူးတို့က နို့တိုက်စောင့်ရှောက် မပျောက်မပျက် အသက်ရှည်ကာ သူဌေးကြီး ဖြစ်လတ္တံ့ဟု မြတ်စွာဘုရား၏ ဗျာဒိတ်ကြားခြင်းခံရသူ သူငယ် .... .... ၁၇၃

**၆-သေရိဏီပေတိဝတ္ထု**

ရှေးလူ့ဘဝ၌ ပဲဝက်မျှသောဥစ္စာကို ရေချိုးဆိပ်၌ ရှာမှီးခဲ့ရမှ် အလှူဝတ္ထုရှိလျက် မပေးလှူခဲ့ သေလွန်သောအခါ နံရိုးပြိုင်းပြိုင်းထသော ကိုယ်ရှိလျက် မြစ်ကိုတွေ့သော်လည်း ရေမရှိ၊ လေတိုက်သော်လည်း မီးသို့ပူ ဤဒုက္ခမှ လွတ်စေရန် အမိထံသွား၍ မြှုပ်ထားခဲ့သောဥစ္စာဖြင့် သုံးစား လှူဒါန်း အမျှအတန်းဝေပေါဟု ဥပါသကာတဦးကို မှာထားသည့်အတိုင်း ပြောကြား၍ အမိကကုသိုလ်ပြု အမျှအတန်းဝေသောကြောင့် ချမ်းသာခွင့်ရသော ပြိတ္တာမ .... .... ၁၇၄

**၇-မိဂလုဒ္ဒကပေတဝတ္ထု**

သူတော်ကောင်း မိတ်ဆွေ၏စကားအရ သတ္တဝါတို့အသက်ကို လုံးဝ မရှောင်ကြဉ်ပဲ ညအခါ၌သာရှောင်ကြဉ်ခဲ့၍ သေလွန်သောအခါ ညအခါ၌ ချမ်းသာခံစားလျက် နေ့အခါတွင် ခွေးစားခံနေသော မုဆိုးပြိတ္တာ .... ၁၇၆

**၈-ဒုတိယမိဂလုဒ္ဒကပေတဝတ္ထု**

သူငယ်ချင်းကောင်း ရဟန်းကောင်းများက ဆုံးမပါလျက် အကုန် မလိုက်နာ ညအခါရှောင်ကြဉ် နေ့အခါသတ်ဖြတ်ခဲ့သောကြောင့် သေ သောအခါ ညအခါပြာသာဒ်ပလ္လင်၌ ခံစား၍ နေ့အခါသုသာန်သို့သွား၍ ဆင်းရဲခံစားနေရသော ပြိတ္တာ .... .... ၁၇၇

**၉-ကူဋဝိနိစ္ဆယိကပေတဝတ္ထု**

တရားရုံးတော်၌ အမှန်မပြော ကုန်းတိုက်စကားဆိုခဲ့သောကြောင့် သေလွန်သောအခါ နတ်ဝတ်တန်ဆာ နတ်သမီးအခြွေအရံတို့ဖြင့် အာနု ဘော်ကြီးစွာ ခံစားရသော်လည်း ကြောက်ခမန်းလိလိ မိမိကျောက်ကုန်း သားကို ဖြတ်တောက် စားသောက်နေရသော ပြိတ္တာ .... .... ၁၇၈

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၀-ခာတုဝိဝဏ္ဏပေတဝတ္ထု

ခာတ်တော်ထားရာ စေတီပုထိုးကို ပူဇော်သူတို့အား အပြစ်ပြ၍ တားမြစ်ခဲ့သောကြောင့် သေလွန်သောအခါ ရှစ်သောင်းခြောက်ထောင်မျှသော ဆွေမျိုးတို့နှင့်တကွ အပုပ်နံ့လှိုင်သောခံတွင်း ပိုးလောက်တို့စားခြင်းကို ခံနေကြရသော ပြိတ္တာများ .... .... ၁၇၉

၄-မဟာဝဂ်

၁-အမ္ဗသက္ကရပေတဝတ္ထု

ဝေသာလီပြည် အမ္ဗသက္ကရမည်သော လိစ္ဆဝီမင်း, တံကျင်လျှိုခံရသောယောကျ်ား, ထိုယောကျ်ားအား လာရောက်၍ အားပေးစကားပြောဆိုသော နတ်ပြိတ္တာ, ကပ္ပိတကရဟန်း ဤပုဂ္ဂိုလ်တို့အချင်းချင်း ပြောဟောကြပုံ ကုသိုလ်, အကုသိုလ်ကံဆန်းကြယ်ပုံ အလုံးစုံပါဝင်သောဝတ္ထု .... ၁၈၁

၂-သေရိသကပေတဝတ္ထု

ပါယာသိရာဇညမင်းဖြစ်စဉ် မိစ္ဆာအယူ ရှိသော်လည်း ရှင်ကုမာရကဿပနှင့် တွေ့သောအခါ တရားအမှန်ကိုသိ ကုသိုလ်ကိုပြုမိ၍ သေသောအခါ ကုက္ကိုနန်း၌ ခံစားရပုံနှင့် အလှူဒါနပြုရာ၌ ရိုရိုသေသေမပြုခဲ့သဖြင့် ငြီးငွေ့ဖွယ်ဗိမာန်၌ တဦးတည်း ငြီးငွေ့စွာ စံစားရပုံ အလုံးစုံကို သဲကန္တာရသွား ကုန်သည်များအား ရုက္ခစိုးနတ်မင်းက ပြန်ပြောသဖြင့် ကုန်သည်များဝမ်းမြောက်ကာ နေရပ်သို့ရောက်လျှင် သေရီသကနတ်ကွန်းဆောက်သုပ် ပူဇော်ခြင်းအကြောင်းအရာပါသောဝတ္ထု .... .... ၁၉၁

၃-နန္ဒကပေတဝတ္ထု

ရှေးဘဝက မိစ္ဆာဝါဒကို ယူမိသဖြင့် တောနက်အတွင်း ပညောင်ပင်၌ ပြိတ္တာဖြစ်နေရာ ပိင်္ဂလမင်းနှင့်အတွေ့တွင် အဖြစ်အပျက်အလုံးစုံကို ပြန်ကြား မကြာမီငရဲသို့လားရဦးမည့်အရေး တွေးတောစိုးရိမ်နေဆဲ သမီးဖြစ်သူက လှူဒါန်းအမျှဝေသဖြင့် ဝေဿဝဏ်နတ်မင်းကြီးအလား ချမ်းသာ ခံစားရသော ရုက္ခစိုးပြိတ္တာ .... .... ၁၉၈

၄-ရေဝတီပေတဝတ္ထု

လင်ဖြစ်သူနန္ဒိယက သဒ္ဓါတရားနှင့် ပြည့်စုံသောကျောင်းဒကာ မယားရေဝတီက ဝန်တိုမစ္ဆရိယဖြင့် အလှူခံတို့ကို လှည့်ပတ်ခဲ့၏၊ ဤအကုသိုလ်ကြောင့် သေသောအခါ လင်နှင့်အတူမစံရပဲ အညစ်အကြေး ထူပြောသော သံသဝကငရဲ၌ ဒုက္ခခံရသော ရေဝတီဝတ္ထု .... .... ၂၀၃

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅-ဥဏ္ဏပေတဝတ္ထု | | |
| | ရှေးဘဝလူဖြစ်စဉ် ကြံခင်းရှင်ဖြစ်သောအခါ ကြံကိုသုံးဆောင်နေဆဲ အခြားသူတဦးက ကြံကိုတောင်းသည်တွင် မကြည်မသာ မျက်နှာမလှဲ့ ကြံကိုနောက်ပြန်ပစ်ပေးခဲ့သောကြောင့် သေသောအခါ ကြံတောကို တွေ့ပါလျက် မျက်နှာမူ၍မရ ဒုက္ခကြီးစွာဖြစ်နေရသော ကြံနောက်ပြန်စား ပြိတ္တာ .... .... | ၂၀၆ |
| ၆-ကုမာရပေတဝတ္ထု | | |
| | ရှေးဘဝလူဖြစ်စဉ် ဘုရင့်သားတော် ဖြစ်ရပါလျက် အနာဂတ်ချမ်းသာကိုမမြော် ပစ္စုပ္ပန်ပျော်ပါး အကုသိုလ်များသဖြင့် ဘဝတပါးသို့ ရောက်သောအခါ ပြိတ္တာဘဝတွင် အောက်တန်းကျကာ ဒုက္ခကြီးစွာခံနေရသော မင်းသား ပြိတ္တာ .... .... | ၂၀၇ |
| ၇-ရာဇပုတ္တပေတဝတ္ထု | | |
| | မင်းသားဖြစ်ရစဉ် စည်းစိမ်ယစ်လျက် သုနေတ္တပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွအလာ သပိတ်ကိုအတင်းယူ ပစ်ခွဲဖျက်ဆီးခဲ့သော အကုသိုလ်ကံကြောင့် အဝီစိငရဲတိုင်အောင် ကျရောက်ခံစားရသော ပြိတ္တာ .... .... | ၂၀၈ |
| ၈-ဂူထခါဒကပေတဝတ္ထု | | |
| | ရှေးဘဝ လူဖြစ်စဉ် ကျောင်းဒကာဘဝ၌ မစ္ဆရိယအားကြီးသော ကျောင်းထိုင်ရဟန်း၏ စကားကို နားယောင်၍ ရဟန်းကောင်းတို့ကို ဆဲရေးမိသောကြောင့် သေသောအခါ ဆရာရဟန်းကအောက် ကျောင်းဒကာကအထက် မစင်တွင်း၌ ပြိတ္တာဖြစ်ရ၍ အထက်အောက် မစင်အဆင့်ဆင့်စားနေရသော ပြိတ္တာစုံတွဲ .... .... | ၂၁၀ |
| ၉-ဂူထခါဒကပေတီဝတ္ထု | | |
| | ရှေးဘဝ လူဖြစ်စဉ် ကျောင်းအမနှင့် ရဟန်းဆိုးတွေ့ကြရာ ယခင်နည်းအတိုင်း ရဟန်းကောင်းတို့ကို ဆဲရေးမိသောကြောင့် သေသောအခါ ပြိတ္တာမနှင့် ရဟန်းပြိတ္တာ အထက်အောက်ဖြစ်ကြကာ အဆင့်ဆင့်မစင်စားနေရသော ပြိတ္တာစုံတွဲတမျိုး .... .... | ၂၁၁ |
| ၁၀-ဂဏပေတဝတ္ထု | | |
| | ရှေးလူဖြစ်စဉ် လိုချင်မျက်စိဖြင့် ရေချိုးဆိပ်တို့တွင် သူတပါးမေ့ကျန်ရစ်သော ဥစ္စာတို့ကို ရှာမှီးလျက် ပစ္စည်းရှိစေကာမူ မလှူဒါန်းခဲ့ကြ၊ သေသောအခါ ပြိတ္တာများဖြစ်ကာ ရေဆာ၍ ရေရှိသော မြစ်သို့ သွားသော်လည်း ရေမတွေ့, ယူဇနာများစွာသွား၍ ရှာသော်လည်း အစာမရ, | |

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | သစ်ပင်အောက်သို့ ချဉ်းကပ်သော်လည်း အရိပ်မရှိ, လေအေးမတိုက် မြေ၌လဲကျ ဒုက္ခအမျိုးမျိုးခံနေကြရသော ပြိတ္တာများ .... .... | ၂၁၁ |
| ၁၁-ပါဋလိပုတ္တပေတဝတ္ထု | | |
| | ပြိတ္တာသိမ်းပိုက်ထားခြင်းခံရသော ပါဋလိပုတ်သူ အမျိုးသမီးက ပြိတ္တာ၏ ဗိမာန်၌ နေထိုင်ရသည်ကို ငြီးငွေ့၍ ပြန်ခွင့်တောင်းရာ ပြိတ္တာက လူ့ပြည်သို့ ပြန်၍ ကုသိုလ်ပြုရန် တိုက်တွန်းပုံနှင့် အမျိုးသမီးက လူ ပြည်သို့ ပြန်၍ ကုသိုလ်ပြုပါမည်ဟု ဝန်ခံပုံ .... .... | ၂၁၃ |
| ၁၂-အမ္ဗဝနပေတဝတ္ထု | | |
| | လူ့ဘဝ၌ ကျန်ရစ်သူ သမီးက သရက်သီးမှည့်ရေချမ်းနှင့် ယာဂုကို ပေးလှူ၍ အမျှဝေသောကြောင့် ရေကန် သရက်ဥယျာဉ်တို့ဖြင့် ချမ်းသာ ခွင့်ရသော ပြိတ္တာ .... .... | ၂၁၃ |
| ၁၃-အက္ခရုက္ခပေတဝတ္ထု | | |
| | အလှူဒါန၏ အကျိုးသည် ပစ္စုပ္ပန်သံသရာဖြစ်ဆဲ ဖြစ်လတ္တံ့သော ဆင်းရဲအပေါင်းကို လွှန်မြောက်နိုင်ကြောင်း ဘုမ္မဇိုဝ်းနတ်က လှည်းသမား ထံလာ၍ ပြောပုံ .... .... | ၂၁၄ |
| ၁၄-ဘောဂသံဟာရပေတဝတ္ထု | | |
| | ပစ္စည်းဥစ္စာကို အကြောင်းအမျိုးမျိုးဖြင့် စုဆောင်းသူတို့သည် သေသောအခါ ပြိတ္တာဖြစ်ရ၍ ပစ္စည်းဥစ္စာတို့ကိုမူကား သူတပါးတို့သာ ဝိုင်းဝန်း စားသောက်ကြကြောင်း ဈေးသည်ပြိတ္တာမလေးဦးပြောပုံ .... .... | ၂၁၄ |
| ၁၅-သေဋ္ဌိပုတ္တပေတဝတ္ထု | | |
| | ဒု, သ, န, သော အမည်ရ သူဌေးသားလေးဦးတို့ လောဟကုမ္ဘီငရဲမှ ညည်းညူရွတ်ဆိုကြသော ဂါထာလေးပုဒ် .... .... | ၂၁၅ |
| ၁၆-သဋ္ဌိကူဋပေတဝတ္ထု | | |
| | လူဖြစ်စဉ်အခါက သုနေတ္တပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းကို ကျောက်စရစ် ဖြင့် ပစ်ခတ်ပေါက်ခွဲခဲ့ဘူးသောကြောင့် သေသောအခါ ကြောက်လန့် ပြေးသွား သံတူခြောက်သောင်းတို့သည် ဦးခေါင်းကိုအစဉ်ရိုက်ခွဲကြသဖြင့် ဆင်းရဲကြီးစွာ ခံနေရသော ပြိတ္တာဖြစ်ရပုံဝတ္ထု .... .... | ၂၁၅ |

ပေတဝတ္ထုပါဠိတော် မြန်မာပြန်

မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြို တင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ အရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် ထိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြု လုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများဖြစ်သည် ဟု သိမှတ်ရန်။

• ဤကဲ့သို့ ချရားပွင့်ကိုပြလျှင် ၎င်းချရားပွင့် ရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေကွင် မျဉ်းသားလျက် သီးခြား ဖော်ပြထားသည် ဟု သိမှတ်ရန်။ အချို့နေရာ၌ ချရားပွင့်အစား ဂဏန်းဖြင့် ပြထားသည်—အဓိပ္ပါယ်အတူပင် ဖြစ်၏။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်

# ဝိမာနဝတ္ထုပါဠိတော်

## မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဣတ္ထိဝိမာန

### ၁-ပီဌဝဂ်

### ၁-ပဌမပီဌဝိမာနဝတ္ထု

၁။ နတ်၌ဖြစ်သော ဘယက်တန်ဆာတို့ဖြင့် တန်ဆာဆင်ကာ အမျိုးမျိုးသော ပန်းတို့ကို ပန်ဆင်လျက် ကောင်းမြတ်သော ဝတ်စားတန်ဆာတို့ကို ဝတ်ဆင်ထားသော နတ်သမီး သင်သည် တိမ်ညွန့် တိမ်ထွတ်၌ ထွန်းလင်းတောက်ပသော လျှပ်စစ်နွယ်ကဲ့သို့ ထွန်းလင်း တောက်ပ၏၊ ကောင်းမြတ်သော ရွှေစင်အတိဖြစ်သော သင်၏ ပလ္လင်သဏ္ဌာန် အင်းပျဉ် ဗိမာန်သည်ကား စိတ်၏ လျင်မြန်ခြင်းကဲ့သို့ လျင်မြန်၍ အလိုရှိတိုင်း သွားလာနိုင်၏။

၂။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော၊ (တဆယ့်နှစ်ယူဇနာတိုင်တိုင် ထွန်းပနိုင်သော) အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား(ကောင်းကျိုးချမ်းသာ)ပြည့်စုံပါသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ် လာကုန်သနည်း။

၃။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၄။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ ( မျက်မှောက် ဖြစ်သော ) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၁ မြန် ၂-၁—ပ၈မ-၉-သ-၈

http://www.dhammadownload.com



၅။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက ကြွရောက်လာကုန်သော ရဟန်းတော်တို့အား နေရာအင်းပျဉ်ငယ်ကို ပေးလှူခဲ့ဘူးပါပြီ၊ (အလှူခံပုဂ္ဂိုလ်တို့ကိုလည်း) ရှိခိုးခဲ့ဘူးပါပြီ၊ လက်အုပ်ချီခြင်းကိုလည်း ပြုခဲ့ဘူးပါပြီ၊ စွမ်းနိုင်သလောက် လှူဒါန်းဖွယ်ကိုလည်း လှူဒါန်းခဲ့ဘူးပါပြီ။

၆။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့ (တဆယ့်နှစ်ယူဇနာတိုင်တိုင် ထွန်းပနိုင်သော) အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုးချမ်းသာ)ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်ရပါကုန်၏။

၇။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ်ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင်(နေရာအင်းပျဉ်ကို လှူခြင်း ရှိခိုးခြင်း စသော) ကောင်းမှုကို ပြုခဲ့ဘူးပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤသို့ ထွန်းလင်း တောက်ပသော အာနုဘော် ရှိပါ၏၊ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၏)။

ရှေးဦးစွာသော ပီဌဝိမာနဝတ္ထု ပြီး၏။

## ၂-ဒုတိယပီဌဝိမာနဝတ္ထု

၈။ နတ်၌ဖြစ်သော ဘယက်တန်ဆာတို့ဖြင့် တန်ဆာဆင်ကာ အမျိုးမျိုးသော ပန်းတို့ကို ပန်ဆင်လျက် ကောင်းမြတ်သော ဝတ်စားတန်ဆာတို့ကို ဝတ်ဆင်ထားသော နတ်သမီး သင်သည် တိမ်ညွန့် တိမ်ထွတ်၌ ထွန်းလင်းတောက်ပသော လျှပ်စစ်နွယ်ကဲ့သို့ ထွန်းလင်း တောက်ပ၏၊ ကောင်းမြတ်သော ကြောင်မျက်ရွဲရတနာဖြင့် ပြီးသော သင်၏ ပလ္လင်သဏ္ဌာန် အင်းပျဉ် ဗိမာန်သည်ကား စိတ်၏ လျင်မြန်ခြင်းကဲ့သို့ လျင်မြန်၍ အလိုရှိတိုင်း သွားလာနိုင်၏။

၉။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံပါသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်လာကုန်သနည်း။

၁၀။ အာနုဘော် ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၁၁။ ထို နတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည် ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည့်အားလျော်စွာ ဖြေကြား လျှောက်ထား၏။

http://www.dhammadownload.com



၁၂။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက ကြွရောက်လာကုန်သော ရဟန်းတော်တို့အား နေရာအင်းပျဉ်ငယ်ကို ပေးလှူခဲ့ဘူးပါပြီ၊ (အလှူခံပုဂ္ဂိုလ်တို့ကိုလည်း) ရှိခိုးခဲ့ဘူးပါပြီ၊ လက်အုပ်ချီခြင်းကိုလည်း ပြုခဲ့ဘူးပါပြီ၊ စွမ်းနိုင်သလောက် လှူဒါန်းဖွယ်ကိုလည်း လှူဒါန်းခဲ့ဘူးပါပြီ။

၁၃။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်းဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား(ကောင်းကျိုးချမ်းသာ)ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်ရပါကုန်၏။

၁၄။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင်(နေရာအင်းပျဉ်ကို လှူခြင်း စသော) ကောင်းမှုကို ပြုခဲ့ပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤသို့ ထွန်းလင်း တောက်ပသော အာနုဘော် ရှိပါ၏၊ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၏)။

နှစ်ခုမြောက်သော ဒုတိယပီဌဝိမာနဝတ္ထု ပြီး၏။

---

## ၃-တတိယပီဌဝိမာနဝတ္ထု

၁၅။ နတ်၌ဖြစ်သော ဘယက်တန်ဆာတို့ဖြင့် တန်ဆာဆင်ကာ အမျိုးမျိုးသော ပန်းတို့ကို ပန်ဆင်လျက် ကောင်းမြတ်သော ဝတ်စားတန်ဆာတို့ကို ဝတ်ဆင်ထားသော နတ်သမီး သင်သည် တိမ်ညွန့် တိမ်ထွတ်တို့၌ ထွန်းလင်းတောက်ပသော လျှပ်စစ်နွယ်ကဲ့သို့ ထွန်းလင်း တောက်ပ၏၊ ကောင်းမြတ်သော ရွှေစင်အတိဖြစ်သော သင်၏ ပလ္လင်သဏ္ဌာန် အင်းပျဉ်ဗိမာန်သည်ကား စိတ်၏ လျင်မြန်ခြင်းကဲ့သို့ လျင်မြန်၍ အလိုရှိတိုင်း သွားလာနိုင်၏။

၁၆။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား ( ကောင်းကျိုးချမ်းသာ ) ပြည့်စုံပါသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့ ဖြစ်ပေါ်လာကုန်သနည်း။

၁၇။ အာနုဘော် ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၁၈။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ ( မျက်မှောက်ဖြစ်သော ) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြား လျှောက်ထား၏။

http://www.dhammadownload.com



၁၉။ တန်ခိုးအာနုဘော်ကြီးတော်မူသော အရှင်ရဟန်း အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက ပြုခဲ့သော အကြင်ကုသိုလ်ကြောင့် ဤသို့ ထွန်းလင်း တောက်ပသော တန်ခိုးအာနုဘော်ရှိသူ ဖြစ်ရပါ၏၊ အကျွန်ုပ်၏ ဤအကျိုးသည် အနည်းငယ်သော ထိုကုသိုလ်ကံ၏ အကျိုးပါတည်း။

၂၀။ အကျွန်ုပ်သည် ကိလေသာမှုကင်းသော အထူးသဖြင့် ကြည်လင်၍ မနှောက်ကျူသော စိတ်ရှိသော ရဟန္တာအရှင်ကို ဖူးမြင်ရပါ၏၊ အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ထိုရဟန္တာအရှင်အား (ကောင်းမြတ်သော)အင်းပျဉ်ကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ဘူးပါပြီ။

၂၁။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုး ချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်ရပါ၏။

၂၂။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏၊ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက အကြင် (နေရာအင်းပျဉ်ကို လှူခြင်း စသော) ကောင်းမှုကို ပြုခဲ့ဘူးပါပြီ၊ ထိုကုသိုလ်ထူးကြောင့် ဤသို့ ထွန်းလင်း တောက်ပသော အာနုဘော် ရှိပါ၏၊ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၏)။

သုံးခုမြောက်သော တတိယပီဌ ဝိမာနဝတ္ထု ပြီး၏။

---

## ၄-စတုတ္ထပီဌဝိမာနဝတ္ထု

၂၃။ နတ်၌ဖြစ်သော ဘယက်တန်ဆာတို့ဖြင့် တန်ဆာဆင်ကာ အမျိုးမျိုးသော ပန်းတို့ကို ပန်ဆင်လျက် ကောင်းမြတ်သော ဝတ်စားတန်ဆာတို့ကို ဝတ်ဆင်ထားသော နတ်သမီး သင်သည် တိမ်ညွန့် တိမ်ထွတ်၌ ထွန်းလင်း တောက်ပသော လျှပ်စစ်နွယ်ကဲ့သို့ ထွန်းလင်း တောက်ပ၏၊ ကောင်းမြတ်သော ကြောင်မျက်ရွဲရတနာဖြင့် ပြီးသော သင်၏ ပလ္လင်သဏ္ဌာန် အင်းပျဉ်ဗိမာန်သည်ကား စိတ်၏ လျင်မြန်ခြင်းကဲ့သို့ လျင်မြန်၍ အလိုရှိတိုင်း သွားလာနိုင်၏။

၂၄။ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား(ကောင်းကျိုး ချမ်းသာ)ပြည့်စုံပါသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့ ဖြစ်ပေါ်ကုန်သနည်း။

၂၅။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင် အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

http://www.dhammadownload.com



၂၆။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၂၇။ တန်ခိုး အာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက ပြုစုခဲ့သော အကြင် ကုသိုလ်ကံကြောင့် ဤသို့ ထွန်းလင်းတောက်ပသော တန်ခိုးအာနုဘော်ရှိသူ ဖြစ်ရပါ၏၊ အကျွန်ုပ်၏ ဤအကျိုးသည် အနည်းငယ်သော ထိုကုသိုလ်ကံ၏ အကျိုးပါတည်း။

၂၈။ အကျွန်ုပ်သည် ကိလေသာမြူကင်းသော အထူးသဖြင့် ကြည်လင်၍ မနောက်ကျုသော စိတ်ရှိသော ရဟန္တာအရှင်ကို ဖူးမြင်ရပါ၏၊ အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ထို ရဟန္တာ အရှင်အား အင်းပျဉ်ကို ကိုယ်ထိ လက်ရောက် ပေးလှူခဲ့ဘူးပါပြီ။

၂၉။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုး ချမ်းသာ)ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်ရပါကုန်၏။

၃၀။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏၊ လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက အကျွန်ုပ်သည် အကြင် (နေရာအင်းပျဉ်ကို လှူခြင်းစသော) ကောင်းမှုကို ပြုခဲ့ဘူးပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤသို့ ထွန်းလင်းတောက်ပသော အာနုဘော် ရှိပါ၏၊ အကျွန်ုပ်၏ အရောင် အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၏)။

လေးခုမြောက်သော စတုတ္ထပီဌ ဝိမာနဝတ္ထု ပြီး၏။

---

## ၅-ကုဥ္ဇရဝိမာနဝတ္ထု

၃၁-၂။ ပဒုမာကြာချပ်နှင့်တူသော မျက်စိရှိသော ပဒုမာ နတ်သမီး သင်၏ မြတ်သော စီးတော်ဆင်သည် [၁] အထူးထူးသော ရတနာ အဆင်တန်ဆာ ရှိ၏၊ နှစ်သက်ဖွယ်လည်း ရှိ၏၊ ခွန်အားလည်း ရှိ၏၊ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ ကောင်းကင်၌လည်း ငြိမ့်ညောင်းစွာ သွား၏၊ ပဒုမာကြာ၏ အရောင်ကိုလည်း ဆောင်၏၊ ပဒုမာကြာဝတ်မှုန်တို့ဖြင့် ပြွမ်းသော ကိုယ်အင်္ဂါလည်း ရှိ၏၊ ရွှေဖြင့်ပြီးသော ကြာပန်းကိုလည်း မဆောင်၏။

၃၃။ ပဒုမာကြာတို့ဖြင့်ပြွမ်း၍ ပဒုမာကြာချပ်တို့ဖြင့် တန်ဆာဆင်လျက် တည်ရှိသော ခရီးလမ်းသို့ ဆင်သည် [၂] သာယာဖြည်းညှင်းစွာ သွား၏၊ မနှေးမမြန် သွား၏။

၃၄။ ထိုဆင်သွားသောအခါ ရွှေဆည်းလည်းတို့သည် နှစ်သက်ဖွယ်သော အသံ ရှိကြပေကုန်၏၊ ထိုဆည်းလည်းတို့၏ အသံကို အင်္ဂါငါးပါးရှိသော တူရိယာသံကဲ့သို့ ကြားရပေ၏။

---

၁-၂-ရှေးကုသိုလ်ထူးကြောင့် ဖြစ်ပေါ်လာသော ဆင်နှင့်တူသော ယာဉ်အထူးတည်း။

http://www.dhammadownload.com



၃၅။ ထို ဆင်၏ ကျောက်ကုန်းထက်၌ သန့်ရှင်းသော အဝတ်စုံကို ဝတ်ဆင်ကာ တန်ဆာဆင်လျက် (တည်နေသော သင်) နတ်သမီးသည် နတ်သမီး အပေါင်း များစွာထက် အရောင်အဆင်းဖြင့် သာလွန် တင့်တယ်လှပေ၏။

၃၆။ နတ်သမီး သင်၏ ဤအကျိုးသည် အလှူဒါန၏ အကျိုးပင်လော၊ သို့မဟုတ် အကျင့်(သီလ)၏ အကျိုးပင်လော၊ သို့မဟုတ် လက်အုပ်ချီမိုး ရှိခိုးခြင်းစသည်၏ အကျိုး ပင်လော၊ ငါ မေးအပ်သော သင်သည် ထိုအကြောင်းကို ငါ့အား ဖြေကြားပါလော။

၃၇။ ထို နတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကာ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၃၈။ အကျွန်ုပ်သည် (သာဝက) ဂုဏ်အားလုံးတို့နှင့် ပြည့်စုံသော ဈာန်ဝင်စားကာ ဈာန်၌ မွေ့လျော်သော သူတော်ကောင်းကို ဖူးမြင်ရ၍ အဝတ်ခင်းထားလျက် ပဒုမာကြာပန်းတို့ဖြင့် ကြဲဖြန့်ထားသော နေရာကို ပေးလှူခဲ့ဘူးပါပြီ။

၃၉။ အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ (ပဒုမာ ကြာစည်းမှ) ပဒုမာကြာပန်းထက်ဝက်ကို ရွက်ချပ်တို့နှင့်တကွ နေရာ၏ ပတ်ဝန်းကျင်၌ ကိုယ်ထိ လက်ရောက် ကြဲဖြန့်ခဲ့ဘူးပါပြီ။

၄၀။ အကျွန်ုပ်၏ ဤသို့သောအကျိုးသည် ထိုကုသိုလ်ကံ၏ အကျိုးပါတည်း၊အကျွန်ုပ်ကို နတ်တို့က အရိုအသေလည်း ပြုပါ၏၊ အလေးအမြတ်လည်း ပြုပါ၏၊ ပူဇော်လည်း ပူဇော်ပါ၏။

၄၁။ အကြင် သူသည် ကြည်ညိုစိတ်ရှိသည် ဖြစ်၍ ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်ကုန်ပြီးသော အကျင့်မြတ်ကို ကျင့်လေ့ရှိကုန်သော သူတော်ကောင်းတို့အား နေရာကို ပေးလှူရာ၏၊ ထိုသူသည် ယခု အကျွန်ုပ် နှစ်သက် ဝမ်းမြောက်ရသကဲ့သို့ ဤအတူ ဝမ်းမြောက်ရမည်သာတည်း။

၄၂။ ထို့ကြောင့်ပင်လျှင် မိမိ၏ အစီးအပွါးကို အလိုရှိ၍ များမြတ်သော အကျိုးကို တောင့်တသူသည် အဆုံးစွန်သော ကိုယ်ကိုဆောင်သော ရဟန္တာပုဂ္ဂိုလ်တို့အား နေရာကို ပေးလှူသင့်၏။

ငါးခုမြောက်သော ကုဉ္ဇရဝိမာနဝတ္ထု ပြီး၏။

## ၆-ပဌမနာဝါဝိမာနဝတ္ထု

၄၃။ နတ်သမီး (သင်သည်) နီဖလံရွှေတို့ဖြင့် မိုးအပ်သော လှေသို့တက်စီး၍ တည်နေဘိ၏၊ ရေကန်သို့ သက်ဆင်းကာ ပဒုမာကြာကို လက်ဖြင့် ဆွတ်ခူး၏။

၄၄။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်းဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုး ချမ်းသာ) ပြည့်စုံပါ

http://www.dhammadownload.com



သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့ ဖြစ်ကုန်သနည်း။

၄၅။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤသို့တောက်ပသော အာနု ဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ် မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း၊'

၄၆။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်း သာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အား လျှော်စွာ ဖြေကြား လျှောက်ထား၏။

၄၇။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက ရေမွတ်သိပ်ကြကုန်သည် ဖြစ်၍ ပင်ပန်း နွမ်းနယ်ကြသော ရဟန်းတို့ကို မြင်၍ ထကြွ လို့လပ္ပုလျက် သောက်ရေကို ပေးလှူခဲ့ဘူးပါပြီ။

၄၈။ အကြင်သူသည် ရေမွတ်သိပ်ကြကုန်သည်ဖြစ်၍ ပင်ပန်းနွမ်းနယ်သူတို့အား ထကြွ လို့လပ္ပုလျက် သောက်ရေကို ပေးလှူ၏၊ ထိုသူအား များပြားသောပန်း များပြားသော ကြာပုဏ္ဍရိက် အေးမြသော ရေရှိကုန်သော ရေကန်တို့ ဖြစ်ပေါ်လာနိုင်ကုန်၏။

၄၉။ စီးသွားသောရေ အေးမြသောရေရှိ၍ သဲအခင်းရှိကုန်သော မြစ်တို့သည်ငှင်း ပင်လုံးကျွတ်ပွင့်ကုန်သော သရက်ပင် အင်ကြင်းပင် မြည့်စင်ပင် သပြေပင် ငုပင် သခွတ် ပင်တို့သည်ငှင်း ထိုဗိမာန်ကို အခါခပ်သိမ်း ဝန်းရံကုန်၏။

၅၀။ ဤနတ်ပြည်၌ ထိုသို့သော မြေအတိုတို့နှင့် ပြည့်စုံသည့် သဘောရှိသော အလွန် တင့်တယ်သော မြတ်သောဗိမာန်ကို (အကျွန်ုပ် ရပါ၏)၊ ဤအကျိုးသည် ထို (သောက် ရေကို ပေးလှူခဲ့သော ကုသိုလ်)ကံ၏ အကျိုးသာလျှင်တည်း၊ ကောင်းမှုကို ပြုသူတို့သည် ဤသို့သော အကျိုးကို ရနိုင်ကြပါကုန်၏။

၅၁။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုး ချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ် ရပါ ကုန်၏။

၅၂။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေ ကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင်(သောက်ရေကို ပေးလှူခြင်း)ကောင်းမှု ကို ပြုခဲ့ဘူးပါပြီ၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့ ထွန်းလင်း တောက်ပသော အာနုဘော် ရှိပါ၏၊ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၏)။

ခြောက်ခုမြောက်သော ပဌမနာဝါဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၇-ဒုတိယနာဝါဝိမာနဝတ္ထု

၅၃။ နတ်သမီး(သင်သည်)နီဖလ်ရွက်တို့ဖြင့် မိုးအပ်သော လှေသို့တက်စီး၍ တည်နေဘိ၏၊ ရေကန်သို့ သက်ဆင်းကာ ပဒုမာကြာကို လက်ဖြင့် ဆွတ်ခူး၏။

၅၄။ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုး ချမ်းသာ) ပြည့်စုံပါသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ကုန်သနည်း။

၅၅။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၅၆။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၅၇။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက ရေမွတ်သိပ်သည်ဖြစ်၍ ပင်ပန်းနွမ်းနယ်သော ရဟန်းကိုမြင်၍ ထကြွ လုံ့လပြုလျက် သောက်ရေကို ပေးလှူခဲ့ဘူးပါ၏။

၅၈။ အကြင်သူသည် ရေမွတ်သိပ်၍ ပင်ပန်းနွမ်းနယ်သော ရဟန်းအား ထကြွ လုံ့လပြုလျက် သောက်ရေကို ပေးလှူ၏၊ ထိုသူအား များပြားသောပန်း များပြားသော ကြာပုဏ္ဍရိက် အေးမြသော ရေရှိကုန်သော ရေကန်တို့ ဖြစ်ပေါ် လာနိုင်ကုန်၏။

၅၉။ စီးသွားသောရေ အေးမြသောရေရှိ၍ သဲအခင်းရှိကုန်သော မြစ်တို့သည်၎င်း ပင်လုံးကျွတ်ပွင့်ကုန်သော သရက်ပင် အင်ကြင်းပင် ပြည့်စင်ပင် သပြေပင် ငုပင် သခွတ်ပင်တို့သည်၎င်း ထိုဗိမာန်ကို အခါခပ်သိမ်း ဝန်းရံကုန်၏။

၆၀။ ဤနတ်ပြည်၌ ထိုသို့သော မြေအဘို့တို့နှင့် ပြည့်စုံသည့် သဘောရှိသော အလွန်တင့်တယ်သော မြတ်သော ဗိမာန်ကို (အကျွန်ုပ်ရပါ၏)၊ ဤအကျိုးသည် ထို (သောက်ရေကို ပေးလှူခဲ့သော ကုသိုလ်)ကံ၏ အကျိုးသာလျှင်တည်း၊ ကောင်းမှုကိုပြုသူတို့သည် ဤသို့သော အကျိုးကို ရနိုင်ကြပါကုန်၏။

၆၁။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ် ရပါကုန်၏။

၆၂။ တန်ခိုးအာနုဘော်ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင်(သောက်ရေကို ပေးလှူခြင်း)ကောင်းမှုကို ပြုခဲ့ဘူးပါပြီ၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့ ထွန်းလင်း တောက်ပသော

http://www.dhammadownload.com



အာနုဘော် ရှိပါ၏၊ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၏။)

ခုနစ်ခုမြောက်သော ဒုတိယနာဝါဝိမာနဝတ္ထု ပြီး၏။

---

## ၈-တတိယနာဝါဝိမာနဝတ္ထု

၆၃။ နတ်သမီး သင်သည် နီဖလံရွှေတို့ဖြင့် မိုးအပ်သော လှေသို့တက်စီး၍ တည်နေဘိ၏၊ ရေကန်သို့ သက်ဆင်းကာ ပဒုမာကြာကို လက်ဖြင့် ဆွတ်ခူး၏။

၆၄။ ပုံစံတူ အတိုင်းအရှည် တူကုန်သော ပြာသာဒ်ဆောင် ပေါက်သော သင်၏ အိမ်တို့သည် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို အလွန်တောက်ပစေကုန်လျက် ထွန်းလင်းကုန်၏။

၆၅။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုးချမ်းသာ)ပြည့်စုံရသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ကုန်သနည်း။

၆၆။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေး၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၆၇။ ထိုနတ်သမီးသည် မြတ်စွာဘုရားကိုယ်တော်တိုင်ပင် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၆၈။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက ရေမွတ်သိပ်ကြကုန်သည်ဖြစ်၍ ပင်ပန်း နွမ်းနယ်ကြသော ရဟန်းတို့ကို မြင်၍ ထကြွလုံ့လပြုလျက် သောက်ရေကို ပေးလှူခဲ့ဘူးပါပြီ။

၆၉။ အကြင်သူသည် ရေမွတ်သိပ်ကြကုန်သည် ဖြစ်၍ ပင်ပန်း နွမ်းနယ်သူတို့အား ထကြွ လုံ့လပြုလျက် သောက်ရေကို ပေးလှူ၏၊ ထိုသူအား များပြားသောပန်း များပြားသော ကြာပုဏ္ဍရိက် အေးမြသော ရေရှိကုန်သော ရေကန်တို့ ဖြစ်ပေါ်လာနိုင်ကုန်၏။

၇၀။ စီးသွားသောရေ အေးမြသောရေရှိ၍ သဲအခင်းရှိကုန်သော မြစ်တို့သည်၎င်း ပင်လုံးကျွတ် ပွင့်ကုန်သော သရက်ပင် အင်ကြင်းပင် ပြည့်စင်ပင် သပြေပင် ငုပင် သခွတ်ပင်တို့သည်၎င်း ထိုဗိမာန်ကို အခါခပ်သိမ်း ဝန်းရံကုန်၏။

၇၁။ ဤနတ်ပြည်၌ ထိုသို့သော မြေအဘို့နှင့် ပြည့်စုံသည့် သဘောရှိသော အလွန်တင့်တယ်သော မြတ်သော ဗိမာန်ကို (အကျွန်ုပ်ရပါ၏)၊ ဤအကျိုးသည် ထို (သောက်ရေ

http://www.dhammadownload.com



ကို ပေးလှူခဲ့သော ကုသိုလ်)က်၏ အကျိုးသာလျှင်တည်း၊ ကောင်းမှုကို ပြုသူတို့သည် ဤသို့သော အကျိုးကို ရနိုင်ကြပါကုန်၏။

၇၂။ ပုံစံတူ အတိုင်းအရှည်တူကုန်သော ပြာသာဒ်ဆောင် ပေါက်သော အကျွန်ုပ်၏ အိမ်တို့သည် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို အလွန်တောက်ပစေကုန်လျက် ထွန်းလင်းပါကုန်၏။

၇၃။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်းဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ် ရပါကုန်၏။

၇၄။ တန်ခိုးအာနုဘော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား အကျွန်ုပ် ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် (သောက်ရေကို ပေးလှူခြင်း) ကောင်းမှုကို ပြုခဲ့ဘူးပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့ ထွန်းလင်း တောက်ပသော အာနုဘော် ရှိပါ၏၊ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းပပါ၏၊ တန်ခိုးအာနုဘော်ကြီးသော မြတ်စွာဘုရား အကျွန်ုပ်၏ ထိုကုသိုလ် ဖြစ်ပွါးခြင်းအကျိုးငှါ မြတ်စွာဘုရားသည်(အကျွန်ုပ်လှူဒါန်းသော)သောက်ရေကို သောက်တော်မူဘူးပါ၏။

ရှစ်ခုမြောက်သော တတိယနာဝါဝိမာနဝတ္ထု ပြီး၏။

---

## ၉-ဒီပဝိမာနဝတ္ထု

၇၅။ နတ်သမီး သောက်ရှုးကြယ်သည် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေဘိ သကဲ့သို့ ထိုအတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၇၆။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား(ကောင်းကျိုးချမ်းသာ)ပြည့်စုံရသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ကုန် သနည်း။

၇၇။ နတ်သမီး အဘယ်ကုသိုလ်ထူးကြောင့် သင်သည် အညစ်အကြေးကင်းသော အရောင်အဆင်း ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် (တပါးသော) နတ်တို့ ထက် သာလွန်၍ တင့်တယ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အလုံးစုံသော ကိုယ်အင်္ဂါကြီးငယ်တို့ဖြင့် အရပ်မျက်နှာ အားလုံးသည် ထွန်းလင်း တောက်ပပါသနည်း။

၇၈။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေး၏၊ လူဖြစ်ခဲ့စဉ်က သင်သည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့တောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

http://www.dhammadownload.com



၇၉။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည့် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၈၀။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်စဉ်အခါက အလွန်မှောင်သော အမိုက် တိုက်၌ ဆီမီးညှိထွန်းချိန် အခါဝယ် ဆီမီးကို ပေးလှူခဲ့ဘူးပါပြီ။

၈၁။ အကြင်သူသည် အလွန်မှောင်သော အမိုက်တိုက်၌ ဆီမီးညှိထွန်းချိန် အခါဝယ် ဆီမီးကို ပေးလှူ၏၊ ထိုသူသည် များပြားသောပန်း များပြားသော ကြာပုဏ္ဍရိက်ရှိ၍ အရောင်ထွန်းပသော ဗိမာန်၌ ဖြစ်ရ၏။

၈၂။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်ရ ပါကုန်၏။

၈၃။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် အညစ်အကြေးကင်းသော အရောင် အဆင်း ရှိပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် (တပါးသော) နတ်တို့ထက် သာလွန်၍ တင့်တယ်ပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အလုံးစုံသော ကိုယ်အင်္ဂါ ကြီးငယ်တို့ဖြင့် အရပ်မျက်နှာအားလုံးသည် ထွန်းလင်းတောက်ပပါ၏။

၈၄။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း၊ အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏။ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင် (ဆီမီးလှူခြင်း) ကောင်းမှုကို ပြုခဲ့ဘူးပါပြီ၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့ ထွန်းလင်း တောက်ပသော အာနုဘော်ရှိပါ၏၊ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံး တို့၌ ထွန်းလင်းတောက်ပပါ၏ (ဟု ဖြေကြား၏)။

ကိုးခုမြောက်သော ဒီပဝိမာနဝတ္ထု ပြီး၏။

---

## ၁၀-တိလဒက္ခိဏဝိမာနဝတ္ထု

၈၅။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း စေဘိသကဲ့သို့ ထို့အတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ် မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၈၆။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံရသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ကုန် သနည်း။

၈၇။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေး၏၊ လူဖြစ်ခဲ့စဉ်က သင်သည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော

http://www.dhammadownload.com



အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၈၈။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကြောင်းကံ ပြဿနာကို မေးမြန်းသည်အား လျော်စွာ ဖြေကြား လျှောက်ထား၏။

၈၉-၉၀။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်စဉ်အခါက ကိလေသာမြူ ကင်းတော်မူသော အထူးသဖြင့် ကြည်လင်၍ မနောက်ကျူသော စိတ်ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ခဲ့ရပါပြီ၊ အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ မြတ်သော အလှူကို ခံထိုက်သော မြတ်စွာဘုရားအား ကြိုတင် ကြံစည်မှုမရှိဘဲ အကြောင်း ညီညွတ်၍ နှမ်းတည်းဟူသော လှူဖွယ်ဝတ္ထုကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ဘူးပါ၏။

၉၁။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်ရပါကုန်၏။

၉၂။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် နှမ်းတည်းဟူသော လှူဖွယ်ဝတ္ထုကို ပေးလှူခဲ့ဘူးပါပြီ၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့ တောက်ပသော အာနုဘော် ရှိပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏(ဟု ဖြေကြား၏)။

ဆယ်ခုမြောက်သော တိလဒက္ခိဏာဝိမာနဝတ္ထု ပြီး၏၊

---

## ၁၁-ပဌမပတိဗ္ဗတာဝိမာနဝတ္ထု

၉၃။ နတ်သမီး နတ်အာနုဘော်ရှိကုန်သော ကြိုးကြာ ဥဒေါင်း ဟသ်ာ အသံသာသည့် ဥဩငှက်တို့သည်(သင်နတ်သမီး မွေ့လျော်စေရန်) ထက်ဝန်းကျင်မှ ပျံသန်းလှည့်လည် ကြကုန်၏၊ ပန်းတို့ဖြင့် ပြွမ်း၍ မွေ့လျော်ဖွယ်ရှိသည့် အမျိုးမျိုးဆန်းကြယ်သော ဤဗိမာန်သည် နတ်သား နတ်သမီးဘို့ဖြင့် တင့်တယ်လှပါပေ၏။

၉၄။ အာနုဘော်ကြီးသော နတ်သမီး သင်သည် အမျိုးမျိုးသော တန်ခိုးတို့ကို ဖန်ဆင်းလျက် ထိုဗိမာန်၌ နေ၏၊ ဤနတ်သမီးတို့သည်လည်း သင်၏ ထက်ဝန်းကျင်မှ ကလည်း ကကြကုန်၏၊ သီလည်း သီဆိုကြကုန်၏၊ ဝမ်းမြောက်ရွှင်လန်းခြင်းကိုလည်း ဖြစ်စေကြကုန်၏။

၉၅။ အာနုဘော်ကြီးသော နတ်သမီး သင်သည် နတ်တန်ခိုး အာနုဘော်နှင့် ပြည့်စုံခြင်းသို့ ရောက်၏၊ လူဖြစ်ခဲ့စဉ်က သင်သည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်

http://www.dhammadownload.com



ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၉၆။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၉၇။ အကျွန်ုပ်သည် လူဖြစ်ခဲ့စဉ်က လင့်အပေါ်၌ ကျင့်ရသော ဝတ်နှင့် ပြည့်စုံခဲ့ပါ၏၊ ယောက်ျားတပါး၌ ဖောက်ပြန်လိုစိတ် မရှိခဲ့ပါ၊ အမိသည် သားကို အစဉ်စောင့်ရှောက် သကဲ့သို့ အစဉ်စောင့်ရှောက်လေ့ ရှိပါ၏၊ အကျွန်ုပ်သည် အမျက်ပင် ထွက်ငြားသော်လည်း ကြမ်းကြုတ်သော စကားကို မပြောဆိုပါ။

၉၈။ မဟုတ်မမှန်သောစကား ပြောဆိုခြင်းကို ပယ်စွန့်၍ ဟုတ်မှန်သောစကား၌ တည်ခဲ့ပါ၏၊ အလှူပေးခြင်း၌ မွေ့လျော်ခဲ့ပါ၏၊ သူတပါးတို့အား ချီးမြှောက်သော အလေ့ ရှိပါ၏၊ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ဆွမ်းကိုရင်း အဖျော်ကိုရင်း (အခြား) များစွာ သော အလှူကိုရင်း ရိုသေစွာ ပေးလှူခဲ့ဘူးပါပြီ။

၉၉။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ် ရပါကုန်၏။

၁၀၀။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင် (ဒါန သီလ စသော) ကောင်းမှုကို ပြုခဲ့ဘူးပါ၏၊ ထိုကုသိုလ်ထူးကြောင့် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏ (ဟု ဖြေကြား၏)။

တဆယ့်တခုမြောက်သော ပဌမပတိဗ္ဗတာဝိမာနဝတ္ထု **ပြီး၏။**

---

## ၁၂-ဒုတိယပတိဗ္ဗတာဝိမာနဝတ္ထု

၁၀၁။ အာနုဘော်ကြီးသော နတ်သမီး သင်သည် ကြောင်မျက်ရွဲဖြင့် ပြီးသော တိုင်ရှိသော နှစ်သက်စဖွယ် ပြိုးပြိုးပြက် အရောင်အဆင်းရှိသော အမျိုးမျိုးဆန်းကြယ်သော ဗိမာန်သို့တက်၍ ထိုဗိမာန်ထက်၌ အထူးထူးအပြားပြားသော တန်ခိုးတို့ကို ဖန်ဆင်း လျက် နေဘိ၏၊ ဤနတ်သမီးတို့သည်လည်း သင်၏ ထက်ဝန်းကျင်၌ ကလည်း ကကြ ကုန်၏၊ သီလည်း သီဆိုကြကုန်၏၊ ဝမ်းမြောက်ရွှင်လန်းခြင်းကိုလည်း ဖြစ်စေကြကုန်၏။

၁၀၂။ အာနုဘော်ကြီးသော နတ်သမီး သင်သည် နတ်တန်ခိုးအာနုဘော်နှင့် ပြည့်စုံ ခြင်းသို့ **ရောက်၏၊** လူဖြစ်ခဲ့စဉ်က သင်သည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူး**သနည်း၊** **အဘယ်ကုသိုလ်ထူးကြောင့်** ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်

http://www.dhammadownload.com



ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၁၀၃။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၁၀၄။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်စဉ်အခါက စက္ခုငါးပါးရှိတော်မူသော မြတ်စွာဘုရား၏ ဥပါသိကာမ ဖြစ်ခဲ့ဘူးပါ၏၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ပါ၏၊ လောက၌ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခဲ့ပါ၏။

၁၀၅။ သေအရက်စသော ယစ်မျိုးကို မသောက်ခဲ့ပါ၊ မဟုတ်မမှန်သော စကားကို မပြောဆိုခဲ့ပါ၊ မိမိလင်ဖြင့်သာ နှစ်သက် ရောင့်ရဲခဲ့ပါ၏၊ နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ ဆွမ်းကိုင်း အဖျော်ကိုင်း အခြား များစွာသော အလှူကိုင်း ရိုသေစွာ ပေးလှူခဲ့ဘူးပါပြီ။

၁၀၆။ ထို ကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင် အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုး ချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်ရပါကုန်၏။

၁၀၇။ တန်ခိုးအာနုဘော်ကြီးသော ရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင် (သရဏဂုံယူခြင်း သီလဆောက်တည်၍ ကျင့်ခြင်း စသော)ကောင်းမှုကို ပြုခဲ့ဘူးပါပြီ၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့ တောက်ပသော အာနုဘော် ရှိပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင် အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟု ဖြေကြား၏)။

တဆယ့်နှစ်ခုမြောက်သော ဒုတိယပတိဗ္ဗတာဝိမာနဝတ္ထု ပြီး၏။

---

## ၁၃-ပဥ္စမသုဏိသာဝိမာနဝတ္ထု

၁၀၈။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း စေဘိသကဲ့သို့ ထိုအဟူ သင်သည် အလွန် နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ် မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၁၀၉။ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား ( ကောင်းကျိုး ချမ်းသာ ) ပြည့်စုံရသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့ ဖြစ်ကုန်သနည်း။

၁၁၀။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က သင်သည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း အဘယ် ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော

http://www.dhammadownload.com



အာနုဘော် ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၁၁၁။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၁၁၂။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်စဉ်အခါက ယောက္ခမအိမ်၌ ချွေးမ ဖြစ်ခဲ့ဘူးပါ၏။

၁၁၃။ (ထိုအခါ) အကျွန်ုပ်သည် ကိလေသာ မြူကင်းသော အထူးသဖြင့် ကြည်လင်၍ မနောက်ကျုသော စိတ်ရှိသော ရဟန္တာကို ဖူးမြင်ခဲ့ရပါပြီ၊ အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ရဟန္တာအား မုံ့ကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ဘူးပါပြီ၊ အကျွန်ုပ်ရသော အဖို့မှ ထက်ဝက်အဖို့ကို ပေးလှူခြင်းကြောင့် နန္ဒဝန်ဥယျာဉ်၌ မွေ့လျော်ရပါ၏။

၁၁၄။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုး ချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်ရပါကုန်၏။

၁၁၅။ တန်ခိုးအာနုဘော် ကြီးတော်မူသော ရှင်ရဟန်း အရှင်အား အကျွန်ုပ် ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင်(မုံ့လှူခြင်း)ကောင်းမှုကို ပြုခဲ့ဘူးပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့ တောက်ပသော အာနုဘော် ရှိပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏ (ဟု ဖြေကြား၏)။

တဆယ့်သုံးခုမြောက်သော ပဌမသုဏိသာဝိမာနဝတ္ထု ပြီး၏။

---

## ၁၄-ဒုတိယသုဏိသာဝိမာနဝတ္ထု

၁၁၆။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း စေဘိသကဲ့သို့ ထို့အတူ သင်သည် အလွန် နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၁၁ ။ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုး ချမ်းသာ) ပြည့်စုံရသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့ ဖြစ်ကုန်သနည်း။

၁၁၈။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေး၏၊ လူဖြစ်ခဲ့စဉ်က သင်သည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်သည် ဤသို့

http://www.dhammadownload.com



တောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင် အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပဘိသနည်း။

၁၁၉။ ထို နတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၁၂၀။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်စဉ်အခါက ယောက္ခမအိမ်၌ ချွေးမ ဖြစ်ခဲ့ဘူးပါ၏။

၁၂၁။ (ထိုအခါ) အကျွန်ုပ်သည် ကိလေသာမြူကင်းသော အထူးအားဖြင့် ကြည်လင်၍ မနှောက်ကျုသော စိတ်ရှိသော ရဟန္တာကို ဖူးမြင်ခဲ့ရပါပြီ၊ အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အကျွန်ုပ်၏ အဖို့ဖြစ်သော မုယောမုံ့ကို ထိုရဟန္တာအား ကိုယ်ထိလက် ရောက် ပေးလှူခဲ့ဘူးပါပြီ၊ မုယောမုံ့ကို ပေးလှူခဲ့ခြင်းကြောင့် အကျွန်ုပ်သည် နန္ဒဝန် ဥယျာဉ်၌ မွေ့မလျော်ရ၏။

၁၂၂။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုး ချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်လာ ရပါကုန်၏။

၁၂၃။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင် (မုယောမုံ့ကို ပေးလှူသော) ကောင်းမှုကို ပြုခဲ့ဘူးပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့တောက်ပသော အာနုဘော် ရှိပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင် အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟု ဖြေကြား၏)။

တဆယ့်လေးခုမြောက်သော ဒုတိယသုဏိသာဝိမာနဝတ္ထု ပြီး၏။

---

## ၁၅-ဥတ္တရာဝိမာနဝတ္ထု

၁၂၄။ နတ်သမီး သောက်ရှုးကြွယ်သည် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်း စေဘိသကဲ့သို့ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်ဘိ၏။

၁၂၅။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သဘောရှိသော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံရသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်ကုန်သနည်း။

၁၂၆။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က သင်သည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော

http://www.dhammadownload.com



အာနုဘော် ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပဘိသနည်း"

၁၂၇။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၁၂၈။ အကျွန်ုပ်သည် အိမ်၌နေသူ ဖြစ်ပါလျက်လည်း ငြူစူမှု (ဣဿာ) ဝန်တိုမှု (မစ္ဆရိယ) ဂုဏ်ပြိုင်မှု (ပဠာသ) မဖြစ်ခဲ့ပါ၊ အကျွန်ုပ်သည် အမျက်မထွက်ခဲ့ပါ၊ လင့် အလိုသို့ လိုက်၍ ကျင့်ခဲ့ပါ၏၊ ဥပုသ်စောင့်သုံးမှု၌ အမြဲမပြတ် မမေ့လျော့ခဲ့ပါ။

၁၂၉။ အကျွန်ုပ်သည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌၎င်း တဆယ့်ငါးရက်မြောက်သော နေ့၌၎င်း ရှစ်ရက်မြောက်သော နေ့၌၎င်း ဥပုသ်နေ့ တို့၏ အကြိုနေ့ အပိုနေ့၌၎င်း အင်္ဂါရှစ်ပါးရှိသော ဥပုသ်နှင့် ပြည့်စုံခဲ့ပါ၏။

၁၃၀။ ဥပုသ်ကို ကျင့်သုံးခဲ့ပါ၏၊ အခါခပ်သိမ်း သီလတို့ကို ကောင်းစွာ စောင့်ထိန်းခဲ့ ပါ၏၊ (ကိုယ်နှုတ်ကို)စောင့်စည်းခဲ့ပါ၏၊ ခွဲဝေလှူဒါန်းခဲ့ပါ၏၊ (ထိုကုသိုလ်ကြောင့်) ဗိမာန်၌ အကျွန်ုပ် နေရပါ၏။

၁၃၁။ အကျွန်ုပ်သည် အသက်သတ်ခြင်းမှလည်း ရှောင်ကြဉ်ခဲ့ပါ၏၊ မမှန်စကား ပြောဆိုခြင်းမှ၎င်း မပေးသည်ကို ခိုးယူခြင်းမှ၎င်း လင်ကိုကျော်လွန်၍ ယောကျ်ားတပါး နှင့် သွားလာလွန်ကျူး၍ ကျင့်ခြင်းမှ၎င်း သေရည်သေရက် သောက်ခြင်းမှ၎င်း ဝေးစွာ ရှောင်ကြဉ်ခဲ့ပါ၏။

၁၃၂။ အကျွန်ုပ်သည် သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်ခဲ့ပါ၏၊ အရိယသစ္စာတို့၌ လိမ္မာ ခဲ့ပါ၏၊ စက္ခုငါးပါးရှိတော်မူ၍ အကျော်အစော အခြံအရံ ရှိတော်မူသော ဂေါတမမြတ်စွာ ဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါ၏။

၁၃၃။ အကျွန်ုပ်သည် မိမိသီလဖြင့်၎င်း အခြံအရံများခြင်းဖြင့်၎င်း ဂုဏ်သတင်း ကျော်စောခြင်းရှိခဲ့ပါ၏၊ မိမိကောင်းမှု(အကျိုး)ကိုလည်း သုံးဆောင် ခံစားရပါ၏၊ အနာ ရောဂါ မရှိမူ၍ ချမ်းသာခြင်းသို့ ရောက်သူလည်း ဖြစ်ပါ၏။

၁၃၄။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ရ ပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံ ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ် ရပါကုန်၏။

၁၃၅။ တန်ခိုးအာနုဘော်ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေ ကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကျွန်ုပ်သည် အကြင်ကုသိုလ်ထူးကို ပြုခဲ့ဘူးပါ၏၊ ထိုကုသိုလ် ထူးကြောင့် အကျွန်ုပ်သည် ဤသို့တောက်ပသော အာနုဘော်ရှိပါ၏၊ ထိုကုသိုလ်ထူး ကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟု ဖြေကြား၏)။

**ဇာတ် ၂၂**

http://www.dhammadownload.com



၁၃၆။ အရှင်ဘုရား ဥတ္တရာအမည်ရှိသော ဥပါသိကာမသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်လိုက်ပါ၏ဟု အကျွန်ုပ်၏ စကားဖြင့်ပင် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ပါလေလော၊ အရှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို သာမညဖိုလ်တခု၌ တည်သူ ဟု မိန့်ကြားတော်မူခြင်းသည် အံ့ဖွယ်ရာ မဟုတ်တော့ပါ (ဟု လျှောက်ဆို၏)။

ထိုဥတ္တရာကို မြတ်စွာဘုရားသည် သကဒါဂါမိဖိုလ်၌ မိန့်ကြားတော်မူခဲ့ဘူး၏။

တဆယ့်ငါးခုမြောက်သော ဥတ္တရာဝိမာနဝတ္ထု ပြီး၏။

---

## ၁၆-သိရိမာဝိမာနဝတ္ထု

၁၃၇။ မြတ်သောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော (နတ်ပြည်မှ သက်ဆင်းသည်၏အစွမ်းဖြင့်)အောက်သို့ ညွတ်နာရှေးရှုကုန်သော ကောင်းကင်၌ သွားစွမ်းနိုင်သော ခွန်အားရှိကုန်သော အဟုန်နှင့်လည်း ပြည့်စုံကုန်သော မြင်းတို့ကို သင်၏ရထား၌ ကအပ်ကုန်ပြီ၊ ရထားထိန်း မောင်းနှင်သကဲ့သို့သော မြင်းရှိကုန်သော သင်ဖန်ဆင်းအပ်သည့် ရထားငါးရာတို့သည် သင်နတ်သမီးသို့ အစဉ်လိုက်ကုန်၏။

၁၃၈။ တန်ဆာဆင်အပ်သော ကိုယ်ရှိသော သင်နတ်သမီးသည် ထွန်းလင်း တောက်ပသော ဆီမီးရောင်ကဲ့သို့ တပြောင်ပြောင် တောက်ပလျက် မြတ်သော ရထား၌ တည်နေဘိ၏၊ မြတ်သော အဆင်းကို ဆောင်၍ ရှုချင်ဖွယ်ရှိသော နတ်သမီး သင့်ကို ငါမေးပါ၏၊ သင်သည် အဘယ်နတ်ပြည်မှ မြတ်စွာဘုရားထံသို့ ဆည်းကပ်လာသနည်း။

၁၃၉။ အရှင်ဘုရား ကာမဂုဏ် အသုံးအဆောင်တို့ဖြင့် မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သော နတ်တို့၏ အကြင် နတ်ပြည်ကို မြတ်၏ ဟူ၍ ဆိုကြပါကုန်၏၊ ထိုနတ်ပြည်၌ နတ်တို့သည် ဖန်ဆင်း၍ ဖန်ဆင်း၍ မွေ့လျော်ကြပါကုန်၏၊ အလိုရှိရာ အဆင်းကို ဆောင်နိုင်သော အကျွန်ုပ် နတ်သမီးသည် ထို(နိမ္မာနရတိ)နတ်ပြည်မှ မြတ်စွာဘုရားကို ရှိခိုးခြင်းငှါ ဤလူ့ပြည်သို့ လာရောက်ခဲ့ပါ၏။

၁၄၀။ ရှေးဘဝ၌ သင်သည် အဘယ်(သုစရိုက်တရား)ကို ဆည်းပူးခဲ့သနည်း၊ အဘယ် ကုသိုလ်ကြောင့် သင်သည် မရေတွက်နိုင်သည့် အခြံအရံရှိသည်ဖြစ်၍ ချမ်းသာစွာဖြင့် ကြီးပွါးလျက် ဤနတ်ပြည်၌ နေရသနည်း၊ သင့်အား မိမိတက် လွန်ကဲသူ မရှိမူ၍ ကောင်းကင်၌ သွားစွမ်းနိုင်သော တန်ခိုးရှိသနည်း၊ သင်၏ အရောင်အဆင်းသည်လည်း အရပ်ဆယ်မျက်နှာတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၁၄၁။ နတ်သမီး သင်သည် နတ်တို့ ခြံရံအပ်သူ အရိုအသေပြုအပ်သူ ဖြစ်ခဲ့၏၊ သင်သည် အဘယ်ဘဝမှ စုတေခဲ့၍ ကောင်းသော လားရာ နိမ္မာနရတိ နတ်ပြည်သို့ ရောက်ရသနည်း၊ သင်သည် အဘယ်ဆရာ၏ အဆုံးအမစကားကို လိုက်နာသသနည်း၊ သင်သည် မြတ်စွာဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါမူ ငါ့အား ဖြေကြားပါလော့။

၁၄၂။ တောင်တို့၏ အလယ် ကောင်းစွာဖန်ဆင်းထားသော (ရာဇဂြိုဟ်) ပြည်မြတ်၌ ကြက်သရေရှိသော (ဗိမ္ဗိသာရ) မင်းမြတ်၏ အလုပ်အကျွေး ဖြစ်ခဲ့ဘူးပါပြီ၊ အကျွန်ုပ်သည်

http://www.dhammadownload.com



ကခြင်း သီဆိုခြင်းတို့ကို အလွန်ကောင်းမွန်စွာ သင်ယူပြီး ဖြစ်ခဲ့ပါပြီ၊ ရာဇဂြိုဟ်ပြည်၌ အကျွန်ုပ်ကို သိရိမာဟူ၍ သိကြပါကုန်၏။

၁၄၃။ ရဟန်းမြတ် ဖြစ်တော်မူသော ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်လည်း အကျွန်ုပ်အား ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏ မမြဲသည်၏ အဖြစ်ကိုရှင်း, မပြုပြင်အပ်သော ဆင်းရဲချုပ်ရာ နိရောဓသစ္စာ၏ မြဲသည်၏ အဖြစ်ကိုရှင်း, မကွေ့မကောက်သော ခရီးဖြစ်သော အေးချမ်းစွာသော ဤမဂ္ဂသစ္စာကိုရှင်း ဟောတော်မူခဲ့ပါ၏။

၁၄၄။ အကျွန်ုပ်သည် ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသောမြတ်စွာဘုရား၏ အဆုံးအမဖြစ်သော သေခြင်းကင်းသော မပြုပြင်အပ်သော နိဗ္ဗာန်ရောက်ကြောင်း တရားကို ကြားနာရ၍ သီလတို့၌ ကောင်းစွာ စောင့်စည်းခဲ့ပါ၏၊နတ်လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား ဟောအပ်သော တရား၌ တည်ခဲ့ပါ၏။

၁၄၅။ အကျွန်ုပ်သည် ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ကိလေသာမြူကင်းသော မပြုပြင်အပ်သော နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို သိရပါ၍ ထိုခဏ၌ပင်လျှင် ဆန့်ကျင်ဘက် တရားတို့ကို ငြိမ်းစေကတ်သော (လောကုတ္တရာ)သမာဓိသို့ ရောက်ခဲ့ပါ၏၊ ထိုသမာဓိကို ရခြင်းသည်ပင်လျှင် အကျွန်ုပ်အား မြတ်သည် မြဲသည်၏ အဖြစ်(အရိယာမဂ်)သည် ဖြစ်ခဲ့ပါ၏။

၁၄၆။ အကျွန်ုပ်သည် ပုထုဇဉ်တို့ထက် ထူးအောင်ပြုတတ်သော အမြိုက်နိဗ္ဗာန်ကို ရပြီး၍ ထိုးထွင်းသိအပ်သော မဂ်ဉာဏ်၌ အထူးသို့ရောက်လျက် အမှန်ယူခြင်းရှိပါ၏၊ ယုံမှားသံသယလည်း ကင်းပါ၏၊ အကျွန်ုပ်သည် လူအများတို့ အပူဇော်ကို ခံယူလျက် များပြားလှစွာသော မြူးထူးမွေ့လျော်ခြင်းကို ခံစားရပါ၏။

၁၄၇။ ဤနည်းဖြင့် အကျွန်ုပ်သည် အမြိုက်နိဗ္ဗာန်ကို သိမြင်ရသူ နတ်သမီး ဖြစ်ပါ၏၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား၏ တပည့်မ ဖြစ်ခဲ့ပါ၏၊ (သစ္စာလေးပါး)တရားတို့ကို မြင်ခြင်းရှိပါ၏၊ သောတာပတ္တိဖိုလ်၌ တည်သူ သောတာပန်လည်း ဖြစ်ပါ၏၊ အကျွန်ုပ်အား မကောင်းသော လားရာဂတိ မရှိတော့ပါ။

၁၄၈။ ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ရှိခိုးခြင်းငှါရှင်း ကြည်ညိုဖွယ် ဆောင်ကုန်သော အပြစ်မရှိသော (နိဗ္ဗာန်) တရား၌ မွေ့လျော်ကုန်သော ရဟန်းတို့ကိုလည်း ရှိခိုးခြင်းငှါရှင်း ဘေးမရှိမူ၍ မကောင်းမှုကို ငြိမ်းစေပြီးသော မြတ်စွာဘုရားနှင့် မြတ်စွာဘုရား တပည့်တို့၏ အစည်းအဝေးသို့ ချဉ်းကပ်ခဲ့ပါ၏၊ ဘုန်းကြက်သရေ ရှိတော်မူသော တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၌ ရိုသေလေးမြတ်ခြင်း ရှိခဲ့ပါ၏။

၁၄၉။ အကျွန်ုပ်သည် ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ဆုံးမထိုက်သူတို့ကို ဆုံးမတော်မူတတ်သည့် ယောကျ်ားမြတ်လည်း ဖြစ်တော်မူသော တဏှာကို ဖြတ်တော်မူပြီးသော အပြစ်မရှိသော(နိဗ္ဗာန်)တရား၌ မွေ့လျော်တော်မူတတ်သော နတ်လူတို့၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ဝမ်းမြောက်သော စိတ်ရှိလျက် နှစ်သက်ခဲ့ရပါ၏၊ အကျွန်ုပ်သည် မြတ်သော အစီးအပွါးဖြင့် (သတ္တဝါအားလုံးတို့ကို) သနားစောင့်ရှောက်တော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏။

**တဆယ့်ခြောက်ခုမြောက်သော သိရိမာဝိမာနဝတ္ထု ပြီး၏။**

http://www.dhammadownload.com



## ၁၇-ကေသကာရိဝိမာနဝတ္ထု

၁၅၀။ နှစ်သက်ဖွယ်ရှိ၍ ပြိုးပြိုးပြက်ထွက်သော အရောင်အဆင်းလည်းရှိသော ကြောင်မျက်ရွဲဖြင့်ပြီးသော တိုင်လည်းရှိသော အလွန်ကျယ်ပြန့်သော ကောင်းစွာ ဖန်ဆင်းအပ်သော ရွှေသစ်ပင်တို့ဖြင့် ထက်ဝန်းကျင်မှလည်း ဖုံးလွှမ်းအပ်သော ကံ၏ အကျိုးနှင့်တကွဖြစ်သော ဤဗိမာန်သည် ငါ၏ နေရာ ဗိမာန်ပေတည်း။

၁၅၁။ ထိုငါ၏ ဗိမာန်၌ ဖြစ်ကုန်သော ဤနတ်သမီးပေါင်းတို့သည် တသိန်းမျှ ရှိကုန်၏၊ မိမိကံကြောင့် ယခုအခါ၌ ရောက်လာသော သင်သည် အခြံအရံနှင့် ပြည့်စုံသူဖြစ်၏၊ (ထိုမိမိကံ အာနုဘော်ကြောင့် သာလျှင်) ရှေးနတ်သမီးတို့ထက် ထွန်းလင်း တောက်ပလျက် တည်နေဘိ၏။

၁၅၂။ ယုန်ရေးတံဆိပ်ရှိသော နက္ခတ်တာရာ ကြယ်တကာတို့၏ မင်းဖြစ်သော လသည် ကြယ်တာရာအပေါင်းကို လွှမ်းမိုး၍ တင့်တယ်သကဲ့သို့ ထို့အတူသာလျှင် သင်သည် ဤနတ်သမီး အပေါင်းကို လွှမ်းမိုး၍ အခြံအရံဖြင့် အလွန်ထွန်းလင်း တောက်ပလျက် တင့်တယ်ပါ၏။

၁၅၃။ အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် ရှုချင်ဖွယ်ရှိသော နတ်သမီး သင်သည် အဘယ်ဘဝမှ လာခဲ့၍ ဤငါ၏ ဘုံဗိမာန်သို့ ရောက်လာဘိသနည်း၊ သိကြားမင်းနှင့်တကွ တာဝတိံသာ နတ်တို့သည် ဗြဟ္မာမင်းကို ကြည့်ရှုရသဖြင့် မရောင့်ရဲနိုင်သကဲ့သို့ အလုံးစုံသော ငါတို့သည် သင့်ကို ကြည့်ရှုရခြင်းဖြင့် မရောင့်ရဲနိုင်ကြပါကုန်(ဟု သိကြားမင်းက မေး၏)။

၁၅၄။ သိကြားမင်း "အဘယ်အရပ်မှ စုတေ၍ ဤငါ့ဗိမာန်သို့ သင်လာရောက်သနည်း"ဟူသော အမေးကို အကျွန်ုပ်အား မေးဘိ၏၊ သိကြားမင်း အကျွန်ုပ်သည် ကာသိတိုင်း ဗာရာဏသီမည်သော ပြည်၌ရှိ၏၊ ရှေးဘဝက ထိုဗာရာဏသီပြည်၌ ကေသကာရီမည်သော မိန်းမ ဖြစ်ခဲ့ဘူးပါ၏။

၁၅၅။ အကျွန်ုပ်သည် ဘုရား၌၎င်း, တရား၌၎င်း, သံဃာ၌၎င်း ကြည်ညိုစိတ် ရှိခဲ့ပါ၏၊ အမှန်ဟုယူခြင်း ရှိပါ၏၊ ယုံမှား(သံသယ) မရှိခဲ့ပါ၊ သိက္ခာပုဒ်တို့ကိုလည်း မကျိုးမပေါက်စေခဲ့ပါ၊ သောတာပတ္တိဖိုလ်သို့လည်း ရောက်ခဲ့ပါ၏၊ သစ္စာလေးပါးတို့ကို သိတတ်သော မဂ်ဉာဏ်၌ အနှောက်အယှက်ကင်း၍ မြဲသောသဘော ရှိပါ၏။

၁၅၆။ "ဘုရား၌၎င်း, တရား၌၎င်း, သံဃာ၌၎င်း ကြည်ညိုစိတ်ရှိခဲ့ပါ၏၊ အမှန်ဟုယူခြင်းရှိပါ၏၊ ယုံမှား(သံသယ)မရှိခဲ့ပါ၊ သိက္ခာပုဒ်တို့ကိုလည်း မကျိုးမပေါက်စေခဲ့ပါ၊ သောတာပတ္တိဖိုလ်သို့လည်း ရောက်ခဲ့ပါ၏၊ သစ္စာလေးပါးတို့ကို သိတတ်သော မဂ်ဉာဏ်၌ အနှောက်အယှက် ကင်း၍ မြဲသော သဘောရှိပါ၏"ဟု ပြောဆိုသော နတ်သမီး သင်၏ ထို(ကောင်းမှုပြည့်စုံခြင်း နတ်စည်းစိမ် ပြည့်စုံခြင်း နှစ်ပါး)ကို ငါတို့ နှစ်သက် ဝမ်းမြောက်ပါကုန်၏၊ သင်၏ လာခြင်းသည် ကောင်းသော လာခြင်းလည်း ဖြစ်ပါ၏၊ သင်သည် တရားဖြင့်၎င်း, အခြံအရံဖြင့်၎င်း တင့်တယ်ပါပေ၏။

တဆယ့်ခုနစ်ခုမြောက်သော ကေသကာရီဝိမာနဝတ္ထု ပြီး၏။

ဣတ္ထိဝိမာနဝဂ်၌ ရှေးဦးစွာသော ပီဌဝဂ် ပြီး၏။

http://www.dhammadownload.com



## ၂-စိတ္တလတာဝဂ်

### ၁-ဒါသိဝိမာနဝတ္ထု

၁၅၇။ (နတ်သမီး သင်သည်) နတ်တို့ အရှင် သိကြားမင်းကဲ့သို့ နတ်သမီး အပေါင်း ခြံရံလျက် နှလုံးမွေ့လျော်ဖွယ် ကောင်းသော စိတ္တလတာ အမည်ရှိသော ဥယျာဉ်အတွင်း ဝယ် သောက်ရှူးကြယ်ကဲ့သို့ အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် ထက်ဝန်း ကျင်မှ လှည့်လည်ဘိ၏။

၁၅၈။ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့ သဘောရှိသော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား ကောင်းကျိုး ပြည့်စုံ သနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့ ဖြစ်ပေါ် ကုန်သနည်း။

၁၅၉။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

၁၆၀။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်း သာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၁၆၁။ အကျွန်ုပ်သည် လူဘဝဝယ် လူဖြစ်ခဲ့စဉ်က သူတပါးတို့အိမ်၌ အစေခံကျွန်မ ဖြစ်ခဲ့ဘူးပါပြီ။

၁၆၂။ (စက္ခု)ငါးပါးရှိတော်မူသော အခြံအရံ အကျော်အစောနှင့် ပြည့်စုံတော် မူသော ဂေါတမမြတ်စွာဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါ၏၊ တာဒိလက္ခဏာနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရား၏ သာသနာတော်၌ အကျွန်ုပ်အား ကိလေသာ တရားတို့မှ ထွက်မြောက်ကြောင်း လုံ့လရှိခဲ့ပါ၏။

၁၆၃-၄။ ဤခန္ဓာကိုယ်သည် ပျက်လိုမူလည်း ပျက်ပါစေ၊ ဤကမ္မဋ္ဌာန်းကို အားထုတ် ရာ၌ လျော့လျော့ပြုမှု မရှိသည်သာလျှင်တည်း၊ သိက္ခာပုဒ်ငါးပါးတို့ (ပြည့်စုံကြောင်း ဖြစ်သော) ချမ်းသာစေတတ်သော ငြိမ်းချမ်းသော ရာဂစသော ဆူးငြောင့်မရှိသော ကိလေသာ မိစ္ဆာအယူ ခြုံလည်း မရှိသော ဖြောင့်မတ်သော သဘောရှိသော ဘုရား အစရှိ ကုန်သော သူတော်မြတ်တို့ ဟောကြားအပ်သော အရိယာမဂ်သည် ရှိပါ၏ မိန်းမသား မျှပင် ဖြစ်ပါလျက် ဤအရိယာမဂ်သို့ ရောက်ခဲ့ပါပြီ၊ အားထုတ်မှုလုံ့လ၏ အကျိုးကို ရှုတော် မူပါလော့။

၁၆၅-၈။ အကျွန်ုပ်သည် မိမိအလိုသို့ လိုက်စေတတ်သော သိကြားမင်း၏ အတိုင်ပင်ခံ နတ်သမီး ဖြစ်ခဲ့ပါ၏၊ အာလမ္ဗတူရိယာ, ဂဂ္ဂရတူရိယာ, ဘီမတူရိယာ သာဓုဝါဒီတူရိယာ, သံသယတူရိယာ, ပေါက္ခရတူရိယာ, သုဖဿတူရိယာစသော ခြောက်သောင်းကုန်သော

http://www.dhammadownload.com



တူရိယာတို့သည် အကျွန်ုပ်၏ နှစ်သက် ဝမ်းမြောက်မှုကို နိုးကြားစေပါကုန်၏၊ ဝိဏာမောက္ခ နတ်သမီး, နန္ဒာနတ်သမီး, သုနန္ဒာနတ်သမီး, သောဏဒိန္နာနတ်သမီး, သုစိမှိတာနတ်သမီး, အလမ္ဗုသာနတ်သမီး, မိဿကေသီနတ်သမီး, ပုဏ္ဍရိကာနတ်သမီး, အတိဒါရုဏီနတ်သမီး, ဧဏိဖဿာနတ်သမီး, သုဖဿာနတ်သမီး, သုဘဒ္ဒါနတ်သမီး, မုဒုဝါဒိနီနတ်သမီး ဤဆိုခဲ့ပြီးသော နတ်သမီးတို့နှင့် နတ်သမီးတို့တွင် အထူးသဖြင့် ချီးမွမ်းအပ်ကုန်သော အခြားနတ်သမီးတို့သည် အကျွန်ုပ်၏ နှစ်သက် ဝမ်းမြောက်မှုတို့ကို ကြားစေပါကုန်၏။

၁၆၉။ ထိုနတ်သမီးတို့သည် လျောက်ပတ်သောအခါ၌ အကျွန်ုပ်ထံသို့ ချဉ်းကပ်ကုန်၍ "ယခုအခါ အကျွန်ုပ်တို့သည် ကခုန်ကြပါကုန်အံ့ သီချင်းသီဆိုကြပါကုန်အံ့ သင့်ကို မွေ့လျော်စေကြပါကုန်အံ့"ဟု ပြောဆိုကြပါကုန်၏။

၁၇၀။ စိုးရိမ်ခြင်းမရှိသော နှစ်သက်ခြင်းကို ဖြစ်စေတတ်သော နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော တာဝတိံသာနတ်တို့၏ ကြီးမြတ်သော ဥယျာဉ်ဖြစ်သော ဤအရပ်ဌာနသည် ကောင်းမှုကို မပြုကုန်သော သူတို့အတွက် မဟုတ်ပါ၊ ကောင်းမှုကို ပြုပြီးသူတို့အတွက်သာလျှင် ဖြစ်ပါ၏။

၁၇၁။ ကောင်းမှုကို ပြုလေ့မရှိကုန်သော သူတို့အား ဤဘဝ၌ရှင်း, တမလွန်ဘဝ၌ရှင်း ချမ်းသာမှု မရှိပါ၊ ကောင်းမှုကို ပြုပြီးကုန်သော သူတို့အားသာလျှင် ဤ ဘဝ၌ရှင်း, တမလွန်ဘဝ၌ရှင်း ချမ်းသာမှု ရှိနိုင်ပါ၏။

၁၇၂။ ထိုတာဝတိံသာနတ်တို့၏ အပေါင်းအသင်းအဖြစ်ကို အလိုရှိကုန်သော သူတို့သည် ကုသိုလ်ကို များစွာပြုအပ်၏၊ ထိုစကား မှန်၏၊ ကောင်းမှုကို ပြုပြီးသူတို့သည် နတ်ပြည်၌ နတ်စည်းစိမ်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ မွေ့လျော်ရကုန်၏။

ရှေးဦးစွာသော ဒါသိဝိမာနဝတ္ထု ပြီး၏။

---

## ၂-လခုမာဝိမာနဝတ္ထု

၁၇၃။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ ထို့အတူ သင်သည် အလွန် နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၁၇၄။ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုး ချမ်းသာ) ပြည့်စုံသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့ ဖြစ်ပေါ်ကုန်သနည်း။

၁၇၅။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း။

http://www.dhammadownload.com



၁၇၆။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ (မျက်မှောက်၌ဖြစ်သော) အကျိုး၏ အကြောင်းကို ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၁၇၇-၈။ အကျွန်ုပ်၏အိမ်သည် ကေဝဋ္ဋအမည်ရှိသော တံခါးမှ ထွက်ရာအရပ်၌ ဖြစ်ပါ၏၊ ထိုကေဝဋ္ဋအမည်ရှိသော တံခါး၌ ထွက်ဝင်သွားလာကုန်သော မြတ်သော သီလက္ခန္ဓစသော ဂုဏ်ကို ရှာမှီးလေ့ရှိကုန်သော ဘုရားသားတော် ရဟန်းတို့အား ဆွမ်းကိုဝင်း၊ မုယောမှုံကိုဝင်း၊ ဆန်ဖြင့် ရောနှောချက်သော ဟင်းရွက်ဟင်းကိုဝင်း ပေးလှူခဲ့ဘူးပါပြီ၊ ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၌ အထူးကြည်ညိုသော စိတ်ဖြင့် လောဏသောဝီရက[1] အဖျော်ကိုလည်း ပေးလှူခဲ့ဘူးပါ၏။

၁၇၉။ အကျွန်ုပ်သည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌ဝင်း၊ တဆယ့်ငါးရက်မြောက်သော နေ့၌ဝင်း၊ ရှစ်ရက်မြောက်သော နေ့၌ဝင်း၊ ဥပုသ်နေ့တို့၏ အကြိုနေ့ အပိုနေ့၌ဝင်း အင်္ဂါရှစ်ပါးရှိသော ဥပုသ်နှင့် ပြည့်စုံခဲ့ဘူးပါ၏။

၁၈၀။ ဥပုသ်ကိုကျင့်သုံးခဲ့ပါ၏၊ အခါခပ်သိမ်း သီလတို့ကို ကောင်းစွာ စောင့်ထိန်းခဲ့ပါ၏၊ (ကိုယ်နှုတ်ကို) စောင့်စည်းခဲ့ပါ၏၊ ခွဲဝေလှူဒါန်းခဲ့ပါ၏၊ (ထိုကုသိုလ်ကြောင့်) ဗိမာန်၌ အကျွန်ုပ် နေရပါ၏။

၁၈၁။ အကျွန်ုပ်သည် အသက်သတ်ခြင်းမှလည်း ရှောင်ကြဉ်ခဲ့ပါ၏၊ မမှန်စကား ပြောဆိုခြင်းမှဝင်း၊ မပေးသည်ကို ခိုးယူခြင်းမှဝင်း၊ လင်ကိုကျော်လွန်၍ ယောကျ်ားတပါးနှင့် သွားလာ လွန်ကျူး၍ ကျင့်ခြင်းမှဝင်း၊ သေရည် သေရက် သောက်ခြင်းမှဝင်း ဝေးစွာ ရှောင်ကြဉ်ခဲ့ပါ၏။

၁၈၂။ အကျွန်ုပ်သည် သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်ခဲ့ပါ၏၊ အရိယသစ္စာတို့၌ လိမ်မာခဲ့ပါ၏၊ စက္ခုငါးပါးရှိတော်မူ၍ အကျော်အစော အခြံအရံရှိတော်မူသော ဂေါတမမြတ်စွာ ဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါ၏။

၁၈၃။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော . အရောင်အဆင်း ဖြစ်ပါ၏။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏။

၁၈၄။ အရှင်ဘုရား "လခုမာအမည်ရှိသော ဥပါသိကာမသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်လိုက်ပါ၏"ဟု အကျွန်ုပ်စကားဖြင့်ပင် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ပါလေလော့၊ အရှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို သာမညဖိုလ်တခု၌ တည်သူ ဟု မိန့်ကြားတော်မူခြင်းသည် အံ့သြဖွယ်ရာ မဟုတ်တော့ပါ (ဟု လျှောက်ဆို၏)။

ထိုလခုမာကို မြတ်စွာဘုရားသည် သကဒါဂါမိဖိုလ်၌ မိန့်ကြားတော်မူခဲ့ဘူး၏။

နှစ်ခုမြောက်သော လခုမာဝိမာနဝတ္ထု ပြီး၏။

---

[1] ၁-လောဏသောဝီရက အဖျော်ဟူသည် ဆေးပါးတို့၏ အရည်အဖရှိသော များစွာသော အဆောက်အဦတို့ဖြင့် ပြီးစေအပ်သော အဖျော်တည်း။ (အဋ္ဌကထာ။)

http://www.dhammadownload.com



## ၃-အာစာမဒါယိကာဝိမာနဝတ္ထု

၁၇၅-၆။ (ဆွေမျိုးပြုန်းတီး၍)အထီးကျန်သော ဆင်းရဲသောသူတပါးအိမ်အဖီကိုမှီ၍ နေရသော မိန်းမသည် ဆွမ်းအလို့ငှါ လှည့်လည်လျက် ဆိတ်ဆိတ်နေကာ ရပ်တည်သော အရှင်ဘုရားအား ကြည်ညိုစိတ် ရှိသည်ဖြစ်၍ ထမင်းချိုးကို ကိုယ်ထိလက်ရောက် ပေးလှူ ဘူးပါပြီ၊ ထိုမိန်းမသည် လူ့ကိုယ်ခန္ဓာကို စွန့်၍ အဘယ်ဘဝသို့ လားလေသနည်း (ဟု သိကြားမင်းက မေး၏)။

၁၇၇-၉။ (ဆွေမျိုးပြုန်းတီး၍)အထီးကျန်သော ဆင်းရဲသော သူတပါးအိမ်အဖီကိုမှီ၍ နေရသောမိန်းမသည် ဆွမ်းအလို့ငှါ လှည့်လည်လျက် ဆိတ်ဆိတ်နေကာ ရပ်တည်သော ငါ့အား ကြည်ညိုစိတ် ရှိသည်ဖြစ်၍ ထမင်းချိုးကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ဘူး၏၊ ထို မိန်းမသည် လူ့ကိုယ်ခန္ဓာကို စွန့်၍ ဤလူ့ဘဝမှ ကင်းလွတ် စုတေသောအခါ တန်ခိုး ကြီးသော နတ်တို့ရှိရာ နိမ္မာနရတိနတ်ပြည်၌ ချမ်းသာခြင်းသို့ ရောက်၍ မွေ့လျော် စံပျော်နေရ၏၊(ဟု အသျှင်မဟာကဿပ မိန့်တော်မူ၏)။

၁၈၀။ အသျှင်မဟာကဿပ၌ ကောင်းစွာတည်စေသော အထီးကျန်သော မိန်းမ၏ အလှူသည် အံ့ဖွယ်ရှိပေစွ၊ သူတပါးတို့အိမ်မှ ဆောင်လာသော ထမင်းချိုး ဟူသော လှူဖွယ်ဝတ္ထုဖြင့် ပေးလှူအပ်သော အလှူသည် ပြည့်စုံပေစွတကား။

၁၈၁။ အချင်းတို့ အင်္ဂါကြီးငယ် အလုံးစုံကောင်းခြင်းရှိသော လင်၏ ရှုမငြီးသော မိန်းမသည် စကြာမင်း၏ မိဖုရားဖြစ်သော်လည်း ထိုမိဖုရားအဖြစ်သည် ဤသူဆင်းရဲမ ပေးလှူသော ထမင်းချိုး အလှူ၏ (အကျိုးကို) တဆယ့် ခြောက်စိတ် စိတ်၍ တစိတ် လောက်မျှ တန်ဖိုး မရှိပေ။

၁၈၂။ ရွှေစင်နိက္ခတသိန်း, မြင်းတသိန်း, အဿတရီမြင်းကသော ရထား တသိန်း, ပတ္တမြားနားဒောင်း ဝတ်ဆင်ကုန်သော သမီးကညာတသိန်း (ဤအလုံးစုံတို့သည်လည်း) ဤသူဆင်းရဲမ ပေးလှူသော ထမင်းချိုး အလှူ၏ (အကျိုးကို) တဆယ့် ခြောက်စိတ် စိတ်၍ တစိတ်လောက်မျှ တန်ဖိုးမရှိကြပေကုန်။

၁၈၃။ ဟိမဝန္တာတောင်၌ ဖြစ်ကုန်သော စဉ်းငယ် ညွတ်သော အစွယ်ရှိကုန်သော ကြီးစွာသော စစ်ထိုးခြင်းကို ရွက်ဆောင်နိုင်ကုန်သော ရွှေကကြိုး တပ်အပ်ကုန်သော ရွှေ တန်ဆာတို့ဖြင့် ဖွဲ့အပ်သော ကိုယ်ရှိကုန်သော မာတင်္ဂမျိုး၌ ဖြစ်ကုန်သော ဆင်အကောင် တရာတို့သည် ဤသူဆင်းရဲမ ပေးလှူသော ထမင်းချိုးအလှူ၏ (အကျိုးကို) တဆယ့် ခြောက်စိတ် စိတ်၍ တစိတ်လောက်မျှ တန်ဖိုးမရှိကြပေ။

၁၈၄။ ဤလောက၌ အကြင် သူသည် ကျွန်းကြီး လေးကျွန်းတို့ကို အစိုးရခြင်းကို ပြုရာ၏၊ ထိုသူ၏ ထိုစကြဝတေးမင်း စည်းစိမ်သည် ဤသူဆင်းရဲမ ပေးလှူသော ထမင်းချိုးအလှူ၏ (အကျိုးကို) တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်လောက်မျှ တန်ဖိုး မရှိပေ။

သုံးခုမြောက်သော အာစာမဒါယိကာဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၄-စဏ္ဍာလိဝိမာနဝတ္ထု

၁၉၅။ စဏ္ဍာလီဒါယိကာမကြီး အခြံအရံ အကျော်အစော ရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးလော၊ အမြတ်ဆုံး ဣသိဖြစ်တော်မူသော မြတ်စွာဘုရားသည် သင့်ကိုသာလျှင် ချီးမြှောက်တော်မူခြင်းငှါ ရပ်တည်တော်မူ၏။

၁၉၆။ တာဒိဂုဏ်နှင့်[၁] ပြည့်စုံတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၌ စိတ်ကို ကြည်လင်စေလော့၊ လျင်မြန်စွာ လက်အုပ်ချီ၍ ရှိခိုးလိုက်လော၊ သင်၏ အသက်သည် အလွန်တိုတောင်းလှ၏၊ (ဟု အသျှင်မောဂ္ဂလ္လာန် မိန့်တော်မူ၏)။

၁၉၇။ ပွါးအပ်ပြီးသောစိတ်ရှိသော အဆုံးဖြစ်သောကိုယ်ခန္ဓာကို ဆောင်သော အသျှင်မောဂ္ဂလ္လာန်က တိုက်တွန်းသဖြင့် စဏ္ဍာလီဒါယိကာမကြီးသည် အခြံအရ အကျော်အစော ရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးလေ၏။

၁၉၈။ အမိုက်တိုက်လောက၌ ဉာဏ်အလင်းကို ပြုတော်မူတတ်သော မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးလျက် ဘည်သော ထိုစဏ္ဍာလီဒါယိကာမကြီးကို နွားမသည် ဝှေ့သတ်လေ၏။

၁၉၉။ နတ်တန်ခိုးအာနုဘော်နှင့် ပြည့်စုံခြင်းသို့ရောက်သော စဏ္ဍာလီနတ်သမီးသည် အာသဝေါကုန်ပြီး၍ ကိလေသာမှုကင်းပြီးသော တဏှာမရှိသော ဆိတ်ငြိမ်ရာ တောအရပ်၌ တယောက်ထီးတည်း နေသော အသျှင်မောဂ္ဂလ္လာန်ထံသို့ ချဉ်းကပ်၍ ကြီးသော လုံ့လရှိသော အရှင်ဘုရား အာနုဘော်ကြီးတော်မူသော အရှင်ဘုရားကို အကျွန်ုပ်ရှိခိုးပါ၏ (ဟု လျှောက်၏)။

၂၀၀။ တင့်တယ်ခြင်း ဂုဏ်နှင့် ပြည့်စုံသော နတ်သမီး ရွှေစင်အဆင်းနှင့် တူသော အဆင်းရှိသော ထွန်းလင်းတောက်ပ၍ များသော အခြံအရရှိသော အမျိုးမျိုးသော ဆန်းကြယ်ခြင်းရှိသည်ဖြစ်၍ နတ်သမီးအပေါင်းခြံရံလျက် ဗိမာန်မှသက်ဆင်းကာ ငါ့အားရှိခိုးသော သင်သည် အဘယ်သူနည်း (ဟု အသျှင်မောဂ္ဂလ္လာန်မေး၏)။

၂၀၁။ အရှင်မြတ်ဘုရား အကျွန်ုပ်သည် စဏ္ဍာလီပါတည်း ကြီးမြတ်သော လုံ့လရှိသော အရှင်သည် တိုက်တွန်း နှိုးဆော်အပ်သောကြောင့် ပူဇော် အထူးကို ခံတော်မူထိုက်သော အခြံအရံ အကျော်အစော ရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးခဲ့ပါ၏။

၂၀၂။ အရှင်မြတ်ဘုရား ထိုအကျွန်ုပ်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးခြင်းကြောင့် ဒွန်းစဏ္ဍားအမျိုးမှ စုတေခဲ့သည်ရှိသော် နှစ်သက်စဖွယ် တာဝတိံသာ နတ်ပြည်ဝယ် အလုံးစုံ ကောင်းမြတ် တင့်တယ်သော ဗိမာန်၌ ဖြစ်ရပါ၏။

၂၀၃။ နတ်သမီးတသိန်းတို့သည် အကျွန်ုပ်ကို ခြံရံ၍ တည်ပါကုန်၏၊ အကျွန်ုပ်သည် ထိုနတ်သမီး တသိန်းတို့ထက် အရောင်အဆင်းအားဖြင့်၎င်း အခြံအရံအားဖြင့်၎င်း အသက်အားဖြင့်၎င်း မြတ်ပါ၏၊ အထူးသဖြင့် ချီးမွမ်းအပ်ပါ၏။

---

၁-တာဒိဂုဏ်=လောကဓံနှင့်ကြုံသော်လည်း တုန်လှုပ်ခြင်းမရှိ သည်းခံနိုင်သော ဂုဏ်။

http://www.dhammadownload.com



၂၀၄။ အရှင်ဘုရား လောက၌ အကျွန်ုပ်သည် ပြုအပ်ပြီးသော ကုသိုလ် အများ ရှိပါ၏၊ ပညာ အဆင်အခြင်နှင့် ပြည့်စုံပါ၏၊ အောက်မေ့မှု သတိနှင့် ပြည့်စုံပါ၏၊ မုနိ ဖြစ်တော်မူသော သနားခြင်း ရှိတော်မူသော ထိုအရှင်ဘုရားကို ရှိခိုးခြင်းငှါ လာရောက် ပါ၏။

၂၀၅။ သူတပါးကျေးဇူးကို သိတတ်သော သူတပါးကျေးဇူးကို ထင်စွာပြုတတ်သော စဏ္ဍာလီနတ်သမီးသည် ဤစကားကိုဆိုပြီး၍ ကိလေသာတို့မှ ကင်းဝေးခြင်းစသော ဂုဏ်နှင့် ပြည့်စုံသော အသျှင်မောဂ္ဂလ္လာန်၏ ခြေတို့ကို ရှိခိုးပြီးလျှင် ထိုအရပ်၌ပင်လျှင် ကွယ်ပျောက် လေ၏။

လေးခုမြောက်သော စဏ္ဍာလိဝိမာနဝတ္ထု ပြီး၏။

---

## ၅-ဘဒ္ဒိတ္ထိဝိမာနဝတ္ထု

၂၀၆-၇။ ညိုသောအဆင်းတို့ရှင်း, ရွှေသောအဆင်းတို့ရှင်း, မည်းသောအဆင်းတို့ ရှင်း, မောင်းသော အဆင်းတို့ရှင်း, နီသောအဆင်းတို့ရှင်း ထိုမှတပါး (ဖြူသော အဆင်း စသည်တို့သည်ရှင်း) ဤသို့ အဆင်းအမျိုးမျိုး ရှိကုန်သော ဝတ်ဆံဝတ်မှုန်တို့ဖြင့် ခြံရံအပ် ကုန်သော မန္ဒာရဝအမည်ရှိသော နတ်ပန်းတို့ဖြင့် သီကုံးအပ်သော ပန်းကုံးကို ဦးထိပ်၌ ပန်ဆင်ဘိ၏၊ ကောင်းသောပညာရှိသော နတ်သမီး ဤသို့သော အဆင်းသဏ္ဌာန်တို့ နှင့် စပ်ယှဉ်ကုန်သော သစ်ပင်တို့သည် တပါးသော နတ်ပြည်တို့၌ မရှိကုန်။

၂၀၈။ များသော အခြံအရံရှိသော နတ်သမီး အဘယ်ကုသိုလ်ကြောင့် တာဝတိံ- သာနတ်ပြည်၌ ဖြစ်ရသနည်း၊ ဤအကျိုးသည် အဘယ်ကုသိုလ်၏ အကျိုးနည်း၊ ငါမေး အပ်သည်ဖြစ်၍ သင်သည် ဖြေကြားလော့ (ဟု မြတ်စွာဘုရားက မေးတော်မူ၏)။

၂၀၉။ ကိမိလမြို့တွင် ဘဒ္ဒိတ္ထိကာ အမည်ရှိသော ဥပါသိကာမဟူ၍ အကျွန်ုပ်ကို လူများ သိကြပါကုန်၏၊ယုံကြည်မှု'သဒ္ဓါ' စောင့်ထိန်းမှု 'သီလ'နှင့် ပြည့်စုံခဲ့ပါ၏၊အခါခပ်သိမ်း ခွဲဝေ ပေးကမ်းမှု၌ မွေ့လျော်ခဲ့ပါ၏။

၂၁၀။ ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၌ အထူးသဖြင့် ကြည်လင်သော စိတ်ဖြင့် အဝတ်အရုံကိုရှင်း, ဆွမ်းကိုရှင်း, အိပ်ရာနေရာကိုရှင်း, ဆီမီးတန်ဆောင်ကိုရှင်း ပေးလှူခဲ့ပါ၏။

၂၁၁။ အကျွန်ုပ်သည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌ရှင်း, တဆယ့်ငါးရက်မြောက်သော နေ့၌ရှင်း, ရှစ်ရက်မြောက်သော နေ့၌ရှင်း, ဥပုသ် နေ့တို့၏ အကြိုနေ့ အပို့နေ့၌ရှင်း အင်္ဂါရှစ်ပါးရှိသော ဥပုသ်နှင့် ပြည့်စုံခဲ့ပါ၏။

၂၁၂။ ဥပုသ်ကို ကျင့်သုံးခဲ့ပါ၏၊ အခါခပ်သိမ်း သီလတို့ကို ကောင်းစွာ စောင့်ထိန်း ခဲ့ပါ၏၊ (ကိုယ်နှင့် နှုတ်ကို) စောင့်စည်းခဲ့ပါ၏၊ ခွဲဝေလှူဒါန်းခဲ့ပါ၏၊ (ထို ကုသိုလ်ကြောင့်) ဗိမာန်၌ အကျွန်ုပ် နေရပါ၏။

http://www.dhammadownload.com



၂၁၃။ အကျွန်ုပ်သည် အသက်သတ်ခြင်းမှလည်း ရှောင်ကြဉ်ခဲ့ပါ၏၊ မမှန်စကား ပြောဆိုခြင်းမှငင်း, မပေးသည်ကို ခိုးယူခြင်းမှငင်း, လင်ကိုကျော်လွန်၍ ယောကျ်ား တပါးနှင့် သွားလာလွန်ကျူး၍ ကျင့်ခြင်းမှငင်း, သေရည်သေရက် သောက်ခြင်းမှငင်း ဝေးစွာ ရှောင်ကြဉ်ခဲ့ပါ၏။

၂၁၄။ အကျွန်ုပ်သည် သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်ခဲ့ပါ၏၊ အရိယသစ္စာတို့၌ လိမ္မာ ခဲ့ပါ၏၊ စက္ခုငါးပါးရှိတော်မူ၍ မြတ်စွာဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါ၏၊ (ကုသိုလ် တရားတို့၌) မမေ့မလျော့ နေခဲ့ပါ၏၊ ပြုပြီးသော ချမ်းသာ၏ တည်ရာ သုစရိုက် ပြုပြီး သော ကုသိုလ်ရှိသည်ဖြစ်၍ ထိုဘဝမှ စုတေလတ်သော် မိမိအရောင်အဝါဖြင့် ထွန်းပလျက် နှစ်သက်ဖွယ်ရာ တာဝတိံသာနတ်ပြည်၌ လှည့်လည်နေထိုင်ရပါ၏။

၂၁၅။ မြတ်သောအစီးအပွါးတို့ဖြင့် သနားစောင့်ရှောက်တတ်ကုန်သော ရဟန်းတို့ကို ငင်း, ကိလေသာတို့ကို ပူပန်စေတတ်သော အကျင့်မြတ်ရှိသော အဂ္ဂသာဝကအစုံဖြစ်သော ရဟန်းမြတ်ကိုငင်း လုပ်ကျွေးခဲ့ဘူးပါ၏၊ ပြုပြီးသော ချမ်းသာ၏ တည်ရာ သုစရိုက် ပြုပြီး သော ကုသိုလ်ရှိသည်ဖြစ်၍ ထိုဘဝမှ စုတေခဲ့သော် မိမိအရောင်အဝါဖြင့် ထွန်းပလျက် နှစ်သက်ဖွယ်ရာ တာဝတိံသာ နတ်ပြည်၌ လှည့်လည်နေထိုင်ရပါ၏။

၂၁၆။ အကျွန်ုပ်သည် အကိုင်းအရှည်မရှိမူ၍ ချမ်းသာကို ဆောင်နိုင်သည့် အင်္ဂါ ရှစ်ပါးရှိသော ဥပုသ်ကို အမြဲမပြတ် စောင့်သုံးခဲ့ပါ၏၊ ပြုပြီးသော ချမ်းသာ၏ တည်ရာ သုစရိုက် ပြုပြီးသော ကုသိုလ်ရှိသည်ဖြစ်၍ ထိုဘဝမှစုတေခဲ့သော် မိမိအရောင်အဝါဖြင့် ထွန်းပလျက် နှစ်သက်ဖွယ်ရာ တာဝတိံသာနတ်ပြည်၌ လှည့်လည် နေထိုင်ရပါ၏။

ငါးခုမြောက်သော ဘဒ္ဒိတ္ထိဝိမာနဝတ္ထု ပြီး၏။

---

## ၆-သောဏဒိန္နာဝိမာနဝတ္ထု

၂၁၇။ နတ်သမီး သောက်ရှုးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေ ဘိသကဲ့သို့ ထို့အတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ် မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်ဘိ၏။

၂၁၈။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ် သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံပါသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့ ဖြစ်ပေါ်လာကုန်သနည်း။

၂၁၉။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့တောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

http://www.dhammadownload.com



၂၂၀။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏အကြောင်းကဲ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၂၂၁။ နာဠန္ဒာမြို့၌ သောဏဒိန္နာအမည်ရှိသော ဥပါသိကာမဟူ၍ အကျွန်ုပ်ကို လူများသိကြပါကုန်၏၊ အကျွန်ုပ်သည် ယုံကြည်မှု(သဒ္ဓါ), စောင့်ထိန်းမှု(သီလ)နှင့် ပြည့်စုံခဲ့ပါ၏၊ အခါခပ်သိမ်း ခွဲဝေပေးကမ်းမှု၌ မွေ့လျော်ခဲ့ပါ၏။

၂၂၂။ ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၌ အထူးသဖြင့် ကြည်လင်သော စိတ်ဖြင့် အဝတ်အရုံကိုင်၊ ဆွမ်းကိုင်၊ ကျောင်းအိပ်ရာနေရာကိုင်၊ ဆီမီးတန်ဆောင်ကိုင်း ပေးလှူခဲ့ပါ၏။

၂၂၃။ အကျွန်ုပ်သည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌၎င်း, တဆယ့်ငါးရက်မြောက်သော နေ့၌၎င်း, ရှစ်ရက်မြောက်သော နေ့၌၎င်း, ဥပုသ်နေ့တို့၏ အကြိုနေ့ အပိုနေ့၌၎င်း အင်္ဂါရှစ်ပါးရှိသော ဥပုသ်နှင့် ပြည့်စုံခဲ့ပါ၏။

၂၂၄။ ဥပုသ်ကို ကျင့်သုံးခဲ့ပါ၏၊ အခါခပ်သိမ်း သီလတို့ကို ကောင်းစွာ စောင့်ထိန်းခဲ့ပါ၏၊ (ကိုယ်နှုတ်ကို) စောင့်စည်းခဲ့ပါ၏၊ ခွဲဝေလှူဒါန်းခဲ့ပါ၏၊ (ထိုကုသိုလ်ကြောင့်) ဗိမာန်၌ အကျွန်ုပ် နေရပါ၏။

၂၂၅။ အကျွန်ုပ်သည် အသက်သတ်ခြင်းမှလည်း ရှောင်ကြဉ်ခဲ့ပါ၏၊ မမှန်စကားပြောဆိုခြင်းမှ၎င်း,မပေးသည်ကို ခိုးယူခြင်းမှ၎င်း,လင်ကိုကျော်လွန်၍ ယောကျ်ာ တပါးနှင့် သွားလာ လွန်ကျူး၍ ကျင့်ခြင်းမှ၎င်း, သေရည်သေရက် သောက်ခြင်းမှ၎င်း ဝေးစွာရှောင်ကြဉ်ခဲ့ပါ၏။

၂၂၆။ အကျွန်ုပ်သည် သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်ခဲ့ပါ၏၊ အရိယာသစ္စာတို့၌ လိမ်မာခဲ့ပါ၏၊ စက္ခုငါးပါးရှိတော်မူ၍ အကျော်အစော အခြံအရံ ရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ တပည့် ဥပါသိကာမလည်း ဖြစ်ခဲ့ပါ၏။

၂၂၇။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သဘောရှိသော အရောင်အဆင်းဖြစ်ခဲ့ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

ခြောက်ခုမြောက်သော သောဏဒိန္နာဝိမာနဝတ္ထု ပြီး၏။

---

## ၇-ဥပေါသထာဝိမာနဝတ္ထု

၂၂၈။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ ထိုအတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်ဘိ၏။

http://www.dhammadownload.com



၂၃၀။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

၂၃၂။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ။ပ။ ဤအကျိုး၏ အကြောင်းကံ ပြဿနာကို မေးသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၂၃၃။ သာကေတမြို့၌ ဥပေါသထာ အမည်ရှိသော ဥပါသိကာမဟူ၍ အကျွန်ုပ်ကို လူများသိကြပါကုန်၏၊ အကျွန်ုပ်သည် ယုံကြည်မှု (သဒ္ဓါ), စောင့်ထိန်းမှု (သီလ)နှင့် ပြည့်စုံခဲ့ပါ၏၊ အခါခပ်သိမ်း ခွဲဝေပေးကမ်းမှု၌ မွေ့လျော်ခဲ့ပါ၏။

၂၃၄။ ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၌ အထူးသဖြင့် ကြည်လင်သော စိတ်ဖြင့် အဝတ်အရုံကိုင်း, ဆွမ်းကိုင်း, ကျောင်းအိပ်ရာနေရာကိုင်း, ဆီမီးတန်ဆောင်ကိုင်း ပေးလှူခဲ့ပါ၏။

၂၃၅။ အကျွန်ုပ်သည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌ငှင်း, တဆယ့်ငါးရက်မြောက်သော နေ့၌ငှင်း, ရှစ်ရက်မြောက်သော နေ့၌ငှင်း, ဥပုသ်နေ့တို့၏ အကြိုနေ့ အပိုနေ့၌ငှင်း အင်္ဂါရှစ်ပါးရှိသော ဥပုသ်နှင့် ပြည့်စုံခဲ့ပါ၏။

၂၃၆။ ဥပုသ်ကို ကျင့်သုံးခဲ့ပါ၏၊ အခါခပ်သိမ်း သီလတို့ကို စောင့်ထိန်းခဲ့ပါ၏၊ (ကိုယ်နှုတ်ကို) စောင့်စည်းခဲ့ပါ၏၊ ခွဲဝေလှူဒါန်းခဲ့ပါ၏၊ (ထိုကုသိုလ်ကြောင့်) ဗိမာန်၌ အကျွန်ုပ်နေရပါ၏။

၂၃၇။ အကျွန်ုပ်သည် အသက်သတ်ခြင်းမှလည်း ရှောင်ကြဉ်ခဲ့ပါ၏၊ မမှန်သောစကားပြောဆိုခြင်းမှငှင်း, မပေးသည်ကို ခိုးယူခြင်းမှငှင်း, လင်ကိုကျော်လွန်၍ ယောကျ်ားတပါးနှင့် သွားလာ လွန်ကျူး၍ ကျင့်ခြင်းမှငှင်း, သေရည်သေရက် သောက်ခြင်းမှငှင်း ဝေးစွာ ရှောင်ကြဉ်ခဲ့ပါ၏။

၂၃၈။ အကျွန်ုပ်သည် သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်ခဲ့ပါ၏၊ အရိယသစ္စာတို့၌ လိမ္မာခဲ့ပါ၏၊ မျက်စိငါးပါးရှိတော်မူ၍ အကျော်အစော အခြံအရံ ရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါ၏။

၂၃၉။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

၂၄၀။ နန္ဒဝန်ဥယျာဉ် (သတင်း)ကို မပြတ်ကြားရခြင်းကြောင့် အကျွန်ုပ်အား ထိုနန္ဒဝန်ဥယျာဉ်၌ ဖြစ်လိုမှုဆန္ဒ ဖြစ်ခဲ့ပါ၏၊ အကျွန်ုပ်သည် နန္ဒဝန်ဥယျာဉ်၌ စိတ်၏တောင့်တခြင်းကြောင့် ထိုနန္ဒဝန်ဥယျာဉ်ရှိသော တာဝတိံသာနတ်ပြည်၌ ဖြစ်ရပါ၏။

၂၄၂။ သစ္စာလေးပါးကို သိတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏ (ရဟန်းတို့ငါသည် အနည်းငယ်သော ဘဝကိုမျှ တပ်မက်ခြင်းကိုလည်း မချီးမွမ်း

http://www.dhammadownload.com



စသော) စကားတော်ကို မလိုက်နာခဲ့မိပါ၊ ထိုအကျွန်ုပ်သည် ယုတ်သော ဘဝ၌ စိတ်၏ တောင့်တခြင်းကြောင့် နောက်မှ နောင်တဲရသူ ဖြစ်ရပါ၏(ဟု လျှောက်၏)။

၂၄၃။ ဥပေါသထာမည်သော နတ်သမီး သင်သည် ဤဗိမာန်၌ အဘယ်မျှလောက် ကြာမြင့်စွာ နေရလိမ့်မည်နည်း၊ အသက်ကို အကယ်၍ သိပါမူ ငါမေးအပ်သော သင်သည် ငါ့အား ဖြေကြားလော့ (ဟု အသျှင်မောဂ္ဂလ္လာန် မေး၏)။

၂၄၄။ ရဟန်းမြတ် အကျွန်ုပ်သည် အနှစ် သုံးကုဋေခြောက်သောင်းတို့ပတ်လုံး ဤနတ်ပြည်၌တည်၍ ဤနတ်ပြည်မှ စုတေသည်ရှိသော် လူတို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရလတ္တံ့ (ဟု လျှောက်၏)။

၂၄၅။ ဥပေါသထာမည်သော နတ်သမီး သင် မကြောက်ပါလင့်၊ ထူးသော သောတာပန်အဖြစ်သို့ ရောက်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏၊ သင်သည် ဒုဂ္ဂတိဘဝကို ပယ်ပြီးဖြစ်၏ (ဟု မိန့်တော်မူ၏)။

ခုနစ်ခုမြောက်သော ဥပေါသထာဝိမာနဝတ္ထု ပြီး၏။

---

## ၈-နိဒ္ဒါဝိမာနဝတ္ထု

၂၄၆။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ ထိုအတူ သင်သည် အလွန် နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေလျက် တည်ဘိ၏။

၂၄၇။ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

၂၄၈။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ။ပ။ ဤအကျိုး၏ အကြောင်းကံ ပြဿနာကို မေးသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၂၅၀။ ရာဇဂြိုဟ်ပြည်၌ နိဒ္ဒါအမည်ရှိသော ဥပါသိကာမဟူ၍ အကျွန်ုပ်ကို လူများ သိခဲ့ကြပါကုန်၏၊ ယုံကြည်မှု(သဒ္ဓါ)၊ စောင့်ထိန်းမှု(သီလ)နှင့် ပြည့်စုံခဲ့ပါ၏၊ အခါခပ်သိမ်း ခွဲဝေပေးကမ်းမှု၌ မွေ့လျော်ခဲ့ပါ၏။

၂၅၁။ ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၌ အထူးသဖြင့် ကြည်လင်သော စိတ်ဖြင့် အဝတ်အရုံကိုဎင်း၊ ဆွမ်းကိုဎင်း၊ ကျောင်းအိပ်ရာနေရာကိုဎင်း၊ ဆီမီးတန်ဆောင်ကိုဎင်း ပေးလှူခဲ့ပါ၏။

၂၅၂။ အကျွန်ုပ်သည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌ဎင်း၊ တဆယ့်ငါးရက်မြောက်သော နေ့၌ဎင်း၊ ရှစ်ရက်မြောက်သော နေ့၌ဎင်း၊ ဥပုသ်နေ့တို့၏ အကြိုနေ့ အပိုနေ့၌ဎင်း အင်္ဂါရှစ်ပါးရှိသော ဥပုသ်နှင့် ပြည့်စုံခဲ့ပါ၏။

http://www.dhammadownload.com



၂၅၃။ ဥပုသ်ကို ကျင့်သုံးခဲ့ပါ၏၊ အခါခပ်သိမ်း သီလတို့ကို စောင့်ထိန်းခဲ့ပါ၏၊ (ကိုယ်နှုတ်ကို) စောင့်စည်းခဲ့ပါ၏၊ ခွဲဝေလှူဒါန်းခဲ့ပါ၏၊ (ထိုကုသိုလ်ကြောင့်) ဗိမာန်၌ အကျွန်ုပ် နေရပါ၏။

၂၅၄။ အကျွန်ုပ်သည် အသက်သတ်ခြင်းမှလည်း ရှောင်ကြဉ်ခဲ့ပါ၏၊ မမှန်စကား ပြောဆိုခြင်းမှရှင်း, မပေးသည်ကို ခိုးယူခြင်းမှရှင်း, လင်ကိုကျော်လွန်၍ ယောကျ်ားတပါးနှင့် သွားလာ လွန်ကျူး၍ ကျင့်ခြင်းမှရှင်း, သေရည်သေရက် သောက်ခြင်းမှရှင်း ဝေးစွာ ရှောင်ကြဉ်ခဲ့ပါ၏။

၂၅၅။ အကျွန်ုပ်သည် သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်ခဲ့ပါ၏၊ အရိယသစ္စာတို့၌ လိမ်မာခဲ့ပါ၏၊ စက္ခုငါးပါးရှိတော်မူ၍ အကျော်အစော အခြံအရံရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါ၏။

၂၅၆။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်းသည် ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

ရှစ်ခုမြောက်သော နိဒ္ဒါဝိမာနဝတ္ထု ပြီး၏။

---

## ၉-သုနိဒ္ဒါဝိမာနဝတ္ထု

၂၅၇။ နတ်သမီး သောက်ရှူးကြယ်သည်။ပ။ ထွန်းလင်းစေဘိသကဲ့သို့ ထိုအတူ သင်သည် အလွန်နှစ်သက်ဖွယ်သော အရောင်အဆင်းဖြင့်။ပ။ တည်ဘိ၏။

၂၅၈။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

၂၆၀။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ။ပ။ ဤအကျိုး၏ အကြောင်းကံ ပြဿနာကို မေးသည့်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၂၆၂။ ရာဇဂြိုဟ်ပြည်၌ သုနိဒ္ဒါအမည်ရှိသော ဥပါသိကာမဟူ၍ အကျွန်ုပ်ကို လူများ သိကြပါကုန်၏၊ အကျွန်ုပ်သည် ယုံကြည်မှု (သဒ္ဓါ), စောင့်ထိန်းမှု (သီလ)နှင့် ပြည့်စုံခဲ့ပါ၏၊ အခါခပ်သိမ်း ခွဲဝေလှူဒါန်းမှု၌ မွေ့လျော်ခဲ့ပါ၏။

၂၆၃။ (နိဒ္ဒါဝိမာနဝတ္ထုကို အကျယ်ပြသကဲ့သို့ သုနိဒ္ဒါဝိမာနဝတ္ထုကို အကျယ်ချဲ့အပ်၏။)

၂၆၇။ အကျွန်ုပ်သည် သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်ခဲ့ပါ၏၊ အရိယသစ္စာတို့၌ လိမ်မာခဲ့ပါ၏၊ စက္ခုငါးပါးရှိတော်မူ၍ အကျော်အစော အခြံအရံ ရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါ၏။

http://www.dhammadownload.com



၂၆၈။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်းသည် ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

ကိုးခုမြောက်သော သုနိဒ္ဒါဝိမာနဝတ္ထု ပြီး၏။

## ၁၀-ပဌမဘိက္ခာဒါယိကာဝိမာနဝတ္ထု

၂၇၀။ နတ်သမီး သောက်ရှုးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ ထို့အတူ သင်သည် အလွန်နှစ်သက်ဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်ဘိ၏။

၂၇၁။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

၂၇၃။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ။ပ။ အကျိုး၏ အကြောင်းကာ ပြဿနာကို မေးသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၂၇၄။ အကျွန်ုပ်သည် ရှေးဘဝ လူ့လောကဝယ် လူဖြစ်ခဲ့စဉ်က....။

၂၇၅။ ကိလေသာမြူ ကင်းတော်မူသော အထူးသဖြင့် ကြည်လင်၍ မနောက်ကျုသော စိတ်ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ခဲ့ရပါ၏၊ အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ထိုမြတ်စွာဘုရားအား ဆွမ်းကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ပါ၏။

၂၇၆။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

ဆယ်ခုမြောက်သော ဘိက္ခာဒါယိကာဝိမာနဝတ္ထု ပြီး၏။

## ၁၁-ဒုတိယဘိက္ခာဒါယိကာဝိမာနဝတ္ထု

၂၇၈။ နတ်သမီး သောက်ရှုးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ ထို့အတူ သင်သည် အလွန်နှစ်သက်ဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်ဘိ၏။

၂၇၉။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

http://www.dhammadownload.com



၂၀၁။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ။ပ။ အကျိုး၏ အကြောင်းကံ ပြဿနာကို မေးသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၂၀၂။ အကျွန်ုပ်သည် ရှေးဘဝ လူ့လောက၌ လူဖြစ်ခဲ့စဉ်က....။

၂၀၃။ ကိလေသာမြူ ကင်းသော အထူးသဖြင့် ကြည်လင်သော မနှောက်ကျုသော စိတ်ရှိတော်မူသော ရဟန္တာကို ဖူးမြင်ခဲ့ရပါ၏၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ထိုရဟန်းအား ဆွမ်းကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ပါ၏။

၂၀၄။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

တဆယ့်တခုမြောက်သော ဒုတိယဘိက္ခာဒါယိကာဝိမာနဝတ္ထု ပြီး၏။

---

## ၃-ပါရိစ္ဆတ္တကဝဂ်

### ၁-ဥဠာရဝိမာနဝတ္ထု

၂၀၆။ သင်၏ အခြံအရံသည် များမြတ်လှ၏၊ အရောင်အဆင်းသည်လည်း ကောင်းမြတ်လှ၏၊ အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပ၏၊ တန်ဆာဆင်ယင်အပ်သော နတ်သမီးတို့သည်၎င်း, နတ်သားတို့သည်၎င်း ကလည်း ကကြကုန်၏ သီလည်း သီဆိုကြကုန်၏။

၂၀၇။ နတ်သမီး သင့်ကို ပူဇော်ခြင်းဖြင့် ဝမ်းမြောက်ကုန်၏၊ သင့်ကို ပူဇော်ရန်ခြံရံကုန်၏၊ ရွှေချင်စဖွယ်ဖြစ်သော နတ်သမီး သင်၏ ဤဗိမာန်တို့သည် ရွှေအတိ ဖြစ်ကုန်၏။

၂၀၈။ အလိုရှိအပ်သော ဝတ္ထုခပ်သိမ်းတို့နှင့် ပြည့်စုံသော သင်သည် ထိုနတ်သမီး နတ်သားတို့ကို အစိုးရသူဖြစ်၏၊ ကောင်းသော နတ်ပြည်၌ ဖြစ်လာ၍ ကြီးမြတ်သော အာနုဘော်ရှိသူလည်း ဖြစ်၏၊ နတ်ပြည်၌ မြတ်သော ဝမ်းမြောက်ခြင်းဖြင့် ဝမ်းမြောက်ရသူလည်းဖြစ်၏၊ နတ်သမီး ဤအကျိုးသည် အဘယ်ကုသိုလ်ကံ၏ အကျိုးနည်း၊ သင့်ကို ငါမေးပါ၏၊ သင်ဖြေကြားပါလော့(ဟု အသျှင်မောဂ္ဂလ္လာန်ကမေးတော်မူ၏)။

၂၀၉-၂၉၀။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက သီလမရှိသော အမျိုး၌ ချွေးမ ဖြစ်ခဲ့ပါပြီ၊ အကျွန်ုပ်သည် ရတနာသုံးပါး၏ဂုဏ်, ကံ-ကံ၏အကျိုးကို ယုံကြည်မှု (သဒ္ဓါ) မရှိကုန်သော နှမြောစေးနှဲသော ယောက္ခမ စသည်တို့တွင် ယုံကြည်မှု (သဒ္ဓါ), စောင့်ထိန်းမှု(သီလ)နှင့် ပြည့်စုံခဲ့ပါ၏၊ အခါခပ်သိမ်း ခွဲဝေလှူဒါန်းမှု၌ မွေ့လျော်ခဲ့ပါ၏၊ အကျွန်ုပ်သည် ဆွမ်းခံကြွလာသော အရှင်မြတ်အား အိုးကင်းမုံ့ ကို ပေးလှူခဲ့ပါ၏။

http://www.dhammadownload.com



၂၉၁။ အကျွန်ုပ်သည် ထိုအခါ ယောက္ခမ (မိန်းမသူ) အား "ဤအိမ်သို့ ရဟန်းသည် ကြွရောက်လာပါ၏၊ အကျွန်ုပ်သည် ထိုရဟန်းအား ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အိုးကင်းမုံ့ ကို ကိုယ်ထိလက်ရောက် ပေးလှူလိုက်ပါပြီ"ဟု ပြောကြားပါ၏။

၂၉၂။ ဤသို့ ပြောကြားသောအခါ ယောက္ခမ (မိန်းမသူ)သည် "ဟယ်ချွေးမ 'အကျွန်ုပ်သည် ရဟန်းအား ပေးလှူလို၏'ဟု ငါ့ကို ကြားလိုစိတ် မရှိခဲ့၊ သင်သည် (လူကြီးမိဘ) အဆုံးအမခံခဲ့ရသူမဟုတ်"ဟု ဆိုမြည် ကြိမ်းမောင်း၏။

၂၉၃။ ထိုသို့ ဆိုမြည် ကြိမ်းမောင်းပြီးနောက် ယောက္ခမ(မိန်းမသူ)သည် အမျက်ထွက်၍ ကျည်ပွေ့ဖြင့် အကျွန်ုပ်ကို ရိုက်ပါ၏၊ ပခုံးရိုး ကျိုးသည်တိုင်အောင် အကျွန်ုပ်ကို ရိုက်နှက်ညှဉ်းဆဲပါ၏၊ အကျွန်ုပ်သည် ကြာမြင့်စွာ အသက်ရှည်ခြင်းငှါ မတတ်နိုင်တော့ပါ။

၂၉၄။ ထိုအကျွန်ုပ်သည် ခန္ဓာကိုယ်ပျက်ခြင်းကြောင့် ထိုသို့သော ဆင်းရဲမှုလွတ်၍ သေသည်ရှိသော် တာဝတိံသာနတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ရပါ၏။

၂၉၅။ ထို ကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

ရှေးဦးစွာသော ဥစ္ဆုဝိမာနဝတ္ထု ပြီး၏။

---

## ၂-ဥစ္ဆုဒါယိကာဝိမာနဝတ္ထု

၂၉၆။ လ နေတို့သည် ကောင်းကင်နှင့် တကွ ဤမြေကြီးကို ထွန်းပစေကုန်လျက် အလွန်တင့်တယ်ကြကုန်သကဲ့သို့ သင် နတ်သမီးသည် အလွန် တင့်တယ်ဘိ၏၊ ဗြဟ္မာမင်းသည် တာဝတိံသာနတ်ပြည်၌ နေကုန်သော သိကြားမင်းနှင့်တကွ နတ်တို့ကို သာလွန်၍ တင့်တယ်သကဲ့သို့ သင်သည် အသရေဖြင့်၎င်း, အရောင်အဆင်းဖြင့်၎င်း, အခြံအရံများခြင်းဖြင့်၎င်း, တန်ခိုး အာနုဘော်ဖြင့်၎င်း သာလွန်၍ တင့်တယ်၏။

၂၉၇။ ကြာပန်းတို့ကို ပန်ဆင်သော (ရတနာဖြင့်ပြုသော) ဦးစိုက်ပန်းလည်းရှိသော ရွှေစင်ရောင်ကဲ့သို့ ပြောင်ပြောင်ထွန်းပသည့် ကိုယ်ရေအဆင်းလည်း ရှိသော တန်ဆာတို့ဖြင့် ဆင်ယင်သော ကိုယ်ရှိသော မြတ်သော အဝတ်အရုံတို့ကိုလည်း ဝတ်ရုံသော တင့်တယ်သော နတ်သမီး သင့်ကို ငါမေးပါ၏၊ ငါ့ကို ရှိခိုးသော သင်ကား အဘယ်သူနည်း။

၂၉၈။ နတ်သမီး သင်သည် ရှေးက အဘယ်ကံကို ကိုယ်တိုင် ပြုခဲ့သနည်း၊ သင်သည် ရှေးဘဝ လူဖြစ်ခဲ့စဉ်က အလှူပေးမှုကိုမူလည်း လေ့ကျက်ခဲ့သလော၊ သို့မဟုတ် သီလ စောင့်စည်းမှုကိုမူလည်း ပြုခဲ့ဘူးသလော၊ အဘယ် ကုသိုလ်ထူးကြောင့် သင်သည် နတ်ရွာ သုဂတိဘုံ၌ ပဋိသန္ဓေအားဖြင့် ဖြစ်၍ များသော အခြံအရံ ရှိသနည်း၊ ဤအကျိုးသည် အဘယ် ကုသိုလ်၏ အကျိုးနည်း၊ နတ်သမီး သင့်ကို ငါမေးပါ၏၊ ဖြေကြားပါလော့။

၂၉၉။ အရှင်ဘုရား ယခုအခါ ဤရာဇဂြိုဟ်ပြည်၌ပင်လျှင် (အရှင်ဘုရားသည်) ဆွမ်းခံခြင်းငှါ အကျွန်ုပ်တို့၏ အိမ်သို့ ကပ်ရောက်ခဲ့ပါ၏၊ ထိုသို့ ကပ်ရောက်ခြင်းကြောင့် အကျွန်ုပ်

http://www.dhammadownload.com



သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အတိုင်းအရှည်မရှိသော နှစ်သက်ခြင်းဖြင့် ကြံပိုင်းကို အရှင်ဘုရားအား ပေးလှူခဲ့ပါ၏။

၃၀၀။ အရှင်ဘုရား နောင်အခါ ယောက္ခမ (မိန်းမသူ) သည်လည်း "ချွေးမယယ် ကြံကို အဘယ်အရပ်၌ စွန့်ပစ်လိုက်သနည်း"ဟု အကျွန်ုပ်ကို မေးစိစစ်ခဲ့ပါ၏၊ ထိုသို့ မေးသော် "အမျှင်မ အကျွန်ုပ်သည် ထိုကြံပိုင်းကို စွန့်လည်း မစွန့်ပစ်ပါ၊ ခဲစားလည်း မခဲစားပါ၊ ကိလေသာ ငြိမ်းပြီးသော ရဟန်းအား အကျွန်ုပ်ကိုယ်တိုင် ပေးလှူလိုက်ပါ၏" (ဟု ပြောကြားပါ၏)။

၃၀၁။ အရှင်ဘုရား ယောက္ခမ (မိန်းမသူ)သည် "ဟယ်....ချွေးမ ဤအိမ်ကို အစိုးရသူသည် သင်ဖြစ်သလော၊ သို့မဟုတ် ငါဖြစ်သလော"ဟု အကျွန်ုပ်ကို ဆိုမြည်ကြိမ်းမောင်းပါ၏၊ ထိုယောက္ခမ (မိန်းမသူ)သည် အင်းပျဉ်ကို ယူ၍ အကျွန်ုပ်အား ပုတ်ခတ်ပါ၏၊ အကျွန်ုပ်သည် ထို လူ့ဘဝမှ စုတေ၍ ကွယ်လွန်သည်ရှိသော် နတ်သမီး ဖြစ်ပါ၏။

၃၀၂။ အကျွန်ုပ်သည် အပြစ်မရှိ ကောင်းကျိုးကို ပေးခြင်းလက္ခဏာရှိသော ထိုကြံပိုင်းလှူသော ကံကိုသာလျှင် ပြုခဲ့ပါ၏၊ ချမ်းသာသော ကုသိုလ်ကံ၏ အကျိုးကိုလည်း ကိုယ်တိုင် သုံးဆောင် ခံစားရပါ၏၊ အကျွန်ုပ်သည် အပေါင်းအဖော် နတ်တို့နှင့်တကွ စမွေ့ယူရပါ၏၊ အကျွန်ုပ်သည် ကာမဂုဏ် ငါးပါးတို့ဖြင့် မွေ့လျော် စံပျော်ရပါ၏။

၃၀၃။ အရှင်ဘုရား အကျွန်ုပ်သည် အပြစ်မရှိ ကောင်းကျိုးကို ပေးခြင်း လက္ခဏာရှိသော ထိုကြံပိုင်းလှူသော ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ပါ၏၊ ချမ်းသာသော ကုသိုလ်ကံ၏ အကျိုးကိုလည်း ကိုယ်တိုင် သုံးဆောင် ခံစားရပါ၏၊ အကျွန်ုပ်သည် တာဝတိံသာနတ်တို့ စောင့်ရှောက်အပ်သည် ဖြစ်၍ သိကြားမင်းကဲ့သို့ လုံခြုံပါ၏၊ ကာမဂုဏ် ငါးပါးတို့နှင့်လည်း ပြည့်စုံပါ၏။

၃၀၄။ ဤသို့သော ကောင်းမှု၏ အကျိုးသည် များလှပါ၏၊ အကျွန်ုပ်၏ ကြံပိုင်း အလှူသည် များမြတ်သော အကျိုး ရှိပါ၏၊ အကျွန်ုပ်သည် အပေါင်းအဖော်တို့နှင့် တကွ စမွေ့ယူရပါ၏၊ ကာမဂုဏ် ငါးပါးတို့ဖြင့် မွေ့လျော် စံပျော်ရပါ၏။

၃၀၅။ ဤသို့သော ကောင်းမှု၏ အကျိုးသည် များလှပါ၏၊ အကျွန်ုပ်၏ ကြံပိုင်း အလှူသည် ကြီးသော အာနုဘော် ရှိပါ၏၊ တာဝတိံသာနတ်တို့ စောင့်ရှောက်အပ်သည် ဖြစ်၍ သိကြားမင်းကဲ့သို့ လုံခြုံပါ၏၊ အရှင်ဘုရား မျက်စိတထောင် အမြင်ဆောင်သော သိကြားမင်းသည် နန္ဒဝန်ဥယျာဉ်၌ မွေ့လျော် စံပျော်သကဲ့သို့ (အကျွန်ုပ်) စံပျော်ရပါ၏။

၃၀၆။ အရှင်ဘုရား အကျွန်ုပ်သည် သနားခြင်းနှင့်ယှဉ်သော ပညာရှိသော အရှင်ဘုရားကိုလည်း ဆည်းကပ်၍ ရှိခိုးခဲ့ပါ၏၊ အရှင်ဘုရား၏ အနာရောဂါ မရှိခြင်းကို မေးခဲ့ပါ၏၊ ထိုပြင် အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အတိုင်းအရှည် မရှိသော နှစ်သက်ခြင်းဖြင့် အရှင်ဘုရားအား ကြံပိုင်းကို ပေးလှူခဲ့ပါ၏။

**နှစ်ခုမြောက်သော ဥစ္ဆုဒါယိကာဝိမာနဝတ္ထု ပြီး၏။**

http://www.dhammadownload.com



## ၃-ပလ္လင်္ကဝိမာနဝတ္ထု

၃၀၇။ အာနုဘော်ကြီးသော နတ်သမီး ကျောက်မျက်ရတနာ ရွှေစင်တို့ဖြင့် ဆန်းကြယ်၍ ပန်းတို့ဖြင့်လည်း ပြွမ်းသော အိပ်ရာနေရာဖြစ်သော ပြန့်ပြော ကြီးကျယ်သော ထိုပလ္လင်မြတ်၌ တန်ခိုးအမျိုးမျိုး ဖန်ဆင်းလျက် နေဘိ၏။

၃၀၈။ ဤနတ်သမီးတို့သည်လည်း သင်၏ ထက်ဝန်းကျင်မှ ကလည်း ကကြကုန်၏၊ သီဆိုလည်း သီဆိုကြကုန်၏၊ ဝမ်းမြောက်လည်း ဝမ်းမြောက်ကုန်၏၊ အာနုဘော်ကြီးသော နတ်သမီး (သင်သည်) နတ်တန်ခိုး အာနုဘော်နှင့် ပြည့်စုံခြင်းသို့ ရောက်၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် ဤသို့တောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင် အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

၃၀၉။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက စည်းစိမ်ကြွယ်ဝသော အမျိုး၌ ချွေးမဖြစ်ခဲ့ဘူးပါ၏၊ အမျက်မထွက်တတ်ပါ၊ လင်၏ အလိုသို့ လိုက်ခဲ့ပါ၏၊ ဥပုသ်စောင့်ခြင်း၌ မမေ့ မလျော့ခဲ့ပါ။

၃၁၀။ အကျွန်ုပ်သည် လူဖြစ်စဉ်အခါက ငယ်ရွယ်သူပင် ဖြစ်သော်လည်း ယုတ်မာမှု မရှိခဲ့ပါ၊ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ လင်ကို နှစ်သက်စေခဲ့ပါ၏၊ နေ့၌ဖြစ်စေ ညဉ့်၌ဖြစ်စေ နှစ်ခြိုက်ဖွယ်ကိုသာ ကျင့်လေ့ရှိသူ ဖြစ်ခဲ့ပါ၏၊ သီလရှိသူ ဖြစ်ခဲ့ပါ၏။

၃၁၁။ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ပါ၏၊ ခိုးယူခြင်းမှ ကင်းခဲ့ပါ၏၊ စင်ကြယ်သော ကာယကံ ရှိခဲ့ပါ၏၊ စင်ကြယ်သော အကျင့်မြတ် ရှိခဲ့ပါ၏၊ သေရည်သေရက်ကို သောက်စားခြင်း မရှိခဲ့ပါ၊ မမှန်သော စကားကိုလည်း မပြောဆိုခဲ့ပါ၊ သိက္ခာပုဒ် ငါးပါးတို့၌ ဖြည့်ကျင့်လေ့ ရှိခဲ့ပါ၏။

၃၁၂-၃။ အကျွန်ုပ်သည် ရှေးဘဝက ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌၎င်း, တဆယ့်ငါးရက်မြောက်သော နေ့၌၎င်း, ရှစ်ရက်မြောက်သော နေ့၌၎င်း, ဥပုသ်နေ့တို့၏ အကြိုနေ့ အပို့နေ့၌၎င်း တရားအားလျော်စွာ ကျင့်လေ့ရှိသည်ဖြစ်၍ နှစ်သိမ့်သော စိတ်ရှိသည်ဖြစ်လျက် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို စောင့်သုံးခဲ့ပါ၏၊ အပြစ်မရှိ၍ ချမ်းသာကို ပွါးစေတတ်သော မြတ်သော အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသော ဤဥပုသ်ကိုလည်း ကောင်းစွာ ဆောက်တည်ခဲ့၍ လင်၌ ကောင်းစွာကျင့်သော ဂုဏ်နှင့် ပြည့်စုံခဲ့ပါ၏၊ လင်၏ အလိုသို့ လိုက်ခဲ့ပါ၏၊ မြတ်စွာဘုရား၏ တပည့်သာဝိကာမ ဖြစ်ခဲ့ပါ၏။

၃၁၄။ သက်ရှိလောက လူ့ဘဝ၌ ဤသို့သဘောရှိသော ကုသိုလ်ကံကို ပြုခဲ့ခြင်းကြောင့် ထူးသောအဘို့ ရှိခဲ့ပါ၏၊ ခန္ဓာကိုယ် ပျက်စီးသည်မှ နောက် တမလွန်လောက၌ နတ်တန်ခိုးနှင့် ပြည့်စုံခြင်းသို့ ရောက်၍ ကောင်းသော လားရာသုဂတိသို့ လားရောက်ခဲ့ရပါ၏။

၃၁၅။ နှလုံးမွေ့လျော်ဖွယ်ရှိ၍ မြတ်သော ဗိမာန်ပြာသာဒ်၌ အကျွန်ုပ်ကို နတ်သမီး အပေါင်းခြံရံအပ်ပါ၏၊ နတ်တို့၏ ဗိမာန်သို့ ရောက်၍ အသက်ရှည်သော အကျွန်ုပ်ကို မိမိတို့ အရောင်အဝါဖြင့် ထွန်းလင်းကုန်သော နတ်အပေါင်းတို့သည် မွေ့လျော် စေကြပါကုန်၏။

သုံးခုမြောက်သော ပလ္လင်္ကဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၄-လတာဝိမာနဝတ္ထု

၃၁၆။ တင့်တယ်ထွန်းပသည်ဖြစ်၍ ပညာရှိသော လတာနတ်သမီးသည်၎င်း, သဇ္ဇာနတ်သမီးသည်၎င်း, ပဝရနတ်သမီးသည်၎င်း, အစ္စိမတိနတ်သမီးသည်၎င်း,သုတာနတ်သမီးသည်၎င်း ဘုန်းကြက်သရေရှိသော မင်းမြတ်ဖြစ်သော ဝေဿဝဏ်နတ်မင်း၏ သမီးတော်တို့ပါတည်း၊ ဟုတ်မှန်တိုင်းသော ဂုဏ်တို့ဖြင့် တင့်တယ်ကြပါကုန်၏။

၃၁၇။ ဤဟိမဝန္တာတော၌ အေးမြသော ရေရှိသော ကြာတောရှိသော ဘေးမရှိသော(အနောတတ္တအိုင်မှ စီးဆင်းသော)မြစ်သို့ နတ်သမီး ငါးယောက်တို့သည် ရေချိုးရန် လာရောက်ကြပါကုန်၏၊ ထိုနတ်သမီးတို့သည် ထိုမြစ်၌ ရေချိုးကြကုန်ပြီးလျှင် မွေ့လျော်ပျော်ပါးကြကာ ကကုန် သီချင်းဆိုကုန်ပြီးလတ်သော် သုတာနတ်သမီးသည် လတာနတ်သမီးကို မေးမြန်းပြောဆို၏။

၃၁၈။ ကြာပန်းတို့ကို ပန်ဆင်ထားသော ဦးစိုက်ပန်းလည်းရှိသော ရွှေစင်ရောင်ကဲ့သို့ ပြောင်ပြောင်ထွန်းပသည့် ကိုယ်ရောင် အဆင်းလည်းရှိသော နီနီတွေးတွေး မျက်ရေးတို့နှင့် ပြည့်စုံသည့် မျက်စိလည်းရှိသော ထက်ကောင်းကင်ဘုံဗိမာန်ဝယ် ဘင့်တယ်သော ရှည်သော အသက်ရှိသော အစ်မကြီးလတာ သင့်ကို အကျွန်ုပ်မေးပါ၏၊ အဘယ်သို့သော ကုသိုလ်ကံက သင့်အား ကျော်စောခြင်း အခြံအရံများခြင်းကို ပြုပါသနည်း။

၃၁၉။ ကောင်းမြတ်သော အစ်မကြီးလတာ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် လင်၏ အထူး ချစ်မြတ်နိုး ခံရသူ ဖြစ်ရပါသနည်း၊ အဆင်းအားဖြင့် အလွန်အကျူး အထူး ကောင်းမြတ်ခြင်းရှိသူ ဖြစ်ပါသနည်း၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း၌ လိမ်မာသူဖြစ်သနည်း၊ နတ်သား နတ်သမီးတို့က (လတာ အဘယ်မှာနည်း စသည်ဖြင့်) အမေးအမြန်းခံနေရသော သင်သည် အကျွန်ုပ်တို့အား ဖြေကြားပါလော့ (ဟု သုတာနတ်သမီးက မေး၏)။

၃၂၀။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက မျာ:မြတ်သော စည်းစိမ်ရှိသော အမျိုး၌ ချွေးမ ဖြစ်ခဲ့ဘူးပါ၏၊ အမျက်မထွက်တတ်ပါ၊ လင်၏အလိုသို့ လိုက်ခဲ့ပါ၏၊ ဥပုသ်စောင့်သုံးခြင်း၌ မမေ့ မလျော့ခဲ့ပါ။

၃၂၁။ အကျွန်ုပ်သည် လူဖြစ်စဉ်အခါက ငယ်ရွယ်သူပင် ဖြစ်သော်လည်း ယုတ်မာမှု မရှိခဲ့ပါ၊ ကြည်လင်သော စိတ်ရှိသည် ဖြစ်၍ ခဲအို မတ် ယောက္ခမ (ယောကျ်ားသူ) ကျွန်ယောကျ်ား ကျွန်မိန်းမတို့နှင့် တကွသော လင်ကို နှစ်သက်စေခဲ့ပါ၏၊ ထိုချွေးမဖြစ်စဉ်အခါ၌ အကျွန်ုပ်သည် အကျော်အစော အခြံအရံ ပြည့်စုံကြောင်း ကောင်းမှုကို ပြုခဲ့ပါ၏။

၃၂၂။ အကျွန်ုပ်သည် ထိုကုသိုလ်ကံကြောင့် အကြောင်းလေးပါးတို့ဖြင့် အခြားသော နတ်သမီးတို့ထက် ထူးကဲ သာလွန်သော အသက်ရှည်ခြင်းကိုင်း, အဆင်းလှခြင်းကို၎င်း, ချမ်းသာကြီးခြင်းကို၎င်း, ခွန်အားကြီးခြင်းကို၎င်း ရပါ၏၊ အတိုင်းမသိသော ပျော်မြူးမွေ့လျော်ခြင်းကိုလည်း ခံစားရပါ၏(ဟု လတာနတ်သမီးကပြော၏)။

၃၂၃။ ဤ အစ်မကြီးလတာ ပြောဆိုသော စကားကို သင်တို့ ကြားကြပြီ မဟုတ်ပါလော၊ အကျွန်ုပ်တို့သည် အကြင်စကားကို မေးကုန်၏၊ ထိုစကားကို အကျွန်ုပ်တို့အား

http://www.dhammadownload.com



ဖြေကြား၏၊ လင်တို့မည်သည်ကား မိန်းမဖြစ်ကုန်သော အကျွန်ုပ်တို့၏ ထူးကဲသော ကိုးကွယ်ရာလည်း ဖြစ်ကြပါကုန်၏၊ ထိုအကျွန်ုပ်တို့၏ မြတ်သော နတ်လည်း ဖြစ်ကြပါကုန်၏။

၃၂၄။ အကြင်လင်တို့၌ (ကျင့်ရသောဝတ်နှင့် ပြည့်စုံအောင် ကျင့်သည်ရှိသော်) မိန်းမတို့သည် လင်ကို ရိုသေသူမိန်းမ (ပတိဗ္ဗတာ) မည်ကုန်၏၊ အကျွန်ုပ်တို့အားလုံးသည် လင်တို့၌ ကျင့်အပ်သော တရားကို ကျင့်ကြပါကုန်စို့၊ အကျွန်ုပ်တို့အားလုံးသည် လင်တို့၌ ကျင့်အပ်သော တရားကို ကျင့်ခြင်းကြောင့် ဤအစ်မကြီး လတာပြောဆိုသော စည်းစိမ်မျိုးကို ရကြပါကုန်လတ္တံ့။

၃၂၅။ တောင်စဉ် တောအုပ်တို့၌ ကျက်စားလေ့ရှိသော အသားစားခြင်္သေ့သည် မဟီနွရမည်သော တောင်၌ နေလျက် အခြေလေးချောင်းရှိကုန် ငယ်ကုန်သော သားကောင်တို့ကို နှိမ်နင်းသတ်ဖြတ်၍ စားသကဲ့သို့—

၃၂၆။ ထိုအတူသာလျှင် ဤလောက၌ ယုံကြည်မှု (သဒ္ဓါ) ရှိသော အရိယာတပည့်မသည် လင်ကို အမှီပြု၍ လင်အားလျော်သော အကျင့်ရှိသည်ဖြစ်လျက် အမျက်ဒေါသကို ပယ်စွန့်ကာ ဝန်တိုမှု (မစ္ဆရိယ)ကို နှိမ်နင်းပြီးလျှင် တရားကို ကျင့်လေ့ရှိ၏၊ ထိုမိန်းမသည် နတ်ပြည်၌ မွေ့လျော်ရ၏။

လေးခုမြောက်သော လတာဝိမာနဝတ္ထု ပြီး၏။

---

## ၅-ဂုတ္တိလဝိမာန

### ၁-ဝတ္ထုတ္တမဒါယိကာဝိမာနဝတ္ထု

၃၂၇။ ကောသိယအနွယ်ဖြစ်သော သိကြားမင်း ညို့ခုနစ်ချောင်းရှိသော အလွန်သာယာသော အသံရှိသော နှလုံးမွေ့လျော်ဖွယ်ရှိသော စောင်းအတတ်ကို (မုသိလအား) သင်ကြားပေးခဲ့၏၊ ထို မုသိလသည် အကျွန်ုပ်ကို မင်းယင်ပြင်၌ (လာခဲ့ အတတ်ကို ပြလှည့်ဟု) ခေါ်နေပါ၏၊ (သိကြားမင်းသည်) အကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်ပါလော့။

၃၂၈။ ဆရာဂုတ္တိလ ငါသည် သင်၏ ကိုးကွယ်ရာဖြစ်အံ့၊ ငါသည် ဆရာသမားတို့အား ပူဇော်တတ်သောသူတည်း၊ သင့်ကို တပည့် (မုသိလ) သည် အနိုင်မရလတ္တံ့၊ သင်သည်သာလျှင် တပည့်ကို နိုင်ရလတ္တံ့။

၃၂၉။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ ထိုအတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၃၃၀။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင် အဆင်းဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ်လာရကုန်သနည်း။

http://www.dhammadownload.com



၃၃၁။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က သင်သည် အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပသနည်း။

၃၃၂။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၃၃၃။ ကောင်းမြတ်သော အဝတ်ကို ပေးလှူတတ်သော မိန်းမသည် ယောကျ်ားတို့တွင်၎င်း မိန်းမတို့တွင်၎င်း မြတ်၏၊ ဤနည်းအတိုင်းပင် ချစ်မြတ်နိုးဖွယ် ဝတ္ထုကို ပေးလှူတတ်သော ထိုမိန်းမသည် နတ်ပြည်ဌာနသို့ ရောက်၍ နှစ်ခြိုက်ဖွယ်ကို ရ၏။

၃၃၄။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့် ပြည့်စုံသောနတ်သမီး ဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင်ထက်မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၃၃၅။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤအရပ်၌ အကျွန်ုပ်အား (ကောင်းကျိုးချမ်းသာ) ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့ ဖြစ်ပေါ်ရပါကုန်၏။

၃၃၆။ တန်ခိုးအာနုဘော် ကြီးတော်မူသော အရှင်ရဟန်း အရှင့်အား အကျွန်ုပ် ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်က အကြင် အဝတ်ပုဆိုး ပေးလှူသော ကောင်းမှုကို ပြုခဲ့ပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့ တောက်ပထွန်းလင်းသော အာနုဘော်ရှိပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏(ဟုဖြေကြား၏)။

(အခြားမဲ့ဖြစ်သော စတုရဝိမာနဝတ္ထုလေးခုကို ဝတ္ထုဒါယိကာဝတ္ထုကို
အကျယ်ပြသကဲ့သို့ ထိုအတူ အကျယ်ပြအပ်၏)။

## ၂-ပုပ္ဖုတ္တမဒါယိကာဝိမာနဝတ္ထု (၁)

၃၃၇။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ ထိုအတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၃၃၈။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ အဘယ်ကုသိုလ်ထူးကြောင့် စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံး ဖြစ်ပေါ်ကုန်သနည်း။

၃၃၉။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါသနည်း။

http://www.dhammadownload.com



၃၄၀။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၃၄၁။ ကောင်းမြတ်သော ပန်းကို ပေးလှူတတ်သော မိန်းမသည် ယောကျ်ားတို့တွင်၎င်း မိန်းမတို့တွင်၎င်း မြတ်၏၊ ဤနည်းအတိုင်းပင် ချစ်မြတ်နိုးဖွယ်ဝတ္ထုကို ပေးလှူတတ်သော ထိုမိန်းမသည် နတ်ပြည်၌ာနသို့ ရောက်၍ နှစ်ခြိုက်ဖွယ်ကို ရ၏။

၃၄၂။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့် ပြည့်စုံသော နတ်သမီး ဖြစ်ပါ၏၊အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင်ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၃၄၃-၄။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ပါ၏ ။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

## ၃-ဂန္ထုတ္တမဒါယိကာဝိမာနဝတ္ထု (၂)

၃၄၅။ နတ်သမီး သောက်ရှုးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့။ပ။သင်သည် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၃၄၆။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း ။ပ။စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့သည် ဖြစ်ပေါ်ပါကုန်သနည်း။

၃၄၇။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါသနည်း။

၃၄၈။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၃၄၉။ ကောင်းမြတ်သော နံ့သာကို ပေးလှူတတ်သော မိန်းမသည် ယောကျ်ားတို့တွင်၎င်း, မိန်းမတို့တွင်၎င်း မြတ်၏၊ ဤနည်းအတိုင်း ချစ်မြတ်နိုးဖွယ်ဝတ္ထုကို ပေးလှူတတ်သော ထိုမိန်းမသည် နတ်ပြည်၌ာနသို့ ရောက်၍ နှစ်ခြိုက်ဖွယ်ကို ရ၏။

၃၅၀။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့်ပြည့်စုံသော နတ်သမီးဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင်ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၃၅၁-၂။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်းဖြစ်ပါ၏။ ။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

http://www.dhammadownload.com



## ၄-ဖလုတ္တမဒါယိကာဝိမာနဝတ္ထု (၃)

၃၅၃။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့။ပ။ သင်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၃၅၄။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း ။ပ။ စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့သည် ဖြစ်ပေါ်ပါကုန်သနည်း။

၃၅၅။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါသနည်း။

၃၅၆။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည် ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည် အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၃၅၇။ ကောင်းမြတ်သော သစ်သီးကို ပေးလှူတတ်သော မိန်းမသည် ယောကျ်ားတို့တွင်၎င်း, မိန်းမတို့တွင်၎င်း မြတ်၏၊ ဤနည်းအတိုင်း ချစ်မြတ်နိုးဖွယ်ဝတ္ထုကို ပေးလှူတတ်သော ထိုမိန်းမသည် နတ်ပြည်ဌာနသို့ရောက်၍ နှစ်ခြိုက်ဖွယ်ကို ရ၏။

၃၅၈။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့်ပြည့်စုံသော နတ်သမီး ဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင်ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၃၅၉-၃၆၀။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏။

## ၅-ရသုတ္တမဒါယိကာဝိမာနဝတ္ထု (၄)

၃၆၁။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့။ပ။ သင်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၃၆၂။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်းဖြစ်သနည်း။ပ။စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့သည် ဖြစ်ပေါ်ပါကုန်သနည်း။

၃၆၃။ တန်ခိုးအာနုဘော် ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏။ပ။ သင်၏ အရောင် အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါသနည်း။

၃၆၄။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည် ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြားလျှောက်ထား၏။

http://www.dhammadownload.com



၃၆၅။ ကောင်းမြတ်သော အရသာကို ပေးလှူတတ်သော မိန်းမသည် ယောကျ်ားတို့တွင်၎င်း၊ မိန်းမတို့တွင်၎င်း မြတ်၏၊ ဤနည်းအတိုင်းပင် ချစ်မြတ်နိုးဖွယ်ဝတ္ထုကို ပေးလှူတတ်သော ထိုမိန်းမသည် နတ်ပြည်ဌာနသို့ ရောက်၍ နှစ်ခြိုက်ဖွယ်ကို ရ၏။

၃၆၆။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့်ပြည့်စုံသော နတ်သမီး ဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင် ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၃၆၇။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်းသည် ဖြစ်ပါ၏။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

## ၆-ဂန္ဓပဉ္စင်္ဂုလိကဒါယိကာဝိမာနဝတ္ထု

၃၆၉။ နတ်သမီး သောက်ရှုးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း စေဘိ သကဲ့သို့။ပ။ သင်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေ ဘိ၏။

၃၇၀-၁။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်းသည် ဖြစ်သနည်း။ပ။သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါသနည်း။

၃၇၂။ ထိုနတ်သမီးသည် အသျှင်မဟာမောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်း မြောက်ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေး မြန်းသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၃၇၃။ အကျွန်ုပ်သည် ကဿပမြတ်စွာဘုရား၏ ပုထိုးတော်၌ နံ့သာဖြင့် လက်ငါး ချောင်းရာပေးခြင်းကို ပေးလှူခဲ့ဘူးပါ၏၊ ဤနည်းအတိုင်းပင် ချစ်မြတ်နိုးဖွယ်ဝတ္ထုကို ပေးလှူတတ်သော ထိုမိန်းမသည် နတ်ပြည်ဌာနသို့ ရောက်၍ နှစ်ခြိုက်ဖွယ်ကို ရ၏။

၃၇၄။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့်ပြည့်စုံသော နတ်သမီး ဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီး တထောင် ထက်မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၃၇၅။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ ၏။ပ။အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

(အခြားမဲ့ဖြစ်သော စတုရဝိမာနဝတ္ထုကို ဂန္ဓပဉ္စင်္ဂုလိက ဒါယိကာဝတ္ထုကို အကျယ်ပြသကဲ့သို့ ထိုအတူ အကျယ်ပြအပ်၏)။

http://www.dhammadownload.com



## ၇-ဇေဂ္ဂပေါသထဝိ ၊ နဝတ္ထု (၁)

၃၇၇။ အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့်။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း တောက်ပစေဘိသနည်း။

၃၇၈။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည် အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၃၇၉။ အကျွန်ုပ်သည် ခရီးသွားကုန်သော ရဟန်းယောကျ်ားတို့ကိုရင်း, ရဟန်းမိန်းမတို့ကိုရင်း ဖူးမြင်ခဲ့ပါ၏၊ အကျွန်ုပ်သည် ထိုရဟန်းတို့၏ တရားကို ကြားနာရ၍ တနေ့မျှ ဥပုသ်သုံးခြင်းကို ကျင့်သုံးခဲ့ပါ၏။

၃၈၀။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့် ပြည့်စုံသော နတ်သမီး ဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင်ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၃၈၁။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

## ၈-ဥဒကဒါယိကာဝိမာနဝတ္ထု (၂)

၃၈၂။ အလွန် နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့်။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း တောက်ပစေဘိသနည်း။

၃၈၃။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည် အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၃၈၄။ ရေဆိပ်၌ တည်သော အကျွန်ုပ်သည် အထူး ကြည်လင်သော စိတ်ဖြင့် ရဟန်းအား သောက်ရေ သုံးဆောင်ရေကို ပေးလှူခဲ့ပါ၏၊ ဤသို့ ချစ်မြတ်နိုးဖွယ် ဝတ္ထုကို ပေးလှူတတ်သော ထိုမိန်းမသည် နတ်ပြည်ဌာနသို့ ရောက်၍ နှစ်ခြိုက်ဖွယ်ကို ရ၏။

၃၈၅။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့်ပြည့်စုံသော နတ်သမီးဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင်ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၃၈၆။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

## ၉-ဥပဋ္ဌာနဝိမာနဝတ္ထု (၃)

၃၈၇။ အလွန် နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့်။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း တောက်ပစေဘိသနည်း။

http://www.dhammadownload.com



၃၉၆။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၃၉၇။ အကျွန်ုပ်သည် ကြမ်းကြုတ်ကုန်သော အမျက်လည်း ထွက်တတ်ကုန်သော ရှုန့်ရင်းသော စကားလည်း ရှိကုန်သော ယောက္ခမ မိန်းမသူကိုရင်း, ယောက္ခမ ယောကျ်ားသူကိုရင်း ဩျစူခြင်းကင်းကာ လုပ်ကျွေးခဲ့ပါ၏၊ မိမိဥစ္စာဖြစ်သော သီလအားဖြင့် မမေ့မလျော့ ဖြစ်ခဲ့ပါ၏။

၃၉၈။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့်ပြည့်စုံသော နတ်သမီးဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင်ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၃၉၉။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏။

## ၁၀-အပရကမ္မကာရိနီဝိမာနဝတ္ထု (၄)

၄၀၁။ အလွန် နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် ။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း တောက်ပစေဘိသနည်း။

၄၀၄။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၄၀၅။ အကျွန်ုပ်သည် သူတပါးတို့၏ အမှုကြီးငယ်ကို လုပ်ဆောင်ရသော အမှုကိစ္စ၌ မပျင်းမရိသော ကျွန်မဖြစ်ခဲ့ဘူးပါ၏၊ အမျက် မထွက်တတ်ပါ၊ အလွန် ထောင်လွှားတတ်သော မာန်မာနလည်း မရှိခဲ့ပါ၊ မိမိ အဘို့ဘာဂကို(အလိုရှိကုန်သူတို့အား)ခွဲဝေ ပေးကမ်းတတ်သော အလေ့ ရှိခဲ့ဘူးပါ၏။

၄၀၆။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့်ပြည့်စုံသော နတ်သမီး ဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီး တထောင်ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၄၀၇။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏။

## ၁၁-ခီရောဒနဒါယိကာဝိမာနဝတ္ထု

၄၀၉။ အလွန် နှစ်လိုဖွယ်သော အရောင် အဆင်းဖြင့် ။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်း တောက်ပစေဘိသနည်း။

http://www.dhammadownload.com



၄၁၀။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပသနည်း။

၄၁၂။ ထိုနတ်သမီးသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၄၁၃။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား နို့ဆွမ်းကို ပေးလှူခဲ့ဘူးပါ၏၊ ဤသို့ နို့ဆွမ်းပေးလှူသော ကံကို ပြုခဲ့သောကြောင့် နတ်ရွာသုဂတိသို့ ကပ်ရောက်၍ဝမ်းမြောက်ရပါ၏။

၄၁၄။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့် ပြည့်စုံသော နတ်သမီး ဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင်ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၄၁၅။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏။

(အခြားမဲ့ဖြစ်သော နှစ်ဆယ့်ငါးပါးသော ဝိမာနဝတ္ထုကို ခီရောဒနဒါယိကာ ဝိမာနဝတ္ထုကို အကျယ်ပြသကဲ့သို့ အကျယ်ပြအပ်၏)။

### ၁၂-ဖာဏိတဒါယိကာဝိမာနဝတ္ထု (၁)

၄၁၇။ အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့်။ပ။အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း တောက်ပစေဘိသနည်း။

၄၂၀။ ထိုနတ်သမီးသည်။ပ။အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြား၏။

၄၂၁။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား တင်လဲကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၁၃-ဥစ္ဆုခဏ္ဍိကဒါယိကာဝတ္ထု (၂)

၄၂၉။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ကြံပိုင်းကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၁၄-တိမ္ဗရုသကဒါယိကာဝိမာနဝတ္ထု (၃)

၄၃၇။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား တည်သီးကို ပေးလှူခဲ့ဘူးပါ၏။ပ။

http://www.dhammadownload.com



## ၁၅-ကဉ္စိကာရိကဒါယိကာဝိမာနဝတ္ထု (၄)

၄၄၅။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား သခွါးဆေဆ်သီးကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၁၆-ဧဠာလုကဒါယိကာဝိမာနဝတ္ထု (၅)

၄၅၃။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား သခွါးငကြောင်သီးကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၁၇-ဝလ္လိဖလဒါယိကာဝိမာနဝတ္ထု (၆)

၄၆၁။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ဖရုံသီးကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၁၈-ဖာရုသကဒါယိကာဝိမာနဝတ္ထု (၇)

၄၆၉။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ဖက်သက်တရော်သီးကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၁၉-ဟတ္ထပ္ပတာပကဒါယိကာဝိမာနဝတ္ထု (၈)

၄၇၇။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား မီးအိုးကင်းကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၂၀-သာကမုဋ္ဌိဒါယိကာဝိမာနဝတ္ထု (၉)

၄၈၅။ အကျွန်ုပ်သည် ခရီးသွားသော ရဟန်းအား လက်တဆုပ်မျှသော ဟင်းရွက်ကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၂၁-ပုပ္ဖကမုဋ္ဌိဒါယိကာဝိမာနဝတ္ထု (၁၀)

၄၉၃။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား လက်တဆုပ်မျှသော ပန်းကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၂၂-မူလကဒါယိကာဝိမာနဝတ္ထု (၁၁)

၅၀၁။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား အမြစ်(ခဲဘွယ်)ကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၂၃-နိမ္ဗမုဋ္ဌိဒါယိကာဝိမာနဝတ္ထု (၁၂)

၅၀၉။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား လက်တဆုပ်မျှသော တမာရွက်ကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၂၄-အမ္ဗကဉ္ဇိကဒါယိကာဝိမာနဝတ္ထု (၁၃)

၅၁၇။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ပုန်းရည်ချဉ်ကို ပေးလှူခဲ့ဘူးပါ၏။ပ။

http://www.dhammadownload.com



### ၂၅-ဒေါဏိနိမ္မဇ္ဇနိဒါယိကာဝိမာနဝတ္ထု (၁၄)

၅၂၅။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား နှမ်းဆီထွေးကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၂၆-ကာယဗန္ဓနဒါယိကာဝိမာနဝတ္ထု (၁၅)

၅၃၃။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ခါးပန်းကြိုးကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၂၇-အံသဗဒ္ဓကဒါယိကာဝိမာနဝတ္ထု (၁၆)

၅၄၁။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ပုခုံးဖွဲ့ကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၂၈-အာယောဂပဋ္ဋဒါယိကာဝိမာနဝတ္ထု (၁၇)

၅၄၉။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား အာယောဂပဋ်ကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၂၉-ဝိဓူပနဒါယိကာဝိမာနဝတ္ထု (၁၈)

၅၅၇။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား လေးထောင့်ယပ်ကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၃၀-တာလဝဏ္ဋဒါယိကာဝိမာနဝတ္ထု (၁၉)

၅၆၅။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ထန်းရွက်ယပ်ကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၃၁-မောရဟတ္ထဒါယိကာဝိမာနဝတ္ထု (၂၀)

၅၇၃။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ဥဒေါင်းတောင်ကျိုးဖြင့် ပြုအပ်သော ခြင်နှင်ယပ်ကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၃၂-ဆတ္တဒါယိကာဝိမာနဝတ္ထု (၂၁)

၅၈၁။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ထီးကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၃၃-ဥပါဟနဒါယိကာဝိမာနဝတ္ထု (၂၂)

၅၈၉။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ဘိနပ်ကို ပေးလှူခဲ့ဘူးပါ၏။ပ။

### ၃၄-ပူဝဒါယိကာဝိမာနဝတ္ထု (၂၃)

၅၉၇။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား မုံ့ကို ပေးလှူခဲ့ဘူးပါ၏။ပ။

http://www.dhammadownload.com



## ၃၅-မောဒကဒါယိကာဝိမာနဝတ္ထု (၂၄)

၆၀၅။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား ဣတွတ်မုန့်ကို ပေးလှူခဲ့ဘူးပါ၏။ပ။

## ၃၆-သက္ခလိကာဒါယိကာဝိမာနဝတ္ထု (၂၅)

၆၁၃။ အကျွန်ုပ်သည် ဆွမ်းခံလှည့်လည်သော ရဟန်းအား သကာခဲကို ပေးလှူခဲ့ဘူးပါ၏။ပ။

၆၁၄။ ထိုအကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူပါလော့၊ အကျွန်ုပ်သည် အလိုရှိအပ်သော အဆင်းနှင့် ပြည့်စုံသော နတ်သမီး ဖြစ်ပါ၏၊ အကျွန်ုပ်သည် အခြံအရံ နတ်သမီးတထောင်ထက် မြတ်ပါ၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့။

၆၁၅။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်းသည် ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့ကို ထွန်းပပါ၏။

၆၁၇။ အလိုရှိအပ်သော အဆင်းရှိကုန်သော နတ်သမီးတို့ကို မြင်ရပြီ၊ ထို့ကြောင့် ဤတာဝတိံသာ နတ်ပြည်သို့ အကျွန်ုပ်၏ လာရောက်ခြင်းသည် ကောင်းသော လာရောက်ခြင်းပေတည်း၊ ယနေ့ အကျွန်ုပ်၏ မိုးသောက်ခြင်းသည် ကောင်းသော မိုးသောက်ခြင်းပေတကား၊ ယနေ့ အကျွန်ုပ်၏ အိပ်ရာမှ ထခြင်းသည် ကောင်းသော ထခြင်းပေတကား။

၆၁၈။ ထိုနတ်သမီးတို့၏ ကုသိုလ်တရားကို ကြားနာရ၍ အလှူပေးခြင်းဖြင့်၎င်း, ကောင်းသော အကျင့်ကို ကျင့်ခြင်းဖြင့်၎င်း, စောင့်စည်းခြင်းဖြင့်၎င်း, ဣန္ဒြေတို့ကို ဆုံးမခြင်းဖြင့်၎င်း များစွာသော ကုသိုလ်ကို ပြုပါတော့အံ့၊ အကြင်နိဗ္ဗာန်သို့ ရောက်သည်ရှိသော် မစိုးရိမ်ရကုန်၊ ထိုအကျွန်ုပ်သည် များစွာသော ကုသိုလ်ကိုပြု၍ ထိုမစိုးရိမ်ရရာ နိဗ္ဗာန်အရပ်သို့ သွားပါတော့အံ့(ဟု ဂုတ္တိလဆရာက ဆို၏)။

ငါးခုမြောက်သော ဂုတ္တိလဝိမာနဝတ္ထု ပြီး၏။

---

## ၆-ဒဒ္ဒလ္လဝိမာနဝတ္ထု

၆၁၉။ များသော အခြံအရံရှိသော (ဘဒ္ဒါနတ်သမီး) သင်သည် အဆင်းအားဖြင့်၎င်း အခြံအရံအားဖြင့်၎င်း ထွန်းလင်းတောက်ပလျက် တာဝတိံသာ နတ်အားလုံးတို့ကို အရောင်အဆင်းဖြင့် လွှမ်း၍ တင့်တယ်ဘိ၏(ဟု သုဘဒ္ဒါနတ်သမီးက ဆို၏)။

၆၂၀။ အကျွန်ုပ်သည် သင့်ကို မမြင်ဘူးပါ၊ ဤယခု မြင်ရခြင်းသည် ရှေးဦးစွာ မြင်ရခြင်းပါတည်း၊ အဘယ် နတ်ပြည်မှလာ၍ အကျွန်ုပ်ကို (ဘဒ္ဒါဟု) အမည်ဖြင့် ခေါ်ဆိုဘိသနည်း(ဟု ဘဒ္ဒါနတ်သမီးက မေး၏)။

၆၂၁။ အရှင်မ ဘဒ္ဒါ အကျွန်ုပ်သည် ရှေးလူ့ဘဝက သုဘဒ္ဒါအမည်ဖြင့် ဖြစ်ခဲ့ပါ၏၊ သင်နှင့် လင်တူ မယားလည်း ဖြစ်ခဲ့ပါ၏၊ သင်၏ ညီမငယ်လည်း ဖြစ်ခဲ့ပါ၏။

http://www.dhammadownload.com



၆၂၂။ ထိုအကျွန်ုပ်သည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ထိုလူ့ အဖြစ်မှ လွတ်ကင်း၍ သေလွန်သည်ရှိသော် နိမ္မာနရတိပြည်၌ ဖြစ်ရပါ၏(ဟု သုဘဒ္ဒါ နတ်သမီးက ဖြေကြား၏)။

၆၂၃။ သုဘဒ္ဒါ သင်သည် မိမိဖြစ်ရာဘဝကို အကြင် နိမ္မာနရတိနတ်တို့၏ အတွင်းဝယ် ဖြစ်ရပါ၏ဟု ပြောကြားဘိ၏၊ ထိုနိမ္မာနရတိနတ်ဘုံတို့သို့ ကုသိုလ်များစွာပြုသော သတ္တဝါတို့သည်သာ ရောက်နိုင်ကြကုန်၏။

၆၂၄။ ထိုသို့ဖြစ်လျက် သင်သည် အဘယ်အကြောင်းကြောင့် အဘယ်သူကမူလည်း ဆုံးမသည်ဖြစ်၍ အဘယ်သို့သော သဘောရှိသော အလှူပေးခြင်းဖြင့်၎င်း, အဘယ်သို့ သဘောရှိသော အကျင့်သီလဖြင့်၎င်း အခြံအရံ အကျော်အစောရှိပါသနည်း။

၆၂၅။ သုဘဒ္ဒါနတ်သမီး သင်သည် ဤသို့ သဘောရှိသော အခြံအရံ အကျော်အစောသို့ ရောက်၍ ပြန့်ပြော များမြတ်သော အကျိုးထူးကို ရဘိသနည်း၊ ဤအကျိုးထူးသည် အဘယ်ကုသိုလ်ကံ၏ အကျိုးထူးပါနည်း၊ သင့်ကို ငါမေး၏၊ သင်ဖြေကြားပါလော့ (ဟု မေး၏)။

၆၂၆။ ရှေးဘဝက မြတ်သော အလှူကို ခံထိုက်သော သံဃာတော်အား ကြည်ညို သော စိတ်ရှိသည်ဖြစ်၍ ရှစ်ပါးစာသော ဆွမ်းတို့ကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ပါ၏။

၆၂၇။ ထိုကုသိုလ်ကြောင့် အကျွန်ုပ်အား ထိုသို့ သဘောရှိသော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၏)။

၆၂၈။ ငါသည် ကိုယ်နှုတ်နှလုံး စောင့်စည်းကုန်သော မြတ်သော မဂ်အကျင့်ကို ကျင့်ကုန်သော သင့်ထက် (အရေအတွက်)များစွာကုန်သော ရဟန်းတို့ကို ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ကိုယ်ထိလက်ရောက် ဆွမ်းအဖျော်ဖြင့် ရောင့်ရဲစေခဲ့ဘူးပါ၏။

၆၃၀။ ငါသည် သင့်ထက် များစွာ ပေးလှူခဲ့ပါလျက် ယုတ်နိမ့်သော (တာဝတိံသာ နတ်ဘုံ)၌ ဖြစ်လာရ၏၊ သင်သည်ကား အနည်းငယ်မျှသာ ပေးလှူခဲ့ပါလျက် အဘယ် ကြောင့် ပြန့်ပြောများမြတ်သော အကျိုးထူးကို ရဘိသနည်း၊သုဘဒ္ဒါနတ်သမီး ဤအကျိုး သည် အဘယ် ကုသိုလ်ကံ၏ အကျိုးထူးနည်း၊ သင့်ကို ငါမေး၏၊ ဖြေကြားပါလော့(ဟု မေး၏)။

၆၃၁။ ရှေးဘဝ၌ နှလုံးကို ပွါးစေတတ်သော ရေဝတ အမည်ရှိသော ရဟန်းသည် အကျွန်ုပ် ဖူးမြင်ဘူးသော ရဟန်း ဖြစ်ပါ၏၊ မိမိလျှင် ရှစ်ယောက်မြောက်သော ထိုရေဝတ မည်သော ရဟန်းကို ဆွမ်းဖြင့် အကျွန်ုပ် ပင့်ဘိတ်ခဲ့ပါ၏။

၆၃၂။ အကျွန်ုပ်၏ အကျိုးကို ရှေးရှုလိုလားသော ထိုအသျှင်ရေဝတသည် အကျွန်ုပ် ကို သနားသဖြင့် သံဃာတော်အား ပေးလှူလော့ဟု ဆို၏၊ အကျွန်ုပ်သည် ထိုအသျှင် ရေဝတ၏ စကားကို လိုက်နာခဲ့ပါ၏။

၆၃၃။ သံဃာသို့ရောက်သော ထိုအလှူသည် မနှိုင်းယှဉ်အပ်သော အကျိုး၌ တည်၏၊ သင်သည် ပုဂ္ဂိုလ်တို့အား ပေးလှူခဲ့၏၊ သင်၏ ထိုပုဂ္ဂလိကအလှူသည် အကျိုး မကြီး(ဟု ဖြေကြား၏)။

http://www.dhammadownload.com



၆၃၄။ သံဃာတော်အား ပေးလှူသော ကုသိုလ်သည် အကျိုးကြီးမြတ်၏ဟု ယခုမှ သာလျှင် အကျွန်ုပ် သိရပါ၏၊ ထိုအကျွန်ုပ်သည် လူအဖြစ်သို့ ရောက်သည်ရှိသော် အလှူခံပုဂ္ဂိုလ်တို့၏ အခြင်းအရာကို သိ၍ ဝန်တိုမှုကင်းလျက် မမေ့မလျော့ပဲ သံဃာအား လှူဖွယ်ဝတ္ထုတို့ကို အခါခါပေးလှူပါတော့အံ့(ဟု ပြောဆိုဝန်ခံ၏)။

၆၃၅။ ဘဒ္ဒါ အကြင်နတ်သမီးသည် သင်နှင့်အတူ စကားပြောဆို၏၊ တာဝတိံသာ နတ်အားလုံးတို့ထက် အရောင်အဆင်းဖြင့် လွန်၍ တင့်တယ်၏၊ ထိုနတ်သမီးသည် အဘယ် မည်သော နတ်သမီးနည်း(ဟု သိကြားမင်းက မေး၏)။

၆၃၆။ နတ်တို့အရှင် သိကြားမင်း (ထိုနတ်သမီးသည်) လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ် အခါက အကျွန်ုပ်၏ လင်တူမယားလည်း ဖြစ်ခဲ့ဘူးပါ၏၊ ညီမငယ်လည်း ဖြစ်ခဲ့ဘူးပါ၏၊ သံဃာအား အလှူဒါနတို့ကို ပေးလှူခြင်းကြောင့် ပြုအပ်ပြီးသော ကောင်းမှုရှိသည်ဖြစ်၍ အထူး တင့်တယ်ပါ၏(ဟု ဖြေကြား၏)။

၆၃၇။ ဘဒ္ဒါ ရှေးဘဝ၌ သင့်ညီမသည် မနှိုင်းယှဉ်အပ်သော ဂုဏ်ရှိသော သံဃာ၌ အလှူကို တည်စေသောကြောင့် လျောက်ပတ်သော အကြောင်းဖြင့် သင့်ထက် တင့်တယ်၏။

၆၃၈။ ထိုစကားမှန်၏၊ အကြင်အလှူခံပုဂ္ဂိုလ်အား ပေးလှူသော ကုသိုလ်သည် အကျိုးကြီးမြတ်၏၊ထိုအလှူခံပုဂ္ဂိုလ်အား ပေးကမ်းခြင်း၏ အကျိုး ကို ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံးနေတော်မူသော) မြတ်စွာဘုရားအား ငါမေးခဲ့ဘူး၏။

၆၃၉။ ပေးလှူကုန်သော လူတို့၏ရင်း ကုသိုလ်ကောင်းမှုကို လိုလားကုန်သည် ဖြစ်၍ ပြည့်စုံမှုတည်ရာ 'ဥပဓိ' လျှင် အကျိုးရှိသည့် ကောင်းမှုကို ပြုကုန်သော သတ္တဝါတို့၏ရင်း အဘယ်အလှူခံပုဂ္ဂိုလ်အား ပေးလှူသော အလှူသည် အကျိုးကြီးမြတ်သနည်း (ဟု ငါမေးခဲ့ဘူး၏)။

၆၄၀။ အကြင်အလှူခံပုဂ္ဂိုလ်အား ပေးလှူသော ကုသိုလ်သည် အကျိုးကြီးမြတ်၏၊ ထိုအလှူခံပုဂ္ဂိုလ်အား ခွဲဝေပေးကမ်းခြင်း၏ အကျိုးကိုရင်း, သတ္တဝါတို့၏ ဥစ္စာဖြစ်သော ကံ၏ အကျိုးနှစ်ပါးကိုရင်း သိတော်မူသော မြတ်စွာဘုရားသည် ထိုအမေးကို ငါ့အား ဖြေကြားတော်မူ၏။

၆၄၁။ ကျင့်ဆဲမဂ်ပုဂ္ဂိုလ် လေးယောက်တို့သည်ရင်း, ဖိုလ်၌တည်ကုန်သော ပုဂ္ဂိုလ် လေးယောက်တို့သည်ရင်း ဤပုဂ္ဂိုလ်ရှစ်ယောက် အပေါင်းသံဃာသည် ဖြောင့်မတ်ခြင်းသို့ ရောက်၏၊ ပညာသီလနှင့် ပြည့်စုံ၏။

၆၄၂။ ပေးလှူကုန်သော လူတို့၏ရင်း, ကုသိုလ်ကောင်းမှုကို လိုလားကုန်သည်ဖြစ်၍ ပြည့်စုံမှု၏ တည်ရာ 'ဥပဓိ' လျှင် အကျိုးရှိသည့် ကောင်းမှုကို ပြုကုန်သော သတ္တဝါတို့၏ ရင်း သံဃာအား ပေးလှူသော ကုသိုလ်သည် အကျိုးကြီးမြတ်၏(ဟု ဖြေကြားတော် မူ၏)။

၆၄၃။ ထိုသံဃာတော်သည်သာလျှင် ပြန့်ပြော၏၊ မြင့်မြတ်သည့်အဖြစ်သို့ ရောက်၏၊ သမုဒ္ဒရာသည်(ရေအားဖြင့်) မရေမတွက်နိုင်သကဲ့သို့ ထိုသံဃာတော်သည် မိမိ၏ဂုဏ်အား

http://www.dhammadownload.com



ဖြင့် မရေတွက်နိုင်၊ တရားတော်ကို ညွှန်ပြတတ်ကုန်သော လူတို့တွင် လုံ့လနှင့် ပြည့်စုံ တော်မူသည့် မြတ်စွာဘုရား၏ တပည့်သားဖြစ်ကုန်သော ပညာအလင်းကို ပြုတတ်ကုန်သော ထိုသံဃာတို့သည်သာလျှင် မြတ်ကုန်၏။

၆၄၄။ အကြင်သူတို့သည် သံဃာတော်ကို ရည်မှတ်၍ အလှူကို ပေးလှူကုန်၏၊ ထိုသူတို့၏ ပေးလှူခြင်းသည် ကောင်းသော ပေးကမ်းလှူဒါန်းပူဇော်ခြင်းပင် ဖြစ်၏၊ သံဃာ၌ တည်သော ထိုအလှူကို အကျိုးကြီးမြတ်၏(ဟု) လောကသုံးပါးကို သိတော်မူကုန်သော မြတ်စွာဘုရားတို့သည် ချီးမွမ်းတော်မူအပ်ကုန်၏။

၆၄၅။ လောက၌ အကြင်သူတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်လျက် ဤသို့ သဘောရှိသော(သံဃာကို ရည်မှတ်၍ ပြုသည့်) ကောင်းမှုကို အဖန်တလဲလဲ အောက်မေ့ကုန်သည်ဖြစ်၍ သွားလာလှည့်လည် နေကုန်၏၊ ထိုသူတို့သည် ဝန်တိုမှု အညစ်အကြေးကို အကြောင်းရင်းနှင့်တကွ ပယ်ဖျောက်ကုန်၍ (ပညာရှိတို့) အကဲ့ရဲ့ မခံရကုန်ပဲ နတ်ပြည်သို့ ကပ်ရောက်ကြရကုန်၏။

ခြောက်ခုမြောက်သော ဒဒ္ဒလ္လဝိမာနဝတ္ထု ပြီး၏။

---

## ၇-ပေသဝတီဝိမာနဝတ္ထု

၆၄၆။ ဖလ်ကျောက်တို့ဖြင့် ပြီးသော နံရံ ရွှေငွေကုန်ရက်တို့ဖြင့် ဖုံးလွှမ်းထားအပ်သော အထူးထူးသော အဆင်းရှိသည်ဖြစ်၍ အထွေထွေ ဆန်းကြယ်သော နေရာအပြင်ရှိသော အလွန်မွေလျော်ဖွယ်ရှိသည့် နေရာဖြစ်သော ကုသိုလ်ကိက ဖန်ဆင်းအပ်သော (ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ဆန်းကြယ်သော) တုရိုဏ်တိုင်နှင့် ပြည့်စုံသော ရွှေသဲတို့ဖြင့် ပြွမ်းသော တင့်တယ် ကျယ်ပျံ့သော ဤဗိမာန်ကို ငါမြင်ရ၏။

၆၄၇။ ကောင်းကင်ပြင်ဝယ် တန်ဆောင်မုန်းလအခါ အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော ရောင်ခြည်တထောင် ဆောင်သော နေမင်းသည် အရပ်ဆယ်မျက်နှာတို့၌ ထွန်းလင်းတောက်ပသကဲ့သို့ရင်း၊ ညအခါ ကောင်းကင်ထက်၌ တောက်ပသောမီးကဲ့သို့ရင်း ထိုအတူ သင်၏ ဤဗိမာန်သည် ထွန်းလင်း တောက်ပ၏။

၆၄၈။ လျှပ်စစ်နွယ်ကဲ့သို့ရင်း၊ (အရောင်တောက်ပသည် ဖြစ်၍) မျက်စိကို ကျိန်းစပ်စေသကဲ့သို့ရင်း ကောင်းကင်ပြင်၌ ဟည်သော ဤဗိမာန်သည် စိင်္ဂနှလုံးကို နှစ်သက်စေဘိ၏၊ စောင်း မုရိုးစည် ကြေးနင်း ခွက်ခွင်း လက်ခုပ်သံတို့ဖြင့် ပဲ့တင်ထပ်သော သင်၏ ဤဗိမာန်သည် သိကြားမြို့ကဲ့သို့ နတ်သမီး နတ်သား စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံ၏။

၆၄၉။ ဤဗိမာန်၌ ကြာပဒုမာ ကုမုဒြာ ကြာဖြူ ကြာနီ ကြာညိုသည်ရင်း၊ ဇွန်ပန်း ခေါင်ရမ်းပန်း လိပ်ဆူးရွှေပန်းတို့သည်ရင်း၊ (ပင်လုံးကျွတ်) ပွင့်ကုန်သော အင်ကြင်းပင် တို့သည်ရင်း၊ ပွင့်ကုန်သော သော်ကပင်တို့သည်ရင်း ရှိကုန်၏၊ ဤဗိမာန်သည် အထူးထူးသော မြတ်သောသစ်ပင်တို့၏ မွှေးကြိုင်သော အနံ့တို့ဖြင့် သင်းထုံကြိုင်လှိုင်၏။

http://www.dhammadownload.com



၆၅၀။ အခြံအရံရှိသော နတ်သမီး သင်၏ ဗိမာန်အနီး၌ တည်သော နှလုံးမွေ့လျော် ဖွယ်ကောင်းသော ရေကန်သည် ထင်းရှူးပင် တောင်ပိန္နဲပင် မွှေးကြိုင်သော ဘုဇကပင် တို့နှင့်လည်း ယှဉ်၏၊ ထန်းအုန်းအစရှိသောမြက်မျိုး, ကောင်းစွာပွင့်၍ တွဲရရွဲကျသော နွယ်မျိုးတို့နှင့်လည်း ယှဉ်၏၊ မြကွန်ရက်နှင့်တူသော ရေလည်း ရှိ၏။

၆၅၁။ ရေ၌ပေါက်ကုန်သော အပွင့်မျိုးဖြစ်ကုန်သော ပန်းပင်တို့သည်၎င်း,ကြည်းကုန်း၌ ပေါက်ကုန်သော အပင်မျိုးဖြစ်ကုန်သော သစ်ပင်တို့သည်၎င်း, လူ့ပြည်၌ ရှိကုန် မရှိကုန် သော သစ်ပင် နတ်ပြည်၌ဖြစ်ကုန်သော သစ်ပင် အားလုံးတို့သည်၎င်း သင်၏ နေရာဗိမာန် အနီး၌ ပေါက်ရောက်ကုန်၏။

၆၅၂။ ကော့သော မျက်တောင်ရှိသော နတ်သမီး ဤအကျိုးသည် အဘယ်သို့သော ကိုယ်နှုတ်နှလုံး စောင့်စည်းခြင်း ဣန္ဒြေကို ဆုံးမခြင်း၏ အကျိုးဖြစ်ပါသနည်း၊ အကျိုး ပေးရန် အားထုတ်အပ်သော အဘယ်ကံ၏ အစွမ်းဖြင့် သင်သည် ဤဗိမာန်၌ ဖြစ်လာရ သနည်း၊ အကြင်ကံကြောင့် သင်သည် ဤဗိမာန်ကို ရ၏၊ ငါမေးမြန်းသည်အားလျော်စွာ ထိုကံကို ဖြေကြားပါလော့ (ဟု အသျှင်ဝင်္ဂီသ က မေး၏)။

၆၅၃။ အကြင်ကုသိုလ်ကံကြောင့်လည်း ကြိုးကြာ ဥဒေါင်း ဇင်ယော်ငှက် အပေါင်း တို့၏ သွားလာရာဖြစ်၍ ရေပေါ်ငှက် ဟင်္သာငှက်မင်းတို့၏ ကျက်စားရာဖြစ်သော စစ္စလီ ငှက် ဥသြငှက်တို့၏ မြည်တွန်ရာဖြစ်သော ဤဗိမာန်ကို အကျွန်ုပ် ရအပ်ပါ၏။

၆၅၄။ အကြင် ကုသိုလ်ကံကြောင့်လည်း အထူးထူးသော အကိုင်း အခက်တို့ဖြင့် ဆန်းကြယ်သော သခွတ်ပင် သပြေပင် သော်ကပင်လည်းရှိသော ဤဗိမာန်ကို အကျွန်ုပ် ရအပ်ပါ၏၊ အရှင်ဘုရား (ဗိမာန်ရကြောင်း ဖြစ်သော) ထိုကံကို အရှင်ဘုရားအား လျှောက်ကြားပါအံ့၊ နားထောင်တော်မူပါ။

၆၅၅။ အရှင်ဘုရား မဂဓတိုင်းမြတ်၏ အရှေ့အရပ်မျက်နှာ၌ နာဠကမည်သော ရွာရှိပါ ၏၊ ထိုရွာ၌ အကျွန်ုပ်သည် ရှေးဘဝက (သူကြွယ်မျိုးဝယ်) ချွေးမဖြစ်ခဲ့ဘူးပါ၏၊ ထိုရွာ၌ အကျွန်ုပ်ကို ပေသဝတီဟူ၍ လူအများ သိကြပါကုန်၏။

၆၅၆။ အရှင်ဘုရား ထိုအကျွန်ုပ်သည် အကျိုးအကြောင်း၌ လိမ္မာတော်မူသည့် မြတ်စွာဘုရားကို ရိုသေလေးစားတတ်သော နတ်လူအပေါင်းတို့ ပူဇော်အပ်သော များစွာမြတ် သော ဂုဏ်ကျေးဇူးရှိတော်မူသော မနိုင်းယှဉ်အပ်သော ဂုဏ်ရှိသော ပရိနိဗ္ဗာန် စံလွန် တော်မူသော ဥပတိဿအမည်ရသော အသျှင်သာရိပုတြာမထေရ်မြတ်ကို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ပန်းတို့ဖြင့် ကြဲဖြန့် ပူဇော်ခဲ့ပါ၏။

၆၅၇။ အရှင်ဘုရား အလွန်မြတ်သော အနုပါဒိသေသနိဗ္ဗာန်သို့ ကြွသွားတော်မူ သော အဆုံးစွန်သော ကိုယ်ခန္ဓာကိုဆောင်သော ပြန့်ပြောကောင်းမြတ်သော ရဟန်းကို ပူဇော်ခြင်းကြောင့် အကျွန်ုပ်သည် လူ၌ဖြစ်သော ခန္ဓာကိုယ်ကို စွန့်ရသည် ရှိသော် တာဝတိံသာနတ်အဖြစ်သို့ ရောက်၍ ဤနတ်ပြည်ဝယ် ဤဗိမာန်ကို အုပ်စိုးနေရပါ၏ (ဟု ဖြေကြား၏)။

**ခုနစ်ခုမြောက်သော ပေသဝတီဝိမာနဝတ္ထု ပြီး၏။**

http://www.dhammadownload.com



## ဂ-မလ္လိကာဝိမာနဝတ္ထု

၆၅၈။ ရွှေဝါရောင်အဝတ်ကို ဝတ်သော ရွှေဝါရောင် (တံခွန်) ရှိသော ရွှေဝါရောင် တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော နတ်သမီး သင်သည် ချောမွေ့ပြေပြစ်ကုန်သော ရွှေဝါရောင်ကိုယ်ဝတ်တို့ဖြင့် တန်ဆာမဆင်သော်လည်း (မိမိ၏ကိုယ်အဆင်းဖြင့်ပင်) တင့်တယ်လှဘိ၏။

၆၅၉။ ရွှေလက်ကောက်ဝတ်သော ရွှေဦးဆောက်ပန်းကို ပန်ဆင်သော (ရတနာ ချည်ဖြင့် ချုပ်သည့်) ရွှေကွန်ရက်ငယ်ဖြင့် ဖုံးလွှမ်းသော ကိုယ်လည်းရှိသော အထူးထူး သော ရတနာပန်းကုံးလည်းရှိသော နတ်သမီး (သင်သည်) အဘယ်မည်သော နတ်သမီး နည်း။

၆၆၀။ (နတ်သမီး သင်၏ကိုယ်၌ ဆင်မြန်းသော ရတနာပန်းကုံးသည်) သိင်္ဂီနိက်ရွှေစင် ဖြင့်လည်း ပြီး၏၊ ပတ္တမြားနီဖြင့်လည်း ပြီး၏၊ ပုလဲဖြင့်လည်း ပြီး၏ ကြောင်မျက်ရွဲဖြင့် လည်း ပြီး၏၊ ပတ္တမြားနီနှင့်တကွ ပတ္တမြားပြောက်ဖြင့်လည်း ပြီး၏၊ ခိုမျက်စိနှင့် တူကုန် သော ပတ္တမြားတို့ဖြင့် ဆန်းကြယ်၏။

၆၆၁။ ဤပန်းကုံးတို့တွင် အချို့အချို့သော ပန်းကုံးသည် ဥဒေါင်းသံကဲ့သို့ ကောင်း သော အသံရှိ၏၊ ဟင်္သာမင်း၏ အသံကဲ့သို့ သာယာသော အသံရှိ၏၊ ကရဝိက်ငှက်သံ ကဲ့သို့ သာယာချိုမြိန်သော အသံရှိ၏၊ အင်္ဂါငါးပါးရှိသော တူရိယာစည်မျိုး၌ ကောင်းစွာ တီးမှုတ်သော အသံကို ကြားရသကဲ့သို့ ထိုပန်းကုံးတို့၏ သာယာသော အသံကို ကြားရ၏။

၆၆၂။ သင်၏ ရထားသည်လည်း တင့်တယ်၏၊ နှစ်သက်ဖွယ်ရှိ၏၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်၏၊ အထူးထူးသော အဆင်းသဏ္ဌာန်ရှိကုန်သော (လှည်းဘီး လှည်းသန် အစရှိသော) ဓာတ်တို့ဖြင့် ကောင်းစွာ ဝေဘန်အပ်သည်ဖြစ်၍ သာလျှင် တင့်တယ်၏။

၆၆၃။ နတ်သမီး ရွှေစင်နှင့်တူသော အရောင်အဆင်းရှိသော ထိုရထား၌တည်သော သင်သည် ဤအလုံးစုံသော မြေအရပ်ကို ထွန်းပစေ၏၊ ဤအကျိုးသည် အဘယ်ကုသိုလ် ကံ၏ အကျိုးနည်း၊ သင့်ကို ငါမေးပါ၏၊ ဖြေကြားပါလော့ (ဟု အသျှင်နာရဒဂ မေး၏)။

၆၆၄။ မနှိုင်းယှဉ်နိုင်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသော ပရိနိဗ္ဗာန်စံတော် မူသော ဂေါတမမြတ်စွာဘုရား၌ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အထူးထူးသော ပတ္တမြား ရွှေစင်တို့ဖြင့် ဆန်းကြယ်သော ပုလဲတို့ဖြင့်လည်း စီခြယ်အပ်သော ရွှေကွန်ရက်ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်သည် ဖြစ်သောကြောင့် သောဝဏ္ဏဇာလ အမည်ရသော မဟာ လတာတန်ဆာကို တင်လှူပူဇော်ခဲ့ပါ၏။

၆၆၅။ အရှင်ဘုရား အကျွန်ုပ်သည် ဘုရားရှင်တို့ ချီးမွမ်းတော်မူအပ်သော ထိုကုသိုလ် ကံကို ပြုရသောကြောင့် စိုးရိမ်ခြင်း ကင်းလျက် အနာရောဂါမရှိ ချမ်းချမ်းသာသာ မွေ့လျော်ရပါ၏ (ဟု ဖြေကြား၏)။

ရှစ်ခုမြောက်သော မလ္လိကာဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၉-ဝိသာလက္ခိဝိမာနဝတ္ထု

၆၆၆။ တင့်တယ်ကျယ်ပြန့် မျက်လုံးခန့်သော နတ်သမီး နှလုံးမွေ့လျော် ပျော်ဖွယ်ရှိသော စိတ္တလတာဥယျာဉ်၌ နတ်သမီးအပေါင်းခြံရံလျက် ထက်ဝန်းကျင်မှ လှည့်လည်သွားလာနေသော သင်သည် အဘယ်အမည်ရှိပါသနည်း။

၆၆၇။ အကြင်အခါ တာဝတိံသာနတ်တို့သည် ဤဥယျာဉ်သို့ ဝင်ကုန်၏၊ ထိုအခါ ဤစိတ္တလတာဥယျာဉ်သို့ လာရောက်ခြင်း ဟူသော အကြောင်းကြောင့် ဆင်ယာဉ်၊ မြင်းယာဉ် စသော ယာဉ်တို့နှင့် တကွသော ယာဉ်ရထားတို့နှင့် တကွသော တာဝတိံသာနတ်အားလုံးတို့သည် ဆန်းကြယ်သော အခြင်းအရာ ရှိကုန်၏။

၆၆၈။ ဤအရပ်သို့ ရောက်လာ၍ ဥယျာဉ်၌ သွားလာလှည့်ပတ်သော သင်၏ ကိုယ်၌မူကား ဆန်းကြယ်သော အခြင်းအရာ မထင်ခဲ့၊ နတ်သမီး အဘယ်ကုသိုလ်ကြောင့် သင်၏ ကိုယ်အဆင်းသည် ဤသို့ သဘောရှိသော စိတ္တလတာဥယျာဉ်၏ အရောင်ကို လွှမ်းမိုး၍ တည်ဘိသနည်း၊ ဤအကျိုးသည် အဘယ်ကုသိုလ်၏ အကျိုးနည်း၊ သင့်ကို ငါမေးပါ၏၊ ဖြေကြားပါလော့ (ဟု သိကြားမင်းက မေး၏)။

၆၆၉။ နတ်တို့အရှင် သိကြားမင်း အကြင်ကုသိုလ်ကံကြောင့် အကျွန်ုပ်၏ ကိုယ်အဆင်းသည်၎င်း, လားရာဂတိသည်၎င်း, နတ်တန်ခိုးသည်၎င်း,အာနုဘော်သည်၎င်း (ဤသို့သဘောရှိ၏)။ ထိုကုသိုလ်ကံကို နားဆင်တော်မူပါလော့။

၆၇၀။ အကျွန်ုပ်သည် ရှေးဘဝ၌ နှလုံးမွေ့လျော်ဖွယ် ရှိသော ရာဇဂြိုဟ်ပြည်တွင် သုနန္ဒာအမည်ရှိသော ဥပါသိကာမ ဖြစ်ခဲ့ပါ၏၊ ယုံကြည်မှု 'သဒ္ဓါ'စောင့်ထိန်းမှု 'သီလ'နှင့် ပြည့်စုံခဲ့ပါ၏၊ အခါခပ်သိမ်း ခွဲဝေပေးကမ်းမှု၌ မွေ့လျော်ခဲ့ပါ၏။

၆၇၁။ ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၌ အထူးကြည်လင်သော စိတ်ဖြင့် အဝတ်အရုံကို၎င်း, ဆွမ်းကို၎င်း, ကျောင်း အိပ်ရာ နေရာကို၎င်း, ဆီမီးတန်ဆောင်ကို၎င်း ပေးလှူခဲ့ဘူးပါ၏။

၆၇၂။ အကျွန်ုပ်သည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌၎င်း, တဆယ့်ငါးရက်မြောက်သော နေ့၌၎င်း, ရှစ်ရက်မြောက်သော နေ့၌၎င်း ဥပုသ်နေ့တို့၏ အကြိုနေ့ အပိုနေ့၌၎င်း အင်္ဂါရှစ်ပါးရှိသော ဥပုသ်နှင့် ပြည့်စုံခဲ့ပါ၏။

၆၇၃။ ဥပုသ်ကို ကျင့်သုံးခဲ့ပါ၏၊ အခါခပ်သိမ်း သီလတို့ကို စောင့်ထိန်းခဲ့ပါ၏၊ (ကိုယ်နှုတ်ကို) စောင့်စည်းခဲ့ပါ၏၊ ခွဲဝေလှူဒါန်းခဲ့ပါ၏၊ (ထိုကုသိုလ်ကြောင့်) ဗိမာန်၌ အကျွန်ုပ်နေရပါ၏။

၆၇၄။ အကျွန်ုပ်သည် အသက်သတ်ခြင်းမှလည်း ရှောင်ကြဉ်ခဲ့ပါ၏၊ မမှန်စကားပြောဆိုခြင်းမှ၎င်း, မပေးသည်ကို ခိုးယူခြင်းမှ၎င်း, လင်ကို ကျော်လွန်၍ ယောကျ်ားတပါးနှင့် သွားလာလွန်ကျူး၍ ကျင့်ခြင်းမှ၎င်း, သေရည်သေရက် သောက်ခြင်းမှ၎င်း ဝေးစွာရှောင်ကြဉ်ခဲ့ပါ၏။

http://www.dhammadownload.com



၆၇၅။ အကျွန်ုပ်သည် သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်ခဲ့ပါ၏၊ အရိယသစ္စာတို့၌ လိမ်မာခဲ့ပါ၏၊ စက္ခုငါးပါး ရှိတော်မူ၍ အကျော်အစော အခြံအရံ ရှိတော်မူသော ဂေါတမ မြတ်စွာဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါ၏။

၆၇၆။ မိဖတို့အိမ်မှ ကျွန်မသည် အကျွန်ုပ်အတွက် အခါခပ်သိမ်း ပန်းကို ရွေးရှူဆောင်ခဲ့ပါ၏၊ အကျွန်ုပ်သည် ထိုပန်းအားလုံးကိုပင်လျှင် မြတ်စွာဘုရား၏ စေတီတော်၌ ပူဇော် တင်လှူခဲ့ပါ၏။

၆၇၇။ ဥပုသ်နေ့၌မူကား အကျွန်ုပ်သည် စေတီတော်သို့ သွား၍ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ပန်းနံ့သာပျောင်းကို ကိုယ်ထိလက်ရောက် စေတီတော်၌ တင်လှူပူဇော်ခဲ့ပါ၏။

၆၇၈။ သိကြားမင်း အကျွန်ုပ်သည် စေတီတော်၌ ပန်းကို တင်လှူပူဇော်ခဲ့သော ထိုကုသိုလ်ကံကြောင့် အကျွန်ုပ်၏ ကိုယ်အဆင်းသည်၎င်း, လားရာဂတိသည်၎င်း,နတ်တန်ခိုးသည်၎င်း, အာနုဘော်သည်၎င်း (ဤသို့ သဘောရှိပါ၏)။

၆၇၉။ သိကြားမင်း အကျွန်ုပ်သည် သီလရှိသူ ဖြစ်ခဲ့ပါ၏၊ ထိုသီလသည် အကျိုး မပေးသေးပါ၊ ငါသည်ကား အဘယ်သို့သော အကြောင်းဖြင့် သကဒါဂါမ် မိန်းမဖြစ်ရပါအံ့နည်းဟု အကျွန်ုပ် တောင့်တပါ၏(ဟု ဖြေကြား၏)။

ကိုးခုမြောက်သော ဝိသာလက္ခိဝိမာနဝတ္ထု ပြီး၏။

---

## ၁၀-ပါရိစ္ဆတ္တကဝိမာနဝတ္ထု

၆၈၀။ နတ်သမီး သင်သည် နှစ်သက်ဖွယ် နှလုံးမွေ့လျော်ဖွယ်ကို ဖြစ်စေတတ်သော ပါရိစ္ဆတ္တကအမည်ရှိသော ပင်လယ်ကသစ်ပင်၌ နတ်ပန်းကို သီကုံး၍ သီချင်းကို သီဆိုလျက် ကောင်းစွာ စံပျော်နေဘိ၏။

၆၈၁။ သင် က-နေစဉ်အခါဝယ် ထိုသင်၏ အင်္ဂါကြီးငယ်တို့မှ အခါခပ်သိမ်း သာယာနာပျော်ဖွယ် နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော နတ်၌ဖြစ်သော အသံတို့သည် ထွက်ပေါ်ကျူးရင့်ကြကုန်၏။

၆၈၂။ သင် က-နေစဉ်အခါဝယ် ထိုသင်၏ အင်္ဂါကြီးငယ်ဘို့မှ အခါခပ်သိမ်း မွှေးကြိုင်သော အနံ့ရှိ၍ နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော နတ်၌ဖြစ်သော အနံ့တို့သည် ပျံ့လှိုင်ကုန်၏။

၆၈၃။ နတ်သမီး ကိုယ်ကို လှည့်လည် ယိမ်းနွဲ့ လိုက်သည်ရှိသော် ဆံသုံးတို့၌ ပန်ဆင်အပ်ကုန်သော တန်ဆာတို့၏ အသံကို အင်္ဂါငါးပါးရှိသော တူရိယာ၏ အသံကဲ့သို့ ကြားရ၏။

၆၈၄။ လေညှင်းတိုက်ခတ်သဖြင့် လေကြောင့် ထက်ဝန်းကျင်မှ လှုပ်ကုန်သော **ဦးဆောက်ပန်းတို့၏ အသံကို အင်္ဂါငါးပါးရှိသော တူရိယာ၏ အသံကဲ့သို့ ကြားရ၏။**

http://www.dhammadownload.com



၆၇၅။ သင်၏ ဦးခေါင်း၌ မွှေးကြိုင်သော အနံ့ရှိသော နလုံးမွေ့လျော်ခြင်းကို ဖြစ်စေတတ်သော ပန်းရနံ့သည် မဥ္ဇူသကနတ်ပန်းကဲ့သို့ အရပ်မျက်နှာ အားလုံးတို့၌ ပျံ့လှိုင်၏။

၆၇၆။ နတ်သမီး သင်သည် ထိုမွှေးကြိုင်သော အနံ့ကိုသာ နမ်းရှူနေရ၏၊ နတ်၌ဖြစ်သော အဆင်းကိုသာ တွေ့မြင်နေရ၏၊ ဤအကျိုးသည် အဘယ်ကုသိုလ်ကံ၏ အကျိုးနည်း၊ သင့်ကိုငါမေးပါ၏၊ ဖြေကြားပါလော့ (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၆၇၇။ အကျွန်ုပ်သည် ပြိုးပြိုးပြက်ထွက်သော အရောင်အလျှံရှိသော အဆင်း အနံ့နှင့် ပြည့်စုံသော သောကပန်းကုံးကို မြတ်စွာဘုရားအား ဆက်ကပ်ခဲ့ပါ၏။

၆၇၈။ အကျွန်ုပ်သည် ဘုရားရှင်တို့ ချီးမွမ်းတော်မူအပ်သော ထိုကုသိုလ်ကံကို ပြုရသောကြောင့် စိုးရိမ်မှုကင်းလျက် အနာရောဂါမရှိ ချမ်းချမ်းသာသာ မွေ့လျော်ရပါ၏ (ဟု ဖြေကြား၏)။

ဆယ်နမြောက်သော ပါရိစ္ဆတ္တကဝိမာနဝတ္ထု ပြီး၏။

သုံးခုမြောက်သော ပါရိစ္ဆတ္တကဝဂ် ပြီး၏။

---

## ၄-မဉ္ဇိဋ္ဌကဝဂ်

### ၁-မဉ္ဇိဋ္ဌကဝိမာနဝတ္ထု

၆၇၉။ နတ်သမီး သင်သည် ရွှေသဲခင်းထားသော မြေအဘိုရှိသော မောင်းသော အရောင် ရှိသော ဗိမာန်၌ ကောင်းစွာ တီးမှုတ်အပ်သော အင်္ဂါငါးပါးရှိသော တူရိယာဖြင့် မွေ့လျော်နေဘိ၏။

၆၈၀။ (သင်၏ သုစရိုက် ကုသိုလ်တရားက)ဖန်ဆင်းထားသော ရတနာဖြင့်ပြီးသော ထိုဗိမာန်မှ ဆင်းသက်ပြီးလျှင် အခါခပ်သိမ်းပွင့်သော အင်ကြင်းတောသို့ သက်ဝင်ဘိ၏။

၆၈၁။ နတ်သမီး သင်သည် အကြင်အကြင် အင်ကြင်းပင်ရင်း၌ ရပ်တည်နေ၏၊ သစ်ပင်တကာ့ တို့ထက် မြတ်သော ထိုထိုအင်ကြင်းပင်သည် အောက်သို့ ကိုင်းညွတ်လျက် ပန်းတို့ကို ချွေချ၏။

၆၈၂။ သင်၏ အင်ကြင်းတောသည် လေကြောင့် လှုပ်၏၊ လေညှင်း တိုက်ခတ်၏၊ ငှက်အပေါင်းသည် မှီဝဲအပ်၏၊ ထိုအင်ကြင်းတော၏ ရနံ့သည် မဥ္ဇူသကနတ်ပန်းကဲ့သို့ အရပ်မျက်နှာအားလုံးတို့၌ ပျံ့လှိုင်၏။

၆၈၃။ နတ်သမီး သင်သည် ထိုမွှေးကြိုင်သော အနံ့ကိုသာ နမ်းရှူနေရ၏၊ နတ်၌ဖြစ်သော အဆင်းကိုသာ တွေ့မြင်နေရ၏၊ ဤအကျိုးသည် အဘယ်ကုသိုလ်ကံ၏ အကျိုးနည်း၊ သင့်ကိုငါမေး၏၊ ဖြေကြားပါလော့ (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၆၈၄။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက အရှင်သခင်အိမ်၌ ကျွန်မဖြစ်ခဲ့ဘူးပါ၏၊ ထိုင်နေတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ အင်ကြင်းပန်းတို့ဖြင့် ကြဲဖြန့် ပူဇော်ခဲ့ပါ၏။

http://www.dhammadownload.com



၆၉၅။ အကျွန်ုပ်သည် အင်ကြင်းပန်းတို့ဖြင့် ပြီးသော ကောင်းစွာပြုအပ်သော ဦးဆောက်ပန်းကိုလည်း မြတ်စွာဘုရားအား ကြည်လင်သော စိတ်ရှိသည် ဖြစ်၍ ကိုယ်တိုင် လက်ရောက် ကပ်လှူခဲ့ပါ၏။

၆၉၆။ အကျွန်ုပ်သည် ဘုရားရှင်တို့ ချီးမွမ်းတော်မူအပ်သော ထိုကုသိုလ်ကံကို ပြုရသောကြောင့် စိုးရိမ်မှုကင်းလျက် အနာရောဂါမရှိ ချမ်းချမ်းသာသာ မွေ့လျော်ရပါ၏(ဟု ဖြေကြား၏)။

ရှေးဦးစွာသော မဉ္ဇိဋ္ဌကဝိမာနဝတ္ထု ပြီး၏။

---

## ၂-ပဘဿရဝိမာနဝတ္ထု

၆၉၇။ ပြိုးပြိုးပြက် မြတ်သော အရောင်အဆင်းရှိသော ကောင်းစွာနီသော အဝတ်ကို ဝတ်သော စန္ဒကူးဖြင့် လိမ်းကျံထားသကဲ့သို့ နှစ်သက်ဖွယ် ကိုယ်ရှိသော တင့်တယ်ခြင်း ရှိသော တန်ခိုး အာနုဘော်ကြီးသော နတ်သမီး ငါ့ကို ရှိခိုးလာသော သင်ကား အဘယ် သူနည်း။

၆၉၈။ သင်၏ ပလ္လင်သည် အဘိုးများစွာ ထိုက်တန်၏၊ အထူးထူးသော ရတနာ တို့ဖြင့်လည်း ဆန်းကြယ်၏၊ နှင်သက်ဖွယ်လည်း ရှိ၏၊ယင်း ပလ္လင်၌ ထိုင်နေသော သင်သည် နန္ဒဝန် ဥယျာဉ်၌ သိကြားမင်းကဲ့သို့ တင့်တယ်လှဘိ၏။

၆၉၉။ ကောင်းသော နတ်သမီး သင်သည် ရှေးဘဝ၌ အဘယ်သို့သော (သုစရိုက်) ကို ပြုကျင့် ခဲ့ဘူးသနည်း၊ နတ်သမီး သင်သည် နတ်ပြည်လောက၌ အဘယ် ကုသိုလ်၏ အကျိုးကို ခံစားနေဘိသနည်း၊ ဤအကျိုးသည် အဘယ် ကုသိုလ်ကံ၏ အကျိုးနည်း၊ သင့်ကို ငါမေးပါ၏၊ ဖြေကြားပါလော့ (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၇၀၀။ အရှင်ဘုရား ဆွမ်းခံလှည့်လည်သော အရှင်ဘုရားအား ပန်းကိုဋ်း, တင်လဲ ကိုဋ်း ပေးလှူခဲ့ပါ၏၊ နတ်ပြည်လောကဝယ် ထိုကုသိုလ်ကံ၏ အကျိုးကို ခံစားရပါ၏။

၇၀၁။ အရှင်ဘုရား အကျွန်ုပ်အား နောင်တ တဖန် ပူပန်မှုလည်း ဖြစ်နေပါ၏၊ ချွတ်ယွင်းမှုကြောင့် ဆင်းရဲခြင်းလည်း ဖြစ်ပါ၏၊ အရှင်ဘုရား ဘုရားဟော တရားတော်တို့ကို အကျွန်ုပ်သည် မနာခဲ့ရပါ။

၇၀၂။ အရှင်ဘုရား ထိုသို့သော အကြောင်းကြောင့် အရှင်ဘုရားအား အကျွန်ုပ် လျှောက်ထား တောင်းပန်ပါ၏၊ အကြင် ပုဂ္ဂိုလ်သည် သနား စောင့်ရှောက်ထိုက်သူ ဖြစ်ရာ၏၊ ထိုပုဂ္ဂိုလ်အား မြတ်စွာဘုရား ကောင်းစွာ ဟောထားတော်မူအပ်သော တရား တော်ကို ဆောက်တည်စေပါလော့။

၇၀၃။ အရှင်ဘုရား အကြင် နတ်တို့အား ဘုရားရတနာ၌၎င်း, တရားရတနာ၌၎င်း, သံဃာရတနာ၌၎င်း ယုံကြည်မှု 'သဒ္ဓါတရား' ရှိ၏၊ ထိုနတ်တို့သည် အသက်အားဖြင့်၎င်း အကျော်အစော အခြံအရံအားဖြင့်၎င်း, အသရေအားဖြင့်၎င်း အကျွန်ုပ်ထက် သာလွန်၍ တင့်တယ်ကြပါကုန်၏။

http://www.dhammadownload.com



၇၀၄။ အခြားသော နတ်တို့သည် အကျွန်ုပ်ထက် တန်ခိုး အာနုဘော် အားဖြင့်၎င်း အဆင်းအားဖြင့်၎င်း သာလွန်ပါကုန်၏၊ အထူးသဖြင့် တန်ခိုးကြီးကြပါကုန်၏ (ဟု ဖြေကြား၏)။

**နှစ်ခုမြောက်သော ပဘဿရဝိမာနဝတ္ထု ပြီး၏။**

---

## ၃-နာဂဝိမာနဝတ္ထု

၇၀၅။ တန်ဆာဆင်ထားသော နတ်သမီး သင်သည် ပတ္တမြားရွှေစင်တို့ဖြင့် စီခြယ်ထားသော ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားသော ကောင်းစွာ ပြင်ဆင်ထားသော ကြီးစွာသော ဆင်မြတ်သို့ တက်စီး၍ ကောင်းကင်ခရီးဖြင့် ဤအရပ်သို့ ရောက်လာဘိ၏။

၇၀၆။ ဆင်၏ အစွယ်နှစ်ချောင်းတို့၌ ကြည်လင်သော ရေရှိသော ကောင်းစွာ ပွင့်သည့် ပဒုမာကြာပန်းရှိသော ရေကန်တို့ကို ဖန်ဆင်းအပ်ကုန်၏၊ ပဒုမာကြာတို့၌လည်း တူရိယာ အပေါင်းတို့သည် အလိုလို မြည်ကုန်၏၊ စိတ်နှလုံးကို ဆောင်တတ်ကုန်သော ဤနတ်သမီးတို့သည် က-လည်း က-ကုန်၏၊ သီလည်း သီဆိုကြကုန်၏။

၇၀၇။ အာနုဘော်ကြီးသော နတ်သမီး သင်သည် နတ်တန်ခိုး အာနုဘော်နှင့် ပြည့်စုံခြင်းသို့ ရောက်၏၊ လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း (ဟု အသျှင်ဝင်္ဂီသက မေး၏)။

၇၀၈။ အကျွန်ုပ်သည် ဗာရာဏသီပြည်၌ မြတ်စွာဘုရားအား ချဉ်းကပ်၍ အဝတ်အစုံကို ပေးလှူခဲ့ဘူးပါ၏၊ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ မြေ၌ ထိုင်ကာ နှစ်သက်သည်ဖြစ်၍ လက်အုပ်ချီခြင်းကိုလည်း ပြုခဲ့ပါ၏။

၇၀၉။ ရွှေစင်နှင့်တူသော အရောင်အဆင်းရှိတော်မူသော မြတ်စွာဘုရားသည်လည်း အကျွန်ုပ်အား (သမုဒယသစ္စာ, ဒုက္ခသစ္စာ) တို့၏ မမြဲသည်၏အဖြစ်ကို၎င်း, အကြောင်းတရားတို့ မပြုပြင်အပ်သော ဒုက္ခချုပ်ငြိမ်းရာ (နိရောဓသစ္စာ) ၏ မြဲသည်၏ အဖြစ်ကို၎င်း, ဟောတော်မူပါ၏၊ (မဂ္ဂသစ္စာ) ကိုလည်း ဟောတော်မူပါ၏၊ ယင်းသို့ ဟောတော်မူခြင်းကြောင့် သစ္စာလေးပါးကို အကျွန်ုပ် သိရပါ၏။

၇၁၀။ အရှင်ဘုရား အကျွန်ုပ်သည် နည်းသော အသက် အပိုင်းအခြား ရှိသည်ဖြစ်၍ သေလွန်ခြင်းကြောင့် ထိုလူ့ဘဝမှ စုတေခဲ့သည်ရှိသော် တာဝတိံသာနတ်ပြည်၌ ဖြစ်၍ အခြံအရံနှင့် ပြည့်စုံရပါ၏၊ အကျွန်ုပ်သည် သိကြားမင်း၏ နတ်ပြည်နှစ်ထပ် အရပ်မျက်နှာတို့၌ ထင်ရှားကျော်စော၍ ယသုတ္တရာအမည်ရှိသော မယားတယောက် ဖြစ်ခဲ့ပါ၏ (ဟု လျှောက်၏)။

**သုံးခုမြောက်သော နာဂဝိမာနဝတ္ထု ပြီး၏။**

http://www.dhammadownload.com



## ၄-အလောမဝိမာနဝတ္ထု

၇၁၁။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း စေဘိသကဲ့သို့ ထို့အတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း စေလျက် တည်နေဘိ၏။

၇၁၂။ နတ်သမီး အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၇၁၄။ ထို နတ်သမီးသည် ဝမ်းမြောက် ဝမ်းသာ။ပ။ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြားလျှောက်ထား၏။

၇၁၅။ အကျွန်ုပ်သည်ကား ဗာရာဏသီပြည်၌ နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားအား ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ မုယောမှုံ့ခြောက်ကို ကိုယ်ထိ လက်ရောက် ပေးလှူခဲ့ဘူးပါ၏။

၇၁၆။ ခြောက်လည်းခြောက်၍ ဆားလည်းမပါသော မုယောမှုံ့ အလှူ၏ အကျိုးကို ရှုတော်မူပါလော့၊ နတ်ချမ်းသာသို့ ရောက်သော အလောမအမည်ရှိသော အကျွန်ုပ်ကို မြင်ရသည်ရှိသော် အဘယ်သူသည် ကောင်းမှုကို မပြုပဲ နေတော့အံ့နည်း။

၇၁၇။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၏)။

လေးခုမြောက်သော အလောမဝိမာနဝတ္ထု ပြီး၏။

---

## ၅-ကဉ္ဇိကဒါယိကာဝိမာနဝတ္ထု

၇၁၉။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း စေဘိသကဲ့သို့ ထို့အတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၇၂၀။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်း ဖြစ်သနည်း ။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၇၂၂။ ထိုနတ်သမီးသည် ဝမ်းမြောက်ဝမ်းသာ ။ပ။ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြားလျှောက်ထား၏။

၇၂၃။ အကျွန်ုပ်သည် အန္ဓကဝိန္ဒမြို့၌ နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားအား ဆီးသီးရည်ဖြင့် ကောင်းစွာ ချက်၍ ဆီမွှေးသတ်ထားသော ပုန်းရည်ကို ပေးလှူခဲ့ဘူးပါ၏။

http://www.dhammadownload.com



၇၂၄။ ဖြောင့်မတ်ခြင်းသို့ ရောက်တော်မူသော မြတ်စွာဘုရား၌ အထူးကြည်လင်သော စိတ်ဖြင့် ပိတ်ချင်းသီး ကြက်သွန် ပန်းရင်းနှင့် ရောယှက်သော ပုန်းရည်ကို (အသျှင်အာနန္ဒာမှတဆင့်) ပေးလှူခဲ့ပါ၏။

၇၂၅။ အရှင်ဘုရား အင်္ဂါကြီးငယ်အလုံးစုံ ကောင်းခြင်းရှိသော လင်၏ ရှုမငြီးသော မိန်းမသည် စကြဝတေးမင်း၏ မိဖုရားဖြစ်သော်လည်း ထိုမိဖုရားအဖြစ်သည် ပုန်းရည်ကို ပေးလှူသော တခုသော ကံ၏(အကျိုးကို) တဆယ့်ခြောက်စိတ်စိတ်၍ တစိတ်လောက်မျှ တန်ဘိုးမရှိပေ။

၇၂၆။ မွှေစင် နိက္ခတသိန်း, မြင်းတသိန်း, အဿတိုရ်မြင်း ကသော ရထားတသိန်း, ပတ္တမြားနားဒေါင်း ဝတ်ဆင်ကုန်သော သမီးကညာတသိန်း (ဤအလုံးစုံတို့သည်လည်း) ဤပုန်းရည်ကို ပေးလှူသော တခုသော ကံ၏ (အကျိုးကို) တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှလောက် တန်ဘိုးမရှိပေကုန်။

၇၂၇။ ဟိမဝန္တာတောင်၌ ဖြစ်ကုန်သော စဉ်းငယ်ညွတ်သော အစွယ်ရှိကုန်သော ကြီးစွာသော စစ်ထိုးခြင်းကို ရွက်ဆောင်နိုင်ကုန်သော ရွှေကကြိုး တင်အပ်ကုန်သော ရွှေတန်ဆာတို့ဖြင့် ဖွဲ့အပ်သော ကိုယ်ရှိကုန်သော မာတင်္ဂမျိုးဖြစ်ကုန်သော ဆင်အကောင်တရာတို့သည် ဤပုန်းရည်ကို ပေးလှူသော တခုသော ကံ၏အကျိုးကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်လောက်မျှ တန်ဘိုးမရှိကြပေကုန်။

၇၂၈။ ဤလောက၌ အကြင်သူသည် ကျွန်းကြီးလေးကျွန်းတို့ကို အစိုးရခြင်းကို ပြုရာ၏၊ ထိုသူ၏ ထိုစကြဝတေးမင်း စည်းစိမ်သည် ဤပုန်းရည် ပေးလှူသော တခုသော ကံ၏ အကျိုးကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်လောက်မျှ တန်ဘိုးမရှိပေ(ဟု ဖြေကြား၏)။

ငါးခုမြောက်သော ကဉ္စိကဒါယိကာဝိမာနဝတ္ထု ပြီး၏။

---

## ၆-ဝိဟာရဝိမာနဝတ္ထု

၇၂၉။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ ထိုအတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေလျက် တည်နေဘိ၏။

၇၃၀။ သင် က-နေစဉ်အခါဝယ် ထိုသင်၏ အင်္ဂါကြီးငယ်တို့မှ အခါခပ်သိမ်း သာယာနာပျော်ဖွယ် နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော နတ်၌ဖြစ်သော အသံတို့သည် ထွက်ပေါ်ကျူးရင့်ကြကုန်၏။

၇၃၁။ သင် က-နေစဉ်အခါဝယ် ထိုသင်၏ အင်္ဂါကြီးငယ်တို့မှ အခါခပ်သိမ်း မွှေးကြိုင်သော ရနံ့ရှိ၍ နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော နတ်၌ဖြစ်သော အနံ့တို့သည် ပျံ့လှိုင်ကုန်၏။

http://www.dhammadownload.com



၇၃၂။ နတ်သမီး ကိုယ်ကိုလှည့်လည်ယိမ်းနွဲ့လိုက်သည်ရှိသော် ဆံသုံးတို့၌ ပန်ဆင်အပ်ကုန်သော တန်ဆာတို့၏ အသံကို အင်္ဂါငါးပါးရှိသော တူရိယာသံကဲ့သို့ ကြားရ၏။

၇၃၃။ လေညှင်းကိုက်ခတ်သဖြင့် လေကြောင့် ထက်ဝန်းကျင်မှ လှုပ်ကုန်သော ဦးဆောက်ပန်းတို့၏ အသံကို အင်္ဂါငါးပါးရှိသော တူရိယာသံကဲ့သို့ ကြားရ၏။

၇၃၄။ သင်၏ ဦးခေါင်း၌ မွှေးကြိုင်သော အနံ့ရှိသော နှလုံးမွေ့လျော်ခြင်းကို ဖြစ်စေတတ်သော ပန်းရနံ့သည် မဉ္ဇူသကနတ်ပန်းကဲ့သို့ အရပ်မျက်နှာ အားလုံးတို့၌ ပျံ့လှိုင်ပါ၏။

၇၃၅။ နတ်သမီး သင်သည် ထိုမွှေးကြိုင်သော အနံ့ကိုသာ နမ်းရှူနေရ၏၊ နတ်၌ဖြစ်သော အဆင်းကိုသာ တွေ့မြင်နေရ၏၊ ဤအကျိုးသည် အဘယ်ကုသိုလ်ကံ၏ အကျိုးနည်း၊ သင့်ကို ငါမေး၏၊ ဖြေကြားပါလော့(ဟု အသျှင်အနုရုဒ္ဓါက မေး၏)။

၇၃၆။ အရှင်ဘုရား အကျွန်ုပ်၏ အဆွေခင်ပွန်းမ(ဝိသာခါ)သည် သာဝတ္ထိပြည်၌ သံဃာတော်၏(အကျိုးငှါ) ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ်၏၊ ထို(ကျောင်းတော်ကြီး ပူဇော်ပွဲကျင်းပသော)အခါဝယ် ထိုကျောင်းတော်ကြီးကိုရင်း, နှစ်သက်ကြည်နူးပူဇော်ပွဲကြီးကိုရင်း မြင်ရ၍ ကြည်ညိုသောကြောင့် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုခဲ့ပါ၏။

၇၃၇။ အကျွန်ုပ်၏ ထိုဝမ်းမြောက်ဝမ်းသာ အနုမောဒနာသက်သက်ကြောင့်ပင်လျှင် မဖြစ်ဘူးမြဲ ဖြစ်၍ ရှုချင်စဖွယ်ဖြစ်သော ထက်ဝန်းကျင် တဆယ့်ခြောက်ယူဇနာရှိသော ဗိမာန်ကို ရခဲ့ပါ၏၊ ထိုဗိမာန်သည် အကျွန်ုပ်ကောင်းမှု၏ အာနုဘော်ကြောင့် ကောင်းကင်၌ သွားနိုင်ပါ၏။

၇၃၈။ ပုံစံတူ အတိုင်းအရှည်တူကုန်သော ပြာသာဒ်ဆောင်ပေါက်သော အကျွန်ုပ်၏ ဗိမာန်တို့သည် ထက်ဝန်းကျင် ယူဇနာတရာတိုင်တိုင် အလွန်တောက်ပစေကုန်လျက် ထွန်းလင်းပါကုန်၏။

၇၃၉။ အကျွန်ုပ်၏ ဤဗိမာန်၌ ရေကန်တို့သည် နှလုံးမွေ့လျော်ဖွယ် ရှိကုန်၏၊ ငါးအပေါင်းတို့ မှီဝဲအပ်ကုန်၏၊ ကြည်သောရေ ရှိကုန်၏၊ အထူးသဖြင့် ကြည်လင်ကုန်၏၊ ရွှေအတိပြီးသော သဲတို့ဖြင့် ခင်းထားအပ်ပါကုန်၏။

၇၄၀။ အထူးထူးသော ကြာပဒုမာမျိုးတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်၏၊ ကြာဖြူ ပုဏ္ဍရိက်မျိုးတို့ဖြင့်လည်း ဖုံးလွှမ်းအပ်ကုန်၏၊ လေညှင်းတိုက်ခတ်သဖြင့် လှုပ်ကုန်သော နှစ်သက်မြတ်နိုးဖွယ် မွှေးကြိုင်သော ရနံ့တို့သည် ထက်ဝန်းကျင် ပျံ့လှိုင်ကုန်၏။

၇၄၁။ ဗိမာန်အနီး၌ သပြေပင်တို့သည်၎င်း, ပိန္နဲပင်တို့သည်၎င်း, ထန်းပင်တို့သည်၎င်း အုန်းတောတို့သည်၎င်း, အထူးထူးသော သစ်ပင်တို့သည်၎င်း မစိုက်ပျိုးရကုန်ပဲ ပေါက်ကုန်၏။

http://www.dhammadownload.com



၇၄၂။ အကြင်သူသည် အထူးထူးသော တူရိယာသံတို့ဖြင့် ခြိမ့်ခြိမ့်ညံ၍ နတ်သမီးအပေါင်းတို့ ကြွေးကြော်သံရှိသော ဤဗိမာန်ကို အိပ်မက်၌မူလည်း မြင်မက်ရာ၏၊ ထိုအိပ်မက် မြင်မက်သူသော်မှလည်း နှစ်သက်ရာ၏။

၇၄၃။ ဤသို့သဘောရှိသော မဖြစ်ဘူးမြဲဖြစ်၍ ရှုချင်စဖွယ်ဖြစ်သော ထက်ဝန်းကျင်မှ ထွန်းပသော အရောင်ရှိသော ဗိမာန်သည် အကျွန်ုပ်၏ ကံကြောင့် ဖြစ်ပါ၏၊ (ထို့ကြောင့်) ကောင်းမှုတို့ကို ပြုခြင်းငှါ သင့်လှပါ၏ (ဟု လျှောက်၏)။

၇၄၄။ ထိုဝမ်းမြောက်ဝမ်းသာ အနုမောဒနာသက်သက်ကြောင့်ပင်လျှင် သင်နတ်သမီးသည် မဖြစ်ဘူးမြဲဖြစ်၍ ရှုချင်စဖွယ်ဖြစ်သော ဗိမာန်ကို ရလေသေး၏၊ အကြင်ဝိသာခါ အမျိုးသမီးသည် (ပုဗ္ဗာရုံ)ကျောင်းအလှူကို ပေးလှူ၏၊ ထိုဝိသာခါအမျိုးသမီး၏ လားရာဂတိကို သင်ပြောဆိုပါလော့၊ ထို(ဝိသာခါ) အမျိုးသမီးသည် အဘယ်ဘုံ၌ ဖြစ်လေသနည်း(ဟု အသျှင်အနုရုဒ္ဓါက မေး၏)။

၇၄၅။ အရှင်ဘုရား ထိုအကြင်အမျိုးသမီး ဝိသာခါသည် အကျွန်ုပ်၏ အဆွေခင်ပွန်းမဖြစ်ခဲ့ဘူးပါ၏၊ သစ္စာလေးပါး တရားကို သိပြီးသော ထိုအမျိုးသမီးဝိသာခါသည် သံဃာတော်၏အကျိုးငှါ (ပုဗ္ဗာရုံ) ကျောင်းတော်ကြီးကို ဆောက်လုပ်စေ၏၊ (ဆွမ်းသက်န်းစသော များမြတ်သော)အလှူကို ပေးလှူ၏၊ ထိုအမျိုးသမီးဝိသာခါသည် နိမ္မာနရတိနတ်ဘုံ၌ ဖြစ်ပါ၏။

၇၄၆။ (ထိုနတ်ဘုံ၌) သုနိမ္မိတအမည်ရှိသော နိမ္မာနရတိနတ်မင်းကြီး၏ မိဖုရားဖြစ်ပါ၏၊ ထိုဝိသာခါနတ်သမီး၏ ကံအကျိုးကို ကြံစည်ခြင်းငှါ မတတ်နိုင်ပါ၊ ထိုဝိသာခါသည် အဘယ်ဘုံ၌ ဖြစ်လေသနည်းဟူသော အမေးပြဿနာကို (အရှင်ဘုရား) မေးတော်မူပါ၏၊ ထိုအမေးပြဿနာကို အရှင်ဘုရားအား ဟုတ်မှန်သောအတိုင်း အကျွန်ုပ် ဖြေကြားပါ၏။

၇၄၇။ ထို့ကြောင့် နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍ သံဃာတော်အား လှူဖွယ်တို့ကို ပေးလှူကြကုန်လော့၊ ကြည်ညိုသော စိတ်ရှိကုန်သည်ဖြစ်၍ တရားတော်ကိုလည်း နာကြကုန်လော့၊ သင်တို့သည် အလွန် ရခဲသော လူအဖြစ်ရခြင်းကို ရအပ်၏ဟု အခြားသူတို့ကိုလည်း ဆောက်တည်ပါစေကုန်လော့။

၇၄၈။ ဗြဟ္မာမင်းအသံနှင့်တူသော အသံရှိတော်မူသော ရွှေစင်နှင့်တူသော အရေအဆင်းရှိတော်မူသော အရိယာမဂ်ဖြင့် နတ်နှင့်တကွသော လောက၏ အကြီးအမှူး ဖြစ်တော်မူသော မြတ်စွာဘုရားသည် သုဂတိသို့ ရောက်ကြောင်းခရီးကို ဟောတော်မူ၏၊ နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍ သံဃာတော်အား အလှူတို့ကို ပေးလှူကြကုန်လော့၊ ယင်းသံဃာတော်၌ ပေးလှူအပ်သော အလှူတို့သည် အကျိုးကြီးမြတ်ကုန်၏။

၇၄၉။ အကြင် ပုဂ္ဂိုလ်ရှစ်ယောက်တို့ကို ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာဖြစ်ကုန်သော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် လေးယောက်အစုံတို့ ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့သည် လှူဖွယ်တို့ကို ခံယူခြင်းငှါ ထိုက်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား ပေးလှူကုန်သော လှူဖွယ်ဝတ္ထုတို့သည် များမြတ်သော အကျိုးရှိကုန်၏။

http://www.dhammadownload.com



၇၅၀။ ကျင့်ဆဲမဂ်ပုဂ္ဂိုလ် လေးယောက်တို့သည်၎င်း, ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်တို့သည်၎င်း ဤပုဂ္ဂိုလ် ရှစ်ယောက် အပေါင်းသံဃာသည် ဖြောင့်မတ်ခြင်းသို့ ရောက်၏၊ ပညာသီလတို့နှင့် ပြည့်စုံ၏။

၇၅၁။ ပေးလှူကုန်သော လူတို့၏၎င်း, ကောင်းမှုကို လိုလားကုန်သည်ဖြစ်၍ ပြည့်စုံမှု၏တည်ရာ 'ဥပဓိ'လျှင် အကျိုးရှိသည့် ကောင်းမှုကိုပြုကုန်သော သတ္တဝါတို့၏၎င်း သံဃာအား ပေးလှူသော အလှူသည် များမြတ်သော အကျိုးရှိ၏။

၇၅၂။ ထိုသံဃာတော်သည်သာလျှင် ပြန့်ပြော၏၊ မြင့်မြတ်သည့်အဖြစ်သို့ ရောက်၏၊ သမုဒ္ဒရာသည်(ရေအားဖြင့်) မရေတွက်နိုင်သကဲ့သို့ ထိုသံဃာတော်သည် (မိမိ၏ဂုဏ်အားဖြင့်)မရေတွက်နိုင်၊ တရားတော်ကို ညွှန်ပြတတ်ကုန်သော လူတို့တွင် လုံ့လနှင့် ပြည့်စုံတော်မူသည့် မြတ်စွာဘုရား၏ တပည့်သားဖြစ်ကုန်သော ပညာအလင်းကို ပြုတတ်ကုန်သော ထိုသံဃာတို့သာလျှင် မြတ်ကုန်၏။

၇၅၃။ အကြင် သူတို့သည် သံဃာတော်ကို ရည်မှတ်၍ အလှူကို ပေးလှူကုန်၏၊ ထိုသူတို့၏ ပေးလှူခြင်းသည် ကောင်းသော ပေးကမ်းလှူဒါန်းပူဇော်ခြင်းပင် ဖြစ်၏၊ သံဃာ၌ တည်သော ထိုအလှူကို အကျိုးကြီးမြတ်၏ဟု လောကသုံးပါးကို သိတော်မူကုန်သော မြတ်စွာဘုရားတို့သည် ချီးမွမ်းတော်မူအပ်ကုန်၏။

၇၅၄။ လောက၌ အကြင်သူတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်လျက် ဤသို့ သဘောရှိသော(သံဃာကို ရည်မှတ်၍ပြုသည့်)ကောင်းမှုကို အဖန်တလဲလဲ အောက်မေ့ကုန်သည်ဖြစ်၍ သွားလာ လှည့်လည်နေကုန်၏၊ ထိုသူတို့သည် ဝန်တိုမှု အညစ်အကြေးကို အကြောင်းရင်းနှင့်တကွ ပယ်ဖျောက်ကုန်၍ (ပညာရှိတို့) အကဲ့ရဲ့ မခံရကုန်ပဲ နတ်ပြည်သို့ ကပ်ရောက်ကြရကုန်၏။

ခြောက်ရမြောက်သော ဝိဟာရဝိမာနဝတ္ထု ပြီး၏။

---

## ၇-စတုရိတ္ထိဝိမာနဝတ္ထု

၇၅၅။ အလွန် နှစ်သက်ဖွယ်ရှိသော အရောင် အဆင်းဖြင့်။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပသနည်း။

၇၅၈။ ထိုနတ်သမီးသည် ဝမ်းမြောက် ဝမ်းသာ။ပ။ ဤ( မျက်မှောက်ဖြစ်သော ) အကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြား လျှောက်ထား၏။

၇၅၉။ အကျွန်ုပ်သည် သေိကတိုင်း ကုန်းမြင့်အရပ်ဝယ် နှလုံးမွေ့လျော်ဖွယ်ရှိသော ပဏ္ဍကတမ္ဘိုတော်၌ ဆွမ်းခံလှည့်လည်သော ရဟန်းအား ငှရွှေပန်းစည်းကို ပေးလှူခဲ့ပါ၏။

http://www.dhammadownload.com



၇၆၀။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သဘောရှိသော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

၇၆၂။ အလွန် နှစ်လိုဖွယ်သော အရောင် အဆင်းဖြင့်။ပ။အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

၇၆၅။ နတ်သမီးသည် ဝမ်းမြောက် ဝမ်းသာ။ပ။ ဤ( မျက်မှောက်ဖြစ်သော ) အကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြား လျှောက်ထား၏။

၇၆၆။ အကျွန်ုပ်သည် သေိကတိုင်း ကုန်းမြင့်ရာ အရပ်ဝယ် နှလုံးမွေ့လျော်ဖွယ်ရှိသော ပဏ္ဍကတမြို့တော်၌ ဆွမ်းခံ လှည့်လည်သော ရဟန်းအား ကြာညိုပန်းစည်းကို ပေးလှူခဲ့ပါ၏။

၇၆၇။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့ သဘောရှိကုန်သော အရောင် အဆင်း ဖြစ်ပါ၏။ ပ ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

၇၆၉။ အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့်။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

၇၇၂။ ထိုနတ်သမီးသည် ဝမ်းမြောက်ဝမ်းသာ။ပ။ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြား လျှောက်ထား၏။

၇၇၃။ အကျွန်ုပ်သည် သေိကတိုင်း ကုန်းမြင့်ရာအရပ်ဝယ် နှလုံးမွေ့လျော်ဖွယ်ရှိသော ပဏ္ဍကတမြို့တော်၌ ဆွမ်းခံလှည့်လည်သော ရဟန်းအား ရေအိုင်၌ပေါက်၍ ဖြူသော ကြာစွယ် စိမ်းသောအရွက်ရှိသော ပဒုမာကြာစည်းကို ပေးလှူခဲ့ပါ၏။

၇၇၄။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

၇၇၆။ အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့်။ပ။ သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

၇၇၉။ ထိုနတ်သမီးသည် ဝမ်းမြောက်ဝမ်းသာ။ပ။ဤ (မျက်မှောက်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြား လျှောက်ထား၏။

၇၈၀။ သုမနာအမည်ရှိသော အကျွန်ုပ်သည် သေိကတိုင်း ကုန်းမြင့်အရပ်ဝယ် နှလုံးမွေ့လျော်ဖွယ်ရှိသော ပဏ္ဍကတမြို့တော်၌ ဆွမ်းခံ လှည့်လည်သော ကောင်းသော စိတ်ရှိသော ရဟန်းအား ဆင်စွယ်အသွေး မြတ်လေးပန်းငုံတို့ကို ပေးလှူခဲ့ပါ၏။

http://www.dhammadownload.com



၇၇၁။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ အကျွန်ုပ် အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

ခုနစ်ခုမြောက်သော စတုရိတ္ထိဝိမာနဝတ္ထု ပြီး၏။

---

## ၈-အမ္ဗဝိမာနဝတ္ထု

၇၇၃။ သင်နတ်သမီး၏ နတ်၌ဖြစ်သော သရက်ဥယျာဉ်သည် နှလုံးမွေ့လျော်ဖွယ် ရှိပါ၏။ဤသရက်ဥယျာဉ်၌ ပြန့်ပြောကြီးကျယ်သော ပြာသာဒ်သည် အထူးထူးသော တူရိယာ သံတို့ဖြင့် မြိမ့်မြိမ့်ညံလျက် နတ်သမီးအပေါင်းတို့ ကြွေးကြော်သံရှိ၏။

၇၇၄။ ဤပြာသာဒ်၌ ရွှေဖြင့်ပြီးသော ဆီမီးတန်ဆောင်ကြီးသည်လည်း အမြဲ တောက်ပနေ၏၊ နတ်ဝတ်တန်ဆာ ဟူသော အသီး ရှိကုန်သော သစ်ပင်တို့သည် ထက်ဝန်း ကျင် ခြံရံအပ်၏။

၇၇၅။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်း ဖြစ်သ နည်း။ပ။အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာအားလုံး တို့၌ ထွန်းလင်း တောက်ပဘိသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၇၇၇။ ထိုနတ်သမီးသည် ဝမ်းမြောက်ဝမ်းသာ။ပ။ဤ (မျက်မှောက်ဖြစ်သော)အကျိုး ၏ အကြောင်းကံ ပြဿနာကို ဖြေကြားလျှောက်ထား၏။

၇၇၈။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက သရက်ပင်တို့ဖြင့် ခြံရံ အပ်သော ကျောင်းကို သံဃာတော်၏(အကျိုးငှါ) ဆောက်လုပ်စေခဲ့၏။

၇၇၉-၇၈၀။ ဆောက်လုပ်အပ်သော ကျောင်းပြီးမြောက်၍ ကျောင်းပူဇော်ပွဲ ကျင်းပ လတ်သော် အဝတ်ဖြင့်ပြီးသော အသီးတို့ကို ပြုပြီးလျှင် သရက်ပင်တို့ကို ဖုံးလွှမ်းလျက် ထိုသရက်ပင်တို့၌ ဆီမီးကိုလည်း ညှိထွန်း၍ နတ်လူအပေါင်းတို့ထက် မြတ်သော သံဃာ တော်ကို ဆွမ်းလုပ်ကျွေးလျက် ကြည်လင်သောစိတ်ဖြင့် ထိုကျောင်းကို သံဃာတော်အား ကိုယ်ထိလက်ရောက် ပေးလှူခဲ့ပါ၏။

၇၈၁။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ သရက်ဥယျာဉ်သည် နှလုံးမွေ့လျော်ဖွယ် ရှိပါ၏၊ ဤသရက်ဥယျာဉ်၌ ပြန့်ပြောကျယ်ဝန်းသော ပြာသာဒ်သည် အထူးထူးသော တူရိယာသံတို့ဖြင့် မြိမ့်မြိမ့်ညံလျက် နတ်သမီးအပေါင်းတို့ ကြွေးကြော်သံ ရှိပါ၏။

၇၈၂။ ဤ ပြာသာဒ်၌ ရွှေဖြင့်ပြီးသော ဆီမီးတန်ဆောင်ကြီးသည်လည်း အမြဲ တောက်ပနေပါ၏၊ နတ်ဝတ်တန်ဆာဟူသော အသီးရှိကုန်သော သစ်ပင်တို့သည် ထက်ဝန်း ကျင်မှ ခြံရံအပ်ပါ၏။

http://www.dhammadownload.com



၇၉၃။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟုဖြေကြား၏)။

ရှစ်ခုမြောက်သော အမ္ဗဝိမာနဝတ္ထု ပြီး၏။

---

## ၉-ပီတဝိမာနဝတ္ထု

၇၉၅-၆။ ရွှေဝါရောင်အဝတ်ကို ဝတ်သော ရွှေဝါရောင် တံခွန်ရှိသော ရွှေဝါရောင် တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ရွှေဝါရောင်စန္ဒကူးဖြင့် လိမ်းကျံအပ်သော ကိုယ်ရှိသော ရွှေဝါရောင် ကြာပန်းကို ဆင်မြန်းသော ရွှေဝါရောင်ပြာသာဒ် ရွှေဝါရောင်အိပ်ရာ ရွှေဝါရောင်နေရာ ရွှေဝါရောင်ခွက် ရွှေဝါရောင်ထီး ရွှေဝါရောင်ရထား ရွှေဝါရောင်မြင်း ရွှေဝါရောင်သားမြီးယပ်ရှိသော နတ်သမီး—

၇၉၇။ သင်သည် ရှေးဘဝက လူ့ပြည်၌ အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ နတ်သမီး ဤအကျိုးသည် အဘယ်ကုသိုလ်ထူး၏ အကျိုးနည်း၊ သင့်ကို ငါမေး၏၊ ဖြေကြားပါလော့(ဟု သိကြားမင်းကမေး၏)။

၇၉၈-၉။ အရှင်သိကြားမင်း ခါးသည်ဖြစ်၍လူတို့ အလိုမရှိသော သပွတ်ခါးမည်သော နွယ်သည် ရှိပါ၏၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို ရည်မှတ်၍ အထူးကြည်လင်သော စိတ်ဖြင့် ထိုသပွတ်ခါးနွယ် ပန်းလေးပွင့်တို့ကို စေတီတော်ဆီသို့ ရှေးရှုဆောင်ယူခဲ့ပါ၏၊ အကျွန်ုပ်သည် ထို(ရန်သူ) နွားမ၌ သတိမထားမိသည် ဖြစ်၍ ထိုနွားအုပ် လာရာလမ်းကို မျှော်မကြည့်မိပါ။

၈၀၀။ ထိုနွားအုပ်မှ နွားသားငယ်ရှိသော နွားမသည် အကျွန်ုပ်ကို စေတီတော်သို့ မရောက်သေးမီ ဝှေ့သတ်ပါ၏၊အကျွန်ုပ်သည်(စေတီတော်သို့ ကိုယ်တိုင်ရောက်၍ အလိုဆန္ဒအတိုင်း ပန်းကို ပူဇော်သဖြင့်)ထိုကောင်းမှုကိုသာ ကောင်းစွာ ဆည်းပူးခဲ့ရပါမူ အကျွန်ုပ်အား ဤစည်းစိမ်ထက် သာလွန်၍ ဖြစ်ရာပါ၏။

၈၀၁။ နက်တို့ထက် မြတ်တော်မူသော မဃအမည်ရှိသော နတ်တို့အရှင် သိကြားမင်းထို (စေတီတော်ကို ပန်းတို့ဖြင့် ပူဇော်လို၍ သွားခြင်းတည်းဟူသော) ကောင်းမှုကြောင့် လူ့ခန္ဓာကိုယ်ကို စွန့်၍ အရှင်သိကြားမင်း၏ အသင်းဝင် အပေါင်းအဖော်၏ အဖြစ်သို့ ရောက်လာရပါ၏(ဟုဖြေကြား၏)။

၈၀၂။ နတ်တို့ထက် မြတ်တော်မူသော မဃအမည်ရှိသော တာဝတိံသာနတ်တို့အရှင် သိကြားမင်းသည် ဤစကားကို ကြားရသည်ရှိသော် တာဝတိံသာနတ်တို့ကို ရတနာသုံးပါးတို့၌ ကြည်ညိုစေလိုသောကြောင့် မာတလိနတ်သားအား ဤစကားကို ပြောဆို၏။

၈၀၃။ မာတလိနတ်သား အံ့ဖွယ်ကောင်းသော ဆန်းကြယ်သော ဤကုသိုလ်ကံ၏ အကျိုးကို ရှုစမ်းပါလော့၊လှူဖွယ်ဝတ္ထု အနည်းငယ်မျှပင် ဖြစ်သော်လည်း ပြုအပ်သော ကောင်းမှုသည်ကား များမြတ်သော အကျိုးရှိ၏။

http://www.dhammadownload.com



၁၀၄။ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား၌ဖြစ်စေ ထို မြတ်စွာဘုရား၏ တပည့်သား သံဃာတော်၌ဖြစ်စေ စိတ်ကြည်လင်သည်ရှိသော် ပေးလှူ အပ်သော ဒါနမည်သည် နည်းသည်ဟူ၍ မရှိချေ။

၁၀၅။ မာတလိနတ်သား လာလှည့် ငါတို့သည်လည်း မြတ်စွာဘုရား၏ ဓာတ်တော် တို့ကို အတိုင်းထက်အလွန် ပူဇော်ကြပါကုန်စို့၊ ကောင်းမှုတို့ကို ဆည်းပူးခြင်းသည် ချမ်းသာ၏။

၁၀၆။ သက်တော် ထင်ရှားရှိတော်မူသော မြတ်စွာဘုရား၌ဖြစ်စေ ပရိနိဗ္ဗာန် စံတော် မူသော မြတ်စွာဘုရား၌ဖြစ်စေ စိတ်ထားညီမျှသည်ရှိသော် ညီမျှသော အကျိုးကို ပေးနိုင် ၏၊ စိတ်ကို ကောင်းစွာ ထားခြင်းတည်းဟူသော အကြောင်းကြောင့် သတ္တဝါတို့သည် ကောင်းသောလားရာ သုဂတိသို့ သွားကြရကုန်၏။

၁၀၇။ မြတ်စွာဘုရားတို့သည် များစွာကုန်သော သူတို့၏ အကျိုးငှါ စင်စစ် ပွင့်တော် မူကြကုန်၏၊ ယင်းမြတ်စွာဘုရား၌ ဒါယကာတို့သည် ပူဇော်သကာကို ပြုသောကြောင့် နတ်ပြည်သို့ သွားကြရကုန်၏ (ဟု သိကြားမင်းကပြောဆို၏)။

ကိုးခုမြောက်သော ပီတဝိမာနဝတ္ထု ပြီး၏။

---

## ၁၀-ဥစ္ဆုဝိမာနဝတ္ထု

၁၀၈။ လ, နေတို့သည် ကောင်းကင်နှင့်တကွ ဤမြေကြီးကို ထွန်းပစေကုန်လျက် အလွန်တင့်တယ်ကြကုန်သကဲ့သို့ သင်နတ်သမီးသည် အလွန်တင့်တယ်ဘိ၏၊ ဗြဟ္မာမင်း သည် တာဝတိံသာနတ်ပြည်၌ နေကုန်သော သိကြားနှင့်တကွ နတ်အပေါင်းတို့ကို သာလွန်၍ တင့်တယ်သကဲ့သို့ သင်သည် အသရေဖြင့်၎င်း,အရောင်အဆင်းဖြင့်၎င်း,အခြံအရံ များခြင်းဖြင့်၎င်း, တန်ခိုးအာနုဘော်ဖြင့်၎င်း သာလွန်၍ တင့်တယ်၏။

၁၀၉။ ကြာပန်းတို့ကို ပန်ဆင်သော (ရတနာဖြင့် ပြုသော) ဦးဆောက်ပန်းလည်းရှိသော ရွှေ ်င်ရောင်ကဲ့သို့ ပြောင်ပြောင်ထွန်းပသည့် ကိုယ်ရေအဆင်းလည်းရှိသော (လက်ကောက် ခြေချင်း စသော) တန်ဆာတို့ဖြင့် ဆင်ယင်သော ကိုယ်ရှိသော မြတ်သော အဝတ်အရုံ ကိုလည်း ဝတ်ရုံထားသော တင့်တယ်သော နတ်သမီး သင့်ကို ငါမေး၏၊ ငါ့ကို ရှိခိုး လာသော သင်ကား အဘယ်သူနည်း။

၁၁၀။ နတ်သမီး သင်သည် ရှေးက အဘယ်ကံကို ကိုယ်တိုင်ပြုခဲ့သနည်း၊ သင်သည် ရှေးဘဝ လူဖြစ်ခဲ့စဉ်က အလှူပေးမှုကိုမူလည်း လေ့ကျက်ခဲ့သလော၊ သို့မဟုတ် သီလ စောင့်စည်းမှုကိုမူလည်း ပြုခဲ့ဘူးသလော၊ အဘယ်ကုသိုလ်ကြောင့် သင်သည် နတ်ရွာ သုဂတိဘုံ၌ ပဋိသန္ဓေအားဖြင့် ဖြစ်၍ များသော အခြံအရံရှိသနည်း၊ ဤအကျိုးသည် အဘယ်ကုသိုလ်၏ အကျိုးနည်း၊ နတ်သမီး သင့်ကို ငါမေး၏၊ ဖြေကြားပါလော့ (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

http://www.dhammadownload.com



၈၁၁။ အရှင်ဘုရား ယခုအခါ ဤရာဇဂြိုဟ်ပြည်၌ပင်လျှင်(အရှင်ဘုရားသည်)ဆွမ်းခံခြင်းငှါ အကျွန်ုပ်တို့၏ အိမ်သို့ ကပ်ရောက်ခဲ့ပါ၏၊ ထိုသို့ ကပ်ရောက်ခြင်းကြောင့် အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အတိုင်းအရှည်မရှိသော နှစ်သက်ခြင်းဖြင့် ကြံပိုင်းကို အရှင်ဘုရားအား ပေးလှူခဲ့ဘူးပါ၏။

၈၁၂။ အရှင်ဘုရား နောက်အခါ ယောက္ခမ(မိန်းမသူ)သည်လည်း"ချွေးမငယ် ကြံကို အဘယ်၌ စွန့်ပစ်လိုက်သနည်း"ဟု အကျွန်ုပ်ကို မေးစိစစ်ခဲ့ပါ၏၊ ထိုသို့မေးသော် "အရှင်မ အကျွန်ုပ်သည် ထိုကြံပိုင်းကို စွန့်လည်း မစွန့်ပစ်ပါ၊ ခဲစားလည်း မခဲစားပါ၊ ကိလေသာ ငြိမ်းပြီးသော ရဟန်းအား အကျွန်ုပ်ကိုယ်တိုင် ပေးလှူလိုက်ပါ၏"(ဟု ပြောကြားပါ၏)။

၈၁၃။ အရှင်ဘုရား ယောက္ခမ(မိန်းမသူ)သည်"ဟယ်ချွေးမ ဤအိမ်ကိုအစိုးရသူသည် သင်ဖြစ်သလော၊ သို့မဟုတ် ငါဖြစ်သလော"ဟူ၍ အကျွန်ုပ်ကို ဆိုမြည်ကြိမ်းမောင်းပါ၏၊ ထိုယောက္ခမမိန်းမသူသည် ခဲကို ကောက်ယူ၍ အကျွန်ုပ်အား ပေါက်ပါ၏၊ အကျွန်ုပ်သည် ထိုလူ့ဘဝမှ စုတေ၍ သေလွန်သည်ရှိသော် နတ်သမီးဖြစ်ပါ၏။

၈၁၄။ အကျွန်ုပ်သည် အပြစ်မရှိ ကောင်းကျိုးပေးခြင်းလက္ခဏာရှိသော ထိုကြံပိုင်း လှူသော ကံကိုသာလျှင် ပြုခဲ့ပါ၏၊ ချမ်းသာသော ကုသိုလ်ကံ၏ အကျိုးကိုလည်း ကိုယ်တိုင် သုံးဆောင် ခံစားပါ၏၊အကျွန်ုပ်သည် အပေါင်းအဖော် နတ်တို့နှင့်တကွ မွေ့လျော်ရပါ၏၊ အကျွန်ုပ်သည် ကာမဂုဏ်ငါးပါးတို့ဖြင့် မွေ့လျော် စံပျော်ရပါ၏။

၈၁၅။ အရှင်ဘုရား အပြစ်မရှိ ကောင်းကျိုးကို ပေးခြင်းလက္ခဏာရှိသော ထိုကြံပိုင်း လှူသော ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ပါ၏၊ ချမ်းသာသောကံ၏ အကျိုးကိုလည်း ကိုယ်တိုင်သုံးဆောင် ခံစားရပါ၏၊ အကျွန်ုပ်သည် တာဝတိံသာနတ်တို့ စောင့်ရှောက်အပ်သည် ဖြစ်၍ သိကြားမင်းကဲ့သို့ လုံခြုံပါ၏၊ ကာမဂုဏ်ငါးပါးတို့နှင့်လည်း ပြည့်စုံပါ၏။

၈၁၆။ ဤသို့သော ကောင်းမှု၏ အကျိုးသည် များလှပါ၏၊ အကျွန်ုပ်၏ ကြံပိုင်း အလှူသည် များမြတ်သော အကျိုးရှိပါ၏၊ အကျွန်ုပ်သည် အပေါင်းအဖော်နတ်တို့နှင့် တကွ စမွေ့ယ်ရပါ၏၊ ကာမဂုဏ်ငါးပါးတို့ဖြင့် မွေ့လျော်စံပျော်ရပါ၏။

၈၁၇။ ဤသို့သဘောရှိသော ကောင်းမှု၏ အကျိုးသည် များလှပါ၏၊ အကျွန်ုပ်၏ ကြံပိုင်းအလှူသည် ကြီးသော အာနုဘော်ရှိပါ၏၊ တာဝတိံသာနတ်တို့ စောင့်ရှောက်အပ်သည်ဖြစ်၍ သိကြားမင်းကဲ့သို့ လုံခြုံပါ၏၊ အရှင်ဘုရား မျက်စိတထောင် အမြင်ဆောင်သော သိကြားမင်းသည် နန္ဒဝန်ဥယျာဉ်၌ မွေ့လျော်စံပျော်သကဲ့သို့ (အကျွန်ုပ်) စံပျော်ရပါ၏။

၈၁၈။ အရှင်ဘုရား အကျွန်ုပ်သည် သနားခြင်းနှင့် ယှဉ်သော ပညာရှိသော အရှင်ဘုရားကိုလည်း ဆည်းကပ်၍ ရှိခိုးခဲ့ပါ၏၊ အရှင်ဘုရားအား အနာမရှိခြင်းကိုလည်း မေးခဲ့ပါ၏၊ ထို့ပြင် အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အတိုင်းအရှည် မရှိသော နှစ်သက်ခြင်းဖြင့် အရှင်ဘုရားအား ကြံပိုင်းကို ပေးလှူခဲ့ပါ၏(ဟု လျှောက်၏)။

ဆယ်ခုမြောက်သော ဥစ္ဆုဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၁၁-ဝန္ဒနဝိမာနဝတ္ထု

ဂ၁၉။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ ထိုအတူ သင်သည် အလွန်နှစ်သက်ဖွယ်ရှိသော အရောင်အဆင်းဖြင့် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်း တောက်ပစေလျက် တည်နေဘိ၏။

ဂ၂ဝ။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း။

ဂ၂၂။ ထိုနတ်သမီးသည် ဝမ်းမြောက်ဝမ်းသာ။ပ။ ဤ (မျက်မှောက် ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြားလျှောက်ထား၏။

ဂ၂၃။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက သီလနှင့်ပြည့်စုံကုန်သော ရဟန်းတို့ကို ဖူးမြင်၍ ထိုရဟန်းတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် စိတ်ကို ကြည်လင်စေလျက် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ လက်အုပ်ချီခြင်းကို ပြုခဲ့ဘူးပါ၏။

ဂ၂၄။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

တဆယ့်တခုမြောက်သော ဝန္ဒနဝိမာနဝတ္ထု ပြီး၏။

---

## ၁၂-ရဇ္ဇုမာလာဝိမာနဝတ္ထု

ဂ၂၆။ နတ်သမီး သင်သည် အလွန်နှစ်သက်ဖွယ်ရှိသော အရောင် အဆင်းဖြင့် တည်၍၊ ကောင်းစွာ တီးမှုတ်သည်ရှိသော် လက်ခြေတို့ကို အထူးထူး အထွေထွေ မြှောက်ချီ၍ ကရ၏။

ဂ၂၇။ သင် က-နေစဉ်အခါဝယ် ထိုသင်၏ အင်္ဂါကြီးငယ်တို့မှ အချင်းခပ်သိမ်း သာယာနာပျော်ဖွယ် နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော နတ်၌ဖြစ်သော အသံတို့သည် ထွက်ပေါ်လာကုန်၏။

ဂ၂ဂ။ သင် က-နေစဉ်အခါဝယ် ထိုသင်၏ အင်္ဂါကြီးငယ်တို့မှ အချင်းခပ်သိမ်း မွှေးကြိုင်သော အနံ့ရှိ၍ နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော နတ်၌ဖြစ်သော အနံ့တို့သည် ပျံ့လှိုင်ကုန်၏။

ဂ၂၉။ ကိုယ်ကို လှည့်လည် ပြောင်းရွှေ့လိုက်သည်ရှိသော် ဆံထုံးတို့၌ ပန်ဆင်အပ်ကုန်သော တန်ဆာတို့၏ အသံကို အင်္ဂါငါးပါးရှိသော တူရိယာသံကဲ့သို့ ကြားရပါ၏။

ဂ၃ဝ။ လေညှင်း တိုက်ခတ်သဖြင့် လေကြောင့် ထက်ဝန်းကျင်မှ လှုပ်ကုန်သော ဦးဆောက်ပန်းတို့၏ အသံကို အင်္ဂါငါးပါးရှိသော တူရိယာသံကဲ့သို့ ကြားရပါ၏။

http://www.dhammadownload.com



၇၃၁။ သင်၏ ဦးခေါင်း၌ မွှေးကြိုင်သော အနံ့ရှိသော နှလုံးမွေ့လျော်ခြင်းကို ဖြစ်စေတတ်သော ပန်းရနံ့သည်လည်း မဉ္ဇူသကနတ်ပန်းကဲ့သို့ အရပ်မျက်နှာ အားလုံးတို့၌ ပျံ့လှိုင်၏။

၇၃၂။ နတ်သမီး သင်သည် ထိုမွှေးကြိုင်သော အနံ့ကိုသာ နမ်းရှုနေရဘိ၏၊ နတ်၌ဖြစ်သော အဆင်းကိုသာ တွေ့မြင်နေရဘိ၏၊ ဤအကျိုးသည် အဘယ်ကုသိုလ်ကံ၏ အကျိုးနည်း၊ သင့်ကို ငါမေး၏၊ ဖြေကြားပါလော့(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၇၃၃။ အကျွန်ုပ်သည် ရှေးဘဝက ဂယာရွာ၌ ပုဏ္ဏား၏ ကျွန်မ ဖြစ်ခဲ့ဘူးပါ၏၊ အကျွန်ုပ်သည် ဘုန်းကံ နည်းလှပါ၏၊ ကြက်သရေ မရှိပါ၊ အကျွန်ုပ်ကို ရေဇ္ဇုမာလာဟူ၍ လူတို့ သိကြပါကုန်၏။

၇၃၄။ အရှင်သခင်၏ ဆဲရေးခြင်းတို့ကြောင့်၎င်း, ရိုက်ပုတ်ခြင်းတို့ကြောင့်၎င်း, ခြိမ်းခြောက်ခြင်းတို့ကြောင့်၎င်း စိတ်မချမ်းသာသောကြောင့် ရေအိုးကိုယူကာ အိမ်မှ ထွက်ခဲ့၍ ရေခပ်ရန်ကဲ့သို့ပြုကာ သွားခဲ့ပါ၏။

၇၃၅။ ခရီးလမ်းနဘေး၌ ရေအိုးကို ချထားပြီးလျှင် ငါ့အား အသက်ရှည်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤတောအုပ်၌ပင်လျှင် ငါသေတော့အံ့(ဟု နှလုံးသွင်း၍)တောအုပ် သို့ ချဉ်းကပ်ခဲ့ပါ၏။

၇၃၆။ ကြိုးကွင်းကို မြဲမြံခိုင်ခံ့စွာပြု၍ သစ်ပင်၌ ဆွဲပြီးနောက်မှ တောတွင်းသို့ ဝင်နေသောသူ အဘယ်သူ ရှိလေသနည်းဟု အရပ်မျက်နှာတို့ကို လှည့်လည် ကြည့်၏။

၇၃၇။ ထိုတောအုပ်တွင် သစ်ပင်၏ အနီး၌ ထိုင်နေတော်မူသော ခပ်သိမ်းသော သတ္တဝါ၏ အစီးအပွါးကို ဆောင်တော်မူသော ဈာန်ဝင်စားလျက် နေတော်မူသော ဘေးမရှိသော မြတ်စွာဘုရားကို မြင်ရပါ၏။

၇၃၈။ တောတွင်းသို့ ဝင်နေသောသူ အဘယ်သူနည်း၊ လူသားလေလော့ နတ်လေလောဟု ထိုအကျွန်ုပ်အား ထိတ်လန့်ခြင်းနှင့်တကွ အသိဉာဏ် ဖြစ်ပေါ်လာပါ၏၊ မဖြစ်ဘူးမြဲ ဖြစ်သော ကြက်သီးမွေးညှင်း ထပါ၏။

၇၃၉။ ကြည်ညိုဖွယ်ကို ဆောင်တော်မူသော လူအပေါင်းတို့၏ အကြည်ညိုကို ခံတော်မူထိုက်သော ကိလေသာတောမှ ဖဲကြဉ်၍ နိဗ္ဗာန်သို့ ရောက်တော်မူသော မြတ်စွာဘုရားကို မြင်ရခြင်းကြောင့် အကျွန်ုပ်၏ စိတ်သည် ကြည်လင်ပါ၏၊ ဤပုဂ္ဂိုလ်သည် ဟူးဟူးညားညား(သာမန်လူစား)မဟုတ်။

၇၄၀။ ဤပုဂ္ဂိုလ်သည် စောင့်ရှောက်အပ်သော ဣန္ဒြေရှိတော်မူသော(အရဟတ္တဖိုလ်)ဈာန်၌ မွေ့လျော်တော်မူသော အပအာရုံတို့သို့ စိတ်မရောက်သော သတ္တဝါအားလုံး၏ အစီးအပွါးကို ရွက်ဆောင်တော်မူသော မြတ်စွာဘုရား ဖြစ်ပေလိမ့်မည်။

၇၄၁။ ဂူလိုဏ်၌ နေသော ခြင်္သေ့မင်းကဲ့သို့ (မိစ္ဆာအယူရှိသူတို့) ကြောက်အပ်၍ (ထိုမိစ္ဆာအယူရှိသူတို့၏) ကြောက်ခြင်းကို ဖြစ်စေတတ်သော (ဖောက်ပြန်စိတ်ရှိသူတို့

http://www.dhammadownload.com



ချဉ်းကပ်ခန် ခဲယဉ်းသော)မြတ်စွာဘုရားအား ရေသဖန်းပွင့်ကို တွေ့မြင်နိုင်ရန် ခဲယဉ်းလှသကဲ့သို့ ဖူးမြင်ရန် ခဲယဉ်းလှပေ၏။

၈၄၂။ ထိုမြတ်စွာဘုရားသည် နူးညံ့သော စကားတို့ဖြင့် ရဇ္ဇုမာလာ ဟု ခေါ်တော်မူပြီးလျှင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်လော့ ဟု အကျွန်ုပ်ကို မိန့်တော်မူ၏။

၈၄၃။ အကျွန်ုပ်သည် အပြစ်ကင်း၍ အနက်နှင့် ယှဉ်သော သန့်ရှင်း သိမ်မွေ့ သာယာဖွယ်သော ခပ်သိမ်းသော ပူဆွေးခြင်းတို့ကို ပယ်ဖျောက်တတ်သော ထိုစကားတော်ကို ကြားနာရခြင်းကြောင့်(ကြည်ညိုစိတ် ဖြစ်ခဲ့ပါ၏)။

၈၄၄။ ကြည်လင်၍ စင်ကြယ်သော စိတ်ရှိသော ဘာဝနာကံအားလျော်သော စိတ်ရှိသည်ကို သိတော်မူ၍ သတ္တဝါအားလုံး၏ အစီးအပွါးကို လိုလားတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်အား သွန်သင်ဆုံးမတော်မူပါ၏။

၈၄၅။ ဤတရားသည် ဒုက္ခသစ္စာတည်း, ဤတရားသည် ဆင်းရဲဖြစ်ပေါ်ကြောင်း သမုဒယသစ္စာတည်း, ဤတရားသည် ဒုက္ခချုပ်ရာ နိရောဓသစ္စာတည်း, ဤမဂ္ဂင်ရှစ်ပါးတရားသည် နိဗ္ဗာန်သို့ ရောက်ကြောင်း မဂ္ဂသစ္စာတည်းဟု ဤသို့ အကျွန်ုပ်ကို ဟောကြားတော်မူပါ၏။

၈၄၆။ အကျွန်ုပ်သည် အစဉ်သနားခြင်း ရှိတော်မူ၍ ဩဝါဒပေးခြင်း၌ လိမ်မာတော်မူသော မြတ်စွာဘုရား၏ အဆုံးအမတော်၌ တည်၍ သေခြင်းကင်းသော ငြိမ်သက်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ အကြောင်းဖြစ်သော ရွေ့လျောစုတေခြင်း မရှိသော နိဗ္ဗာန်ကို ရခဲ့ပါပြီ။

၈၄၇။ အကျွန်ုပ်သည် (ရတနာသုံးပါး၌) မဆုတ်မနစ် တည်သော ချစ်ခြင်း ရှိပါ၏၊ သစ္စာလေးပါးကို သိခြင်းဟု ဆိုအပ်သော အကြောင်းမူလကြောင့် ဖြစ်သော သဒ္ဓါတရားဖြင့် (ဘုရားသည် သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူ၏၊တရားတော်သည် သွာက္ခာတအစရှိသော ဂုဏ်နှင့် ပြည့်စုံ၏၊ သံဃာတော်သည် သုပ္ပဋိပန္န စသော ဂုဏ်နှင့် ပြည့်စုံ၏-ဟု) သိမြင်မှု၌ တုန်လှုပ်ခြင်း မရှိမူ၍ မြတ်စွာဘုရား၏ ရင်နှစ်သမီးစစ် ဖြစ်ပါ၏။

၈၄၈။ ထိုအကျွန်ုပ်သည် တစုံတရာမျှ ဘေးမရှိပဲ မွေ့လျော်ရပါ၏၊ ပျော်ပါးရပါ၏၊ ဝမ်းမြောက်ရပါ၏၊ နတ်၌ဖြစ်သော ပန်းကို ပန်ဆင်ရပါ၏၊ (ကိုယ်နှင့် အသံနှစ်ပါးကို) နူးညံ့အောင် ပြုတတ်သော ချိုမြိန်သော အဖျော်ကို သောက်ရပါ၏။

၈၄၉-၈၅၀။ အာဠမ္ဗတူရိယာ, ဂဂ္ဂရတူရိယာ, ဘီမတူရိယာ, သာဓုဝါဒီတူရိယာ, သံသယတူရိယာ, ပေါက္ခရထူရိယာ, သုဖဿတူရိယာ ဟူသော ခြောက်သောင်းကုန်သော တူရိယာတို့သည် အကျွန်ုပ်၏ နှစ်သက်မှု ဝမ်းမြောက်မှုကို နိုးကြားစေပါကုန်၏၊ ဝိဇ္ဇာမောက္ခနတ်သမီး, နန္ဒာနတ်သမီး, သုနန္ဒာနတ်သမီး, သောဏဒိန္နာနတ်သမီး, သုစိမှိတာနတ်သမီး—

၈၅၁-၂-၃-၄။ အလမ္ဗုသာနတ်သမီး,မိဿကေသီနတ်သမီး,ပုဏ္ဍရိကာနတ်သမီး,အတိဒါရုဏီနတ်သမီး, ဧဏိဖဿာနတ်သမီး, သုဖဿာနတ်သမီး, သုဘဒ္ဒါနတ်သမီး, မုဒုဝါဒိနီနတ်သမီး ဤဆိုခဲ့ပြီးသော နတ်သမီးတို့နှင့် နတ်သမီးတို့တွင် အထူးသဖြင့် ချီးမွမ်းအပ်

http://www.dhammadownload.com



ကုန်သော အခြားနတ်သမီးတို့သည်လည်း အကျွန်ုပ်၏ နှစ်သက်ဝမ်းမြောက်မှုကို နိုးကြားစေပါကုန်၏၊ ထိုနတ်သမီးတို့သည် လျောက်ပတ်သော အခါ၌ အကျွန်ုပ်ထံသို့ ချဉ်းကပ်ကုန်၍ ယခု အကျွန်ုပ်တို့သည် ကခုန်ပါကုန်အံ့ သီချင်းဆိုပါကုန်အံ့ ယခု သင့်ကို မွေ့လျော်စေကုန်ပါအံ့ဟု ပြောဆိုကြပါကုန်၏၊ စိုးရိမ်ခြင်းမရှိသော နှစ်သက်ခြင်းကို ဖြစ်စေတတ်သော နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ဖြစ်သော တာဝတိံသာနတ်တို့၏ ဥယျာဉ်ကြီးဖြစ်သော ဤအရပ်ဌာနသည် ကောင်းမှု မပြုသောသူတို့အတွက် မဟုတ်၊ ကောင်းမှု ပြုပြီးသူတို့အတွက်သာလျှင် ဖြစ်၏၊ ကောင်းမှုကို ပြုခြင်းမရှိသူတို့အား ဤဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ချမ်းသာမှု မရှိနိုင်ပါ။

၇၅၅။ ကောင်းမှုကို ပြုလေ့ရှိကုန်သော သူတို့အားသာလျှင် ဤဘဝ၌ရင်း, တမလွန်ဘဝ၌ရင်း ချမ်းသာခြင်းရှိပါ၏၊ ထိုထိုတာဝတိံသာ နတ်တို့၏ အပေါင်းအသင်းအဖြစ်ကို အလိုရှိကုန်သော သူတို့သည် ကုသိုလ်ကို များစွာပြုအပ်၏၊ ထိုစကားမှန်၏၊ ကောင်းမှုကို ပြုပြီးသူတို့သည် နတ်ပြည်၌ နတ်စည်းစိမ်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ မွေ့လျော်ရကုန်၏။

၇၅၆။ မြတ်စွာဘုရားတို့သည် များစွာကုန်သော သတ္တဝါတို့၏ အကျိုးငှါ ပွင့်တော်မူကြကုန်သည်တကား၊ မြတ်စွာဘုရားတို့သည် လူတို့၏ မြတ်သော အလှူကို ခံခြင်းငှါ ထိုက်တော်မူကြကုန်၏၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်တာမြေကောင်းသဖွယ် ဖြစ်သော အရိယာသံဃာ၏ ဖြစ်ရာလည်း ဖြစ်ပေကုန်၏၊ ယင်း ပုဂ္ဂိုလ်၌ ပြုထိုက်သည်ကို ပြုကုန်သောကြောင့် ပေးလှူ ပူဇော်ကုန်သောသူတို့သည် နတ်ပြည်၌ မွေ့လျော်ရကုန်၏(ဟုလျှောက်၏)။

တဆယ့်နှစ်ခုမြောက်သော ရဇ္ဇုမာလာဝိမာနဝတ္ထု ပြီး၏။

လေးခုမြောက်သော မဉ္ဇိဋ္ဌကဝဂ် ပြီး၏။

# ဒုတိယဝိမာနပါဠိတော်မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

# ၂-ပုရိသဝိမာန

## ၅-မဟာရထဝဂ်

### ၁-မဏ္ဍူကဒေဝပုတ္တဝိမာနဝတ္ထု

၈၅၇။ တန်ခိုးအားဖြင့်၎င်း, အခြံအရံ အကျော်အစောအားဖြင့်၎င်း ထွန်းတောက်ပလျက် အလွန်နှစ်သက်ဖွယ်ရှိသော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း တောက်ပစေလျက် ငါ၏ ခြေတော်တို့ကို ရှိခိုးသောသူကား အဘယ်သူနည်း (ဟု မြတ်စွာဘုရားက မေးတော်မူ၏)။

၈၅၈။ အကျွန်ုပ်သည် ရှေးဘဝက ရေ၌ ပေါက်ဖွား၍ ရေ၌ ကျက်စားသော ဘားသတ္တဝါ ဖြစ်ခဲ့ဘူးပါ၏၊ အရှင်ဘုရား၏ တရားတော်ကို နာနေစဉ် နွားကျောင်းသားသည် အကျွန်ုပ်ကို သေစေခဲ့ပါ၏။

၈၅၉။ တခဏမျှ စိတ်ကြည်ညိုခြင်း၏ အကြောင်းကြောင့်ဖြစ်သော အကျွန်ုပ်၏ ပြည့်စုံခြင်းကို၎င်း, အခြံအရံများခြင်းကို၎င်း ရှုတော်မူပါလော့၊ အကျွန်ုပ်၏ အာနုဘော်ကိုလည်း ရှုတော်မူပါလော့၊ အကျွန်ုပ်၏ ကိုယ်ရေအဆင်းကို၎င်း, အရောင်အဝါကို၎င်း ရှုတော်မူပါလော့။

၈၆၀။ ဂေါတမနွယ်ဘွား မြတ်စွာဘုရား တရားတော်ကို ရှည်ကြာစွာသော ကာလပတ်လုံး နာကုန်သော သတ္တဝါတို့သည်ကား စိုးရိမ်ပူပန်ခြင်းမရှိရာဖြစ်သော မတုန်လှုပ်သော (နိဗ္ဗာန်) အရပ်သို့ (မချွတ်) ရောက်ကြရကုန်သည်သာတည်း (ဟု ဖြေကြား၏)။

ရှေးဦးစွာသော မဏ္ဍူကဝိမာနဝတ္ထု ပြီး၏။

---

### ၂-ရေဝတီဝိမာနဝတ္ထု

၈၆၁။ ကြာမြင့်စွာ ခရီးကွာသည်ဖြစ်၍ အဝေးမှ ချမ်းသာစွာ ပြန်ရောက်လာသောသူကို အဆွေအမျိုးတို့သည်၎င်း, အဆွေခင်ပွန်းတို့သည်၎င်း, ချစ်ကျွမ်းဝင်သောသူတို့သည်၎င်း ပြန်ရောက်လာခြင်းကြောင့် နှစ်သက်ဝမ်းမြောက်ကြကုန်၏။

၈၆၂။ ထို့အတူသာလျှင် ဤလောကမှ တမလွန်လောကသို့ သွားသော ပြုပြီးသော ကောင်းမှုရှိသူကိုလည်း ပြန်ရောက်လာသည့် ချစ်လှစွာသော အဆွေအမျိုးကဲ့သို့ ကောင်းမှုတို့သည် ခံယူကုန်၏။

၈၆၃။ အလွန်ယုတ်မာသော အကျင့်ရှိသော တစုံ တယောက်အား တစုံတခုကိုမျှ ပေးလှူလေ့မရှိသောကြောင့် အပါယ်တံခါးပွင့်နေသော ရေဝတီ ထလော့၊ အကြင်ငရဲ၌ မကောင်းသော အလားရှိကုန်သော ငရဲသူသတ္တဝါတို့သည် ဆင်းရဲနှိပ်စက်အပ်ကုန်သည် ဖြစ်၍ ညည်းတွားကြရကုန်၏၊ ထိုငရဲသို့ သင့်ကို ငါတို့ ပို့ဆောင်ကြကုန်အံ့။

http://www.dhammadownload.com



၇၆၄။ ဤသို့လျှင် ပြောဆိုကြကုန်၍ ယမမင်း၏ တမန်နှင့် တူကုန်သော ချင်းချင်းနီသော မျက်စိရှိကုန်သော ကြီးသော ကိုယ်ရှိကုန်သော ထိုဘီလူးနှစ်ယောက်တို့သည် ရေဝတီ၏ လက်မောင်းတို့ကို တယောက်တဖက်စီ ကိုင်ဆွဲကြ၍ တာဝတိံသာ နတ်အပေါင်း၏ အထံသို့ ဆောင်ယူသွားကြကုန်၏။

၇၆၅။ နေ၏အရောင်ကဲ့သို့ ပြောင်ပြောင်ထွန်းပသော အဆင်းရှိသော နှလုံးမွေ့လျော်ဖွယ်ရှိသော ပြိုးပြိုးပြက်သော တင့်တယ်လျောက်ပတ်သော ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်သော နတ်သား နတ်သမီးတို့ဖြင့် ပြွမ်းသော နေရောင်ကဲ့သို့ တပြောင်ပြောင်ထွန်းပသော ကျယ်ပြန့်သော ဤဗိမာန်သည် အဘယ်သူ၏ ဗိမာန်ပေနည်း။

၇၆၆။ စန္ဒကူးနံ့သာဖြင့် လိမ်းကျံအပ်သော နတ်သမီးအပေါင်းတို့သည် ဗိမာန်ကို (အတွင်း အပြင်) နှစ်ဖက်လုံး တင့်တယ်စေပါကုန်၏၊ ထိုဗိမာန်သည် နေ၏ အရောင်အဆင်းကဲ့သို့ တပြောင်ပြောင် ထွန်းပသော အဆင်းရှိသည်ဖြစ်၍ ထင်၏၊ နတ်ပြည်သို့ ရောက်သည်ဖြစ်၍ ဗိမာန်၌ မွေ့လျော်နေသူကား အဘယ်သူပါနည်း (ဟု ရေဝတီက မေး၏)။

၇၆၇။ ဗာရာဏသီပြည်၌ ဝန်တိုမှု မစ္ဆရိယမရှိသော အလှူရှင်ဖြစ်သော အလှူခံတို့၏ အခြင်းအရာကိုသိတတ်သော နန္ဒိယမည်သော ဥပါသကာသည် ရှိခဲ့၏၊ နတ်သား နတ်သမီးတို့ဖြင့် ပြွမ်းသော နေရောင်ကဲ့သို့ တပြောင်ပြောင် ထွန်းပသော ဤဗိမာန်သည် ထိုနန္ဒိယဥပါသကာ၏ ဗိမာန်ပေတည်း။

၇၆၈။ စန္ဒကူးနှစ်နံ့သာဖြင့် လိမ်းကျံအပ်သော နတ်သမီးအပေါင်းတို့သည် ဗိမာန်ကို (အတွင်း အပြင်)နှစ်ဖက်လုံး တင့်တယ်စေကြကုန်၏၊ ထိုဗိမာန်သည် နေ၏ အရောင်အဆင်းကဲ့သို့ တပြောင်ပြောင် ထွန်းပသော အဆင်းရှိသည်ဖြစ်၍ ထင်၏၊ တာဝတိံသာနတ်ပြည်သို့ ရောက်သည်ဖြစ်၍ ဗိမာန်၌ မွေ့လျော်နေသူကား ထိုနန္ဒိယဥပါသကာပင်တည်း(ဟု ဘီလူးတို့က ဖြေ၏)။

၇၆၉။ အကျွန်ုပ်သည် နန္ဒိယ၏ မယားပါတည်း၊ စည်းစိမ်ဥစ္စာ အားလုံးကို အစိုးရသော အိမ်ရှင်မ ဖြစ်ခဲ့ပါ၏၊ ယခုအခါ၌ အကျွန်ုပ်သည် လင်၏ ဗိမာန်၌ မွေ့လျော်ပါအံ့၊ ငရဲကို ကြည့်ရှုရန်ပင် အလိုမရှိတော့ပါ(ဟု ရေဝတီက ဆို၏)။

၇၇၀။ အလွန်ယုတ်မာသော အကျင့်ရှိသော ရေဝတီ ဤငရဲသည် သင်၏ ငရဲတည်း၊ သက်ရှိလောက လူ့ဘဝက သင်သည် ကောင်းမှုကိုမပြုခဲ့၊ဝန်တိုသော ချုတ်ချယ်တတ်သော ယုတ်မာသော သဘောရှိသော သူသည် နတ်ပြည်သို့ လားကုန်သော နတ်တို့၏ အပေါင်းအဖော် အဖြစ်ကို မရနိုင်သည်သာတည်း(ဟု ဘီလူးတို့က ဆို၏)။

၇၇၁။ အသို့နည်း မစင်မကြယ် စက်ဆုပ်ဖွယ်ဖြစ်သော ကျင်ကြီးကိုရင်း, ကျင်ငယ်ကိုရင်း တွေ့မြင်ရ၏၊ အဘယ်ကြောင့် ဤငရဲသည် မကောင်းသော အနံ့ရှိသော ကျင်ကြီးရှိလေသနည်း၊ အဘယ်ကြောင့် ဤငရဲသည် မကောင်းသော အနံ့ဖြင့် နံစော်လေသနည်း (ဟု ရေဝတီက မေး၏)။

http://www.dhammadownload.com



၈၇၂။ ရေဝတီ အသူဘရာနက်လှစွာသော ဤငရဲသည် မစင်မကြယ်သော ကျင်ကြီး ကျင်ငယ် စသည်ကို ယိုစီးစေတတ်သောကြောင့် သံသဝကငရဲ မည်၏၊ သင်သည် ယင်း ငရဲ၌ အနှစ် အထောင်မက ကျက်ရလတ္တံ့(ဟု ဘီလူးတို့က ဆို၏)။

၈၇၃။ အသို့နည်း အကျွန်ုပ်သည် ကိုယ် နှုတ် စိတ်ဖြင့် အဘယ်မကောင်းမှုကို ပြုခဲ့ မိပါသနည်း၊ အဘယ်မကောင်းမှုကြောင့် အကျွန်ုပ်သည် အသူတရာနက်လှစွာသော မစင် ကြယ်သော ကျင်ကြီး ကျင်ငယ် စသည်ကို ယိုစီးစေတတ်သော သံသဝကငရဲကို ရအပ် ပါသနည်း(ဟု ရေဝတီက မေး၏)။

၈၇၄။ သင်သည် သမဏဗြာဟ္မဏတို့ကိုရင်း, အခြားသော ဖုန်းတောင်းယာစကာတို့ ကိုရင်း မဟုတ် မမှန်သော စကားဖြင့် လှည့်ပတ်တတ်၏၊ ထိုမကောင်းမှု အကုသိုလ်ကံကို သင်သည် ပြုခဲ့၏။

၈၇၅။ ထိုမကောင်းမှု အကုသိုလ်ကြောင့် သင်သည် အသူတရာ နက်လှစွာသော သံသဝကအမည်ရှိသော ငရဲကို ရအပ်၏၊သင်သည် ယင်းသံသဝကငရဲ၌ အနှစ်အထောင်မက ကျက်ရလတ္တံ့။

၈၇၆။ လက်တို့ကိုလည်း ဖြတ်ကုန်လတ္တံ့၊ ခြေတို့ကိုလည်း ဖြတ်ကုန်လတ္တံ့၊ နားတို့ ကိုလည်း ဖြတ်ကုန်လတ္တံ့၊ နှာခေါင်းကိုလည်း ဖြတ်ကုန်လတ္တံ့၊ ထို့မှတပါးလည်း ကျီးငှက် အပေါင်းတို့သည် စုရုံး ချဉ်းကပ်ကြကုန်လျက် တုန်လှုပ်နေသော သင့်ကို ခဲစားကြကုန် လတ္တံ့(ဟု ဘီလူးတို့က ဆို၏)။

၈၇၇။ တောင်းပန်ပါ၏၊ အကျွန်ုပ်ကို (လူ့ပြည်သို့) ပြန်ပို့ကြပါကုန်လော့၊ အကြင် ကုသိုလ်ကို ပြုကုန်၍ ချမ်းသာခြင်းသို့ ရောက်ကုန်၏၊ နောင်အခါ၌ အဖန်တလဲလဲ ပူပန်မှု (နောင်တ)လည်း မရှိကုန်၊ အကျွန်ုပ်သည် အလှူပေးခြင်းဖြင့်ရင်း, အညီအညွတ် ကျင့် ခြင်းဖြင့်ရင်း, စောင့်စည်းခြင်းဖြင့်ရင်း, ဣန္ဒြေကို ဆုံးမခြင်းဖြင့်ရင်း များစွာသော ထို ကုသိုလ်ကို ပြုပါတော့အံ့(ဟု ရေဝတီက ဆို၏)။

၈၇၈။ သင်သည် ရှေးအခါက (ကုသိုလ်ကို)မေ့လျော့ခဲ့၍ ယခုမှ ငိုကြွေး မြည်တမ်း ဘိ၏၊ သင့်ကိုယ်တိုင် ပြုခဲ့သော ကံတို့၏ အကျိုးကို သင်သည်ပင် ခံစားရလတ္တံ့(ဟု ဘီလူးတို့က ဆို၏)။

၈၇၉။ (အကျွန်ုပ်)မေးအပ်သည်ရှိသော် "နတ်ပြည်မှ လူ့ပြည်သို့လာပြီးလျှင် လက်နက် ကို ပယ်ချထားကုန်သော သမဏဗြာဟ္မဏတို့၌ အလှူကို ပေးလှူရာ၏၊ အဝတ်အရုံကို ရင်း, အိပ်ရာ နေရာကိုရင်း, ဆွမ်းအဖျော်ကိုရင်း ပေးလှူရာ၏၊ဝန်တိုသော ချွတ်ချယ်တတ် သော ယုတ်မာသော သဘောရှိသော သူသည် နတ်ပြည်သို့ လားရကုန်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်ကို မရနိုင်သည်သာတည်း"ဟု အဘယ်မည်သော နတ်သည် အကျွန်ုပ်ကို ပြောဆိုပါမည်နည်း။

၈၈၀။ အကျွန်ုပ်သည် ဤ ငရဲမှ လွတ်မြောက်ပြီးလျှင် လူ့ဘဝကို ရသည်ရှိသော် အလှူခံတို့၏ အခြင်းအရာကို သိသည်ဖြစ်၍ သီလနှင့်လည်း ပြည့်စုံလျက် အလှူပေးခြင်း ဖြင့်ရင်း, အညီအညွတ် ကျင့်ခြင်းဖြင့်ရင်း, စောင့်စည်းခြင်းဖြင့်ရင်း ဣန္ဒြေတို့ကို ဆုံးမခြင်း ဖြင့်ရင်း များစွာသော ကုသိုလ်ကို ပြုပါတော့အံ့။

http://www.dhammadownload.com



၈၈၁။ အထူး ကြည်လင်သောစိတ်ဖြင့် သစ်သီးအရံ ပန်းအရံတို့ကိုလည်း စိုက်ပျိုးပါတော့အံ့၊ ကူးသန်း သွားလာရန် ခက်သောအရပ်၌ တံတားတို့ကိုလည်း ဆောက်လုပ်ပါတော့အံ့၊ ရေအိုးစင်ကိုရင်း, ရေတွင်းရေကန်ကိုရင်း ပြုပါတော့အံ့။

၈၈၂-၃။ အကျွန်ုပ်သည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌ရင်း, တဆယ့်ငါးရက်မြောက်သော နေ့၌ရင်း, ရှစ်ရက်မြောက်သော နေ့၌ရင်း, ဉပုသ်နေ့တို့၏ အကြိုနေ့ အပိုနေ့၌ရင်း အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဉပုသ်ကို စောင့်ထိန်းပါတော့အံ့၊ အခါခပ်သိမ်း သီလတို့ကို စောင့်စည်းပါတော့အံ့၊ အလှူပေးခြင်း၌ မမေ့မလျော့သည်သာ ဖြစ်ပါတော့အံ့၊ အကျွန်ုပ်သည် ဤရေကို ကိုယ်တိုင် မြင်အပ်ပါပြီ (ဟု ရေဝတီက မြည်တမ်း၏)။

၈၈၄။ ဤသို့ မြည်တမ်း တုန်လှုပ်နေသော ရေဝတီကို (ငရဲထိန်းတို့သည်) ခြေကမိုးမျှော် ဦးခေါင်းစောက်ထိုး ကြောက်လန့်ဖွယ်ရှိသော ငရဲ၌ ထိုသို့သောအရပ်မှ ပစ်ချလိုက်ကြကုန်၏။

၈၈၅။ ငါသည် ရှေးအခါက ဝန်တိုခြင်း ရှိခဲ့ပါ၏၊ သမဏဗြာဟ္မဏတို့ကို ဆဲရေး ကြိမ်းမောင်းခဲ့ပါ၏၊ လင်ကိုလည်း မဟုတ်မမှန်သော စကားဖြင့် လှည့်ပတ်ခြင်းကြောင့် ကြောက်လန့်ဖွယ်သဘောရှိသော ငရဲ၌ ကျက်ရပါ၏ (ဟု မြည်တမ်း၏)။

နှစ်ခုမြောက်သော ရေဝတီဝိမာနဝတ္ထု ပြီး၏။

## ၃-ဆတ္တမာဏဝကဝိမာနဝတ္ထု

၈၈၆။ လူတို့တွင် ဟောကြားတတ်သူတို့ထက် မြတ်တော်မူသော သာကီဝင်မင်းသားရဟန်းဖြစ်တော်မူ သော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ပြုပြီးသော မဂ်ကိစ္စရှိတော်မူသော (နိဗ္ဗာန်)တည်းဟူသော ကမ်းတဖက်သို့ ရောက်တော်မူသော ကိုယ်အားဉာဏ်အား လုံ့လတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို (သင်သည်) ကိုးကွယ်ရန် ချဉ်းကပ်လေလော့။

၈၈၇။ ရာဂမှ ကင်းသော (အရိယာမဂ်), တဏှာမှကင်းသော ပူဆွေးမှု မရှိသော (အရိယာဖိုလ်), အကြောင်းတရားတို့သည် မပြုပြင်အပ်သော စက်ဆုပ်ဖွယ်ရာ တစုံတခုမျှ မရှိသော(နိဗ္ဗာန်) ဤလောကုတ္တရာတရား ကိုးပါးကိုရင်း, ကောင်းမြတ်၍ ဒေသနာ ဉာဏ်တော်သည် ဖြစ်စေအပ်သော ကောင်းစွာ ဝေဘန်အပ်သော ဤ ပရိယတ်တရားကိုရင်း ကိုးကွယ်ရန် ချဉ်းကပ်လေလော့။

၈၈၈။ ကိလေသာတို့မှ စင်ကြယ်ကုန်သော ယောကျ်ားမြတ် လေးစုံဟူသော အကြင် အရိယာသံဃာတို့၌ ပေးလှူအပ်သော အလှူသည် ကြီးသော အကျိုးရှိ၏ဟု ဟောတော်မူကုန်၏၊ အစုံအားဖြင့်လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်သော ထိုပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးတရားတို့ကို သိမြင်တတ်ကုန်၏၊ ဤသံဃာတော်ကိုလည်း ကိုးကွယ်ရန် ချဉ်းကပ်လေလော့။

http://www.dhammadownload.com



၇၇၉။ နှိုင်းယှဉ်ရာမရှိအောင် များစွာသော အရောင်ရှိသော ဤဗိမာန်သည် ကောင်းကင်၌ ထွန်းပသကဲ့သို့ ထို့အတူ ဖုဿမည်သော ကြယ်တာရာသည်လည်း မထွန်းပနိုင်၊ လသည်လည်း မထွန်းပနိုင်၊ နေသည်လည်း မထွန်းပနိုင်၊ နတ်ပြည်မှ မြေအရပ်သို့ ဆင်းသက်ရောက်လာသော သင်ကား အဘယ်သူနည်း။

၇၈၀။ ထက်ဝန်းကျင် စင်ကြယ်သော အညစ်အကြေးကင်း၍ တင့်တယ်သော ဗိမာန်သည် နေ၏အရောင်တို့ကို ဖြတ်တောက်၏၊ ထိုဗိမာန်၏ အရောင်သည် နှစ်ဆယ့်ငါးယူဇနာတိုင်တိုင် ပြန့်နှံ့၍ တည်၏၊ ညဥ့်ကိုပင်သော်လည်း နေ့ကဲ့သို့ ပြုနိုင်၏။

၇၈၁။ များသော ပဒုမာကြာမျိုး ဆန်းကြယ်သော ပုဏ္ဍရိက်ကြာဖြူမျိုးလည်းရှိသော ပန်းတို့ဖြင့် ပြွမ်းသော များစွာဆန်းကြယ်သော အညစ်အကြေးကင်းသည်ဖြစ်၍ အညစ်အကြေးကင်းသည့် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်သော ဗိမာန်သည် ကောင်းကင်၌ နေကဲ့သို့ ထွန်းပ၏။

၇၈၂။ ကောင်းကင်သည် ကြယ်တာရာတို့ဖြင့် ပြည့်သကဲ့သို့ နီသောအရုံ ရွှေသော အဂတ်ရှိကုန်သော အကျော် ဥပသကာ စန္ဒကူးနံ့သာတို့ဖြင့် မွမ်းထုံအပ်ကုန်သော ရွှေအဆင်းနှင့်တူသော သိမ်မွေ့နူးညံ့သော အရေအဆင်း ရှိကုန်သော နတ်သမီးတို့ဖြင့်လည်း ပြည့်၏။

၇၈၃။ အမျိုးမျိုးသော အဆင်းရှိကုန်သော နတ်ပန်းတို့ဖြင့် ဆင်ယင်အပ်သော တန်ဆာရှိကုန်သော ဝမ်းမြောက်သော စိတ်ရှိကုန်သော ဆံထုံးစသည်တို့၌ ရွှေစည်းကြိုးအစရှိသည်တို့ဖြင့် ဖွဲ့ရှက်အပ်ကုန်သော ရွှေတန်ဆာတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော နတ်သားနတ်သမီးတို့သည် ဤဗိမာန်၌ များပြားလှကုန်၏၊ လေတိုက်ခတ်သဖြင့် ကြွေကျသော ပန်းတို့သည် ဤဗိမာန်အတွင်း၌ မွှေးကြိုင်သော ရနံ့ကို ပျံ့လှိုင်စေကုန်၏။

၇၈၄။ ဤအကျိုးသည် အဘယ်သို့ သဘောရှိသော စောင့်စည်းမှု၏ အကျိုးပေနည်း၊ အဘယ်သို့သော ကံ၏ အကျိုးကြောင့် သင်သည် ဤဗိမာန်၌ ဖြစ်လာရသနည်း၊ အကြင်သို့သော အကြောင်းဖြင့် ဤဗိမာန်ကို သင်ရသနည်း၊ တိုက်တွန်းပါ၏၊ မေးအပ်သော သင်သည် လျော်သော ထိုအကြောင်းကို ဖြေကြားပါလော့ (ဟု မြတ်စွာဘုရားက မေးမြန်းတော်မူ၏)။

၇၈၅။ မြတ်စွာဘုရားသည် ဤခရီးလမ်းမ၌ အလိုအလျောက် (ရောက်လာသော) ဆတ္တလုလင်နှင့် တွေ့ဆုံသောကြောင့် ချီးမြှောက်တော်မူလိုသည်ဖြစ်၍ ဆုံးမတော်မူပါ၏၊ ရတနာမြတ် ဖြစ်တော်မူသော အရှင်ဘုရား၏ တရားတော်ကို ကြားနာရ၍ လိုက်နာကျင့်ပါအံ့ဟုလည်း ဆတ္တလုလင်သည် လျှောက်ဆိုခဲ့ပါ၏။

၇၈၆။ မြတ်သူတို့ထက် ထူးမြတ်သော မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့၊ တရားတော်ကိုရှင်း, ရဟန်းသံဃာကိုရှင်း ထို့အတူပင်လျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့ (ဟု အကျွန်ုပ်ကို မြတ်စွာဘုရား ဆုံးမတော်မူခဲ့ပါ၏)၊ အရှင်ဘုရား (သရဏဂုံကို သိ၏လော ဟု အရှင်ဘုရား မေးတော်မူအပ်သည်ရှိသော်) အကျွန်ုပ်သည် မသိပါဟူ၍ ရှေးဦးစွာ လျှောက်ဆိုခဲ့ပါ၏၊ နောက်ကာလ၌လည်း အရှင်ဘုရား၏ စကားတော်ကို ထိုအရှင်ဘုရား မိန့်တော်မူတိုင်းသာလျှင် လိုက်နာပြုကျင့်ခဲ့ပါ၏။

http://www.dhammadownload.com



၇၉၇။ လုလင် သင်သည် အထူးထူးအပြားပြားသော မင်္ဂလာကြယ်သော သူ့အသက် သတ်ခြင်းကိုလည်း မကျင့်လင့်၊ ထိုစကားသင့်၍၊ သတ္တဝါတို့ကို သတ်ခြင်းမှ မစောင့်စည်း ခြင်းကို ပညာရှိတို့သည် မချီးမွမ်းကုန် (ဟု အကျွန်ုပ်ကို ဆုံးမတော်မူခဲ့ပါ၏)၊ အရှင်ဘုရား (အသက်သတ်ခြင်းမှ ကြဉ်ရှောင်ခြင်းကို သင်သိ၏လောဟု အရှင်ဘုရား မေးတော်မူ သည်ရှိသော်) အကျွန်ုပ်သည် မသိပါဟူ၍ ရှေးဦးစွာ လျှောက်ဆိုခဲ့ပါ၏၊ နောက်ကာလ၌ အရှင်ဘုရား၏ စကားတော်ကို ထိုအရှင်ဘုရား မိန့်တော်မူတိုင်းသာလျှင် လိုက်နာ ပြုကျင့် ခဲ့ပါ၏။

၇၉၈။ သူတပါး စောင့်ရှောက်အပ်သည်လည်းဖြစ်သော မပေးသောဥစ္စာကို ခိုးယူအပ် ၏ဟူ၍လည်း မမှတ်လေလင့် (ဟု အကျွန်ုပ်ကိုဆုံးမတော်မူခဲ့ပါ၏)၊အရှင်ဘုရား(မပေးသည် ကို ခိုးယူခြင်းမှ ကြဉ်ရှောင်ခြင်းကို သင်သိ၏လော ဟု အရှင်ဘုရား မေးတော်မူသည် ရှိသော်) အကျွန်ုပ်သည် မသိပါဟူ၍ ရှေးဦးစွာ လျှောက်ဆိုခဲ့ပါ၏၊ နောက်ကာလ၌ အရှင်ဘုရား၏ စကားတော်ကို ထိုအရှင်ဘုရား မိန့်တော်မူတိုင်းသာလျှင် လိုက်နာ ပြုကျင့်ခဲ့ပါ၏။

၇၉၉။ သူတပါး စောင့်ရှောက်အပ်ကုန်သော သူတပါး၏ မယားတို့ကိုလည်း မသွား လာ မလွန်ကျူးလင့်၊ ဤသွားလာ လွန်ကျူးခြင်းသည် မမြတ်သော အကျင့်တည်း(ဟု အကျွန်ုပ်ကို ဆုံးမတော်မူခဲ့ပါ၏)၊ အရှင်ဘုရား (မမြတ်သော အကျင့်မှ ကြဉ်ရှောင်ခြင်းကို သိ၏လော ဟု အရှင်ဘုရား မေးတော်မူသည်ရှိသော်)အကျွန်ုပ်သည် မသိပါဟူ၍ ရှေးဦးစွာ လျှောက်ဆိုခဲ့ပါ၏၊ နောက်ကာလ၌ အရှင်ဘုရား၏ စကားတော်ကို ထိုအရှင်ဘုရား မိန့်တော်မူတိုင်းသာလျှင် လိုက်နာပြုကျင့်ခဲ့ပါ၏။

၈၀၀။ မဟုတ်မမှန်သော စကားကိုလည်း တပါးသောအခြင်းအရာဖြင့် မပြောဆိုလင့်၊ ထိုစကားမှန်၏၊ မဟုတ်မမှန်ပြောဆိုခြင်းကို ပညာရှိတို့သည် မချီးမွမ်းကုန် (ဟု အကျွန်ုပ်ကို ဆုံးမတော်မူခဲ့ပါ၏)၊ အရှင်ဘုရား (မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းကို သိ၏ လောဟု ဤသို့ အရှင်ဘုရား မေးတော်မူသည် ရှိသော်) အကျွန်ုပ်သည် မသိပါဟူ၍ ရှေးဦးစွာ လျှောက်ဆိုခဲ့ပါ၏၊ နောက်ကာလ၌ အရှင်ဘုရား၏ စကားတော်ကို ထို အရှင်ဘုရား မိန့်တော်မူတိုင်းသာလျှင် လိုက်နာပြုကျင့်ခဲ့ပါ၏။

၈၀၁။ အကြင် သောက်အပ်သော အရက်စသော ယစ်မျိုးဖြင့် ပုဂ္ဂိုလ်၏ ဓမ္မသညာ သည် ကင်း၏၊ အလုံးစုံသော ထိုယစ်မျိုးကို (သောက်ခြင်းမှ) ကြဉ်ရှောင်လေလော့ (ဟု အကျွန်ုပ်ကို ဆုံးမတော် မူခဲ့ပါ၏)၊ အရှင်ဘုရား (အရက်စသော ယစ်မျိုးကို သောက်စား ခြင်းမှ ကြဉ်ရှောင်ခြင်းကို သိ၏လောဟု အရှင်ဘုရား မေးတော်မူသည်ရှိသော်) အကျွန်ုပ် သည် မသိပါဟူ၍ ရှေးဦးစွာ လျှောက်ဆိုခဲ့ပါ၏၊ နောက်ကာလ၌ အရှင်ဘုရား၏ စကား တော်ကို ထိုအရှင်ဘုရား မိန့်တော်မူတိုင်းသာလျှင် လိုက်နာ ပြုကျင့်ခဲ့ပါ၏။

၈၀၂။ အရှင်ဘုရား ထိုအကျွန်ုပ်သည် ဤခရီးအရပ်၌ သိက္ခာပုဒ်ငါးပါးတို့ကို ဆောက် တည်၍ မြတ်စွာဘုရား၏ တရားတော်တို့ကို ကျင့်ပြီးနောက် ခိုးသူတို့၏အလယ်၌ နယ်ကြား လမ်းခရီးသို့ ရောက်သွားပါ၏၊ ထိုခိုးသူတို့သည် ပစ္စည်းဥစ္စာဟူသော အကြောင်းကြောင့် အကျွန်ုပ်ကို ထိုလမ်းခရီး၌ သတ်လိုက်ကြပါကုန်၏။

http://www.dhammadownload.com



၉၀၃။ (ဘုန်းတော်ကြီးသော မြတ်စွာဘုရား) ဤမျှသာလျှင်ဖြစ်သော ကုသိုလ်ကံကို အကျွန်ုပ် အောက်မေ့မိပါ၏၊ အကျွန်ုပ်အား ထိုကုသိုလ်မှတပါး အခြားကုသိုလ်မရှိပါ၊ အကျွန်ုပ်သည် ထိုသုစရိုက် ကုသိုလ်ကံကြောင့် တာဝတိံသာနတ်ဘုံတို့၌ အလိုရှိတိုင်း ပြည့်စုံသူ ဖြစ်ရပါ၏။

၉၀၄။ (ဘုန်းတော်ကြီးသော မြတ်စွာဘုရား) တခဏ တမုဟုတ်မျှ စောင့်စည်းအပ်သော သီလ၏ရှင်း, တရားအားလျော်သော အကျင့်၏ရှင်း အကျိုးကို ရှုတော်မူပါလော့၊ အကျွန်ုပ်အောက် ယုတ်နိမ့်သော ဘုန်းကံရှိကြသည့် များစွာကုန်သော နတ်တို့သည် အခြံအရံ တန်ခိုးအာနုဘော်ဖြင့် ပြောင်ပြောင် တောက်သကဲ့သို့သော အကျွန်ုပ်ကို ကောင်းစွာ တွေ့မြင် ကြရကုန်သည်ဖြစ်၍ (ငါတို့လည်း ဤကဲ့သို့ ဖြစ်ရလိုကုန်၏ ဟု) တောင့်တကြပါကုန်၏။

၉၀၅။ အနည်းငယ်မျှသော တရားဒေသနာတော်၏ အကျိုးကို ရှုတော်မူပါလော့၊ ကောင်းသော လားရာ 'သုဂတိ' ၌လည်း ဖြစ်ရ၏၊ ချမ်းသာခြင်းသို့လည်း ရောက်ရ၏၊ အကြင် သတ္တဝါတို့သည်ကား (နေ့တိုင်း နေ့တိုင်း) အမြဲမပြတ် အရှင်ဘုရား၏ တရားတော်ကို ကြားနာကြရကုန်၏၊ ထိုသတ္တဝါတို့သည်ကား သေခြင်းကင်းရာ ဘေးမရှိရာ နိဗ္ဗာန် အရပ်သို့ ရောက်ရကုန်လိမ့်တကား။

၉၀၆။ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား၏ အဆုံးအမတရား၌ လိုက်နာ ပြုကျင့်အပ်သော အနည်းငယ်မျှသော ကုသိုလ်သည်လည်း ကြီးစွာသော အကျိုးရှိ၏၊ ပြန့်ပြောများမြတ်လှပါ၏၊ ရှုတော်မူပါလော့၊ ဆတ္တလုလင်သည် ပြုအပ်ပြီးသော ကောင်းမှု ရှိသောကြောင့် မြေအပြင်ကို နေသည် ထွန်းလင်းစေသကဲ့သို့ ထွန်းလင်းစေနိုင်၏။

၉၀၇။ အချို့သောသူတို့သည် ဤကုသိုလ်ဟူသည် အဘယ်သို့ သဘောရှိသနည်း၊ ဤကုသိုလ်ကို အဘယ်သို့လျှင် ငါတို့ ကျင့်ရကုန်အံ့နည်း၊ ဤသို့ စည်းဝေးပေါင်းစု၍ တိုင်ပင်ပြောဆိုကုန်၏၊ ထိုအကျွန်ုပ်တို့သည် တဖန်လူ့အဖြစ်ကို ရကြကုန်သည်ရှိသော် ကုသိုလ်တရားကို ဖြည့်ကျင့်ကုန်လျက် သီလနှင့် ပြည့်စုံကြကုန် နေကြပါကုန်အံ့။

၉၀၈။ မြတ်စွာဘုရားသည် များသော ကျေးဇူးကို ပြုတော်မူပါပေ၏၊ သနားစောင့်ရှောက်တော်မူပါပေ၏၊ ထိုသို့သနားတော်မူခြင်းကြောင့် အကျွန်ုပ်ရှိရာ် နေ့မွန်းတည့် အခါ၌ ကြွလာတော်မူပါပေ၏၊ ထိုအကျွန်ုပ်သည် (အရဟံစသော အမည်တို့ဖြင့်) မှန်သော အမည်တော်ရှိသော မြတ်စွာဘုရားကို ဆည်းကပ်ခဲ့သူ ဖြစ်ပါ၏၊ ချီးမြှောက်တော်မူပါဦး၊ အရှင်ဘုရား၏ တရားတော်ကို ထပ်မံ၍လည်း နာပါကုန်အံ့။

၉၀၉။ အကြင် သူတို့သည် ဤသာသနာတော်၌(တည်ကုန်၍)ကာမဂုဏ်၌ တပ်မက်မှု 'ကာမရာဂ'ကို စွန့်ကုန်၏၊ ထိုသူတို့သည် တဖန်အမိဝမ်း၌ ပဋိသန္ဓေနေခြင်းသို့ မကပ်ရောက်ရကုန်သည်သာလျှင်တည်း၊ အကြင်သူတို့သည်လည်း တွေဝေမှု 'မောဟ'ကို ပယ်စွန့်ကုန်၍ ဘဝ၌ တပ်မက်မှု 'ဘဝရာဂ' ကိုလည်း စွန့်ကုန်၏၊ ထိုသူတို့သည်လည်း တဖန် အမိဝမ်း၌ ပဋိသန္ဓေနေခြင်းသို့ မကပ်ရောက်ကုန်သည်သာလျှင်တည်း၊ မှန်၏၊ (ယောက်ျားမြတ်တို့သည်) အေးချမ်းကုန်သည်ဖြစ်၍ နိဗ္ဗာနဓာတ်ဖြင့်ပရိနိဗ္ဗာန်ပြုကြရကုန်၏(ဟုလျှောက်၏)။

**သုံးခုမြောက်သော ဆတ္တမာဏဝကဝိမာနဝတ္ထု ပြီး၏။**

http://www.dhammadownload.com



## ၄-ကက္ကဋကရသဒါယကဝိမာနဝတ္ထု

၉၁၀။ ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာ ရှိ၏၊ ကြောင်မျက်ရွဲတိုင်ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည် ဖြစ်၍ တင့်တယ်ကုန်၏။

၉၁၁။ (သင်နတ်သားသည်) ထိုဗိမာန်၌ နေလျက် သောက်လည်း သောက်၏၊ စားလည်း စား၏၊ နတ်စောင်းတို့သည်လည်း သာယာစွာ မြည်ကုန်၏၊ ဤဗိမာန်၌ နတ်အရသာဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ရွှေတန်ဆာဖြင့် ပြင်ဆင်ထားသော နတ်သမီးတို့သည်လည်း ကကြကုန်၏။

၉၁၂။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤအရပ်၌ (ကောင်းကျိုး ချမ်းသာ) ပြည့်စုံသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ် ကုန်သနည်း။

၉၁၃။ အာနုဘော်ကြီးသော နတ်သား သင့်ကို ငါမေး၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ တောက်ပသော တန်ခိုး အာနုဘော် ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပဘိသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၉၁၄။ ထိုနတ်သားသည် အသျှင်မောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၉၁၅။ အကြင် ပုဇွန်လုံး ဟင်းလျာလှူသော ကုသိုလ်ကောင်းမှုကြောင့် ဤနတ်စည်းစိမ်ကို အကျွန်ုပ်ရပါ၏၊ ထို ကုသိုလ်ကောင်းမှု၌ သတိဖြစ်ခြင်းကို ပြုတတ်သော ရွှေဖြင့်ပြီးသော အခြေဆယ်ချောင်းရှိသော ပုဇွန်လုံးသည် တံခါး၌တည်လျက် တင့်တယ်လှပါ၏။

၉၁၆။ ပုဇွန်လုံး ဟင်းလျာလှူရသော ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤနတ်ပြည်၌ အကျွန်ုပ်အား (ကောင်းကျိုး) ပြည့်စုံပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့သည် ဖြစ်ပေါ် ပါကုန်၏။

၉၁၇။ တန်ခိုးအာနုဘော်ကြီးတော်မူသော အရှင်ဘုရား အရှင်ဘုရားအား ဖြေကြားပါ၏၊ လူဖြစ်ခဲ့စဉ်အခါက အကျွန်ုပ်သည် အကြင်ကုသိုလ်ထူးကို ပြုခဲ့၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်သည် ဤသို့ တောက်ပသော အာနုဘော်ရှိပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည် အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

လေးခုမြောက်သော ကက္ကဋကရသဒါယကဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၅-ဒွါရပါလကဝိမာနဝတ္ထု

၉၁၈။ ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာရှိ၏၊ ကြောင်မျက်ရွဲတိုင်ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍ တင့်တယ်ကုန်၏။

၉၁၉။ (သင်နတ်သားသည်)ထိုဗိမာန်၌နေလျက် သောက်လည်း သောက်၏၊ စားလည်း စား၏၊ နတ်ခေါင်းတို့သည်လည်း သာယာစွာ မြည်ကုန်၏၊ ဤဗိမာန်၌ နတ်အရသာဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ရွှေတန်ဆာဖြင့် ပြင်ဆင်ထားသော နတ်သမီးတို့သည်လည်း ကကြကုန်၏။

၉၂၀-၁။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ သင်၏ အရောင်အဆင်း သည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပဘိသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၉၂၂။ ထိုနတ်သားသည် အသျှင်မောဂ္ဂလ္လာန်မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၉၂၃။ အကျွန်ုပ်၏ အသက်သည် နတ်၌ဖြစ်သော အနှစ်တထောင် ဖြစ်ပါ၏၊ အကျွန်ုပ်သည် ရှေးဘဝက (ဤနေရာ၌ နေတော်မူပါကုန် အစရှိသည်ကို) နှုတ်ဖြင့် ပြောဆိုခဲ့ပါပြီ၊ (အရှင်ကောင်းတို့သည် သီလကို ချစ်မြတ်နိုးကုန်၏၊ ကုသိုလ်တရားကို ဖြည့်ကျင့်လေ့ရှိကုန်၏ဟု) စိတ်ဖြင့်(ကြည်ညိုမှုကို)ဖြစ်စေခဲ့ပါပြီ၊ ဤ(နှုတ်မြွက်ပြောဆို စိတ်ဖြင့်ကြည်ညိုကာ)မျှဖြင့် ပြုအပ်ပြီးသော ကုသိုလ်ကံရှိသူသည် နတ်၌ဖြစ်ကုန်သော ကာမဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ နတ်ပြည်၌ တည်နေရပါလိမ့်မည်။

၉၂၄-၅။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏ (ဟု ဖြေကြား၏)။

ငါးခုမြောက်သော ဒွါရပါလကဝိမာနဝတ္ထု ပြီး၏။

---

## ၆-ပဌမကရဏီယဝိမာနဝတ္ထု

၉၂၆။ ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှဘိ၏၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာရှိ၏၊ ကြောင်မျက်ရွဲတိုင် ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍ တင့်တယ်ကုန်၏။

၉၂၇။ (သင်နတ်သားသည်) ထိုဗိမာန်၌ နေလျက် သောက်လည်း သောက်၏၊ စားလည်း စား၏၊ နတ်ခေါင်းတို့သည်လည်း သာယာစွာ မြည်ကုန်၏၊ ဤဗိမာန်၌ နတ်

http://www.dhammadownload.com



အရသာဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ရွှေတန်ဆာတို့ဖြင့် ပြင်ဆင်ထားသော နတ်သမီးတို့သည်လည်း ကကြကုန်၏။

၉၂၈-၉။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပဘိသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၉၃၀။ ထိုနတ်သားသည် အသျှင်မောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၉၃၁။ မိမိ၏ အစီးအပွါး ရှိ မရှိကို သိတတ်သော ပညာရှိသည် ကောင်းသောအကျင့်ရှိကုန်သော မြတ်စွာဘုရားတို့၌ (ဒါနစသော) ကုသိုလ်ကောင်းမှုတို့ကို ပြုသင့်ပြုထိုက်ကုန်သည်သာတည်း၊ယင်းမြတ်စွာဘုရားတို့၌ ပေးလှူအပ်သော အလှူသည် ကြီးမြတ်သော အကျိုးရှိ၏။

၉၃၂။ မြတ်စွာဘုရားသည် အကျွန်ုပ်၏ အကျိုးငှါ ဇေတဝန်ကျောင်းတော်မှ သာဝတ္ထိပြည်သို့ ကြွလာတော်မူပါပေသည်တကား၊ အကျွန်ုပ်သည် ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေသောကြောင့် တာဝတိံသာနတ်ပြည်သို့ ရောက်ရပါ၏။

၉၃၃-၄။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤသို့သော အရောင်အဆင်းဖြစ်ပါ၏။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏ (ဟု ဖြေကြား၏)။

ခြောက်ခုမြောက်သော ပဌမကရဏီယဝိမာနဝတ္ထု ပြီး၏။

---

## ၇-ဒုတိယကရဏီယဝိမာနဝတ္ထု

၉၃၅။ ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာရှိ၏၊ ကြောင်မျက်ရွဲတိုင်ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍ တင့်တယ်ကုန်၏။

၉၃၆။ (သင်နတ်သားသည်)ထိုဗိမာန်၌ နေလျက် သောက်လည်း သောက်၏၊ စားလည်းစား၏၊ နတ်စောင်းတို့သည်လည်း မြည်ကုန်၏၊ ဤဗိမာန်၌ နတ်အရသာဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ရွှေတန်ဆာတို့ဖြင့် ပြင်ဆင်ထားသော နတ်သမီးတို့သည်လည်း ကကြကုန်၏။

၉၃၇-၈။ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်းသည် ဖြစ်သနည်း။ပ။သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

http://www.dhammadownload.com



၉၃၉။ ထိုနတ်သားသည် အသျှင်မောဂ္ဂလ္လာန်က မေးအပ်သည်ဖြစ်၍။ပ။ ဤအကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြားလျှောက်ထား၏။

၉၄၀။ မိမိ၏ အစီးအပွါး ရှိ မရှိကို သိတတ်သော ပညာရှိသည် ကောင်းသော အကျင့်ရှိကုန်သော ရဟန်းတော်တို့၌ (ဒါနစသော)ကုသိုလ်ကောင်းမှုတို့ကို ပြုသင့်ပြုထိုက်သည်သာတည်း၊ ယင်းရဟန်းသံဃာတို့၌ ပေးလှူအပ်သော အလှူသည် ကြီးမြတ်သော အကျိုးရှိ၏။

၉၄၁။ ရဟန်းတော် အရှင်မြတ်သည် အကျွန်ုပ်၏ အကျိုးငှါ ဇေတဝန်ကျောင်းတော်မှ သာဝတ္ထိပြည်သို့ ကြွလာတော်မူပါပေသည်တကား၊ အကျွန်ုပ်သည် ထိုရဟန်း၌ စိတ်ကို ကြည်ညိုစေသောကြောင့် တာဝတိံသာနတ်ပြည်သို့ ရောက်ရပါ၏။

၉၄၂-၃။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏(ဟု ဖြေကြား လျှောက်ထား၏)။

ခုနစ်ခုမြောက်သော ဒုတိယကရဏီယဝိမာနဝတ္ထု ပြီး၏။

---

## ဂ-ပဌမသူစိဝိမာနဝတ္ထု

၉၄၄။ ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာရှိ၏၊ ကြောင်မျက်ရွဲတိုင် ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန်အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍ တင့်တယ်၏။

၉၄၅။ သင်သည် ထိုဗိမာန်၌ နေလျက် သောက်လည်း သောက်၏၊စားလည်း စား၏၊ နတ်စောင်းတို့သည်လည်း သာယာစွာမြည်ကုန်၏၊ ဤဗိမာန်၌ နတ်အရသာဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ရွှေတန်ဆာတို့ဖြင့် ပြင်ဆင်ထားသော နတ်သမီးတို့သည်လည်း ကကြကုန်၏။

၉၄၆-၇။ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၉၄၈။ ထိုနတ်သားသည် ဝမ်းမြောက်ဝမ်းသာ။ပ။ဤအကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြားလျှောက်ထား၏။

၉၄၉။ အကြင်သို့ သဘောရှိသော လှူဖွယ်ဝတ္ထုကို ပေးလှူ၏၊ ထိုလှူဖွယ်ဝတ္ထု၏ ထိုသို့သဘောရှိသော အကျိုးမျှသာ ဖြစ်သည်မဟုတ်၊ အကြင်သို့ သဘောရှိသော လှူဖွယ်ဝတ္ထုကို ပေးလှူရာ၏။ ထို(အပြစ်မရှိသော) လှူဖွယ်ဝတ္ထုကို ပေးလှူခြင်းသည်ပင်လျှင် မြတ်၏၊ အကြောင်းကား ငါသည် အပ်ကို ပေးလှူသည် ဖြစ်၍ (ငါ၏)အပ်အလှူသည် ပင်လျှင် မြတ်သောကြောင့်တည်း။

http://www.dhammadownload.com



၉၅၀-၁။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏ (ဟု လျှောက်ထား၏)။

ရှစ်ခုမြောက်သော ပဌမသူစိဝိမာနဝတ္ထု ပြီး၏။

---

## ၉-ဒုတိယသူစိဝိမာနဝတ္ထု

၉၅၂။ ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာရှိ၏၊ ကြောင်မျက်ရွဲတိုင် ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်သာဖြစ်၍ တင့်တယ်၏။

၉၅၃။ သင်သည် ထိုဗိမာန်၌ နေလျက် သောက်လည်း သောက်၏၊ စားလည်း စား၏၊ သာယာသော နတ်စောင်းတို့သည်လည်း သာယာစွာ မြည်ကုန်၏၊ ဤဗိမာန်၌ နတ်အရသာ ဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ရွှေတန်ဆာဖြင့် ပြင်ဆင်ထားသော နတ်သမီးတို့သည်လည်း ကကြကုန်၏။

၉၅၄-၅။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်းဖြစ်သနည်း။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပဘိသနည်း (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၉၅၆။ ထိုနတ်သားသည် ဝမ်းမြောက်ဝမ်းသာ။ပ။ ဤအကျိုး၏ အကြောင်းကံ ပြဿနာကို ဖြေကြားလျှောက်ထား၏။

၉၅၇။ အကျွန်ုပ်သည် ရှေးဘဝလူ့လောက၌ လူဖြစ်ခဲ့စဉ်က—

၉၅၈။ အကျွန်ုပ်သည် ကိလေသာမြူကင်းသော အထူးသဖြင့် ကြည်လင်၍ မနောက်ကျူသော စိတ်ရှိသော ရဟန္တာကို ဖူးမြင်ခဲ့ရပါ၏၊ အကျွန်ုပ်သည် ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ထိုရဟန္တာအား အပ်ကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ဘူးပါ၏။

၉၅၉-၉၆၀။ ထိုကုသိုလ်ကံကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏ (ဟု ဖြေကြား လျှောက်ထား၏)။

ကိုးခုမြောက်သော ဒုတိယသူစိဝိမာနဝတ္ထု ပြီး၏။

---

## ၁၀-ပဌမနာဂဝိမာနဝတ္ထု

၉၆၁။ အလွန်ဖြူဖွေးသော ကိုယ်ရှိသော အပြစ်ကင်း၍ ကြီးသော အစွယ်ရှိသော ခွန်အားကြီး၍ အလွန်လျင်မြန်သော အဟုန်ရှိသော ကောင်းစွာ ပြင်ဆင်ထားသော စီးတော်ဆင်ထက်သို့ တက်စီး၍ ကောင်းကင်ခရီးဖြင့် ဤအရပ်သို့ လာရောက်၏။

http://www.dhammadownload.com



၉၆၂။ ဆင်၏ အစွယ်နှစ်ချောင်းတို့၌ ကြည်လင်သော ရေရှိသော ကောင်းစွာပွင့်သည့် ပဒုမာကြာပန်းရှိသော ရေကန်တို့ကို ဖန်ဆင်းအပ်ပါကုန်၏၊ ပဒုမာကြာတို့၌လည်း တူရိယာအပေါင်းတို့အညီ အလိုလို မြည်ကုန်၏၊ စိတ်နှလုံးကို ဆောင်တတ်ကုန်သော ဤနတ်သမီးတို့သည် က-လည်း က-ကြကုန်၏၊ သီချင်းလည်း သီဆိုကြကုန်၏။

၉၆၃။ သင်သည် ကြီးသော အာနုဘော်ရှိသည်ဖြစ်၍ နတ်တန်ခိုးအာနုဘော်နှင့် ပြည့်စုံခြင်းသို့ ရောက်၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ ဟောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၉၆၄။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၉၆၅။ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ကြွေကျသော ပန်းရှစ်ပွင့်တို့ကို ကဿပမြတ်စွာဘုရား၏ ပုထိုးတော်၌ ကိုယ်တိုင်လက်ရောက် တင်လှူပူဇော်ခဲ့ပါ၏။

၉၆၆-၇။ ထို ကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့ သဘောရှိသော အရောင်အဆင်း ဖြစ်ပါ၏။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏။

ဆယ်ခုမြောက်သော ပဌမနာဂဝိမာနဝတ္ထု ပြီး၏။

---

## ၁၁-ဒုတိယနာဂဝိမာနဝတ္ထု

၉၆၈။ သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း စေဘိသကဲ့သို့ ထိုအတူ သင်သည် ကိုယ်လုံးဖြူသော ဆင်တကာတို့ထက် မြတ်သော ဆင်ပြောင်ကြီးကို တက်စီး၍ နတ်သမီးအပေါင်းခြံရံကာ အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း တောက်ပစေလျက် တောထခုမှ တောတခုသို့ လှည့်လည်၏။

၉၆၉-၉၇၀။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့သော အရောင်အဆင်း ဖြစ်သနည်း။ပ။ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း(ဟု အသျှင်ဝင်္ဂီသကမေး၏)။

၉၇၁။ ထိုနတ်သားသည် အသျှင်ဝင်္ဂီသ မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၉၇၂။ အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက စက္ခုငါးပါး ရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ ဥပါသကာ ဖြစ်ခဲ့ဘူးပါ၏၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ပါ၏၊ လောက၌ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခဲ့ပါ၏။

http://www.dhammadownload.com



၉၇၃။ သေအရက်ကို မသောက်ခဲ့ပါ၊ မမှန်စကားကိုလည်း မပြောဆိုခဲ့ပါ၊ မိမိမယား ဖြင့်သာလျှင် ရောင့်ရဲခဲ့ပါ၏၊ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ဆွမ်းကိုဂုဏ်း အဖျော်ကိုဂုဏ်း များစွာသော အခြားအလှူကိုဂုဏ်း ရိုသေစွာ ပေးလှူခဲ့ဘူးပါ၏။

၉၇၄-၅။ ထို ကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်းသည် လည်း ဖြစ်ပါ၏ ။ပ။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံး တို့၌ ထွန်းလင်းတောက်ပပါ၏(ဟု ဖြေကြားလျှောက်ထား၏)။

တဆယ့်တခုမြောက်သော ဒုတိယနာဂဝိမာနဝတ္ထု ပြီး၏။

---

## ၁၂-တတိယနာဂဝိမာနဝတ္ထု

၉၇၆။ နတ်၌ဖြစ်သော ကိုယ်လုံးဖြူစင်သော ဆင်ယာဉ်ဖြင့် ကောင်းကင်၌ တည်နေ လျက် တီးမှုတ်အပ်သော တူရိယာသံတို့ဖြင့် မြိုင့်မြိုင့်ညံသည်ဖြစ်၍ အပူဇော်ခံရသော သင်ကား အဘယ်သူနည်း။

၉၇၇။ သင်သည်ကား စာတုမဟာရာဇ်နတ် ဖြစ်လေသလော၊ ဂန္ဓဗ္ဗနတ်မျိုး ဖြစ်လေ သလော၊ သို့မဟုတ် ရှေး၌ အလှူကိုပေးတတ်သော သိကြားဖြစ်လေသလော၊ မသိကြ ကုန်သည်ဖြစ်၍ သင့်ကို မေးကြပါကုန်၏၊ အကျွန်ုပ်တို့သည် သင့်ကို အဘယ်သို့ သိရပါကုန် အံ့နည်း(ဟု ပညာရှိတယောက်က မေး၏)။

၉၇၈။ အကျွန်ုပ်သည် စာတုမဟာရာဇ်နတ်လည်း မဟုတ်ပါ၊ ဂန္ဓဗ္ဗနတ်မျိုးလည်း မဟုတ်ပါ၊ ရှေး၌ အလှူကို ပေးတတ်သော သိကြားလည်း မဟုတ်ပါ၊ သုဓမ္မာ အမည် ရှိကုန်သော တာဝတိံသာနတ်တို့တွင် တယောက်အပါအဝင် ဖြစ်ပါ၏။

၉၇၉။ များစွာ လက်အုပ်ချီခြင်းကို ပြု၍ သုဓမ္မာမည်သော နတ်သားကို မေးပါ ကုန်၏၊ လူ့ဘဝ၌ အဘယ်ကံကို ပြု၍ သုဓမ္မာ နတ်မျိုး၌ ဖြစ်နိုင်ပါလေနည်း(ဟု မေး၏)။

၉၈၀။ အကြင်သူသည် ကြံရွက်မိုးသော ကျောင်းကိုဖြစ်စေ သက်ငယ်မိုးသော ကျောင်းကိုဖြစ်စေ အဝတ်မိုးသော ကျောင်းကိုဖြစ်စေ ပေးလှူရာ၏၊ ထိုသူသည် ကျောင်းသုံးမျိုးတို့တွင် တမျိုးမျိုးကို ပေးလှူသောကြောင့် သုဓမ္မာနတ်မျိုး၌ ဖြစ်နိုင်၏ (ဟု ဖြေကြား၏)။

တဆယ့်နှစ်ခုမြောက်သော တတိယနာဂဝိမာနဝတ္ထု ပြီး၏။

---

## ၁၃-စူဠရထဝိမာနဝတ္ထု

၉၈၁။ ခိုင်ခံ့သော လေးရှိသော သင်သည် သစ်သားနှစ်လေးကို ထောက်၍ ရပ်နေ ဘိ၏၊ သင်သည် ပြည့်ရှင်မင်းဖြစ်သလော၊ မင်းသားဖြစ်သလော၊ သို့မဟုတ် တော၌ ကျက်စားတတ်သော မုဆိုးဖြစ်သလော(ဟု အသျှင်မဟာကစ္စည်းက မေး၏)။

http://www.dhammadownload.com



၉၇၂။ အရှင်ဘုရား အကျွန်ုပ်သည် အဿကမင်း၏ သားပါတည်း၊ တော၌ ကျက်စားပါ၏၊ အရှင်ရဟန်း အကျွန်ုပ်၏ အမည်ကို အရှင်ဘုရားအား ပြောကြားပါ၏၊ အကျွန်ုပ်ကို သုဇာတဟူ၍ လူအများ သိကြပါကုန်၏။

၉၇၃။ အကျွန်ုပ်သည် သားသမင်တို့ကို ရှာဖွေလျက် တောအုပ်ကြီးသို့ သက်ဝင်သည် ရှိသော် ထိုသမင်ကိုမူကား မတွေ့မြင်ရပါ၊ အကျွန်ုပ်သည် အရှင်ဘုရားကိုသာလျှင် မြင်ရ၍ ရပ်နေပါ၏(ဟု လျှောက်၏)။

၉၇၄။ ဘုန်းကြီးသော မင်းသား သင်၏ လာရောက်ခြင်းသည် ကောင်းသော လာရောက်ခြင်းပေတည်း၊ ထို့မှတပါး သင်၏ လာခြင်းသည် မကောင်းသော သာရောက်ခြင်း မဟုတ်၊ ဤရေအိုးမှ ရေကိုယူ၍ သင်၏ ခြေတို့ကို ဆေးကြောလော့။

၉၇၅။ တောင်မြောင်ချောက်ကြားမှ ဆောင်ယူထားသော ဤသောက်ရေသည်လည်း အေးမြ၏၊မင်းသား ထိုသောက်ရေကို သောက်၍ မြက်အခင်း၌ ထိုင်လေလော့(ဟု အသျှင် မဟာကစ္စည်းက မိန့်ဆို၏)။

၉၇၆။ ရဟန်းမြတ် အရှင်၏ စကားသည် ကောင်းပါပေစွာ့တကား၊ နာပျော်ဖွယ် ရှိပါပေ၏၊ အပြစ်ကင်းပါပေ၏၊ အကျိုးစီးပွါးနှင့် စပ်ပါပေ၏၊ သာယာပါပေ၏၊ အကျိုး စီးပွါးကို သိ၍ ပြောဆိုပါပေ၏။

၉၇၇။ ရဟန်းမြတ် တော၌မနေသော အရှင်ဘုရား၏ မွေ့လျော်ခြင်းသည် အဘယ်ပါ နည်း၊ မေးမြန်းပါ၏၊ ဖြေကြားတော်မူပါလော့၊ အရှင်ဘုရား၏ စကားကို နာယူ၍(ပစ္စုပ္ပန် တမလွန်) အကျိုးရှိသော တရားအစုကို ကောင်းစွာ ကျင့်လိုပါ၏(ဟု လျှောက်၏)။

၉၇၈။ မင်းသား ခပ်သိမ်းသော သတ္တဝါတို့အား မညှဉ်းဆဲခြင်းကို ငါတို့နှစ်သက်၏၊ ခိုးယူခြင်းမှုရှင်း, မိမိမယားကို လွန်၍ တပါးသော မိန်းမတို့နှင့် မေထုန်အကျင့်ကို ကျင့်ခြင်း မှုရှင်း, သေအရက်ကို သောက်ခြင်းမှုရှင်း ဝေးစွာ ရှောင်ကြဉ်၏။

၉၇၉။ (ဆိုအပ်ကုန်ပြီးသော အကုသိုလ်တရားတို့မှ) ဝေးစွာ ရှောင်ကြဉ်ခြင်းငှင်း (ကိုယ်နှုတ် နှလုံးတို့ဖြင့်) ညီညွတ်စွာ ကျင့်ခြင်းငှင်း (ပရိယတ်တရား၌) အကြားအမြင် များခြင်းငှင်း သူတပါးတို့ ပြုအပ်သော ကျေးဇူးကို သိခြင်းငှင်း မျက်မှောက်ဘဝ၌ ပင်လျှင် ချီးမွမ်းထိုက်ကုန်သော ထိုတရားတို့ကို ချီးမွမ်းအပ်ကုန်၏။

၉၈၀။ မင်းသား သေခြင်း သဘောသည် သင်၏ အနီး၌ တည်၏၊ ငါးလအတွင်းသာ အသက်ရှင်လတ္တံ့၊ မင်းသား သိလေလော့ မိမိကိုယ်ကို (အပါယ်ဆင်းရဲမှ) ယွတ်စေ လော့(ဟု အသျှင်မဟာကစ္စည်းက မိန့်ဆို၏)။

၉၈၁။ အကျွန်ုပ်သည် အဘယ်ဇနပုဒ်သို့ သွား၍ အဘယ်သို့သော အမှုကိုရှင်း,အဘယ် သို့သော ယောကျ်ားများ ပြုသင့်ပြုထိုက်သော ကိစ္စကိုရှင်း ပြု၍ အဘယ်မည်သော အတတ် ဖြင့်လည်း မအိုမသေဖြစ်ရပါအံ့နည်း(ဟု လျှောက်၏)။

၉၈၂။ မင်းသား သတ္တဝါသည် အကြင်အရပ်သို့ သွားသော် မအိုရာ မသေရာ၊ ထိုမအို မသေရာသော အရပ်သည် မရှိ၊ (မအိုမသေသော) အမှုကိစ္စသည်ငှင်း, အတတ်သည်ငှင်း, ယောကျ်ားများ ပြုသင့်ပြုထိုက်သော ကိစ္စသည်ငှင်း မရှိချေ။

http://www.dhammadownload.com



၉၉၃။ များသော ဉစ္စာရှိကုန်သော များသော စည်းစိမ်ရှိကုန်သော မင်းမျိုး၌ ဖြစ်ကုန်သော များစွာသော ဉစ္စာစပါးသည်လည်း ရှိကုန်သော ထိုထိုတိုင်းပြည်အရှင် ဘုရင်တို့သော်မှလည်း အိုရကုန် သေရကုန်သေး၏။

၉၉၄။ အန္ဓကဝေဏ္ဍု၏ သားတို့သည် ရဲရင့်သတ္တိ ရှိကုန်၏ လှံ့လရှိကုန်၏၊ ရန်သူအားကို နှိမ်နင်းပုတ်ခတ်နိုင်လေ့ရှိကုန်၏ဟု သင်ကြားဘူးသည် မဟုတ်လော့၊ မျိုးရိုးစဉ်ဆက် လ-နေတို့နှင့်တူသော ထိုသူတို့သော်မှလည်း အသက်ကုန်ခြင်းသို့ ရောက်၍ ပျက်စီးရကုန်သေး၏။

၉၉၅။ မင်းမျိုးတို့ရင်း, ပုဏ္ဏားမျိုးတို့ရင်း, ကုန်သည်မျိုးတို့ရင်း, သူဆင်းရဲမျိုးတို့ရင်း, ဒွန်းစဏ္ဍားမျိုး ပန်းမှိုက်သွန် (ဘင်ကျုံး) မျိုးတို့ရင်း ဇာတ်အားဖြင့် ဤသို့ ဆိုအပ်ခဲ့ပြီးသူတို့သည်ရင်း တပါးသော အမျိုးဇာတ်ရှိသူတို့သည် အိုရ သေရကုန်သေး၏။

၉၉၆။ အင်္ဂကစသော ရသေ့ပုဏ္ဏားတို့ ကြံစည်ထားသော အင်္ဂါခြောက်ပါးရှိသော ဗေဒင်ကျမ်းကို(ရွတ်ဘတ်သရဇ္ဈာယ်)နိုင်ကုန်သော ဤဆိုအပ်ပြီးသော အတတ်ပညာတို့သည်ရင်း တပါးသော အတတ်ပညာတို့သည်ရင်း အိုရ သေရကုန်သေး၏။

၉၉၇။ ငြိမ်းချမ်းသော ကာယကံ ဝစီကံရှိကုန်သော စောင့်စည်းအပ်သော စိတ်ရှိကုန်သော ကိလေသာတို့ကို ပူပန်စေတတ်သော အကျင့်ရှိကုန်သော ပုထုဇဉ်သေက္ခ ရသေ့မြတ်တို့သော်မှလည်း သေပျောက်ချိန် ရောက်သည်ကာလ၌ ခန္ဓာကိုယ်ကို စွန့်ပစ်ရကုန်သေး၏။

၉၉၈။ ပွါးအပ်ပြီးသော စိတ်ရှိကုန်သော ပြုအပ်ပြီးသော (မဂ်) ကိစ္စရှိကုန်သော အာသဝတရားတို့မှ လွတ်ကုန်ပြီးသော ရဟန္တာတို့သော်မှလည်း ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးတို့ ကုန်ခြင်းကြောင့် ဤခန္ဓာကိုယ်ကို စွန့်ပစ်ရကုန်သေး၏(ဟု အသျှင်မဟာကစ္စည်းက မိန့်ဆို၏)။

၉၉၉။ ရဟန်းမြတ် အရှင်ဘုရားသည် အကျိုးစီးပွါးရှိသော ဂါထာတို့ကို ကောင်းစွာဟောအပ်ပါပြီ၊ ကောင်းစွာ ဟောခြင်းဖြင့် ရှုစေအပ်သည် ဖြစ်ပါ၏၊ အရှင်ဘုရားသည် သာလျှင် အကျွန်ုပ်၏ မှီခိုကိုးကွယ်ရာဖြစ်ပါလေ့ (ဟု လျှောက်၏)။

၁၀၀၀။ သင်သည် ငါ့ကို ကိုးကွယ်ရာဟူ၍ မဆည်းကပ်လင့်၊ ငါသည် အကြင် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ သာကီဝင်မင်းသား ဖြစ်တော်မူသော ကြီးမြတ်သော လုံ့လရှိတော်မူသော ထို မြတ်စွာဘုရားကိုသာလျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့(ဟု မိန့်ဆို၏)။

၁၀၀၁။ အရှင်ဘုရား အရှင်ဘုရားတို့၏ ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် အဘယ်ဇနပုဒ်၌ ရှိပါသနည်း၊ အကျွန်ုပ်သည်လည်း တုဘက်မရှိ ပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ သွားပါအံ့(ဟု လျှောက်၏)။

၁၀၀၂။ ဩက္ကာကမင်းမျိုးမှ ဆင်းသက်၍ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုအရှေ့ဇနပုဒ်၌ ဖြစ်တော်မူ၏၊'ထိုမြတ်စွာဘုရားသည်ကား ပရိနိဗ္ဗာန်ပြုတော်မူလေပြီ(ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



၁၀၀၃။ အရှင်ဘုရား အရှင်ဘုရားတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အကယ်၍ တည်ရှိတော်မူသေးသည်ရှိသော် အကျွန်ုပ်သည် ယူဇနာတထောင်တိုင်တိုင် ဝေးသော်လည်း ဆည်းကပ်ခြင်းငှါ သွားပါအံ့။

၁၀၀၄။ အရှင်ဘုရား အရှင်ဘုရားတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခြင်းကြောင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်သည် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၀၀၅။ အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အတုမရှိသော တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ လူသုံးပါးတို့၏ နတ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ (တပည့်သား) သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၀၀၆။ အကျွန်ုပ်သည် (ယခု ချက်ချင်း) လျင်စွာပင် သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ လောက၌ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ပါ၏၊ သေရည်သေရက်ကို မသောက်စားပါ၊ မမှန်သော စကားကိုလည်း မပြောဆိုတော့ပါ၊ မိမိမယားဖြင့်သာလျှင် နှစ်သက် ရောင့်ရဲပါတော့အံ့ (ဟု ဝန်ခံလျှောက်ထား၏)။

၁၀၀၇။ ကြီးမြတ်သော အရောင်ရှိ၍ ရောင်ခြည်တထောင် ဆောင်သော နေဗိမာန်သည် ကောင်းကင်၌ လှည့်လည်သွားလာလျက် အရပ်မျက်နှာတို့၌ ထွန်းလင်း တောက်ပသကဲ့သို့ ထို့အတူ ထက်ဝန်းကျင် အချင်းအားဖြင့် ခုနစ်ယူဇနာရှိသော သင်၏ ဤရထားကြီးသည် ထိုဗိမာန်နှင့် တူ၏။

၁၀၀၈။ (သင်၏ရထားကို) ရွှေပြားတို့ဖြင့် ထက်ဝန်းကျင်မှ ဖုံးလွှမ်းအပ်၏၊ လှည်းသန်ရင်းကို ပုလဲတို့ဖြင့်၎င်း, ပတ္တမြားတို့ဖြင့်၎င်း အဆန်းတကြယ် ပြုလုပ်အပ်၏၊ ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော ကြောင်မျက်ရွဲဖြင့် ပြီးကုန်သော ရွှေအရေး ငွေအရေးတို့သည် (ရထားကို) တင့်တယ်စေကုန်၏။

၁၀၀၉။ ရထား၏ ဤဝက်စွယ်ရင်းကိုလည်း ကြောင်မျက်ရွဲဖြင့် ဖန်ဆင်းအပ်၏၊ ဤထမ်းပိုးကိုလည်း ပတ္တမြားနှ်ဖြင့် အဆန်းတကြယ် ပြုအပ်၏၊ ရွှေတန်ဆာဖြင့်၎င်း, ငွေတန်ဆာဖြင့်၎င်း, ဆင်ယင်အပ်ကုန်သော စိတ်ကဲ့သို့ လျင်မြန်ခြင်း ရှိကုန်သော ဤ (အာဇာနည်) မြင်းတို့သည် တင့်တယ်ကုန်၏။

၁၀၁၀။ အခြံအရံရှိသော နတ်သား အာဇာနည်မြင်းတထောင်ကသော ယာဉ်ရှိသော နတ်တို့၏ အရှင်သိကြားမင်းသည် တည်နေသကဲ့သို့ ထို့အတူ (မိမိတန်ခိုးဖြင့် အလုံးစုံသော ဤအရပ်ကို) လွှမ်းမိုး၍ တည်သော သင်သည် ရွှေရထား၌ တည်နေဘိ၏၊ ပညာရှိသော သင့်ကို မေးပါ၏၊ အဘယ်သို့သော အကြောင်းဖြင့် ဤသို့ များမြတ်သော အခြံအရံကို သင်ရလေသနည်း (ဟု အသျှင်ကစ္စည်းက မေး၏)။

၁၀၁၁။ အရှင်ဘုရား အကျွန်ုပ်သည် ရှေးဘဝက သုဇာတ အမည်ရှိသော မင်းသား ဖြစ်ခဲ့ဘူးပါ၏၊ အရှင်ဘုရားသည်လည်း အကျွန်ုပ်ကို ချီးမြှောက်ခြင်းငှါ စောင့်စည်းမှု သီလ၌ ညွှန်ကြားခဲ့ဘူးပါ၏။

http://www.dhammadownload.com



၁၀၁၂။ အရှင်ဘုရားသည် အကျွန်ုပ်၏ အသက်ကုန်ခြင်းကိုလည်း (အနာဂတံသဉာဏ်ဖြင့်) သိတော်မူ၍ သုဇာတမင်းသား "ဤသရီရဓာတ်တော်ကို ပူဇော်လေလော့၊ ယင်းသို့ ပူဇော်ခြင်းသည် သင်၏ အကျိုးငှါ ဖြစ်လတ္တံ့"ဟု ဆိုလျက် မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို ပေးခဲ့ဘူးပါ၏။

၁၀၁၃။ အကျွန်ုပ်သည် ကောင်းစွာ အားထုတ်လျက် ထိုသရီရဓာတ်တော်ကို နံ့သာတို့ဖြင့်၎င်း ပန်းတို့ဖြင့်၎င်း ပူဇော်ရ၍ လူ့ဌ်ဖြစ်သော ခန္ဓာကိုယ်ကို စွန့်ပစ်ရသည်ရှိသော် နှစ်သက်ဖွယ်ရှိသော တာဝတိံသာနတ်ပြည်၌ ဖြစ်ရပါ၏။

၁၀၁၄။ အကျွန်ုပ်သည် နှလုံးမွေ့လျော်ဖွယ်ရှိသော အထူးထူးသော ငှက်မျိုးတို့နှင့် ပြည့်စုံသော နန္ဒဝန်ဥယျာဉ်၌ ကကုန် သီဆိုကုန်သော နတ်သမီးတို့ ခြံရံအပ်သည်ဖြစ်၍ မွေ့လျော်ရပါ၏(ဟု ဖြေကြား၏)။

တဆယ့်သုံးခုမြောက်သော စူဠရထဝိမာနဝတ္ထု ပြီး၏။

---

## ၁၄-မဟာရထဝိမာနဝတ္ထု

၁၀၁၅။ (နတ်သား)မြင်းတထောင်ကသော ယာဉ်ရှိသော တင့်တယ်သော အမျိုးမျိုးဆန်းကြယ်သော ဤရထားသို့ တက်စီး၍ ဥယျာဉ်အနီးသို့ သွားလျက် ရှေး၌ အလှူကို ပေးတတ်သော နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းကဲ့သို့ တင့်တယ်ဘိ၏။

၁၀၁၆။ ရွှေဖြင့် ပြုအပ်ကုန်သော သင်၏ ရထားလက်တင် ပွတ်တိုင် နှစ်ဖက်တို့သည် အကာပျဉ်ချပ်တို့ဖြင့်၎င်း၊ အမြှောင့်တို့ဖြင့်၎င်း အလွန်လျှင် စေ့စပ်လျောက်ပတ်ကုန်၏၊ ကောင်းစွာ တည်ကုန်သော ပွတ်တိုင်၏ ပေါင်းစုရာဖြစ်ကုန်သော လက်တင်တို့သည် လက်မြောက်သော လက်သမားဆရာတို့ ပြီးစေအပ်ကုန်သော လက်ရာများ ဖြစ်ကုန်၏၊ သင်၏ ဤရထားသည် လဆန်းတဆယ့်ငါးရက်နေ့၌ ပေါ်ထွက်သော လပြည့်ဝန်းကဲ့သို့ တင့်တယ်ဘိ၏။

၁၀၁၇။ ရွှေကွန်ရက်ငယ်တို့ဖြင့် ဖုံးလွှမ်းအပ်သော အထူးထူး အပြားပြား များစွာသောရတနာတို့ဖြင့် ဆန်းကြယ်သော အလွန်နှစ်သက်ဖွယ်သော အသံလည်းရှိသော အလွန်ထွန်းပခြင်းသဘောလည်းရှိသော ဤရထားသည် စာမရီသားမြီးယပ် လက်စွဲကုန်သော များစွာသော နတ်တို့ဖြင့် တင့်တယ်ဘိ၏။

၁၀၁၈။ ရထားလှည်းဘီးတို့၏ အဆုံးဖြစ်သော အကွပ် (တံကူ) အကန့်(ဒေါက်) ဘီးတို့၏ အလယ်၌ တန်ဆာဆင်ထားအပ်သော ဤပုန်တောင်းတို့သည်လည်း စိတ်ဖြင့် ဖန်ဆင်းအပ်သည်နှင့် တူကုန်၏၊ အရာမကသော အရေးတို့ဖြင့် ဆန်းကြယ်ကုန်သော ဤပုန်တောင်းတို့သည်လည်း သက်တင်ရေးလျှပ်စစ်နွယ်ကဲ့သို့ ပြိုးပြိုးပြက် ထွန်းပကုန်၏။

၁၀၁၉။ သင်၏ ဤရထားသည် များသော(ခြူးပန်း ခြူးနွယ် စသော)ဆန်းကြယ်ခြင်းတို့ဖြင့် ပြွမ်း၏၊ ကြီးကျယ်သော အကွပ်(တံကူ)သည်လည်း အထောင်မကသော အရောင်ရှိ၏၊ ကွဲရရွဲဆွဲအပ်သော ရွှေခြူးကွန်ရက်ရှိကုန်သော ထိုအကွပ်(တံကူ)တို့၏

http://www.dhammadownload.com



သာယာသော သဘောရှိသော အသံကို ကောင်းစွာ တီးမှုတ်အပ်သော အင်္ဂါငါးမျိုး ရှိသော တူရိယာသံကဲ့သို့ ကြားရ၏။

၁၀၂၀။ ထိုရထား၌ ဦးပိုင်းသည် လဝန်းနှင့်တူသော ပတ္တမြားဖြင့် တပ်ဆင်ထားသည် ဖြစ်၍ ဆန်းကြယ်၏၊ အခါခပ်သိမ်း အသူးသဖြင့် စင်ကြယ်၍ နှစ်သက်ဖွယ်လည်း ရှိ၏၊ ပြိုးပြိုးပြက်ထွက်သော အရောင်လည်း ရှိ၏၊ (အကြား အကြား၌ လုံးသော သဏ္ဌာန် ရှိသော) ရွှေအရေးတို့ဖြင့် အလွန် ကောင်းစွာ စပ်ယှဉ်သည်ဖြစ်၍ ကြောင်မျက်ရွဲ အရေးကဲ့သို့ အလွန်တင့်တယ်ဘိ၏။

၁၀၂၁။ နတ်သား (မြီးဆံ တွဲရရွဲကျရာ အရပ်တို့၌) လဝန်းနှင့်တူသော ပတ္တမြားဖြင့် တပ်ဆင်ထားအပ်သည့် မြီးဆိုင်းကြိုးရှိကုန်သော အလုံးအရပ်နှင့် ပြည့်စုံ၍ လျောက်ပတ် တင့်တယ်သော သွားခြင်းရှိကုန်သော မိမိပမာဏထက် ကြီးဘိသကဲ့သို့ မှတ်ထင်ရကုန် သော ကြီးထွားကုန်သော တန်ခိုးကြီးကုန်သော ကိုယ်အား လုံ့လအား ရှိကုန်သော လျင်မြန်သော အဟုန်ရှိကုန်သော ဤ မြင်းတို့သည်လည်း သင်၏ စိတ်ကို သိကုန်၍ သင့်စိတ်အား လျော်စွာသာလျှင် ကောင်းစွာ ဖြစ်ကုန်၏။

၁၀၂၂။ အခြေလေးချောင်းတို့ဖြင့် သွားတတ်ကုန်သော အသွားညီကုန်သော ဤ မြင်း အားလုံးတို့သည်လည်း သင်၏စိတ်ကို သိကုန်၍ ထို သင်၏ စိတ်အားလျော်စွာသာ လျှင် ကောင်းစွာ ဖြစ်ကုန်၏၊ နူးညံ့ကုန်သော တုန်လှုပ်ခြင်းမှကင်းကုန်သော မြင်းတကာ တို့ထက် မြတ်ကုန်သော ဤ မြင်းတို့သည်လည်း ဝမ်းမြောက်ကုန်လျက် အညီအညွတ် ဆောင်ရွက်သွားကုန်၏။

၁၀၂၃။ (ထိုမြင်းတို့သည်) ကောင်းစွာ ဖန်ဆင်းအပ်သည့်(ခြူစသော)မြင်းတန်ဆာ တို့ကို လွန်စွာ ခါကုန်လျက် ကောင်းကင်၌ (ဦးစွန်း လည်ဆံ အမြီးတို့ကို)ခါလည်း ခါကုန် ၏၊ (အသွားကျ) သွားလည်း သွားကုန်၏၊ ခုန်လည်း ခုန်လွှားကုန်၏၊ ထိုမြင်းတန်ဆာတို့ ၏ သာယာသော အသံကိုလည်း ကောင်းစွာ တီးမှုတ်အပ်သော အင်္ဂါ ငါးပါးရှိသော တူရိယာကဲ့သို့ ကြားရ၏။

၁၀၂၄။ သင်နတ်သား၏ ရထားသံကိုငင်း,အဆင်တန်ဆာတို့၏အသံကိုငင်း,မြင်းခွါသံ ကိုငင်း,မြင်းဟည်သံကိုငင်း,နတ်အပေါင်း၏ ချီသာသောအသံကိုငင်း,စိတ္တလတာဥယျာဉ်၌ ဂန္ဓဗ္ဗနတ်သားတို့၏ တူရိယာသံမျိုးတို့ကဲ့သို့ ကြားရ၏။

၁၀၂၅။ သမင်မငယ်တို့၏ မျက်စိကဲ့သို့ နူးညံ့ပြေပြစ်သော မျက်စိရှိကုန်သော (နွား မျက်တောင်ကဲ့သို့) ကော့သော မျက်တောင်လည်း ရှိကုန်သော ပြုံးရွှင်ခြင်း ရှိကုန်သော ချစ်ဖွယ်သော စကားကို ပြောဆိုတတ်ကုန်သော ကြောင်မျက်ရွဲကွန်ရက်ဖြင့် ဖုံးလွှမ်းအပ် သော ကိုယ်ရှိကုန်သော သိမ်မွေ့သော ကိုယ်ရေအဆင်းရှိကုန်သော အခါခပ်သိမ်း သာလျှင် ဂန္ဓဗ္ဗနတ်နှင့် အခြားနတ်မြတ်တို့ ပူဇော်ချီးမြှောက်အပ်ကုန်သော ထိုနတ်သမီးတို့ သည် သင်၏ ရထား၌ တည်ကုန်၏။

၁၀၂၆။ တပ်မက်ဖွယ်အဆင်းရှိ၍ စကားရောင် အဝတ်ကို ဝတ်ကြကုန်သော ကျယ် သော မျက်စိလည်းရှိကုန်သော အလွန်နီသောအရေးတို့ဖြင့် တင့်တယ်သည့် မျက်စိရှိကုန်

http://www.dhammadownload.com



သော ထူးမြတ်သော နတ်မျိုးတို့၌အညီးဖြစ်ကုန်သော ကြော့ရှင်းသော ကိုယ်ရှိကုန်သော ကြည်လင်စင်ကြယ်စွာ ပြုံးရယ်ကုန်သော ထိုနတ်သွီးတို့သည် သင်၏ ရထား၌ တည်ကုန်လျက် လက်အုပ်(ကိုယ်စီ)ချီကာ သင်၏ အနီး၌ တည်နေကြပါကုန်၏။

၁၀၂၇။ ရွှေလက်ကောက်ကို ဝတ်ကုန်သော ကောင်းသော ဝတ်ရုံခြင်းရှိကုန်သော တင့်တယ်သော ခါးရှိကုန်သော(ပြည့်ဖြိုးသော)ပေါင်တံ (ပြည့်ဖြိုးသော)သားမြတ် ရှိကုန်သော လုံးသော လက်ချောင်းရှိကုန်သော လှပသော မျက်နှာရှိကုန်သော ရှုချင်ဖွယ်ရှိကုန်သော ထိုနတ်သမီးတို့သည် (သင်၏) ရထား၌ တည်ကုန်လျက် လက်အုပ် ကိုယ်စီချီကာ သင်၏ အနီး၌ တည်နေကြပါကုန်၏။

၁၀၂၈။ လှပသော ဆံထုံးရှိကုန်သော ပျိုငယ်ကုန်သော အညီအညွတ် ဝေဖန်ခြင်းတို့ဖြင့်၎င်း ပြိုးပြိုးပြက် အရောင်ထွက်ကုန်သော ဆံထုံးတို့ဖြင့်၎င်း (နီသောပန်းတို့ဖြင့်) ရောပြွမ်းသော ဆံပင်ရှိကုန်သော လျော်သော အမူအယာရှိကုန်သော သင်နတ်သား၏ စိတ်ကို မွေ့လျော်စေတတ်ကုန်သော အချို့သော ထိုနတ်သမီးတို့သည်(သင်၏)ရထား၌ တည်ကုန်လျက် လက်အုပ် ကိုယ်စီချီကာ သင်၏ အနီး၌ တည်နေကြပါကုန်၏။

၁၀၂၉။ နားဆွဲတန်ဆာကို ပန်ဆင်ကုန်သော ပဒုမာကြာပန်းဖြင့် ဖုံးလွှမ်းအပ်သော ကိုယ်ရှိကုန်သော တန်ဆာဆင်အပ်ကုန်သော စန္ဒကူးနံ့သာနှစ်ဖြင့် လိမ်းကျံအပ်သော ကိုယ်ရှိကုန်သော လျော်သော အမူအယာရှိကုန်သော သင်နတ်သား၏ စိတ်ကို မွေ့လျော်စေတတ်ကုန်သော ထိုနတ်သမီးတို့သည် (သင်၏) ရထား၌ တည်ကုန်လျက် လက်အုပ် ကိုယ်စီချီကာ သင်၏ အနီး၌ တည်နေကြပါကုန်၏။

၁၀၃၀။ ပန်းအမျိုးမျိုးကို ပန်ဆင်ကုန်သော ပဒုမာကြာပန်းဖြင့် ဖုံးလွှမ်းအပ်သော ကိုယ်ရှိကုန်သော တန်ဆာဆင်အပ်ကုန်သော စန္ဒကူးနံ့သာနှစ်ဖြင့် လိမ်းကျံအပ်သော ကိုယ်ရှိကုန်သော လျော်သော အမူအယာရှိကုန်သော သင်နတ်သား၏ စိတ်ကို မွေ့လျော်စေတတ်ကုန်သော ထို နတ်သမီးတို့သည် (သင်၏)ရထား၌ တည်နေကုန်လျက် လက်အုပ် ကိုယ်စီချီကာ သင်၏ အနီး၌ တည်နေကြပါကုန်၏။

၁၀၃၁။ လည်ပင်း လက်ခြေတို့၌၎င်း, ဦးခေါင်း၌၎င်း (ဆင်မြန်းထားသည့်) အဆင်တန်ဆာတို့သည် တန်ဆောင်မုန်းလအခါ တက်သစ်သောနေလုလင်ကဲ့သို့ အချင်းခပ်သိမ်း အရပ်မျက်နှာတို့ကို ထွန်းလင်း တောက်ပစေကုန်၏။

၁၀၃၂။ လေ၏ အဟုန်ကြောင့်၎င်း, (ရထားမြင်းတို့၏ အဟုန်ကြောင့်၎င်း) ထက်ဝန်းကျင်မှ တုန်လှုပ်ကုန်သော လက်ရုံးနှစ်ဖက်ရှိ ပန်းတို့သည်၎င်း, အဆင်တန်ဆာတို့သည်၎င်း နှစ်သက်ဖွယ်ရှိ၍ သန့်ရှင်းစင်ကြယ် ကောင်းမြတ်သော (တီးမှုတ်မှု အတတ်မျိုး၌) လိမ်မာသူ အားလုံးတို့ နားထောင်နိုင်လောက်သော သဘောရှိသော အသံကို လွှတ်ကြကုန်၏။

၁၀၃၃။ နတ်မင်း စောင်းသည် စောင်းခွက် စောင်းလက်တံတို့ဖြင့်(လူများအပေါင်းကို)ဝမ်းမြောက်စေဘိသကဲ့သို့ ဥယျာဉ်မြေဝယ် နံပါးနှစ်ဘက်တို့၌ တည်ကုန်သော ရထားဆင်တို့၏ အသံသည်၎င်း, တူရိယာမျိုးတို့၏ အသံသည်၎င်း သင် နတ်သားကိုပင်လျှင် ဝမ်းမြောက်စေကုန်၏။

http://www.dhammadownload.com



၁၀၃၄။ ချိုသာကုန်သော နှစ်သက်ဖွယ် သာဘောရှိကုန်သော များစွာသော ဤ စောင်းတို့သည် စိတ်နှလုံးသို့ရောက်၍ နှစ်သိမ့်ခြင်း၏ အကြောင်းဖြစ်သော အသံကို မြည် ကုန်သည်ရှိသော် သင်အပ်ပြီးသော အတတ်ရှိကုန်သော နတ်သမီးတို့သည် (နတ်၌ ဖြစ် သော)ပဒုမာကြာတို့၌ အလွန်လျှင် ကပြကြကုန်လျက် လှည့်လည်ကြကုန်၏။

၁၀၃၅။ အကြင်အခါ၌ ဤသီချင်းဆိုခြင်းတို့သည်၎င်း, ဤတီးမှုတ်ခြင်းတို့သည်၎င်း, ဤကခြင်းတို့သည်၎င်း တပြိုင်နက် (စီးချက်ဝါးချက်) ညီညွတ်ကြကုန်၏၊ ထိုအခါ (အချို့ သော) နတ်သမီးတို့သည် ဤသင်၏ ရထား၌ ကကြကုန်၏၊ အချို့သော မိန်းမမြတ် တို့သည် ဤနံပါးနှစ်ဖက်တို့၌ (အရပ်မျက်နှာတို့ကို) ထွန်းလင်း တောက်ပစေကုန်၏။

၁၀၃၆။ ချိုသာကုန်သော နှစ်သက်ဖွယ်သာဘောရှိကုန်သော များစွာသော ဤ စောင်းတို့သည် စိတ်နှလုံးသို့ရောက်၍ နှစ်သိမ့်ခြင်း၏ အကြောင်းဖြစ်သော အသံကို (မြည် ကုန်သည်ရှိသော်) ထိုသင်သည် တူရိယာအပေါင်းက အသံဖြင့်နိုးစေလျက် ပူဇော်ခံရ သည်ဖြစ်၍ သိကြားမင်းကဲ့သို့ မွေ့လျော်ရ၏။

၁၀၃၇။ သင်သည် ရှေးဘဝက အဘယ်သို့သော ကုသိုလ်ကံကို ကိုယ်တိုင်ပြုခဲ့ဘူး သနည်း၊ ရှေးဘဝလူဖြစ်ခဲ့စဉ်က သင်သည် အဘယ်သို့သော ဥပုသ်ကို ကျင့်သုံးခဲ့ဘူး သနည်း၊ အဘယ်သို့သော အလှူပေးခြင်း အစရှိသော ကုသိုလ်အကျင့်ကို၎င်း, ဆောက် တည်၍ ကျင့်အပ်သော အကျင့်ကို၎င်း နှစ်သက်စွာ ကျင့်ခဲ့ဘူးသနည်း။

၁၀၃၈။ သင်နတ်သား၏ ဤတန်ခိုးအာနုဘော်သည် ပြန့်ပြောကြီးမား၏၊ နတ် အပေါင်းကို အလွန်လွှမ်းမိုး၍ ထွန်းလင်း တောက်ပ၏၊ ဤအကျိုးသည် သင်နတ်သား၏ အနည်းငယ်မျှ ပြုဆည်းပူးခဲ့သော ကံ၏ အကျိုးမဟုတ်တန်ရာ၊ ရှေးဘဝ၌ ကောင်းစွာ လေ့ကျက်အပ်သော ဥပုသ်ကံ၏ အကျိုးလေလော့။

၁၀၃၉။ ဤအကျိုးသည် သင်နတ်သား၏ ဒါနကုသိုလ် အကျိုးလေလော၊ သို့မဟုတ် သီလကုသိုလ် အကျိုးလေလော၊ သို့မဟုတ် လက်အုပ်ချီမှု၏ အကျိုးလေလော၊ သင့်ကို ငါမေး၏၊ ထိုအကြောင်းကို ငါ့အား ဖြေကြားလော့ (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၁၀၄၀။ ထိုနတ်သားသည် အသျှင်မောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၁၀၄၁။ အောင်အပ်ပြီးသော ဣန္ဒြေရှိတော်မူသော ပြည့်စုံသော လုံ့လရှိတော်မူ သော သတ္တဝါအပေါင်းတို့ထက် မြတ်တော်မူသော မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော နိဗ္ဗာန်တံခါးကို ဖွင့်တော်မူသော နတ်ထက်နတ်ဖြစ်တော်မူသော ရာပေါင်းများစွာသော ဘုန်းကံကြောင့်ဖြစ်သော ယောကျ်ားမြတ်လက္ခဏာရှိတော်မူသော ကဿပမြတ်စွာ ဘုရားကို ဖူးမြင်ခဲ့ရဘူးပါ၏။

၁၀၄၂။ အရှင်ဘုရား (ကိလေသာရန်သူကို နှိမ်နင်းတော်မူသဖြင့်) ဆင်ပြောင်နှင့် တူတော်မူသော ဩဃလေးပါးတို့ကို လွန်မြောက်တော်မူပြီးသော သိင်္ဂီရွှေစင် ဇမ္ဗူရာဇ် ရွှေစင်နှင့်တူသော အဆင်းရှိတော်မူသော ထိုကဿပမြတ်စွာဘုရားကို ဖူးမြင်ရသော

http://www.dhammadownload.com



ကြောင့် အကျွန်ုပ်အား တမုဟုတ်ချင်း လျင်စွာ စင်ကြယ်သော စိတ်ရှိသူ ဖြစ်ခဲ့ပါ၏၊ (ထိုသို့ဖြစ်ခြင်းသည်လည်း) တရားတည်းဟူသော တံခွန်ရှိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရသောကြောင့်သာလျှင် ဖြစ်ပါ၏။

၁၀၄၃။ တစုံတခု၌ မကပ်ငြိသော စိတ်ရှိသော ထိုအကျွန်ုပ်သည် (ကုံးသီအပ် မကုံးသီအပ်သော) ပန်းတို့ဖြင့် ဆွဲခြင်း ခင်းခြင်း၏ အစွမ်းဖြင့် ပြိုးပြမ်းသော မိမိအိမ်၌ ထိုကဿပ မြတ်စွာဘုရားအား စင်ကြယ်မွန်မြတ်၍ အရသာနှင့် ပြည့်စုံသော ဆွမ်းအဖျော်ကိုငင်း, ထိုမှတပါးလည်း သင်္ကန်းကိုငင်း တည်ထား လှူဒါန်းခဲ့ဘူးပါ၏။

၁၀၄၄။ (အရှင်ဘုရား) ထိုအကျွန်ုပ်သည် အခြေနှစ်ချောင်းရှိ သတ္တဝါတို့ထက် မြတ်တော်မူသော ထိုကဿပမြတ်စွာဘုရားကို ဆွမ်းဖြင့်ငင်း, အဖျော်ဖြင့်ငင်း, သင်္ကန်းဖြင့်ငင်း, ခဲဖွယ်ဖြင့်ငင်း, ဘောဇဉ်ဖြင့်ငင်း, လျက်ဖွယ်ဖြင့်ငင်း ကောင်းစွာ ရောင့်ရဲစေခဲ့ခြင်းကြောင့် နတ်ပြည်တိုင်း နတ်ပြည်တိုင်းဝယ် နတ်မြို့တော်၌ မွေ့လျော်ရပါ၏။

၁၀၄၅။ အရှင်ဘုရား အကျွန်ုပ်သည် ဤသို့သော အကြောင်းဖြင့် တံခါးကျဉ်မထိုးအပ်သော (အတိတ်, အနာဂတ်, ပစ္စုပ္ပန်အခါတို့၌ ကိုယ်နှုတ်နှလုံးတို့ဖြင့် ကိုယ်ကိုပူဇော်ခြင်း သူတပါးကိုပူဇော်စေခြင်း အောက်မေ့ခြင်းတို့နှင့် ပြည့်စုံသောကြောင့်) သုံးပါးအပြားရှိသော စင်ကြယ်သန့်ရှင်းသော ဤအသဒိသအလှူကြီးကို ပေးလှူခဲ့ခြင်းကြောင့် လူ၌ဖြစ်သော ခန္ဓာကိုယ်ကိုစွန့်၍ သိကြားနှင့်တူစွာ နတ်မြို့တော်၌ မွေ့လျော်ရပါ၏။

၁၀၄၆။ အရှင်ဘုရား ကောင်းမြတ်သော သဘောရှိသော အသက်ရှည်ခြင်းကိုငင်း, အဆင်းလှခြင်းကိုငင်း, ချမ်းသာများခြင်းကိုငင်း, ခွန်အားကြီးခြင်းကိုငင်း အလိုရှိသူသည် တစုံတခု၌ မကပ်မငြိသော စိတ်ရှိသည်ဖြစ်၍ များစွာ အထူးပြုပြင် စီရင်အပ်သော ဆွမ်းကိုငင်း, အဖျော်ကိုငင်း တည်စေအပ်၏။

၁၀၄၇။ အရှင်ဘုရား ဤလောက၌ငင်း, အခြားလောက၌ငင်း မြတ်စွာဘုရားထက် မြတ်သော ပုဂ္ဂိုလ်ဖြစ်စေ မြတ်စွာဘုရားနှင့် တူမျှသော ပုဂ္ဂိုလ်ဖြစ်စေ မရှိနိုင်ပါ၊ မြတ်စွာဘုရားသည် ကောင်းမှုကို အလိုရှိကုန်သော ပြန့်ပြောသော အကျိုးကိုရှာမှီးသော သူတို့၏ အဝေးမှ ဆောင်ယူလာသော အလှူကို ခံထိုက်ကုန်သော ပုဂ္ဂိုလ်တို့ထက် မြတ်သောအလှူကို ခံထိုက်သော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်တော်မူ၏(ဟု ဖြေကြား၏)။

တဆယ့်လေးခုမြောက်သော မဟာရထဝိမာနဝတ္ထု ပြီး၏။

ငါးဝဂ်မြောက်သော မဟာရထဝဂ် ပြီး၏။

ဤတွင် သုံးခုမြောက်သော ဘာဏဝါရ ပြီး၏။

http://www.dhammadownload.com



## ၆-ပါယာသိဝဂ်

### ၁-ပဌမအဂါရိယဝိမာနဝတ္ထု

၁၀၄၈။ တာဝတိံသာနတ်တို့၏ ဥယျာဉ်မြတ်ဖြစ်သော စိတ္တလတာဥယျာဉ်သည် မြတ်သည်ဖြစ်၍ ထွန်းလင်း တောက်ပသကဲ့သို့ ထိုအတူ သင်၏ ဤဗိမာန်သည် ကောင်းကင်၌ ထွန်းလင်း တောက်ပလျက် တည်ဘိ၏။

၁၀၄၉။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံသော သင်နတ်သားသည် လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ ထွန်းလင်းတောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၁၀၅၀။ ထိုနတ်သားသည် အသျှင်မောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၁၀၅၁။ အရှင်ဘုရား လူ့ပြည်လောက၌ အကျွန်ုပ်သည်၎င်း, အကျွန်ုပ်၏ မယားသည်၎င်း (ရဟန်းယောကျ်ား ရဟန်းမိန်းမတို့၏) သုံးဆောင်ရာ ရေတွင်းသဖွယ် ဖြစ်ကြကုန်၍ အိမ်၌ နေခဲ့ကြပါကုန်၏၊ ကြည်လင်သော စိတ်ရှိကုန်သည်ဖြစ်၍ ဆွမ်းကို၎င်း, အဖျော်ကို၎င်း များပြားသော (အဝတ်သင်္ကန်းအစရှိသော) အလှူဒါနကို၎င်း ရိုသေစွာ ပေးလှူခဲ့ကြပါကုန်၏။

၁၀၅၂။ အရှင်ဘုရား ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သဘောရှိသော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၏)။

ရှေးဦးစွာသော ပဌမအဂါရိယဝိမာနဝတ္ထု ပြီး၏။

---

### ၂-ဒုတိယအဂါရိယဝိမာနဝတ္ထု

၁၀၅၄။ တာဝတိံသာနတ်တို့၏ ဥယျာဉ်မြတ်ဖြစ်သော စိတ္တလတာဥယျာဉ်သည် မြတ်သည်ဖြစ်၍ ထွန်းလင်း တောက်ပသကဲ့သို့ ထိုအတူ သင်၏ ဤဗိမာန်သည် ကောင်းကင်၌ ထွန်းလင်း တောက်ပလျက် တည်ဘိ၏။

၁၀၅၅။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံသော သင်နတ်သားသည် လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ ထွန်းလင်း တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

http://www.dhammadownload.com



၁၀၅၆။ ထိုနတ်သားသည် အသျှင်မောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ။ပ။ ဤအကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြားလျှောက်ထား၏။

၁၀၅၇။ အရှင်ဘုရား လူ့ပြည်လောက၌ အကျွန်ုပ်သည်၎င်း,အကျွန်ုပ်၏ မယားသည်၎င်း (ရဟန်းယောကျ်ား ရဟန်းမိန်းမတို့၏) သုံးဆောင်ရာ ရေတွင်းသဖွယ် ဖြစ်ကြကုန်၍ အိမ်၌ နေခဲ့ကြပါကုန်၏၊ ကြည်လင်သော စိတ်ရှိကုန်သည်ဖြစ်၍ ဆွမ်းကို၎င်း, အဖျော်ကို၎င်း များပြားသော (သက်နီးအစရှိသော) အလှူဒါနကို၎င်း ရိုသေစွာ ပေးလှူခဲ့ကြပါကုန်၏။

၁၀၅၈။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟု လျှောက်ထား၏)။

နှစ်ခုမြောက်သော ဒုတိယအဂါရိယဝိမာနဝတ္ထု ပြီး၏။

---

## ၃-ဖလဒါယကဝိမာနဝတ္ထု

၁၀၆၀။ နတ်သား ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ ထက်ဝန်းကျင် တဆယ့်ခြောက်ယူဇနာရှိ၏၊ ကြောင်မျက်ရွဲတိုင်ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည် ဖြစ်၍ တင့်တယ်ကုန်၏။

၁၀၆၁။ (သင်နတ်သားသည်) ထိုဗိမာန်၌ နေလျက် သောက်လည်း သောက်၏၊စား လည်း စား၏၊ နတ်စောင်းတို့သည်လည်း သာယာစွာ မြည်ကုန်၏၊ တခုတခုသော စုလစ် မွန်းချွန်တပ်သောအဆောင်၌ ခြောက်ကျိပ်လေးယောက်ကုန်သော သင်အပ်ပြီးသော အတတ်ရှိကုန်သော ကောင်းသော သဘောရှိကုန်သော မျှားမြတ်သော စည်းစိမ်ရှိသော တာဝတိံသာနတ်ပြည်၌ နေလေ့ရှိကုန်သော နတ်သမီးတို့သည် က-လည်း က-ကြကုန်၏၊ သီလည်း သီဆိုကြကုန်၏၊ သင့်ကို ဝမ်းမြောက်လည်း ဝမ်းမြောက်စေကြကုန်၏။

၁၀၆၂။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့်ပြည့်စုံသော သင်သည် အဘယ်ကုသိုလ် ထူးကို ပြုခဲ့သနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ ထွန်းလင်းတောက်ပ သော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပဘိသနည်း(ဟု အသျှင်မောဂ္ဂလ္လာန် က မေး၏)။

၁၀၆၃။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

http://www.dhammadownload.com



၁၀၆၄။ အသီးကို ပေးလှူသော သူသည် ဖြောင့်မတ်စွာ ကျင့်ကုန်သော ပုဂ္ဂိုလ်တို့၌ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ပေးလှူခြင်းကြောင့် ပြန့်ပြောသော ကုသိုလ်ကျိုးကို ရ၏၊ ထိုသူသည် နတ်ပြည်သို့ ရောက်၍ တာဝတိံသာနတ်ပြည်၌ မွေ့လျော်စံပျော်ရ၏၊ ပြန့်ပြောသော ကောင်းမှု၏ အကျိုးကိုလည်း ခံစားရ၏။

၁၀၆၅။ မြတ်သော ရဟန်း အကျွန်ုပ်သည် အရှင်ဘုရားကိုပင် သရက်သီးလေးလုံးတို့ကို ပေးလှူခဲ့ပါ၏။

၁၀၆၆။ ထိုကြောင့်လျှင် လူ၌ဖြစ်သော ချမ်းသာကို အလိုရှိသူသည်၎င်း, နတ်၌ဖြစ်သော ချမ်းသာကို တောင့်တသူသည်၎င်း, လူတို့တွင် လှပတင့်တယ်သည်၏ အဖြစ်ကို အလိုရှိသူသည်၎င်း အခါခပ်သိမ်း သစ်သီးကို ပေးလှူခြင်းငှါ သင့်သည်သာလျှင်တည်း။

၁၀၆၇။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု လျှောက်ထား၏)။

သုံးခုမြောက်သော ဖလဒါယကဝိမာနဝတ္ထု ပြီး၏။

---

## ၄-ပဌမဥပဿယဒါယကဝိမာနဝတ္ထု

၁၀၆၈။ နတ်သား လဗိမာန်သည် တိမ်တိုက်ကင်းစင်သော မိုးကောင်းကင်၌ ထွန်းလင်း တောက်ပလျက် သွားသကဲ့သို့ ထို့အတူ သင်၏ ဗိမာန်သည် ကောင်းကင်၌ ထွန်းလင်း တောက်ပလျက် တည်ဘိ၏။

၁၀၇၀။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံသော သင်သည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ ထွန်းလင်း တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၁၀၇၁။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၁၀၇၂။ အရှင်ဘုရား လူ့ပြည်လောက၌ အကျွန်ုပ်သည်၎င်း, အကျွန်ုပ်၏ မယားသည်၎င်း, အပူဇော်ခံထိုက်သော ရဟန်းတပါးအား တည်းခိုရန် ကျောင်းကို ပေးလှူခဲ့ကြပါကုန်၏၊ ကြည်လင်သော စိတ်ရှိကုန်သည်ဖြစ်၍ ဆွမ်းကို၎င်း, အဖျော်ကို၎င်း များပြားစွာသော (သက်နီးစသော) အလှူဒါနကို၎င်း ရိုသေစွာ လှူခဲ့ကြပါကုန်၏။

၁၀၇၃။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟု ဖြေကြား လျှောက်ထား၏)။

လေးခုမြောက်သော ပဌမဥပဿယဒါယကဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၅-ဒုတိယဥပဿယဒါယကဝိမာနဝတ္ထု

၁၀၇၅။ နတ်သား နေဗိမာန်သည် တိမ်တိုက်ကင်းသော မိုးကောင်းကင်၌။ပ။ (ရှေး ဝိမာနဝတ္ထုကဲ့သို့ အကျယ်ချဲ့ရမည်)။

၁၀၇၈။ အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်း လင်း တောက်ပပါ၏။

ငါးခုမြောက်သော ဒုတိယဥပဿယဒါယကဝိမာနဝတ္ထု ပြီး၏။

---

## ၆-ဘိက္ခာဒါယကဝိမာနဝတ္ထု

၁၀၈၁။ (နတ်သား)ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာရှိ၏၊ ကြောင်မျက်ရွဲတိုင် ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍ တင့်တယ်ကုန်၏။

၁၀၈၂။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံသော သင်သည် အဘယ်ကုသိုလ် ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ ထွန်းလင်း တောက်ပ သော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင် အဆင်း သည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း (ဟု အသျှင် မောဂ္ဂလ္လာန်က မေး၏)။

၁၀၈၃။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၁၀၈၄။ အကျွန်ုပ်သည် လူ့ဘဝ လူဖြစ်ခဲ့စဉ်က မွတ်သိပ်ဆာလောင်၍ ပင်ပန်းသော ရဟန်းကို မြင်ခဲ့ရသောကြောင့် တထပ်စာသာဖြစ်သော ဆွမ်းကို(ထိုရဟန်းအား)ပေးလှူ ခဲ့ဘူးပါ၏၊ ထိုအခါက ဆွမ်းနှင့် ပြည့်စုံခြင်းကို ပြုခဲ့ဘူးပါ၏။

၁၀၈၅။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ် ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အား လုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟု လျှောက်ထား၏)။

ခြောက်ခုမြောက်သော ဘိက္ခာဒါယကဝိမာနဝတ္ထု ပြီး၏။

---

## ၇-ယဝပါလကဝိမာနဝတ္ထု

၁၀၈၇။ (နတ်သား) ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏။ပ။ အဘယ် ကုသိုလ်ထူးကြောင့် သင်နတ်သား၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

http://www.dhammadownload.com



၁၀၇၉။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၁၀၈၀။ အရှင်ဘုရား အကျွန်ုပ်သည် လူတို့ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက မုယောခင်း စောင့်သူ ဖြစ်ခဲ့ပါ၏၊ (ထိုအခါက) အကျွန်ုပ်သည် ကိလေသာမြူမှ ကင်းသော အထူး သဖြင့် ကြည်လင်၍ မနောက်ကျုသော စိတ်ရှိသော ရဟန်းကို ဖူးမြင်ခဲ့ရပါ၏။

၁၀၈၁။ အရှင်ဘုရား အကျွန်ုပ်သည် ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ အကျွန်ုပ်၏ အဘို့ဖြစ်သော မုယောမှုံကို ကိုယ်တိုင်လက်ရောက် ပေးလှူခဲ့ဘူးပါ၏၊ အကျွန်ုပ်သည် မုယော မှုံဆွမ်းကို ပေးလှူခြင်းကြောင့် နန္ဒဝန်ဥယျာဉ်၌ မွေ့လျော်ရပါ၏။

၁၀၈၂။ အရှင်ဘုရား ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင် အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟု ဖြေကြား၏)။

ခုနစ်ခုမြောက်သော ယဝပါလကဝိမာနဝတ္ထု ပြီး၏။

---

## ဂ-ပဌမကုဏ္ဍလီဝိမာနဝတ္ထု

၁၀၈၄။ ဘယက်စသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်ထားသော အမျိုးမျိုးသော ပန်းတို့ကို ပန်ဆင်လျက် ကောင်းစွာ ဝတ်ရုံထားသော ကောင်းသော နားဋောင်းလည်း ရှိသော ဆံမုတ်ဆိတ် ပြုပြင်ထားသော လက်ဝတ် တန်ဆာတို့ကို ဝတ်ဆင်ထားသော သင် နတ်သားသည် များသော အခြံအရံရှိသည်ဖြစ်၍ နတ်၌ဖြစ်သော ဗိမာန်၌ လဝန်းကဲ့သို့ တင့်တယ်ဘိ၏။

၁၀၈၅။ နတ်စောင်းတို့သည် သာယာစွာ မြည်ကုန်၏၊ သင်အပ်ပြီးသော အတတ် ရှိကုန်သော ကောင်းသော သဘောရှိကုန်သော များမြတ်သော စည်းစိမ်ရှိကုန်သော တာဝတိံသာ နတ်ပြည်၌ နေလေ့ရှိကုန်သော ခြောက်ကျိပ်လေးယောက်သော နတ်သမီး တို့သည် က-လည်း က-ကြကုန်၏၊ သီလည်း သီဆိုကြကုန်၏၊ သင့်ကို ဝမ်းမြောက်လည်း ဝမ်းမြောက်စေကြကုန်၏။

၁၀၈၆။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံသော သင်နတ်သားသည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ် မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပဘိသနည်း (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၁၀၈၇။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

http://www.dhammadownload.com



၁၀၉၈။ အရှင်ဘုရား အကျွန်ုပ်သည် လူ့ဘဝ လူဖြစ်ခဲ့စဉ်က သီလရှိကုန်သော အသိဉာဏ် 'ဝိဇ္ဇာ', အကျင့် 'စရဏ' နှင့် ပြည့်စုံ၍ ကျော်စောခြင်း အခြွေအရံများခြင်း ရှိကုန်သော များသော အကြားအမြင် ရှိကုန်သော တဏှာ၏ ကုန်ရာ (အရဟတ္တဖိုလ်) သို့ ရောက်ကုန်သော ရဟန်းတို့ကို ဖူးမြင်ရခြင်းကြောင့် ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ဆွမ်းကိုင်၊, အဖျော်ကိုင်း များပြားသော (အဝတ် သက်နံး အစရှိသော) အလှူဒါနကိုင်း ရှိသေစွာ ပေးလှူခဲ့ပါ၏။

၁၀၉၉။ အရှင်ဘုရား ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည် အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟု လျှောက်ထား၏)။

ရှစ်ခုမြောက်သော ပဌမကုဏ္ဍလီဝိမာနဝတ္ထု ပြီး၏။

---

### ၉-ဒုတိယကုဏ္ဍလီဝိမာနဝတ္ထု

၁၁၀၀။ ဘယက်စသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်ထားသော အမျိုးမျိုးသော ပန်းတို့ကို ပန်ဆင်လျက် ကောင်းစွာ ဝတ်ရုံထားသော ကောင်းသော နားဒောင်း လည်းရှိသော ဆံမုတ်ဆိတ်ပြုပြင်ထားသော လက်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားသော သင် နတ်သားသည် များသော အခြံအရံရှိသည်ဖြစ်၍ နတ်၌ဖြစ်သော ဗိမာန်၌ လဝန်းကဲ့သို့ တင့်တယ်ဘိ၏။

၁၁၀၂။ နတ်စောင်းတို့သည် သာယာစွာ မြည်ကုန်၏၊ သင်အပ်ပြီးသော အတတ်ရှိကုန်သော ကောင်းသော သဘောရှိကုန်သော များမြတ်သော စည်းစိမ်ရှိကုန်သော တာဝတိံသာ နတ်ပြည်၌ နေလေ့ရှိကုန်သော ခြောက်ကျိပ်လေးယောက်သော နတ်သမီးတို့သည် က-လည်း က-ကြကုန်၏၊ သီလည်း သီဆိုကြကုန်၏၊ သင့်ကို ဝမ်းမြောက်လည်း ဝမ်းမြောက်စေကြကုန်၏။

၁၁၀၃။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံသော သင်သည် လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ တောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း (ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၁၁၀၄။ ထိုနတ်သားသည် အသျှင်မောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးအပ်သည် ရှိသော် ဖြေကြား လျှောက်ထား၏။

၁၁၀၅။ အရှင်ဘုရား အကျွန်ုပ်သည် လူ့ဘဝ လူဖြစ်ခဲ့စဉ်က ကောင်းသော သဘောရှိကုန်သော အသိဉာဏ် 'ဝိဇ္ဇာ', အကျင့် 'စရဏ'နှင့် ပြည့်စုံ၍ ကျော်စောခြင်း အခြွေအရံများခြင်းရှိကုန်သော များသော အကြားအမြင်ရှိကုန်သော သီလရှိကုန်သော ကြည်လင်

http://www.dhammadownload.com



သော စိတ်ရှိကုန်သော(အဂ္ဂသာဝက)ရဟန်းနှစ်ပါးတို့ကို ဖူးမြင်ရခြင်းကြောင့် ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ဆွမ်းကိုငင်း, အဖျော်ကိုငင်း မျှားပြားသော (အဝတ် သင်္ကန်း အစရှိသော)အလှူဒါနကိုငင်း ရိုသေစွာ ပေးလှူခဲ့ပါ၏။

၁၁၀၆။ အရှင်ဘုရား ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်းဖြစ်ပါ၏။ ပ ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏ (ဟု လျှောက်ထား၏)။

ကိုးခုမြောက်သော ဒုတိယကုဏ္ဍလိဝိမာနဝတ္ထု ပြီး၏။

---

## ၁၀-ပါယာသိဝိမာနဝတ္ထု

၁၁၀၇။ (နတ်သား) သိကြားမင်း၏ အကြင် သုဓမ္မာမည်သော နတ်သဘင်သည် ရှိ၏၊ ယင်း သုဓမ္မာ နတ်သဘင်၌ နတ်အပေါင်းသည် အညီအညွတ် နေ၏၊ ထိုနတ်သဘင်နှင့်တူစွာ သင်၏ ဤဗိမာန်သည် ကောင်းကင်၌ ထွန်းလင်း တောက်ပလျက် တည်ဘိ၏။

၁၁၀၉။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံသော သင်သည် လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ တောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း (ဟု အသျှင်ကုမာရကဿပက မေး၏)။

၁၁၁၀။ ထိုနတ်သားသည် အသျှင်ကုမာရကဿပ မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား လျှောက်ထား၏။

၁၁၁၁။ အရှင်ဘုရား အကျွန်ုပ်သည် လူ့ဘဝ လူဖြစ်ခဲ့စဉ်က ပါယာသိ ရာဇညမင်း၏ (အမှုကြီးငယ်ကို ပြုလုပ်တတ်သော) (ဥတ္တရ) လုလင် ဖြစ်ခဲ့ပါ၏၊ အကျွန်ုပ်သည် ရအပ်သော ဥစ္စာကို ခွဲဝေ ပေးကမ်းခြင်းကို ပြုခဲ့ပါ၏၊ သီလရှိကုန်သော ရဟန်း သူတော်ကောင်းတို့ကို ချစ်မြတ်နိုးခဲ့ပါ၏၊ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ဆွမ်းကိုငင်း, အဖျော်ကိုငင်း မျှားပြားသော (အဝတ် သင်္ကန်း စသော)အလှူဒါနကိုငင်း ရိုသေစွာ ပေးလှူခဲ့ပါ၏။

၁၁၁၂။ အရှင်ဘုရား ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့ သဘောရှိသော အရောင်အဆင်း ဖြစ်ပါ၏။ ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား၍လျှောက်ထား၏)။

ဆယ်ခုမြောက်သော ပါယာသိဝိမာနဝတ္ထု ပြီး၏။

ခြောက်ခုမြောက်သော ပါယာသိဝဂ် ပြီး၏။

http://www.dhammadownload.com



## ၇-သုနိက္ခိတ္တဝဂ်

### ၁-စိတ္တလတာဝိမာနဝတ္ထု

၁၁၁၄။ (နတ်သား) တာဝတိံသာ နတ်တို့၏ ဥယျာဉ်မြတ်ဖြစ်သော စိတ္တလတာ ဥယျာဉ်သည် မြတ်သည်ဖြစ်၍ ထွန်းလင်း တောက်ပသကဲ့သို့ ထို့အတူ သင်၏ ဤဗိမာန်သည် ကောင်းကင်၌ ထွန်းလင်း တောက်ပလျက် တည်ဘိ၏။

၁၁၁၅။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံခြင်းသို့ ရောက်သော သင်နတ်သားသည် လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင် အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၁၁၁၆။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြား၏။

၁၁၁၇။ (တန်ခိုးအာနုဘော်ကြီးတော်မူသော အရှင်ရဟန်း) အကျွန်ုပ်သည် လူတို့ ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက ဆင်းရဲ၍ မှီခိုရာမရှိသော အထီးကျန် အမှုလုပ် ယောကျ်ား ဖြစ်ခဲ့ပါ၏၊ အိုမင်းကြီးရင့်သော မိဘတို့ကိုလည်း လုပ်ကျွေးမွေးမြူခဲ့ပါ၏၊ အကျွန်ုပ်သည် သီလရှိကုန်သော ပုဂ္ဂိုလ်တို့ကိုလည်း ချစ်မြတ်နိုးခဲ့ပါ၏၊ အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဆွမ်းကိုဎင်း, အဖျော်ကိုဎင်း မျှားမြတ်သော (သက်နှိုး အစရှိသော) အလှူဒါနကိုဎင်း ရိုသေစွာ ပေးလှူခဲ့ပါ၏။

၁၁၁၈။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်းဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား လျှောက်ထား၏)။

ရှေးဦးစွာသော စိတ္တလတာဝိမာနဝတ္ထု ပြီး၏။

---

### ၂-နန္ဒနဝိမာနဝတ္ထု

၁၁၂၀။ (နတ်သား)တာဝတိံသာနတ်တို့၏ ဥယျာဉ်မြတ်ဖြစ်သော နန္ဒဝန်ဥယျာဉ်သည် မြတ်သည်ဖြစ်၍ ထွန်းလင်း တောက်ပသကဲ့သို့ ထို့အတူ သင်၏ ဤဗိမာန်သည် ကောင်းကင်၌ ထွန်းလင်း တောက်ပလျက် တည်ဘိ၏။

၁၁၂၁။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံခြင်းသို့ ရောက်သော သင်နတ်သားသည် လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူး

http://www.dhammadownload.com



ကြောင့် သင်သည် ဤသို့တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူး ကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၁၁၂၂။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား၏။

၁၁၂၃။ (တန်ခိုးအာနုဘော်ကြီးတော်မူသော အရှင်ရဟန်း) အကျွန်ုပ်သည် လူတို့ ပြည်ဝယ် လူဖြစ်ခဲ့စဉ်အခါက ဆင်းရဲ၍ မှီခိုရာမရှိသော အထီးကျန် အမှုလုပ်(ယောကျ်ား) ဖြစ်ခဲ့ပါ၏၊ အိုမင်းကြီးရင့်ကုန်သော မိဘတို့ကိုလည်း လုပ်ကျွေးမွေးမြူခဲ့ပါ၏၊ အကျွန်ုပ် သည် သီလရှိကုန်သော ပုဂ္ဂိုလ်တို့ကိုလည်း ချစ်မြတ်နိုးခဲ့ပါ၏၊ အကျွန်ုပ်သည် ကြည်ညို သော စိတ်ရှိသည်ဖြစ်၍ ဆွမ်းကိုဇင်း, အဖျော်ကိုဇင်း မျှားမြတ်သော (သက်နိုး အစရှိ သော) အလှူဒါနကိုဇင်း ရိုသေစွာ ပေးလှူခဲ့ဘူးပါ၏။

၁၁၂၄။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်းဖြစ်ပါ၏ ။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပပါ၏(ဟု ဖြေကြား လျှောက်ထား၏)။

နှစ်ခုမြောက်သော နန္ဒနဝိမာနဝတ္ထု ပြီး၏။

---

## ၃-မဏိထူဏဝိမာနဝတ္ထု

၁၁၂၆။ နတ်သား ပတ္တမြားတိုင် ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာ ရှိ၏၊ ကြောင်မျက်ရွဲတိုင်ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍ တင့်တယ်ကုန်၏။

၁၁၂၇။ (သင်နတ်သားသည်) ထိုဗိမာန်၌ နေလျက် သောက်လည်း သောက်၏၊ စားလည်း စား၏၊ နတ်စောင်းတို့သည်လည်း သာယာစွာ မြည်ကုန်၏၊ ဤဗိမာန်၌ နတ် အရသာ ဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ရွှေတန်ဆာတို့ဖြင့် ပြင်ဆင် ထားသော နတ်သမီးတို့သည်လည်း ကကြကုန်၏။

၁၁၂၈။ (နတ်သား) အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင် အဆင်း ဖြစ်သနည်း။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်နတ်သား၏ အရောင်အဆင်း သည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း(ဟု အသျှင် မောဂ္ဂလ္လာန်က မေး၏)။

၁၁၃၀။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား၏။

http://www.dhammadownload.com



၁၁၃၁။ (တန်ခိုးအာနုဘော်ကြီးတော်မူသော အရှင်ရဟန်း) အကျွန်ုပ်သည် လူတို့ ပြည်၌ လူဖြစ်ခဲ့စဉ်အခါက တောခရီးလမ်း၌ တံတားကို ဆောက်လုပ်ခဲ့ပါ၏၊ အာရာမ် သစ်ပင်တို့ကိုလည်း စိုက်ပျိုးခဲ့ပါ၏၊ အကျွန်ုပ်သည် သီလရှိကုန်သော ပုဂ္ဂိုလ်တို့ကို ချစ်မြတ်နိုးခဲ့ပါ၏၊ အကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဆွမ်းကိုရင်း, အဖျော်ကိုရင်း, များမြတ်သော (သက်နီးစသော) အလှူဒါနကိုရင်း ရိုသေစွာ ပေးလှူခဲ့ပါ၏။

၁၁၃၂။ (တန်ခိုးအာနုဘော်ကြီးတော်မူသော အရှင်ရဟန်း) ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့သော အရောင်အဆင်း ဖြစ်ပါ၏။ပ။ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပ ပါ၏(ဟု ဖြေကြား လျှောက်ထား၏)။

သုံးခုမြောက်သော မဏိထူဏဝိမာနဝတ္ထု ပြီး၏။

---

## ၄-သုဝဏ္ဏဝိမာနဝတ္ထု

၁၁၃၄။ (နတ်သား) ရွှေတောင်ထိပ်၌ (သင်၏) ဗိမာန်သည် ထက်ဝန်းကျင်မှ တောက်သော အရောင်ရှိ၏၊ ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းထား၏၊ ရွှေခြူကွန်ရက်ဖြင့် တပ်ဆင် ပြုပြင်ထား၏။

၁၁၃၅။ (ထိုဗိမာန်၌) ကောင်းစွာ ပြုလုပ်အပ်ကုန်သော ရှစ်မြှောင့်ရှိကုန်သော တိုင်အားလုံးတို့သည် ကြောင်မျက်ရွဲဖြင့် ပြီးကုန်၏(ထိုတိုင် ရှစ်မြှောင့်တို့တွင်) တမြှောင့်၌ ရတနာ ခုနစ်ပါးတို့ဖြင့် မွမ်းမံ ခြယ်လှယ်ထားကုန်၏။

၁၁၃၆။ ကြောင်မျက်ရွဲဖြင့်ရင်း, ရွှေစင်ဖြင့်ရင်း, ဖလ်ဖြင့်ရင်း, ငွေစင်ဖြင့်ရင်း, ပတ္တမြားပြောက်ဖြင့်ရင်း, ပုလဲတို့ဖြင့်ရင်း, ပတ္တမြားနီတို့ဖြင့်ရင်း မွမ်းမံခြယ်လှယ်ထား ကုန်၏။

၁၁၃၇။ မြေကြီးသည် ဆန်းကြယ်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ် ရှိ၏။ (ထိုဗိမာန်၌ ပတ္တမြား မြေဖြစ်၍) မြူမှုန်မတက်၊ (ကုသိုလ်ကံ) ဖန်ဆင်းသည့် ရွှေသော အဆင်းရှိကုန် သော အခြင်ရနယ် အပေါင်းတို့သည် (ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော) အထွတ်ကို ဆောင်ကုန်၏။

၁၁၃၈။ ထိုဗိမာန်၏ အရပ်လေးမျက်နှာတို့၌ စောင်းတန်းလှေကား လေးသွယ်တို့ကို လည်း ဖန်ဆင်းအပ်ကုန်၏၊ (ထိုဗိမာန်သည်) အထူးထူးသော ရတနာတို့ဖြင့် ပြီးသော တိုက်ခန်းတို့ဖြင့် နေလုလင်ကဲ့သို့ တင့်တယ်၏။

၁၁၃၉။ ပုံစံတူ အတိုင်းအရှည်တူကုန်သော ပွတ်တိုင်စိုက် လက်ရန်းလေးဘက်တို့သည် ထက်ဝန်းကျင်မှ အရပ်လေးမျက်နှာတို့ကို အလွန် တောက်ပစေကုန်လျက် ထွန်းလင်း ကုန်၏။

http://www.dhammadownload.com



၁၁၄၀။ (နတ်သား) ထိုဗိမာန်မြတ်၌ မျှားမြတ်သော အရောင်ရှိသော (သင်) နတ်သားသည် တက်သစ်စ နေလုလင်ကဲ့သို့ အရောင်အဆင်းအားဖြင့် အလွန်တင့်တယ်ဘိ၏။

၁၁၄၁။ ဤအကျိုးသည် သင်နတ်သား၏ ဒါနကုသိုလ်အကျိုးလော၊ သို့မဟုတ် သီလကုသိုလ်၏ အကျိုးလေလော၊ သို့မဟုတ် လက်အုပ်ချီခြင်း ကုသိုလ်၏ အကျိုးလော၊ သင့်ကို ငါမေးပါ၏၊ ထိုအကြောင်းကို ဖြေကြားပါလော့(ဟု အသျှင်မောဂ္ဂလ္လာနက မေး၏)။

၁၁၄၂။ ထိုနတ်သားသည် အရှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြား၏။

၁၁၄၃။ (အရှင်ဘုရား) အကျွန်ုပ်သည် အန္ဓကဝိန္ဒမြို့၌ (လူဖြစ်စဉ်) ကြည်ညိုခြင်းရှိသည်ဖြစ်၍ ခပ်သိမ်းသော တရားတို့ကို သိတော်မူတတ်သော နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏ (အလို့ငှါ) ကျောင်းတော်ကို မိမိလက်တို့ဖြင့် (ထိုထိုကိစ္စကို ပြုလျက်)ဆောက်လုပ်စေခဲ့ပါ၏။

၁၁၄၄။ ထိုအန္ဓကဝိန္ဒမြို့၌ (အကျွန်ုပ်သည်) အထူးသဖြင့် ကြည်လင်သော စိတ်ဖြင့် နံ့သာကိုရင်း, ပန်းကိုရင်းအသစ်စက်စက်ဖြစ်သော နံ့သာပျောင်းကိုရင်း, ကျောင်းကိုရင်း မြတ်စွာဘုရားအား ပေးလှူခဲ့ပါ၏၊ (အရှင်ဘုရား) ထိုကုသိုလ်ကြောင့် အကျွန်ုပ်သည် ဤကောင်းကျိုးကို ရအပ်ပါ၏၊ (အကျွန်ုပ်သည်) နှစ်သက်ဖွယ်ရာ ဤတာဝတိံသာ နတ်ပြည်၌ အလိုသို့ လိုက်စေနိုင်ပါ၏။

၁၁၄၅။ အထူးထူးသော ငှက်မျိုးအပေါင်းနှင့် ယှဉ်၍ နှလုံးမွေ့လျော်ဖွယ် ဖြစ်သော နန္ဒဝန်ဥယျာဉ်၌လည်း ကကြကုန် သီဆိုကြကုန်သော နတ်သမီးတို့ ခြံရံလျက် မွေ့လျော်ရပါ၏(ဟု လျှောက်ထား၏)။

လေးခုမြောက်သော သုဝဏ္ဏဝိမာနဝတ္ထု ပြီး၏။

---

## ၅-အမ္ဗဝိမာနဝတ္ထု

၁၁၄၆။ (နတ်သား) ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာရှိ၏၊ ကြောင်မျက်ရွဲတိုင် ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍ တင့်တယ်၏။

၁၁၄၇။ (သင်နတ်သားသည်) ထိုဗိမာန်၌ နေလျက် သောက်လည်း သောက်၏၊ စားလည်း စား၏၊ နတ်စောင်းတို့သည်လည်း သာယာစွာ မြည်ကုန်၏၊ ဤဗိမာန်၌ နတ်အရသာ ဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ရွှေတန်ဆာတို့ဖြင့် ပြင်ဆင်ထားသော နတ်သမီးတို့သည်လည်း ကကြကုန်၏။

http://www.dhammadownload.com



၁၁၄၈။ (နတ်သား) အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင် အဆင်း ဖြစ်သနည်း။ပ။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ထွန်းလင်းတောက်ပသနည်း(ဟုအသျှင်မောဂ္ဂလ္လာန်ကမေး၏)။

၁၁၅၀။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား၏။

၁၁၅၁။ အရှင်ဘုရား နွေလတို့၏ နောက်ဆုံးဖြစ်သော ဝါဆိုလ၌ နေမင်း အလွန် ပူပြင်းသော အခါဝယ် သူတပါး အခစား ယောကျာ်းသည် သရက်ဥယျာဉ်ကို ရေသွန်း လောင်း၍ နေပါ၏။

၁၁၅၂။ ထိုအခါ သာရိပုတြာဟူ၍ ထင်ရှားကျော်စောသော ရဟန်းသည် စိတ်မပင် ပန်းသော်လည်း ကိုယ်ပင်ပန်းသော သဘောရှိသည်ဖြစ်၍ ထိုသရက်ဥယျာဉ်အနီး ခရီးလမ်း ဖြင့် ကြွသွားတော်မူပါ၏။

၁၁၅၃။ သရက်ဥယျာဉ်ကို ရေသွန်းနေသော (အကျွန်ုပ်)သည် ကြွလာတော်မူသော ထိုအသျှင်သာရိပုတြာကို မြင်၍ အရှင်ဘုရား တောင်းပန်ပါ၏၊ အကျွန်ုပ်သည် အရှင်ဘုရား အား ချိုးရေလှူဒါန်းလိုပါ၏၊ ယင်းသို့ အရှင်ဘုရားအား ချိုးရေလှူဒါန်းရခြင်းသည် အကျွန်ုပ်၏ ချမ်းသာကို ရွက်ဆောင်ရာပါ၏ဟု လျှောက်ခဲ့ပါ၏။

၁၁၅၄။ ထိုအသျှင်သာရိပုတြာသည် အကျွန်ုပ်ကို ချီးမြှောက်ခြင်းငှါ သပိတ်သင်္ကန်း ကို ချထားတော်မူပြီးလျှင် ခါးဝတ် သင်္ကန်းတထည်တည်းဖြင့်သာ သရက်ပင်ရင်းဖြစ်သော အရိပ်၌ ထိုင်နေတော်မူ၏။

၁၁၅၅။ ကြည်ညိုစိတ်ရှိသော (သရက်ဥယျာဉ်စောင့်) ယောကျာ်းသည် သရက်ပင်၏ အနီးဖြစ်သော အရိပ်၌ ခါးဝတ်သင်္ကန်း တထည်တည်းဖြင့်သာ ထိုင်နေသော ထိုအသျှင် သာရိပုတြာကို ကြည်လင်စွာသော ရေဖြင့် ရေချိုးစေ၏။

၁၁၅၆။ ထိုသရက်ဥယျာဉ်စောင့် ယောကျာ်းသည် သရက်ပင်ကိုလည်း ရေဖြင့် သွန်း အပ်ပြီ၊ ရဟန်းကိုလည်း ရေချိုးစေအပ်ပြီ၊ ငါသည်လည်း မျှားစွာသော ကောင်းမှုကို ဆည်းပူးအပ်ပြီ၊ ဤသို့ နှလုံးပြု၍ မိမိ၏ တကိုယ်လုံးကို နှစ်သိမ့်မှု 'ပီတိ'ဖြင့် နှံ့စေခဲ့ပါ၏။

၁၁၅၇။ (အကျွန်ုပ်သည်) ထိုသရက် ဥယျာဉ်စောင့် ဘဝ၌ ဤမျှ အတိုင်းအရှည် ရှိသော ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ပါ၏၊ (အကျွန်ုပ်သည်) ထိုကုသိုလ်ကံကြောင့် လူ့ခန္ဓာ ကိုယ်ကို စွန့်ပစ်ရသည်ရှိသော် နှစ်သက်ဖွယ် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရပါ၏။

၁၁၅၈။ အထူးထူးသော ငှက်မျိုးအပေါင်းနှင့် ယှဉ်၍ နှလုံးမွေ့လျော်ဖွယ်ဖြစ်သော နန္ဒဝန်ဥယျာဉ်၌လည်း ကကြကုန် သီဆိုကြကုန်သော နတ်သမီးအပေါင်းတို့ ခြံရံလျက် မွေ့လျော်ရပါ၏(ဟု ဖြေကြား လျှောက်ထား၏)။

ငါးခုမြောက်သော အမ္ဗဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၆-ဝေပါလဝိမာနဝတ္ထု

၁၁၅၉။ လက်ကောက် လက်ကြပ်စသော လက်ဝတ်တန်ဆာတို့ကို ဝတ်ဆင်အပ်သော များသော အခြံအရံရှိသော ကြာမြင့်စွာတည်သော မြင့်သော ဗိမာန်၌ လမင်းကဲ့သို့ (တင့်တယ်စွာ ထိုင်နေသော) ဝေပါလကနတ်သားကို ရဟန်းတော် (အသျှင်မဟာမောဂ္ဂလ္လာန်) သည် မြင်၍ မေး၏။

၁၁၆၀။ တန်ဆာဆင်ယင်ထားသော ပန်းတို့ကို ပန်ဆင်သော ကောင်းစွာ ဝတ်ရုံထားသော ကောင်းသော နားဒောင်းလည်းရှိသော ဆံမုတ်ဆိတ်ပြုပြင်ထားသော လက်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားသော သင်နတ်သားသည် များသော အခြံအရံရှိသည် ဖြစ်၍ နတ်၌ဖြစ်သော ဗိမာန်၌ လဝန်းကဲ့သို့ တင့်တယ်၏။

၁၁၆၁။ နတ်စောင်းတို့သည် သာယာစွာ မြည်ကုန်၏၊ သင်အပ်ပြီးသော အတတ်ရှိကုန်သော ကောင်းသောသဘောရှိကုန်သော များမြတ်သော စည်းစိမ်ရှိကုန်သော တာဝတိံသာနတ်ပြည်၌ နေလေ့ရှိကုန်သော ခြောက်ကျိပ်လေးယောက်သော နတ်သမီးတို့သည် က-လည်း က-ကြကုန်၏၊ သီလည်း သီဆိုကြကုန်၏၊ သင့်ကို ဝမ်းမြောက်လည်း ဝမ်းမြောက်စေကြကုန်၏။

၁၁၆၂။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံခြင်းသို့ ရောက်သော သင်နတ်သားသည် လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင် အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း (ဟု အသျှင်မဟာမောဂ္ဂလ္လာန်က မေး၏)။

၁၁၆၃။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား၏။

၁၁၆၄။ အရှင်ဘုရား အကျွန်ုပ်သည် လူ့ဘဝ လူဖြစ်ခဲ့စဉ်က သူတပါးနွားမတို့ကို ပေါင်းရုံး၍ စောင့်ရှောက် ခဲ့ရပါ၏၊ ထိုအခါ ရဟန်းမြတ် (အသျှင်မောဂ္ဂလ္လာန်အရှင်ဘုရား)သည် အကျွန်ုပ်၏ အနီးသို့ ရောက်လာပါ၏၊ နွားမတို့သည်လည်း ပဲပင်တို့ကို စားခြင်းငှါ သွားကြပါကုန်၏။

၁၁၆၅။ အရှင်ဘုရား ထိုအခါ (အကျွန်ုပ်အား) ယခုအခါ ပြုရန်ကိစ္စနှစ်မျိုးရှိ၏၊ နှစ်မျိုးလုံးကို ပြုအပ်၏ဟု ကြံအောက်မေ့ပြီးမှ အကျွန်ုပ်သည် သင့်လျော်သောအား ဖြင့်ဖြစ်သော အမှတ်သညာကို ရသောကြောင့် ပေးလှူအံ့ဟု နှလုံးပြုလျက်(မုယောမှုံ့ ထုပ်ထားသော) ပုဝါနွမ်းကို (ခံယူစေသည်၏ အစွမ်းဖြင့် အရှင်ဘုရား၏ လက်၌) တင်ထား လှူဒါန်းခဲ့ပါ၏။

၁၁၆၆။ အရှင်ဘုရား (ပဲခင်းရှင်၏ ပဲတည်းဟူသော) ဤဥစ္စာကို ဤ(နွားအပေါင်း) သည် မဖျက်ဆီးမီ ထိုအကျွန်ုပ်သည် ပဲခင်းဆီသို့ အဆောတလျင် ပြေးသွားခဲ့ပါ၏၊

http://www.dhammadownload.com



ထိုအရပ်၌ အကျွန်ုပ် အဆောတလျင် ပြေးသွားစဉ် အကျွန်ုပ်၏ ခြေတို့ကို အဆိပ်ထန်သော မြွေဟောက်သည် ကိုက်ခဲ့ပါ၏။

၁၁၆၇။ (အရှင်ဘုရား) ထိုအကျွန်ုပ်သည် (ထိုအခါ၌) ဆင်းရဲခြင်းသို့ ရောက်ခဲ့ပါ၏၊ သေလောက်သော ဆင်းရဲသည် နှိပ်စက်အပ်ပါ၏၊ ရဟန်းတော်သည်လည်း အကျွန်ုပ်ကို ချီးမြှောက်ခြင်းငှါ ထိုမုယောမှုံ့ထုပ်ကို ကိုယ်တိုင်ဖြေ၍ မုယောမှုံ့ကို သုံးဆောင်တော်မူ၏၊ အကျွန်ုပ်သည် ထိုလူ၏ အဖြစ်မှ စုတေ၍ သေလွန်ခဲ့သော် နတ်ဖြစ်ပါ၏။

၁၁၆၈။ (အရှင်ဘုရား) အကျွန်ုပ်သည် ထိုမုယောမှုံ့ကို ပေးလှူသော ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ရပါ၏၊ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကံ၏အကျိုးကိုလည်း မိမိကိုယ်တိုင် ခံစားရပါ၏၊ အရှင်ဘုရား အရှင်ဘုရားသည်သာလျှင်(အကျွန်ုပ်ကို)လွန်စွာ ချီးမြှောက်တော်မူအပ်ပါ၏၊ အရှင်ဘုရား (အကျွန်ုပ်သည်) ပြုအပ်သော ကျေးဇူးကို သိခြင်းကြောင့် အရှင်ဘုရားကို ရိုသေစွာ ရှိခိုးပါ၏။

၁၁၆၉။ (အရှင်ဘုရား) နတ် မာရ်နတ်နှင့်တကွသော သတ္တလောက၌ အရှင်ဘုရားထက် ချီးမြှောက်တတ်သော အရှင်ဘုရားမှ တပါးသော ရဟန်းမရှိပါ၊ အရှင်ဘုရားသည်သာလျှင် (အကျွန်ုပ်ကို) လွန်စွာ ချီးမြှောက်တော်မူအပ်ပါ၏၊ အရှင်ဘုရား (အကျွန်ုပ်သည်) ပြုအပ်သော ကျေးဇူးကို သိခြင်းကြောင့် အရှင်ဘုရားကို ရိုသေစွာ ရှိခိုးပါ၏။

၁၁၇၀။ (အရှင်ဘုရား) ဤလောက၌၎င်း, တမလွန် လောက၌၎င်း အရှင်ဘုရားထက် ချီးမြှောက်တတ်သော အရှင်ဘုရားမှ တပါးသော ရဟန်းမရှိပါ၊ အရှင်ဘုရား အရှင်ဘုရားသည်သာလျှင် ( အကျွန်ုပ်ကို ) လွန်စွာ ချီးမြှောက်တော်မူအပ်ပါ၏၊ အရှင်ဘုရား (အကျွန်ုပ်သည်) ပြုအပ်သော ကျေးဇူးကို သိခြင်းကြောင့် အရှင်ဘုရားကို ရိုသေစွာ ရှိခိုးပါ၏(ဟု လျှောက်ထား၏)။

ခြောက်ခုမြောက်သော ဂေါပါလဝိမာနဝတ္ထု ပြီး၏။

---

## ၇-ကဏ္ဍကဝိမာနဝတ္ထု

၁၁၇၁-၂။ (နတ်သား) ကြယ်တကာတို့၏ အရှင် ယုန် ရုပ် အရေး အမှတ်ရှိသော လဗိမာန်သည် လပြည့်နေ့၌ ထက်ဝန်းကျင်မှ နက္ခတ်တာရာ အပေါင်းခြံရံလျက် အစဉ်မပြတ် လှည့်လည်သကဲ့သို့ ထိုလဗိမာန်နှင့် တူစွာ နတ်ပြည်၌ ထွန်းပသော(သင်နတ်သား၏) ဤဗိမာန်သည် တက်သစ်သော နေလုလင်ကဲ့သို့ အရောင် အဆင်းအားဖြင့် အလွန်တင့်တယ်၏။

၁၁၇၃။ သင်နတ်သား၏ ဤဗိမာန်သည် ကြောင်မျက်ရွဲဖြင့်၎င်း, ရွှေစင်ဖြင့်၎င်း, ဖလ်ဖြင့်၎င်း, ငွေစင်ဖြင့်၎င်း, ပတ္တမြားပြောက်ဖြင့်၎င်း, ပုလဲတို့ဖြင့်၎င်း, ပတ္တမြားနီတို့ဖြင့်၎င်း မွမ်းမံ ခြယ်လှယ်ထားကုန်၏။

၁၁၇၄။ မြေကြီးသည် ဆန်းကြယ်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ် ရှိ၏၊ ကြောင်မျက်ရွဲဖြင့် ခင်းထား၏၊ စုလစ်မွန်းချွန်တို့သည်လည်း တင့်တယ်ကုန်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ် ရှိကုန်၏၊ သင်နတ်သားသည် ပြာသာဒ်ကို ကောင်းစွာ ဖန်ဆင်းထားအပ်ပေ၏။

http://www.dhammadownload.com



၁၁၇၅။ သင်၏ ရေကန်တို့သည်လည်း နှလုံးမွေ့လျော်ဖွယ် ရှိကုန်၏၊ ငါးအပေါင်းတို့ မှီဝဲအပ်ကုန်၏၊ ကြည်သော ရေရှိကုန်၏၊အထူးသဖြင့် ကြည်လင်ကုန်၏၊ရွှေအတိပြီးသော သဲတို့ဖြင့် ကောင်းစွာ ခင်းထားအပ်ကုန်၏။

၁၁၇၆။ အထူးထူးသော ကြာပဒုမာမျိုးတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်၏၊ ကြာဖြူပုဏ္ဍရိက် မျိုးတို့ဖြင့်လည်း ဖုံးလွှမ်း အပ်ကုန်၏၊ လေညင်း တိုက်ခတ်သဖြင့် လှုပ်ကုန်သော နှစ်သက် မြတ်နိုးဖွယ် မွှေးကြိုင်သော ရနံ့တို့သည် ထက်ဝန်းကျင် ပျံ့လှိုင်ကုန်၏။

၁၁၇၇။ သင်နတ်သားသည် ထိုရေကန်၏ နံပါးနှစ်ဖက်၌ ပန်းချုံတို့ကို ကောင်းစွာ ဖန်ဆင်းအပ်ကုန်၏၊ ထိုရေကန်တို့သည် အသီး သီးကုန်သော သစ်ပင်တို့နှင့်၎င်း, အပွင့် ပွင့်ကုန်သော သစ်ပင်တို့နှင့်၎င်း, အသီးအပွင့် နှစ်မျိုးလုံး သီးကြပွင့်ကြကုန်သော သစ်ပင် တို့နှင့်၎င်း ပြည့်စုံကုန်၏။

၁၁၇၈။ နှုးညံ့၍ အမွေးရှည်ရှိသော ကော်ဇောဖြင့် ခင်းအပ်သော ရွှေ(ဖြင့်ပြု သော)အခြေရှိသော ပလ္လင်၌ သိကြားမင်းကဲ့သို့ နေသော သင်နတ်သားကို နတ်သမီး တို့သည် လုပ်ကျွေး ခစားကြကုန်၏။

၁၁၇၉။ အလုံးစုံသော မိန်းမ အဆင်တန်ဆာတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော အထူး ထူးသော ပန်းတို့ကို ပန်ဆင်ကုန်သော နတ်သမီးတို့သည် တန်ခိုးကြီးသော သင့်ကို မွေ့လျော်စေကုန်၏၊ (သင်နတ်သားသည်)ဝသဝတ္တီ နတ်မင်းကြီးကဲ့သို့ ဝမ်းမြောက်ရ၏။

၁၁၈၀။ ကခြင်းကြောင့်၎င်း, သီဆိုခြင်းကြောင့်၎င်း, ကောင်းစွာ တီးမှုတ်ခြင်း ကြောင့်၎င်း, နှစ်သက်မွေ့လျော်ခြင်းနှင့် ပြည့်စုံသော သင်သည် စည်ကြီး ခရုသင်း မုရိုး စည်တို့ဖြင့်၎င်း, စောင်းတို့ဖြင့်၎င်း, ထက်စည်တို့ဖြင့်၎င်း မွေ့လျော်ရ၏။

၁၁၈၁။ သင်နတ်သားအား အထူးထူး အပြားပြား များကုန်သော နတ်၌ဖြစ်သော အဆင်းတို့သည်၎င်း, နတ်၌ဖြစ်သော အသံတို့သည်၎င်း, ထိုမှတပါး နတ်၌ဖြစ်သော အရသာတို့သည်၎င်း, သင်လိုလားအပ်သော နတ်၌ဖြစ်သော အနံ့တို့သည်၎င်း, နှလုံး မွေ့လျော်ဖွယ်သော အတွေ့တို့သည်၎င်း (ရှိကုန်၏)။

၁၁၈၂။ နတ်သား ထိုမြတ်သော ဗိမာန်၌ များမြတ်သော အရောင်ရှိသော သင်နတ် သားသည် တက်သစ်သော နေလုလင်ကဲ့သို့ အရောင်အဆင်းဖြင့် အလွန်တင့်တယ်၏။

၁၁၈၃။ ဤအကျိုးသည် သင်နတ်သား၏ ဒါနကုသိုလ် အကျိုးလေလော၊ သို့မဟုတ် သီလကုသိုလ်၏ အကျိုးလေလော၊ သို့မဟုတ် လက်အုပ်ချီခြင်း ကုသိုလ်၏ အကျိုး လေလော၊ သင့်ကို ငါမေး၏၊ ထိုအကြောင်းကို ငါ့အား ဖြေကြားလော့(ဟု မေး၏)။

၁၁၈၄။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော) အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား၏။

၁၁၈၅။ (အရှင်ဘုရား)အကျွန်ုပ်သည် သာကီဝင်တို့၏ ကပိလဝတ် အမည်ရှိသော ပြည်မြတ်တွင် သုဒ္ဓေါဒနမင်း၏သား ဘုရားအလောင်း၏ဖွားဘက်ဖြစ်သော ကဏ္ဍကအမည် ရှိသော မြင်း ဖြစ်ခဲ့ဘူးပါ၏။

http://www.dhammadownload.com



၁၁၇၆-၇။ အရှင်ဘုရား ထိုဘုရားအလောင်းသည် အကြင် ညဉ့်သန်ခေါင်ယံအခါ၌ သစ္စာလေးပါးကို သိသော ဉာဏ်အကျိုးငှါ တောထွက်တော်မူ၏၊ ထိုအခါဝယ် ထိုဘုရားလောင်းသည် နူးညံ့ကုန်သော လက်တို့ဖြင့်၎င်း၊ ကွန်ရက်ကဲ့သို့ရှိသော အလွန်နီသော လက်သည်းတို့ဖြင့်၎င်း အကျွန်ုပ်၏ ပေါင်ကို ပုတ်၍ "အချင်းကဏ္ဍက (ငါ့ကို တညဉ့်တာမျှ) ရွက်ဆောင်လော့၊ ငါသည် မြတ်သော အရဟတ္တမဂ်ဉာဏ်ကို ရသည်ရှိသော် နတ်နှင့်တကွသော လူကို ထုတ်ဆောင်ကယ်တင်အံ့"ဟုလည်း ပြောဆိုပါ၏။

၁၁၇၈။ အရှင်ဘုရား ထိုစကားကို ကြားနာရသော အကျွန်ုပ်အား ပြန့်ပြောမျှားမြတ်သော နှစ်သက်ရွှင်လန်းမှု ဖြစ်ခဲ့ပါ၏၊ ထိုအခါ အကျွန်ုပ်သည် ပီတိဖြင့် တက်ကြွသောစိတ် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ လိုလား ဝန်ခံခဲ့ပါ၏။

၁၁၇၉။ မျှားသောအခြံအရံရှိသော သာကီဝင်မင်းသားဘုရားအလောင်းကို အကျွန်ုပ်သို့ တက်စီးနေသည်ကို သိရသောကြောင့် ပီတိဖြင့် တက်ကြွသောစိတ် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ယောကျ်ားမြတ်ကို ဆောင်ကြဉ်းခဲ့ဘူးပါ၏။

၁၁၈၀။ အရှင်ဘုရား ထိုယောကျ်ားမြတ်သည် သူတပါးတို့၏ တိုင်းနိုင်ငံသို့ ရောက်၍ နေတက်လတ်သော် အကျွန်ုပ်ကို၎င်း၊ ဆန္နအမတ်ကို၎င်း ငဲ့ကွက်မှုမရှိပဲ စွန့်ပစ်ဖဲသွားခဲ့ပါ၏။

၁၁၈၁။ အကျွန်ုပ်သည် ထိုယောကျ်ားမြတ်၏ နီသော ခြေသည်းရှိသော ခြေတို့ကို လျှာဖြင့် လျက်ခဲ့ပါ၏၊ ဖဲသွားသော ကြီးသော လုံ့လရှိသော ယောကျ်ားမြတ်ကိုလည်း ငိုလျက် မျှော်ကြည့်ခဲ့ပါ၏။

၁၁၈၂။ အရှင်ဘုရား အကျွန်ုပ်သည် ဘုန်းပညာရှိတော်မူသော သာကီဝင်မင်းသားဖြစ်တော်မူသော ထိုယောကျ်ားမြတ်ကို မမြင်ရသောကြောင့် ပြင်းထန်သော အနာကို ရ၍ လျင်မြန်စွာ သေဆုံးခဲ့ပါ၏။

၁၁၈၃။ အရှင်ဘုရား (ကြည်ညိုခြင်း အားကြီးသော) ထိုကောင်းမှု၏ အစွမ်းအာနုဘော်ကြောင့် နတ်ပြည်၌ ထွန်းပသော ကာမဂုဏ်အားလုံးတို့နှင့် ပြည့်စုံသော ဤဗိမာန်၌ နေရပါ၏။

၁၁၈၄။ အရှင်ဘုရား "မြတ်သော အရဟတ္တမဂ်ဉာဏ်ကို ရပြီ"ဟူသော အသံကို ကြားရခြင်းကြောင့် အကျွန်ုပ်အား နှစ်သက်မှုဖြစ်သည်သာလျှင်တည်း၊ ထိုကုသိုလ်အရင်းခံကြောင့်သာလျှင် အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပါလတ္တံ့။

၁၁၈၅။ အရှင်ဘုရား နတ်လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ အထံတော်သို့ အကယ်၍ သွားရောက်ခဲ့ပါမူ အကျွန်ုပ်၏ စကားဖြင့်လည်း ထိုမြတ်စွာဘုရားအား ကဏ္ဍကနတ်သားသည် ဦးခေါင်းဖြင့် ရှိခိုးလိုက်ပါ၏ဟု လျှောက်ထားပြောဆိုပါလော့။

၁၁၈၆။ အရှင်ဘုရား အကျွန်ုပ်သည်လည်း တုဘက်မရှိ ပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ သွားပါအံ့၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူကုန်သော

http://www.dhammadownload.com



လောက၏ ကိုးကွယ်ရာ မြတ်စွာဘုရားတို့ကို ဖူးမြင်ရခြင်းသည် ခဲယဉ်းလှပါ၏ (ဟု လျှောက်၏)။

၁၁၉၇။ သူ့ကျေးဇူးကိုသိတတ်သော သူ့ကျေးဇူးကိုထင်စွာပြုတတ်သော ထိုကဏ္ဍက နတ်သားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လေ၏၊ (ချဉ်းကပ်ပြီးလျှင်) စက္ခုငါးပါး ရှိတော်မူသော မြတ်စွာဘုရား၏ တရားစကားတော်ကို ကြားနာရ၍ သောတာပတ္တိမဂ် ဉာဏ်ကို ရလေ၏။

၁၁၉၈။ အယူမှားခြင်း မိစ္ဆာဒိဋ္ဌိကိုငင်း, မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာကိုငင်း, မှားသော အားဖြင့် သုံးသပ်အပ်သော အကျင့်တို့ကိုငင်း(သောတာပတ္တိမဂ်ဉာဏ်ဖြင့်) သုတ်သင်ပြီး၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပြီးလျှင် ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

ခုနစ်ခုမြောက်သော ကဏ္ဍကဝိမာနဝတ္ထု ပြီး၏။

---

## ၈-အနေကဝဏ္ဏဝိမာနဝတ္ထု

၁၁၉၉ နတ်သား သင်သည် အမျိုးမျိုးသော အဆင်းရှိ၍ ပူပန်ခြင်း စိုးရိမ်ခြင်းကို ပယ်ဖျောက်နိုင်သော အမျိုးမျိုး ဆန်းကြယ်သော ဗိမာန်ထက်သို့ တက်၍ နတ်သမီး အပေါင်း ခြံရံလျက် နိမ္မာနရတိနတ်တို့၏ အရှင်ဖြစ်သော သုနိမ္မိတ နတ်မင်းကြီးကဲ့သို့ မွေ့လျော်ရ၏။

၁၂၀၀။ နတ်သား အခြံအရံများခြင်းဖြင့်ငင်း, ဘုန်းကံကြီးခြင်းဖြင့်ငင်း, တန်ခိုး အာနုဘော်ကြီးခြင်းဖြင့်ငင်း သင်နှင့်တူသော နတ်သည် မရှိ၊ သင့်ထက်လွန်မြတ်သော နတ်သည်ကား အဘယ်မှာ ရှိနိုင်အံ့နည်း၊ နတ်သား နတ်တို့သည် လမင်းကို နှစ်သက် မြတ်နိုး ရှိခိုးကုန်သကဲ့သို့ ထို့အတူ အလုံးစုံသာလျှင် ဖြစ်ကုန်သော တာဝတိံသာနတ် အပေါင်းတို့သည် ပေါင်းရုံးစုဝေးကြကုန်၍ သင့်ကို ရှိခိုးကြကုန်၏၊ သင်နတ်သား၏ ဤနတ်သမီးတို့သည် ထက်ဝန်းကျင် ခြံရံကုန်လျက် က-လည်း က-ကြကုန်၏၊ သီဆိုလည်း သီဆိုကြကုန်၏၊ သင့်ကိုလည်း ဝမ်းမြောက်စေကြကုန်၏။

၁၂၀၁။ အာနုဘော်ကြီးသော နတ်တန်ခိုးနှင့် ပြည့်စုံခြင်းသို့ ရောက်သော သင်သည် လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင် အဆင်းသည် အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပသနည်း (ဟု မေး၏)။

၁၂၀၂။ ထိုနတ်သားသည် အသျှင်မဟာမောဂ္ဂလ္လာန်မေးအပ်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဤ (မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံ ပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား၏။

၁၂၀၃။ အရှင်ဘုရား အကျွန်ုပ်သည် ရှေးဘဝက သုမေဓာမြတ်စွာဘုရား၏ တပည့် သာဝက ဖြစ်ခဲ့ပါ၏၊ သစ္စာလေးပါးတို့ကို မသိသူ ပုထုဇဉ်ဖြစ်ပါ၏၊ ခုနစ်နှစ်ပတ်လုံး ရဟန်း ပြုခဲ့ဘူးပါ၏။

http://www.dhammadownload.com



၁၂၀၄။ အရှင်ဘုရား အကျွန်ုပ်သည် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သံသရာ ရေယဉ် 'ဩဃ'ကို ကူးမြောက်တော်မူပြီးသော ပရိနိဗ္ဗာန် ပြုတော်မူပြီးသော (လူနတ်ဗြဟ္မာတို့၏)ဆရာဖြစ်တော်မူသော သုမေဓာမြတ်စွာဘုရား၏ ရတနာအုတ်တို့ဖြင့် စီထားအပ်သော ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်သော စေတီတော်ကို ရှိခိုး၍ စေတီတော်၌ စိတ်ကို ကြည်လင်စေခဲ့ဘူးပါ၏။

၁၂၀၅။ အရှင်ဘုရား ထိုအခါ၌ အကျွန်ုပ်သည် ပေးလည်း မပေးလှူခဲ့ဘူးပါ၊ ပေးလှူရန်လည်း ဒါနဝတ္ထု မရှိခဲ့ပါ၊ ပူဇော်ခြင်းငှါထိုက်တော်မူသော မြတ်စွာဘုရား၏ ထိုသရီရဓာတ်တော်ကို ပူဇော်ကြကုန်လော့၊ ဤသို့ ပူဇော်သည်ရှိသော် ဤလူ့ပြည်မှ နတ်ပြည်သို့ သွားရကုန်လိမ့်သတည်းဟု သူတပါးတို့ကိုသာလျှင် ထိုအလှူပေးခြင်း၌ နှိုးဆော်တိုက်တွန်းခဲ့ဘူးပါ၏။

၁၂၀၆။ အရှင်ဘုရား အကျွန်ုပ်သည် အပြစ်မရှိသော ထိုကုသိုလ်ကံကိုသာလျှင် ပြုခဲ့ပါ၏၊ နတ်၌ဖြစ်သော ချမ်းသာကိုလည်း မိမိကိုယ်တိုင် ခံစားရပါ၏၊ အကျွန်ုပ်သည် တာဝတိံသာနတ်အပေါင်းတို့၏ အထက်၌ ဝမ်းမြောက်ရပါ၏၊ ထိုကုသိုလ်ကံ၏ အကျိုးသည် ကုန်ခန်းခြင်းသို့လည်း မရောက်တော့ပါ (ဟု ဖြေကြားလျှောက်ထား၏)။

ရှစ်ခုမြောက်သော အနေကဝဏ္ဏဝိမာနဝတ္ထု ပြီး၏။

---

## ၉-မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထု

၁၂၀၇။ တန်ဆာဆင်အပ်သော ပြေပြစ်ချောမွေ့သော နားဒွောင်းလည်းရှိသော ပန်းကို ပန်ဆင်၍ စန္ဒကူးရွှေတို့ဖြင့် လိမ်းကျံထားသည့် ကိုယ်ရှိသော သင်သည် ဆင်းရဲဒုက္ခသို့ ရောက်သည်ဖြစ်၍ တောအလယ်၌ လက်မောင်းကို မြှောက်လျက် အဘယ်ကြောင့် ငိုမြည်တမ်းဘိသနည်း (ဟု အဒိန္နပုဗ္ဗကပုဏ္ဏားက မေး၏)။

၁၂၀၈။ (ပုဏ္ဏား) ငါ့အား ရွှေဖြင့်ပြီးသော ပြိုးပြိုးပြက် အရောင်ထွက်သော ရထားအိမ်ကားရှိပါ၏၊ ထိုရထားအိမ်အတွက် ရထားဘီးအစုံကို မရသေးပါ၊ ထိုရထားဘီးအစုံကို မရသော ဆင်းရဲကြောင့် အသက်ကို စွန့်ပါတော့အံ့(ဟု ဖြေဆို၏)။

၁၂၀၉။ လုပပျိုမျစ်သောလုလင် ရွှေဖြင့်ပြီးသော ရထားဘီးအစုံလော၊ မြကျောက်ရတနာဖြင့်ပြီးသော ရထားဘီးအစုံလော၊ ပတ္တမြားနီဖြင့် ပြီးသော ရထားဘီးအစုံလော၊ ငွေစင်ဖြင့် ပြီးသော ရထားဘီးအစုံလော၊ ငါ့အား ပြောကြားပါလော့၊ သင့်အတွက် ရထားဘီးအစုံကို ပြည့်စုံအောင် ပြုလုပ်၍ ပေးအံ့ (ဟု အဒိန္နပုဗ္ဗကပုဏ္ဏားက ဆို၏)။

၁၂၁၀။ ဤလောက၌ နေလနှစ်ပါးစုံတို့ကို တွေ့မြင်နေရပါကုန်၏၊ ရွှေဖြင့်ပြီးသော ငါ့ရထားသည် ထိုနေလနှစ်ပါးဟူသော ရထားဘီးအစုံဖြင့်သာ တင့်တယ်ပါလိမ့်မည်ဟု ထိုလုလင်သည် ထိုပုဏ္ဏားကို ပြောဆို၏။

http://www.dhammadownload.com



၁၂၁၁။ လုလင် သင်သည် တောင့်တ၍မရကောင်းသော ဝတ္ထုကို တောင့်တလေသောကြောင့် မိုက်လှသူသာ ဖြစ်ဘိ၏၊ လုလင် သင်သည် သေလျှင်သာ သေမည်၊ နေလတို့ကို ရလိမ့်မည်မဟုတ်ဟု ငါအောက်မေ့၏ (ဟု အဒိန္နပုဗ္ဗက-ပုဏ္ဏားက ဆို၏)။

၁၂၁၂။ ပုဏ္ဏား နေလနှစ်ပါးတို့၌ အဆင်းဓာတ်ကိုလည်း တွေ့မြင်နေရ၏၊ လှည့်လည်ရာလမ်းခရီး၌ သွားခြင်းလာခြင်းကိုလည်း တွေ့မြင်နေရ၏၊ သေလွန်သော သူကိုမူကား မတွေ့မမြင်ရတော့ပေ၊ ဤတောအရပ်၌ ငိုကြွေးမြည်တမ်းနေကြကုန်သော သင်နှင့်ငါ နှစ်ယောက်တို့တွင် အဘယ်သူက ပို၍ မိုက်ပါသနည်း (ဟု လုလင်က ဆို၏)။

၁၂၁၃။ လုလင် သင်သည် အမှန်ကိုသာ ပြောဆိုပေ၏၊ ငိုကြွေးမြည်တမ်းနေကြကုန်သော သင်နှင့်ငါ နှစ်ယောက်တို့တွင် ငါကသာလျှင် ပို၍ မိုက်၏၊ လဗိမာန်ကို တောင့်တလျက် ငိုကြွေးမြည်တမ်းနေသော သူငယ်ကဲ့သို့ သေလွန်သောသူကို ငါတောင့်တမိချေပြီ (ဟု ပုဏ္ဏားက ဆို၏)။

၁၂၁၄။ လုလင် ထောပတ်ဖြင့် သွန်းလောင်းထားသည်ဖြစ်၍ ရဲရဲညီးညီးတောက်နေသောမီးကို ရေဖြင့် သွန်းလောင်းလိုက်ဘိသကဲ့သို့ ထို့အတူ သင်သည် သောကမီး တောက်လောင်နေသော ငါ၏ ပူပန်မှုအားလုံးကို ငြိမ်းအေးစေလေပြီတကား။

၁၂၁၅။ အကြင်သင်သည် ပူဆွေးမှု သောကနှိပ်စက်နေသော ငါ့အား သားကြောင့်ဖြစ်သော ပူဆွေးမှုသောကကို ပယ်ဖျောက်နိုင်ပေ၏၊ ထိုသင်သည် ငါ၏နှလုံး၌ မှီသော ပူဆွေးမှုသောကတည်းဟူသော ငြောင့်ကို နုတ်ပေသည်တကား။

၁၂၁၆။ လုလင် ထိုငါသည် ပူဆွေးမှုသောကဟူသော ငြောင့်ကို နုတ်ပယ်ပြီးသူ ငြိမ်းချမ်းပြီးသူ ငြိမ်းအေးပြီးသူ ဖြစ်ပေတော့၏၊ လုလင် သင်၏ တရားစကားကို ကြားနာရသောကြောင့် ငါသည် မပူဆွေးတော့ပါ၊ မငိုကြွေးတော့ပါ။

၁၂၁၇။ လုလင် သင်သည် စာတုမဟာရာဇ်နတ် ဖြစ်လေသလော၊ ဂန္ဓဗ္ဗနတ်မျိုး ဖြစ်လေသလော၊ သို့မဟုတ် ရှေး၌အလှူကို ပေးတတ်သော သိကြား ဖြစ်လေသလော၊ သင်သည် အဘယ်မည်သော သူပေနည်း၊ အဘယ်သူ၏ သားပေနည်း၊ ငါတို့သည် သင့်ကို အဘယ်သို့ သိရပါကုန်အံ့နည်း (ဟု ပုဏ္ဏားက ဆို၏)။

၁၂၁၈။ ပုဏ္ဏား သင်သည် (မဋ္ဌကုဏ္ဍလီ) ကို သုသာန်၌ မိမိကိုယ်တိုင် ဖုတ်ကြည်း သင်္ဂြိုဟ်ပြီးလျှင် အကြင်သားကို (ရည်၍) မြည်တမ်း၏၊ အကြင်သားကို (ရည်၍) ငိုကြွေး၏၊ သင်၏ သားဖြစ်သော ထိုငါသည် ကုသိုလ်ကံကို ပြုခဲ့သောကြောင့် တာဝတိံသာနတ်တို့၏ အသင်းဝင် အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏ (ဟု မဋ္ဌကုဏ္ဍလီ နတ်သားက ဆို၏)။

၁၂၁၉။ လုလင် မိမိအိမ်၌ ပေးလှူသော သင်၏ အနည်းငယ်သော အလှူကိုသော်၎င်း များစွာသော အလှူကိုသော်၎င်း ငါတို့ မမြင်ကြရပါကုန်၊ သင် စောင့်သုံးသော ထိုသို့သဘောရှိသော ဥပုသ်ကံကိုသော်လည်း ငါတို့ မမြင်ကြရပါကုန်၊ အဘယ်ကံကြောင့် သင်သည် နတ်ပြည်သို့ လာရောက်ရသနည်း (ဟု ပုဏ္ဏားက မေး၏)။

http://www.dhammadownload.com



၁၂၂၀။ ပုဏ္ဏား ငါသည် မိမိအိမ်၌ အနာနိုပ်စက်သည်ဖြစ်၍ ဆင်းရဲခြင်းသို့ ရောက်လျက် နာကျင်သော သဘောရှိသူ (သူနာ)ဖြစ်ခဲ့ပါ၏၊ ကိလေသာမြူမှ ကင်းတော်မူပြီးသော မဝေခွဲနိုင်မှု ဝိစိကိစ္ဆာကို လွန်မြောက်တော်မူပြီးသော ကောင်းသော စကားကို ဆိုတော်မူသော မယုတ်လျော့သော ပညာလည်းရှိသော မြတ်စွာဘုရားကို ဖူးမြင်လိုက်ရပါပြီ။

၁၂၂၁။ ပုဏ္ဏား ထိုငါသည် ဝမ်းမြောက်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားအား လက်အုပ်ချီခဲ့ဘူးပါ၏၊ ငါသည် (လက်အုပ်ချီခြင်း) ကုသိုလ်ကံကို ပြုခဲ့သောကြောင့် တာဝတိံသာနတ်တို့၏ အသင်းဝင် အပေါင်းအဖော်အဖြစ်သို့ ရောက်ရပါ၏ (ဟု မဋ္ဌကုဏ္ဍလီနတ်သားက ဖြေဆို၏)။

၁၂၂၂။ အံ့ဖွယ်ရှိပေစွတကား၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွတကား၊ လက်အုပ်ချီခြင်း မျှ၏လည်း ဤသို့သော အကျိုးဖြစ်ဘိသေး၏၊ ငါသည်လည်း ဝမ်းမြောက်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ယနေ့ပင်လျှင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတော့အံ့ (ဟု ပုဏ္ဏားက ဆို၏)။

၁၂၂၃။ ပုဏ္ဏား သင်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ယနေ့ပင်လျှင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့၊ တရားတော်ကိုင်၎င်း သံဃာတော်ကိုင်၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့၊ ထိုပြင် သိက္ခာပုဒ်ငါးပါးတို့ကိုလည်း မကျိုးမပျက်အောင် ဆောက်တည်လေလော့။

၁၂၂၄။ သူ့အသက်ကို သတ်ခြင်းမှ လျင်စွာရှောင်ကြဉ်ပါလော့၊ လောက၌ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ပါလော့၊ သေအရက်ကို မသောက်မစားပါလင့်၊ မဟုတ်မမှန်သော စကားကိုလည်း မပြောပါလင့်၊ မိမိမယားဖြင့်သာ ရောင့်ရဲသူ ဖြစ်ပါလော့ (ဟု မဋ္ဌကုဏ္ဍလီနတ်သားက သတိပေးဆုံးမ၏)။

၁၂၂၅။ နတ်သား သင်သည် ငါ၏အကျိုးကို အလိုရှိသူဖြစ်ပေ၏၊ နတ်သား ငါ၏ အစီးအပွါးကိုလည်း အလိုရှိသူ ဖြစ်ပေ၏၊ သင်၏စကားကို ငါလိုက်နာပါ၏၊ သင်သည် ငါ၏မှီရာ ဖြစ်ပါပေ၏။

၁၂၂၆။ ငါသည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အတုမရှိသော တရားတော်ကိုင်၎င်း မြတ်စွာဘုရား၏ တပည့်သာဝက သံဃာတော်ကိုင်၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၂၂၇။ အသက်သတ်ခြင်းမှ လျင်စွာ ရှောင်ကြဉ်ပါ၏၊ လောက၌ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ပါ၏၊ သေအရက်ကို မသောက်စားတော့ပါ၊ မဟုတ်မမှန်သော စကားကိုလည်း မပြောဆိုပါ၊ မိမိမယားဖြင့်သာ ရောင့်ရဲသူဖြစ်ပါ၏ (ဟု ပုဏ္ဏားက ပြောဆို၏)။

ကိုးခုမြောက်သော မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၁၀-သေရီသကဝိမာနဝတ္ထု

၁၂၂၈။ အရှင်ဘုရားတို့ နာတော်မူကြပါကုန်၊ အကြင်သဲကန္တာရ ခရီး၌(လမ်းမှားပြီး သွားသော) ထိုအခါ၌ ယခ် နတ်သားနှင့် ကုန်သည်တို့ ပေါင်းဆုံမိခြင်း ဖြစ်ခဲ့ပါ၏၊ ထို နတ်သားနှင့် ကုန်သည်တို့ အပြန်အလှန် ကောင်းစွာပြောဆိုအပ်သော ထိုစကားကိုလည်း ပြောဆိုသည့်အတိုင်း အားလုံးသော အရှင်ဘုရားတို့ နာတော်မူကြပါကုန်။

၁၂၂၉။ အရှင်ဘုရားတို့ အကြင်ပါယာသိရာဇညမင်းသည် ဘုမ္မစိုးနတ်တို့ အသင်း ဝင်၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၏၊ ကျော်စောခြင်း ရှိပါ၏၊ နတ်ဖြစ်နေသော ထိုပါယာသိရာဇညသည် မိမိဗိမာန်၌ ဝမ်းမြောက်သည်ဖြစ်၍ လူတို့ကို ပြောဆိုပါ၏။

၁၂၃၀။ (တောသို့ ဝင်ကုန်သော လူတို့ အသက်ရှင်ပါကုန်အံ့လော၊ သေရကုန် အံ့လော)ဟု တွေးတောယုံမှားရာဖြစ်၍ မြေဘုတ်ဘီလူး အစရှိသည်တို့၏ သွားလာရာ ဖြစ်သော ရေမရှိသော အစာမရှိသော ကူးမြောက်ရန် အလွန်ခက်ခဲသော သဲကန္တာရ အလယ်၌ တွေးတောယုံမှားမှုတို့ကြောင့် ကြောက်လန့်၍ စိတ်နှလုံးပျက်ကုန်သော အိုလူများတို့....

၁၂၃၁။ ဤသဲကန္တာရ၌ သစ်သီးတို့သည်၎င်း, အမြစ်အဥတို့သည်၎င်း မရှိကုန်၊ ဤသဲကန္တာရ၌ မီးလောင်စာထင်းမျှသော်လည်း မရှိ၊ ကျယ်ဝန်း ပူလောင် ကြမ်းထမ်း ကုန်သော မြေမှုန့်တို့နှင့် သဲတို့မှတပါး လူတို့စားရန် အစာအာဟာရမှာ ရှိမည်နည်း။

၁၂၃၂။ ကျတ်တီးပြင် ကုန်းခေါင်ခေါင်ဖြစ်၍ သံအိုးကင်းပူကဲ့သို့ ချစ်ချစ်တောက် ပူလောင်သော ချမ်းသာမှု မရှိခြင်းကြောင့် အသက်ကို ဖျက်ဆီးတတ်သော ငရဲနှင့်လည်း တူသော ဤသဲကန္တာရအရပ်သည် ကြမ်းကြုတ်ကုန်သော မြေဘုတ်ဘီလူးအစရှိသည့် တို့၏ နေရာဟောင်း ဖြစ်၏၊ မြေအရပ်သည် (ဤသို့ ခေါင်းပါးစေ ကြမ်းသော အခြင်း အရာရှိစေ)ဟု ရှေးက ရသေ့တို့ ကျိန်ဆဲထားသည်နှင့် တူ၏။

၁၂၃၃။ ထိုသို့ ဖြစ်လျက် သင်တို့သည် အဘယ်အကြောင်းကြောင့် အဘယ်ကို တောင့်တကုန်၍ ဤအရပ်သို့ ဝင်လာကြကုန်သနည်း၊ အဆောတလျင်(အကျိုးအပြစ်ကို) မစူးမစမ်းပဲ ဝင်လာကုန်သလော၊ လောဘကြောင့်သော်လည်း ဝင်လာကုန်သလော၊ ဘေးရန်ကြောင့်သော်လည်း ဝင်လာကုန်သလော၊ သို့မဟုတ် လမ်းမှား၍သော်လည်း ဝင်လာကုန်သလော(ဟု နတ်သားက ကုန်သည်များကို မေး၏)။

၁၂၃၄။ မဂဓတိုင်း အင်္ဂတိုင်းတို့၌ နေကုန်သော လှည်းကုန်သည် ဖြစ်ကြသော ထို အကျွန်ုပ်တို့သည် ဥစ္စာကို အလိုရှိကုန်သည်ဖြစ်၍ အမြတ်ကို တောင့်တကုန်လျက် များစွာ သော ဘဏ္ဍာကို (လှည်းထက်၌ တင်ကုန်၍) သိန္ဓုအရပ် သောဝီရအရပ်သို့ သွားကြရပါ ကုန်၏။

၁၂၃၅။ နေ့အခါ၌ ရေမွတ်သိပ်ခြင်းကို သည်းမခံနိုင်ကုန်သည်ဖြစ်၍ နွားအစရှိကုန် သော သတ္တဝါတို့အား ချီးမြှောက် ထောက်ပံ့မှုကိုလည်း ကောင်းစွာ ရှုဆင်ခြင်ကုန်လျက် အခါမဟုတ်သော ညဉ့်၌ ခရီးသွားကုန်သော အကျွန်ုပ်တို့ အားလုံးသည် ဤသို့သော အဟုန်ဖြင့် သွားကြပါကုန်၏။

http://www.dhammadownload.com



၁၂၃၆။ ခရီးလမ်းမှားကို သွားကုန်၍ ချွတ်လွဲသော ခရီးရှိကုန်သောကြောင့် သူကန်းကဲ့သို့ နှောက်ယှက်ကုန်သည်ဖြစ်၍ (ခရီးမှားသဖြင့်) စိတ်ပျက်ကုန်သော ထိုအကျွန်ုပ်တို့သည် တောဌ် ထွက်မြောက်ရန် အလွန်ခဲယဉ်းသော သဲကန္တာရ ခရီးအလယ်တွင် ပြင်းစွာတွေဝေသော စိတ်ရှိကုန်သည်ဖြစ်၍ သွားရမည့်အရပ်ကို မသိနိုင်ကြပါကုန်။

၁၂၃၇။ နတ်သား ရှေးက မမြင်ဘူးသော ဤဗိမာန်မြတ်ကိုင်း, သင်နတ်သားကိုင်း, မြင်ရခြင်းကြောင့် ရှေးကထက်အလွန် အသက်ကို တောင့်တကြပါကုန်၏၊ (သင့်ကို) မြင်ရခြင်းကြောင့် ရွှင်လန်းကြပါကုန်၏၊ ဝမ်းသာကြပါကုန်၏၊ တက်ကြွကြပါကုန်၏ (ဟု ကုန်သည်များက ပြောဆို၏)။

၁၂၃၈။ (ကုန်သည်တို့) သင်တို့သည် ဥစ္စာစည်းစိမ်ဟူသော အကြောင်းကြောင့် သမုဒ္ဒရာ၏ ကမ်းတဖက်သို့ငှင်း, ဤသဲကန္တာရခရီးခဲသို့ငှင်း, ကြိမ်နွယ်တို့ဖြင့်ဖွဲ့၍ သွားအပ်သော ခရီးသို့ငှင်း, သစ်ငုတ်တံသင်းတို့ကို နုတ်၍ သွားအပ်သော ခရီးသို့ငှင်း, ထိုမှတပါး မြစ်တို့သို့ငှင်း, တောင်တို့၏ မညီမညွတ်သော အရပ်တို့သို့ငှင်း ဤများစွာသော အရပ်မျက်နှာတို့သို့ သွားကြရကုန်၏။

၁၂၃၉။ (ကုန်သည်တို့) သင်တို့သည် တပါးသော မင်းတို့၏ နိုင်ငံသို့ ဝင်ကုန်၍ တိုင်းတပါးသားတို့ကို ကြည့်ရှုလျက် (သွားကြရကုန်၏။) ဤသို့သော နည်းဖြင့်(ရောက်ပေါက်ကုန်သော) သင်တို့ ကြားဘူးမြင်ဘူးသော အံ့ဩဖွယ်ကို သင်တို့ထံမှ ကြားနာလိုပါကုန်၏ (ဟု နတ်သားက ပြောဆို၏)။

၁၂၄၀။ နတ်သား ဤသင့်ဗိမာန်နှင့် သင်နတ်သားထက် အထူးသဖြင့် အံ့ဩချီးမွမ်းဖွယ်ကို အကျွန်ုပ်တို့ ကြားလည်း မကြားစဘူး၊ မြင်လည်း မမြင်စဘူးပါ၊ လူတို့၏ အဆင်းသဏ္ဌာန်ကို လွန်သော ပြည့်စုံသော အဆင်းသဏ္ဌာန်ရှိသော(သင်နတ်သားနှင့်တကွ) အလုံးစုံသော (ဗိမာန်စသော စည်းစိမ်)ကို မြင်ကြရကုန်၍ မရောင့်ရဲနိုင်ကြပါကုန်။

၁၂၄၁။ များသော ပန်းရှိကုန်သော များသော ကြာပုဏ္ဍရိက်ရှိကုန်သော ရေကန်တို့သည် ကောင်းကင်ပြင်ဝယ် စီးသွားကုန်၏၊ သင်၏ ဤသစ်ပင်တို့သည်လည်း အခါခပ်သိမ်း အသီးနှင့် ပြည့်စုံကုန်သည်ဖြစ်၍ မွှေးကြိုင်သော ရနံ့တို့သည် အလွန်လျှင် ပျံ့လှိုင်ကုန်၏။

၁၂၄၂။ အတောင်တရာ မြင့်ကုန်သော ကြောင်မျက်ရွဲတိုင်တို့ငှင်း, အမြှောင့်ရှည်ကုန်သော ကျောက်တိုင်သန္တာတိုင်တို့ငှင်း, ပတ္တမြားနီနှင့်တကွ ပတ္တမြားပြောက်တိုင်တို့ငှင်း, ဇောတိရသ ကျောက်မျက်ရတနာဖြင့် ပြီးသော တိုင်တို့ငှင်း ဤတိုင်တို့သည် (ရှိကြကုန်၏)။

၁၂၄၃။ ထိုတိုင်တို့၏ အထက်၌ သီတိုင်တထောင် တည်ရှိသော မနှိုင်းယှဉ်အပ်သော အာနုဘော်လည်းရှိသော ရတနာအမျိုးမျိုးတို့နှင့် ယှဉ်၍ ရွှေပွတ်တိုင်တို့ဖြင့် ဝန်းရံအပ်သော အမျိုးမျိုးသော ရတနာတို့ဖြင့်ပြီးသော အမိုးတို့ဖြင့် ကောင်းစွာမိုးအပ်သော သင်၏ ဤဗိမာန်သည် ကောင်းလှပါပေ၏။

http://www.dhammadownload.com



၁၂၄၄။ သင်၏ ဤဗိမာန်သည် ဦးသစ်သော ဇမ္ဗူရာဇ် ရွှေစင်ကဲ့သို့ ထွက်သော အရောင်အလျှံ ရှိ၏၊ ထိုဗိမာန်၏ ထိုထိုအစိတ်အပိုင်းသည် အလွန်ပြေပြစ် ချောမောလှ၏၊ ပြာသာဒ်ဆောင် စောင်းတန်း လှေခါး တံကဲမှီပျဉ်တို့နှင့်လည်း ပြည့်စုံပေ၏၊ မြဲမြံခိုင်ခံ့လှ၏၊ အဆင်းသဏ္ဌာန်လည်း အလွန်လှ၏၊ ကောင်းစွာ စုပေါင်းထားသော အစိတ်အပိုင်းလည်း ရှိ၏၊ အလွန်လျှင် ရှုချင်ဖွယ် ကောင်း၏၊ စိတ်နှစ်သက်ဖွယ်လည်း ရှိ၏။

၁၂၄၅။ ရတနာဗိမာန်၏ အတွင်း၌ များစွာသော ထမင်းအဖျော် ရှိ၏၊ (သင်သည်) နတ်သမီးအပေါင်း ခြံရံကာ မုရိုးစည် အာလမ္ဗရစည်နှင့် အခြားတူရိယာတို့၏ အသံတို့ဖြင့် ခြိမ့်ခြိမ့်ညံလျက် ချီးမွမ်းခြင်း (ထုတိမင်္ဂလာမျိုး)ဖြင့် ချီးကျူးခံထိုက်သူ ဖြစ်ပါပေ၏။

၁၂၄၆။ မကြံစည်နိုင်သော အာနုဘော်ရှိ၍ ဂုဏ်အားလုံးတို့နှင့် ပြည့်စုံသော ထိုသင်သည် နဠိနီမည်သော ကစားရာ ဌာန၌ ဝေဿဝဏ်နတ်မင်းကြီးကဲ့သို့ နတ်သမီးအပေါင်းသည် နိူးအပ်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရှိသော ဗိမာန်ပြာသာဒ်မြတ်၌ မွေ့လျော်ရပါပေ၏။

၁၂၄၇။ နတ်သား သင်သည် စာတုမဟာရာဇ် နတ်ဖြင်လေသလော၊ သို့မဟုတ် ပူဇော်အပ်သော နတ်ပင် ဖြစ်လေသလော၊ သို့မဟုတ် နတ်တို့၏ အရှင် သိကြားမင်း ဖြစ်လေသလော၊ လူပင် ဖြစ်လေသလော၊ လှည်းကုန်သည်တို့သည် သင့်ကို မေးပါကုန်၏၊ အကျွန်ုပ်တို့အား ဖြေကြားပါလော့၊ သင်အဘယ်သူ ဖြစ်ပါသနည်း၊ ပူဇော်အပ်သော နတ်ပင်ဖြစ်လေသလော (ဟု ကုန်သည်များက မေး၏)။

၁၂၄၈။ ကုန်သည်တို့ ငါသည် သဲကန္တာရ၌ စောင့်ရှောက်သော ကန္တာရခရီးစောင့် သေရိသကအမည်ရှိသော နတ်ပါတည်း၊ ငါသည် ဝေဿဝဏ်နတ်မင်းကြီး၏ စကားကို လိုက်နာရသည်ဖြစ်၍ ဤသဲကန္တာရအရပ်ကို စောင့်ရှောက်ရပါ၏(ဟု နတ်သားက ဖြေ၏)။

၁၂၄၉။ နတ်သား သင်သည် (ဤဗိမာန်ကို) အကြောင်း မရှိပဲ အလိုလို ရအပ်လေသလော၊ သင်၏ စိတ်ညွတ်မှုကြောင့် ဖြစ်လေသလော၊ မိမိကိုယ်တိုင် ပြုလုပ် ထားသလော၊ သို့မဟုတ် နတ်တို့က ပေးပါသလော၊ လှည်းကုန်သည်တို့သည် သင့်ကို မေးပါကုန်၏၊ သင်သည် နှစ်သက်ဖွယ်သော ဤဗိမာန်ကို အဘယ်အကြောင်းကြောင့် ရအပ်သနည်း (ဟု ကုန်သည်များက မေး၏)။

၁၂၅၀။ ကုန်သည်တို့ ငါသည် (ဤဗိမာန်ကို) အကြောင်း မရှိပဲ အလိုလို ရအပ်သည်လည်း မဟုတ်၊ ငါ၏ စိတ်ညွတ်မှုကြောင့် ဖြစ်သည်လည်း မဟုတ်၊ ငါသည် မိမိကိုယ်တိုင် ပြုလုပ်ထားသည်လည်း မဟုတ်၊ နတ်တို့က ပေးအပ်သည်လည်း မဟုတ်၊ မယုတ်မာသော မိမိဥစ္စာဖြစ်သော ကောင်းမှုကံတို့ကြောင့် နှစ်သက်ဖွယ်ရှိသော ဤဗိမာန်ကို ငါရ၏ (ဟု နတ်သားက ဖြေ၏)။

၁၂၅၁။ နတ်သား သင်၏ ဆောက်တည်သော အကျင့်သည် အဘယ်ပါနည်း၊ မြတ်သော အကျင့်သည် အဘယ်ပါနည်း၊ နတ်သား ဤအကျိုးသည် အဘယ်သို့သော အလေ့အကျင့် ကောင်း၏ အကျိုးပါနည်း၊ လှည်းကုန်သည်တို့သည် သင့်ကို မေးပါကုန်၏၊

http://www.dhammadownload.com



သင်သည် ဤဗိမာန်ကို အဘယ်ကုသိုလ်ကံကြောင့် ရအပ်ပါသနည်း (ဟု ကုန်သည်များက မေးမြန်း၏)။

၁၂၅၂။ ကုန်သည်တို့ ငါသည် ကောသလတိုင်းသူတို့၏ မင်းအဖြစ်ကို ပြုခဲ့စဉ်အခါက ပါယာသိရာဇညဟူသော အမည်ရှိခဲ့၏၊ အလှူပေးခြင်း၏ အကျိုးသည် မရှိဟု အယူရှိခဲ့ဘူး၏၊ နှမြော စေးနှဲ ဝန်တိုခဲ့ဘူး၏၊ ယုတ်မာသော အကျင့်လည်း ရှိခဲ့ဘူး၏၊ (သတ္တဝါသည် သေသည်မှနောက် ပြတ်၏၊ တမလွန်လောကဟူ၍ မဖြစ်ဟူသော ဥစ္ဆေဒဒိဋ္ဌိ) အယူ ရှိခဲ့ဘူး၏။

၁၂၅၃။ ထိုစဉ်အခါက အကြားအမြင်များ၍ တရားစကားကို ဆန်းကြယ်စွာ ပြောဟောတတ်သော မြင့်မြတ်သော ကုမာရကဿပအမည်ရှိသော ရဟန်းသည်လည်း ရှိခဲ့၏၊ ထိုရဟန်းသည် ငါ့အား တရားစကားကို ပြောခဲ့၏၊ ငါ၏ မှားသောအယူတည်းဟူသော ငြောင့်တန်သင်းတို့ကို ပယ်နုတ်တော်မူခဲ့၏။

၁၂၅၄။ ကုန်သည်တို့ ငါသည် ထိုရဟန်း၏ ထိုတရားစကားကို ကြားနာရ၍ ဥပါသကာ၏ အဖြစ်ကို လျှောက်ကြားခဲ့ဘူး၏၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ လောက၌ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ သေအရက် မသောက်မစားခဲ့ဘူးပေ၊ မဟုတ်မမှန်သော စကားကိုလည်း မပြောဆိုခဲ့ပေ၊ မိမိမယားဖြင့်သာ ရောင့်ရဲခဲ့ဘူး၏။

၁၂၅၅။ ကုန်သည်တို့ ငါသောက်တည်၍ ကျင့်သော အကျင့်သည် ထိုဆိုအပ်ခဲ့ပြီးသော အကျင့်ပင်တည်း၊ မြတ်သော အကျင့်သည်လည်း ထိုအကျင့်ပင်တည်း၊ ဤအကျိုးသည် ထိုဆိုအပ်ခဲ့ပြီးသော ကောင်းသော အလေ့အကျင့်၏ အကျိုးတည်း၊ ငါသည် ထိုမယုတ်မာသော ကောင်းမှု ကုသိုလ်ကံတို့ကြောင့်သာလျှင် ဤဗိမာန်ကို ငါရ၏ (ဟု နတ်သားက ပြောဆို၏)။

၁၂၅၆။ ပညာရှိကုန်သောလူတို့သည် မှန်သောစကားကို ပြောဆိုကုန်သတတ်၊ ပညာရှိကုန်သော သူတို့၏ စကားသည် ဖောက်ပြန်ခြင်း မရှိ၊ ကောင်းမှုရှိသော သူသည် အကြင် အကြင် အရပ်သို့ ရောက်အံ့၊ ထိုထိုအရပ်၌ လိုတိုင်းရလျက် မွေ့လျော် စံပျော်ရ၏။

၁၂၅၇။ အကြင် အကြင် အရပ်၌ စိုးရိမ်ပူဆွေးမှု ငိုကြွေး မြည်တမ်းရမှုသည်၎င်း, သတ်ဖြတ် ညှဉ်းဆဲမှုသည်၎င်း, နှောင်ဖွဲ့မှုသည်၎င်း, ဆိုခဲ့ပြီးသော အကျိုးမဲ့ ဘေးရန်ဖြစ်ခြင်းသည်၎င်း အကြင် အကြင် အရပ်၌ ရှိ၏၊ မကောင်းမှု ကံရှိသော သူသည် ထိုထို အရပ်သို့ ရောက်တတ်၏၊ မကောင်းရာသော လားရာ 'ဒုဂ္ဂတိဘဝ'မှ တခါတရံမျှ မလွန်နိုင်(ဟု ကုန်သည်များက ပြောဆို၏)။

၁၂၅၈။ နတ်သား နတ်အပေါင်းသည် အချင်းခပ်သိမ်း တွေဝေသော သဘော ရှိသကဲ့သို့ ဖြစ်၏၊ ဤအခိုက်အတန့် ခဏ၌ပင် ညှန်နစ်ရေကဲ့သို့ နောက်ကျုခြင်း သဘော ရှိ၏၊ နတ်သား အဘယ်အကြောင်းကြောင့် သင်၏ခြွေရံပရိသတ်ဖြစ်သော ဤ နတ်အပေါင်းနှင့် သင်နတ်သားအား နှလုံးမသာယာမှု ဖြစ်ရလေသနည်း(ဟု ကုန်သည်များက မေးမြန်း၏)။

http://www.dhammadownload.com



၁၂၅၉။ ကုန်သည်တို့ နတ်၌ ဖြစ်ကုန်သော မွေးကြိုင်ကုန်သော ဤ ရနံ့ကိုသည် ကုက္ကိုတောမှ ထက်ဝန်းကျင် ပျံ့လှိုင်ကုန်၏၊ ထိုအနံ့လှိုင်သော ကုက္ကိုပန်းတို့သည် နေ့၌ရင်း, ညဉ့်၌ရင်း အမိုက်မှောင်ကို ပယ်ဖျောက်ကုန်လျက် ဤဗိမာန်ကို ထက်ဝန်းကျင်မှ ပျံ့လှိုင်စေကုန်၏။

၁၂၆၀-၁။ ကုန်သည်တို့ ဤကုက္ကိုပင်တို့၏ အသီးသည် အနှစ်တရာမှ တခုစီ တခုစီ (ရင့်ရော်လျက်)ကြွေကျ၏၊ လူ၌ဖြစ်သော အနှစ်တရာ လွန်သွားပြီ၊ ငါသည် ဤ စတု-မဟာရာဇ် နတ်ပြည်၌ အကြင် အခါမှစ၍ ဖြစ်၏၊ ထိုအခါမှစ၍ ငါသည် နတ်၌ဖြစ်သော အနှစ်ငါးရာတို့ပတ်လုံး ဤဗိမာန်၌ တည်ပြီးလျှင် အသက်အပိုင်းအခြား ကုန်ခြင်းကြောင့်ရင်း, ကုသိုလ်ကံ ကုန်ခြင်းကြောင့်ရင်း သေရတော့လတ္တံ့-ဟု မြင်၍ ထို သေရမည်ကို အကြောင်းပြု၍ဖြစ်သော စိုးရိမ်မှု သောကကြောင့် မိန်းမော တွေဝေရ၏(ဟု နတ်သားက ပြောဆို၏)။

၁၂၆၂။ နတ်သား အကြင်သူတို့သည်ကား အနည်းငယ် တိုတောင်းစွာ ဖြစ်ရကုန်၏၊ ဘုန်းကံနည်းကုန်သော ထိုသူတို့သည်သာလျှင် စိုးရိမ်ကုန်ရာသည် မဟုတ်လော၊ မနှိုင်းယှဉ်အပ်သော ဗိမာန်ကို ရ၍ ကြာမြင့်စွာသော ကာလပတ်လုံး နတ်စည်းစိမ်ကို ခံစားလျက် တည်နေသော ထိုသို့ သဘောရှိသော သင်သည် အဘယ် အကြောင်းကြောင့် စိုးရိမ်ရပါသနည်း(ဟု ကုန်သည်များက ဆို၏)။

၁၂၆၃။ ကုန်သည်တို့ သင်တို့သည် ငါ့ကို အကြင် ချစ်မြတ်နိုးဖွယ် စကားကို ဆိုကုန်၏၊ ထိုစကားသည်လည်း ငါ့အား လျောက်ပတ်ပါပေ၏၊ ငါသည်လည်း သင်တို့ကို စောင့်ရှောက်ခဲ့ပြီ၊ သင်တို့ အလိုရှိရာ အရပ်သို့ ချမ်းသာစွာ သွားကြကုန်လော(ဟု နတ်သားက ပြောဆို၏)။

၁၂၆၄။ နတ်သား အကျွန်ုပ်တို့သည် ဥစ္စာကို အလိုရှိကုန်သည်ဖြစ်၍ အမြတ်ကို တောင့်တကုန်လျက် သိန္ဓုအရပ် သောဝီရအရပ်သို့ သွားကြပြီးလျှင် ဝန်ခံသည်အားလျော်စွာ လုံ့လရှိကုန်လျက် စွန့်ကြဲမှုနှင့် ပြည့်စုံကုန်သည်ဖြစ်၍ ကြီးမြတ်သော သေရီသက နတ်ပူဇော်ပွဲသဘင်ကို ပြုကြပါကုန်အံ့(ဟု ကုန်သည်များက ဆို၏)။

၁၂၆၅။ ကုန်သည်တို့ သင်တို့သည် သေရီသက နတ်သားအား ပူဇော်ခြင်းကို မပြုကြကုန်လင့်၊ သင်တို့သည် အကြင် စကားကို ဆိုကုန်၏၊ ထိုပြောဆိုသမျှ စကား အားလုံးသည် သင်တို့ဆိုတိုင်း ဖြစ်လတ္တံ့၊ သင်တို့သည် ယုတ်ညံ့ကုန်သော မကောင်းမှုကံတို့ကို ကြဉ်ရှောင်ကြကုန်လော့၊ ဒါနစသော ကုသိုလ်တရား အားထုတ်ခြင်းကိုလည်း ဆောက်တည် ကျင့်သုံးကြကုန်လော့။

၁၂၆၆။ ကုန်သည်တို့ ဤလူအပေါင်းတွင် များသော အကြားအမြင်လည်း ရှိသော သီလအကျင့်တို့နှင့်လည်း ပြည့်စုံသော ယုံကြည်မှု'သဒ္ဓါ'လည်းရှိသော စွန့်ကြဲမှု'စာဂ'လည်း ရှိသော သီလကို အလွန် ချစ်မြတ်နိုးသော ထိုထို ကိစ္စကို ပြုခြင်း၌ လိမ္မာသော ရောင့်ရဲလွယ်သော ပစ္စုပ္ပန် တမလွန် နှစ်တန်သော အစီးအပွါးတို့ကိုလည်း သိတတ်သော ဥပါ-သကာသည် ရှိ၏။

http://www.dhammadownload.com



၁၂၆၇။ ကုန်သည်တို့ ဥပါသကာသည် သိလျက် မဟုတ် မမှန်သောစကားကို မပြောဆို၊ သူတပါးကို သတ်ဖြတ် ညှဉ်းဆဲခြင်းငှါ မကြံစည်၊ ကွဲပြားကြောင်းဖြစ်သော ကုန်းစကားကို မပြောဆို၊ သိမ်မွေ့၍ ပြေပြစ်သော စကားကို ပြောဆို၏။

၁၂၆၈။ ကုန်သည်တို့ ရိုသေခြင်း တုပ်ဝပ်ခြင်းနှင့် တကွ ဖြစ်၍ ဆုံးမအပ်ပြီးသော ကိုယ်နှုတ်နှလုံးရှိသော ယုတ်မာသော အကျင့်မရှိသော အဓိသီလသိက္ခာ၌ အထူးသဖြင့် စင်ကြယ်သော ထိုဥပါသကာသည် စင်ကြယ်သော အသက်မွေးခြင်းရှိသည်ဖြစ်၍ အမိကိုငှင်း, အဖကိုငှင်း တရားသဖြင့် လုပ်ကျွေး မွေးမြူ၏။

၁၂၆၉။ ကုန်သည်တို့ ထိုဥပါသကာသည် အမိအဖတို့၏ အကြောင်းကြောင့် စည်းစိမ် ဥစ္စာတို့ကို ရှာမှီး၏၊ မိမိဟူသော အကြောင်းကြောင့် ရှာမှီးသည် မဟုတ်၊ နိဗ္ဗာန်သို့ စိတ်ညွတ်သော ထိုဥပါသကာသည် အမိအဖတို့ သေလွန်သည်ရှိသော် မြတ်သော အကျင့်ကို ကျင့်လတ္တံ့။

၁၂၇၀။ ကုန်သည်တို့ မကောက်ကျစ် မစဉ်းလဲ မလှည့်ပတ်မူ၍ ဖြောင့်မတ်သော ထိုဥပါသကာသည် ပရိယာယ် ကြံဆသဖြင့်သော်လည်း မပြောဆို၊ ကောင်းစွာ ပြုအပ်သော ကုသိုလ်ကံကို ပြုလေ့ရှိ၍ တရား၌တည်သော ထိုသို့ သဘောရှိသော ဥပါသကာသည် အသို့လျှင် ဆင်းရဲကို ရရာအံ့နည်း။

၁၂၇၁။ ကုန်သည်တို့ ထိုဥပါသကာဟူသော အကြောင်းကြောင့် ငါသည် သင်တို့အား ကိုယ်ထင်ရှားပြ၏၊ ထိုကြောင့် သင်တို့သည် တရားကို ရှုကြကုန်လော့၊ သင်တို့သည် ထိုဥပါသကာ မပါမူ၍ (လာကြကုန်မူ) ဤသဲကန္တာရ၌ သူကန်းကဲ့သို့ နှောက်ယှက်သော စိတ်ရှိကုန်သည်ဖြစ်၍ ခရီးမှားသဖြင့် စိတ်ပျက်ကုန်လျက် သဲကန္တာရ၌ဖြစ်သော ဘေးရန် နှိပ်စက်ခြင်းဖြင့်ငှင်း, တပါးသော ဘေးရန် နှိပ်စက်ခြင်းဖြင့်ငှင်း တောအရပ်ဝယ် ပြာအဖြစ်သို့ လျင်မြန်စွာ ရောက်ကုန်ရာ၏၊ သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းသည် စင်စစ် ချမ်းသာ၏ (ဟု နတ်သားက ဆို၏)။

၁၂၇၂။ နတ်သား သင်သည် အကြင် ဥပါသကာကို ချီးမြှောက်ခြင်းငှါ ဤသဲကန္တာရခရီးသို့ ရောက်လာ၏၊ ထိုဥပါသကာသည် အဘယ်သူပါနည်း၊ အဘယ် အမှုကို ပြုလုပ်ပါသနည်း၊ အဘယ် အမည် ရှိပါသနည်း၊ ထိုဥပါသကာ၏ အနွယ်သည် အဘယ်ပါနည်း၊ အကျွန်ုပ်တို့သည်လည်း ထိုဥပါသကာကို တွေ့မြင်လိုပါကုန်၏၊ နတ်သား အကြင်သူကို သင် ချစ်မြတ်နိုး၏၊ အကျွန်ုပ်တို့သည် သင် ချစ်မြတ်နိုးသော ထိုသူကို သိလိုပါကုန်၏ (ဟု ကုန်သည်များက ဆို၏)။

၁၂၇၃။ ကုန်သည်တို့ သမ္ဘဝမည်သော အကြင် ဆတ္တာသည်သည် ခေါင်းဖြီးရန် ဘီး ထိုင်ခုံ ပျဉ်ချပ်တို့ကို မှီ၍ အသက်မွေးမြူလျက် ရတနာသုံးပါးကို ဆည်းကပ်သူ ဥပါသကာ ဖြစ်၏၊ ထိုသမ္ဘဝဆတ္တာသည်ကို သိကုန်လော့၊ ထိုဆတ္တာသည်သည် သင်တို့၏ အစေခံ တည်း၊ သင်တို့သည် ထိုဆတ္တာသည်ကို မရှုတ်ချကြကုန်လင့်၊ ထိုဆတ္တာသည်သည် သီလကို အလွန် ချစ်မြတ်နိုးသူ ဖြစ်၏ (ဟု နတ်သားက ဆို၏)။

http://www.dhammadownload.com



၁၂၇၄။ နတ်သား သင်ပြောဆိုသော ဥပါသကာကို အကျွန်ုပ်တို့သည် လူ့သဘော အားဖြင့် သိပါကုန်၏၊ ဂုဏ်အားဖြင့်ကား ဤသို့ သဘောရှိ၏ ဟူ၍ မသိကြပါကုန်၊ နတ်သား သင်၏ ကောင်းမြတ်သော စကားကို ကြားကုန်၍ အကျွန်ုပ်တို့သည်လည်း ထို ဥပါသကာကို ပူဇော်ကြပါကုန်အံ့(ဟု ကုန်သည်များက ဆို၏)။

၁၂၇၅။ ကုန်သည်တို့ ဤလှည်းကုန်သည် အပေါင်းတွင် အရွယ်ငယ်သူ အလတ်ဖြစ်သူ အရွယ်ကြီးရင့်သူ အားလုံးတို့သည် ငါ၏ ဗိမာန်သို့ တက်ကြကုန်လော့၊ နှမြောစဉ်းလဲသော စိတ်ရှိသူတို့သည် ကုသိုလ်ကောင်းမှုတို့၏ အကျိုးကို ကြည့်ရှု လှည့်ကြကုန်(ဟု နတ်သားက ဆို၏)။

၁၂၇၆။ ထိုအရပ်၌ ထိုကုန်သည် အားလုံးတို့သည် ဗိမာန်သို့ ငါအလျင် တက်မည်၊ ငါအလျင် တက်မည် (ဟု ဆိုကုန်လျက်) ထိုဆတ္တာသည်ဥပါသကာကို ရှေ့သွားပြုပြီးလျှင် သိကြားမင်း၏ ဗိမာန်နှင့် တူသော သေရီသကနတ်သားဗိမာန်သို့ တက်ကြကုန်၏။

၁၂၇၇။ ထိုဗိမာန်၌ ထိုကုန်သည်အားလုံးတို့သည် ငါအလျင် ငါအလျင်ဟူ၍ (သူ့ထက်ငါ) ဥပါသကာအဖြစ်ကို ပြောကြားကုန်၏၊ အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ကုန်ပြီ၊ လောက၌ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကုန်ပြီ၊ သေအရက်ကို မသောက်စားကြကုန်၊ မမှန်သော စကားကိုလည်း မပြောဆိုကြကုန်၊ မိမိမယားဖြင့်သာ နှစ်သိမ့် ရောင့်ရဲကြကုန်ပြီ။

၁၂၇၈။ ထိုဗိမာန်၌ ထိုကုန်သည် အားလုံးတို့သည် ငါအလျင် ငါအလျင်ဟူ၍ (သူ့ထက်ငါ) ဥပါသကာအဖြစ်ကို ပြောကြားကုန်ပြီးလျှင် ကုန်သည် အပေါင်းသည် သေရီသကနတ်သား ခွင့်ပြုအပ်သည်ဖြစ်၍ နတ်သား၏ တန်ခိုးအာနုဘော်ကို အဖန်တလဲလဲ ဝမ်းမြောက်ကုန်လျက် ဖဲသွားလေ၏။

၁၂၇၉။ ထိုကုန်သည်တို့သည် ဥစ္စာကို အလိုရှိကုန်သည်ဖြစ်၍ အမြတ်ကို တောင့်တ ကုန်လျက် သိန္ဓုအရပ် သောဝီရအရပ်သို့ သွားရောက်ကြကုန်ပြီးလျှင် ဝန်ခံသည်အား လျော်စွာ လုံ့လရှိကုန်လျက် ပြည့်စုံသော လာဘ်ရှိကုန်၍ ပါဋလိပုတ်ပြည်သို့ ဘေးမရှိပဲ ပြန်သွားကြလေကုန်၏။

၁၂၈၀။ ထိုကုန်သည်တို့သည် ချမ်းချမ်းသာသာ မိမိအိမ်သို့ ရောက်ကြသောအခါ သားသမီးတို့နှင့်ငှင်း၊ မယားတို့နှင့်ငှင်း ပေါင်းဆုံမိကြပြီးလျှင် အားရရွှင်လန်း ဝမ်းမြောက် နှစ်သက်ကုန်သည်ဖြစ်၍ ကြီးမြတ်သော သေရီသကနတ် ပူဇော်သဘင်ကို ပြုကြကုန်၏၊ ထိုကုန်သည်တို့သည် သေရီသက နတ်ကွန်းကို ဆောက်လုပ်ကြကုန်၏။

၁၂၈၁။ သူတော်ကောင်းတို့ကို မှီဝဲပေါင်းဖော်ရခြင်းသည် ဤသို့(အကျိုးမဲ့ကို တား မြစ်ခြင်း အကျိုးကို ပြီးစေခြင်း)သဘောရှိ၏၊ တရားတော်၏ ကျေးဇူးတို့ကို မှီဝဲခြင်းသည်

http://www.dhammadownload.com



များမြတ်သော အကျိုးအာနိသင် ရှိ၏၊ ဥပါသကာ တယောက်၏ အကျိုးငှါ ချီးမြှောက်ခြင်းကို ပြုသဖြင့် သတ္တဝါအားလုံးတို့ ချမ်းသာခြင်းသို့ ရောက်ကြကုန်၏။

ဆယ်ခုမြောက်သော သေရီသကဝိမာနဝတ္ထု ပြီး၏။

---

## ၁၁-သုနိက္ခိတ္တဝိမာနဝတ္ထု

၁၂၇၂။ နတ်သား ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏၊ ထက်ဝန်းကျင် တဆယ့် နှစ်ယူဇနာ ရှိ၏၊ ကြောင်မျက်ရွဲတိုင် ရှိကုန်သော ကျယ်ပြန့်သော စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍ တင့်တယ်ကုန်၏။

၁၂၇၃။ သင်နတ်သားသည် ထိုဗိမာန်၌ နေလျက် သောက်လည်း သောက်၏၊ စားလည်း စား၏၊ နတ်စောင်းတို့သည်လည်း သာယာစွာ မြည်ကုန်၏၊ ဤဗိမာန်၌ နတ်အရသာ ဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့ ရှိကုန်၏၊ ရွှေတန်ဆာတို့ဖြင့် ပြင်ဆင်ထားသော နတ်သမီးတို့သည်လည်း က ကြကုန်၏။

၁၂၇၄။ နတ်သား အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ်သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား ကောင်းကျိုး ပြည့်စုံသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ် အားလုံးတို့သည်လည်း ဖြစ်ပေါ်ကုန်သနည်း။

၁၂၇၅။ အာနုဘော်ကြီးသော နတ်သား ငါမေး၏၊ လူဖြစ်ခဲ့စဉ်က အဘယ်ကုသိုလ်ကံကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း(ဟု မေး၏)။

၁၂၇၆။ ထိုနတ်သားသည် အသျှင်မောဂ္ဂလ္လာန် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤ(မျက်မှောက်ဖြစ်သော)အကျိုး၏ အကြောင်းကံပြဿနာကို မေးမြန်းသည် အားလျော်စွာ ဖြေကြား၏။

၁၂၇၇။ အာနုဘော်ကြီးသော အရှင်ရဟန်း ရှေးဘဝက ကောင်းသော စကားကို ဆိုတော်မူတတ်သော (ကဿပ)မြတ်စွာဘုရား၏ ပုထိုးစေတီတော်၌ မကောင်းသဖြင့် တင်ထားသော ပန်းကို ကောင်းစွာ ပြုပြင်၍ တင်ထားလိုက်ခြင်းကြောင့် ကြီးမြတ်သော တန်ခိုးလည်း ရှိပါ၏၊ ကြီးမြတ်သော အာနုဘော်လည်း ရှိပါ၏၊ နတ်၌ဖြစ်သော ကာမဂုဏ်တို့နှင့်လည်း ပြည့်စုံရပါ၏။

၁၂၇၈။ အရှင်ဘုရား ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ထိုသို့ တောက်ပသော အရောင်အဆင်း ရှိပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား ဤအရပ်၌ ကောင်းကျိုး ပြည့်စုံပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်အား စိတ်နှစ်သက်ဖွယ် ဖြစ်ကုန်သော စည်းစိမ် အားလုံးတို့သည်လည်း ဖြစ်ပေါ်ပါကုန်၏။

http://www.dhammadownload.com



၁၂၇၉။ အာနုဘော်ကြီးသော ရဟန်း အရှင်ဘုရားအား အကျွန်ုပ်သည် ဖြေကြားပါ၏၊ အကျွန်ုပ်သည် လူဖြစ်ခဲ့စဉ်က မကောင်းသဖြင့် တင်ထားသော ပန်းကို ကောင်းစွာ ပြုပြင်တင်ထားခြင်း ကုသိုလ်ကံကို ပြုခဲ့ဘူးပါ၏၊ ထိုကုသိုလ်ကံကြောင့် ဤသို့ တောက်ပသော တန်ခိုးအာနုဘော် ရှိပါ၏၊ ထိုကုသိုလ်ကံကြောင့် အကျွန်ုပ်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့ကို ထွန်းပပါ၏။

တဆယ့်တခုမြောက်သော သုနိက္ခိတ္တဝိမာနဝတ္ထု ပြီး၏။

ခုနစ်ခုမြောက်သော သုနိက္ခိတ္တဝဂ် ပြီး၏။

ယောကျ်ားတို့၏ သုံးခုမြောက်သော ဝဂ်ကို ဆိုအပ်၏။

လေးခုမြောက်သော ဘာဏဝါရ ပြီး၏။

# ဝိမာနဝတ္ထု (ဗိမာန်အကြောင်း) မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်

# ပေတဝတ္ထုပါဠိတော်

## မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဥရဂဝဂ်

### ၁-ခေတ္တူပမပေတဝတ္ထု

၁။ ရဟန္တာအရှင်တို့သည် လယ်မြေကောင်းနှင့် တူကုန်၏၊ ပေးလှူတတ်သူတို့သည် လယ်လုပ်သားနှင့် တူကုန်၏၊ လှူဖွယ်ဝတ္ထုသည် မျိုးစေ့နှင့် တူ၏၊ ဤ(ပေးတတ်သူ အလှူခံပုဂ္ဂိုလ် လှူဖွယ်ဝတ္ထုကို စွန့်ကြဲပေးကမ်းခြင်း) ဟူသော အကြောင်းသုံးပါးမှ အကျိုးတရား ဖြစ်ပေါ်လာ၏။

၂။ (လှူဖွယ်ဝတ္ထု ဟူသော) မျိုးစေ့ (စွန့်ကြဲပေးကမ်းခြင်း ဟူသော) လယ်ထွန်ခြင်း (ရဟန္တာ အရှင်ဟူသော) လယ်မြေ ဤသုံးမျိုးသည် ပြိတ္တာတို့အားရင်း, ပေးလှူတတ်သူ ဒါယကာအားရင်း (ကျေးဇူးများ၏။) ထိုဒါနအကျိုးကို ပြိတ္တာတို့ သုံးဆောင်ခံစားရကုန်၏၊ ပေးလှူတတ်သူ ဒါယကာသည် ကောင်းမှု (အကျိုး)ဖြင့် တိုးပွါး၏။

၃။ ဤလူ့ပြည်၌ပင်လျှင် ကုသိုလ်ကို ပြုခြင်းကြောင့် ပြိတ္တာတို့ကိုလည်း ပူဇော်ရ၍ ကောင်းမြတ်သော (ဒါနကုသိုလ်)ကံကို ပြုခြင်းကြောင့် နတ်ပြည်လောကသို့လည်း ရောက်ရ၏ (ဟု ဤဂါထာတို့ကို မြတ်စွာဘုရား ရွတ်ဆိုတော်မူ၏)။

ရှေးဦးစွာသော ခေတ္တူပမပေတဝတ္ထု ပြီး၏။

---

### ၂-သူကရမုခပေတဝတ္ထု

၄။ သင်၏ ကိုယ်သည် အလုံးစုံ ရွှေအဆင်းရှိသည်ဖြစ်၍ အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်း တောက်ပ၏၊ သင်၏ မျက်နှာသည်ကား ဝက်မျက်နှာနှင့် တူ၏၊ သင်သည် ရှေးဘဝက အဘယ်ကံကို ပြုခဲ့ဘူးသနည်း (ဟု အသျှင်နာရဒက မေး၏)။

http://www.dhammadownload.com



၅။ အသျှင်နာရဒ ရှေးဘဝက အကျွန်ုပ်သည် ကိုယ်ဖြင့် စောင့်စည်းသူ ဖြစ်ခဲ့ပါ၏၊ နှုတ်ဖြင့်မူကား မစောင့်စည်းခဲ့ပါ၊ ထို့ကြောင့် အကျွန်ုပ်၏ အဆင်းသည် အရှင်ဘုရား မြင်ရသည့်အတိုင်း ကိုယ်မှာ ရွှေအဆင်း မျက်နှာကား ဝက်မျက်နှာနှင့် တူသော အဆင်းသဏ္ဌာန် ရှိပါ၏။

၆။ အသျှင်နာရဒ ထို့ကြောင့် အကျွန်ုပ်သည် အရှင့်အား ပြောဆိုလိုပါ၏၊ ဤအဖြစ်သနစ်ကို အရှင်ဘုရားကိုယ်တိုင် မြင်ရပါပြီ၊ နှုတ်ဖြင့် မကောင်းမှုကို မပြုပါလင့်၊ ဝက်မျက်နှာနှင့်တူသူ မဖြစ်ပါစေလင့် (ဟု ပြိတ္တာက ဖြေဆို၏)။

နှစ်ခုမြောက်သော သူကရပေတဝတ္ထု ပြီး၏။

## ၃-ပူတိမုခပေတဝတ္ထု

၇။ သင်သည် နတ်၌ဖြစ်သော တင့်တယ်သော အဆင်းကို ဆောင်လျက် ကောင်းကင်ပြင်၌ တည်ဘိ၏၊ အပုပ်နံ့လှိုင်သော သင့်ခံတွင်းကို ပိုးတို့စားကုန်၏၊ သင်သည် ရှေးဘဝက အဘယ်ကံကို ပြုခဲ့သနည်း (ဟု အသျှင်နာရဒက မေး၏)။

၈။ အကျွန်ုပ်သည် ရှေးအခါက ယုတ်မာ၍ အလွန်ကြမ်းထမ်းသော စကားရှိသူ ရဟန်းဖြစ်ခဲ့ပါ၏၊ ခြိုးခြံစွာကျင့်သော သဘောကား ရှိခဲ့ပါ၏၊ နှုတ်ဖြင့် မစောင့်စည်းခဲ့ပါ၊ ငါသည် ကိုယ်အကျင့်ကြောင့် နတ်၌ဖြစ်သော ကောင်းမြတ်သော အဆင်းကိုမူ ရခဲ့ပါ၏၊ ကုန်းတိုက်ခြင်းကြောင့် အကျွန်ုပ်ခံတွင်းသည် ပုပ်ရပါ၏။

၉။ အသျှင်နာရဒ ဤအကျွန်ုပ်၏ ရုပ်အဆင်းကို အရှင်ဘုရားကိုယ်တိုင် မြင်ရပါပြီ၊ သနားစောင့်ရှောက်တတ်ကုန်သော (သူတပါးအကျိုးကို ကျင့်ခြင်း၌) လိမ္မာကုန်သော ဘုရားစသော သူတော်ကောင်းတို့သည် "ကုန်းတိုက်သော စကားကို မပြောဆိုလင့်၊ မမှန်စကားကို မပြောဆိုလင့်၊ (ဤသို့ စောင့်စည်းသည်ရှိသော်) သင်သည် လိုလားတောင့်တအပ်သော နတ်စည်းစိမ်၌ မွေ့လျော်ရသော နတ်ဖြစ်ရလတ္တံ့" ဟူသော စကားကို ပြောဆိုကုန်၏၊ (ထိုစကားမျိုးကိုသာ အကျွန်ုပ် ပြောဆိုလိုပါသည်ဟု လျှောက်၏)။

သုံးခုမြောက်သော ပူတိမုခပေတဝတ္ထု ပြီး၏။

## ၄-ပိဋ္ဌဓီတလိကပေတဝတ္ထု

၁၀-၁။ နှမြောဝန်တိုမှု မရှိသူသည် မင်္ဂလာစသည်တို့တွင် တစုံတခုကို အကြောင်းပြု၍ ဖြစ်စေ သေပြီးသူတို့ကို အကြောင်းပြု၍ ဖြစ်စေ၊ ထိုမှတပါး အိမ်စောင့်နတ် စသည်တို့ကို အကြောင်းပြု၍ ဖြစ်စေ ကုဝေရနတ်၊ ဓတရဋ္ဌနတ်၊ ဝိရူပက္ခနတ်၊ ဝိရူဠှကနတ်ဟူသော လောကကို စောင့်ရှောက်ကုန်သော များသော အခြံအရံရှိကုန်သော နတ်မင်းကြီး လေးယောက်တို့ကို အကြောင်းပြု၍ ဖြစ်စေ အလှူဒါနကို ပေးလှူရာ၏၊ ဤသို့ ပေးလှူသည်ရှိသော် နတ်မင်းကြီး လေးယောက် အိမ်စောင့်နတ် စသည်နှင့် သေလွန်ပြီးသူတို့ကိုလည်း ပူဇော်အပ်သည် မည်ကုန်၏၊ ပေးလှူသူ ဒါယကာတို့သည်လည်း အကျိုးကြီးကုန်၏။

http://www.dhammadownload.com



၁၂။ ငိုကြွေးခြင်းသည်၎င်း, စိုးရိမ် ပူဆွေးခြင်းသည်၎င်း, ထိုမှတပါးသော အကြင် ပြောဆို မြည်တမ်းခြင်းသည်၎င်း ပြိတ္တာတို့၏ အကျိုးငှါမဟုတ်၊ (သို့သော်) ဆွေမျိုးတို့ သည်ကား ငိုကြွေးနေကြကုန်၏။

၁၃။ (တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူးလျက်) ပေးလှူအပ်သော အလှူ သည် သံဃာ၌ ကောင်းစွာ တည်သည်ဖြစ်၍ ရှည်မြင့်စွာ စီးပွါးချမ်းသာ ဖြစ်ခြင်း အကျိုးငှါ ထိုပြိတ္တာထံသို့ တခဏခြင်း ကပ်ရောက်၏ (ဟု မြတ်စွာဘုရား ဟောတော်မူ၏)။

လေးခုမြောက်သော ပိဋ္ဌခီတလိကပေတဝတ္ထု ပြီး၏။

---

## ၅-တိရောကုဋ္ဋပေတဝတ္ထု

၁၄။ (ပြိတ္တာတို့သည်) မိမိအိမ်သို့ လာကြ၍ နံရံပြင်ဘက်တို့၌၎င်း, လမ်းဆုံလမ်းခွ အိမ်ခြံစပ်တို့၌၎င်း တံခါးဝ တံခါးပေါင်တို့၌၎င်း ရပ်တည်နေကြကုန်၏။

၁၅။ များစွာသော ထမင်း အဖျော် ခဲဖွယ်ဘောဇဉ်တို့ကို (လှူဒါန်းရန်) ပြုစီရင် သော်လည်း ထို(ပြိတ္တာ) သတ္တဝါတို့၏ ကံအကြောင်းကြောင့် (ထိုပြိတ္တာ သတ္တဝါတို့ကို) တစုံတယောက်သော သူကမျှ အမှတ်မရချေ။

၁၆-၁၇။ သနားတတ်သော အကြင်သူတို့သည် ဆွေမျိုးပြိတ္တာတို့ ကပ်ရောက်လာ သောအခါ စင်ကြယ်မွန်မြတ်၍ လျောက်ပတ်သော အဖျော်ဘောဇဉ်ကို "ဤအလှူဝတ္ထု သည် သင်ဆွေမျိုးဖြစ်သော ပြိတ္တာတို့အား ဖြစ်စေသတည်း၊ ဆွေမျိုးဖြစ်သော ပြိတ္တာတို့ သည် ချမ်းသာကြစေကုန်သတည်း"ဟု မိတ်ဆွေအမျိုး ပြိတ္တာတို့အတွက် ရည်ညွှန်း၍ ပေးလှူကုန်၏၊ ထိုဆွေမျိုးဖြစ်သော ပြိတ္တာတို့သည် ထိုအရပ်သို့ ညီညွတ်ပေါင်းဆုံ၍ လာရောက်ကြကုန်ပြီးလျှင် များစွာသော ထမင်းအဖျော်ကို (မိမိတို့အား ရည်ညွှန်း၍ ပေးလှူအပ်သည်ရှိသော်) ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုကုန်၏။

၁၈။ အကြင် ဆွေမျိုးတို့၏ (ပေးလှူခြင်းဟူသော) အကြောင်းကြောင့် (စည်းစိမ် ချမ်းသာကို) ငါတို့ ရကြကုန်၏၊ ငါတို့၏ အကျိုးငှါလည်း ပူဇော်မှုကို ပြုကြကုန်၏၊ ပေးလှူသူ ဆွေမျိုးတို့သည်လည်း အကျိုးကြီးကုန်၏၊ ငါတို့၏ ထိုဆွေမျိုးတို့သည် အသက် ရှည်ကြပါစေကုန်သတည်း။

၁၉။ ထိုပြိတ္တာဘုံ၌ လယ်ထွန်ခြင်းလည်း မရှိ၊ နွားကျောင်းခြင်းလည်း မရှိ၊ ထို ပြိတ္တာဘုံ၌ စည်းစိမ်ဥစ္စာရကြောင်း ကုန်သွယ်မှုလည်း မရှိ၊ ရွှေငွေဖြင့် ရောင်းဝယ်မှုလည်း မရှိ၊ တမလွန်ဘဝသို့ ပြောင်းသွားကုန်သော ပြိတ္တာတို့သည် ဤလူ့ဘုံမှ(ဆွေမျိုး မိတ်ဆွေ တို့) ပေးကမ်းအပ်သော ကုသိုလ်အဘို့ဖြင့် ထိုပြိတ္တာဘုံ၌ မျှတကုန်၏။

၂၀။ ကုန်းမြင့်ရာအရပ်၌ ရွာသော မိုးရေသည် ချိုင့်ဝှမ်းရာ အရပ်သို့ စီးသွားသကဲ့သို့ ဤအတူသာလျှင် ဤလူ့ဘုံမှ ပေးဝေအပ်သော ကုသိုလ်အဘို့သည် ပြိတ္တာတို့ထံသို့ ကပ် ရောက်၏။

http://www.dhammadownload.com



၂၁။ ရေပြည့်သော မြစ်တို့သည် သမုဒ္ဒရာကို ပြည့်စေကုန်သကဲ့သို့ ဤအတူသာလျှင် ဤလူ့ဘုံမှ ပေးဝေအပ်သော ကုသိုလ်အဘို့သည် ပြိတ္တာတို့ထံသို့ ကပ်ရောက်၏။

၂၂။ ဤသူကား ငါ့အား ဥစ္စာကို ပေးဘူးပြီ၊ ငါ၏ (ကိစ္စကို) ပြုဘူးပြီ ဟူ၍ (ရှေး ကပြုဘူးသည်ကို) ၎င်း ဤသူကား ငါ၏ ဆွေမျိုးတည်း၊ ငါ၏ မိတ်ဆွေတည်း၊ ငါ၏ ခင်ပွန်း တည်းဟူ၍၎င်း ရှည်ကြာမြင့်စွာသော ကာလပတ်လုံး အောက်မေ့သူသည် ပြိတ္တာတို့အကျိုး ငှါ မြတ်သော အလှူကို ပေးလှူရာ၏။

၂၃။ ငိုကြွေးခြင်းသည်၎င်း, စိုးရိမ်ခြင်းသည်၎င်း, ထိုမှတပါး ပြောဆိုမြည်တမ်းခြင်း သည်၎င်း ပြိတ္တာတို့၏ အကျိုးငှါ မဟုတ်၊ (သို့သော်) ဆွေမျိုးတို့သည်ကား ငိုကြွေး နေကြ ကုန်၏။

၂၄။ (တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်းစူးလျက်) သံဃာ၌ ကောင်းစွာ တည်၍ ပေးလှူအပ်သော ဤအလှူသည် ပြိတ္တာ၏ ရှည်ကြာမြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာ ဖြစ်ခြင်းအကျိုးငှါ တခဏချင်း ကပ်ရောက်နိုင်၏။

၂၅။ တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူး၍ ပေးလှူခြင်းဟူသော ဤသဘော ကို ဆွေမျိုးတို့၌ ပြုရသော ဝတ်တရားဟူ၍ ညွှန်ပြအပ်၏၊ ပြိတ္တာတို့အား မြတ်သော ပူဇော် ခြင်းကို ပြုအပ်သည်လည်း မည်၏၊ ရဟန်းတို့အား ခွန်အားကို ပေးအပ်သည်လည်း မည်၏၊ သင်တို့သည် ကြီးကျယ်သော ကုသိုလ်ကို ပွါးများ ဆည်းပူးအပ်သည်လည်း မည်၏ (ဟု ဟောတော်မူ၏)။

ငါးခုမြောက်သော တိရောကုဋ္ဋပေတဝတ္ထု ပြီး၏။

## ၆-ပဉ္စပုတ္တခါဒပေတဝတ္ထု

၂၆။ သင်သည် အဝတ်လည်း မပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်လည်း ရှိ၏၊ မကောင်းသော အနံ့ရှိသည်ဖြစ်၍ အပုပ်နံ့လှိုင်ဘိ၏၊ ယင်ကောင်တို့ဖြင့် ဖိုင်းအုံလျက် ဤအရပ်၌ ရပ်တည်နေသော သင်သည် အဘယ်သူနည်း(ဟု သံဃာ့မဟာထေရ်က မေး၏)။

၂၇။ အရှင်ဘုရားတို့ အကျွန်ုပ်သည် ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျမ်းဝင်သော မကောင်းသော လားရာရှိသော ပြိတ္တာမ ဖြစ်ပါ၏၊ မကောင်းမှု အကုသိုလ်ကံကို ပြုမိ ခဲ့ခြင်းကြောင့် ဤလူ့လောကမှ ပြိတ္တာလောကသို့ လားရောက်ရပါ၏။

၂၈။ အကျွန်ုပ်သည် နံနက်ကာလ၌ သားငါးယောက်တို့ကို၎င်း, တဖန် ညနေချမ်း အခါ၌ အခြားသားငါးယောက်တို့ကို၎င်း ဖွားမြင်ပြီးလျှင် (ထိုသားတို့ကို) ခဲစားရပါ၏၊ ထိုသားဆယ်ယောက်တို့ပင်သော်လည်း အကျွန်ုပ်အား (ဆာလောင်မွတ်သိပ်မှုကို ပယ် ဖျောက်ရန်) မစွမ်းနိုင်ပါ။

၂၉။ အကျွန်ုပ်၏ နှလုံးသားသည် ဆာလောင်ခြင်းဖြင့် ပူလောင်လှပါ၏၊ အခိုးတ ထောင်းထောင်း ထသကဲ့သို့ ဖြစ်ပါ၏၊ ရေကို မျိုသောက်ရန် မရပါ၊ ဆင်းရဲ ပျက်စီးခြင်းသို့ ရောက်နေရသော အကျွန်ုပ်ကို ကြည့်ရှုတော်မူပါလော့ (ဟု လျှောက်၏)။

http://www.dhammadownload.com



၃၀။ သင်သည် ကိုယ်ဖြင့်ရှင်း, နှုတ်ဖြင့်ရှင်း, စိတ်ဖြင့်ရှင်း အဘယ်မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် (မွေးဖွားသော) သားတို့၏ အသားတို့ကို စားရဘိသနည်း (ဟုမေး၏)။

၃၁။ (အရှင်ဘုရား) အကျွန်ုပ်၏ လင်တူမိန်းမသည် ကိုယ်ဝန် ရှိခဲ့ပါ၏၊ ထိုလင်တူမိန်းမ၏ အပေါ်၌ ယုတ်မာသော အမှုကို အားထုတ်ခဲ့ပါ၏၊ ထိုအကျွန်ုပ်သည် ပြစ်မှားလိုသော စိတ်ဖြင့် ကိုယ်ဝန်ချခြင်းကို ပြုခဲ့ပါ၏။

၃၂။ ထိုလင်တူ မိန်းမ၏ နှစ်လရှိသော ကိုယ်ဝန်သည် သွေးဖြစ်ပြီးလျှင် ယိုစီးကျပါ၏၊ ထိုအခါဝယ် ထိုလင်တူ မိန်းမ၏ အမိသည် အကျွန်ုပ်အား အမျက်ထွက်သည်ဖြစ်၍ ဆွေမျိုးတို့ကို စုဝေးစေပါ၏၊ အကျွန်ုပ်အား ကျိန်စာဆိုခြင်းကိုလည်း ပြုစေပါ၏၊ အကျွန်ုပ်ကို ဘေးဖြင့်လည်း ကြောက်မက်ဖွယ်ရာ ကျိန်ဆိုစေပါ၏။

၃၃။ ထိုအကျွန်ုပ်သည် "အကယ်၍ ထိုကိုယ်ဝန်ချခြင်းကို ငါပြုမိသည်ဖြစ်ပါမူ ငါ့သား၏ အသားတို့ကို ခဲစားရပါစေသား"ဟု ကြမ်းထမ်းသော ကျိန်စာကိုရှင်း, မုသားစကားကိုရှင်း ပြောဆိုခဲ့ပါ၏။

၃၄။ ထို(ကိုယ်ဝန်ချသော ပါဏာတိပါတ) ကံ၏ရှင်း, မုသားစကား ပြောဆိုခြင်း၏ရှင်း နှစ်ပါးစုံသော ကံအကျိုးကြောင့် ပြည်သွေးတို့ဖြင့် လိမ်းကျံသော (မွေးဖွားသော) သား၏ အသားတို့ကို ခဲစားရပါ၏(ဟု ဖြေကြား လျှောက်ထား၏)။

ခြောက်ခုမြောက်သော ပဉ္စပုတ္တခါဒပေတဝတ္ထု ပြီး၏။

---

## ၇-သတ္တပုတ္တခါဒပေတဝတ္ထု

၃၅။ သင်သည် အဝတ်လည်း မပါ၊ စက်ဆုပ် ရွံရှာဖွယ် အဆင်းသဏ္ဌာန်လည်း ရှိ၏၊ မကောင်းသော အနံ့ရှိသည်ဖြစ်၍ အပုပ်နံ့လှိုင်ဘိ၏၊ ယင်ကောင်တို့ဖြင့် ဝိုင်းအုံလျက် ဤအရပ်၌ ရပ်သော သင်သည် အဘယ်သူနည်း(ဟု သံဃာ့မဟာထေရ်က မေး၏)။

၃၆။ အရှင်ဘုရားတို့ အကျွန်ုပ်သည် ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျွမ်းဝင်သော မကောင်းသော လားရာရှိသော ပြိတ္တာမ ဖြစ်ပါ၏၊ မကောင်းမှု အကုသိုလ်ကံကို ပြုမိခဲ့ခြင်းကြောင့် ဤလူ့လောကမှ ပြိတ္တာလောကသို့ ရောက်ရပါ၏။

၃၇။ အကျွန်ုပ်သည် နံနက်ကာလ၌ သားခုနစ်ယောက်တို့ကိုရှင်း, ညနေချမ်းအခါ၌ အခြားသားခုနစ်ယောက်တို့ကိုရှင်း ဖွားမြင်ပြီးလျှင်(ထိုသားတို့ကို) ခဲစားရပါ၏၊ ထိုသားတဆယ့်လေးယောက်တို့ပင်သော်လည်း အကျွန်ုပ်အား (ဆာလောင်မွတ်သိပ်မှုကို ပယ်ဖျောက်ရန်) မစွမ်းနိုင်ပါ။

၃၈။ အကျွန်ုပ်၏ နှလုံးသားသည် ဆာလောင်ခြင်းဖြင့် ပူလောင်ပါ၏၊အခိုးတထောင်းထောင်းထသကဲ့သို့ ဖြစ်ပါ၏၊ နေပူ၍ မီးလောင်သကဲ့သို့ ငြိမ်းအေးခြင်းကို မရခဲ့ပါ (ဟု လျှောက်၏)။

http://www.dhammadownload.com



၃၉။ သင်သည် ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း, စိတ်ဖြင့်ရင်း အဘယ်မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် မွေးဖွားသော သားတို့၏ အသားတို့ကို စားရဘိသနည်း (ဟုမေး၏)။

၄၀။ အရှင်ဘုရား အကျွန်ုပ်အား သားနှစ်ယောက်ရှိပါ၏၊ သားနှစ်ယောက်တို့သည် အရွယ်သို့ ရောက်ပါကုန်၏၊ ထိုတပည့်တော်မသည် သားတည်းဟူသော အားနှင့် ပြည့်စုံ၍ လင်ကို မထေမဲ့မြင် ပြုခဲ့ပါ၏။

၄၁။ ထို့ကြောင့် အကျွန်ုပ်၏ လင်သည် စိတ်ဆိုး၍ မယားအငယ်ကို ဆောင်ယူခဲ့ပါ၏၊ထိုလင်တူ မိန်းမ မယားငယ်သည်လည်း ကိုယ်ဝန်ကို ရခဲ့ပါ၏၊ ထိုလင်တူမိန်းမ မယားငယ်အပေါ်၌ ယုတ်မာသော အမှုကို အားထုတ်ခဲ့ပါ၏။

၄၂။ ထိုအကျွန်ုပ်သည် ပြစ်မှားသော စိတ်ဖြင့် ကိုယ်ဝန်ချခြင်းကို ပြုခဲ့ပါ၏၊ ထိုလင်တူ မိန်းမ မယားငယ်၏ သုံးလရှိသော ကိုယ်ဝန်သည် သွေးပြည်ဖြစ်၍ ကျ၏။

၄၃။ ထိုအခါဝယ် ထိုလင်တူ မိန်းမ၏ အမိသည် အမျက်ထွက်၍ အကျွန်ုပ်၏ ဆွေမျိုးတို့ကို စုဝေးစေပါ၏၊ အကျွန်ုပ်၏ ကျိန်စာဆိုခြင်းကိုလည်း ပြုစေခဲ့ပါ၏၊ အကျွန်ုပ်ကို ဘေးဖြင့်လည်း ကြောက်မက်ဖွယ်ရာ ကျိန်ဆိုစေပါ၏။

၄၄။ ထိုအကျွန်ုပ်သည် "အကယ်၍ ထိုကိုယ်ဝန်ချခြင်းကို ငါပြုမိသည် ဖြစ်ပါမူ ငါ့သား၏ အသားတို့ကို ခဲစားရပါစေသား"ဟု ကြမ်းထမ်းသော ကျိန်စာကိုရင်း မုသားစကားကိုရင်း ဆိုခဲ့ပါ၏။

၄၅။ ထို(ကိုယ်ဝန်ချသော ပါဏာတိပါတ)ကံ၏ရင်း, မုသားစကား ပြောဆိုခြင်း၏ရင်း နှစ်ပါးသော ကံအကျိုးကြောင့် သွေးပြည်တို့ဖြင့် လိမ်းကျံသော မွေးဖွားသော သား၏ အသားတို့ကို စားရပါ၏(ဟု ဖြေကြားလျှောက်ထား၏)။

ခုနစ်ခုမြောက်သော သတ္တပုတ္တခါဒပေတဝတ္ထု ပြီး၏။

---

## ၈-ဂေါဏပေတဝတ္ထု

၄၆။ ချစ်သား သင်သည် သူရူးကဲ့သို့ စိမ်းစိုသောမြက်ကို ရိပ်၍ အသက်ကင်းသော နွားအိုကြီးကို စားလော့, စားလော့ဟု အဘယ်ကြောင့် ပြောဆို မြည်တမ်း နေဘိသနည်း။

၄၇။ သင်ပေးသော စိမ်းစိုသော မြက်ကြောင့်သော်ရင်း, ရေကြောင့်သော်ရင်း သေသောနွားသည် ( အသက်ရှင်၍ )ထ မလာနိုင်သည်သာတည်း၊ သင်သည် အခြားပညာမဲ့သူကဲ့သို့ ပညာမဲ့၍ မိုက်သူသာ ဖြစ်၏(ဟု ဖခင်သူကြွယ်က မေး၏)။

၄၈။ (ဖခင်) ဤနွား၏ ဤခြေတို့သည်ရင်း, ဤဦးခေါင်းသည်ရင်း, အမြီးနှင့် တကွသော ဤကိုယ်သည်ရင်း, မျက်စိတို့သည်ရင်း ရှေးအတိုင်း တည်နေပါကုန်၏၊ ထို့ကြောင့် ဤနွားသည် (အသက်ရှင်၍)ထ ရပါသေး၏။

http://www.dhammadownload.com



၄၉။ (ဖခင်) အဘိုး၏ လက်ခြေတို့ကိုဖြင့်, ကိုယ်ကိုဖြင့်, ဦးခေါင်းကိုဖြင့် မတွေ့မြင်ရတော့ပါ၊ မြေပုံစုဌ္ဌ ငိုနေသော သင်(ဖခင်) သည်သာလျှင် ပညာမဲ့သည် မဟုတ်ပါလော(ဟု သားက ပြန်၍ဆို၏)။

၅၀။ ထောပတ်ဖြင့် သွန်းလောင်းထားသည်ဖြစ်၍ ရဲရဲညီးညီး တောက်နေသော မီးကို ရေဖြင့် သွန်းလောင်းလိုက်ဘိသကဲ့သို့ ထို့အတူ ငါ၏ သားသည် သောကမီး တောက်လောင်နေသော ငါ၏ ပူပန်မှုအားလုံးကို ငြိမ်းအေးစေပြီတကား။

၅၁။ သင်သည် ပူဆွေးမှုသောက နှိပ်စက်နေသော ငါ့အား အဖကြောင့်ဖြစ်သော ပူဆွေးမှုသောကကို ပယ်ဖျောက်ပါပေ၏၊ သင်သည် ငါ၏ နှလုံး၌မှီသော ပူဆွေးမှုသောက တည်းဟူသော ငြောင့်ကို နုတ်ပေပြီတကား။

၅၂။ ငါသည် ပူဆွေးမှုသောကဟူသော ငြောင့်ကို နုတ်ပယ်ပြီးသူ ငြိမ်းချမ်းပြီးသူ ငြိမ်းအေးပြီးသူ ဖြစ်ပေတော့၏၊ လုလင် သင်၏ တရားစကားကို ကြားနာရသောကြောင့် ငါသည် မပူဆွေးတော့ပါ၊ မငိုကြွေးတော့ပါ(ဟု ဆို၏)။

၅၃။ သုဇာတသည် ဖခင်ကို ပူဆွေးခြင်းမှ ဆုတ်နစ်စေသကဲ့သို့ ဤအတူ သနား စောင့်ရှောက်တတ်သော ပညာရှိတို့သည် (အဖ၏ဖြင့်, တပါးသောသူတို့၏ဖြင့် ပူဆွေးမှု သောကမှ ဆုတ်နစ်စေခြင်းကို) ပြုလုပ်ကြကုန်၏(ဟု မြတ်စွာဘုရား ဟောတော်မူ၏)။

ရှစ်ခုမြောက်သော ဂေါဏပေတဝတ္ထု ပြီး၏။

---

## ၉-မဟာပေသကာရပေတဝတ္ထု

၅၄။ ဤမိန်းမသည် ကျင်ကြီးကိုဖြင့်, ကျင်ငယ်ကိုဖြင့်, သွေးကိုဖြင့်, ပြည်ကိုဖြင့် စားနေရ၏၊ ဤအကျိုးသည် အဘယ်ကံ၏ အကျိုးနည်း၊ အခါခပ်သိမ်း သွေးပြည်ကို စားနေသော ဤမိန်းမသည် ရှေးဘဝက အဘယ်အမှုကို ပြုခဲ့ဘူးသနည်း။

၅၅။ အသစ်ဖြစ်၍ ကောင်းကုန် နူးညံ့ကုန် စင်ကြယ်သောအဆင်း နူးညံ့သည့်အမွေး ရှိကုန်သော အဝတ်တို့ကို ဤမိန်းမအား ပေးလိုက်ကုန်သည်ရှိသော် ယင်းအဝတ်တို့သည် သံပြားကဲ့သို့ ဖြစ်ကုန်၏၊ဤမိန်းမသည် အဘယ်အမှုကို ပြုခဲ့သနည်း(ဟု ရဟန်းက မေး၏)။

၅၆-၇။ အရှင်ဘုရား ဤမိန် မသည် အကျွန်ုပ်၏မယား ဖြစ်ခဲ့ဘူးပါ၏၊ ပေးလှူလေ့ မရှိပါ၊ ဝန်တိုလေ့ ရှိပါ၏၊ စဉ်းလဲကောက်ကျစ်တတ်ပါ၏၊ ထိုမိန်းမသည် သမဏဗြာဟ္မဏ တို့အား ပေးလှူသော အကျွန်ုပ်ကို "သင်သည် အခါခပ်သိမ်း မစင်ကြယ်သော ကျင်ကြီး ကိုဖြင့်, ကျင်ငယ်ကိုဖြင့်, သွေးကိုဖြင့်, ပြည်ကိုဖြင့် စားလော့၊ ဤကျင်ကြီး ကျင်ငယ် သွေးပြည်သည် သင့်အား တမလွန်ဘဝ၌ ဖြစ်စေသတည်း၊ သင်၏ အဝတ်တို့သည်လည်း သံပြားနှင့်အတူ ဖြစ်စေကုန်သတည်း"ဟု ဆဲရေးလည်း ဆဲရေးပါ၏၊ ခြိမ်းခြောက်လည်း ခြိမ်းခြောက်ပါ၏၊ ထိုမိန်းမသည် ဤသို့သဘောရှိသော မကောင်းမှု(ဒုစရိုက်)ကို ပြုကျင့် ခဲ့သောကြောင့် ဤပြိတ္တာဘုံသို့ ရောက်လာ၍ ကြာမြင့်စွာ( ဤကျင်ကြီး စသည်ကို ) စားရ၏ (ဟု လျှောက်၏)။

ကိုးခုမြောက်သော မဟာပေသကာရပေတဝတ္ထု ပြီး၏။

---

http://www.dhammadownload.com



## ၁၀-ခလ္လာဋိယပေတဝတ္ထု

၅၇။ အပြင်သို့ မထွက်မူ၍ ဗိမာန်အတွင်း၌ တည်နေသူကား အဘယ်သူနည်း၊ အရှင်မ အပြင်သို့ ထွက်ပါလော့၊ သင့်ကို အပြင်၌ ရပ်တည်နေသည်ကို မြင်လိုပါကုန်၏ (ဟု ကုန်သည်ကြီးက ပြောဆို၏)။

၅၈။ အဝတ်မပါ ကိုယ်ချည်းသာဖြစ်၍ အပြင်သို့ ထွက်ရန် မရဲဝံ့ပါ၊ ရှက်လှပါ၏၊ ဆံတို့ဖြင့် ဖုံးလွှမ်းနေရသူ ဖြစ်ပါ၏၊ အကျွန်ုပ်သည် ကုသိုလ်ကောင်းမှုကို အနည်းငယ်မျှသာ ပြုခဲ့ရပါ၏(ဟု ပြိတ္တာမက ပြော၏)။

၆၀။ တင့်တယ်သော အဆင်းရှိသော နှစ်မ အပေါ်ရုံပုဆိုးကို သင့်အား ပေးပါ၏၊ ယူပါလော့၊ ဤပုဆိုးကို ဝတ်ပါလော့၊ ဤပုဆိုးကို ဝတ်၍ လာပါလော့၊ ထွက်ခဲ့ပါလော့၊ နှစ်မ အပြင်သို့ ထွက်ပါလော့၊ သင့်ကို အပြင်၌ ရပ်တည်နေသည်ကို မြင်လိုကြပါကုန်၏။

၆၁။ သင်၏လက်ဖြင့် အကျွန်ုပ်လက်သို့ သင်ပေးအပ်သော ပစ္စည်းသည် အကျွန်ုပ်အား မရ၊ မရောက်နိုင်ပါ၊ ယုံကြည်မှု 'သဒ္ဓါ' ရှိ၍ မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်သော ထိုဥပါသကာသည် ဤလူအပေါင်း၌ ရှိပါ၏။

၆၂။ ထိုဥပါသကာကို အကျွန်ုပ်အား ပေးအပ်သော အဝတ်ကို ဝတ်ရုံစေလျက် ထိုအလှူကို အကျွန်ုပ်အား ရည်ညွှန်း၍ ထိုအလှူ၏အဘိုကို ပေးဝေပါလော့၊ ထိုသို့ လှူသည်ရှိသော် အကျွန်ုပ်သည် အလုံးစုံသော ကာမဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာသူ ဖြစ်ရပါလိမ့်မည်(ဟု ဆို၏)။

၆၃။ ထိုကုန်သည်တို့သည် ထိုဥပါသကာကိုလည်း ရေချိုးစေ၍ (မြတ်သော နံ့သာတို့ဖြင့်)လိမ်းကျံစေလျက် အဝတ်တို့ကို ဝတ်ရုံစေပြီးလျှင် ထိုပြိတ္တာမအား အလှူ၏ အဘိုဘာဂကို ရည်ညွှန်း၍(အမျှဝေစေကုန်၏)။

၆၄။ ( ထိုအလှူ၏ အဘိုဘာဂကို ) ရည်ညွှန်း ပေးဝေပြီးသည့် အခြားမဲ့၌ပင် (အလှူ၏)အကျိုးသည် ဖြစ်၏၊ စားဖွယ် အဝတ် အဖျော်ဟူသော ဤအကျိုးသည် အလှူ၏ အကျိုးပေတည်း။

၆၅။ ထို စားဖွယ်စသည်ကို ရသည်မှနောက်၌ ထိုမိန်းမသည် ဤအကျိုးကား အလှူ၏အကျိုးတည်းဟု ပြောသကဲ့သို့ စင်ကြယ်သော အဝတ်ကို ဝတ်လျက် ကာသိတိုင်းဖြစ် အဝတ်ထက် မြတ်သော အဝတ်ကို ဝတ်ပြီးလျှင် ပြုံးရွှင်ကာ ဗိမာန်မှ ထွက်လာ၏။

၆၆။ အလွန်ဆန်းကြယ်သော အဆင်းသဏ္ဌာန်ရှိ၍ နှစ်သက်ဖွယ်ရှိသော သင်၏ ဗိမာန်သည် ထွန်းလင်းတောက်ပ၏၊ နတ်သမီး သင့်ကို မေးပါ၏၊ သင် ဖြေကြားပါလော့၊ ဤအကျိုးသည် အဘယ်ကံ၏ အကျိုးပါနည်း။

၆၇။ အကျွန်ုပ်သည် ဖြောင့်မတ်သော အကျင့်ရှိသော ဆွမ်းခံကြွလာသော ရဟန်းအား အထူးကြည်လင်သော စိတ်ဖြင့် နှမ်းဆီထေးကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၆၈။ ထိုကုသိုလ်ကံ၏ အကျိုးကြောင့် ရှည်မြင့်စွာသော ကာလပတ်လုံး ဗိမာန်၌ ခံစားရ၏၊ ထိုကုသိုလ်၏ အကျိုးသည်လည်း ယခုအခါ၌ ကုန်ခန်းခဲ့ပါ၏။

၆၉-၇၀။ လေးလတို့အလွန်၌ သေလွန်ခြင်း ဖြစ်ရပါလိမ့်မည်၊ အကျွန်ုပ်သည် စင်စစ် ဆင်းရဲ၍ ကြမ်းထမ်းသော လေးထောင့်ရှိသော တံခါးလေးပေါက်ရှိသော ဝေဒနာအပ် သော ပုံစံတူဖြစ်သော သံတံတိုင်း ကာရံ၍ သံပြားဖြင့် ပိတ်ဖုံးထားအပ်သော ငရဲသို့ ကျရောက်ရပါလိမ့်မည်။

၇၁။ ထိုငရဲ၏ မြေကြီးကား သံဖြင့် ပြီး၏၊ တောက်လောင်သည်ဖြစ်၍ အခိုးအလျှံ ရှိ၏၊ ထက်ဝန်းကျင် ယူဇနာတရာတိုင်တိုင် အခါခပ်သိမ်း ပြန့်နှံ့၍ တည်၏။

၇၂။ အကျွန်ုပ်သည် ထိုငရဲ၌ ရှည်မြင့်စွာသော ကာလပတ်လုံး မကောင်းမှုကံ၏ အကျိုးဖြစ်သော ဆင်းရဲဝေဒနာကို ခံစားရအံ့၊ ပြင်းစွာ စိုးရိမ်မိ၏(ဟု ပြောဆို၏)။

ဆယ်ခုမြောက်သော ခလ္လာဋိယပေတိဝတ္ထု ပြီး၏။

---

## ၁၁-နာဂပေတဝတ္ထု

၇၃။ တယောက်သည် ဆင်ဖြူဖြင့် ရှေ့ကသွား၏၊ တယောက်ကား အဿတိုရ်မြင်း ကသော ရထားဖြင့် အလယ်က သွား၏၊ နောက်၌ အရပ်ဆယ်မျက်နှာလုံးကို ထွန်းလင်း တောက်ပစေသော သတို့သမီးကိုမူကား ထမ်းစင်ဖြင့် ထမ်းဆောင်၏။

၇၄။ သင်တို့သည်ကား တင်းပုတ် လက်စွဲကြကုန်သည်ဖြစ်၍ ငိုကြွေးသော မျက်နှာ ရှိလျက် တင်းပုတ်ဖြင့် ရိုက်ပုတ်ခြင်းကြောင့် ကွဲပြတ်ပျက်စီးသော ကိုယ်ရှိကြကုန်၏၊ လူဖြစ်ကြစဉ်က အဘယ်မကောင်းမှုကို ပြုခဲ့ကြသနည်း၊ အဘယ့်ကြောင့် အချင်းချင်း တယောက်သည် တယောက်၏ သွေးကို သောက်ကြရကုန်ဘိသနည်း(ဟု သာမဏေက မေး၏)။

၇၅။ အခြေလေးချောင်းရှိသော ကုဥ္ဇရအမည်ရသော ဆင်ဖြူဖြင့် ရှေ့ကသွားသော သူသည် အကျွန်ုပ်တို့၏ သားကြီးပင်တည်း၊ ထိုသားအကြီးသည် အလှူဒါနတို့ကို ပေးလှူ၍ ချမ်းသာခြင်းရှိလျက် ဝမ်းမြောက်ရ၏။

၇၆။ ကောင်းသောသွားခြင်းရှိသော အဿတိုရ်မြင်း လေးကောင်ကသော ရထား ဖြင့် အလယ်က သွားသောသူသည် အကျွန်ုပ်တို့၏ သားလတ်ပင်တည်း၊ ထိုသားလတ် သည် ဝန်မတိုမူ၍ ပေးလှူလေ့ရှိသောကြောင့် တင့်တယ်၏။

၇၇။ သမင်မယ်မျက်စိကဲ့သို့ နူးညံ့သော မျက်စိရှိသော နောက်ဆုံးက ထမ်းစင်ဖြင့် ထမ်းဆောင်အပ်သော ပညာရှိသော မိန်းမပျိုသည်ကား အကျွန်ုပ်တို့၏ အငယ်ဆုံး သမီး တည်း၊ (ထိုသမီးငယ်သည်) မိမိရရှိသော အဘို့မှ ထက်ဝက်အဘို့ကို လှူခြင်းကြောင့် ချမ်းသာလျက် ဝမ်းမြောက်ရ၏။

http://www.dhammadownload.com



၇၈။ ထိုသားသမီးသုံးယောက်တို့သည် ရှေးဘ၀က သမဏ ဗြာဟ္မဏတို့အား ကြည်လင်သော စိတ်ရှိကုန်၍ အလှူတို့ကို ပေးလှူကုန်၏၊ အကျွန်ုပ်တို့သည်မူကား ဝန်တိုမှု မစ္ဆရိယရှိသူများ ဖြစ်ကြပါကုန်၏၊ သမဏဗြာဟ္မဏတို့ကို ဆဲရေးတတ်ကုန်၏၊ ဤသားသမီးသုံးယောက်တို့သည်ကား ပေးလှူကြကုန်၍ စမ္မယ်ပျော်ပါးကြရကုန်၏၊ အကျွန်ုပ်တို့သည်ကား ပြတ်သော ကျူပင်ကဲ့သို့ ခြောက်သွေ့ကြကုန်၏(ဟု ပြိတ္တာလင်မယားက ဖြေ၏)။

၇၉။ သင်တို့၏ စားဖွယ်ကား အဘယ်သဘောရှိသနည်း၊ အိပ်ရာနေရာကား အဘယ်သဘောရှိသနည်း၊ သင်တို့သည် အဘယ်သို့လျှင် မျှတကြကုန်သနည်း၊ အလွန်ယုတ်မာသော သဘောရှိကုန်သော သင်တို့သည် အပိုင်းအခြားမရှိ များပြတ်သော စည်းစိမ်ရှိသူတို့ ဖြစ်ကြပါကုန်လျက် ချမ်းသာကြောင်းဖြစ်သော ကုသိုလ်ကို မပြုခြင်းဖြင့် ချမ်းသာကို ချွတ်ယွင်းစေကုန်သောကြောင့် ယခု ဆင်းရဲသို့ ရောက်ကြရကုန်၏(ဟု သာမဏေက မေး၏)။

၈၀။ အကျွန်ုပ်တို့သည် အချင်းချင်း သတ်ပုတ်၍ ပြည်သွေးကို သောက်ရပါကုန်၏၊ များစွာသောက်၍လည်း တင်းတိမ်ရောင့်ရဲမှု မရှိကြပါကုန်၊မနှစ်သက် မလိုလားကြပါကုန်။

၈၁။ အကြင်သူတို့သည် ပစ္စုပ္ပန်,တမလွန်ဝယ် ချမ်းသာထူးကို ပြုလုပ်စီရင်တတ်ကုန်သော စည်းစိမ်ဥစ္စာတို့ကို ရကြကုန်၍ မိမိတို့လည်း မသုံးဆောင်ကြကုန်၊ ကုသိုလ်ကောင်းမှုကိုလည်း မပြုကြကုန်၊ မပေးလှူတတ်ကုန်သော ထိုသူတို့သည် တမလွန်ဘ၀၌ ယမမင်း၏ ပြိတ္တာဘုံ၌ တည်နေရကုန်သည်ဖြစ်၍ အကျွန်ုပ်တို့ကဲ့သို့ပင် ငိုကြွေးကြရကုန်၏။

၈၂။ ထိုသူတို့သည် တမလွန်ဘ၀၌ ဆာလောင်မွတ်သိပ်သော 'ခုပ္ပိပါသ' ပြိတ္တာဘုံသို့ ကပ်ရောက်ကုန်၏၊ နောက်အခါ၌ ကြာမြင့်စွာ (နှလုံးမသာယာခြင်းဖြင့်) ပူဆွေးကုန်လျက် (ဒုက္ခမီးဖြင့်) လောင်ကျွမ်းကြရကုန်၏၊ ဆင်းရဲပွါးကြောင်းဖြစ်ကုန်သော စပ်ရှားခံခက်သော အကျိုးရှိသောကံတို့ကို ပြုသောကြောင့် အပါယ်ဆင်းရဲကို ခံစားကြရကုန်၏။

၈၃။ ဤလောက၌ ဥစ္စာစပါးသည် ခဏတာမျှ ဖြစ်၏၊ အသက်သည် ခဏတာမျှ ဖြစ်၏၊ ဥစ္စာစသည်တို့၏ ခဏတာမျှ ဖြစ်သည်ကို ခဏတာမျှ ဖြစ်၏ဟု သိ၍ ပညာရှိသည် မိမိမှီရာ ကုသိုလ်တည်းဟူသော ကျွန်းကို ပြုရာ၏။

၈၄။ တရား၌ လိမ္မာကုန်သော အကြင်သူတို့သည် ဤသို့ ဥစ္စာစသည်တို့၏ ခဏတာမျှ ဖြစ်သည်ကို ဟုတ်မှန်တိုင်း သိရှိကုန်၏၊ ထိုသူတို့သည် ပူဇော်ခံထိုက်သူ ဘုရားစသော အရိယာတို့၏ စကားကို ကြားနာရ၍ အလှူဒါန၌ မမေ့မလျော့ကြကုန်(ဟု ဟျောက်၏)။

တဆယ့်တခုမြောက်သော နာဂပေတဝတ္ထု ပြီး၏။

---

## ၁၂-ဥရဂပေတဝတ္ထု

၈၅။ မြွေသည် အရေဟောင်းကို စွန့်၍ သွားသကဲ့သို့ ဤအတူ သံသရာ၌ ကျင်လည်ရသော သတ္တဝါသည် ခန္ဓာကိုယ်ကို အသုံးမပြုနိုင်ပဲ အသက်ကင်း၍ သေသည်ရှိသော် မိမိ၏ ဆွေးမြေ့သော ကိုယ်ကို စွန့်၍ သွားရ၏။

http://www.dhammadownload.com



၈၆။ ထိုသေသူသည် မိမိလားရောက်ရာ 'ဂတိ'သို့ သွားသည်ဖြစ်၍ မီးလောင်ကျွမ်းနေသော ကိုယ်သည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိ၊ ထို့ကြောင့် ဤငါ့သားကို (အကြောင်းပြု၍)မငို(ဟု သေသူ၏ အဖဖြစ်သော ပုဏ္ဏားက ဆို၏)။

၈၇။ ငါ့သား လာလှည့်ဟု မခေါ်ပဲ ထိုတမလွန်လောကမှ လာ၏၊ ငါ့သား သွားတော့ဟု ခွင့်မပြုပဲ ဤပစ္စုပ္ပန်လောကမှ သွား၏၊ အကြင်သို့သော အခြင်းအရာအားဖြင့် (မခေါ်ပဲ) လာ၍ ထိုသို့သော အခြင်းအရာအားဖြင့် (ခွင့်မပြုပဲ) သွား၏၊ ထိုအလိုသို့ မလိုက်ပဲ ကျင်လည်၍ ဖြစ်ရာ၌ ငိုကြွေးမြည်တမ်းခြင်းသည် အဘယ်အကျိုး ရှိအံ့နည်း။

၈၈။ ထိုသေသူသည် မိမိ လားရောက်ရာ 'ဂတိ' သို့ သွားသည်ဖြစ်၍ မီးလောင်ကျွမ်းနေသော ကိုယ်သည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိ၊ ထို့ကြောင့် ဤငါ့သားကို အကြောင်းပြု၍ မငို(ဟု အမိပုဏ္ဏေးမက ဆို၏)။

၈၉။ အကယ်၍ ငိုကြွေးခဲ့ပါမူ ပိန်ချုံးရုံမျှသာ ဖြစ်ရာ၏၊ ထိုငိုကြွေးရာ၌ ငါ့အား အဘယ်အကျိုး ရှိရာအံ့နည်း၊ ငါတို့၏ ဆွေမျိုး မိတ်ဆွေ ချစ်ကျွမ်းဝင်သူတို့အား လွန်စွာ စိတ်မချမ်းသာမှုမျှသာ ဖြစ်ရာ၏။

၉၀။ ထိုသေသူသည် မိမိလားရောက်ရာ 'ဂတိ'သို့ သွားသည်ဖြစ်၍ မီးလောင်ကျွမ်းနေသော ကိုယ်သည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိ၊ ထို့ကြောင့် ဤငါ့မောင်ကို အကြောင်းပြု၍ မငို(ဟု နှမငယ်က ဆို၏)။

၉၁။ သူငယ်သည် ကောင်းကင်၌ သွားသော လကို ငါ၏ ရထားဘီးကို ပေးဟုဆို၍ ငိုသကဲ့သို့ ဤအတူ အကြင်သူသည် သေသူကို စိုးရိမ်၏၊ (ထိုသူ၏) ဤစိုးရိမ်ခြင်းသည် ဤသူငယ်၏ အဖြစ်နှင့် တူသည်သာတည်း။

၉၂။ ထိုသေသူသည် မိမိလားရောက်ရာ 'ဂတိ' သို့ သွားရောက်သည်ဖြစ်၍ မီးလောင်ကျွမ်းနေသော ကိုယ်ခန္ဓာသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိ၊ ထို့ကြောင့် ငါ့လင်ကို အကြောင်းပြု၍ မငို(ဟု မယားက ဆို၏)။

၉၃။ ပုဏ္ဏား ကွဲလေပြီးသော ရေအိုးသည် တဖန်စပ်၍ မရသကဲ့သို့ ဤအတူ အကြင်သူသည် သေသူကို စိုးရိမ်၏၊ (ထိုသူ၏) ဤစိုးရိမ်ခြင်းသည် ကွဲလေပြီးသော အိုးကို စပ်၍ မရသည်နှင့် တူ၏။

၉၄။ ထိုသေသူသည် မိမိလားရောက်ရာ 'ဂတိ' သို့ သွားရောက်သည်ဖြစ်၍ မီးလောင်ကျွမ်းနေသော ကိုယ်ခန္ဓာသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိ၊ ထို့ကြောင့် ဤအရှင့်သားကို အကြောင်းပြု၍ မငို(ဟု ကျွန်မက ဆို၏)။

တဆယ့်နှစ်ခုမြောက်သော ဥရဂပေတဝတ္ထု ပြီး၏။

# ရှေးဦးစွာသော ဥရဂဝဂ် ပြီး၏။

http://www.dhammadownload.com

# ၂-ဥဗ္ဗရိဝဂ်

## ၁-သံသာရမောစကပေတဝတ္ထု

၉၅။ အလွန်ကြုံလှီ၍ နှံရိုးပြိုင်းပြိုင်းထွက်သော မိန်းမ သင်သည် အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်လည်း ရှိ၏၊ ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိလျက် ဤအရပ်၌ ရပ်တည်သော သင်ကား အဘယ်သူနည်း (ဟု အသျှင်သာရိပုတြာက မေး၏)။

၉၆။ အရှင်ဘုရား အကျွန်ုပ်သည် ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျုံးဝင်သော မကောင်းသော လားရာရှိသော ပြိတ္တာမ ဖြစ်ပါ၏၊ မကောင်းမှု အကုသိုလ်ကံကို ပြုခဲ့မိခြင်းကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရပါ၏ (ဟု ပြိတ္တာမက လျှောက်၏)။

၉၇။ သင်သည် ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း, စိတ်ဖြင့်ရင်း အဘယ်မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရသနည်း (ဟု အသျှင်သာရိပုတြာက မေးပြန်၏)။

၉၈။ အရှင်ဘုရား အမိကသော်ရင်း, အဖကသော်ရင်း, ထို့ပြင် ဆွေမျိုးတို့ကသော်ရင်း အကျွန်ုပ်ကို သမဏဗြာဟ္မဏတို့အား ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ အလှူဒါနကို ပေးလှူလော့ဟု တိုက်တွန်းကြမည့် (ထိုသို့သဘောရှိသော) သနားစောင့်ရှောက်သူတို့သည် အကျွန်ုပ်အား မရှိပါကုန်။

၉၉။ ဤဘဝမှ ဤသုံးခုမြောက်သော ဘဝ၌ အကျွန်ုပ်သည် ဤသို့သဘောရှိသော အဝတ်မပါ ကိုယ်ချည်းသာလျှင် ဆာလောင်ခြင်း မွတ်သိပ်ခြင်းဖြင့် အနှိပ်စက်ခံရလျက် အနှစ်ငါးရာတို့ပတ်လုံး လှည့်လည်ခဲ့ရပါ၏၊ ဤအကျိုးသည် မကောင်းမှုကံ၏ အကျိုးပါတည်း။

၁၀၀။ အရှင်ဘုရား အရှင်ဘုရားကို ကြည်လင်စိတ် ရှိသည်ဖြစ်၍ ရှိခိုးပါ၏၊ လုံ့လဝီရိယရှိ၍ အာနုဘော်ကြီးတော်မူသော အရှင်ဘုရား အကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ၊ တစုံတရာ လှူဒါန်းဖွယ်ကို အကျွန်ုပ်အား ရည်ညွှန်း၍ ပေးလှူတော်မူပြီးလျှင် အကျွန်ုပ်ကို ဒုဂ္ဂတိဘုံမှ လွတ်စေတော်မူပါ ဟု (ပြိတ္တာမက လျှောက်ပြန်၏)။

၁၀၁။ သနား စောင့်ရှောက်တတ်သော ထိုအသျှင်သာရိပုတြာသည် ကောင်းပြီဟု ဝန်ခံပြီးလျှင် ရဟန်းတပါးအား ဆွမ်းတလုတ်စာမျှကိုရင်း, တလက်ဝါးမျှသော ပုဆိုးပိုင်းကိုရင်း, သောက်ရေခွက်ကိုရင်း ပေးလှူ၏၊ ထိုပြိတ္တာမအား အလှူ၏ အဘို့ကို ရည်ညွှန်း ပေးဝေတော်မူ၏။

၁၀၂။ ရည်ညွှန်း၍ လှူအပ်သော အလှူ၏ အခြားမဲ့၌ စားဖွယ် အဝတ် သောက်ရေကို ရခြင်းဟူသော အကျိုးသည် ဖြစ်ပေါ်လာ၏၊ ဤအကျိုးသည် အလှူ၏ အကျိုးပင်တည်း။

http://www.dhammadownload.com



၁၀၃။ ထိုပြိတ္တာမသည် ထိုစားဖွယ်စသည်ကို ရပြီးသည်နောက်မှ စင်ကြယ်သော ကိုယ်ရှိသည်ဖြစ်၍ စင်ကြယ်သောအဝတ် ကာသိတိုင်းဖြစ်ပုဆိုးထက် မြတ်သောပုဆိုး ဆန်းကြယ်သောအဝတ်တန်ဆာကို ဝတ်ဆင်လျက် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၏။

၁၀၄။ နတ်သမီး သောက်ရှုးကြယ်သည် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေ ဘိသကဲ့သို့ ထိုအတူ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းပစေလျက် တည်ဘိ၏။

၁၀၅။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤသို့သော အရောင်အဆင်း ဖြစ် သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤအရပ်၌ သင့်အား(ကောင်းကျိုးချမ်းသာ)ပြည့်စုံ သနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့ ဖြစ်ပေါ် ကုန်သနည်း။

၁၀၆။ အာနုဘော်ကြီးသော နတ်သမီး သင့်အား ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က သင် သည် အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်း သည်လည်း အရပ်မျက်နှာ အားလုံးတို့၌ တောက်ပသနည်း (ဟု အသျှင်သာရိပုတြာက မေး၏)။

၁၀၇။ ကြုံလှီ၍ ဖက်ရွက်လျှော်ကဲ့သို့ ဖြစ်ကာ ဆာလောင်လျက် အဝတ်မပါ ကိုယ် ချည်းသာ ကိုယ်ရေအဆင်း ပျက်စီးပြီးလျှင် ဒုဂ္ဂတိဘုံသို့ ရောက်နေရသော ထိုအကျွန်ုပ်ကို လောက၌ သနားကရုဏာရှိသော ရဟန်းသည် မြင်ပါပြီ။

၁၀၈။ ရဟန်းတပါးအား ဆွမ်းတလုတ်စာမျှကိုငင်း, တလက်ဝါးမျှသော ပုဆိုးပိုင်း ကိုငင်း, သောက်ရေတခွက်ကိုငင်း ပေးလှူ၍ အကျွန်ုပ်အား အလှူ၏ အဘို့ကို ရည်ညွှန်း ပေးဝေတော်မူပါ၏။

၁၀၉။ ဆွမ်းတလုတ်၏အကျိုးကို ရှုပါလော့၊ အနှစ်တသောင်းပတ်လုံး နတ်ထမင်းကို ငင်း, များသော အရသာရှိသော ဟင်းကိုငင်း အလိုရှိတိုင်း စားသောက် သုံးဆောင်ရပါ၏။

၁၁၀။ တလက်ဝါးမျှသော ပုဆိုးပိုင်း၏ အကြင်သို့ သဘောရှိသော အကျိုးသည် ရှိပါ၏၊ ထိုသို့ သဘောရှိသော အကျိုးကို ရှုပါလော့၊ အကြင်မျှလောက် နန္ဒမင်း၏ တိုင်း ပြည်၌ အဝတ်တို့သည် ရှိပါကုန်၏။

၁၁၁-၂။ အရှင်ဘုရား ထိုအဝတ်တို့ထက် တပည့်တော်မ၏ အဝတ်တို့သည် များပါ ကုန်၏၊ ပိုးထည် ကမ္ဗလာထည်တို့သည်ငင်း, ခေါမထည် ဝါချည်ထည်တို့သည်ငင်း အလျား အနံအားဖြင့်လည်း ပြန့်ကျယ်ပါကုန်၏၊ အဘိုးများစွာလည်း ထိုက်ပါကုန်၏၊ ထိုအဝတ် တို့သည်လည်း ကောင်းကင်၌သာလျှင် တွဲရရွဲကျကုန်၏၊ ထိုအကျွန်ုပ်သည် စိတ် နှစ်သက် ရာရာ အဝတ်ကို ဝတ်ဆင်ရပါ၏။

၁၁၃-၄။ သောက်ရေတခွက်၏ အကြင်သို့ သဘောရှိသော အကျိုးသည် ရှိ၏၊ ထိုသို့ သဘောရှိသော အကျိုးကို ရှုပါလော့၊ အေးမြသောရေရှိကုန်သော ကောင်းသော ဆိပ် ကမ်းရှိကုန်သော အေးမြ၍ မွှေးပျံ့သင်းကြိုင် လှိုင်သော ရနံ့ ရှိကုန်သော ကောင်းစွာ

http://www.dhammadownload.com



ဖန်ဆင်းအပ်ကုန်သော နက်သော လေးထောင့် ရေကန်တို့သည် ပဒုမာကြာ ဥပ္ပလကြာ တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍ ရေ၏အထက်၌ ကြာဝတ်ဆံတို့ဖြင့် ဖုံးလွှမ်းလျက် ပြည့်ကုန်၏။

၁၁၅။ အရှင်ဘုရား ထိုအကျွန်ုပ်သည် မည်သည့် ဘေးမျှ မရှိပဲ မွေ့လျော်ရပါ၏၊ မြူးထူး ပျော်ပါးရပါ၏၊ ဝမ်းမြောက်ရပါ၏၊ အရှင်ဘုရား လောက၌ သနားခြင်း ကရုဏာ ရှိသော အရှင်ဘုရားကို ရှိခိုးရန် ရောက်လာပါ၏(ဟု လျှောက်၏)။

ရှေးဦးစွာသော သံသာရမောစကပေတဝတ္ထု ပြီး၏။

---

## ၂-သာရိပုတ္တတ္ထေရမာတုပေတဝတ္ထု

၁၁၆။ အလွန် ကြုံလှီ၍ နံရိုးပြိုင်းပြိုင်းထွက်သော မိန်းမ သင်သည် အဝတ်လည်း မပါ၊ စက်ဆုပ် ရွံရှာဖွယ် အဆင်းသဏ္ဌာန်လည်း ရှိ၏၊ ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိလျက် ဤအရပ်၌ ရပ်တည်သော သင်ကား အဘယ်သူနည်း (ဟု အသျှင်သာရိ ပုတြာက မေး၏)။

၁၁၇။ အရှင်ဘုရား အကျွန်ုပ်သည် ရှေးအခါဝယ် တပါးသောဘဝတို့၌ အရှင်ဘုရား ၏ အမိရင်း ဖြစ်ခဲ့ဘူးပါ၏၊ (ယခု) ပြိတ္တာဘုံ၌ ဖြစ်နေရပါ၏၊ ဆာလောင် မွတ်သိပ်ခြင်း ဖြင့် အနှိပ်စက် ခံနေရပါ၏။

၁၁၈။ စွန့်အပ် ပစ်အပ်သော တံထွေးကိုရင်း, နှပ်ကိုရင်း, သလိပ်ကိုရင်း, ဖုတ်ကြည်း သင်္ဂြိုဟ်အပ်သော လူသေတို့၏ အဆီကိုရင်း, သားဖွားသူတို့၏ သွေးကိုရင်း,....

၁၁၉။ အိုင်းအမာ အနာတို့၏ သွေးကိုရင်း, နှာခေါင်းပြတ် ဦးခေါင်းပြတ်သူတို့၏ သွေးကိုရင်း, မိန်းမ ယောကျ်ားတို့ကို မှီ၍ဖြစ်သော အရေ အကြော စသည်ကိုရင်း ဆာ လောင်ခြင်း အနှိပ်စက်ခံရသည်ဖြစ်၍ စားသောက်ရပါ၏။

၁၂၀။ သားကောင်တို့၏ရင်း, လူတို့၏ရင်း ပြည်သွေးကို စားရပါ၏၊ မှီခို အားထား ရာ မရှိပါ၊ နေရာအိမ် မရှိပါ၊ သုသာန်မြေကို ညောင်စောင်းအမှတ်ပြု၍ အိပ်ရပါ၏။

၁၂၁။ သားတော်ဘုရား အကျွန်ုပ်အတွက် အလှူကို ပေးလှူပါလော့၊ အလှူပေး၍ အကျွန်ုပ်အား ရည်ညွှန်းလျက် အလှူဒါန၏ အဘို့ကို ပေးဝေပါလော့၊ ပြည်သွေးကို စား ရခြင်းမှ လွတ်နိုင်ကောင်းတန်ရာပါ၏(ဟု လျှောက်၏)။

၁၂၂။ အမိဖြစ်ဘူးသော ပြိတ္တာမ၏ စကားကို ကြား၍ သနား စောင့်ရှောက်တတ် သော ဥပတိဿ အမည်တော်ရသော အသျှင်သာရိပုတြာသည် အသျှင်မောဂ္ဂလ္လာန်ကို ရင်း, အသျှင်အနုရုဒ္ဓါကိုရင်း, အသျှင်ကပ္ပိနကိုရင်း ပြောကြားတော်မူ၏။

၁၂၃။ ကျောင်းငယ် လေးလုံးတို့ကို ဆောက်လုပ်လျက် ကျောင်းတို့ကိုရင်း, ထမင်း အဖျော်ကိုရင်း စတုဒ္ဒိသာ သံဃာအား ပေးလှူ၍၊အမိအား အလှူ၏ အဘို့ကို ရည်ညွှန်း ပေးဝေတော်မူ၏။

http://www.dhammadownload.com



၁၂၄။ ရည်ညွှန်း၍ လှူအပ်သော အလှူ၏ အခြားမဲ့၌ စားဖွယ် အဝတ် သောက်ရေကို ရခြင်းဟူသော ဤအကျိုးသည် အလှူ၏ အကျိုးပင်တည်း။

၁၂၅။ (ထိုပြိတ္တာမသည်) ထို စားဖွယ်စသည်ကို ရပြီးသည်နောက်မှ စင်ကြယ်သောကိုယ် ရှိသည်ဖြစ်၍ စင်ကြယ်သော အဝတ် ကာသိတိုင်းဖြစ်ပုဆိုးထက် မြတ်သောပုဆိုး ဆန်းကြယ်သော အဝတ်တန်ဆာကိုဝတ်လျက် ကောလိတဟု အမည်တော်ရှိသော အသျှင်မောဂ္ဂလ္လာန်ထံသို့ ချဉ်းကပ်၏။

၁၂၆။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း ဘိသကဲ့သို့ သင်သည် အဘယ် ကုသိုလ်ထူးကြောင့် အလွန် နှစ်သက်ဖွယ်သော အဆင်းဖြင့် အရပ်မျက်နှာအားလုံးတို့ကို ထွန်းပစေလျက် တည်ဘိသနည်း။

၁၂၇။ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ထိုသို့ သဘောရှိသော အရောင်အဆင်း ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင့်အား ဤဘဝ၌(ကောင်းကျိုး)ပြည့်စုံသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့သည် ဖြစ်ပေါ် ကုန်သနည်း။

၁၂၈။ အာနုဘော်ကြီးသော နတ်သမီး သင့်အား ငါမေး၏၊ လူဖြစ်စဉ်က သင်သည် အဘယ် ကုသိုလ်ထူးကို ပြုခဲ့ဘူးသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော် ရှိသနည်း၊ အဘယ် ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်း တောက်ပသနည်း(ဟု အသျှင်မောဂ္ဂလ္လာန်က မေး၏)။

၁၂၉။ အကျွန်ုပ်သည် ရှေးအခါဝယ် တပါးသော ဘဝတို့၌ အသျှင်သာရိပုတြာ၏ အမိရင်းပါတည်း၊ (ယခု) ပြိတ္တာဘုံ၌ ဖြစ်ရပါ၏၊ ဆာလောင် မွတ်သိပ်ခြင်းဖြင့် အနှိပ်စက် ခံရပါ၏။

၁၃၀-၁။ စွန့်အပ် ပစ်အပ်သော တံထွေးကိုရင်း, နှပ်ကိုရင်း, သလိပ်ကိုရင်း, ဖုတ်ကြည်း သင်္ဂြိုဟ်အပ်သော လူသေတို့၏ အဆီကိုရင်း, သားဖွားသူတို့၏ သွေးကိုရင်း, အိုင်းအမာ အနာတို့၏ သွေးကိုရင်း, နှာခေါင်းပြတ် ဦးခေါင်းပြတ်သူတို့၏ သွေးကိုရင်း, မိန်းမ ယောကျ်ားတို့ကို မှီ၍ဖြစ်သော အရေ အကြောစသည်ကိုရင်း ဆာလောင်ခြင်း အနှိပ်စက် ခံရသည်ဖြစ်၍ စားသောက်ရပါ၏။

၁၃၂။ သားကောင်တို့၏ရင်း, လူတို့၏ရင်း ပြည်သွေးကို စားရပါ၏၊ မှီခို အားထားရာ မရှိပါ၊ နေရာအိမ် မရှိပါ၊ သုသာန်မြေကို ညောင်စောင်း အမှတ်ပြု၍ အိပ်ရပါ၏။

၁၃၃။ သားဖြစ်သော သာရိပုတြာ၏ အလှူဒါနပေးလှူခြင်းဖြင့် မည်သည့်ဘေးမျှ မရှိပဲ မွေ့လျော်ရပါ၏၊ အရှင်ဘုရား လောက၌ သနားခြင်း ကရုဏာရှိသော ရဟန်းကို ရှိခိုးရန် ရောက်လာပါ၏(ဟု လျှောက်၏)။

နှစ်ခုမြောက်သော သာရိပုတ္တတ္ထေရမာတုပေတဝတ္ထု ပြီး၏။

http://www.dhammadownload.com



## ၃-မတ္တာပေတိဝတ္ထု

၁၃၄။ အလွန်ကြုံလှီ၍ နံရိုးပြိုင်းပြိုင်းထွက်သော မိန်းမ သင်သည် အဝတ်လည်း မပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်လည်း ရှိ၏၊ ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိလျက် ဤအရပ်၌ ရပ်တည်နေသော သူကား အဘယ်သူနည်း(ဟု လင်တူမိန်းမ တိဿာက မေး၏)။

၁၃၅။ ငါသည် မတ္တာပါတည်း၊ သင်သည် တိဿာပါတည်း၊ ရှေးဘဝက သင်၏ လင်တူမိန်းမ ဖြစ်ခဲ့ပါ၏၊ မကောင်းမှုကံကို ပြုခြင်းကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ခဲ့ရပါ၏(ဟု မတ္တာက ဖြေ၏)။

၁၃၆။ သင်သည် ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း, စိတ်ဖြင့်ရင်း အဘယ်မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရသနည်း (ဟု တိဿာက မေးမြန်း၏)။

၁၃၇။ အကျွန်ုပ်သည် အမျက်ဒေါသကြီးသူ ကြမ်းထမ်းသော စကားရှိသူ ငြူစူတတ်သူ ပန်တိုသူ စဉ်းလဲသူ ဖြစ်ခဲ့ဘူးပါ၏၊ ငါသည် သင့်အား မကောင်းသောစကားကို ဆိုခဲ့မိသောကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရ၏(ဟု မတ္တာက ဖြေ၏)။

၁၃၈။ မှန်၏၊ သင်သည် ကြမ်းတမ်းသူဖြစ်သော အခြင်းအရာကို ငါသိ၏၊ အသင့်အား တပါးသော အကြောင်းကို မေးပါအံ့၊ အဘယ့်ကြောင့် မြေမှုန့်တို့ဖြင့် ပြွမ်းသော ကိုယ်ရှိသနည်း(ဟု တိဿာက မေးပြန်၏)။

၁၃၉။ သင်(တိဿာ)သည် ဦးခေါင်းနှင့်တကွ ရေချိုး၏၊ စင်ကြယ်သန့်ရှင်းသော အဝတ်ကို ဝတ်၏၊ တန်ဆာဆင်၏၊ ငါသည်ကား သင့်ထက် အလွန်အကဲ ပိုမို၍ တန်းဆာဆင်၏။

၁၄၀။ ထိုငါသည် ကြည့်ရှုနေစဉ် လင်နှင့် သင်စကားပြောနေ၏၊ ထိုကြောင့် ငါ့အား ငြူစူခြင်း ဣဿာသည် ပွါးများလာ၏၊ ငါ့အား အမျက်ဒေါသသည် လွန်စွာ ဖြစ်၏။

၁၄၁။ ထို့ကြောင့် မြေမှုန့်ကိုယူ၍ သင့်ကို မြေမှုန့်ဖြင့် ငါကြဲချမိခဲ့၏၊ ထိုမကောင်းမှုကံ အကျိုးကြောင့် မြေမှုန့်တို့ဖြင့် ပြွမ်းသော ကိုယ်ရှိပါ၏(ဟု မတ္တာက ဖြေ၏)။

၁၄၂။ မှန်၏၊ သင်(မတ္တာ)သည် ငါ့ကို မြေမှုန့်ဖြင့် ကြဲချသည်ကို ငါသိ၏၊ သင့်အား တပါးသော ထိုအကြောင်းကို မေးပါအံ့၊ အဘယ့်ကြောင့် ဝဲရောဂါ နှိပ်စက်ခံရသနည်း(ဟု တိဿာက မေးပြန်၏)။

၁၄၃။ သင်နှင့်ငါ နှစ်ယောက်တို့သည် ဆေးကို ဆောင်ယူရန် တောသို့ သွားရောက်ကြကုန်၏၊ သင်သည်ကား ဆေးကို ဆောင်ယူ၏၊ ငါသည်ကား ခွေးလှေးသီး အရိုင်းကို ဆောင်ယူ၏။

၁၄၄။ သင်မသိမီ ငါသည် သင့်အိပ်ရာပေါ်သို့ ခွေးလှေးသီးကို ကြဲချခဲ့၏၊ ထို မကောင်းမှုကံကြောင့် ဝဲနာရောဂါ နှိပ်စက်ခံရ၏(ဟု မတ္တာက ဖြေ၏)။

http://www.dhammadownload.com



၁၄၅။ မှန်၏၊ သင်(မတ္တာ)သည် ငါ၏ အိပ်ရာနေရာကို (ခွေးလှေးသီး) ကြဲချသည်ကို ငါသိ၏၊ သင့်အား တပါးသော အကြောင်းကို မေးပါအံ့၊ အဘယ်ကြောင့် သင်သည် အဝတ်မရှိသနည်း(ဟု တိဿက မေး၏)။

၁၄၆။ သူငယ်ချင်းတို့၏ရင်း, ဆွေမျိုးတို့၏ရင်း ပေါင်းဆုံ စည်းဝေးခြင်းသည် ဖြစ်ခဲ့၏၊ လင်နှင့်တကွ သင့်ကိုမူ ဖိတ်ခေါ်၏၊ ငါ့ကိုကား မဖိတ်ခေါ်။

၁၄၇။ သင်မသိစဉ် ငါသည် သင်၏ အဝတ်ကို ခိုးယူခဲ့၏၊ ထိုကံ၏ အကျိုးကြောင့် ငါသည် အဝတ်မရှိ ဖြစ်ရ၏(ဟု မတ္တာက ဖြေ၏)။

၁၄၈။ မှန်၏၊ သင်မတ္တာသည် ငါ၏ အဝတ်ကို ခိုးယူသည်ကို ငါသိ၏၊ သင့်အား တပါးသော အကြောင်းကို မေးပါအံ့၊ အဘယ်ကြောင့် မစင်အနံ့ရှိသနည်း(ဟု တိဿက မေးပြန်၏)။

၁၄၉။ သင်၏ နံ့သာကိုရင်း, ပန်းကိုရင်း, အဘိုးများစွာ ထိုက်သော နံ့သာပျောင်းကိုရင်း မစင်တွင်း၌ ပစ်ချခဲ့၏၊ ထိုမကောင်းမှုကို ငါသည် ပြုခဲ့၏၊ ထိုမကောင်းမှုကံ၏ အကျိုးကြောင့် မစင်အနံ့ရှိ၏(ဟု မတ္တာက ဖြေ၏)။

၁၅၀။ မှန်၏၊ သင်(မတ္တာ)သည် ထိုမကောင်းမှုကံ ပြုခဲ့သည်ကို ငါသိ၏၊ သင့်အား တပါးသော အကြောင်းကို မေးအံ့၊ အဘယ့်ကြောင့် သင်သည် 'ဒုဂ္ဂတိ'ဘုံသို့ လားရောက်ရသနည်း(ဟု တိဿက မေး၏)။

၁၅၁။ အိမ်၌ရှိသော ပစ္စည်းဥစ္စာသည် သင်နှင့်ငါ နှစ်ယောက်တို့အား သာတူညီမျှ ဖြစ်၏၊ လှူဖွယ်ဝတ္ထုတို့ ထင်ရှားရှိပါကုန်လျက် မိမိ၏ မှီခိုရာ ကောင်းမှုကုသိုလ်ကို မပြု၊ ထိုကံ၏ အကျိုးကြောင့် ငါသည် ဒုဂ္ဂတိဘုံသို့ လားရောက်ရပါ၏။

၁၅၂။ သင်သည် မကောင်းမှုကံကို မှီဝဲဘိ၏၊ မကောင်းမှုကံတို့ဖြင့် သုဂတိဘုံကို မရလွယ်ဟု ထိုလူဖြစ်စဉ်အခါကပင် ငါ့ကို သင်ပြောဆိုခဲ့ဘူး၏(ဟု မတ္တာက ဖြေ၏)။

၁၅၃။ သင်သည် ငါ့ကို ဆန့်ကျင်ဘက်အားဖြင့် ယုံကြည်စွဲလမ်းနေ၏၊ ထို့ပြင်လည်း ငါ့ကို ငြူစူ၏၊ မကောင်းမှု ကံတို့၏ အကျိုးသည် ကြမ်းထမ်းသော သဘောရှိသည်ကို ရှုပါလော့။

၁၅၄။ (ရှေးက သင် သိမ်းဆည်းထားအပ်ကုန်သော)သင်၏ အိမ်တို့သည်ရင်း, ထို ကျွန်မတို့သည်ရင်း, သင်၏ ထိုအဝတ်တန်ဆာသည်ရင်း ရှိကုန်၏၊ ဤအရာဝတ္ထုတို့ကို သူတပါးတို့ သုံးဆောင်ကုန်၏၊ စည်းစိမ်တို့သည် မမြဲကုန်။

၁၅၅။ ယခုအခါ၌ ကလေးအဖေသည် ဈေးမှ အိမ်သို့ ရောက်လာလတ္တံ့၊ သင့်အား တစုံတရာကို ပေးကောင်း ပေးလိမ့်မည်၊ ဤအရပ်မှ မသွားပါနှင့်ဦး(ဟု တိဿက ပြော၏)။

၁၅၆။ ငါသည် အဝတ်လည်း မပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်လည်း ရှိပါ၏၊ ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိပါ၏၊ ဤအဝတ်မပါခြင်း စသည်သည် မိန်းမတို့အတွက် ရှက်စဖွယ် ဖြစ်ပါ၏၊ ငါ့ကို ကလေးအဖေ မမြင်ပါစေလင့်(ဟု မတ္တာက ဆို၏)။

http://www.dhammadownload.com



၁၅၇။ ယခု ငါသည် သင့်အား အဘယ်ကို ပေးရပါမည်နည်း၊ ချမ်းသာခြင်းသို့ ရောက်၍ အလုံးစုံ သင်အလိုရှိသမျှ ပြီးစီးရာသော အဘယ်ကျေးဇူး ဥပကာရကိုမူလည်း ဤအချိန် ဤအခါဝယ် ငါပြုလုပ်ရပါမည်နည်း(ဟု တိဿာက ပြော၏)။

၁၅၈။ သံဃာမှ ရဟန်းလေးပါး ပုဂ္ဂိုလ်မှ လေးပါး(ပေါင်း)ရှစ်ပါးသော ရဟန်းတို့ကို ဆွမ်းကျွေး၍ ငါ့အား အလှူ၏ အဘို့ကို ရည်ညွှန်း ပေးဝေပါလော့၊ ထိုအခါ ငါသည် ချမ်းသာခြင်းသို့ ရောက်၍ အလုံးစုံ အလိုရှိသမျှ ပြီးစီးသည် ဖြစ်ရပါလိမ့်မည်(ဟု မတ္တာက ဖြေ၏)။

၁၅၉။ တိဿာသည် ကောင်းပြီဟု ဝန်ခံ၍ ရဟန်းရှစ်ပါးတို့ကို ဆွမ်းကျွေးပြီးလျှင် အဝတ်တို့ကို လှူဒါန်းလျက် ထိုပြိတ္တာမအား အလှူ၏ အဘို့ကို ရည်ညွှန်း ပေးဝေ၏။

၁၆၀။ ရည်းညွှန်း၍ လှူအပ်သော အလှူ၏ အခြားမဲ့၌ စားဖွယ် အဝတ် သောက်ရေ ရခြင်းဟူသော ဤအကျိုးသည် ဖြစ်ပေါ်လာ၏၊ ဤအကျိုးသည် အလှူ၏ အကျိုး ပင်တည်း။

၁၆၁။ ထို့နောက် (မတ္တာပြိတ္တာမသည်) စင်ကြယ်သော ကိုယ်ရှိသည်ဖြစ်၍ စင်ကြယ်သောအဝတ် ကာသိတိုင်းဖြစ်ပုဆိုးထက် မြတ်သောပုဆိုး ဆန်းကြယ်သော အဝတ်တန်ဆာ ရှိလျက် လင်တူ တိဿာအထံသို့ ချဉ်းကပ်၏။

၁၆၂။ နတ်သမီး သောက်ရှူးကြယ်သည် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်း တောက်ပသကဲ့သို့ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်ဘိ၏။

၁၆၃။ သင်သည် အဘယ်ကုသိုလ်ထူးကြောင့် ထိုသို့သဘောရှိသော အရောင်အဆင်း ရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဤအရပ်၌ (ကောင်းကျိုး) ပြည့်စုံသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့သည် ဖြစ်ပေါ်ကုန်သနည်း။

၁၆၄။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေး၏၊ လူဖြစ်စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်း တောက်ပလျက် တည်ဘိသနည်း (ဟု တိဿာက မေး၏)။

၁၆၅။ ငါသည် မတ္တာပါတည်း၊ သင်သည် တိဿာပါတည်း၊ ရှေးဘဝက သင်၏ လင်တူ မိန်းမဖြစ်ခဲ့၏၊ မကောင်းမှုကံကို ပြုခြင်းကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရပါ၏။

၁၆၆။ သင်ပေးလှူအပ်သော အလှူဖြင့် မည်သည့်ဘေးမျှ မရှိပဲ မွေ့လျော်ရပါ၏၊ ညီမ ဆွေမျိုးအားလုံးတို့နှင့်တကွ ကြာမြင့်စွာ အသက်ရှင်ပါစေလော့၊ စိုးရိမ်ကင်း၍ မြူအညစ်အကြေးကင်းသော နတ်ဘုံဌာနသို့ (ရောက်ပါစေလော့)ဝသဝတ္တီနတ်တို့၏ နေရာ ဘုံသို့ (ရောက်ပါစေလော့)။

http://www.dhammadownload.com



၁၆၇။ တင့်တယ်သော ညီမတိဿာ ဤလူ့ပြည်လောက၌ တရားကိုကျင့်၍ အလှူဒါနကို ပေးလှူကာ ဝန်တိုခြင်း 'မစ္ဆေရ' အညစ်အကြေးကို အမြစ်ပါ နုတ်ပြီးလျှင် အကဲ့ရဲ့လွတ်လျက် နတ်ပြည်သို့ ကပ်ရောက်ပါစေလော့(ဟု မတ္တာက ဆုံးမစကား ပြောကြား၏)။

သုံးခုမြောက်သော မတ္တာပေတဝတ္ထု ပြီး၏။

---

## ၄-နန္ဒာပေတဝတ္ထု

၁၆၈။ သင်သည် အဆင်းမည်းနက်၍ စက်ဆုပ်ရွံရှာဖွယ် ပုံပန်းသဏ္ဌာန်ရှိသူ ကြမ်းထမ်းသော ကိုယ်ခန္ဓာရှိသူ ကြောက်မက်ဖွယ် အမြင်ရှိသူ ကြောင်သောမျက်စိ ကြဲသော သွားရှိသူဖြစ်၏၊ သင့်ကို လူမိန်းမဟု ငါမထင်(ဟု လင်ဟောင်း နန္ဒိသေနက ပြော၏)။

၁၆၉။ နန္ဒိသေန အကျွန်ုပ်သည် နန္ဒာပါတည်း၊ ရှေးဘဝက သင်၏ မယားဖြစ်ခဲ့ပါ၏၊ မကောင်းမှုကံကို ပြုခြင်းကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရ၏ (ဟု နန္ဒာက ပြော၏)။

၁၇၀။ သင်သည် ကိုယ်ဖြင့်၎င်း, နှုတ်ဖြင့်၎င်း, စိတ်ဖြင့်၎င်း အဘယ်မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရသနည်း (ဟု နန္ဒိသေနက မေး၏)။

၁၇၁။ အကျွန်ုပ်သည် အမျက်ဒေါသကြီးသူ ကြမ်းထမ်းသော စကားရှိသူ ဖြစ်ခဲ့ပါ၏၊ သင့်အပေါ်၌လည်း မရိုသေခဲ့ပါ၊ ငါသည် သင့်အား မကောင်းသော စကားကို ဆိုမိခဲ့ခြင်းကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရပါ၏ (ဟု နန္ဒာက ပြော၏)။

၁၇၂။ ယခု သင့်အား ငါ၏ အပေါ်ရုံအဝတ်ကို ပေးအံ့၊ ဤပုဆိုးကို ဝတ်လော့၊ ဤပုဆိုးကိုဝတ်၍ လာလော့၊ သင့်ကို အိမ်သို့ ခေါ်ဆောင်သွားအံ့။

၁၇၃။ သင်သည် အိမ်သို့ ရောက်သည်ရှိသော် အဝတ်ကို၎င်း, ထမင်းအဖျော်ကို၎င်း ရလတ္တံ့၊ သင်၏ သားများနှင့် ချွေးမတို့ကိုလည်း မြင်ရလတ္တံ့ (ဟု နန္ဒိသေနက ပြော၏)။

၁၇၄-၅။ သင်၏ လက်ဖြင့် အကျွန်ုပ်လက်သို့ သင်ပေးသော ပစ္စည်းသည် အကျွန်ုပ်အား မရမရောက်နိုင်ပါ၊ ရာဂကင်းကုန်သော အကြားအမြင်များကုန်သော သီလနှင့်ပြည့်စုံသော ရဟန်းတို့ကို ထမင်းအဖျော်ဖြင့် နှစ်သိမ့်ရောင့်ရဲစေပါလော့၊ အကျွန်ုပ်အား အလှူ၏ အဘို့ကို ရည်ညွှန်း ပေးဝေပါလော့၊ ထိုအခါ၌ အကျွန်ုပ်သည် ချမ်းသာသည် ဖြစ်၍ အလိုရှိသမျှ အလုံးစုံနှင့် ပြည့်စုံသူ ဖြစ်ပါလိမ့်မည် (ဟု နန္ဒာက ပြောပြန်၏)။

၁၇၆။ ထိုနန္ဒိသေနသည် ကောင်းပြီဟု ဝန်ခံ၍ ထမင်းအဖျော်ခဲဖွယ် အဝတ် ကျောင်း အိပ်ရာ နေရာ ထီး နံ့သာပန်း အထူးထူး အပြားပြားသော ဘိနပ်ဟူသော ပြန့်ပြောများမြတ်သော ဒါနမျိုးကို ကြဲချလှူဒါန်း၏။

၁၇၇။ ရာဂကင်းကုန်သော အကြားအမြင်များကုန်သော သီလနှင့် ပြည့်စုံကုန်သော ရဟန်းတို့ကို ထမင်းအဖျော်ဖြင့် နှစ်သိမ့်ရောင့်ရဲစေ၍ ထိုနန္ဒာပြိတ္တာမအား အလှူ၏ အဘို့ကို ရည်ညွှန်းပေးဝေ၏။

http://www.dhammadownload.com



၁၇၈။ ရည်ညွှန်း၍ လှူအပ်သော အလှူ၏ အခြားမဲ့၌ စားဖွယ် အဝတ် သောက်ရေရခြင်းဟူသော ဤအကျိုးသည် ဖြစ်ပေါ်လာ၏၊ ဤအကျိုးသည် အလှူ၏ အကျိုးပင်တည်း။

၁၇၉။ ထို့နောက် စင်ကြယ်သော ကိုယ်ရှိသည်ဖြစ်၍ စင်ကြယ်သော အဝတ် ကာသိတိုင်းဖြစ်ပုဆိုးထက် မြတ်သောပုဆိုး ဆန်းကြယ်သော အဝတ်တန်ဆာရှိလျက် လင် နန္ဒိသေနထံသို့ ချဉ်းကပ်၏။

၁၈၀။ နတ်သမီး သောက်ရှုးကြယ်သည် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေဘိသကဲ့သို့ သင်သည် အလွန်နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေလျက် တည်ဘိ၏။

၁၈၁။ သင်သည် အဘယ်ကုသိုလ်ထူးကြောင့် ထိုသို့သဘောရှိသော အရောင်အဆင်းရှိသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် သင့်အား ဤအရပ်၌ (ကောင်းကျိုး) ပြည့်စုံသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင့်အား စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံးတို့သည် ဖြစ်ပေါ်ကုန်သနည်း။

၁၈၂။ အာနုဘော်ကြီးသော နတ်သမီး သင့်ကို (ငါ)မေး၏၊ လူဖြစ်စဉ်က အဘယ်ကုသိုလ်ကို ပြုခဲ့သနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပသော အာနုဘော်ရှိသနည်း၊ သင်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းတောက်ပစေလျက် တည်ဘိသနည်း(ဟု နန္ဒိသေနက မေး၏)။

၁၈၃။ နန္ဒိသေန အကျွန်ုပ်သည် နန္ဒာပါတည်း၊ ရှေးဘဝက သင်၏ မယားဖြစ်ခဲ့ပါ၏၊ မကောင်းမှုကိုပြုသောကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရပါ၏။

၁၈၄။ သင်ပေးလှူအပ်သော အလှူဖြင့် တစုံတရာ မည်သည့်ဘေးမျှ မရှိပဲ မွေ့လျော်ရပါ၏၊ သူကြွယ် ဆွေမျိုးအားလုံးတို့နှင့်တကွ ကြာမြင့်စွာ အသက်ရှင်ပါစေလော့၊ စိုးရိမ်ကင်း၍ မြူအညစ်အကြေးကင်းသော ဘေးမရှိသော ဝသဝတ္တီနတ်တို့ နေရာဘုံသို့ ရောက်ပါစေလော့။

၁၈၅။ သူကြွယ် ဤလူ့ပြည်လောက၌ တရားကိုကျင့်၍ အလှူဒါနကို ပေးလှူကာ ဝန်တိုခြင်း 'မစ္ဆေရ'အညစ်အကြေးကို အမြစ်ပါ နုတ်ပြီးလျှင် အကဲ့ရဲ့လွတ်လျက် နတ်ပြည်သို့ ကပ်ရောက်ပါစေ(ဟု နန္ဒာက ဆုံးမစကား ပြောကြား၏)။

လေးခုမြောက်သော နန္ဒာပေတဝတ္ထု ပြီး၏။

---

### ၅-မဋ္ဌကုဏ္ဍလီပေတဝတ္ထု

၁၈၆။ တန်းဆာဆင်အပ်သော ပြေပြစ်ချောမွေ့သော နားဒေါင်းလည်းရှိသော ပန်းကို ပန်ဆင်၍ စန္ဒကူးရွှေတို့ဖြင့် လိမ်းကျံထားသည့် ကိုယ်ရှိသော သင်သည် ဆင်းရဲဒုက္ခရောက်သည်ဖြစ်၍ တောအလယ်၌ မောင်းကို မြှောက်လျက် အဘယ်ကြောင့် ငိုမြည်တမ်းဘိသနည်း(ဟု အဒိန္နပုဗ္ဗကပုဏ္ဏားက မေး၏)။

http://www.dhammadownload.com



၁၈၇။ (ပုဏ္ဏား)ငါ့အား ရွှေဖြင့်ပြီးသော ပြိုးပြိုးပြက်ပြက် အရောင်ထွက်သော ရထားအိမ်ကား ရှိပါ၏၊ ထိုရထားလှည်းအိမ်အတွက် ရထားဘီးအစုံကို မရသေးပါ၊ ထိုရထားဘီးအစုံကို မရသောဆင်းရဲကြောင့် အသက်ကို စွန့်ရပါတော့အံ့ (ဟု မဋ္ဌကုဏ္ဍလီက ပြောဆို၏)။

၁၈၈။ လုပဖျို့မျစ်သော လုလင် ရွှေဖြင့်ပြီးသော ရထားဘီးအစုံလော၊ မြကျောက်ရတနာဖြင့်ပြီးသော ရထားဘီးအစုံလော၊ ပတ္တမြားနီဖြင့် ပြီးသော ရထားဘီးအစုံလော၊ ငွေစင်ဖြင့်ပြီးသော ရထားဘီးအစုံလော ငါ့အား ပြောကြားပါလော့၊ သင့်အတွက် ရထားဘီးအစုံကို ပြည့်စုံအောင် ငါလုပ်၍ ပေးအံ့ (ဟု မဋ္ဌကုဏ္ဍလီကို မေးပြန်၏)။

၁၈၉။ ဤလောက၌ နေလနှစ်ပါးတို့ကို တွေ့မြင်နေရပါကုန်၏၊ ရွှေဖြင့်ပြီးသော ငါ့ရထားသည် ထိုနေလနှစ်ပါးဟူသော ရထားဘီးအစုံဖြင့်သာ တင့်တယ်ပါလိမ့်မည်ဟု ထိုလုလင်သည် ထိုပုဏ္ဏားကို ပြောဆို၏။

၁၉၀။ လုလင် သင်သည် တောင့်တ၍ မရကောင်းသော ဝတ္ထုကို တောင့်တလေသောကြောင့် မိုက်လှသူသာ ဖြစ်ဘိ၏၊ လုလင် သင်သည် သေလျှင်သာ သေရမည်၊ နေလတို့ကို ရလိမ့်မည်မဟုတ်ဟု ငါအောက်မေ့၏(ဟု အဒိန္နပုဗ္ဗကပုဏ္ဏားက ဆို၏)။

၁၉၁။ ပုဏ္ဏား နေလနှစ်ပါးတို့၌ အဆင်းဓာတ်ကိုလည်း တွေ့မြင်နေရ၏၊ လှည့်လည်ရာ လမ်းခရီး၌ သွားခြင်းလာခြင်းကိုလည်း တွေ့မြင်နေရ၏၊ သေလွန်သော သူကိုမူကား မတွေ့မြင်ရတော့ပေ၊ ဤတောအရပ်၌ ငိုကြွေးမြည်တမ်းနေကြကုန်သော သင်နှင့်ငါ နှစ်ယောက်တို့တွင် အဘယ်သူက ပို၍ မိုက်ပါသနည်း(ဟု လုလင်ကဆို၏)။

၁၉၂။ လုလင် သင်သည် အမှန်ကိုသာ ပြောဆိုပေ၏၊ ငိုကြွေးမြည်တမ်း နေကြကုန်သော သင်နှင့်ငါ နှစ်ယောက်တို့တွင် ငါကသာ ပို၍မိုက်၏၊ လဗိမာန်ကို တောင့်တလျက် ငိုကြွေးမြည်တမ်းနေသော သူငယ်ကဲ့သို့ သေလွန်သော သူကို ငါတောင့်တမိလေပြီ(ဟု အဒိန္နပုဗ္ဗက-က ဆို၏)။

၁၉၃။ လုလင် ထောပတ်ဖြင့် သွန်းလောင်း ထားသည်ဖြစ်၍ ရဲရဲညီးညီး တောက်နေသော မီးကို ရေဖြင့် သွန်းလောင်းလိုက်သကဲ့သို့ ထို့အတူ သင်သည် သောကမီး တောက်လောင်နေသော ငါ၏ ပူပန်မှုအားလုံးကို အေးစေလေပြီတကား။

၁၉၄။ အကြင်သင်သည် ပူဆွေးမှု သောကနှိပ်စက်နေသော ငါ့အား သားကြောင့် ဖြစ်သော ပူဆွေးမှုသောကကို ပယ်ဖျောက်နိုင်ပေ၏၊ ထိုသင်သည် ငါ၏ နှလုံး၌ မှီသော ပူဆွေးမှု သောကတည်းဟူသော ငြောင့်ကို နုတ်ပေပြီတကား။

၁၉၅။ လုလင် ထိုငါသည် ပူဆွေးမှုသောကဟူသော ငြောင့်ကို နုတ်ပယ်ပြီးသူ ငြိမ်းချမ်းပြီးသူ ငြိမ်းအေးပြီးသူ ဖြစ်ပေတော့၏၊ လုလင် သင်၏ တရားစကားကို ကြားနာရသောကြောင့် ငါသည် မပူဆွေးတော့ပါ၊ မငိုကြွေးတော့ပါ။

၁၉၆။ လုလင် သင်သည် စာတုမဟာရာဇ် နတ်ဖြစ်လေသလော၊ ဂန္ဓဗ္ဗနတ်မျိုး ဖြစ်လေသလော၊ သို့မဟုတ် ရှေး၌ အလှူကို ပေးတတ်သော သိကြားဖြစ်လေသလော၊ သင်သည် အဘယ်မည်သော သူပေနည်း၊ အဘယ်သူ၏ သားပေနည်း၊ ငါတို့သည် သင့်ကို အဘယ်သို့ သိကြရကုန်အံ့နည်း (ဟု အဒိန္နပုဗ္ဗက-က ထပ်၍ မေးပြန်၏)။

http://www.dhammadownload.com



၁၉၇။ ပုဏ္ဏား သင်သည် သား (မဋ္ဌကုဏ္ဍလီ)ကို သုသာန်၌ မိမိကိုယ်တိုင် ဖုတ်ကြည်း သင်းဂြိုဟ်ပြီးလျှင် အကြင်သားကို (ရည်၍) မြည်တမ်း၏၊ အကြင်သားကို (ရည်၍) ငိုကြွေး၏၊ သင်၏ သားဖြစ်သော ထိုငါသည် ကုသိုလ်ကံကို ပြုခဲ့သောကြောင့် တာဝတိံသာနတ်တို့၏ အသင်းဝင် အပေါင်းအဖော် အဖြစ်သို့ ရောက်၏(ဟု မဋ္ဌကုဏ္ဍလီနတ်သားက ပြော၏)။

၁၉၈။ လုလင် မိမိအိမ်၌ ပေးလှူသော သင်၏ အနည်းငယ်သော အလှူကိုသော်၎င်း, များစွာသော အလှူကိုသော်၎င်း, ငါတို့ မမြင်ကြရပါကုန်၊ သင် စောင့်သုံးသော ထိုသို့ သဘောရှိသော ဥပုသ်ကံကိုသော်လည်း မမြင်ကြရပါကုန်၊ အဘယ်ကံကြောင့် သင်သည် နတ်ပြည်သို့ လားရောက်ရသနည်း(ဟု အဒိန္နပုဗ္ဗကက မေးပြန်၏)။

၁၉၉။ (ပုဏ္ဏား) ငါသည် မိမိအိမ်၌ အနာနှိပ်စက်သည်ဖြစ်၍ ဆင်းရဲခြင်းသို့ ရောက်လျက် နာအျင်သော သဘောရှိသူ သူနာ ဖြစ်ခဲ့ပါ၏၊ ကိလေသာမြူ ကင်းတော်မူပြီးသော မဝေခွဲနိုင်မှု ဝိစိကိစ္ဆာကို လွန်မြောက်တော်မူပြီးသော ကောင်းသော စကားကို ဆိုတော်မူသော မယုတ်လျော့သော ပညာလည်း ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်လိုက်ရပါပြီ။

၂၀၀။ ပုဏ္ဏား ထိုငါသည် ဝမ်းမြောက်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားအား လက်အုပ်ချီခဲ့ဘူးပါ၏၊ ငါသည် (လက်အုပ်ချီခြင်း) ကုသိုလ်ကံကို ပြုခဲ့သောကြောင့် တာဝတိံသာနတ်တို့၏ အသင်းဝင် အပေါင်းအဖော်အဖြစ်သို့ ရောက်ရပါ၏(ဟု မဋ္ဌကုဏ္ဍလီနတ်သားက ပြောဆို၏)။

၂၀၁။ အံ့ဖွယ်ရှိပါပေစွတကား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွတကား၊ လက်အုပ်ချီခြင်းမျှ၏လည်း ဤသို့သော အကျိုး ဖြစ်ဘိသေး၏၊ ငါသည်လည်း ဝမ်းမြောက် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ယနေ့ပင်လျှင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်တော့အံ့(ဟု အဒိန္နပုဗ္ဗကက ပြော၏)။

၂၀၂။ ပုဏ္ဏား သင်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ယနေ့ပင်လျှင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့၊ တရားတော်ကို၎င်း, သံဃာတော်ကို၎င်း, ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့၊ ထို့ပြင် သိက္ခာပုဒ်ငါးပါးတို့ကိုလည်း မကျိုးမပျက်အောင် ဆောက်တည်လေလော့။

၂၀၃။ သူ့အသက်ကို သတ်ခြင်းမှ လျင်စွာ ရှောင်ကြဉ်ပါလော့၊ လောက၌ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါလော့၊ သေအရက်ကို မသောက်မစားပါလင့်၊ မဟုတ်မမှန် စကားကိုလည်း မပြောဆိုပါလင့်၊ မိမိမယားဖြင့်သာ ရောင့်ရဲသူ ဖြစ်ပါလော့(ဟု မဋ္ဌကုဏ္ဍလီနတ်သားက ပြောကြား၏)။

၂၀၄။ နတ်သား သင်သည် ငါ၏ အကျိုးကို အလိုရှိသူဖြစ်ပေ၏၊ နတ်သား ငါ၏ အစီးအပွါးကိုလည်း အလိုရှိသူ ဖြစ်ပေ၏၊ သင်၏ စကားကို ငါလိုက်နာပါ၏၊ သင်သည် ငါ၏ဆရာ ဖြစ်ပါပေ၏။

http://www.dhammadownload.com



၂၀၅။ ငါသည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အတုမရှိသော တရားတော်ကိုရှင်း, မြတ်စွာဘုရား၏ တပည့်သာဝက သံဃာတော်ကိုရှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၀၆။ သူ့ အသက်ကို သတ်ခြင်းမှ လျင်စွာ ရှောင်ကြဉ်ပါ၏၊ လောက၌ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏၊ သေအရက်ကို မသောက်စားတော့ပါ၊ မဟုတ်မမှန်သော 'မုသား'စကားကိုလည်း မပြောဆိုပါ၊ မိမိမယားဖြင့်သာ ရောင့်ရဲသူဖြစ်ရပါ၏(ဟု အဒိန္နပုဗ္ဗက-က ဆို၏)။

ငါးခုမြောက်သော မဋ္ဌကုဏ္ဍလီပေတဝတ္ထု ပြီး၏။

---

## ၆-ကဏှပေတဝတ္ထု

၂၀၇။ ကဏှအနွယ်ဖြစ်သော ဝါသုဒေဝမင်းမြတ် ထပါလော့၊ အဘယ်ကြောင့် လျောင်းလဲ၍ အိပ်စက်နေရပါသနည်း၊ သင် မင်းမြတ်အား လျောင်းလဲ၍ အိပ်စက်နေခြင်းဖြင့် အဘယ် အကျိုး ရှိပါအံ့နည်း၊ သင်၏ နှလုံးသား သင်၏ လက်ျာမျက်စိနှင့်တူသော ညီအရင်းအား လေတို့သည် လွှမ်းမိုးနှိပ်စက်နေပါကုန်၏၊ ကေသဝမင်းမြတ် ဃဋပညာရှိသည် မြည်တမ်းနေပါ၏(ဟု ရောဟိဏေယျအမတ်က ပြော၏)။

၂၀၈။ ရောဟိဏေယျမည်သော ထိုအမတ်၏ စကားကို ကြား၍ ကေသဝမင်းမြတ်သည် ညီကြောင့်ဖြစ်သော ပူဆွေးမှုသောက နှိပ်စက်သည်ဖြစ်ရကား လျောင်းစက်ရာမှ ဆောလျင်စွာ ထ၏။

၂၀၉။ အဘယ်ကြောင့် သူရူးကဲ့သို့ ဤဒွါရဝတီတမြို့လုံး အနှံ့လှည့်လည်လျက် ယုန်ယုန်ဟု မြည်တမ်းနေဘိသနည်း၊ အဘယ်သို့သော ယုန်ကို သင် အလိုရှိသနည်း။

၂၁၀။ ရွှေဖြင့် ပြီးသော ယုန်လော၊ မြကျောက်ရတနာဖြင့်ပြီးသော ယုန်လော၊ ကြေးနီဖြင့်ပြီးသော ယုန်လော၊ ငွေစင်ဖြင့်ပြီးသော ယုန်လော၊ ခရုသင်း ကျောက်သလင်း သန္တာဖြင့် ပြီးသော ယုန်လော၊ သင့်အတွက် ယုန်ကို ပြုလုပ်စေပါအံ့။

၂၁၁။ တောကြီး မှိုင်လယ်၌ ကျက်စားကြသော အခြားယုန်တို့သည်လည်း ရှိကြကုန်၏၊ ထိုယုန်တို့ကိုလည်း သင့်အား ဆောင်ယူပေးအံ့၊ အဘယ်သို့သော ယုန်ကို သင် အလိုရှိသနည်း(ဟု ကေသဝမင်းက ပြောဆို မေးမြန်း၏)။

၂၁၂။ မြေ၌မှီကုန်သော ယုန်တို့ကို အကျွန်ုပ် အလိုမရှိ၊ လဗိမာန်မှ ယုန်ကိုသာ အလိုရှိပါ၏၊ ကေသဝမင်းမြတ် အကျွန်ုပ်အား ထိုယုန်ကို ဆောင်ယူပေးလော့(ဟု ဃဋပဏ္ဍိတက ဖြေကြား၏)။

၂၁၃။ ညီတော် သင်သည် လဗိမာန်မှ ယုန်ကို တောင့်တဘိ၏၊ တောင့်တမရကောင်းသည်ကို သင် တောင့်တဘိ၏၊ ထိုသင်သည် ကောင်းမြတ်သော အသက်ကို မုချ စွန့်ရလိမ့်မည်ဟု ငါထင်၏(ဟု ကေသဝမင်းက ပြောဆို၏)။

http://www.dhammadownload.com



၂၁၄။ ကာဏှာအန္ဒယ်ဖြစ်သော ဝါသုဒေဝမင်းမြတ် သူတပါးကို ဆုံးမသကဲ့သို့ ဤအတူ သင်သည် သိတော်မူခဲ့ပါမူ ရှေး(လေးလလောက်)က သေသော သားကို(အကြောင်းပြု၍) ယနေ့တိုင်အောင် အဘယ်ကြောင့် ပူဆွေးနေရဘိသနည်း။

၂၁၅။ မွေးဖွားလာသော ငါ၏ သားသည် မသေပါစေလင့်ဟု လူသည်ရင်း, နတ်သည်ရင်း(တောင့်တ၍)မရနိုင်၊ ယင်းသို့ တောင့်တ၍ မရကောင်းသော ဝတ္ထုကို အဘယ်မှာ ရနိုင်ပါမည်နည်း။

၂၁၆။ ကဏှာအန္ဒယ်ဖြစ်သော နောင်တော်မင်းမြတ် သင်သည် သေသူကို အကြောင်းပြု၍ အဖန်တလဲလဲ ပူဆွေး၏၊ ထိုသေသူကို မန္တန် မန်းမှုတ်ခြင်းဖြင့်သော်ရင်း, ဆေးမြစ်ဖြင့်သော်ရင်း အထူးစီရင်ဖော်စပ်သော ဆေးတို့ဖြင့်သော်ရင်း ဆောင်ယူခြင်းငှါ မတတ်ကောင်း။

၂၁၇။ များသော ဥစ္စာရှိကုန်သော များသော စည်းစိမ်ရှိကုန်သော မင်းမျိုး၌ ဖြစ်၍ များသော ဥစ္စာစပါးလည်းရှိကုန်သော ထိုထိုတိုင်းပြည်အရှင် ဘုရင်တို့သော်မှလည်း အိုရကုန် သေရကုန်သေး၏။

၂၁၈။ မင်းမျိုးတို့သည်ရင်း ပုဏ္ဏားမျိုးတို့သည်ရင်း ကုန်သည်မျိုးတို့သည်ရင်း သူဆင်းရဲမျိုးတို့သည်ရင်း ဒွန်းစဏ္ဍားမျိုး ပန်းမှိုက်သွန်မျိုးတို့သည်ရင်း ထိုဆိုအပ်ခဲ့ပြီးသူတို့မှ တပါးသော အမျိုးဇာတ်ရှိသူတို့သည်ရင်း ရှိကုန်၏၊ ထိုသူတို့သည်လည်း အိုရကုန် သေရကုန်သေး၏။

၂၁၉။ (ပုဏ္ဏားတို့အကျိုးငှါ)ဗြဟ္မာသည် ကြံစည်ဟောပြောအပ်သော အင်္ဂါခြောက်ပါးတို့နှင့် ယှဉ်သော ဗေဒင်ကို သရဇ္ဈာယ်ပို့ချကုန်သော သူတို့သည်ရင်း တပါးသော အတတ်ပညာနှင့် ပြည့်စုံသူတို့သည်ရင်း ရှိကုန်၏၊ ထိုသူတို့သော်မှလည်း အိုရကုန် သေရကုန်သေး၏။

၂၂၀။ ကိုယ်စိတ်တို့ဖြင့် ငြိမ်းသော သဘောရှိကုန်သော စောင့်စည်းအပ်သော စိတ်ရှိ၍ ကိလေသာကို ပူပန်စေတတ်သော အကျင့်လည်း ရှိကုန်သော ရသေ့ရဟန်းတို့သော်မှလည်း သေချိန်ရောက်သောအခါ ကိုယ်ကို စွန့်လွှတ်ကြရကုန်သေး၏။

၂၂၁။ (စတုသစ္စကမ္မဋ္ဌာန်းဘာဝနာ၌)ပွါးများပြီးသော စိတ်ရှိကုန်သော မဂ်ကိစ္စကို ပြုပြီးကုန်သော အာသဝေါ ကင်းကုန်ပြီးသော ရဟန္တာတို့သော်မှလည်း ကုသိုလ် အကုသိုလ်ကံ ကုန်ခြင်းကြောင့် ဤခန္ဓာကိုယ်ကို စွန့်ပစ်ကြရကုန်သေး၏(ဟု ဃဋပဏ္ဍိတက ပြော၏)။

၂၂၂။ ညီတော် ထောပတ်ဖြင့် သွန်းလောင်းထားသည် ဖြစ်၍ ရဲရဲညီးညီး တောက်နေသော မီးကို ရေဖြင့် သွန်းလောင်းလိုက်ဘိသကဲ့သို့ ထို့အတူ သင်သည်(သောက)မီး တောက်လောင်နေသော ပူပန်မှုအားလုံးကို ငြိမ်းအေးစေလေပြီတကား။

http://www.dhammadownload.com



၂၂၃။ အကြင်သင်သည် ပူဆွေးမှု သောက နှိပ်စက်နေသော ငါ့အား သားကြောင့်ဖြစ်သော ပူဆွေးမှု သောကကို ပယ်ဖျောက်ပါပေ၏၊ ထိုသင်သည် ငါ၏ နှလုံး၌မှီသော ပူဆွေးမှု သောကတည်းဟူသော ငြောင့်ကို နုတ်ပေပြီတကား။

၂၂၄။ ညီတော် ငါသည် ပူဆွေးမှု သောကတည်းဟူသော ငြောင့်ကို နုတ်ပယ်ပြီးသူ ငြိမ်းချမ်းပြီးသူ ငြိမ်းအေးပြီးသူ ဖြစ်ပေတော့၏၊ ညီတော် သင်၏ တရားစကားကို ကြားနာရသောကြောင့် ငါသည် မပူဆွေးတော့ပါ၊ မငိုကြွေးတော့ပါ။

၂၂၅။ အကြင်ပညာရှိတို့သည် သနားစောင့်ရှောက်တတ်ကုန်၏၊ ထိုပညာရှိတို့သည် ဤသို့ပင် ပြုလုပ်ကြကုန်၏၊ ဃဋ(ပဏ္ဍိတ)သည် နောင်တော်ကို ပူဆွေးမှု သောကမှ ငြိမ်းစေသကဲ့သို့ တပါးသော ပညာရှိတို့သည်လည်း ပူဆွေးမှု သောကမှ ငြိမ်းအေးစေကုန်၏။

၂၂၆။ ဃဋ(ပဏ္ဍိတ)သည် နောင်တော်ကို ကောင်းစွာ ပြောဆိုခြင်းဖြင့် အတုလိုက်စေသကဲ့သို့ အကြင်သူအား ဤသို့ သဘောရှိကုန်သော အမတ်တို့သည်၎င်း၊ အလုပ်အကျွေးတို့သည်၎င်း ရှိကုန်၏၊ ထိုသူအား ထိုအမတ်အလုပ်အကျွေးတို့သည် ကောင်းစွာ ပြောဆိုခြင်းဖြင့် အတုလိုက်စေကုန်၏(ဟု ဝါသုဒေဝမင်းကြီးက ပြောဆို၏)။

ခြောက်ခုမြောက်သော ကဏှပေတဝတ္ထု ပြီး၏။

---

## ၇-နန္ဒပါလသေင္ဒိပေတဝတ္ထု

၂၂၇။ သင်သည် အဝတ်မပါ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်ရှိ၏၊ ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိ၏၊ နံရိုးပြိုင်းပြိုင်းထွက်၍ ကြုံလှီလှ၏၊ အချင်း သင်သည် အဘယ်သူနည်း(ဟု ကုန်သည်များက မေး၏)။

၂၂၈။ အရှင်တို့ အကျွန်ုပ်သည် မကောင်းသော လားရာရှိသော ယမမင်း၏ နိုင်ငံ၌ဖြစ်သော ပြိတ္တာဖြစ်ပါ၏၊ မကောင်းမှုကံကို ပြုခဲ့မိသောကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရပါ၏(ဟု ပြိတ္တာက ဖြေ၏)။

၂၂၉။ သင်သည် ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ စိတ်ဖြင့်၎င်း အဘယ်မကောင်းမှုကံကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရသနည်း(ဟု ကုန်သည်များက ထပ်မေး၏)။

၂၃၀။ ပဏ္ဏမင်းတို့၏ ဧရကစ္ဆာဟု ကျော်ကြားသော မြို့သည် ရှိ၏၊ ထိုမြို့၌ ရှေးဘဝက သူဌေးဖြစ်ခဲ့ဘူး၏၊ အကျွန်ုပ်ကို နန္ဒပါလဟု သိကြပါကုန်၏။

၂၃၁။ အကျွန်ုပ်အား ရွှေငွေလှည်းအစီး ရှစ်ဆယ်တိုက် ရှိပါ၏၊ အကျွန်ုပ်အား ရွှေသည် များလှပါ၏၊ ပုလဲ ကြောင်မျက်ရွဲတို့သည် များပြားပါကုန်၏။

၂၃၂။ ထိုမျှလောက် များသော ဥစ္စာရှိသော်လည်း အကျွန်ုပ်သည် ပေးလှူရန်မနှစ်သက်ပါ၊ အကျွန်ုပ်ကို ဖုန်းတောင်းယာစကာတို့သည် မမြင်စေကုန်လင့်ဟု နှလုံးပြု၍ တံခါးကို ပိတ်လျက် သုံးဆောင် စားသောက်ပါ၏။

http://www.dhammadownload.com



၂၃၃။ အကျွန်ုပ်သည် ယုံကြည်မှု'သဒ္ဓါ' မရှိသူ ဝန်တိုသူ စဉ်းလဲသူ ဖြစ်ခဲ့ပါ၏၊ အလှူဒါနကို ပေးလှူကုန်သော ကုသိုလ်ကောင်းမှုကို ပြုသောသူတို့ကို ခြိမ်းခြောက်တတ်၏၊ များစွာသော လူတို့ကို ကုသိုလ်ကောင်းမှုမှ တားမြစ်မိခဲ့ပါ၏။

၂၃၄။ ပေးလှူခြင်း၏ အကျိုးသည် မရှိ၊ စောင့်စည်းခြင်း၏ အကျိုးကား အဘယ်မှာ ရှိအံ့နည်း၊ လေးထောင့်ကန်တို့ကိုရင်း, ရေတွင်းတို့ကိုရင်း, စိုက်ပျိုးအပ်သော အရံဥယျာဉ်တို့ကိုရင်း, ရေအိုးစင်တို့ကိုရင်း (ရွံညှန်ရေတို့ကြောင့်) အသွားခက်သော ခရီး၌ တံတားတို့ကိုရင်း ဖျက်ဆီးခဲ့ပါပြီ။

၂၃၅။ ကောင်းမှုကို မပြုမူ၍ မကောင်းမှုကိုသာ ပြုသော ထိုအကျွန်ုပ်သည် ထိုလူ့ပြည်မှ စုတေခဲ့သည်ရှိသော် ပြိတ္တာဘုံ၌ ဖြစ်၍ ဆာလောင်မွတ်သိပ်ခြင်းဖြင့် အနှိပ်စက်ခံရပါ၏။

၂၃၆။ အကျွန်ုပ်သည် သေသောအခါမှစ၍ ငါးဆယ့်ငါးနှစ်တို့ပတ်လုံး စားရသည်ကိုရင်း, သောက်ရေ သောက်ရသည်ကိုရင်း မသိရစဘူးပါ။

၂၃၇။ ပေးလှူမှုမှ ရှောင်ကြဉ်ခြင်းဟူသော မပေးလှူခြင်းသည် ရှိ၏၊ ထိုမပေးလှူခြင်းသည် သတ္တဝါတို့ ပျက်စီးကြောင်းမည်၏၊ အကြင်ပျက်စီးကြောင်းသည် ရှိ၏၊ ထိုပျက်စီးကြောင်းသည် လောဘစသည်တို့၏ အစွမ်းဖြင့် ပေးလှူမှုမှ ရှောင်ကြဉ်ခြင်း ဟူသော မပေးလှူခြင်းပင်တည်း၊ ထိုစကားမှန်၏၊ ပေးလှူမှုမှ ရှောင်ကြဉ်ခြင်းဟူသော မပေးလှူခြင်းသည် ပျက်စီးကြောင်းတည်းဟု ပြိတ္တာတို့ သိကြကုန်သည်သာတည်း။

၂၃၈။ အကျွန်ုပ်သည် ရှေးဘဝက လောဘစသည်တို့၏ အစွမ်းဖြင့် ပေးလှူမှုမှ ရှောင်ကြဉ်ခဲ့ပါပြီ၊ ဥစ္စာများစွာ ရှိနေပါလျက် မပေးလှူခဲ့ပေ၊ လှူဖွယ်ဝတ္ထုတို့ ရှိပါကုန်လျက် မိမိ၏ မှီခိုရာ ကျွန်းသဖွယ်ဖြစ်သော ကုသိုလ်ကောင်းမှုကို မပြုခဲ့ပေ၊ ထိုအကျွန်ုပ်သည် မိမိကံ အကျိုးသို့ ကပ်ရောက်ရသည် ဖြစ်၍ နောက်မှ နောင်တရပါ၏။

၂၃၉-၂၄၀။ လေးလတို့အလွန်၌ သေလွန်ခြင်း ဖြစ်ရပါလိမ့်မည်၊ အကျွန်ုသည် စင်စစ်ဆင်းရဲ၍ ကြမ်းထမ်းသော လေးထောင့်ရှိသော တံခါးလေးပေါက်ရှိသော ဝေဖန်အပ်သော ပုံစံတူဖြစ်သော သံတံတိုင်းကာရံ၍ သံပြားဖြင့် ပိတ်ဖုံးထားအပ်သော ငရဲသို့ ကျရောက်ရပါလိမ့်မည်။

၂၄၁။ ထိုငရဲ၏ မြေကြီးကား သံဖြင့်ပြီး၏၊ တောက်လောင်သည်ဖြစ်၍ အခိုးအလျှံရှိ၏၊ ထက်ဝန်းကျင် ယူဇနာတရာတိုင်တိုင် အခါခပ်သိမ်း ပြန့်နှံ့၍ တည်၏။

၂၄၂။ အကျွန်ုပ်သည် ထိုငရဲ၌ ရှည်မြင့်စွာသော ကာလပတ်လုံး မကောင်းမှုကံ၏ အကျိုးဖြစ်သော ဆင်းရဲဝေဒနာကို ခံစားရအံ့၊ ထို့ကြောင့် အကျွန်ုပ်သည် ပြင်းစွာ စိုးရိမ်မိပါ၏။

၂၄၃။ ထို့ကြောင့် အရှင်တို့အား လျှောက်ပါ၏၊ အရှင်တို့အား ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ၊ ဤအရပ်၌ စုဝေးရောက်လာသမျှသော အရှင်ကောင်းတို့သည် မျက်မှောက်၌သော်ရင်း, မျက်ကွယ်၌သော်ရင်း မကောင်းမှုကံကို မပြုကြပါကုန်လင့်။

http://www.dhammadownload.com



၂၄၄။ ထိုမကောင်းမှု(ကံ)ကို အကယ်၍ နောင်အခါ ပြုလိမ့်မည်ဖြစ်ပါမူ ယခုလည်း ပြုနေပါမူ ပျံတက်၍ ထွက်ပြေးကြကုန်သော်လည်း အရှင်တို့အား ဆင်းရဲမှ လွတ်မြောက်ခြင်း မရှိနိုင်။

၂၄၅။ အမိ၏ အကျိုးစီးပွါး အဖ၏ အကျိုးစီးပွါး (အလို့ငှါ) လုပ်ကျွေးကြကုန်လော့၊ အမျိုး၌ ကြီးသူတို့အား အရိုအသေ ပြုကြကုန်လော့၊ ရဟန်းကို ပူဇော်ကြကုန်လော့၊ မကောင်းမှုကို အပပြုပြီးသော သူကို ပူဇော်ကြကုန်လော့၊ ဤသို့ ပြုကျင့်ကြပါမူ နတ်ပြည်သို့ သွားရလတ္တံ့ (ဟု ပြိတ္တာက ဆုံးမစကား ပြောကြား၏)။

ခုနစ်ခုမြောက်သော နန္ဒပါလသေဋ္ဌိပေတဝတ္ထု ပြီး၏။

---

## ဂ-စူဠသေဋ္ဌိပေတဝတ္ထု

၂၄၆။ အရှင်(အရှင်သည်) အဝတ်မဆည်း အချည်းနှီးဖြစ်လျှက် ကြုံလှီသော ရဟန်း ဖြစ်ပေ၏၊ အဘယ်ကြောင့် ညဥ့်အခါ၌ အဘယ်အရပ်သို့ သွားမည်နည်း၊ အရှင်သည် အကျွန်ုပ်အား(လာခြင်း၏ အကြောင်းကို)အကယ်၍ ပြောစွမ်းနိုင်မူ ပြောကြားပါလော့၊ အရှင်ဘုရားကို အလုံးစုံသော စည်းစိမ်ဖြင့် ပြီးစေနိုင်ငြားအံ့လည်း မသိ(ဟု အဇာတသတ်က မေး၏)။

၂၄၇။ အဝေးတိုင်အောင် ကျော်ကြားသော ဗာရာဏသီမြို့သည် ရှိပါ၏၊ အကျွန်ုပ်သည် ထိုမြို့၌ ပစ္စည်းဥစ္စာကြွယ်ဝသော မပေးလှူလိုသော သူကြွယ် ဖြစ်ခဲ့ပါ၏၊ အာမိသ၌ ကပ်ငြိသော စိတ်ရှိ၍ မပေးလှူတတ်၊ မကောင်းသော အကျင့်ကြောင့် ယမမင်းနိုင်ငံ ပြိတ္တာဘုံသို့ လားရောက်ရပါ၏။

၂၄၈။ ထိုအကြောင်းတို့ကြောင့် ထိုအကျွန်ုပ်သည် ထိုးဆွတတ်သော အပ်နှင့်တူသော ကြောင့် သူစိကာဟု ရအပ်သော အမည်ရှိသော မွတ်သိပ်ခြင်းဖြင့် ပင်ပန်းရပါ၏၊ ထို့ကြောင့် ပင်လျှင် ဆွေမျိုးတို့ထံ အနည်းငယ်သော အာမိသဟူသော အကြောင်းကြောင့် သွားပါ၏၊ ပေးလှူလေ့မရှိသူတို့သည် တမလွန်လောက၌ အလှူ၏ အကျိုးသည် ဖြစ်၏ဟု မယုံကြည်ကြပါကုန်။

၂၄၉။ အကျွန်ုပ်၏ သမီးသည်လည်း အမိအဖတို့အတွက်ငှါ, အဘိုးအဘွားတို့ အတွက်ငှါ အလှူကို ပေးလှူအံ့ဟု မပြတ်ပြောကြားပါ၏၊ စီရင်အပ်သော ထိုအလှူကို ပုဏ္ဏားတို့အား ကျွေးမွေးပါကုန်၏၊ အကျွန်ုပ်သည် စားသောက်ရန် အန္ဓကဝိန္ဒမြို့သို့ သွားပါအံ့ (ဟု ပြိတ္တာက ဖြေ၏)။

၂၅၀။ ထိုသမီးလှူသော အလှူကိုလည်း ခံစားပြီး၍ လျင်စွာ လာခဲ့ပါဦး၊ ငါသည် လည်း ပူဇော်ခြင်းကို ပြုလုပ်အံ့ အကယ်၍ အကြောင်းရှိခဲ့ပါမူ ထိုအကြောင်းကို ငါ့အား ပြောကြားလော့၊ ယုံကြည်ထိုက်သော အကြောင်းစကားကို နားထောင်လိုပါကုန်၏ဟု အဇာတသတ်မင်းသည် ထိုပြိတ္တာကို ပြောဆို၏။

http://www.dhammadownload.com



၂၅၁။ ပြိတ္တာသည် ကောင်းပြီဟု ဆို၍ သွားပြီးလျှင် ထိုအန္ဓကဝိန္ဒမြို့ဝယ် ထမင်းကို ဒုဿီလပုဏ္ဏားတို့သည် စားကုန်၏၊ မြတ်သော အလှူကို ခံထိုက်သော သီလရှိသော ပုဂ္ဂိုလ်တို့ မစားကုန်ရကား တဖန် ရာဇဂြိုဟ်မြို့သို့ ပြန်လာ၍ လူတို့ကို အစိုးရသော (အဇာတသတ်) မင်း၏ ရှေ့၌ ထင်ရှားဖြစ်၏။

၂၅၂။ အဇာတသတ်မင်းသည် တဖန်ပြန်လာသော ပြိတ္တာကို မြင်၍ ငါသည်လည်း အဘယ်ကို ပေးလှူရအံ့နည်း၊ သင်သည် ကြာမြင့်စွာ နှစ်သက်မှုဖြစ်ရာသောအကြောင်း အကယ်၍ ရှိခဲ့မူ ထိုအကြောင်းကို ငါ့အား ပြောကြားပါလော့ (ဟု ပြောဆို၏။)

၂၅၃။ အဇာတသတ်မင်း ထမင်းအဖျော်သက်န်းဖြင့် မြတ်စွာဘုရားကိုရင်း သံဃာတော်ကိုရင်း လုပ်ကျွေး၏၊ ထိုအလှူ၏ အဘို့ကို အကျွန်ုပ်၏ အကျိုးစီးပွါးအလို့ငှါ ရည်ညွှန်းပေးဝေပါလော့၊ ဤသို့ ရည်ညွှန်း ပေးဝေသည်ရှိသော် အကျွန်ုပ်သည် ကြာမြင့်စွာ နှစ်သက်မှု ဖြစ်ရာပါ၏(ဟု လျှောက်ထား၏)။

၂၅၄။ ထိုစကားကြောင့် အဇာတသတ်မင်းသည် ထွက်၍ ထိုခဏ၌ပင် အတုမရှိသော အလှူကို ကိုယ်တိုင် သံဃာအားပေးလှူ၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ပြီးလျှင် ပြိတ္တာအားလည်း အလှူ၏ အဘို့ကို ရည်ညွှန်းပေးဝေ၏။

၂၅၅။ အလှူကို ရည်ညွှန်းပေးဝေသည်ရှိသော် ထိုပြိတ္တာသည် အလွန်တင့်တယ်လျက် လူတို့ကို အစိုးရသော မင်း၏ ရှေ့၌ ထင်ရှားဖြစ်၏၊ အကျွန်ုပ်သည် လွန်စွာ ပြည့်စုံခြင်းသို့ ရောက်သော နတ်ဖြစ်ရပါ၏၊ အကျွန်ုပ်နှင့် တူမျှသော လူတို့သည် မရှိကုန်။

၂၅၆။ သင်မင်းမြတ်သည် သံဃာတော်အား အတုမရှိသော အလှူကို လှူ၍ အကျွန်ုပ်အား ရည်ညွှန်း ပေးဝေပါ၏၊ မနှိုင်းယှဉ်အပ်သော အကျွန်ုပ်၏ အာနုဘော်ကို ရှုပါလော့၊ အမြဲ မပြတ် အခါခပ်သိမ်း များစွာသော ထမင်းအဖျော်စသည်တို့ဖြင့် တင်းတိမ်ရောင့်ရဲရပါ၏၊ လူမင်း အကျွန်ုပ်သည် ချမ်းသာသည်ဖြစ်၍ သွားပါတော့အံ့ (ဟု အဇာတသတ်မင်းအား ပြန်ကြား၏)။

ရှစ်ခုမြောက်သော ရှုဋ္ဌသေဋ္ဌိပေတဝတ္ထု ပြီး၏။

ပဌမဘာဏဝါရပြီး၏။

---

### ၉-အက္ခရုက္ခပေတဝတ္ထု

၂၅၇။ အကြင်အကြောင်းကြောင့် (ဘဏ္ဍာကို ရောင်းသဖြင့် ရသော) ဥစ္စာကို ဆောင်ကုန်သော ငါတို့သည် ကမ္ဗောဇတိုင်းသို့ သွားကြရကုန်၏၊ ဤနတ်သားသည် အလိုရှိသည်ကို ပေးတတ်၏၊ ထိုအကြောင်းကြောင့် ဤနတ်သားကို ဆောင်ကုန်အံ့။

၂၅၈။ ဤနတ်သားကို တောင်းပန်၍သော်၎င်း အနိုင်အထက် ဆောင်၍သော်၎င်း ခေါ် ယူလျက် ယာဉ်ထက်သို့ တက်ပြီးလျှင် 'ဒွါရဝတီမြို့သို့ လျင်စွာ သွားကုန်အံ့(ဟု ပုဏ္ဏားကုန်သည်က ပြော၏)။

http://www.dhammadownload.com



၂၅၉။ အကြင်သူသည် အကြင်သစ်ပင်၏ အရိပ်၌ ထိုင်မူလည်း ထိုင်ဘူး၏၊ အိပ်မူလည်း အိပ်ဘူး၏၊ ထိုသူသည် ထိုသစ်ပင်၏ အကိုင်းအခက်ကိုသော်မူလည်း မချိုးမဖဲ့ရာ၊ မှန်၏၊ အဆွေခင်ပွန်းကို ဖျက်ဆီးခြင်းသည် ယုတ်မာလှ၏ (ဟု အက်ိရက ပြောပြ၏)။

၂၆၀။ အကြင်သူသည် အကြင်သစ်ပင်၏ အရိပ်၌ ထိုင်မူလည်း ထိုင်ဘူး၏၊ အိပ်မူလည်း အိပ်ဘူး၏၊ ထိုသူသည် ထိုသို့သဘောရှိသော (သစ်ဖြင့် လိုအပ်သော) အကျိုးသည် အကယ်၍ ရှိခဲ့ပါမူ ထိုသစ်ပင်၏ ပင်စည်ကိုသော်လည်း ဖြတ်ရာ၏ (ဟု ပုဏ္ဏားကုန်သည်က ထပ်ပြော၏)။

၂၆၁။ အကြင်သူသည် အကြင်သစ်ပင်၏ အရိပ်၌ ထိုင်မူလည်း ထိုင်ဘူး၏၊ အိပ်မူလည်း အိပ်ဘူး၏၊ ထိုသူသည် ထိုသစ်ပင်၏ အရွက်ကိုမျှသော်လည်း မဖျက်ဆီးရာ၊ မှန်၏၊ အဆွေခင်ပွန်းကို ဖျက်ဆီးခြင်းသည် ယုတ်မာ၏ (ဟု အက်ိရက ပြန်ပြော၏)။

၂၆၂။ အကြင်သူသည် အကြင်သစ်ပင်၏ အရိပ်၌ ထိုင်မူလည်း ထိုင်ဘူး၏၊ အိပ်မူလည်း အိပ်ဘူး၏၊ ထိုသူသည် ထိုသို့သဘောရှိသော (သစ်ဖြင့် လိုအပ်သော) အကျိုးသည် အကယ်၍ ရှိခဲ့ပါမူ ထိုသစ်ပင်ကို အမြစ်နှင့်တကွသော်လည်း နုတ်ရာ၏ (ဟု ပုဏ္ဏား ကုန်သည်က ထပ်ပြော၏။)

၂၆၃။ အကြင်ယောကျာ်းသည် အကြင်ပုဂ္ဂိုလ်၏ အိမ်၌ တညမျှလည်း နေဘူး၏၊ အကြင်သူထံ၌ ထမင်းအဖျော်ကို ရရာ၏၊ ထိုယောကျာ်းသည် ထိုသူအား မကောင်းသော အမှုကို စိတ်မျှဖြင့်သော်လည်း မကြံစည်ရာ၊ သူ့ကျေးဇူးကို သိသောသူ၏ အဖြစ်ကို သူတော်ကောင်းတို့ ချီးမွမ်းအပ်၏။

၂၆၄။ အကြင်ပုဂ္ဂိုလ်သည် အကြင်သူ၏ အိမ်၌ တညမျှလည်း နေဘူး၏၊ အကြင်သူသည် ထမင်းအဖျော်ဖြင့် ရွေးရှုတည်သည် ဖြစ်ရာ၏၊ ထိုပုဂ္ဂိုလ်သည် ထိုသူအား မကောင်းသော အမှုကို စိတ်မျှဖြင့်သော်လည်း မကြံစည်ရာ၊မညှဉ်းဆဲသော လက်ရှိသူသည် အဆွေခင်ပွန်း ဖျက်သောသူကို ပျက်စီးစေတတ်၏။

၂၆၅။ အကြင်သူသည် ရှေး၌ (တစုံတယောက်က)ပြုအပ်သော ကျေးဇူးဥပကာရ ရှိသူဖြစ်လျက် နောက်၌ ယင်းကျေးဇူးပြုသူကို အကျိုးမဲ့ပြုခြင်းဖြင့် ညှဉ်းဆဲ၏၊ စိုသော လက်ရှိသူဟု ဆိုအပ်သော ကျေးဇူးရှင်ကြောင့် ပျက်စီးရသော ထိုသူသည် ကောင်းသော အရာတို့ကို မမြင်ရတော့ပေ(ဟု အက်ိရက ဆို၏)။

၂၆၆။ ငါ့ကို နတ်ကသော်၎င်း လူကသော်၎င်း မဖျက်ဆီးနိုင်၊ ငါ့ကို အစိုးရသော သူကသော်လည်း မဖျက်ဆီးနိုင်၊ ငါသည် မြတ်သော တန်ခိုးသို့ ရောက်သော နတ်ဖြစ်၏၊ ဝေးသော အရပ်သို့ ခဏချင်း သွားနိုင်၏၊ အဆင်းခွန်အားနှင့် ပြည့်စုံ၏(ဟု နတ်သားက ပြောဆို၏)။

၂၆၇။ သင်၏(လကျာ)လက်သည် အလုံးစုံအားဖြင့် ရွှေအဆင်းရှိ၏၊လက်ငါးချောင်းတို့ဖြင့် သူတပါးလိုသော ဝတ္ထုကို သင်ဆောင်စွမ်းနိုင်၏၊ ကောင်းမြတ်သော အရသာကို ယိုစီးစေနိုင်၏၊ ( သင်၏ လက်မှ )အထူးထူးသော အရသာတို့ ယိုစီးကုန်၏၊ သင့်ကို သိကြားမင်းဟု ငါထင်မှတ်၏(ဟု အက်ိရက ပြော၏)။

http://www.dhammadownload.com



၂၆၈။ အင်္ကုရ ငါသည် စာတုမဟာရာဇ်နတ်မျိုးမဟုတ်ပါ၊ ဂန္ဓဗ္ဗနတ်မျိုးလည်း မဟုတ်ပါ၊ ရှေးဘဝက အလှူပေးလှူတတ်သော သိကြားလည်း မဟုတ်ပါ၊ ရောရုဝမြို့မှ စုတေ၍ ဤညောင်ပင်၌ ကပ်ရောက်လာသော ပြိတ္တာဟု ငါ့ကို သိပါလော့(ဟု ပြိတ္တာက ပြော၏)။

၂၆၉။ သင်သည် ရှေးဘဝက ရောရုဝမြို့၌ နေစဉ် အဘယ်သို့သော သဘောရှိသော သီလရှိသူ အဘယ်သို့ သဘောရှိသော အကျင့်ရှိသူ ဖြစ်ခဲ့ပါသနည်း၊ အဘယ်မြတ်သော အကျင့်ကြောင့် သင်၏ လက်၌ ကောင်းမှုအကျိုးသည် ပြည့်စုံရပါသနည်း(ဟု အင်္ကုရက မေး၏)။

၂၇၀။ ငါသည် ရှေးဘဝက ရောရုဝမြို့၌ အပ်ချုပ်သမား ဖြစ်ခဲ့ပါ၏၊ ထိုအခါက ငါသည် အလွန်ဆင်းရဲစွာ အသက်မွေးရ၍ ဆင်းရဲနွမ်းပါးသူ ဖြစ်ပါ၏၊ ငါ့အား ပေးလှူရန် တစုံတခုမျှ မရှိပါ။

၂၇၁။ ယုံကြည်မှု 'သဒ္ဓါ'နှင့် ပြည့်စုံ၍ ဒါနရှင်ဖြစ်သော ကောင်းမှုကိုသာ ပြု၍ (မကောင်းမှုကို)စက်ဆုပ်တတ်သော သဘောရှိသော အသယှသူဌေး၏ အိမ်အနီး၌ ငါ၏ အိမ်သည် ရှိပါ၏။

၂၇၂-၄။ ထိုငါ၏ အိမ်သို့ အထူးထူးသော အနွယ်ရှိကုန်သော ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုတတ်ကုန်သော သူတောင်းစားတို့သည် လာကြကုန်၏၊ ထိုသူတောင်းစားတို့သည် "အရှင်တို့အား ကောင်းခြင်းဖြစ်ပါစေ (ငါတို့သည်)အဘယ်အရပ်သို့ သွားရကုန်အံ့နည်း၊အဘယ်အရပ်၌ အလှူကို ပေးလှူအပ်သနည်း"ဟု အသယှသူဌေး၏ အိမ်ကို ငါ့အား မေးကြကုန်၏၊ အမေးခံရသော ငါသည် ထိုသူတို့အား လကျာ်လက်မောင်းကို မြှောက်ချီလျက် "သင်တို့အား ကောင်းခြင်းဖြစ်ပါစေ၊ ဤအိမ်၌ အလှူကို ပေးလှူ၏"ဟု အသယှသူဌေး၏ အိမ်ကို ပြောကြားလိုက်ပါ၏။

၂၇၅။ ထို့ကြောင့် ငါ၏ လက်သည် အလိုရှိသည်ကို ပေးစွမ်းနိုင်၏၊ ထို့ကြောင့် ငါ၏ လက်သည် ချိုမြိန်သော အရသာကို ယိုစီးစေနိုင်၏၊ ထိုမြတ်သော အကျင့်ဖြင့် ကောင်းမှု အကျိုးသည် ငါ၏ လက်၌ ပြည့်စုံ၏(ဟု နတ်သားက ဖြေ၏)။

၂၇၆။ သင်ကား မိမိလက်တို့ဖြင့် တစုံတယောက်အား အလှူကို မပေးလှူဘူး သတတ်၊သူတပါး၏ အလှူကို ဝမ်းမြောက်လျက် လက်ကို မြှောက်၍ ပြောဆိုဘူးသတတ်။

၂၇၇။ ထို့ကြောင့် သင်၏ လက်သည် အလိုရှိသည်ကို ပေးစွမ်းနိုင်၏၊ သင်၏ လက်သည် ချိုမြိန်သော အရသာကို ယိုစီးစေနိုင်၏၊ ထိုမြတ်သော အကျင့်ဖြင့် ကောင်းမှုအကျိုးသည် သင်၏ လက်၌ ပြည့်စုံ၏။

၂၇၈။ အရှင်နတ်သား အကြင်အသယှသူဌေးသည် ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ အလှူကို ပေးလှူ၏၊ ထိုအသယှသူဌေးသည် လူ့ခန္ဓာကိုယ် အတ္တဘောကို စွန့်သည် ရှိသော် အဘယ်အရပ်ဌာနသို့ လားရောက်သနည်း(ဟု အင်္ကုရက ထပ်မေး၏)။

http://www.dhammadownload.com



၂၇၉။ ကိုယ်အင်္ဂါမှ ထွက်သော အရောင်ရှိသော သည်းခံနိုင်သော အသယှသူဌေး၏ သွားရာ 'ဂတိ'ကိုရင်း လားရာ 'ဂတိ'ကိုရင်း အကျွန်ုပ် မသိပါ၊ အသယှသူဌေးသည် သိကြားမင်း၏ အသင်းဝင် အပေါင်းအဖော်အဖြစ်သို့ ရောက်၏ဟု ဝေဿဝဏ်နတ်မင်း၏ အထံမှ အကျွန်ုပ် ကြားရဘူး၏(ဟု နတ်သားက ပြန်၍ ဖြေကြား၏)။

၂၈၀။ ထိုက်သည်အားလျော်စွာ ကောင်းမှုကို ပြုခြင်းငှါရင်း အလှူကို ပေးလှူခြင်းငှါရင်း သင့်လျော်သည်သာတည်း၊ အဘယ်သူသည် အလိုရှိသည်ကို ပေးတတ်သော လက်ကို မြင်ရ၍ ကောင်းမှုကို မပြုရှိတော့မည်နည်း။

၂၈၁။ ထိုအကျွန်ုပ်သည် ဤအရပ်မှ သွား၍ ဒွါရာဝတီမြို့သို့ ရောက်လျှင် အကျွန်ုပ်၏ ချမ်းသာကို ရွက်ဆောင်နိုင်သော အလှူကို ဖြစ်စေအံ့ဟု ကြံစည်အောက်မေ့မိပါ၏။

၂၈၂။ ထမင်းကိုရင်း အဖျော်ကိုရင်း အဝတ်ပုဆိုး ကျောင်းအိပ်ရာ နေရာတို့ကိုရင်း ပေးလှူပါတော့အံ့၊ ရေအိုးစင်ကိုရင်း ရေတွင်းကိုရင်း ရွံ့ညွန်ရေတို့ဖြင့် အသွားခက်သော ခရီး၌ တံတားတို့ကိုရင်း ပြုလုပ်ပေးလှူပါတော့အံ့(ဟု အင်္ကုရက ပြောဆို၏)။

၂၈၃။ အဘယ့်ကြောင့် သင်၏ လက်ချောင်းသည် ကောက်ကွေးနေသနည်း၊ အဘယ့်ကြောင့် သင်၏ ပါးစပ်သည်လည်း စောင်းရွဲ့နေသနည်း၊ သင်၏ မျက်စိတို့သည်လည်း အဘယ့်ကြောင့် (အညစ်အကြေး) ယိုစီးကုန်သနည်း၊ သင်သည် အဘယ်မကောင်းမှုကို ပြုခဲ့သနည်း(ဟု မေး၏)။

၂၈၄။ အကျွန်ုပ်သည် ကိုယ်အင်္ဂါမှ ထွက်သော အရောင်ရှိသော ယုံကြည်မှု'သဒ္ဓါ'ရှိ၍ အိမ်ကို အုပ်စိုးနေသော အသယှသူကြွယ်၏ အလှူတင်းကုပ်ဝယ် ထိုသူကြွယ်၏ အလှူပေးခြင်း၌ ဝန်ဆောင်ပုဂ္ဂိုလ် ဖြစ်ခဲ့ပါ၏။

၂၈၅။ အကျွန်ုပ်သည် ထိုအလှူတင်းကုပ်၌ ဘောဇဉ်ကို အလိုရှိ၍ လာကုန်သော သူတောင်းစားတို့ကို မြင်လျှင် တခုသော အရပ်သို့ ဖဲသွား၍ နှုတ်ခမ်းမဲ့ရွဲ့ခြင်းကို ပြုခဲ့မိပါ၏။

၂၈၆။ ထို့ကြောင့် အကျွန်ုပ်၏ လက်ချောင်းတို့သည် ကောက်ကွေးနေပါကုန်၏၊ အကျွန်ုပ် ပါးစပ်သည်လည်း ရွဲ့နေပါကုန်၏၊ အကျွန်ုပ်၏ မျက်စိတို့သည်လည်း (အညစ်အကြေး)ယိုစီးပါကုန်၏၊ ထိုမကောင်းမှုကို အကျွန်ုပ် ပြုခဲ့၏ (ဟု ပြိတ္တာက ဖြေ၏)။

၂၈၇။ ယုတ်မာသော ယောကျ်ား အကြင်အကြောင်းကြောင့် သင်သည် သူတပါး အလှူ၌ တွန့်ရှုံ့ မဲ့ရွဲ့သော မျက်နှာကို ပြုခဲ့၏၊ သင့်တော်သော ထိုအကြောင်းကြောင့်ပင် သင်၏ ခံတွင်းသည်လည်း ရွဲ့နေ၏၊ မျက်စိတို့သည်လည်း(အညစ်အကြေး)ယိုစီးနေကုန်၏။

၂၈၈။ ထမင်းအဖျော် ခဲဖွယ် ကျောင်းအိပ်ရာ နေရာဟူသော အလှူကို ပေးလှူသော သူသည် အဘယ့်ကြောင့် သူတပါးကို ပေးလှူခိုင်းရသနည်း။

၂၈၉။ မှန်၏၊ ထိုငါသည် ဤအရပ်မှ သွား၍ ဒွါရဝတီမြို့သို့ ရောက်သည်ရှိသော် အကြင်အလှူသည် ငါ၏ ချမ်းသာကို ရွက်ဆောင်ရာ၏၊ ထိုအလှူကို ဖြစ်စေရတော့အံ့။

http://www.dhammadownload.com



၂၉၀။ ငါသည် ထမင်းကိုငှင်း အဖျော်ကိုငှင်း အဝတ်ပုဆိုး ကျောင်းအိပ်ရာ နေရာတို့ကိုငှင်း ပေးလှူပေတော့အံ့၊ ရေအိုးစင်ကိုငှင်း ရေတွင်းကိုငှင်း ရွှံ့ညွန်ရေတို့ဖြင့် အသွားခက်သော ခရီး၌ တံတားကိုငှင်း ပြုလုပ်ပေးလှူပေတော့အံ့(ဟု အကုံရက ဆို၏)။

၂၉၁။ ထိုအကုံရသည် ထိုအရပ်မှ ပြန်လာ၍ ဒွါရဝတီမြို့သို့ ရောက်သည်ရှိသော် အကြင်အလှူသည် ချမ်းသာကို ရွက်ဆောင်၏၊ထိုအလှူကို ဖြစ်စေတော့သည်သာတည်း။

၂၉၂။ ထမင်းကိုငှင်း အဖျော်ကိုငှင်း အဝတ်ပုဆိုး ကျောင်းအိပ်ရာ နေရာတို့ကိုငှင်း ပေးလှူ၏၊ ရေအိုးစင်ကိုငှင်း ရေတွင်းကိုငှင်း အထူးသဖြင့် ကြည်လင်သော စိတ်ဖြင့် ပေးလှူလေ၏။

၂၉၃။ အဘယ်သူသည် ဆာလောင်သနည်း၊ (ဆာလောင်သူသည် လာ၍ စားသုံးလော့) အဘယ်သူသည် မွတ်သိပ်သနည်း (မွတ်သိပ်သူသည် လာ၍ သောက်သုံးလော့) အဘယ်သူသည် အဝတ်ကို ဝတ်ရုံလိုသနည်း (လာ၍ ဝတ်ရုံလော့) အဘယ်သူ၏ ရထားလှည်းတို့သည် ဆွေးမြေ့ ဟောင်းနွမ်းကုန်သနည်း၊ ဤယာဉ်အပေါင်းမှ အလိုရှိရာယူ၍ ရထားလှည်း၌ ယှဉ်စေကုန်သတည်း။

၂၉၄။ အဘယ်သူသည် ထီးကို အလိုရှိသနည်း၊ (လိုရာကို ယူလော့) အဘယ်သူသည် နံ့သာကို အလိုရှိသနည်း၊ အဘယ်သူသည် ပန်းကို အလိုရှိသနည်း၊ အဘယ်သူသည် ဘိနပ်ကို အလိုရှိသနည်း၊ ဤသို့ ထိုအကုံရအိမ်၌ ကြွေးကြော်ကုန်၏၊ ဆတ္တာသည်တို့သည်ငှင်း စဖိုသည်တို့သည်ငှင်း နံ့သာသည်တို့သည်ငှင်း အခါခပ်သိမ်း ညဉ့်၌ငှင်း နေ့၌ငှင်း အကုံရ၏ အိမ်၌ ကြွေးကြော်ကုန်၏။

၂၉၅။ သိန္ဓုက အကုံရသည် ချမ်းသာစွာ အိပ်ရ၏ ဟု ငါ့ကို လူအများက သိ၏၊ ငါ့မှာမူကား သူတောင်းစား များစွာတို့ကို မမြင်ရသောကြောင့် ဆင်းရဲစွာ အိပ်ရ၏။

၂၉၆။ သိန္ဓုက အကုံရသည် ချမ်းသာစွာ အိပ်ရ၏ဟု ငါ့ကို လူအများက သိ၏၊ ငါ့မှာမူကား သူတောင်းစားတို့ နည်းသောကြောင့် ဆင်းရဲစွာ အိပ်ရ၏(ဟု အကုံရက ပြောဆို၏)။

၂၉၇။ တာဝတိံသာနတ်တို့ကိုငှင်း အလုံးစုံသော လောကကိုငှင်း အစိုးရသော သိကြားမင်းသည် သင့်အား လိုရာဆုကို ပေးခဲ့မူ တောင့်တသည်ရှိသော် အဘယ်သဘောရှိသော ဆုကို တောင့်တပါမည်နည်း(ဟု သိန္ဓုကက မေး၏)။

၂၉၈။ တာဝတိံသာနတ်တို့ကိုငှင်း အလုံးစုံသော လောကကိုငှင်း အစိုးရသော သိကြားမင်းသည် ငါ့အား လိုရာဆုကို ပေးခဲ့မူ ငါသည် နံနက်စောစော အိပ်ရာမှထစဉ် နေအရှဏ်တက်အခါဝယ် နတ်၌ဖြစ်သော အစာတို့သည် ထင်ရှားဖြစ်ကုန်ရာ၏၊ သီလရှိသူတို့သည်ငှင်း သူတောင်းစားတို့သည်ငှင်း ထင်ရှားဖြစ်ကုန်ရာ၏။

၂၉၉။ ငါပေးလှူနေစဉ် မကုန်ခန်းရာ၊ ငါသည် ပေးလှူပြီး၍ နောင်တ မပူပန်ရာ၊ ပေးလှူပြီးသော် စိတ်ကို ကြည်လင်စေရာ၏၊ သိကြားမင်းအား ဤသို့သော ဆုကို တောင်းအံ့(ဟု အကုံရက ဖြေ၏)။

http://www.dhammadownload.com



၃၀၀။ ဥစ္စာအားလုံးတို့ကို သူတပါးအား မပေးလှူရာ၊ အလှူကိုလည်း ပေးလှူရာ၏၊ ဥစ္စာကိုလည်း စောင့်ရာ၏၊ ထို့ကြောင့်သာလျှင် (ပေးလှူမှု)ဒါနထက် ဥစ္စာသည်သာလျှင် မြတ်၏၊ အလွန်ပေးလှူသဖြင့် အမျိုးအနွယ်တို့သည် မဖြစ်ကုန် (ပြတ်ကုန်၏)။

၃၀၁။ (အချင်းခပ်သိမ်း) မပေးလှူခြင်းကိုရင်း အလွန်အကဲ ပေးလှူခြင်းကိုရင်း ပညာရှိတို့သည် မချီးမွမ်းကြကုန်၊ ထို့ကြောင့်လျှင် (ပေးလှူမှု)ဒါနထက် ဥစ္စာသည်သာလျှင် မြတ်၏၊ အလယ်အလတ် အသင့်အားဖြင့်သာ ဖြစ်စေရာ၏၊ ထိုသဘောတရားသည် နီတိကျမ်း၌ လိမ္မာသူတို့၏ သဘောတရားတည်း (ဟု ယောကျာ်းတဦးက ပြောဆို၏)။

၃၀၂။ အချင်းတို့ ငါသည် ပေးလှူမည်သာတည်း၊ ငြိမ်သက်သော ကိုယ် နှုတ် စိတ် အကျင့်ရှိသော သူတော်ကောင်းတို့သည် ငါ့ထံသို့ ချဉ်းကပ်ကုန်ရာ၏၊ မိုးသည် ချိုင့်ဝှမ်းရာ အရပ်ကို ပြည့်စေသကဲ့သို့ အလုံးစုံသော သူတောင်းစားတို့အား အလိုပြည့်စေလျက် တင်းတိမ်ရောင့်ရဲစေရပါမူ ကောင်းလေစွ။

၃၀၃။ သူတောင်းစားတို့ မြင်သည်ရှိသော် အကြင်သူ၏ မျက်နှာအဆင်းသည် ကြည်လင်၏၊ ပေးလှူပြီးနောက် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိ၏၊ အိမ်၌နေသော ထိုသူ၏ ထိုမျက်နှာ ကြည်လင်မှု နှစ်သက်ဝမ်းမြောက်သော စိတ်ရှိမှုသည် ချမ်းသာကြောင်းတည်း။

၃၀၄။ သူတောင်းစားတို့ကို မြင်သည်ရှိသော် အကြင်သူ၏ မျက်နှာအဆင်းသည် ကြည်လင်၏၊ ပေးလှူပြီးနောက် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိ၏၊ ထိုသူ၏ ဤမျက်နှာ ကြည်လင်မှု နှစ်သက်ဝမ်းမြောက်သော စိတ်ရှိမှုသည် အလှူဒါန၏ ပြည့်စုံခြင်းတည်း။

၃၀၅။ ပေးလှူသည်မှ ရှေးအဘို့၌ ဝမ်းမြောက်၏၊ ပေးလှူစဉ် စိတ်ကို ကြည်လင်စေ၏၊ ပေးလှူပြီးနောက် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိ၏၊ ဤသည်ကား အလှူဒါန၏ ပြည့်စုံခြင်းတည်း (ဟု အင်္ကုရက ပြော၏)။

၃၀၆။ ကောင်းမှုကို ငဲ့သော အင်္ကုရ၏ နေအိမ်၌ လှည်းအစီး ခြောက်သောင်းတိုက်မျှ လောက်သော ဘောဇဉ်ကို သတ္တဝါအပေါင်းအား အမြဲမပြတ် ပေးလှူအပ်၏။

၃၀၇။ ပတ္တမြားနားဒေါင်း ဝတ်ဆင်ကုန်သော အလှူကြီးကို ပေးလှူခြင်း၌ အားထုတ်ကြကုန်သော သုံးထောင်ကုန်သော စဖိုသည်တို့သည် အင်္ကုရကို မှီ၍ အသက်မွေးကြကုန်၏။

၃၀၈။ ပတ္တမြားနားဒေါင်း ဝတ်ဆင်ကုန်သော နုပျိုသော ယောကျာ်းခြောက်သောင်းတို့သည် အင်္ကုရ၏ အလှူကြီး၌ ထင်းခွဲကြကုန်၏။

၃၀၉။ အလုံးစုံ တန်ဆာဆင်ပြီး ဖြစ်ကုန်သော နုပျိုသော မိန်းမတသောင်းခြောက်ထောင်တို့သည် အင်္ကုရ၏ အလှူကြီး၌ ဟင်းချက်ဖွယ်ရာ (ငရုတ်စသည်) တို့ကို ပေါင်းစပ်ပြုပြင်ကြကုန်၏။

၃၁၀။ အလုံးစုံ တန်ဆာဆင်ပြီး ဖြစ်ကုန်သော တသောင်းခြောက်ထောင်သော မိန်းမတို့သည် အင်္ကုရ၏ အလှူကြီး၌ ယောက်မကို ကိုင်လျက် ကျွေးမွေးရာဌာနသို့ ကပ်၍ တည်ကုန်၏။

http://www.dhammadownload.com



၃၁၁။ မင်းမျိုးဖြစ်သော အင်္ကုရသည် ကြာမြင့်စွာသော ကာလပတ်လုံး ရှိသေစွာ ကိုယ်တိုင် အဖန်ဖန် အရိုအသေပြု၍ များစွာသော သူတို့အား များစွာ လှူဒါန်း၏။

၃၁၂။ အင်္ကုရသည် များစွာသော လတို့ပတ်လုံးငင်း များစွာသော ပက္ခတို့ပတ်လုံး ငင်း များစွာသော ဥတုနှစ်တို့ပတ်လုံးငင်း ကြာမြင့်စွာသော် ကာလပတ်လုံးပင် အလှူကြီးကို ဖြစ်စေ၏။

၃၁၃။ ထိုအင်္ကုရသည် ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး (အချို့သူတို့အား) ပေးလှူပြီး၍ငင်း များစွာသော သူတို့အား လှူဒါန်း ပူဇော်ပြီး၍ငင်း လူ့ခန္ဓာ အတ္တဘောကို စွန့်ရသည်ရှိသော် တာဝတိံသာ နတ်ဘုံသို့ ကပ် ရောက်ရ၏။

၃၁၄။ ဣန္ဒကမည်သော လုလင်သည် အနုရုဒ္ဓါမထေရ်အား တစ္ဆန်း တယောက်မမျှ လောက်သော ဆွမ်းကို ပေးလှူရသောကြောင့် လူ့ခန္ဓာကိုယ် အတ္တဘောကို စွန့်ရသည် ရှိသော် တာဝတိံသာ နတ်ဘုံသို့ ကပ်ရောက်ရ၏။

၃၁၅-၆။ ဣန္ဒကနတ်သားသည် နှလုံးမွေ့လျော်ဖွယ်သော အဆင်း အသံ အရသာ အနံ့ အတွေ့ အထိ အသက် အခြံအရံ အသွင်သဏ္ဍာန် ချမ်းသာခြင်း အစိုးရခြင်းဟူသော ဆယ်ပါးသော အကြောင်းတို့ဖြင့် အင်္ကုရနတ်သားထက် ပိုလွန်၍ တင့်တယ်၏။

၃၁၇။ အကြင်အခါ ယောက်ျားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် တာဝ-တိံသာနတ်ပြည် ပင်လယ်ကသစ်ပင်၏အနီး ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ သီတင်းသုံး နေတော်မူ၏။

၃၁၈။ ထိုအခါ ဇာတိခေတ်ဟု မှတ်အပ်သော တသောင်းသော လောကဓာတ် (စကြဝဠာ)တို့၌ နတ်ပြဟ္မာတို့သည် စုဝေးကြကုန်လျက် မြင့်မိုရ်တောင်ထိပ်၌ သီတင်း သုံးနေတော်မူသော မြတ်စွာဘုရားထံသို့ ဆည်းကပ်ကြကုန်၏။

၃၁၉။ မည်သည့် တစုံတယောက်သော နတ်မျှ အဆင်းဖြင့် မြတ်စွာဘုရားကို လွန်၍ မတင့်တယ်နိုင်၊ မြတ်စွာဘုရားကသာ နတ်အားလုံးတို့ကို လွှမ်းမိုး လွန်မြောက်၍ တင့်တယ် တော်မူ၏။

၃၂၀။ ထိုအခါဝယ် ဤအင်္ကုရနတ်သားသည် တဆယ့်နှစ်ယူဇနာခြားသော အရပ်၌ နေရ၏၊ ဣန္ဒကနတ်သားသည် မြတ်စွာဘုရား၏ အနီး၌ နေလျက် အလွန် တင့်တယ်၏။

၃၂၁။ မြတ်စွာဘုရားသည် အင်္ကုရနတ်သားကိုငင်း ဣန္ဒကနတ်သားကိုငင်း ကြည့်ရှု တော်မူပြီးလျှင် အလှူခံပုဂ္ဂိုလ်မြတ်ကို ချီးမွမ်းလိုသည်ဖြစ်၍ ဤစကားကို မိန့်ဆိုတော် မူ၏။

၃၂၂။ အင်္ကုရ သင်သည် ကြာမြင့်စွာသော ကာလပတ်လုံး အလှူကြီးကို ပေးလှူခဲ့ သည် မဟုတ်ပါလော၊ သို့ပါလျက် အလွန်ဝေးသော အရပ်၌ နေရဘိ၏၊ ငါ၏ အထံသို့ လာလော့(ဟု မိန့်ဆိုတော်မူ၏)။

http://www.dhammadownload.com



၃၂၃။ (အရိယမဂ္ဂဘာဝနာဖြင့်)ပွါးများအပ်ပြီးသော စိတ်ရှိတော်မူသော မြတ်စွာဘုရားသည် တိုက်တွန်းအပ်သည်ဖြစ်၍ အင်္ကုရနတ်သားသည် ဤစကားကို လျှောက်၏၊ အရှင်ဘုရား တပည့်တော်၏အလှူသည် မြတ်သောအလှူခံထိုက်သော အလှူခံပုဂ္ဂိုလ်တို့မှ ဆိတ်သုဉ်းခဲ့ပါ၏၊ ထိုအလှူဖြင့် တပည့်တော်အား အဘယ် အကျိုး ရှိပါအံ့နည်း။

၃၂၄။ ဤဣန္ဒကနတ်သားသည် အနည်းငယ်သော အလှူကို ပေးလှူခဲ့၏၊ လဆိမာန်သည် ကြယ်အပေါင်းတို့ကို လွှမ်းမိုး၍ တင့်တယ်သကဲ့သို့ အကျွန်ုပ်တို့ကို လွှမ်းမိုး၍ တင့်တယ်ပါ၏(ဟု လျှောက်၏)။

၃၂၅။ ကျတ်တီးပြင်ဖြစ်သော လယ်မြေ၌ များစွာ စိုက်ပျိုးအပ်ပါသော်လည်း မျိုးစေ့သည် ပြန့်ပြော များပြားသော အသီးကို မဖြစ်စေနိုင်သကဲ့သို့ငင်း လယ်သမားကို နှစ်သက်လည်း မနှစ်သက်စေနိုင်သကဲ့သို့ငင်း—

၃၂၆။ ထို့အတူပင် သီလမရှိသူတို့၌ တည်သော အလှူသည် များပြားပါသော်လည်း ပြန့်ပြော များပြားသော အကျိုးကို မဖြစ်စေနိုင်၊ ပေးလှူတတ်သူ ဒါယကာကိုလည်း မနှစ်သက်စေနိုင်ပါ။

၃၂၇။ ကောင်းသော လယ်မြေ၌ အနည်းငယ် စိုက်ပျိုးအပ်သော မျိုးစေ့သည် နည်းပင် နည်းသော်လည်း မိုးရေအယဉ်သည် ကောင်းစွာ ရွာသွန်းသည်ရှိသော် များစွာသော အသီးအနှံကို ဖြစ်စေ၍ လယ်သမားကို နှစ်သက်စေနိုင်သကဲ့သို့—

၃၂၈။ ထို့အတူပင် သီလရှိ၍ ဂုဏ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၌ ပြုအပ်သော ကောင်းမှုသည် နည်းပင် နည်းသော်လည်း အကျိုးကြီး၏ (ဟု အင်္ကုရနတ်သားက လျှောက်၏)။

၃၂၉။ အကြင် ပုဂ္ဂိုလ်၌ ပေးလှူအပ်သော အလှူသည် အကျိုးကြီး၏၊ ထိုပုဂ္ဂိုလ်၌သာ စိစစ်ရွေးချယ်၍ အလှူကို ပေးလှူအပ်၏၊ စိစစ် ရွေးချယ်၍ အလှူကို ပေးလှူသောကြောင့် ပေးလှူတတ်သူ ဒါယကာတို့သည် နတ်ပြည်သို့ လားရောက်ရကုန်၏။

၃၃၀။ စိစစ်ရွေးချယ်၍ ပေးလှူခြင်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်၏၊ အကြင်ပုဂ္ဂိုလ်တို့သည် ဤသက်ရှိလောက၌ မြတ်သောအလှူကို ခံထိုက်ကုန်၏၊ ကောင်းသော လယ်မြေ၌ စိုက်ပျိုးအပ်ကုန်သော မျိုးစေ့တို့ကဲ့သို့ ထိုမြတ်သော အလှူခံပုဂ္ဂိုလ်တို့၌ ပေးလှူအပ်သော အလှူတို့သည် အကျိုးကြီးကုန်၏။

ကိုးခုမြောက်သော အင်္ကုရပေတဝတ္ထု ပြီး၏။

---

## ၁၀-ဥတ္တရမာတုပေတဝတ္ထု

၃၃၁-၂။ ထိုပြိတ္တာမ၏ ဆံပင်တို့သည် အလွန်ရှည်လျားကုန်၏၊ မြေကြီးတိုင်အောင် တွဲရရွဲကျကုန်၏၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်ရှိ၍ ကြောက်မက်ဖွယ် အမြင်ရှိသော ထိုပြိတ္တာမသည် ဆံပင်တို့ဖြင့် ကိုယ်ကို ဖုံးလွှမ်းလျက် ဂင်္ဂါမြစ်ကမ်းနား၌ နေသော နေ့သန့်

http://www.dhammadownload.com



စင်ရာ အရပ်သို့ သွားသော ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းအား ဤစကားကို လျှောက်၏။

၃၃၃။ အရှင်ဘုရား အကျွန်ုပ်သည် သေလွန်သည်မှ အစပြု၍ ငါးဆယ့်ငါးနှစ်တို့ ပတ်လုံး ထမင်းစားရသည်ကိုင်း, သောက်ရေ သောက်ရသည်ကိုင်း မသိစဘူးပါ၊ အကျွန်ုပ်သည် ရေမွတ်သိပ်လှပါ၏၊ အရှင်ဘုရားသည် အကျွန်ုပ်အား ရေကို ပေးတော်မူပါလော့(ဟု ပြောဆို လျှောက်ထား၏)။

၃၃၄။ ဤဂင်္ဂါမြစ်သည် အေးသောရေရှိ၏၊ ဟိမဝန္တာမှသာလျှင် စီးဆင်း၏၊ ဤဂင်္ဂါမြစ်မှ ယူလျက် သောက်ပါလော့၊ အဘယ့်ကြောင့် ငါ့အား သောက်ရေကို တောင်းဘိသနည်း (ဟု မထေရ်က ပြော၏)။

၃၃၅။ အရှင်ဘုရား အကျွန်ုပ်သည် ဂင်္ဂါမြစ်၌ ရေကို အကျွန်ုပ်ကိုယ်တိုင် ယူခဲ့ပါမူ ရေသည် အကျွန်ုပ်အတွက် သွေးအဖြစ်ဖြင့် ပြောင်းလဲသွားပါ၏၊ ထို့ကြောင့် သောက်ရေကို တောင်းပါ၏(ဟု လျှောက်၏)။

၃၃၆။ သင်သည် ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း, စိတ်ဖြင့်ရင်း အဘယ်မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် ဂင်္ဂါမြစ်သည် သင့်အတွက် သွေးဖြစ်ရသနည်း(ဟု မထေရ်က မေး၏)။

၃၃၇။ အရှင်ဘုရား ဥတ္တရမည်သော အကျွန်ုပ်၏ သားသည် ယုံကြည်မှု 'သဒ္ဓါ' ရှိသော ဥပါသကာ ဖြစ်ခဲ့ပါ၏၊ ထိုသားသည် အကျွန်ုပ် အလိုမရှိပဲ ရဟန်းတို့အား—

၃၃၈။ သင်္ကန်းကိုင်း, ဆွမ်းကိုင်း, သူနာ၏ အထောက်အပံ့ဆေးကိုင်း, အိပ်ရာနေရာကိုင်း ပေးလှူပါ၏၊ ထိုပေးလှူသော သားကို အကျွန်ုပ်သည် ဝန်တိုမှု 'မစ္ဆရိယ' နှိပ်စက်အပ်သည်ဖြစ်၍ ဆဲရေးရေရွတ် ကြိမ်းမောင်းမိပါ၏။

၃၃၉။ ဥတ္တရ အကြင်သင်သည် ငါ့အလိုမရှိပဲ သင်္ကန်းကိုင်း, ဆွမ်းကိုင်း, သူနာ၏ အထောက်အပံ့ဆေးကိုင်း, အိပ်ရာနေရာကိုင်း ရဟန်းတို့အား ပေးလှူဘိ၏။

၃၄၀။ ဤအလှူဝတ္ထုသည် သင့်အတွက် တမလွန်ဘဝ၌ သွေးဖြစ်စေသတည်း (ဟု ဆဲရေး ရေရွတ် ကြိမ်းမောင်းမိပါ၏)၊ ထိုမကောင်းမှုကံ၏ အကျိုးကြောင့် ဂင်္ဂါမြစ်ရေသည် အကျွန်ုပ်အတွက် သွေးဖြစ်နေပါတော့၏(ဟု လျှောက်၏)။

ဆယ်ခုမြောက်သော ဥတ္တရမာတုပေတိ ဝတ္ထုပြီး၏။

---

### ၁၁-သုတ္တပေတဝတ္ထု

၃၄၁။ ရှေးအခါက အိမ်သို့ ကပ်လျက် ကာယဝိညတ်ဖြင့် ရပ်တည်၍ အတောင်းခံရသော အကျွန်ုပ်သည် ကိလေသာကို နှင်ထုတ်ပြီးသော (ပစ္စေကဗုဒ္ဓါ)ရဟန်းအား ချည်ကို ပေးလှူခဲ့ရပါ၏၊ ထိုအလှူ၏ ပြန့်ပြောများမြတ်သော ပွါးစီးမှုရှိသော အကျိုးကို ယခု ရပါ၏၊ အကျွန်ုပ်အား များစွာသော အကုဋေမျှလောက်သော အဝတ်တို့သည် ဖြစ်ပါကုန်၏။

http://www.dhammadownload.com



၃၄၂။ များစွာ ဆန်းကြယ်လျက် ယောကျ်ားမိန်းမတို့ မွှဲအပ်သော ဗိမာန်သည် ပန်းတို့ဖြင့် ပြွမ်းသည်ဖြစ်၍ မွှေလျော်ဖွယ်ရှိပါ၏၊ အကျွန်ုပ်သည် ထိုဗိမာန်ကို သုံးဆောင်လည်း သုံးဆောင်ရပါ၏၊ ထိုအကုဋေမျှလောက်သော အဝတ်တို့တွင် အလိုရှိရာအဝတ်ကို ဝတ်ရုံလည်း ဝတ်ရုံပါ၏၊ များစွာသော စည်းစိမ်ဥစ္စာလည်း ရှိပါ၏၊ ထိုစည်းစိမ်ဥစ္စာသည် ကုန်ခန်းလည်း မကုန်ခန်းနိုင်ပါ။

၃၄၃။ ထိုချည်လျှော်ဒါန်းခဲ့သော ကံကို အစွဲပြု၍ ဤဗိမာန်၌ အကျိုးဖြစ်သော ချမ်းသာကိုရင်း သာယာခြင်းကိုရင်း ရအပ်ပါ၏၊ ထိုအကျွန်ုပ်သည် တဖန် လူ့ပြည်သို့ သွား၍ ကောင်းမှုကုသိုလ်ကို ပြုပါအံ့၊ အရှင့်သား အကျွန်ုပ်ကို လူ့ပြည်သို့ ပို့ဆောင်ပါလော့ (ဟု မိန်းမ-က ပြော၏)။

၃၄၄။ သင်သည် အနှစ်ခုနစ်ရာ အထက်ကပင် ဤဗိမာန်သို့ ရောက်လာ၏၊ ထိုလူ့ပြည်၌ အိုခြင်းသည်ရင်း အသက်ကြီးခြင်းသည်ရင်း ဖြစ်ရလိမ့်မည်၊ သင်၏ ဆွေမျိုးအားလုံးတို့သည် သေကုန်ကြပြီဖြစ်ရကား ဤဗိမာန်မှ ထိုလူ့ပြည်သို့ သွား၍ အဘယ်ပြုလတ္တံ့နည်း (ဟု ပြိတ္တာ-က ပြော၏)။

၃၄၅။ အရှင် ဤနတ်ပြည်သို့ ရောက်လာ၍ နတ်ချမ်းသာနှင့် ပြည့်စုံသော အကျွန်ုပ်အား ခုနစ်နှစ်မျှလောက်သာ ရှိပါသေး၏ဟု ထင်မိပါ၏၊ ထိုအကျွန်ုပ်သည် တဖန် လူ့ပြည်သို့ သွား၍ ကောင်းမှုတို့ကို ပြုပါအံ့၊ အရှင့်သား အကျွန်ုပ်ကို လူ့ပြည်သို့ ပို့ဆောင်ပါလော့ (ဟု မိန်းမ-က ပြော၏)။

၃၄၆။ ထိုဝိမာနပြိတ္တာသည် ထိုမိန်းမ၏ လက်မောင်းကို ဖိနှိပ်ဘိသကဲ့သို့ ကိုင်ပြီးလျှင် အလွန်အားနည်းသော မိန်းမအိုကြီးကို (မွေးဖွားရာအရပ်သို့) ပြန်လည်ပို့ဆောင်ပြီးလျှင် ဤအရပ်သို့ ရောက်လာသော လူအပေါင်းကိုလည်း သင်တို့သည် ကုသိုလ်ကောင်းမှုကို ပြုကြကုန်လော့၊ ဤသို့ပြုသည်ရှိသော် ချမ်းသာသုခကို ရနိုင်၏ဟု ပြောကြားပါလေလော့ (ဟု ပြိတ္တာ-က မှာထား ပြောဆို၏)။

၃၄၇။ ကုသိုလ်ကောင်းမှုကံကို မပြုခြင်းကြောင့် ဆင်းရဲပင်ပန်းခြင်းသို့ ရောက်သော ပြိတ္တာတို့ကိုရင်း ကုသိုလ်ကောင်းမှုကံကို မပြုခြင်းကြောင့် ဆင်းရဲပင်ပန်းခြင်းသို့ ရောက်သော လူတို့ကိုရင်း ငါမြင်ရ၏၊ ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်သော ကုသိုလ်ကံကို ပြု၍ ချမ်းသာသုခ၌ တည်သော နတ်လူသတ္တဝါတို့ကိုလည်း ငါမြင်ရ၏။ (ဟု မိန်းမ-က ဆုံးမစကား ပြောကြား၏)။

တဆယ့်တခုမြောက်သော သုတ္တပေတဝတ္ထု ပြီး၏၊

---

## ၁၂-ကဏ္ဍမုဏ္ဍပေတဝတ္ထု

၃၄၈။ ချစ်နှစ်မ သင်၏ ဤရေကန်သည် ရွှေဖြင့်ပြီးသော စောင်းတန်း လှေကားရှိပေ၏၊ ရွှေဖြင့်ပြီးသော သဲတို့ဖြင့် ခင်းထားပေ၏၊ ထိုရေကန်၌ တင့်တယ်ကုန်လျက် စင်ကြယ်ကောင်းမြတ်သော ရနံ့ရှိကုန်သော ကြာသိန်တို့သည် နှလုံးမွှေလျော်ဖွယ် ရှိလှပေကုန်၏။

http://www.dhammadownload.com



၃၄၉။ သင်၏ ဤရေကန်သည် အထူးထူးသော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်သည် ဖြစ်၍ အထူးထူးသော ရနံ့လေတို့ဖြင့် ထက်ဝန်းကျင် ထုံလှိုင်လှုပ်ရှားလျက် နေ၏၊ အထူးထူးသော ပဒုမ္မာကြာတို့ဖြင့် ဖုံးလွှမ်းကာ ကြာဖြူတို့ဖြင့် ရောပြွမ်းစုပေါင်း နေ၏။

၃၅၀။ သင်၏ ဤရေကန်သည် စိတ်ကို နှစ်သက်စေလျက် လေတို့ဖြင့် တိုက်ခတ်သည် ဖြစ်ရကား ကောင်းသော ရနံ့ကို ကြိုင်လှိုင်စေ၏၊ ထိုရေကန်၌ ဟသ်ာ, ကြိုးကြာတို့သည် အလွန်ရှင်မြူး တွန်ကျူးကြကုန်၏၊ စက္ကဝက်တို့သည် အလွန်ရှင်မြူး ဘွန်ကျူးကြကုန်၏။

၃၅၁။ သင်၏ ဤရေကန်သည် အထူးထူးသော ငှက်အပေါင်းတို့ဖြင့် ပြွမ်း၏၊ အထူးထူးသော ငှက်တို့၏ တွန်ကျူးသံ အပေါင်းနှင့် ယှဉ်၏၊ ထိုရေကန်၌ သစ်ပင်တို့သည် အထူးထူးသော အသီးတို့ကို ဆောင်ကုန်၏၊ တောဥယျာဉ်တို့သည် အထူးထူးသော ပန်းတို့ကို ဆောင်ကုန်၏။

၃၅၂။ ဤသို့ သင်၏ ရွှေငွေဖြင့်ပြီးသော များစွာသော ပြာသာဒ်တို့သည် အလွန်တင့်တယ်ကုန်လျက် ထက်ဝန်းကျင် အရပ်လေးမျက်နှာကို တောက်ပစေကုန်၏၊ ဤသို့ သဘောရှိသော မြို့သည် လူ့ပြည်တို့၌ပင် မရှိပေ။

၃၅၃။ အကြင် ကျွန်မငါးရာတို့သည် သင်၏ အလုပ်အကျွေး ဖြစ်ကြကုန်၏၊ ထိုကျွန်မငါးရာတို့သည် ခရူသင်းလက်ကောက် လက်ကြပ်တန်ဆာ ကို ဝတ်ဆင်ကုန်၏၊ ရွှေနားသွယ် ပန်းတို့ကိုလည်း ထူးဆန်းစွာ ပန်ဆင်ကြကုန်၏။

၃၅၄။ ရွှေငွေတို့ဖြင့်ပြီးသော သင်၏ များစွာသော ပလ္လင်တို့ကို ဝံပိုင့်ရေတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်၏၊ ကောင်းစွာ စီရင်အပ်ကုန်သည်ဖြစ်၍ ရှည်လျားသော မွေးရှည်ကော်ဇောကြီးတို့ဖြင့် ခင်းထားအပ်ကုန်၏။

၃၅၅။ ယင်းပလ္လင်၌ မနေခြင်းသို့ ကပ်ရောက်သော သင်သည် အလုံးစုံလိုသမျှ ပြည့်စုံသည်ဖြစ်ပါလျက် ညဥ့်သန်းခေါင်အချိန်သို့ ရောက်လတ်သော် ထိုပလ္လင်မှ ထ၍ သွားဘိ၏။

၃၅၆။ ချစ်နှစ်မ သင်သည် ဥယျာဉ်မြေသို့ သွား၍ ရေကန်၏ ထက်ဝန်းကျင်မှ စိမ်းညို၍ နုပျိုသော မြက်တို့ဖြင့် ဖုံးလွှမ်းအပ်သော ထိုရေကန်၏ ကမ်းနား၌ ရပ်တည်နေဘိ၏။

၃၅၇။ ထိုနောက်မှ နားရွက်ပြတ်သော ခွေးသည် သင်၏ အင်္ဂါကြီးငယ်တို့ကို ခဲစား၏၊ ခွေးစားအပ်သည် ဖြစ်၍ အရိုးစုမျှကို ပြုအပ်ပြီးသောအခါ သင်သည် ရေကန်သို့ သက်ဆင်းလိုက်၏၊ (ထိုအခါ) ခွေးမစားမီ ရှေးအဘို့ကဲ့သို့ သင်၏ ခန္ဓာကိုယ် ဖြစ်ပေါ်ပြန်၏။

၃၅၈။ ထိုရေကန်သို့ သက်ဆင်းပြီးနောက် သင်သည် အင်္ဂါကြီးငယ်တို့ဖြင့် ပြည့်စုံသည်ဖြစ်၍ ကောင်းစွာ နှစ်လိုဖွယ်ရှိကာ ချစ်ခင်ဖွယ်ရာ အမြင်ရှိပြီးလျှင် အဝတ်တန်ဆာ ဝတ်ဆင်လျက် ငါ၏ အထံသို့ လာ၏။

၃၅၉။ သင်၏ ကိုယ်ဖြင့်ငှင်း နှုတ်ဖြင့်ငှင်း စိတ်ဖြင့်ငှင်း အဘယ်မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် နားရွက်ပြတ်သော ခွေးသည် သင်၏ အင်္ဂါကြီးငယ်တို့ကို ခဲစားသနည်း(ဟု ဗာရာဏသီမင်း-က မေး၏)။

http://www.dhammadownload.com



၃၆၀။ ကိမိလမြို့၌ ယုံကြည်မှု 'သဒ္ဓါ' တရားရှိသော ရတနာသုံးပါးကို ဆည်းကပ်တတ်သော သူကြွယ်သည် ရှိပါ၏၊ အကျွန်ုပ်သည် ထိုသူကြွယ်၏ မယားဖြစ်ပါ၏၊ သီလမရှိပါ၊ လင်ကို ကျော်လွန်၍ ယောကျ်ားတပါးတို့နှင့် သွားလာလွန်ကျူး၍ ကျင့်ခဲ့ပါ၏။

၃၆၁။ လင်ကို ကျော်လွန်၍ ယောကျ်ားတပါးတို့နှင့် သွားလာလွန်ကျူးလျက် ကျင့်မိသော အကျွန်ုပ်အား လင်သည် ဤစကားကို ဆို၏၊ သင်သည် ငါ့ကို ကျော်လွန်၍ ယောကျ်ားတပါးတို့နှင့် သွားလာလွန်ကျူး၍ ကျင့်ဘိ၏၊ ဤအမှုသည် မလျောက်ပတ်ဟု ဆိုပါ၏။

၃၆၂-၃။ "အကျွန်ုပ်သည် ကိုယ်ဖြင့်ရင်း စိတ်ဖြင့်ရင်း သင့်ကို ကျော်လွန်၍ ယောကျ်ားတပါးတို့နှင့် သွားလာလွန်ကျူး၍ မကျင့်ပါ၊ အကျွန်ုပ်သည် သင့်ကို ကိုယ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကျော်လွန်၍ ယောကျ်ားတပါးတို့နှင့် သွားလာလွန်ကျူး၍ ကျင့်မိခဲ့ပါမူ နားရွက်ပြတ်သော ဤခွေးသည် အင်္ဂါကြီးငယ်တို့ကို ခဲစားပါစေ"ဟု ထိုအကျွန်ုပ်သည် ကြမ်းထမ်းသော ကျိန်စာဆိုခြင်းကိုရင်း မမှန်ပြောဆိုခြင်းကိုရင်း ပြောဆိုမိပါ၏။

၃၆၄။ အကြင် မကောင်းမှုကံကြောင့် နားရွက်ပြတ်သော ခွေးသည် အကျွန်ုပ်၏ အင်္ဂါကြီးငယ်တို့ကို ခဲစားပါ၏၊ လင်ကို ကျော်လွန်၍ ယောကျ်ားတပါးတို့နှင့် သွားလာလွန်ကျူး၍ ကျင့်သော ကံ၏ရင်း မဟုတ်မမှန်ပြောဆိုသော ကံ၏ရင်း နှစ်ပါးစုံသော ထိုကံ၏ အကျိုးကို အနှစ်ခုနစ်ရာတို့ပတ်လုံး အကျွန်ုပ် ခံစားရပ၏။

၃၆၅။ အရှင်မင်းကြီး သင်သည်ကား အကျွန်ုပ်အား များစွာကျေးဇူးရှိပါ၏၊အကျွန်ုပ်၏ အကျိုးငှါ ဤအရပ်သို့ ရောက်လာပါ၏၊ အကျွန်ုပ်သည် ပူဆွေးမှု မရှိတော့ပဲ တစုံတခုမျှ ဘေးမရှိတော့ပဲ နားရွက်ပြတ်သော ခွေးမှ လွတ်ရပါ၏။

၃၆၆။ အရှင်မင်းကြီး သင့်ကို အကျွန်ုပ် ရှိခိုးပါ၏၊ လက်အုပ်ချီခြင်းကို ပြုလျက် တောင်းပန်ပါ၏၊ အရှင်မင်းကြီး အကျွန်ုပ်နှင့်အတူ နတ်၌ဖြစ်သော ကာမဂုဏ်တို့ကို သုံးဆောင်ပါလော့၊ မွေ့လျော်ပါလော့(ဟု ပြိတ္တာမ-က တောင်းပန်၏)။

၃၆၇။ တင့်တယ်ခြင်းနှင့် ယှဉ်သော ရှင်မ ငါသည် နတ်၌ဖြစ်သော ကာမတို့ကို သုံးဆောင်ခံစားရပြီ၊ သင်နှင့်အတူ မွေ့လျော်ရပြီ၊ သင့်ကို ငါတောင်းပန်၏၊ ငါ့ကို လျင်စွာ (ငါ၏ မြို့သို့သာ) တဖန်ပြန်လည် ပို့ဆောင်ပါလော့(ဟု ဗာရာဏသီမင်း-က ပြော၏)။

တဆယ့်နှစ်ခုမြောက်သော ကဏ္ဏမုဏ္ဍပေတိဝတ္ထု ပြီး၏။

---

## ၁၃-ဥဗ္ဗရိပေတဝတ္ထု

၃၆၈။ ပဉ္စာလတိုင်းသူတို့၏ ရထားစီးချင်း မင်းထက်မင်း ဖြစ်သော ဗြဟ္မဒတ်မည်သော မင်းသည် ဖြစ်ခဲ့ဘူး၏၊ ထိုဗြဟ္မဒတ်မင်းသည် နေ့ညဉ့်ကာလ ရှည်လျားကုန်လွန်လတ်သော် နတ်ရွာစံခဲ့လေ၏။

၃၆၉။ ထိုမင်း၏ ဥဗ္ဗရိမည်သော မိဖုရားသည် သုသာန်သို့ သွား၍ ဗြဟ္မဒတ်မင်းကို မမြင်ရသည်ဖြစ်ပါလျက် "ဗြဟ္မဒတ်မင်းမြတ်"ဟု ငိုကြွေး မြည်တမ်း၏။

http://www.dhammadownload.com



၃၇၀။ အကျင့်နှင့် ပြည့်စုံ၍ ပညာရှိသော ရသေ့သည် ထိုသုသာန်သို့ ရောက်လာခဲ့ပြီ၊ ထိုရသေ့သည် ထိုသုသာန်၌ အညီအညွတ် စုဝေးရောက်လာကြကုန်သော သူတို့ကို မေး၏။

၃၇၁။ အထူးထူးသော အနံ့တို့ဖြင့် ထုံအပ်သော ဤသင်းချိုင်းသည် အဘယ်သူ၏ သင်းချိုင်းနည်း၊ အကြင်မိန်းမသည် ဤလူ့ဘဝမှ တမလွန်ဘဝဟူသော အဝေးသို့ ပြောင်းသွားသော ဗြဟ္မဒတ်မည်သော လင်ကို မတွေ့မမြင်ရပဲလျက် ဗြဟ္မဒတ်မင်းဟု ငိုယိုမြည်တမ်းနေဘိ၏၊ ယင်းသို့ ငိုကြွေးမြည်တမ်းနေသော ဤမိန်းမသည် အဘယ်သူ၏ မယားနည်း (ဟု မေး၏)။

၃၇၂။ (ထိုသို့မေးသည်ရှိသော်) ထိုသုသာန်၌ အညီအညွတ် စုဝေးရောက်လာကြကုန်သော သူတို့က (ဤသို့)ဖြေကြားကြကုန်၏၊ "အရှင်ရသေ့ ထိုသင်းချိုင်းသည် ဗြဟ္မဒတ်မင်း၏ သင်းချိုင်းပါတည်း၊ အရှင်ရသေ့ ထိုသင်းချိုင်းသည် ဗြဟ္မဒတ်မင်း၏ သင်းချိုင်းပါတည်း။

၃၇၃။ အထူးထူးသော အနံ့တို့ဖြင့် ထုံအပ်သော ဤသင်းချိုင်းသည် ထိုဗြဟ္မဒတ်မင်း၏ သင်းချိုင်းပါတည်း၊ ဤလူ့ဘဝမှ တမလွန်ဘဝဟူသော အဝေးသို့ ပြောင်းသွားသော ဗြဟ္မဒတ်မည်သော လင်ကို မတွေ့မမြင်ရပါပဲလျက် ဗြဟ္မဒတ်မင်းဟု ငိုယိုမြည်တမ်းသော ဤမိန်းမသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားပါတည်း"(ဟု ဖြေကြားကုန်၏)။

၃၇၄။ ဤသင်းချိုင်း၌ မီးရှို့အပ်ကုန်သော ဗြဟ္မဒတ်ဟု အမည်ရသူတို့သည် ရှစ်သောင်းခြောက်ထောင်မျှ ရှိကုန်၏၊ ထိုရှစ်သောင်းခြောက်ထောင်သော ဗြဟ္မဒတ်မင်းတို့တွင် အဘယ်ဗြဟ္မဒတ်မင်းကို (စွဲမှီ၍) ပူဆွေးဘိသနည်း (ဟု ရသေ့-က မေး၏)။

၃၇၅။ အရှင်ဘုရား ပဉ္စာလတိုင်းသူတို့၏ ရထားစီးချင်း မင်းထက်မင်းဖြစ်သော အကြင်ဗြဟ္မဒတ်မင်းသည် စူဠနီမင်း၏ သားပါတည်း၊ အလုံးစုံသော အလိုကို ပေးတတ်သော ဗြဟ္မဒတ်မည်သော ထိုလင်ကို (စွဲမှီ၍) ပူဆွေးပါ၏ (ဟု ဥဗ္ဗရီ-က ဖြေ၏)။

၃၇၆။ အလုံးစုံ ရှစ်သောင်းခြောက်ထောင်ကုန်သော မင်းတို့သည် ဗြဟ္မဒတ်မင်းဟူသော အမည်ရှိကုန်သည်ချည်းသာတည်း၊ အလုံးစုံ ရှစ်သောင်း ခြောက်ထောင်ကုန်သော ဗြဟ္မဒတ်မင်းတို့သည် ပဉ္စာလတိုင်းသူတို့၏ ရထားစီးချင်း မင်းထက်မင်းဖြစ်သော စူဠနီမင်း၏ သားတော်တို့ချည်းသာတည်း။

၃၇၇။ သင်သည် အလုံးစုံသော ဗြဟ္မဒတ်မင်းတို့၏ အစဉ်အဆက် မြတ်သောမိဖုရားကြီးအဖြစ်ကို ပြုစေခဲ့၏၊ သို့ဖြစ်ပါလျက် အဘယ်ကြောင့် ရှေးလင်ဟောင်းဖြစ်သော ဗြဟ္မဒတ်မင်းတို့ကို စွန့်လျက် နောက်ဖြစ်သော ဗြဟ္မဒတ်မင်းကို စွဲ၍ ပူဆွေးဘိသနည်း (ဟု ရသေ့-က မေး၏)။

၃၇၈။ အရှင်ရသေ့ များစွာသော သံသရာ၌ မိန်းမအဖြစ်သို့ ရောက်သော အကျွန်ုပ်၏ မိဖုရားကြီးအဖြစ်ကို သင်ရသေ့သည် ပြောဟောဘိ၏၊ မိန်းမဖြစ်သော အကျွန်ုပ်၏ ခန္ဓာကိုယ်အတ္တဘော၌ ရှည်မြင့်စွာသော ကာလပတ်လုံး မိန်းမသာဖြစ်ပါသလော(ဟု ဥဗ္ဗရီ-က မေး၏)။

http://www.dhammadownload.com



၃၇၉။ သင်သည် တရံတခါ မိန်းမဖြစ်ခဲ့ဘူး၏၊ တရံတခါ ယောကျ်ားဖြစ်ခဲ့ဘူး၏၊ တိရစ္ဆာန်အဖြစ်သို့လည်း ရောက်ခဲ့ဘူး၏၊ ဤသို့လျှင် မိန်းမအဖြစ် ယောကျ်ားအဖြစ် တိရစ္ဆာန်စသော အဖြစ်သို့ ရောက်ခဲ့ရသော သင်၏ လွန်ပြီးသော ဘဝတို့ အပိုင်းအခြားသည် ပညာစက္ခုဖြင့် ကြည့်ရှုသော်လည်း မတွေ့မမြင် မထင်နိုင်တော့ပေ (ဟု ရသေ့-က ဖြေ၏)။

၃၈၀။ ထောပတ်ဖြင့် သွန်းလောင်းထားသည်ဖြစ်၍ ရဲရဲညီးညီး တောက်လောင်နေသော မီးကို ရေဖြင့် သွန်းလောင်းလိုက်ဘိသကဲ့သို့ ထို့အတူ သင်သည် သောကမီးတောက်လောင်နေသော အကျွန်ုပ်၏ ပူပန်မှုအားလုံးကို ငြိမ်းအေးစေလေပြီတကား။

၃၈၁။ အရှင်ရသေ့သည် ပူဆွေးမှု 'သောက' နှိပ်စက်နေသော အကျွန်ုပ်အား လင်ကြောင့်ဖြစ်သော ပူဆွေးမှု 'သောက' ကို ပယ်ဖျောက်ပါပေ၏၊ အရှင်ရသေ့သည် အကျွန်ုပ်၏ နှလုံး၌မှီသော ပူဆွေးမှု 'သောက' တည်းဟူသော ငြောင့်ကို နှုတ်ပေပြီတကား။

၃၈၂။ အရှင်ရသေ့ ဆိုအကျွန်ုပ်သည် ပူဆွေးမှု 'သောက' ဟူသော ငြောင့်ကို နှုတ်ပယ်ပြီးသူ ငြိမ်းချမ်းပြီးသူ ငြိမ်းအေးပြီးသူ ဖြစ်ပေတော့၏၊အရှင်ရသေ့ အရှင်၏ တရားစကားကို ကြားနာရသောကြောင့် အကျွန်ုပ်သည် မပူဆွေးတော့ပါ၊ မငိုကြွေးတော့ပါ(ဟု ဥဗ္ဗရီ-က ပြော၏)။

၃၈၃။ ဥဗ္ဗရီမိဖုရားကြီးသည် ထိုရသေ့၏ ကောင်းစွာ ဟောအပ်သော ထိုတရားစကားကို ကြားနာရသောကြောင့် သပိတ်သင်္ကန်းကို ယူလျက် ရသေ့ရဟန်းဘောင်သို့ ဝင်ခဲ့၏။

၃၈၄။ ထိုဥဗ္ဗရီမိဖုရားသည် အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမထောင် ရသေ့ရဟန်းဘောင်သို့ ဝင်ရောက်ပြီးသော် ဗြဟ္မာ့ပြည်သို့ ရောက်ရန် မေတ္တာနှင့်တကွသော စိတ်ကို ပွါးများ၏။

၃၈၅။ တရွာမှ တရွာသို့ရှင်း နိဂုံးတို့သို့ရှင်း မင်းနေပြည်တို့သို့ရှင်း လှည့်လည်လတ်သော် အကြင်ရွာ၌ သေ၏၊ ထိုရွာသည် ဥရုဝေဠမည်သော ရွာပင်တည်း။

၃၈၆။ ဗြဟ္မာ့ပြည်သို့ ရောက်ရန် မေတ္တာနှင့်တကွသော စိတ်ကို ပွါးများခြင်းကြောင့် မိန်းမအဖြစ်၌ တပ်စွဲသာယာသောစိတ်ကို ကင်းစေ၍ ဗြဟ္မာ့ပြည်သို့ ကပ်ရောက်လေ၏။

တဆယ့်သုံးခုမြောက်သော ဥဗ္ဗရိပေတဝတ္ထု ပြီး၏။

# နှစ်ခုမြောက်သော ဥဗ္ဗရိဝဂ် ပြီး၏။

http://www.dhammadownload.com

# ၃-စူဠဝဂ်

## ၁-အဘိဏှမာနပေတဝတ္ထု

၃၇၇။ ပြိတ္တာကြီး (ခြေချလိုက်ခြင်းကြောင့်) မပျက်စီး မပြိုကွဲသော ဤဂင်္ဂါမြစ်ရေ၌ အဝတ်မပါပဲ ကိုယ်ချည်းသာလျှင် ရွှေထက်ဝက်က ပြိတ္တာမဟုတ်သကဲ့သို့ ပန်းတို့ကိုပန်ဆင်ကာ အဆင်တန်ဆာတို့ကို ဆင်မြန်းလျက် သွားဘိ၏၊ သင်သည် အဘယ်အရပ်သို့ သွားမည်နည်း၊ သင်သည် အဘယ်အရပ်၌ နေရမည်နည်း၊ (ဟု ကောလီယ အမတ်-က မေး၏)။

၃၇၈။ ငါသည်ကား ဝါသဘရွာနှင့် ဗာရာဏသီပြည်၏ အကြား ဗာရာဏသီ၏ အနီး၌ တည်သော စုန္ဒဋ္ဌိလရွာသို့ သွားပါအံ့ဟု ထိုပြိတ္တာက ပြောဆို၏။

၃၇၉။ ကောလိယ ဟု ကျော်ကြားသော အမတ်ကြီးသည် ထိုပြိတ္တာကို မြင်၍ ပြိတ္တာအား မှုံ့ကိုရင်း ထမင်းကိုရင်း ရွှေသော အဆင်းရှိသော အဝတ်ပုဆိုးအစုံကိုရင်း ပေး၏။

၃၈၀။ လှေကို ရပ်တည်စေပြီးလျှင် ထိုလှေရှိ တယောက်သော ဆတ္တာသည်အား အဝတ်ပုဆိုးအစုံကို ပေးလှူစေ၏၊ ဆတ္တာသည်အား ပေးလှူလိုက်သည်ရှိသော် တခဏချင်း ပြိတ္တာ၏ ကိုယ်၌ ပုဆိုးအစုံကို တွေ့မြင်ရလေတော့၏။

၃၈၁။ ထို့နောက် ထိုပြိတ္တာသည် ကောင်းသော အဂတ်ကို ဝတ်ရုံပြီးလျှင် ပန်းတို့ကို ပန်ဆင်ကာ အဆင်တန်ဆာကို ဆင်မြန်းလျက် တည်နေ၏၊ (ဝမ်းမြောက်နိုင်လောက်အောင် နီးကပ်ရာအရပ်၌) တည်နေသော ပြိတ္တာအား မြတ်သော အလှူ၏ အကျိုးသည် ကပ်ရောက်ဖြစ်ပေါ်လာ၏၊ ထို့ကြောင့် ပြိတ္တာတို့အား အစဉ်သနားသဖြင့် (ပြိတ္တာတို့ကို ရည်ညွှန်း၍) အဖန်ဖန် အထပ်ထပ် မြတ်သော အလှူကို ပေးလှူရာ၏။

၃၈၂။ ပြိတ္တာအချို့တို့သည် စုတ်ပြတ်သော အဝတ်ကို ဝတ်ကြရကုန်၏၊ အချို့ပြိတ္တာတို့သည်ကား ဆံပင်ဖြင့် ကိုပ်ကို ဖုံးလွှမ်းကုန်လျက် အစားအစာအလို့ငှါ သွားကြရကုန်၏၊ တရပ်မှ တရပ်သို့ ရွှေပြောင်းသွားလာကြရကုန်၏။

၃၈၃။ အချို့ပြိတ္တာတို့သည် ဝေးသော အရပ်သို့ ပြေးသွားကြကုန်သော်လည်း (တစုံတခုကိုမျှ) မရကြကုန်သောကြောင့် ပြန်လာကြရကုန်၏၊ ဆာလောင်ခြင်းဖြင့် တွေဝေကုန်သည်ဖြစ်၍ တုန်လှုပ်ကုန်လျက် မြေ၌ လဲကျကြရကုန်၏။

၃၈၄။ ရှေးဘဝ၌ ကုသိုလ်ကောင်းမှုကံကို မပြုခဲ့ကြရကုန်သော ထိုပြိတ္တာတို့သည် နွေအခါ နေပူရာအရပ်၌ မီးလောင်ခံကြရသကဲ့သို့ ထိုရောက်ရာအရပ်ဝယ် မြေ၌ ပုတ်ခတ်အပ်ကုန်သကဲ့သို့ လဲကျကြရကုန်၏။

၃၈၅။ ရှေးဘဝက ယုတ်မာသော သဘောရှိကုန်သော ငါတို့သည် အမျိုးသူငယ်တို့၏ အမိ အိမ်ရှင်မတို့ပါတည်း၊ လှူဖွယ်ဝတ္ထုတို့ရှိကုန်လျက် မိမိ၏ မှီခိုရာကျွန်းသဖွယ်ဖြစ်သော ကုသိုလ်ကောင်းမှုကို မပြုခဲ့မိကြကုန်။

http://www.dhammadownload.com



၃၉၆။ ထမင်းအဖျော်သည် များပြားများသော်လည်း စင်စစ် စွန့်ပစ်လိုက်ပါ၏၊ ညီညွတ်စွာကျင့်သော အရှင်ရဟန်းတို့ ထင်စွာရှိကြပါကုန်လျက် ထိုရှင်ရဟန်းတို့အား တစုံတခုကိုမျှ မပေးလှူခဲ့ကြပါကုန်။

၃၉၇။ ငါတို့သည် သူတော်ကောင်းတို့ မပြုသင့် မပြုထိုက်သော အကုသိုလ်ကိုသာ ပြုလိုကြကုန်၏၊ ကုသိုလ်ပြုမှု၌ နှောင့်နှေး ပျင်းရိကြကုန်၏၊ ချိုမြိန် ကောင်းမြတ်သော ဝတ္ထုကိုသာ မြတ်နိုးကြကုန်၏၊ အစားကြီးကြပါကုန်၏၊ တလုတ်စာမျှသော ဘောဇဉ်ကို ပေးလှူသူတို့ကိုရင်း အလှူခံတို့ကိုရင်း ဆဲရေး ကြိမ်းမောင်းတတ်ကြကုန်၏။

၃၉၈။ (ငါတို့၏) ထိုအိမ်တို့သည်ရင်း ထိုကျွန်မတို့သည်ရင်း ထိုတန်ဆာတို့သည်ရင်း ငါတို့အား မကပ်ရောက်တော့ကုန်၊ အခြားသူတို့သည်သာ ထိုအိမ်စသည်တို့ကို သုံးဆောင်ကုန်၏၊ ငါတို့သည်ကား (ကုသိုလ်ပြုရမည်ကို မသိမှု၍ ယခုအခါ) ဆင်းရဲခြင်း၏ အဘို့ရှိကုန်၏။

၃၉၉။ (ထိုပြိတ္တာတို့သည် လူဖြစ်လာကြကုန်သော်)အယုတ်အားဖြင့် သိမှတ်အပ်ကုန်သော နှီးရွေထရံရက်သမားတို့သည်ရင်း သားရေနယ် သမားတို့သည်ရင်း အသွေပြစ်မှားမိတ်ဖျက်သမားတို့သည်ရင်း စဏ္ဍာလတို့သည်ရင်း ဆင်းရဲနွမ်းပါး သူတောင်းစားတို့သည်ရင်း ဆတ္တာသည်တို့သည်ရင်း အဖန်တလဲလဲ ဖြစ်ကြရကုန်၏။

၄၀၀။ အကြင်အကြင် အမျိုးတို့သည် ယုတ်ညံ့ကုန်၏၊ ဆင်းရဲ နွမ်းပါးကုန်၏၊ ထိုထိုအမျိုးတို့၌သာလျှင် ဖြစ်ရကုန်၏၊ ဤသည်ကား ဝန်တိုမှု'မစ္ဆရိယ'ရှိသူ၏ လားရာ'ဂတိ' ပင်တည်း။

၄၀၁။ အကြင်သူတို့သည်ကား ရှေးဘဝ၌ ကုသိုလ်ကောင်းမှုကို ပြုကြဘူးကုန်၏၊ ပေးလှူတတ်ကုန်၏၊ ဝန်တိုမှု 'မစ္ဆရိယ'ကင်းကုန်၏၊ ထိုသူတို့သည် နတ်ပြည်လောကကို ပြည့်စေကုန်၏၊ နန္ဒဝန် ဉယျာဉ်ကိုလည်း ထွန်းလင်း တောက်ပစေကုန်၏။

၄၀၂။ အလိုရှိအပ်သော ကာမတို့၌ အလိုရှိတိုင်း သုံးဆောင်ခံစားကြကုန်သော ထိုသူတို့သည် ဝေဇယန္တာပြာသာဒ်၌ ပျော်ပါးကြပြီး၍ ထိုနတ်ပြည်မှ စုတေသော် စည်းစိမ်ဥစ္စာရှိသော မြင့်မြတ်သော အမျိုးတို့၌ ဖြစ်ကြရကုန်၏။

၄၀၃။ စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင်၌ရင်း မွေးရှည်ကော်ဇောခင်းထားအပ်သော ပလ္လင်၌ရင်း လက်၌ စွဲကိုင်သော ဥဒေါင်းမြီးစည်းယပ်တို့ဖြင့် ယပ်လေခတ်ကုန်လျက် အခြံအရံများသည်ဖြစ်၍ မြတ်သော အမျိုး၌ ဖြစ်ကြရကုန်၏။

၄၀၄။ သူငယ်ဘဝ၌လည်း ရင်ခွင်တခုမှ ရင်ခွင်တခုသို့ ရောက်ကုန်၏၊ ပန်းပန်လျက် အဆင်တန်ဆာ ဆင်မြန်းကုန်သော အထိန်းအယတို့သည် ညနံနက်တိုင်း ချမ်းသာကို ရှာမှီးကြကုန်လျက် ပြုစုလုပ်ကျွေးကြကုန်၏။

၄၀၅။ ပူဆွေးမှု'သောက'မရှိသော နှစ်သက်ဖွယ်ရှိသော မွေ့လျော်ဖွယ်ကောင်းသော တာဝတိံသာနတ်တို့၏ ဤဉယျာဉ်ကြီးသည် မကောင်းမှု ပြုသူတို့အတွက် ဖြစ်သည်မဟုတ်၊ ကောင်းမှု ပြုပြီးသူတို့ အတွက်သာလျှင် ဖြစ်၏။

http://www.dhammadownload.com



၃၀၆။ မကောင်းမှုကို ပြုပြီးသူတို့အား ချမ်းသာသုခသည် ဤလောက၌လည်း မရှိ၊ တမလွန်လောက၌လည်း မရှိ၊ ကောင်းမှုပြုပြီးသူတို့အားသာလျှင် ချမ်းသာသုခသည် ဤလောက၌လည်း ဖြစ်၏၊ တမလွန်လောက၌လည်း ဖြစ်၏။

၃၀၇။ ထိုနတ်တို့၏ အပေါင်းအဖော် အသင်းဝင်ဖြစ်လိုသူတို့သည် ကုသိုလ်ကောင်းမှုကို များစွာပြုအပ်၏၊ ကောင်းမှုပြုပြီးသူတို့သည်သာ နတ်ပြည်၌ စည်းစိမ်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ ဝမ်းမြောက်ကြရကုန်၏။

ရှေးဦးစွာသော အဘိဇ္ဇမာနပေတဝတ္ထု ပြီး၏။

---

## ၂-သာဏဝါသီထေရပေတဝတ္ထု

၃၀၈။ မကောင်းမှုမှ ငြိမ်းအေးစေပြီးသော ပွါးများပြီးသော ဉာဏ်နှင့်ရှိသော ကုဏ္ဍိမြို့သား ပေါဋ္ဌပါဒမည်သော မထေရ်သည် သာဏတောင်၌ သီတင်းသုံးနေတော်မူ၏။

၃၀၉။ ထိုသာဏဝါသီမထေရ်၏ အမိအဖ အစ်ကိုတို့သည် မကောင်းမှုကံကို ပြုကြကုန်သောကြောင့် မကောင်းသော အလားရှိကာ ယမမင်းနိုင်ငံ ပြိတ္တာဘုံလျှင် လားရာရှိကုန်သည်ဖြစ်၍ ဤလူ့ပြည်မှ ပြိတ္တာဘုံသို့ လားရောက်ကြရကုန်၏။

၃၁၀။ ဒုဂ္ဂတိဘုံသို့ လားရောက်ကြရကုန်သော ထိုသူတို့သည် အပ်ဖြင့် ထိုးဆွသကဲ့သို့ တော်မှတ်ခြင်းဖြင့် အနှိပ်စက်ခံရသူ ပင်ပန်းသော ကိုယ်စိတ်ရှိသူ အဝတ်မရှိသူ ပိန်ချုံးသူ ထိတ်လန့်ကြောက်ရွံ့ကြသူ များစွာကြောက်ခြင်းရှိသူတို့ ဖြစ်ကြကုန်လျက် ကြမ်းထမ်းသော မကောင်းမှု ရှိကြကုန်ရကား မိမိကိုယ်ကို ထင်စွာ မပြဝံ့ကြကုန်။

၃၁၁။ ထိုသာဏဝါသီမထေရ်၏ အစ်ကိုသည် အဝတ်မပါပဲ ခြေတဖဝါး သွားရာရှိသော လမ်းကျဉ်း၌ အဆောတလျင် တယောက်တည်း လေးဘက်ထောက်သွားလျက် မထေရ်အား ကိုယ်ထင်ပြ၏။

၃၁၂။ မထေရ်သည်ကား နှလုံးမသွင်းသောကြောင့် စကားမဆိုမူ၍ လွန်သွား၏၊ ထိုပြိတ္တာသည်လည်း (ဤသို့) မထေရ်အား သိစေ၏၊ အကျွန်ုပ်သည် သင်၏ အစ်ကိုပါတည်း၊ ပြိတ္တာဘုံသို့ ရောက်နေရပါ၏။

၃၁၃။ အရှင်ဘုရား သင်၏ အမိသည်ငှင်း အဖသည်ငှင်း မကောင်းမှုကံကို ပြုကြကုန်သောကြောင့် မကောင်းသော အလားရှိကာ ယမမင်းနိုင်ငံ ပြိတ္တာဘုံလျှင် လားရာရှိကုန်သည်ဖြစ်၍ ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်ကြရကုန်၏။

၃၁၄။ ဒုဂ္ဂတိဘုံသို့ လားရောက်ကြရကုန်သော ထိုအမိအဖတို့သည် အပ်ဖြင့် ထိုးဆွသကဲ့သို့ တော်မှတ်ခြင်းဖြင့် အနှိပ်စက်ခံရသူ ပင်ပန်းသော ကိုယ်စိတ်ရှိသူ အဝတ်မရှိသူ ပိန်ချုံးသူ ထိတ်လန့်ကြောက်ရွံ့ကြသူ များစွာကြောက်ခြင်းရှိသူတို့ ဖြစ်ကြကုန်လျက် ကြမ်းထမ်းသော မကောင်းမှု ရှိကြကုန်ရကား မိမိကိုယ်ကို ထင်စွာ မပြဝံ့ကြကုန်။

၃၁၅။ အရှင်ဘုရား သနားခြင်း ရှိတော်မူသော အရှင်ဘုရားသည် သနားစောင့်ရှောက်ချီးမြှောက်တော်မူပါလော့၊ အကျွန်ုပ်တို့အတွက် ပေးလှူ၍ ကုသိုလ်အဘို့ကို ရည်ညွှန်း

http://www.dhammadownload.com



ပေးဝေပါလော့၊ အရှင်ဘုရား ပေးလှူအပ်သော အလှူဒါနဖြင့် ကြမ်းထမ်းသော မကောင်းမှုရှိသော မိဖတို့သည် မျှတကြပါကုန်လတ္တံ့(ဟု အစ်ကိုပြိတ္တာက ပြော၏)။

၄၁၆။ သာဏဝါသီ မထေရ်သည်၎င်း အခြားရဟန်း တဆယ့်နှစ်ပါးတို့သည်၎င်း ဆွမ်းခံ လှည့်လည်ကြကုန်၍ ဆွမ်းကိစ္စပြုသော အကြောင်းကြောင့် တပေါင်းတည်း စုဝေးကြကုန်၏။

၄၁၇။ သာဏဝါသီမထေရ်သည် အလုံးစုံသော ရဟန်းတို့အား "အရှင်တို့ အမျှင်တို့သည် ရသမျှသော ဆွမ်းကို အကျွန်ုပ်အား ပေးကြပါကုန်လော့၊ ဆွေမျိုးတို့ကို ချီးမြှောက်ရန် သံဃာအား ဆွမ်းလုပ်ကျွေးခြင်းကို အကျွန်ုပ် ပြုလိုပါ၏"ဟု ပြောဆို၏။

၄၁၈။ တကျိပ်နှစ်ပါးသော ရဟန်းတို့သည် သာဏဝါသီ မထေရ်အား ရသမျှဆွမ်းကို လှူဒါန်း ဆောင်နှင်းကြကုန်၏၊ သာဏဝါသီမထေရ်သည် သံဃာကို ပင့်ဖိတ်၏၊ သာဏဝါသီမထေရ်သည် ပေးလှူပြီးလတ်သော် "ငါ၏ ဤအလှူသည် ဆွေမျိုးတို့အား ဖြစ်ပါစေ၊ ဆွေမျိုးတို့သည် ချမ်းသာကြပါစေ"ဟု အမိအား၎င်း အဖအား၎င်း အစ်ကိုအား၎င်း အလှူ၏ အဘို့ကို ရည်ညွှန်းပေးဝေ၏။

၄၁၉။ ရည်ညွှန်း ပေးဝေပြီးသည်၏ အခြားမဲ့၌ ပြိတ္တာတို့အား စင်ကြယ် မွန်မြတ်၍ အရသာနှင့်ပြည့်စုံသော အထူးထူးသော အရသာရှိသည့် ဟင်းတို့နှင့်ယှဉ်သော ဘောဇဉ်သည် ဖြစ်ပေါ် လာတော့၏။

၄၂၀။ ထိုနောက် အစ်ကိုသည် အဆင်း ခွန်အားနှင့်ပြည့်စုံလျက် ချမ်းသာခြင်းရှိသည် ဖြစ်၍ ကိုယ်ထင် ပြ၏၊ အရှင်ဘုရား ဘောဇဉ်သည် များပြားလှပါ၏၊ (သို့သော်) ကြည့်တော်မူပါဦးလော့၊ အကျွန်ုပ်တို့သည် အဝတ်မဆည်း အချည်းနှီးသာ ဖြစ်ကြပါကုန်သေး၏၊ အရှင်ဘုရား အကျွန်ုပ်တို့ အဝတ်ရနိုင်လောက်သော အခြင်းအရာဖြင့် လုံ့လပြုတော်မူပါဦးလော့(ဟု အစ်ကို ပြိတ္တာက သာဏဝါသီမထေရ်ကို လျှောက်ပြန်၏)။

၄၂၁။ သာဏဝါသီမထေရ်သည် အမှိုက်ပုံမှ အနားပြတ်သော ပုဆိုးအပိုင်းအစတို့ကို ရှာမှီး ကောက်ယူ၍ ပုဆိုးကြမ်း သက်န်းပြုလျက် စာတုဒ္ဒိသာ သံဃာအား ပေးလှူ၏။

၄၂၂။ သာဏဝါသီမထေရ်သည် သင်္ကန်းပေးလှူပြီး၍ "ငါ၏ ဤအလှူသည် ဆွေမျိုးတို့အား ဖြစ်ပါစေ၊ ဆွေမျိုးတို့သည် ချမ်းသာကြပါစေ"ဟု အမိအား၎င်း အဖအား၎င်း အစ်ကိုအား၎င်း အလှူ၏အဘို့ကို ရည်ညွှန်း ပေးဝေ၏။

၄၂၃။ ရည်ညွှန်းပေးဝေသည်၏ အခြားမဲ့၌ ပြိတ္တာတို့အား အဝတ်တို့သည် ဖြစ်ကုန်၏၊ ထို့နောက် အစ်ကိုပြိတ္တာသည် ကောင်းသော အဝတ်ကို ဝတ်လျက် မထေရ်အား မိမိကိုယ်ကို ကိုယ်ထင်ပြ၏။

၄၂၄။ နန္ဒမင်း၏ တိုင်းနိုင်ငံ၌ အကြင်မျှလောက် အဝတ်ပုဆိုးတို့သည် ရှိပါကုန်၏၊ အရှင်ဘုရား အကျွန်ုပ်တို့၏ အဝတ်ပုဆိုးတို့သည် ထိုအဝတ်တို့ထက် များပါကုန်၏။

၄၂၅။ ပိုးကမ္ဗလာထည်တို့သည်၎င်း ခေါမထည် ဝါချည်ထည်တို့သည်၎င်း အလျားအနံအားဖြင့်လည်း ကျယ်ပြန့်ပါကုန်၏၊ အဘိုးများစွာလည်း ထိုက်ပါကုန်၏၊ ထို အဝတ်တို့သည်လည်း ကောင်းကင်၌သာ တွဲရရွဲ ကျကုန်၏။

http://www.dhammadownload.com



၄၂၆။ ထိုအကျွန်ုပ်တို့သည် စိတ်နှစ်သက်ရာရာ အဝတ်ကို ဝတ်ဆင်ရပါကုန်၏၊ အရှင်ဘုရား အကျွန်ုပ်တို့သည် အိမ်တို့ကို ရနိုင်လောက်သော အခြင်းအရာဖြင့် လုံ့လပြုတော်မူပါဦးလော့(ဟု လျှောက်ပြန်၏)။

၄၂၇။ သာဏဝါသီမထေရ်သည် သစ်ရွက်မိုးကျောင်းကို ဆောက်လုပ်၍ စာတုဒ္ဒိသာသံဃာအား ပေးလှူ၏၊ သာဏဝါသီမထေရ်သည် ပေးလှူပြီး၍ "ငါ၏ ဤအလှူသည် ဆွေမျိုးတို့အား ဖြစ်ပါစေ၊ ဆွေမျိုးတို့သည် ချမ်းသာကြပါစေ"ဟု အမိအားရင်း အဖအားရင်း အစ်ကိုအားရင်း အလှူ၏ အဘို့ကို ရည်ညွှန်း ပေးဝေတော်မူ၏။

၄၂၈။ ရည်ညွှန်း ပေးဝေပြီးသည်၏ အခြားမဲ့၌ ထိုပြိတ္တာတို့အား ပုံစံတူဖြစ်သော စုလစ်မွန်းချွန် အထွတ်တပ်သော အိမ်တို့သည် ဖြစ်ပေါ် ကုန်၏။

၄၂၉။ ဤပြိတ္တာဘုံ၌ ငါတို့၏ အိမ်တို့သည် အကြင်သို့သော သဘောရှိ၏၊ ဤသို့သော သဘောရှိသော အိမ်တို့သည် လူ့ပြည်တို့၌ မရှိပါကုန်၊ နတ်ပြည်တို့၌ အိမ်တို့သည် အကြင်သို့သော သဘောရှိကုန်၏၊ ဤပြိတ္တာဘုံ၌ ငါတို့၏ အိမ်တို့သည် ထိုသို့သော သဘောရှိပါကုန်၏။

၄၃၀။ အကျွန်ုပ်တို့၏ အိမ်တို့သည် အရောင်ဖြင့် ထွန်းပလျက် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို တင့်တယ်စေပါကုန်၏၊ အရှင်ဘုရား အကျွန်ုပ်တို့သည် သောက်ရေကို ရနိုင်လောက်သော အခြင်းအရာအားဖြင့် လုံ့လပြုတော်မူပါဦးလော့(ဟု လျှောက်၏)။

၄၃၁။ သာဏဝါသီမထေရ်သည် ဓမကရိုဏ်ရေစစ်ကို(ရေဖြင့်)ပြည့်စေ၍ စာတုဒ္ဒိသာသံဃာအား ပေးလှူ၏၊ မထေရ်သည် ရေပေးလှူပြီး၍ "ငါ၏ ဤအလှူသည် ဆွေမျိုးတို့အား ဖြစ်ပါစေ၊ ဆွေမျိုးတို့သည် ချမ်းသာကြပါစေ"ဟု အမိအားရင်း အဖအားရင်း အစ်ကိုအားရင်း အလှူ၏ အဘို့ကို ရည်ညွှန်း ပေးဝေတော်မူ၏။

၄၃၂-၃။ ရည်ညွှန်းပေးတော်မူပြီးသည်၏ အခြားမဲ့၌ ထိုပြိတ္တာတို့အား သောက်ရေသည် ဖြစ်၏၊ အေးမြသော ရေရှိကုန်သော ကောင်းသော ဆိပ်ကမ်းရှိကုန်သော အေးမြ၍ မွှေးပျံ့သင်းကြိုင် လှိုင်သော ရနံ့ရှိကုန်သော ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော နက်သော လေးထောင့်ရေကန်တို့သည် ပဒုမာကြာ ဥပ္ပလကြာတို့ဖြင့် ဖုံးလွှမ်းကုန်သည်ဖြစ်၍ ရေ၏ အထက်၌ ကြာဝတ်ဆံတို့ဖြင့် ဖုံးလွှမ်းလျက် ပြည့်ကုန်၏။

၄၃၄-၅။ ထိုပြိတ္တာတို့သည် ထိုရေကန်၌ ချိုးသောက်ပြီးနောက် သာဏဝါသီမထေရ်အား ကိုယ်ထင်ပြကုန်၏၊ အရှင်ဘုရား သောက်ရေသည် များပြားလှပါပြီ၊ အကျွန်ုပ်တို့၏ ခြေတို့သည် ကျင်နာပါကုန်၏၊ ပြတ်ကွဲပါကုန်၏၊ ကျောက်စရစ်ရှိသော သမန်းမြက် ဆူးငြောင့်ရှိသော အရပ်၌ လှည့်လည်ကြရကုန်သော အကျွန်ုပ်တို့သည် ခြေခွင်လျက် သွားကြရပါကုန်၏၊ အရှင်ဘုရား အကျွန်ုပ်တို့သည် ယာဉ်ကို ရနိုင်လောက်သော အခြင်းအရာဖြင့် လုံ့လပြုတော်မူပါဦးလော့(ဟု လျှောက်ကြကုန်၏)။

၄၃၆။ သာဏဝါသီမထေရ်သည် တလ္လာတထပ်သာရှိသော ဘိနပ်ကိုရ၍ စာတုဒ္ဒိသာသံဃာအား ပေးလှူ၏၊ မထေရ်သည် ပေးလှူပြီး၍ "ငါ၏ ဤအလှူသည် ဆွေမျိုးတို့

http://www.dhammadownload.com



အား ဖြစ်ပါစေ၊ ဆွေမျိုးတို့သည် ချမ်းသာကြပါစေ”ဟု အမိအားရင်း အဖအားရင်း အစ်ကိုအားရင်း အလှူ၏ အဘိုတို့ကို ရည်ညွှန်း ပေးဝေတော်မူ၏။

၄၃၇။ ရည်ညွှန်း ပေးဝေပြီးသည်၏ အခြားမဲ့၌ မထေရ်၏ အဆွေအမျိုး ပြိတ္တာတို့သည် ရထားဖြင့် မထေရ်ထံသို့ လာကုန်၏၊ အရှင်ဘုရား ထမင်းကို လှူခြင်းဖြင့်ရင်း အဝတ်ပုဆိုးကို လှူခြင်းဖြင့်ရင်း—

၄၃၈။ အိမ်ကို လှူခြင်းဖြင့်ရင်း သောက်ရေကို လှူခြင်းဖြင့်ရင်း ယာဉ် (ဘိနပ်)ကို လှူခြင်းဖြင့်ရင်း (ယာဉ်ကိုပေးလှူခြင်း ထမင်းစသည့် ဗစ္စည်းလေးပါးကိုပေးလှူခြင်း) နှစ်ပါးစုံဖြင့် အရှင်ဘုရားသည် အကျွန်ုပ်တို့ကို သနား ချီးမြှောက်အပ်ပါကုန်၏၊ အရှင်ဘုရား လောက၌ သနားခြင်း ကရုဏာရှိသော ရဟန်းကို ရှိခိုးခြင်းငှါ လာရောက်ကြပါကုန်၏(ဟု လျှောက်ကုန်၏)။

နှစ်ခုမြောက်သော သာဏဝါသိထေရပေတဝတ္ထု ပြီး၏။

---

## ၁-ရထကာရပေတိဝတ္ထု

၄၃၉။ အာနုဘော်ကြီးသော နတ်သမီး သင်သည် ကြောင်မျက်ရွဲဖြင့်ပြီးသော တိုင်ရှိသော နှစ်သက်စဖွယ်ပြိုးပြိုးပြက် အရောင်အဆင်းရှိသော အမျိုးမျိုး ဆန်းကြယ်သော ဗိမာန်ထက်သို့ တက်၍ ကောင်းကင်ခရီးဝယ် တဆယ့်ငါးရက်လပြည့်နေ့၌ ထွက်သော လမင်းကဲ့သို့ ထိုဗိမာန်ထက်၌ နေဘိ၏။

၄၄၀။ သင်၏ အဆင်းသည် ရွှေအဆင်းနှင့် တူသည်ဖြစ်၍ ဦးသစ်သော သိင်္ဂီရွှေကဲ့သို့ တင့်တယ်လျက် အလွန်လျှင် ရှုချင်ဖွယ်ရှိလှပါပေ၏၊ သင်သည် အတုမရှိမြတ်သော သူတို့အားသာ ထိုက်တန်သော ပလ္လင်မြတ်၌ တယောက်တည်းဖြစ်လျက် နေဘိ၏၊ သင့်အား လင်ယောကျ်ားမရှိခဲ့လေယောင်တကား [၁]။

၄၄၁။ နတ်သမီး သင်၏ ဤရေကန်တို့သည် ထက်ဝန်းကျင် များသောပန်းရှိကုန်၏၊ များသော ပဒုမာကြာရှိကုန်၏၊ ရွှေသဲမှုန်တို့ဖြင့် ထက်ဝန်းကျင်ရောပြွမ်းကုန်၏၊ ထိုရေကန်တို့၌ ညွှန်သည်ရင်း မှော်သည်ရင်း မရှိပေ။

၄၄၂။ ရှုချင်ဖွယ်ရှိ၍ နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန်သော ဤဟင်္သာတို့သည်လည်း ဥတုအားလုံးတို့၌ ရေအပြင်ဝယ် လှည့်လည်ကုန်၏၊ အလုံးစုံသော ဟင်္သာတို့သည် ပေါင်းစပ်စုဝေးကြကုန်၍ နတ်ဂီတသံကဲ့သို့ သာယာလုံးစည်းသော အသံကို တွန်ကျူးကြကုန်၏။

၄၄၃။ ကျော်စောသတင်းပျံ့နှံ့ခြင်းရှိသော နတ်သမီး သင်သည် နတ်တန်ခိုးဖြင့် ထွန်းလင်းတောက်ပလျက် ရေ၏အလယ် တင့်တယ်သော လှေ၌ မှီ၍ တည်နေဘိ၏၊ ကော့၍

---

၁။ ကုသိုလ်ကောင်းမှုကြောင့် နတ်သမီးကဲ့သို့ဖြစ်သော်လည်း အကုသိုလ်ကံကြောင့် တယောက်တည်း နစ်ပေါင်းများစွာ နေရသည်ဟူ၏။

http://www.dhammadownload.com



ရှည်လျားသော မျက်တောင်ရှိလျက် ပြုံးရွှင်၍ ချစ်ဖွယ်သော စကားကို ပြောဆိုတတ်သော အလုံးစုံအင်္ဂါကြီးငယ်တို့ဖြင့် ကောင်းမြတ်သော သင်နတ်သမီးသည် အလွန်နှစ်သက်စဖွယ် တင့်တယ်လှပပါပေ၏။

၄၄၄။ ဤဗိမာန်သည် အပြစ်ကင်းလျက် ညီမျှသော မြေအဘို့၌ တည်၏၊ နန္ဒဝန်ဥယျာဉ်နှင့်တူသော ဤဥယျာဉ်သည် မွေ့လျော်ခြင်း နှစ်သက်ခြင်းကို တိုးပွါးစေပါ၏၊ အင်္ဂါကြီးငယ်နှင့် ပြည့်စုံ၍ ရှုမငြီးသော မိန်းမပျို ငါသည် သင်နှင့် အတူတကွ ဤနန္ဒဝန်ဥယျာဉ်၌ မွေ့လျော်လိုပါ၏ (ဟု လုလင်ကဆို၏)။

၄၄၅။ ဤနတ်ဗိမာန်၌ ခံစားရခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်ကံကို ပြုပါလော့၊ ဤနတ်ဗိမာန်၌ သင်၏ စိတ်ကိုလည်း ညွတ်ပါလော့၊ ဤနတ်ဗိမာန်၌ ခံစားရခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်ကံကို ပြုသည်ရှိသော် ဤသို့ပြုခြင်းအားဖြင့် အလိုရှိတိုင်း ခံစားရသော ငါ့ကို သင်သည် ရလတ္တံ့ (ဟု ပြိတ္တာမ-က ပြော၏)။

၄၄၆။ ထိုလုလင်သည် ထိုဝိမာနပြိတ္တာမ၏ စကားကို ကောင်းပြီဟု ဝန်ခံ၍ ထိုဗိမာန်၌ ခံစားရခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်ကံကို ပြု၏၊ ထိုဗိမာန်၌ ခံစားရခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်ကံကို ပြုခြင်းကြောင့် ထိုလုလင်သည် ထိုပြိတ္တာမ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရ၏။

သုံးခုမြောက်သော ရထကာရပေတဝတ္ထု ပြီး၏။

ဒုတိယဘာဏဝါရ ပြီး၏။

---

## ၄-ဘုသပေတဝတ္ထု

၄၄၇။ ပြိတ္တာတို့ သင်တို့လေးယောက်တို့တွင် တယောက်သည် သလေးစပါး၏ ရဲရဲတောက်သော စပါးဖျင်းတို့ကို မိမိခေါင်းပေါ်၌ ကြဲဖြန့်နေဘိ၏၊ တယောက်သော သူသည် (သံတင်းပုတ်တို့ဖြင့် မိမိဦးခေါင်းကို ရိုက်နှက်ဖြတ်ခွဲ နေရ၏)၊ ဤမိန်းမသည်ကား မိမိအသားအသွေးကို စား၏၊ သင်သည်မူကား မစင်မကြယ် မနှစ်သက်ဖွယ်ရှိသော မစင်ကို စားရ၏၊ ဤအကျိုးသည် အဘယ်ကံ၏ အကျိုးနည်း (ဟု အရှင်မဟာမောဂ္ဂလ္လာန်-က မေး၏)။

၄၄၈။ (သားဖြစ်သော) ဤသူသည် ရှေးဘဝက အမိကို ညှဉ်းဆဲခဲ့ပါ၏၊ (လင်ဖြစ်သော) ဤသူသည်ကား ကောက်ကျစ်စဉ်းလဲသော ကုန်သည်ပါတည်း၊ (ချွေးမဖြစ်သော) ဤသူသည်ကား အသားတို့ကို ခံစားမိပါလျက် (မစားရပါဟု) မုသားဆိုခြင်းဖြင့် လှည့်ပတ်ခဲ့ပါ၏။

၄၄၉။ အကျွန်ုပ်သည် လူ့ဘဝ၌ လူဖြစ်ခဲ့စဉ်က တအိမ်လုံးကို အစိုးရသူ အိမ်ရှင်မဖြစ်၍ စည်းစိမ်ဥစ္စာတို့ရှိလျက်သာလျှင် လျှို့ဝှက်ခဲ့ပါ၏၊ အကျွန်ုပ်၏ ပစ္စည်းဥစ္စာမှ တစုံတခုကိုမျှလည်း (သူတပါးအား) မပေးလှူခဲ့ပါ။

http://www.dhammadownload.com



၄၅၀။ ဤဥစ္စာသည် ငါ၏ အိမ်၌မရှိ၊ ရှိလျက် လျှို့ဝှက်မိခဲ့ပါမူ ငါ၏ စားဖွယ်သည် မစင်ဖြစ်ပါစေသတည်းဟု မုသားစကားဖြင့် ဖုံးလွှမ်းပြောဆိုခဲ့ပါ၏။

၄၅၁။ ထိုမကောင်းမှုကံ၏၎င်း မုသားဆိုခြင်း၏၎င်း နှစ်ပါးစုံသော ကံအကျိုးကြောင့် ကောင်းသော ဖန့်ရှိသော သလေးထမင်းသည် အကျွန်ုပ်အတွက် မစင်အဖြစ်ဖြင့် ပြောင်းလဲနေပါ၏။

၄၅၂။ ကုသိုလ်အကုသိုလ်ကံတို့သည် အကျိုးမပြီး အချည်းနှီး မဖြစ်ကုန်၊ဆည်းပူးသားသော ကံသည် (အကျိုးမပေးပဲ) မပျက်စီးသည်သာတည်း၊ မကောင်းသော အနံ့ရှိသော ပိုးလောက်ရှိသော မစင်ကို စားလည်းစားရပါ၏၊ သောက်လည်းသောက်ရပါ၏ (ဟု ကောက်ကျစ်သော ကုန်သည်မယား ပြိတ္တာမ-က လျှောက်၏)။

လေးခုမြောက်သော ဘုသ ပတဝတ္ထု ပြီး၏။

---

## ၅-ကုမာရပေတဝတ္ထု

၄၅၃။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် အံ့ဖွယ်သဘောရှိ၏၊ မြတ်စွာဘုရားသည် ပုဂ္ဂိုလ်အားလျော်စွာ ဗျာဒိတ်စကားဟောကြားတော်မူ၏၊ ပုဂ္ဂိုလ်အချို့တို့သည် ပြန့်ပြောသော ကုသိုလ်ရှိသူများ ဖြစ်ကြပါကုန်လျက် ( ယုတ်ညံ့နိမ့်ကျသူများ ဖြစ်ကြကုန်၏)။ ပုဂ္ဂိုလ်အချို့တို့သည် နည်းသော ကုသိုလ်ရှိသူများ ဖြစ်ကြပါကုန်လျက် (မြင့်မြတ်သူများ ဖြစ်ကြကုန်၏)။

၄၅၄။ ဤသတို့သားသည်ကား သင်းချိုင်း၌ စွန့်ပစ်ခံရလျက် ညဉ့်အခါဝယ် (နတ်၏) လက်မမှ ယိုကျသော နို့ ရည်ဖြင့် မျှတရ၏၊ ဘီလူးတို့သည်၎င်း ဘုတ်ပြိတ္တာတို့သည်၎င်း ကင်းသန်းတို့သည်၎င်း ပြုအပ်သော ကောင်းမှုရှိသော သတို့သားကို မညှဉ်းဆဲကြကုန်။

၄၅၅။ ခွေးတို့သည် ဤသူ၏ ခြေတို့ကို လျှာဖြင့် လျက်ကြကုန်၏၊ ကျီးတို့သည်၎င်း မြေခွေးတို့သည်၎င်း လူးလာတုံ့ ခေါက် စောင့်ရှောက်ကြကုန်၏၊ ငှက်အပေါင်းတို့သည် ကိုယ်ဝန်အညစ်အကြေးကို သယ်ဆောင်ပစ်ကြကုန်၏၊ ကျီးတို့သည်ကား မျက်ဝတ် အညစ်အကြေးကို ဆောင်ယူပစ်ကြကုန်၏။

၄၅၆။ တစုံတယောက်သော လူတို့ကမျှ ဤ (ဖွားသော) ကလေးအား အစောင့်အရှောက်ကို မစီရင်ကြကုန်၊ ဆေးကိုလည်း မစီရင်ကြကုန်၊ မုန်ညင်းခုဖြင့် အခိုးထုံခြင်းကိုလည်း မစီရင်ကြကုန်၊ နက္ခတ်နှင့်ယှဉ်ခြင်း (ဇာတာဖွဲ့ခြင်း) ကိုလည်း မပြုကြကုန်၊ အလုံးစုံသော စပါးတို့ကိုလည်း မကြဲဖြန့်ကြကုန်။

၄၅၇-၈။ ဤသို့ သဘောရှိသော အလွန်ပင်ပန်းဆင်းရဲခြင်းသို့ ရောက်သူ ညအခါ၌ ဆောင်ယူ၍ သင်းချိုင်း၌ စွန့်ပစ်ထားသူ ဆီဦးထောပတ်စိုင်ကဲ့သို့ တုန်လှုပ်လျက် (အသက်ရှင်ပါမည်လား မရှင်မည်လားဟု) ယုံမှားရသူ အသက်ငွေ့ငွေ့သာ ကြွင်းကျန်နေသူ ဖြစ်သော ထိုသတို့သားကို နတ်လူတို့ ပူဇော်အပ်သော ကြီးမြတ်သော ပညာရှိတော်မူသော မြတ်စွာဘုရားသည် မြင်တော်မူ၍ ဤသတို့သားသည် ဤမြို့၏ စည်းစိမ်ဥစ္စာအားဖြင့် ကြီးမြတ်သူ သူဌေးကြီးဖြစ်လတ္တံ့ဟု မိန့်ကြားတော်မူ၏။

http://www.dhammadownload.com



၄၅၉။ အရှင်ဘုရား အကြင်အကျင့် အကြင်ဗြဟ္မစရိယဖြင့် ဤသို့ ပြည့်တန်ဆာမ၏ ဝမ်း၌ ဖြစ်ရခြင်း စွန့်ပစ်ခံရခြင်း သဘောရှိသော အကျိုးမဲ့သို့ ရောက်ပြီး၍ ထိုသို့သဘော ရှိသော ထိုနတ်တို့ အစောင့်အရှောက် ခံရခြင်းစသော တန်ခိုးကို ခံစားရဘိ၏၊ ထိုသူ၏ ဆောက်တည်မှု အကျင့်ကား အဘယ်ပါနည်း၊ ထိုသူ၏ ထိုဗြဟ္မစရိယကား အဘယ်ပါနည်း၊ ဤအကျိုးသည် အဘယ်အလေ့အကျင့်၏ အကျိုးပါနည်း (ဟု မေးလျှောက်ကြကုန်၏)။

၄၆၀။ လူအပေါင်းသည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား မြတ်သောပူဇော် ခြင်းကို ပြုပြီး ထိုပူဇော်ပွဲ၌ ထိုသူငယ်၏ စိတ်သည် ဖောက်ပြန်သော အခြင်းအရာအားဖြင့် ဖြစ်သော သူတော်ကောင်းတို့၏ နား၌ မကြားဝံ့ မနာသာအောင် ကြမ်းထမ်းသော စကားကို ပြောဆိုခဲ့၏။

၄၆၁။ ထိုသူငယ်သည် ထိုယုတ်မာသော အကြံအစည်ကို ပယ်ဖျောက်၍ နောက်ကာ လ၌ နှစ်သက်မှု 'ပီတိ'ကြည်ညိုမှု 'ပသာဒ'ကို ရပြီးလျှင် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံး နေတော်မူသော မြတ်စွာဘုရားကို ယာဂုဖြင့် ခုနစ်ရက်ပတ်လုံး လုပ်ကျွေးခဲ့၏။

၄၆၂။ ဒါယကာတို့ အကြင်အကျင့် အကြင်ဗြဟ္မစရိယဖြင့် ဤသို့ ပြည့်တန်ဆာမ၏ ဝမ်း၌ ဖြစ်ရခြင်း စွန့်ပစ်ခံရခြင်း သဘောရှိသော အကျိုးမဲ့သို့ ရောက်ပြီး၍ ထိုသို့ သဘော ရှိသော နတ်တို့ အစောင့်အရှောက် ခံရခြင်းစသော တန်ခိုးကို ခံစားရဘိ၏၊ ထိုဆိုခဲ့သမျှ သည် ထိုသူငယ်၏ ဆောက်တည်မှု အကျင့်ပင်တည်း၊ ထိုသူငယ်၏ ထိုဗြဟ္မစရိယပင်တည်း၊ ဤအကျိုးသည် ထိုအလေ့အကျင့်၏ အကျိုးပေတည်း။

၄၆၃။ ထိုသူငယ်သည် ဤလူ့ပြည်၌ပင် အနှစ်တရာပတ်လုံး တည်၍ အလုံးစုံသော ကာမတို့ဖြင့် ပြည့်စုံပြီးလျှင် ခန္ဓာကိုယ်ပျက်စီး၍ တဖန်ဖြစ်ရာ တမလွန်ဘဝ၌ သိကြားမင်း ၏ အသင်းအပင်းဝင် သားအဖြစ်သို့ ရောက်ရလတ္တံ့ (ဟု ဟောတော်မူ၏)။

ငါးခုမြောက်သော ကုမာရပေတဝတ္ထု ပြီး၏။

---

## ၆-သေရိဏီပေတိဝတ္ထု

၄၆၄။ အလွန်ကြုံလှီ၍ နှံရိုးပြိုင်းပြိုင်းထွက်သော မိန်းမ သင်သည် အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်လည်း ရှိ၏၊ ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိလျက် ဤအရပ်၌ တည်နေရသော သင်သည်ကား အဘယ်သူနည်း(ဟု ဥပါသကာ က မေး၏)

၄၆၅။ အရှင် အကျွန်ုပ်သည် ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျုံးဝင်သော မကောင်း သော လားရာရှိသော ပြိတ္တာမ ဖြစ်ပါ၏၊ မကောင်းမှု အကုသိုလ်ကံကို ပြုခဲ့မိခြင်းကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ လားရောက်ရပါ၏ (ဟု ပြိတ္တာမ-က ဖြေ၏)။

၄၆၆။ သင်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း အဘယ်မကောင်းမှုကို ပြုခဲ့ သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်ရပါသနည်း(ဟု ဥပါသကာ-က မေး၏)။

http://www.dhammadownload.com



၄၆၇။ မည်သူကမျှ အပိတ်အပင်မရှိသော ရေချိုးဆိပ်တို့၌ (ထွေတို့မေ့မျှော့ကျန်ရစ်ခဲ့သော) ပဝက်မျှ ဥစ္စာကိုလည်း (ရလိုရငြား) ရှာမှီးခဲ့ပါ၏၊ အကျွန်ုပ်သည် လှူဖွယ်ဝတ္ထုတို့ ရှိပါကုန်သော်လည်း မိမိ၏ မှီခိုရာ ကိုင်းကျွန်းသဖွယ်ဖြစ်သော ဒါနကို မပြုလုပ်ခဲ့ပါ။

၄၆၈။ အကျွန်ုပ်သည် ရေမွတ်သိပ်လှသည် ဖြစ်၍ မြစ်သို့ ကပ်ရောက်ပါ၏၊ ယင်းသို့ကပ်ရောက်မိသော် စီးနေသော မြစ်သည် ရေမရှိပဲ အချည်းနှီး ဖြစ်သွားပါ၏၊ ပူသော အချိန်ကာလတို့၌ အရိပ်ရှိရာ အရပ်သို့ ချဉ်းကပ်ပါ၏၊ ယင်းသို့ ချဉ်းကပ်မိသော် အရိပ်တည်ရာ အရပ်သည် နေပူ ဖြစ်သွားပါ၏။

၄၆၉။ အကျွန်ုပ်အား လေသည် အတွေ့အားဖြင့် မီးကဲ့သို့ ပူလောင်သည် ဖြစ်၍ တိုက်ခတ်ပါ၏၊ အရှင် ဤဆိုအပ်ပြီးသော ဆင်းရဲကိုရင်း ထိုဆင်းရဲထက် ရှုန့်ရင်းကြမ်းထမ်းသော အခြားဆင်းရဲကိုရင်း (မကောင်းမှုပြုခဲ့သော အကျွန်ုပ်သည်) ခံစားထိုက်ပါ၏။

၄၇၀။ အရှင် ဟတ္ထိနိမြို့သို့ သွား၍ အကျွန်ုပ်၏ အမိအား ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျုံးဝင်သော ဒုဂ္ဂတိဘုံသို့ ရောက်နေသော သင်၏ သမီးကိုလည်း ငါကိုယ်တိုင် တွေ့မြင်ခဲ့ရ၏၊ ထိုသင်၏ သမီးသည် မကောင်းမှုကံကို ပြုခြင်းကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်နေ၏ဟု ပြောဆိုပါလော့။

၄၇၁။ အရှင် ဤပလ္လင်နေရာ၌ အကျွန်ုပ်မြှုပ်ထားသော ဥစ္စာသည် ရှိပါ၏၊ ထိုဥစ္စာကို အကျွန်ုပ်သည် (ဤနေရာ၌ မြှုပ်နှံထား၏ဟု)ပြောလည်း မပြောကြားခဲ့ပါ၊ပလ္လင်အောက်၌ လေးသိန်းသော ဥစ္စာတို့သည် ရှိပါကုန်၏။

၄၇၂။ ထိုဥစ္စာမှ အကျွန်ုပ်အတွက် အလှူကို ပေးလှူပါစေ၊ ထိုအကျွန်ုပ်အမိအားလည်း အသက်မွေးမှုဖြစ်ပါစေ၊ ထိုအကျွန်ုပ်၏ အမိသည် အလှူကို ပေးလှူပြီးသော် အကျွန်ုပ်အား အလှူ၏ အဘို့ကို ရည်ညွှန်းပေးဝေပါစေလော့၊ ထိုအခါဝယ် အကျွန်ုပ်သည် အလုံးစုံ အလိုရှိတိုင်း ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်းရှိသူ ဖြစ်ရပါလိမ့်မည်ဟု ပြောကြားပါလော့(ဟူ၍ ပြိတ္တာမ-က မှာကြား၏)။

၄၇၃။ ထိုဥပါသကာသည် ကောင်းပြီဟု ဝန်ခံပြီးလျှင် ဟတ္ထိနိမြို့သို့ သွား၍ ထိုပြိတ္တာမ၏ အမိအား ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျုံးဝင်သော ဒုဂ္ဂတိဘုံသို့ ရောက်နေသော သင်၏ သမီးကိုလည်း ငါကိုယ်တိုင် တွေ့မြင်ခဲ့ရ၏၊ သင်၏ သမီးသည် မကောင်းမှုကံကို ပြုမိသောကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်နေ၏။

၄၇၄။ ထိုသင်၏ သမီးသည် ထိုတွေ့မြင်ရာအရပ်၌ အကျွန်ုပ်ကို သတင်းစကားကို ယူစေပါ၏၊(ဟတ္ထိနိမြို့သို့ သွား၍)အကျွန်ုပ်အမိအား ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျုံးဝင်သော ဒုဂ္ဂတိဘုံသို့ ရောက်နေသော သင်၏ သမီးကို ငါကိုယ်တိုင် တွေ့မြင်ခဲ့ရ၏၊ ထိုသင်၏ သမီးသည် မကောင်းမှုကံကို ပြုမိသောကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်နေ၏။

၄၇၅။ ဤပလ္လင်နေရာ၌ အကျွန်ုပ် မြှုပ်ထားသော ဥစ္စာသည် ရှိပါ၏၊ ထိုဥစ္စာကို အကျွန်ုပ်သည်(ဤနေရာ၌ မြှုပ်နှံထား၏ဟု) ပြောလည်း မပြောကြားခဲ့ပါ၊ပလ္လင်အောက်၌ လေးသိန်းသော ဥစ္စာတို့သည် ရှိပါကုန်၏။

http://www.dhammadownload.com



၄၇၆။ ထိုဥစ္စာမှ အကျွန်ုပ်အတွက် အလှူကိုပေးလှူပါစေ၊ ထိုအကျွန်ုပ် အမိအား လည်း အသက်မွေးမှု ဖြစ်ပါစေ၊ အကျွန်ုပ်အမိသည် အလှူကို ပေးလှူပြီးသော် အကျွန်ုပ် အား အလှူ၏ အဘိုကို ရည်ညွှန်းပေးဝေပါစေ၊ ထိုအခါဝယ် ယိုသင်၏ သမီးသည် အလုံးစုံ အလိုရှိတိုင်း ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်းရှိသူ ဖြစ်ရပါလိမ့်မည်ဟု ပြောကြားပါလော့ ဟူ၍ မှာကြားလိုက်ပါ၏(ဤသို့ ပြောကြား၏)။

၄၇၇။ ထိုဥပါသကာ ပြောကြားပြီးနောက် ထိုပြိတ္တာမ၏ အမိသည် အလှူကို ပေး လှူ၏၊ ထိုပြိတ္တာမအား အလှူ၏ အဘိုကို ရည်ညွှန်းပေးဝေ၏၊ ပြိတ္တာမသည်လည်း ချမ်း သာခြင်းသို့ ရောက်၏၊ ထိုအမိသည်လည်း ကောင်းစွာ အသက်မွေးရ၏။

ခြောက်ခုမြောက်သော သေရိဏီပေတဝတ္ထု ပြီး၏။

## ၇-မိဂလုဒ္ဒကပေတဝတ္ထု

၄၇၈။ (သင်သည် ညဉ့်အခါဝယ်) ပျိုမျစ်နုနယ်၍ နတ်သားနတ်သမီးတို့ ခြံရံခစား လျက် တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ကာမဂုဏ်တို့ဖြင့် တင့်တယ်ဘိ၏၊ နေ့အခါ၌မူကား သတ်ဖြတ်ညှဉ်းဆဲခြင်းကို ခံရ၏၊ (သင်သည်) ရှေးဘဝက အဘယ်ကံကို ပြုခဲ့သနည်း(ဟု အသျှင်နာရဒ-က မေး၏)။

၄၇၉။ အကျွန်ုပ်သည် ရှေးအခါက ပျော်မွေ့ဖွယ်ကောင်းသော နှလုံးမွေ့လျော်ဖွယ် ရှိသော တောင်တို့ဖြင့် ကာရံသော ရာဇဂြိုဟ်မြို့၌ သွေးစွန်းသော လက်ရှိသူ ကြမ်းကြုတ်သူ သားသတ်မုဆိုး ဖြစ်ခဲ့ပါ၏။

၄၈၀။ ဆန့်ကျင်ဖက် မပြုလုပ်တတ်ကုန်သော အသက်ရှိကုန်သော များစွာသော သားငှက်စသည်တို့၌ ညှဉ်းပန်းနှိပ်စက်လိုသော စိတ်ရှိလျက် အခါခပ်သိမ်း အလွန်ကြမ်း ကြုတ်သည်ဖြစ်၍ လှည့်လည်ခဲ့ပါ၏၊ သူတပါးကို ညှဉ်းဆဲခြင်း၌ မွေ့လျော်ခဲ့ပါ၏၊ ကိုယ်နှုတ် ကို မစောင့်စည်းခဲ့ပါ။

၄၈၁။ ထိုအကျွန်ုပ်၏ သူငယ်ချင်းသည် ကောင်းသော စိတ်နှလုံးရှိပါ၏၊ ယုံကြည်မှု 'သဒ္ဓါ' ရှိသူဖြစ်ပါ၏၊ ရတနာသုံးပါးကို ဆည်းကပ်တတ်သူ ဖြစ်ပါ၏၊ ထိုသူငယ်ချင်းသည် လည်း အကျွန်ုပ်ကို သနားစောင့်ရှောက်သည် ဖြစ်၍ (မကောင်းမှုမှ) အဖန်ဖန် တားမြစ် ခဲ့ပါ၏။

၄၈၂။ အဆွေ မကောင်းသော ကံကို မပြုပါလင့်၊ မကောင်းသော လားရာ 'ဒုဂ္ဂတိ' သို့ မသွားပါလင့်၊တမလွန် ဘဝ၌ ချမ်းသာကို အလိုရှိခဲ့မူ မစောင့်စည်းမှုဖြစ်သော အသက် သတ်ခြင်းမှ ရှောင်ကြဉ်ပါလော့ (ဟုတားမြစ်၏)။

၄၈၃။ အကျွန်ုပ်သည်ချမ်းသာကို လိုလားသော အစီးအပွါးဖြင့် အစဉ်စောင့်ရှောက် သော ထိုသူငယ်ချင်း၏ စကားကို ကြားနာရပါလျက်လည်း ကြာမြင့်စွာသော ကာလ ပတ်လုံး မကောင်းမှု၌ အလွန်မွေ့လျော်ကာ အသိဉာဏ် ပညာမရှိသည်ဖြစ်၍ ထိုသူငယ် ချင်း၏ အဆုံးအမ အားလုံးကို မလိုက်နာ မပြုကျင့်ခဲ့မိပါ။

http://www.dhammadownload.com



၄၈၄။ မြေကြီးအထုနှင့် တူသော ကောင်းသော ပညာရှိသော ထိုသူငယ်ချင်းသည် အကယ်၍ သင်သည် နေ့အခါ၌ သတ္တဝါတို့ကို သတ်မှု ညအခါ၌ သင်အား စောင့်စည်းမှု ဖြစ်ပါစေလော့ဟု အကျွန်ုပ်ကို အစဉ်သနားသဖြင့် စောင့်စည်းမှု၌ နောက်ထပ် တဖန် သက်ဝင်စေ၏။

၄၈၅။ ထိုအကျွန်ုပ်သည် သတ္တဝါတို့ကို နေ့အခါ၌ သတ်၍ ညအခါ၌ (သတ်ခြင်းမှ) ရှောင်ကြဉ် စောင့်စည်းသူ ဖြစ်ခဲ့ပါ၏၊ ထို့ကြောင့် အကျွန်ုပ်သည် ညဥ့်အခါ၌ မွေ့လျော် စံစားရပါ၏၊ နေ့အခါ၌မူ ဆင်းရဲသို့ ရောက်သည်ဖြစ်၍ ခွေးစားခံရပါ၏။

၄၈၆။ အကျွန်ုပ်သည် ထိုကုသိုလ်ကံကြောင့် ညဥ့်အခါ၌ နတ်စည်းစိမ်ကို ခံစားရပါ၏၊ နေ့အခါ၌မူ ခွေးတို့သည် ရန်ငြိုးဖွဲ့သော စိတ်ရှိကုန်သကဲ့သို့ဖြစ်၍သာလျှင် ခဲစားရန် ထက်ဝန်းကျင်မှ ပြေးလာကြပါကုန်၏။

၄၈၇။ အကြင်သူတို့သည်ကား မြတ်စွာဘုရားသာသနာတော်၌ အဓိသီလစသည် တို့ကို အမြဲယှဉ်ကုန်သည်ဖြစ်၍ မပြတ်အားထုတ်ခြင်းရှိကုန်၏၊ ထိုသူတို့သည် လောကီ ချမ်းသာနှင့် မဖက် သက်သက် အကြောင်းတရားတို့ မပြုပြင်အပ်သော သေခြင်းကင်းသော နိဗ္ဗာန်ကိုသာလျှင် ရကုန်၏ဟု ထင်မှတ်ပါ၏(ဟု ဖြေကြား လျှောက်ထား၏)။

ခုနစ်ခုမြောက်သော မိဂလုဒ္ဒကပေတဝတ္ထု ပြီး၏။

---

## ၈-ဒုတိယမိဂလုဒ္ဒကပေတဝတ္ထု

၄၈၈။ (သင်သည် ညဥ့်အခါဝယ်)စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင်၌ ၎င်း မွေးရှည်ကော်ဇော ခင်းအပ်သော အိပ်ရာပလ္လင်၌၎င်း အင်္ဂါငါးပါးရှိသော တူရိယာဖြင့် ကောင်းစွာတီးမှုတ်အပ်သော သဘင်၌၎င်း မွေ့လျော်စံပျော် နေရဘိ၏။

၄၈၉။ ထိုညဥ့်အခါကုန်ဆုံး၍ နေထွက်သောအခါ၌ သုသာန်သို့ ဝင်လျက် များစွာ သော ဆင်းရဲကို ခံရ၏။

၄၉၀။ သင်သည် ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း အဘယ်မကောင်းမှုကံကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် ဤဆင်းရဲကို ခံရသနည်းဟု (အသျှင်နာရဒက မေး၏)။

၄၉၁။ အကျွန်ုပ်သည် ရှေးအခါက ပျော်မွေ့ဖွယ်ကောင်းသော နှလုံးမွေ့လျော်ဖွယ် ရှိသော တောင်တို့ဖြင့် ကာရံသော ရာဇဂြိုဟ်မြို့၌ ကြမ်းကြုတ်သူ ကိုယ်နှုတ်ကို မစောင့်စည်း သူ သားသတ်မုဆိုး ဖြစ်ခဲ့ပါ၏။

၄၉၂။ ထိုအကျွန်ုပ်၏ သူငယ်ချင်းသည် ကောင်းသော စိတ်နှလုံးရှိပါ၏၊ ယုံကြည်မှု 'သဒ္ဓါ' ရှိသူ ဖြစ်ပါ၏၊ ရတနာသုံးပါးကို ဆည်းကပ်ဘတ်သူ ဖြစ်ပါ၏၊ ထိုသူငယ်ချင်း၏ အိမ်သို့ ကပ်ရောက်သော ရဟန်းသည် ဂေါတမ မြတ်စွာဘုရား၏ တပည့်ဖြစ်ပါ၏၊ ထိုရဟန်း သည်လည်း အကျွန်ုပ်ကို အစဉ်သနားသည်ဖြစ်၍ မကောင်းမှုမှ အဖန်ဖန် တားမြစ်၏။

http://www.dhammadownload.com



၄၉၃။ ဒါယကာ မကောင်းသော ကံကို မပြုလင့်၊ မကောင်းသော လားရာ'ဒုဂ္ဂတိ'သို့ မသွားလင့်၊ တမလွန်ဘဝ၌ ချမ်းသာကို အလိုရှိခဲ့မူ မစောင့်စည်းမှု ဖြစ်သော အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါလော့ (ဟု တားမြစ်၏)။

၄၉၄။ အကျွန်ုပ်သည် ချမ်းသာကို လိုလားသော အစီးအပွါးဖြင့် အစဉ်စောင့်ရှောက်သော ထိုရဟန်း၏ စကားကို ကြားနာရပါလျက်လည်း ကြာမြင့်စွာသော ကာလပတ်လုံး မကောင်းမှု၌ အလွန်မွေ့လျော်ကာ အသိဉာဏ်မရှိသည်ဖြစ်၍ ထိုရဟန်း၏ အဆုံးအမအားလုံးကို မလိုက်နာ မပြုကျင့်ခဲ့မိပါ။

၄၉၅။ မြေကြီးအထုနှင့် တူသော ကောင်းသော ပညာရှိသော ထိုရဟန်းသည် အကယ်၍ သင်သည် နေ့အခါ၌ သတ္တဝါတို့ကို သတ်ခဲ့မူ ညဥ့်အခါ၌ သင့်အား စောင့်စည်းမှု ဖြစ်ပါစေလော့ဟု အကျွန်ုပ်ကို အစဉ်သနားသဖြင့် စောင့်စည်းမှု၌ နောက်ထပ် တဖန် သက်ဝင်စေ၏။

၄၉၆။ ထိုအကျွန်ုပ်သည် သတ္တဝါတို့ကို နေ့အခါ၌ သတ်၍ ညဥ့်အခါ၌ (သတ်ခြင်းမှ) ရှောင်ကြဉ်စောင့်စည်းသူ ဖြစ်ခဲ့ပါ၏၊ ထို့ကြောင့် အကျွန်ုပ်သည် ညဥ့်အခါ၌ မွေ့လျော်ခံစားရပါ၏၊ နေ့အခါ၌မူ ဆင်းရဲသို့ ရောက်သည်ဖြစ်၍ ခွေးစားခံရပါ၏။

၄၉၇။ အကျွန်ုပ်သည် ထိုကုသိုလ်ကံကြောင့် ညဥ့်အခါ၌ နတ်စည်းစိမ်ကို ခံစားရပါ၏၊ နေ့အခါ၌မူ ခွေးတို့သည် ရန်ငြိုးဖွဲ့သော စိတ်ရှိကုန်သကဲ့သို့ ဖြစ်၍သာလျှင် ခဲစားရန် ထက်ဝန်းကျင်မှ ပြေးလာကြပါကုန်၏။

၄၉၈။ အကြင်သူတို့သည်ကား မြတ်စွာဘုရားသာသနာတော်၌ အဓိသီလစသည်တို့ကို အမြဲယှဉ်ကုန်သည်ဖြစ်၍ မပြတ် အားထုတ်ခြင်းရှိကုန်၏၊ ထိုသူတို့သည် လောကီချမ်းသာနှင့် မဖက် သက်သက်အကြောင်းတရားတို့ မပြုပြင်အပ်သော သေခြင်းကင်းသော နိဗ္ဗာန်ကို သာလျှင် ရကုန်၏ဟု ထင်မှတ်ပါ၏(ဟု ဖြေကြား လျှောက်ထား၏)။

ရှစ်ခုမြောက်သော ဒုတိယမိဂလုဒ္ဒကပေတဝတ္ထု ပြီး၏။

---

## ၉-ကူဋဝိနိစ္ဆယိကပေတဝတ္ထု

၄၉၉။ (ယောကျ်ား) သင်သည် နတ်ပန်းကို ပန်ဆင်လျက် ဦးရစ်ပေါင်းကာ လက်ကောက်စသော လက်ဝတ်တန်ဆာရှိသူ ဖြစ်ပေ၏၊ သင်၏ ကိုယ်ကို စန္ဒကူးနံ့သာဖြင့် လိမ်းကျံလျက် ကြည်လင်သော မျက်နှာအဆင်းရှိသူ တက်သစ်စနေ၏ အဆင်းကဲ့သို့ တင့်တယ်သူ ဖြစ်ဘိ၏။

၅၀၀။ (ယောကျ်ား)သင်၏ ပရိသတ်၌ အကျုံးဝင်ကုန်သော သင်၏ ဤအခြွေအရံ နတ်တို့သည်၎င်း သင်၏ တသောင်းသော အခြွေအရံ နတ်သမီးတို့သည်၎င်း ခရုသင်း လက်ကောက် လက်ကြပ်တန်ဆာကို ဝတ်ဆင်ကြကုန်၏၊ ရွှေနားသွယ်ပန်းကိုလည်း ထူးဆန်းစွာ ပန်ဆင်ကြကုန်၏။

http://www.dhammadownload.com



၅၀၁။ သင်သည် ကြီးသော အာနုဘော်ရှိ၏၊ ကြက်သီးမွေးညင်း ထလောက်အောင် အဆင်းသဏ္ဌာန် ရှိပါပေ၏၊ (သို့ပါသော်လည်း) မိမိ၏ ကျောက်ကုန်းသားတို့ကို ကိုယ်ဘိုင် ဖြတ်၍ ခဲစားနေရဘိ၏။

၅၀၂။ သင်သည် ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း အဘယ်မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် မိမိ၏ ကျောက်ကုန်းသားတို့ကို ကိုယ်တိုင် ဖြတ်၍ ခဲစားဘိသနည်း (ဟု အသျှင်နာရဒကမေး၏)။

၅၀၃။ အရှင်ဘုရား အကျွန်ုပ်သည် သက်ရှိလောက၌ မိမိ၏ အကျိုးမဲ့ ဖြစ်ရန် ကုန်းတိုက်စကား မုသားစကားဖြင့်၎င်း ကောက်ကျစ်စဉ်းလဲခြင်း လှည့်ပတ်ခြင်းဖြင့်၎င်း ပြုကျင့်ခဲ့မိပါ၏။

၅၀၄။ ထိုတရားစီရင်ရာအရပ်၌ အကျွန်ုပ်သည် ပရိသတ်လယ်သို့ ရောက်၍ အမှန် ဆိုရမည့် အခါ ကြုံကြိုက်ဖြစ်ပေါ်လာသည်ရှိသော် အကျိုးအကြောင်းကို စွန့်ပစ်၍ အဓမ္မ သို့ အစဉ်လိုက်ခဲ့မိပါ၏။

၅၀၅။ အကြင်သူသည် ကျောက်ကုန်းသားကို ခဲစားသည်နှင့်တူစွာ ချောပစ်ကုန်းတိုက် မုသားပြောဆိုဘတ်၏၊ အကျွန်ုပ်သည် ယနေ့ မိမိကျောက်ကုန်းသားကို ခဲစားရသကဲ့သို့ ထို့အတူ ချောပစ်ကုန်းတိုက် မုသားပြောဆိုတတ်သော ထိုသူသည် မိမိကျောက်ကုန်းသား ကို ခဲစားရ၏။

၅၀၆။ အသျှင်နာရဒ ဤအကျွန်ုပ်၏ ရုပ်အဆင်းကို အရှင်ဘုရားကိုယ်တိုင် မြင်ရပါပြီ၊ သနားစောင့်ရှောက်တတ်ကုန်သော (သူတပါးအကျိုးကို ကျင့်ခြင်း၌) လိမ်မာကုန်သော ဘုရားစသော သူတော်ကောင်းတို့ ဆိုဆုံးမသော "သင်သည် ကုန်းတိုက်သော စကားကို မပြောဆိုလင့်၊ မုသားမပြောဆိုလင့်၊ (အကျွန်ုပ်ကဲ့သို့) မိမိကျောက်ကုန်းသားကို စားရသည် မဖြစ်စေလင့်" ဟူသော စကားမျိုးကိုသာ (အကျွန်ုပ်) ပြောဟောလိုပါ၏ (ဟု ပြိတ္တာဒုက လျှောက်၏)။

ကိုးခုမြောက်သော ကူဋဝိနိစ္ဆယိကပေတဝတ္ထု ပြီး၏။

---

## ၁၀-ခာတုဝိဝဏ္ဏပေတဝတ္ထု

၅၀၇။ ကောင်းကင်၌ တည်နေသော သင်၏(ကိုယ်၌) မကောင်းသော အပုပ်နံ့သည် လှိုင်၏၊ အပုပ်နံ့လှိုင်သော သင်၏ ခံတွင်းကိုလည်း ပိုးလောက်တို့သည် ခဲစားကုန်၏၊ သင်သည် ရှေးဘဝက အဘယ်ကံကို ပြုခဲ့သနည်း။

၅၀၈။ ထို့ထက်အလွန်မှုကား (ကံနှိုးဆော်အပ်သော သူတို့က) လက်နက်ယူလျက် သင့်ကို အဖန်ဖန်လှီးဖြတ်ကုန်၏၊ ဆားငန်ရေဖြင့် လောင်းဆွတ်၍ အဖန်ဖန် လှီးဖြတ်ကုန်၏။

၅၀၉။ သင်သည် ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း အဘယ်မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ်ကံ၏ အကျိုးကြောင့် ဤဆင်းရဲသို့ ရောက်ရသနည်း(ဟု အသျှင် မဟာကဿပက မေး၏)။

http://www.dhammadownload.com



၅၁၀။ အရှင်ဘုရား အကျွန်ုပ်သည် ပျော်မွေ့ဖွယ်ကောင်းသော နှလုံးမွေ့လျော်ဖွယ် ရှိသော တော်င်တို့ဖြင့် ကာရံအပ်သော ရာဇဂြိုဟ်မြို့၌ အလွန်များသော ဥစ္စာစပါးကို အစိုးရသူ ဖြစ်ခဲ့ပါ၏။

၅၁၁။ ထိုအကျွန်ုပ်၏(ရှေးဘဝက) ဤမယားသည်ငြားရင်း ဤသမီးသည်ငြားရင်း ဤချွေးမ သည်ငြားရင်း ထိုအိမ်သူအိမ်သားတို့သည် ပန်းကိုငြားရင်း ကြာကိုငြားရင်း အသစ်ဖြစ်သော နံ့သာ ပျောင်းကိုငြားရင်း ပုထိုးသို့ (ပူဇော်ရန်) ဆောင်ယူသည်တို့ကို တားမြစ်မိခဲ့ပါ၏၊ အကျွန်ုပ် သည် ထိုမကောင်းမှုကို ပြုခဲ့ပါ၏။

၅၁၂။ (အရှင်ဘုရား) အသီးအသီး ခံစားအပ်သော ဆင်းရဲသော ဝေဒနာရှိကုန်သော ရှစ်သောင်းခြောက်ထောင် အတိုင်းအရှည်ရှိကုန်သော အကျွန်ုပ်တို့သည် ဓာတ်တော် ထားရာ ပုထိုးကို ပူဇော်ခြင်းကို ကဲ့ရဲ့မိကြကုန်၍ ပြင်းစွာ ဆင်းရဲသည်၏ အဖြစ်ကြောင့် ငရဲနှင့် တူသော ပြိတ္တာဘုံ၌ ပြင်းထန်စွာ ခံနေရပါကုန်၏။

၅၁၃။ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၏ ဓာတ်တော်ထားရာ ပုထိုးကို (ရည်မှတ်၍) ပူဇော်ခြင်းငှါ ပွဲလမ်းသဘင် ဖြစ်သည်ရှိသော် (အကျွန်ုပ်ကဲ့သို့ သော) အကြင်ပုဂ္ဂိုလ်တို့သည် ဓာတ်တော်ထားရာ ပုထိုးကို ပူဇော်ခြင်း၌ အပြစ်ဒေါသကို ပြကုန်၏၊ ထိုပုဂ္ဂိုလ်တို့ကို ထိုမကောင်းမှုမှ ရှောင်ကြဉ်ကြပါစေကုန်လော့။

၅၁၄။ နတ်ပန်းတို့ကို ပန်ဆင်ကုန်၍ နတ်ဝတ်တန်ဆာဝတ်ဆင်ကြကာ ပုထိုး၌ ပန်း ပူဇော်သော ကံ၏ အကျိုးကို ခံစားကြကုန်လျက် လာကြကုန်သော ဤနတ်သမီးတို့ကို ကြည့်ရှုတော်မူပါလော့၊ ထိုနတ်သမီးတို့သည် များသော အခြံအရံ အကျော်အစော ရှိကုန် လျက် နတ်စည်းစိမ်နှင့် ပြည့်စုံကြပါကုန်၏။

၅၁၅။ ပညာရှိကုန်သော အကျွန်ုပ်၏ မယား သမီး ချွေးမတို့သည် အံ့သြဖွယ်ဖြစ် သော မဖြစ်ဘူးမြဲဖြစ်သော ကြက်သီးမွေးညင်းထဖွယ်ဖြစ်သော ထိုအကျိုးထူးကို မြင်ကြ ကုန်သောကြောင့် ရှိခိုးခြင်းကို ပြုခဲ့ပါကုန်၏၊ ထိုမြတ်စွာဘုရား၏ ဓာတ်တော်ထားရာ ပုထိုးကို ရှိခိုးခဲ့ကြပါကုန်၏။

၅၁၆။ ထိုအကျွန်ုပ်သည် စင်စစ် ဤပြိတ္တာဘုံမှ လွတ်သွား၍ လူအမျိုးဇာတ်ကို ရသည် ရှိသော် ပုထိုးအား ပူဇော်ခြင်းကို မမေ့မလျော့မူ၍ အဖန်ဖန် ပြုပါတော့အံ့ဟု ကြံစည် အောက်မေ့မိပါ၏(ဟု လျှောက်၏)။

ဆယ်ခုမြောက်သော ဓာတုဝိဝဏ္ဏပေတဝတ္ထု ပြီး၏။

# သုံးခုမြောက်သော စူဠဝဂ် ပြီး၏။

http://www.dhammadownload.com

# ၄—မဟာဝဂ်

## ၁-အမ္ဗသက္ကရပေတဝတ္ထု

၅၁၇။ ဝဇ္ဇီတိုင်းသားတို့၏ ဝေသာလီမြို့၌ အမ္ဗသက္ကရမည်သော လိစ္ဆဝီမင်းသည် မြို့ပြင်ပ၌နေသော ပြိတ္တာကို မြင်သောကြောင့် ထိုမြင်ရာအရပ်၌ပင် (အချင်း အသက်ရှင်ပါလော့၊ အသက်ရှင်ခြင်းသည်သာ မြတ်၏ဟု) ပြောဆိုသော စကား၏ အဓိပ္ပါယ်ကို သိလိုသည်ဖြစ်၍ ထိုပြိတ္တာအား (ဤသို့)မေးမြန်းလေပြီ။

၅၁၈။ ဤတံကျင်လျှိုထားသော ပုဂ္ဂိုလ်အား အိပ်ရခြင်း ထိုင်ရခြင်းသည်လည်း မရှိခဲ့၊ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းသည်လည်း မရှိခဲ့၊ ဤပုဂ္ဂိုလ်အား စားဖွယ် သောက်ဖွယ် ခဲဖွယ် အဝတ်အရုံတို့ကို သုံးဆောင်ခြင်းဟု ဆိုအပ်သော ခံစားခြင်းသည်လည်း မရှိခဲ့။

၅၁၉။ ရှေးကရှိကြသည့် သနားစောင့်ရှောက်တတ်သော အဆွေအမျိုးတို့သည်၎င်း မြင်ဘူးကြားဘူးသော အဆွေခင်ပွန်းတို့သည်၎င်း ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းတို့သည်၎င်း ထိုတံကျင်လျှိုသောပုဂ္ဂိုလ်ကို ယခုအခါ တွေ့မြင်ခြင်းငှါလည်း မရကြကုန်၊ ဤတံကျင်လျှိုထားသော ပုဂ္ဂိုလ်သည် ထိုဆွေမျိုးစသော လူအပေါင်းက စွန့်ပစ်ထားသော သဘောရှိတော့သည်သာတည်း။

၅၂၀။ အသက်ဝိညာဏ်ကင်းပြီးသောသူအား အဆွေခင်ပွန်းတို့ မရှိကုန်၊ (သေသူကို ထားလိုက်ပါဦး) အဆွေခင်ပွန်းတို့သည် ပစ္စည်းဥစ္စာ ချို့တဲ့သူကို (ဤသူထံမှ ဘာတခုမျှ ရတော့မည် မဟုတ်ဟု၍) သိရသည်ရှိသော် (အသက်ရှင်သော်လည်း) စွန့်ပစ်တတ်ကြကုန်သေး၏၊ မိမိအကျိုးစီးပွါးကို မြင်ရသော်သာ ခြံရံကြကုန်၏၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော သူအားသာလျှင် အဆွေခင်ပွန်း များကုန်၏။

၅၂၁။ (ဤတံကျင်လျှိုထားသော ယောကျ်ားသည်) စည်းစိမ်ချမ်းသာ အားလုံးတို့မှ ယုတ်သော သဘောရှိသည်ဖြစ်၍ သွေးတို့ဖြင့် လိမ်းကျံသောကိုယ် တံကျင်ထိုးလျှိုသဖြင့် ပေါက်ကွဲသောကိုယ်ရှိလျက် ဆင်းရဲငြိုငြင် ပင်ပန်းလှ၏၊ ဤယောကျ်ားအား မြက်ဖျား၌ လိမ်းကျံသော ဆီးနှင်းပေါက်အတူ ယနေ့သော်၎င်း နက်ဖြန်သော်၎င်း အသက် ချုပ်ပျောက်ခြင်း ဖြစ်တော့လတ္တံ့။

၅၂၂။ နတ်သား ထိုသို့ဖြစ်လျက် တမာသားတံကျင်၌ ထိုးတင်အပ်သည်ဖြစ်၍ အလွန် ပင်ပန်းခြင်းသို့ ရောက်သော ဤသို့သော သူကို 'အချင်း အသက်ရှင်ပါလော့၊ အသက်ရှင်ခြင်းသည်သာလျှင် မြတ်၏'ဟု အဘယ်ကြောင့် သင် ဆိုဘိသနည်း(ဟု လိစ္ဆဝီမင်းက မေး၏)။

၅၂၃။ လိစ္ဆဝီမင်း ဤသူသည် ရှေးဘဝက အကျွန်ုပ်၏ သွေးသားတော်စပ်သော သူဖြစ်၏ဟု အကျွန်ုပ် အမှတ်ရပါသည်၊ ဤသူကို မြင်ရ၍ အကျွန်ုပ် သနားခြင်း ဖြစ်မိပါ၏၊ ယုတ်မာသော သဘောရှိသော ဤသူသည် ငရဲသို့ မကျပါစေလင့်။

http://www.dhammadownload.com



၅၂၄။ လိစ္ဆဝီမင်း ဤယောကျ်ားသည် မကောင်းမှုကို ပြုလေ့ရှိသည်ဖြစ်၍ ဤဘဝမှ စုတေသော် မကောင်းမှုပြုသူ သတ္တဝါတို့ဖြင့် ရောပြွမ်း၍ ကြမ်းထမ်းသော သဘောရှိသော အလွန်အလွန် ပူလောင်ခါးစပ်သော ကြောက်ဖွယ်ကို ဖြစ်စေတတ်သော ငရဲသို့ ကပ်ရောက်ရလတ္တံ့။

၅၂၅။ ဤသူသည် စင်စစ် ဆင်းရဲသော ခါးစပ်၍ ကြောက်ဖွယ်ကို ဖြစ်စေတတ်သော စင်စစ် ထက်မြက်သော အကြင်ငရဲသို့ ကျရာ၏၊ ထိုထိုကျရမည့် ငရဲထက် ဤတံကျင်သည် သာလျှင် များစွာသော ဂုဏ်အဘို့အစုအားဖြင့် မြတ်သေး၏။

၅၂၆။ ဤသတ္တဝါသည် အကျွန်ုပ်၏ ဤစကားကို ကြားရသော် ဆင်းရဲသို့ ကပ်ရောက်ရသကဲ့သို့ ဖြစ်၍ မိမိအသက်ကို စွန့်ရာ၏၊ ထို့ကြောင့် အကျွန်ုပ်သည် တပိုင်နက် အသက်ချုပ်ပျောက်ခြင်း မဖြစ်ပါစေလင့်ဟု နှလုံးပိုက်၍ ဤသတ္တဝါ၏ အနီး၌ ဤစကားကို ဆိုသည် မပယုတ်ပါ(ဟု ပြိတ္တာက ပြောဆို၏)။

၅၂၇။ တံကျင်လျှိုထားသော ယောကျ်ား၏ ဤအကြောင်းအရာကို ငါတို့ သိရပါပြီ၊ တပါးသော အကြောင်းအရာကိုလည်း သင့်အား မေးလိုကုန်၏၊ ငါတို့အား အကယ်၍ အခွင့်ပြုပါမူ သင့်ကို မေးပါကုန်အံ့၊ ငါတို့အားမူ အမျက်မထွက်သင့်ပါ(ဟု လိစ္ဆဝီမင်းက ဆို၏)။

၅၂၈။ လိစ္ဆဝီမင်း (ရှေးဦးစွာ မြင်သော) ထိုအခါကပင် အကျွန်ုပ်အား စင်စစ် မေးလော့ဟု ဝန်ခံခြင်း ဖြစ်ပါ၏၊ မကြည်ညိုသူအား မဖြေကြားလိုခြင်း ဖြစ်ပါ၏၊ ယခုအခါ အလိုမရှိစေကာမူ သင်သည် ယုံကြည်ထိုက်သော စကားရှိသူ ဖြစ်သောကြောင့် ငါ့အား အလိုရှိရာ မေးလော့၊ စွမ်းအားရှိသလောက် ဖြေပါအံ့(ဟု ပြိတ္တာက ဖြေ၏)။

၅၂၉။ နတ်မင်း ငါသည် မျက်စိဖြင့် မြင်ရသည့် အရာဟူသမျှ အားလုံးကိုလည်း ထိုမြင်သည့်အတိုင်းပင်လျှင် ယုံကြည်ရပါ၏၊ ထိုအလုံးစုံကို မြင်ရ၍လည်း အကယ်၍ မယုံကြည်ခဲ့ပါမူ သင်သည် ငါ့အား နှိပ်နင်းမှုကို ပြုမည်လော(ဟု လိစ္ဆဝီမင်းက ပြော၏)။

၅၃၀။ လိစ္ဆဝီမင်း သင်၏ ဤဝန်ခံခြင်းသည် အကျွန်ုပ်အား မှန်ကန်သော ဝန်ခံခြင်း ဖြစ်ပါစေ၊ အကျွန်ုပ်သည် သင်ကြားဘူးသည်လည်းဖြစ်သော မကြားဘူးသည်လည်းဖြစ်သော တရားအားလုံးကို သင့်အား သိသမျှ ဟောကြားပါအံ့၊ သင်သည် သိခြင်းငှါ အလိုရှိသည်ဖြစ်၍ငည်း ပြစ်မှားလိုသောစိတ် မရှိသည်ဖြစ်၍ငည်း အကျွန်ုပ် ဟောမည့်တရားကို ကြားနာရ၍ ကောင်းသောကြည်ညိုမှုကို ရပါစေသတည်း(ဟု ပြိတ္တာက ပြော၏)။

၅၃၁။ သင်သည် တန်ဆာဆင်အပ်သော မြင်းဖြူဖြင့် တံကျင်လျှိုထားသူ၏ အထံသို့ သွားဘိ၏၊ ဤမြင်းယာဉ်သည် မဖြစ်စဘူး ဖြစ်၍ ရှုချင်ဖွယ် ရှိလှပါပေ၏၊ ဤမြင်းယာဉ်ကို ရခြင်းသည် အဘယ်ကံ၏ အကျိုးနည်း(ဟု လိစ္ဆဝီမင်းက မေး၏)။

၅၃၂။ လိစ္ဆဝီမင်း ဝေသာလီမြို့၏ အလယ် ရွှံ့ညွန်ရှိသော ခရီးလမ်း၌ (ရွှံ့ညွန်)တွင်း ရှိခဲ့ပါ၏၊ အကျွန်ုပ်သည် ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ဖြူသော နွားဦးခေါင်းရိုးတခုကို ယူ၍ ရွှံ့ညွန်တွင်း၌ ချထားခဲ့ပါ၏။

http://www.dhammadownload.com



၅၃၃။ အကျွန်ုပ်သည်၎င်း တပါးသောသူတို့သည်၎င်း ဤနွားဦးခေါင်းရိုးတံတား၌ ခြေတို့ကို ချနင်း၍ ရွံ့ညွန်ကို လွန်ခြမြောက်ကြရပါကုန်၏၊ ထိုကံကြောင့် မဖြစ်ဘူးမြဲဖြစ်၍ ရှုချင်ဖွယ်ရှိသော ဤမြင်းယာဉ်ကို ရအပ်ပါ၏၊ ဤမြင်းယာဉ်ကို ရခြင်းသည် ထိုကံ၏ အကျိုးပါတည်း(ဟု ပြိတ္တာက ဖြေ၏)။

၅၃၄။ သင်၏ အဆင်းသည်လည်း အလုံးစုံ အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပ၏၊ သင်၏ ကိုယ်ရနံ့သည်လည်း အလုံးစုံသော အရပ်မျက်နှာတို့၌ ကြိုင်လှိုင်ဘိ၏၊ သင်သည် ကြီးသော အာနုဘော်ရှိ၍ နတ်တန်ခိုးသို့ ရောက်သူဖြစ်ခဲ့၏၊ သို့သော်လည်း အဝတ်မဆည်း အချည်းနှီး နေရသူ ဖြစ်ခဲ့၏၊ ဤအကျိုးသည် အဘယ်ကံ၏ အကျိုးနည်း(ဟု လိစ္ဆဝီမင်းက မေး၏)။

၅၃၅။ လိစ္ဆဝီမင်း အကျွန်ုပ်သည် အမျက်မထွက်မူ၍ အမြဲကြည်လင်သော စိတ်ရှိပါ၏၊ သိမ်မွေ့သော စကားတို့ဖြင့် လူအပေါင်းသို့ ချဉ်းကပ်ခဲ့ပါ၏၊ အကျွန်ုပ်၏ အမြဲတောက်ပသော နတ်၌ဖြစ်သော ဤအဆင်းသည် ထိုကံ၏ အကျိုးပါတည်း။

၅၃၆။ လိစ္ဆဝီမင်း အကျွန်ုပ်သည် တရား၌ တည်သူတို့၏ ကျော်စောခြင်းကို၎င်း ချီးမွမ်းသံကို၎င်း သိမြင်၍ ကြည်ညိုသော စိတ်ရှိသည်ဖြစ်လျက် ပြောကြားတတ်ပါ၏၊ အကျွန်ုပ်၏ အမြဲလှိုင်သော နတ်၌ဖြစ်သော ဤရနံ့သည် ထိုကံ၏ အကျိုးပါတည်း။

၅၃၇။ သူငယ်ချင်းတို့ ရေချိုးဆိပ်၌ ရေချိုးနေကြကုန်စဉ် ကုန်း၌ ထားသော သူငယ်ချင်းတယောက်၏ ပုဆိုးကို ရယ်မြူးလိုသည်ဖြစ်၍ ပြစ်မှားလိုစိတ်မရှိပဲ ဆောင်ယူဝှက်ထားမိခဲ့ပါ၏၊ ထို့ကြောင့် အဝတ်မဝတ်ရသူလည်း ဖြစ်ရပါ၏၊ ပင်ပန်းသော အသက်မွေးခြင်းရှိသူလည်း ဖြစ်ရပါ၏(ဟု ပြိတ္တာက ဖြေ၏)။

၅၃၈။ အကြင်သူသည် ကစားရယ်မြူးလို၍ မကောင်းမှုကို ပြု၏၊ ထိုသူ၏ အကုသိုလ်ကံအကျိုးသည်ပင် ဤသို့ သဘောရှိသေး၏၊ အကြင်သူသည်ကား ကစားရယ်မြူးလိုစိတ်မရှိပဲ မကောင်းမှုကို ပြု၏၊ ထိုသူ၏ အကုသိုလ်ကံအကျိုးကို (ပညာရှိတို့) အဘယ်သို့ဆိုကုန်သနည်း(ဟု လိစ္ဆဝီမင်းက မေး၏)။

၅၃၉။ အကြင်သူတို့သည် ကာမဂုဏ်ကို ကြံခြင်းအစရှိသည်တို့၏ အစွမ်းဖြင့် ဖျက်ဆီးအပ်သော စိတ်ရှိကုန်၏၊ ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း ညစ်ညူးကြကုန်၏၊ ထိုသူတို့သည် ကိုယ်ခန္ဓာပျက်စီးသည့်နောက် တမလွန်ဘဝ၌ ယုံမှားမရှိ ငရဲသို့ ကပ်ရောက်ရကုန်၏။

၅၄၀။ တပါးသော လူတို့သည်ကား သုဂတိဘုံသို့ တောင့်တကုန်လျက် အလှူပေးခြင်း၌ မွေ့လျော်ကုန်၏၊ ချီးမြှောက်လိုသော သဘောရှိကုန်၏၊ ထိုသူတို့သည် ကိုယ်ခန္ဓာပျက်စီးသည့်နောက် တမလွန်ဘဝ၌ ယုံမှားမရှိ ကောင်းသော လားရာ'သုဂတိ'သို့ ကပ်ရောက်ရကုန်၏(ဟု ပြိတ္တာက ဖြေ၏)။

၅၄၁။ သင်သည် ကောင်းမှု မကောင်းမှု၏ ဤကောင်းကျိုး မကောင်းကျိုးကို ခွဲဝေ၍ ဆိုအပ်ပြီ၊ ထိုကောင်ကျိုး မကောင်းကျိုးကို အဘယ်သို့ သက်ဝင်၍ ငါသိရပါအံ့နည်း၊ အဘယ်သို့သော သက်သေ အထောက်အထားကိုမူလည်း တွေ့မြင်၍ ငါယုံကြည်

http://www.dhammadownload.com



ရပါအံ့နည်း၊ အဘယ်ပညာရှိသည်မူလည်း ထိုကောင်းကျိုး မကောင်းကျိုးကို ယုံကြည်စေနိုင်ပါအံ့နည်း(ဟု လိစ္ဆဝီမင်းက မေး၏)။

၅၄၂။ လိစ္ဆဝီမင်း ကောင်းမှု မကောင်းမှု၏ ဤကောင်းကျိုး မကောင်းကျိုးကို (ခွဲဝေ၍ ငါဆိုအပ်ခဲ့ပြီ) ထိုကောင်းကျိုး မကောင်းကျိုးကို မြင်၍ရှင်း ကြား၍ရှင်း ယုံကြည်ပါလေလော့၊ ကောင်းမှု မကောင်းမှု နှစ်ပါးစုံ မရှိမူ သတ္တဝါတို့သည် ကောင်းသော လားရာ 'သုဂတိ' ဘဝသို့ လားရောက်ရကုန်၏၊ မကောင်းသော လားရာ 'ဒုဂ္ဂတိ' သို့ လားရောက်ရကုန်၏ဟု အဘယ်သို့လျှင် ဖြစ်နိုင်ပါအံ့နည်း။

၅၄၃။ လိစ္ဆဝီမင်း ဤလူ့ပြည်လောက၌ သတ္တဝါတို့သည် ကောင်းမှု မကောင်းမှုတို့ကို အကယ်၍ မပြုကြကုန်မူ လူ့ပြည်၌ ကောင်းသော လားရာ 'သုဂတိ' မကောင်းသော လားရာ 'ဒုဂ္ဂတိ' သို့ ရောက်ကုန်သော သတ္တဝါတို့သည်ရှင်း အယုတ် အမြတ် ဖြစ်သော သတ္တဝါတို့သည်ရှင်း ရှိသည် မဖြစ်ကုန်ရာ။

၅၄၄။ သတ္တဝါတို့သည် လူ့ပြည်လောက၌ ကောင်းမှု မကောင်းမှုတို့ကို အကြင့်ကြောင့် ပြုကုန်၏၊ ထို့ကြောင့် လူ့ပြည်လောက၌ ကောင်းသော လားရာ 'သုဂတိ' မကောင်းသော လားရာ 'ဒုဂ္ဂတိ' သို့ ရောက်ကုန်သော သတ္တဝါတို့သည်ရှင်း အယုတ်အမြတ် ဖြစ်သော သတ္တဝါတို့သည်ရှင်း ရှိကုန်၏။

၅၄၅။ ယခုအခါ ကောင်းမှု မကောင်းမှုတို့၏ ချမ်းသာကိုရှင်း ဆင်းရဲကိုရှင်း ခံစားခြင်းငှါ လျောက်ပတ်သော နှစ်ပါးသော ကောင်းကျိုး မကောင်းကျိုးကို (ပညာရှိတို့) ဆိုကုန်၏၊ အကြင်သူတို့သည် အလှူအကဲအားဖြင့် ချမ်းသာသုခကို ခံစားခြင်းငှါ လျောက်ပတ်သော အကျိုးကို ရကုန်၏၊ ထိုသူတို့သည် နတ်ပြည်၌ နတ်ဖြစ်ကြ၍ ချမ်းသာသုခကို ခံစားကြရကုန်၏၊ လူမိုက်တို့သည် ကံ ကံ၏ အကျိုး နှစ်ပါးကို မမြင်ကုန်သည်ဖြစ်၍ ငရဲစသည်တို့၌ ကျက်ကြရကုန်၏။

၅၄၆။ လိစ္ဆဝီမင်း အကြင် ကံတို့ကြောင့် ယခုအခါ အဝတ်ပုဆိုးကိုရှင်း အိပ်ရာနေရာကိုရှင်း ထမင်းအဖျော်ကိုရှင်း ရရာ၏၊ ရှေးက ကိုယ်တိုင်ပြုခဲ့သော ထိုကံတို့သည် အကျွန်ုပ်အား မရှိပါကုန်၊ (သမဏ ဗြာဟ္မဏတို့အား အလှူကို) ပေးလှူ၍ အကျွန်ုပ်အား ရည်ညွှန်း အမျှဝေသော သူလည်း မရှိပါ၊ ထို့ကြောင့် ယခု အဝတ် မဝတ်ရသူ ပင်ပန်းသော အသက်မွေးခြင်းရှိသူ ဖြစ်နေရပါ၏(ဟု ပြိတ္တာက ဖြေ၏)။

၅၄၇။ နတ်သား အကြင် အကြောင်းကြောင့် သင်သည် အဝတ်ပုဆိုးကို ရရာ၏၊ တစုံတခုသော ထိုအကြောင်းသည် ရှိရာအံ့လော၊ အကယ်၍ အကြောင်းရှိမူ ထိုအကြောင်းကို ပြောကြားပါလော့၊ ယုံကြည်ထိုက်၍ အကြောင်းနှင့်တကွသော စကားကို နားထောင်ပါကုန်အံ့(ဟု လိစ္ဆဝီမင်းက မေး၏)။

၅၄၈။ ဤဝေသာလီပြည်အနီး၌ ကပ္ပိတကမည်သော ရဟန်းသည် ရှိ၏၊ ထိုရဟန်းသည် အရဟတ္တဖိုလ်ဈာန် ရှိ၏၊ ကောင်းသောသီလ ရှိ၏၊ ပူဇော်အထူးကို ခံထိုက်၏၊ ကိလေသာမှ လွတ်မြောက်၏၊ လုံခြုံသော ဣန္ဒြေ ရှိ၏၊ စောင့်စည်းပြီးသော ပါတိမောက္ခသီလ ရှိ၏၊ ငြိမ်းအေးသည် အဖြစ်သို့ ရောက်၏၊ မြတ်သော အရဟတ္တဖိုလ် သမ္မာဒိဋ္ဌိသို့ ရောက်၏။

http://www.dhammadownload.com



၅၄၉။ နူးညံ့၏၊ တရားအားလုံးကို သိ၏၊ ကောင်းသော စကား ရှိ၏၊ ကောင်းသော မျက်နှာ ရှိ၏၊ ကောင်းစွာ နှုတ်တက် အာဂုံဆောင်ထားသော ပါဠိ ပိဋက ရှိ၏၊ လွတ်လွတ် ဆိုတတ်သော စကားရှိ၏၊ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူ၏၊ မေတ္တာဖြင့် နေတော်မူလေ့ရှိ၏၊ နတ်လူတို့၏ မြတ်သော အလှူကိုလည်း ခံယူတော်မူထိုက်၏။

၅၅၀။ ကိလေသာ ငြိမ်းပြီး ဖြစ်၏၊ မိစ္ဆာဝိတက်တည်းဟူသော အခိုး ကင်းတော်မူ၏၊ ဆင်းရဲခြင်း မရှိ၊ တဏှာ မရှိ၊ ဘဝခပ်သိမ်းတို့မှ လွတ်၏၊ ရာဂစသော ငြောင့်တံသင်းတို့မှ ကင်း၏၊ ငါဟူသော မာန်မာန မရှိ၊ (ကိုယ်နှုတ် နှလုံးတို့ဖြင့်) ကောက်ကျစ်ခြင်းမှ ကင်း၏၊ ကိလေသာ သခ်ါရစသော ဥပဓိတို့ကို ပယ်ပြီး ဖြင်၏၊ ပပဉ္စ တရားအားလုံး ကုန်ပြီးဖြစ်၏၊ ဝိဇ္ဇာသုံးပါးသို့ ရောက်ပြီ၊ လောကုတ္တရာ ဉာဏ်ရောင်ဖြင့် ထွန်းပသော အရောင်ရှိ၏။

၅၅၁။ (အလွန် အလိုနည်းသည်၏ အဖြစ်ကြောင့် မိမိ၏ သီလစသော ဂုဏ်ကို မထင်ရှားစေ၊ မြင်၍လည်း ဤသို့ သီလ သမာဓိပညာ ရှိ၏ဟု သိခြင်းငှါ မလွယ်ကူပါ၊ ဝဇ္ဇီတိုင်းတို့၌ လူတို့သည် ထိုအသျှင်ကို ရဟန်းဟူ၍ ခေါ်ဝေါ်ကြကုန်၏၊ သတ္တလောက၌ ကျင်လည်သော ကောင်းမြတ်သော သီလစသော ကျေးဇူးရှိသော ဆိုကပ္ပိတက ရဟန်းကို တဏှာမြူကင်းသော ရဟန်းဟူ၍ နတ်တို့ သိကြပါကုန်၏။

၅၅၂။ သင်သည် ထိုကပ္ပိတက မထေရ်အား ပုဆိုးတစုံဖြစ်စေ နှစ်စုံဖြစ်စေ အကျွန်ုပ်ကို ရည်ညွှန်း၍ လှူခဲ့ပါမူ ထိုပုဆိုးအစုံတို့ကို မထေရ်ကလည်း ခံယူအပ်ကုန်မူ ပုဆိုးအဝတ် ဝတ်ရသော အကျွန်ုပ်ကို သင်တွေ့မြင်နိုင်ရာပါ၏(ဟု ပြိတ္တာက ဖြေ၏)။

၅၅၃။ အကြင် ကပ္ပိတက ရဟန်းမြတ်သည် ငါတို့၏ သို့လော သို့လော တွေးတောမှု ဝိစိကိစ္ဆာကိုရင်း မှားသော မိစ္ဆာအမြင်တည်းဟူသော ငြောင့်တံသင်းတို့ကိုရင်း ပယ်ဖျောက်နိုင်ရာ၏၊ ယခု အဘယ်အရပ်၌ သီတင်းသုံးနေသော ထိုကပ္ပိတက ရဟန်းမြတ်ကို ငါတို့ သွား၍ ဖူးမြင်ရကုန်အံ့နည်း(ဟု လိစ္ဆဝီမင်းက မေး၏)။

၅၅၄။ ကပိနစ္စနခေါ်သော အရပ်၌ များစွာသော နတ်တို့ခြံရံလျက် သီတင်းသုံးနေတော်မူသော ဂုဏ်ကြောင့်ဖြစ်သော အမည်တို့ဖြင့် မှန်သော အမည်ရှိတော်မူသော ထိုကပ္ပိတက ရဟန်းမြတ်သည် မိမိဆရာ မြတ်စွာဘုရား၏ ဥစ္စာဖြစ်သော တရား၌ မမေ့မလျော့သည်ဖြစ်၍ တရားစကားကို ပြောဟော၏(ဟု ပြိတ္တာက ဖြေ၏)။

၅၅၅။ ယခုအခါ သင်ပြောဆိုသည့်အတိုင်း သွား၍ ငါပြုလုပ်ပါအံ့၊ ကပ္ပိတကရဟန်းကို အဝတ်အစုံဖြင့် လှူဒါန်းပါအံ့၊ ထိုအဝတ်အစုံတို့ကိုလည်း ထိုရဟန်းမြတ်က ခံယူအပ်သည် ဖြစ်ကုန်ရာ၏၊ ပုဆိုး အဝတ် ဝတ်ရသော သင့်ကိုလည်း ငါတို့ တွေ့မြင်လိုပါကုန်၏(ဟု လိစ္ဆဝီမင်းက ဆို၏)။

၅၅၆။ လိစ္ဆဝီမင်း တောင်းပန်ပါ၏၊ အခါမဟုတ်သည်၌ ကပ္ပိတက ရဟန်းမြတ်သို့ မချဉ်းကပ်ပါလေနှင့်၊ ဤအခါ မဟုတ်သည်၌ ချဉ်းကပ်ခြင်းသည် သင်ကဲ့သို့သော မင်းတို့၏ သဘော မဟုတ်၊ ထို့ကြောင့် နံနက်အခါ၌သာ ချဉ်းကပ်၍ ထိုကပိနစ္စနခေါ်သော

http://www.dhammadownload.com



အရပ်၌သာလျှင် ဆိတ်ငြိမ်ရာအရပ်ဝယ် ထိုင်နေသော ရဟန်းမြတ်ကို ဖူးမြင်ပါလော့ (ဟု ပြိတ္တာက ဆို၏။)

၅၅၇။ လိစ္ဆဝီမင်းသည် ကောင်းပြီဟု ဆို၍ ကျွန်အပေါင်း ခြံရံလျက် ထို မိမိအရပ်သို့ သွားလေ၏၊ ထိုလိစ္ဆဝီမင်းသည် ထိုဝေသာလီမြို့သို့ ချဉ်းကပ်ပြီးလျှင် မိမိ နန်းတော်၌ နေလေ၏။

၅၅၈။ ထိုလိစ္ဆဝီမင်းသည် ထိုနေ့ကုန်ဆုံးပြီးသည့်နောက် နံနက်မိုးသောက် ရောက်သောအခါ လူမှုကိစ္စတို့ကို ပြုလုပ်ပြီးသော် ရေချိုး ရေသောက်ပြီးလျှင် သွားခွင့်ခဏကို ရသဖြင့် ကျွန်အပေါင်းတို့ကို သေတ္တာမှ ပုဆိုးရှစ်စုံ ရွေးချယ်ယူစေပြီ။

၅၅၉။ ထိုလိစ္ဆဝီမင်းသည် ထိုရဟန်းမြတ် ရှိရာအရပ်သို့ ချဉ်းကပ်သည်ရှိသော် ဆွမ်းခံရွာမှ ဖဲကြွပြန်နစ်သော ကိလေသာငြိမ်းချမ်းခြင်းသို့ ရောက်ပြီးဖြစ်၍ သစ်ပင်ရင်း၌ ထိုင်နေသော ငြိမ်သက်သော စိတ်ရှိတော်မူသော ထိုရဟန်းမြတ်ကို မြင်လေ၏။

၅၆၀။ (ထိုနောက်)ထိုရဟန်းမြတ်သို့ ချဉ်းကပ်၍ လျှောက်ထား၏၊ အနာကင်းသည် အဖြစ်ကိုဝင်း ချမ်းသာစွာနေရသည်အဖြစ်ကိုဝင်း မေး၏၊ အရှင်ဘုရား အကျွန်ုပ်သည် ဝေသာလီပြည်က လိစ္ဆဝီမင်းပါတည်း၊ အကျွန်ုပ်ကို အမ္ဗသက္ကရလိစ္ဆဝီမင်းဟု လူအပေါင်းတို့ သိကြပါကုန်၏။

၅၆၁။ အရှင်ဘုရား အရှင်ဘုရားသည် အကျွန်ုပ်၏ ဤပုဆိုးရှစ်စုံတို့ကို အလှူခံတော်မူပါ၊ အရှင်ဘုရားအား လှူဒါန်းပါ၏၊ ထိုသို့ ပေးလှူလိုသောကြောင့် ဤအရပ်သို့ အကျွန်ုပ်လာရောက်ပါ၏၊အရှင်ဘုရားသည်အကျွန်ုပ် နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်လောက်အောင် ပြုတော်မူပါ(ဟု လျှောက်၏)။

၅၆၂။ သမဏတို့သည်၎င်း ပြာဟ္မဏတို့သည်၎င်း သင်၏ နန်းတော်ကို အဝေးမှပင် ကြဉ်ရှောင်ကြကုန်၏၊ သင်၏ အိမ်၌ သပိတ်တို့သည်လည်း ကွဲကုန်၏၊ ဒုကုဋ်သင်္ကန်းတို့သည် ကွဲပြတ် စုတ်ပြဲကြကုန်၏။

၅၆၃။ ထိုမှတပါး သင်၏ ခြေဟူသော ရဲတင်းပုဆိန်တို့ကြောင့် တပါးကုန်သော ရဟန်းတို့သည် ဦးခေါင်းငိုက်ဆိုက် လဲကျကြကုန်၏၊ ပဗ္ဗဇိတအမည်ရသော သမဏတို့သည် သင်ပြုအပ်သော ဤသို့သဘောရှိသော အညှဉ်းဆဲခံရခြင်းသို့ ရောက်ကြရကုန်၏။

၅၆၄။ သင်သည် မြက်ဖျားဖြင့် ဆီကိုသော်လည်း မပေးလှူစဘူး၊ ခရီးမှားသူအား လမ်းခရီးကိုမျှလည်း မညွှန်းပြ မပြောဆိုစဘူး၊ သူကန်း၏ (လက်မှ) တောင်ဝှေးကို ကိုယ်တိုင်ပင် လုယူ၏၊ သင်ကား ဤသို့သဘောရှိသော စဉ်းလဲသူ မစောင့်စည်းသူ ဖြစ်ခဲ့၏၊ သို့ပါလျက် သင်သည် အဘယ်အကြောင်းကြောင့် အဘယ်အကျိုးကို မြင်၍သာလျှင် ငါတို့နှင့်တကွ ခွဲခြမ်းဝေဘန်မှုကို ပြုဘိသနည်း(ဟု ရဟန်းမြတ်က မေး၏)။

၅၆၅။ အရှင်ဘုရား အရှင်ဘုရားဆိုသော စကားကို အကျွန်ုပ် ဝန်ခံပါ၏၊ အကျွန်ုပ်သည် သမဏတို့ကိုဝင်း ပြာဟ္မဏတို့ကိုဝင်း ရယ်မြူးလိုသည်ဖြစ်၍သာ ညှဉ်းဆဲမိခဲ့ပါ၏၊ ပြစ်မှားလိုသော စိတ်ရှိ၍ကား မဟုတ်ပါ၊ အရှင်ဘုရား ထိုရယ်မြူးလိုသည့်အဖြစ်သည်လည်း အကျွန်ုပ်၏ မကောင်းမှုပင် ဖြစ်ပါ၏။

http://www.dhammadownload.com



၅၆၆။ အရှင်ဘုရား နတ်သားသည် ရယ်မြူးလိုသည်ဖြစ်၍ မကောင်းမှု ဆည်းပူးမိသောကြောင့် မပြည့်စုံသော စည်းစိမ်ချမ်းသာရှိသည်ဖြစ်၍ ဆင်းရဲကို ခံစားရပါ၏၊ ပျို့မျစ်နုနယ် အရွယ်အဆင်းနှင့် ပြည့်စုံသော နတ်သားသည် အဝတ်မရှိခြင်းအဘို့ရှိ၏၊ ထိုနတ်သားအား ထိုအဝတ်မရှိခြင်းထက် ပိုလွန်၍ ဆင်းရဲခြင်းသည် အဘယ်မှာ ရှိပါတော့အံ့နည်း။

၅၆၇။ အရှင်ဘုရား အကျွန်ုပ်သည် ထိုနတ်သား(ပြိတ္တာ)ကိုမြင်ရ၍ ထိတ်လန့်ခြင်း သံဝေဂရခဲ့ပါ၏၊ ထိုသို့ သံဝေဂရသောကြောင့်လည်း အလှူဒါနကို ပေးလှူပါ၏၊ အရှင်ဘုရား အဝတ်ပုဆိုးရှစ်စုံတို့ကို အလှူခံတော်မူပါ၊ ဤအဝတ်အလှူတို့သည် နတ်ပြိတ္တာအား ရောက်ပါစေကုန်သတည်း(ဟု လိစ္ဆဝီမင်းက လျှောက်၏)။

၅၆၈။ လိစ္ဆဝီမင်း မချွတ်ကေန်သာလျှင် ဒါနကို ဘုရားအစရှိသည်တို့သည် များစွာသော အပြားတို့ဖြင့် ချီးမွမ်းအပ်၏၊ ပေးလှူသော သင့်အားလည်း မကုန်ခန်းနိုင်သော သဘောရှိသည်ဖြစ်ပါစေ၊ သင်၏ အဝတ်ပုဆိုးရှစ်စုံတို့ကို အလှူခံပါ၏၊ ဤအဝတ်အလှူတို့သည် နတ်(ပြိတ္တာ) သို့ ရောက်ပါစေကုန်သတည်း(ဟု ရဟန်းမြတ်က မိန့်၏)။

၅၆၉။ ထို့နောက် ထိုလိစ္ဆဝီမင်းသည် လက် ခြေ ခံတွင်းကို ဆေးကြောပြီး၍ မထေရ်အား အဝတ်ရှစ်စုံတို့ကို ပေးလှူသောကြောင့် ထိုအဝတ်ရှစ်စုံတို့ကိုလည်း မထေရ်မြတ်သည် ခံယူအပ်ကုန်၏၊ အဝတ်ပုဆိုး ဝတ်ရုံလျက်နေသော နတ်သား (ပြိတ္တာ)ကိုလည်း တွေ့မြင်ရ၏။

၅၇၀။ စန္ဒကူးနှစ်ဖြင့် လိမ်းကျံလျက် အာဇာနည်မြင်းကို တက်စီးကာ နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ တန်ဆာဆင်ပြီးလျှင် ကောင်းသော အဝတ်ပုဆိုးကို ဝတ်ရုံလျက် လျောက်ပတ်သောအခြံအရံဖြင့် ခြံရံအပ်သော ကြီးသော နတ်တန်ခိုးသို့ ရောက်၍ တည်သော ထိုနတ်(ပြိတ္တာ)ကို မြင်ရပြီ။

၅၇၁။ ထိုလိစ္ဆဝီမင်းသည် ထိုနတ် (ပြိတ္တာ) ကို မြင်၍ နှစ်သက်သောစိတ် တက်ကြွသောစိတ် ရွှင်လန်းသောစိတ်ရှိသည့်အပြင် တင့်တယ်သော ရုပ်အသွင်လည်း ရှိ၏၊ ကံကိုလည်း ဉာဏ်မျက်စိဖြင့် မြင်၍ မျက်မှောက်ဖြစ်သော ကြီးမြတ်သော အကျိုးကိုလည်း မျက်စိဖြင့် မျက်မှောက်ပြု၍—

၅၇၂။ ထိုနတ်(ပြိတ္တာ)ထံသို့ ချဉ်းကပ်ပြောဆို၏၊ နတ်သား ငါသည် သမဏဗြာဟ္မဏတို့အား အလှူကို ပေးလှူပါတော့အံ့၊ ငါ့အား မပေးလှူအပ်သော တစုံတခုသော အရာမည်သည်လည်း မရှိတော့ပါ၊ နတ်သား သင်သည် ငါ့အား များသော ကျေးဇူးရှိလှပါပေ၏ (ဟု လိစ္ဆဝီမင်းက ပြောဆို၏)။

၅၇၃။ လိစ္ဆဝီမင်း သင်သည်လည်း အကျွန်ုပ်အား ရည်စူး၍ အဝတ်အလှူတို့ကို တစိတ်တဒေသပေးလှူခဲ့၏။ ဤအဝတ်အလှူသည် အချည်းနှီးမဟုတ်၊ နတ်ဖြစ်သော ထိုအကျွန်ုပ်သည် လူဖြစ်သော သင်နှင့်အတူတကွ သက်သေအဖြစ်ကို ပြုပါအံ့(ဟု နတ်ပြိတ္တာက ပြော၏)။

၅၇၄။ (နတ်သား သင်သည်) ငါ၏ လားရာသည်ရင်း ဆွေမျိုးသည်ရင်း လည်းလျောင်းရာသည်ရင်း အဆွေခင်ပွန်းသည်ရင်း ထို့ပြင် ငါ၏ ကိုးကွယ်ရာနတ်သည်ရင်း

http://www.dhammadownload.com



ဖြစ်ပေ၏၊ သင့်ကို လက်အုပ်ချီသည်ဖြစ်၍ တောင်းပန်ပါ၏၊ နတ်သား သင့်ကို နောက်ထပ် တဖန် တွေ့မြင်နိုင်ရန် အလိုရှိပါ၏ (ဟု လိစ္ဆဝီမင်းက ပြော၏)။

၇၇၅။ လိစ္ဆဝီမင်း သင်သည် ယုံကြည်မှု 'သဒ္ဓါ' မရှိသူ ဝန်တိုမှု 'မစ္ဆရိယ' သဘောရှိသူ မှားသောအားဖြင့် ကျင့်လိုသော သဘောရှိသူ အကယ်၍ ဖြစ်ပြန်အံ့၊ အကျွန်ုပ်ကို သင် တွေ့မြင်နိုင်ရန် ရရှိလိမ့်မည် မဟုတ်၊ တွေ့မြင်ရသော်လည်း သင့်ကို ငါစကား ပြောတော့မည် မဟုတ်။

၇၇၆။ သင်သည် တရား၌ ရိုသေခြင်းရှိသူ အလှူပေးခြင်း၌ မွေ့လျော်သော စိတ် နှလုံးရှိသူ ချီးမြှောက်ခြင်းသဘောရှိသူ သမဏဗြာဟ္မဏတို့၏ ရေတွင်းရေကန်သဖွယ်ဖြစ်သူ အကယ်၍ဖြစ်ခဲ့မူ ငါ့ကို တွေ့မြင်ရလိမ့်မည်။

၇၇၇။ အရှင်လိစ္ဆဝီမင်း တွေ့မြင်ရသော် သင့်ကို စကားပြောပါအံ့၊ တံကျင်လျှို အပ်သော ယောကျ်ားဟူသော အကြင်သူ၏ ထံသို့ လာခြင်းဟူသော အကြောင်းကြောင့် အကျွန်ုပ်တို့သည် သက်သေအဖြစ်ကို ပြုကြရကုန်၏၊ ဤ တံကျင်လျှိုထားသူကိုလည်း တံကျင်မှ လွှတ်သင့်၏ဟု အကျွန်ုပ် မှတ်ထင်မိပါ၏။

၇၇၈။ ထိုငါတို့သည် အချင်းချင်း သက်သေအဖြစ်ကို ပြုကြရကုန်၏၊ ဤသူသည် လည်း တံကျင်မှ လျင်စွာ လွှတ်သည်ဖြစ်အံ့၊ ထိုသူသည် တရားတို့ကို ကောင်းစွာ ကျင့်သည်ဖြစ်၍ ထိုငရဲမှ လွတ်ရာ၏၊ ထိုသူ၏ အပရာပရိယကံမှ တပါးသော ဥပပဇ္ဇ- ဝေဒနီယကံသည် အဟောသိကံ ဖြစ်ရာ၏။

၇၇၉။ လိစ္ဆဝီမင်းမြတ် လျောက်ပတ်သော အခါ၌ ကပ္ပိတက ရဟန်းမြတ်သို့ ချဉ်း ကပ်၍ ထိုကပ္ပိတက ရဟန်းမြတ်နှင့် အတူတကွသာလျှင် လှူဒါန်း ဝေဘန်ခြင်းကို ပြုပြီးလျှင် အနီးသို့ကပ်၍ ကိုယ်တိုင် နှုတ်ဖြင့် မေးလျှောက်လေလော့၊ ထိုရဟန်း မြတ်သည် ဤအကြောင်းကို သင့်အား ဖြေကြားလတ္တံ့။

၇၈၀။ ထိုရဟန်းမြတ်သို့သာလျှင် ချဉ်းကပ်၍ သိလိုသည်ဖြစ်၍သာလျှင် မေး လျှောက်ပါလော့၊ ပြစ်မှားလိုသော စိတ်ရှိသည်ဖြစ်၍ မမေးလျှောက်ပါလင့်၊ ထိုရဟန်း မြတ်သည် သင့်အား ကြားဘူးသောတရား မကြားဘူးသောတရား အားလုံးကိုလည်း သိ သည့်အတိုင်း ဟောကြားလတ္တံ့ (ဟု ပြိတ္တာက ပြော၏)။

၇၈၁။ ထိုလိစ္ဆဝီမင်းသည် ထိုအရပ်၌ နတ် (ပြိတ္တာ) နှင့် လျှို့ဝှက်စွာ စကားပြောဆို၍ သက်သေအဖြစ်ကိုလည်း ပြုပြီးနောက် လိစ္ဆဝီမင်းတို့၏ အစည်းအဝေးပြောဆိုနေရာသို့ ဖဲသွားပြီးနောက် စုဝေးနေထိုင်သော ပရိသတ်ကို ပြောဆို၏။

၇၈၂-၃။ ပရိသတ်တို့ အကျွန်ုပ်၏ တခွန်းသော စကားကို နားထောင်ကြကုန်လော့၊ အကျွန်ုပ်သည် ဆုတခုကို ယူလိုပါ၏၊ အကျိုးရပါလိမ့်မည်၊ ကြမ်းကြုတ်သော အမှုရှိ၍ ဒဏ် ထားခံနေရသော လိစ္ဆဝီမင်းအပေါင်းက ကုပ်ညှပ်ဆုံးမအပ်သော သဘောရှိသော တံကျင် လျှိုခံနေရသော ယောကျ်ားသည် ဤမျှဖြင့် ညဉ့်ပေါင်းနှစ်ဆယ်ရှိပြီ၊ ပရိသတ်တို့ အကြင့် ကြောင့် တံကျင်လျှိုခံရသူသည် အသက်ရှည်သည်လည်း မမည်၊ သေသည်လည်း မမည်၊

http://www.dhammadownload.com



ထို့ကြောင့် ယခုအခါ၌ ထိုသူကို ငါလွှတ်လိုက်တော့အံ့၊ ငါ့အလိုအတိုင်း မင်းအပေါင်းသည် ခွင့်ပြုပါလော့(ဟု ပြောဆို၏)။

၇၈၄။ အမ္ဗသက္ကရလိစ္ဆဝီမင်းမြတ် ဤသူကိုရင်း တပါးသူကိုရင်း လျင်စွာ လွှတ်လော့၊ ထိုတရားနှင့် လျော်သော အမှုကို ပြုသော သင့်ကို အဘယ်သူသည် ပြောဆိုရာပါအံ့နည်း၊ အကြင်အခြင်းအရာဖြင့် သင်သိ၏၊ ထိုအခြင်းအရာဖြင့် ပြုလော့ဟု မင်းအပေါင်းသည် အမ္ဗသက္ကရလိစ္ဆဝီမင်း အလိုအတိုင်း ခွင့်ပြု၏။

၇၈၅။ ထိုအမ္ဗသက္ကရလိစ္ဆဝီမင်းသည် ထိုအရပ်သို့ ချဉ်းကပ်၍ တံကျင်လျှိုခံရသူကို လျင်စွာသာလျှင် လွှတ်၏၊ အချင်းယောကျ်ား မကြောက်လင့်ဟုလည်း ထိုသူကို ပြောဆို၏၊ ဆေးသမားတို့ကိုလည်း လုပ်ကျွေးပြုစုစေ၏။

၇၈၆။ ထိုအမ္ဗသက္ကရလိစ္ဆဝီမင်းသည် လျောက်ပတ်သောအခါ၌ ကပ္ပိတက ရဟန်းမြတ်သို့ ချဉ်းကပ်၍ ထိုရဟန်းမြတ်နှင့် အတူတကွသာလျှင် လှူဒါန်းဝေဘန်ခြင်းကို ပြု၍ သုံးဆောင်၏၊ ထိုရဟန်းမြတ်၏ အကျိုးကို အလိုရှိသော လိစ္ဆဝီမင်းသည် အနီးသို့ ကပ်၍ ကိုယ်တိုင် နှုတ်ဖြင့် မေးလျှောက်၏။

၇၈၇။ ကြမ်းကြုတ်သော အမှုရှိ၍ ဒဏ်ထားခံနေရသော လိစ္ဆဝီမင်းအပေါင်းက ကွပ်ညှပ် ဆုံးမအပ်သော သဘောရှိသော တံကျင်လျှိုခံနေရသော ယောကျ်ားသည် ဤမျှဖြင့် ညဉ့်ပေါင်းနှစ်ဆယ်ရှိပါပြီ၊ အရှင်ဘုရား တံကျင်လျှိုခံရသူသည် အကြင့်ကြောင့် အသက်ရှည်သည်လည်း မမည်၊ သေသည်လည်း မမည်ပါ။

၇၈၈။ ယခုအခါ အကျွန်ုပ်သည် သွား၍ ထိုယောကျ်ားကို လွှတ်အပ်ပါပြီ၊ အရှင်ဘုရား ထိုနတ်(ပြိတ္တာ)၏ စကားကိုသာလျှင် (လိုက်နာ၍ ဤသို့ ပြုလုပ်ပါ၏)၊ ထိုတံကျင်လျှိုခံရသော ယောကျ်ားသည် အကြင်အကြောင်းကြောင့် ငရဲသို့ မရောက်ရာ၊ ငရဲသို့ မရောက်ရသော အကြောင်းတစုံတရာ ရှိရာပါအံ့လော။

၇၈၉။ အရှင်ဘုရား အကယ်၍ အကြောင်းရှိမူ ပြောကြားပါလော့၊ယုံကြည်ထိုက်သော အကြောင်းနှင့် တကွသော စကားကို လိုက်နာပါကုန်အံ့၊ ဤလောက၌ အကျိုးကို မခံစားရမူ၍ ထိုကံတို့၏ ပျက်စီးခြင်းသည် မရှိပါသလော၊ သို့မဟုတ် ကံတို့၏ ကင်းပြတ်ပျက်စီးသော အဖြစ်သည် ရှိပါသလော(ဟု လိစ္ဆဝီမင်းက လျှောက်၏)။

၇၉၀။ ထိုသူသည် နေ့ညဉ့်ပတ်လုံး မမေ့ လျော့ပဲ တရားတို့ကို ရိုရိုသေသေ ကောင်းမွန်စွာ ကျင့်ငြားအံ့၊ ထိုသူသည် ထိုငရဲမှ လွတ်ရာ၏၊ အပရာပရိယကံမှ တပါးသော ဥပပဇ္ဇဝေဒနီယကံသည် အဟောသိကံ ဖြစ်ရာ၏ (ဟု ရဟန်းမြတ်က ဆို၏)။

၇၉၁။ အရှင်ဘုရား ယောကျ်ား၏ ဤအကျိုးတရားကို သိရပါပြီ၊ ယခုအခါ အကျွန်ုပ်ကိုလည်း အစဉ်စောင့်ရှောက်တော်မူပါ၊ မြေကြီးအထုနှင့်တူသော ပညာရှိသော အရှင်ဘုရား အကြင်အခြင်းအရာဖြင့် ဆုံးမသည်ရှိသော် အကျွန်ုပ်သည် ငရဲသို့ မရောက်ရာ၊ ထိုအခြင်းအရာဖြင့် အကျွန်ုပ်ကို ဆုံးမတော်မူပါ၊ သွန်သင်တော်မူပါ(ဟု လိစ္ဆဝီမင်းက လျှောက်၏)။

http://www.dhammadownload.com



၅၉၂။ လိစ္ဆဝီမင်း ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရားကိုင်း တရားကိုင်း သံဃာကိုင်း ယနေ့ပင်လျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့၊ ထိုအတူပင် ငါးပါးသော သိက္ခာပုဒ်တို့ကို မကျိုးမပျက်သည်တို့ကို ပြု၍ ဆောက်တည်လော့။

၅၉၃။ လောက၌ သူ့အသက်သတ်ခြင်းမှ လျင်စွာ ရှောင်ကြဉ်လော့၊ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်လော့၊ သေရည်သေရက် မသောက်လေနှင့်၊ မမှန်သော စကားကို မပြောဆိုနှင့်၊ မိမိမယားဖြင့်သာ ရောင့်ရဲလော့၊ မြတ်သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၍ အပြစ်မရှိသော ကောင်းသော အကျိုးကို ပွါးစေတတ်သော ဤဥပုသ်သီလကိုလည်း ဆောက်တည်လော့။

၅၉၄။ လိစ္ဆဝီမင်း သင်သည် ဖြောင့်မတ်သော အဖြစ်သို့ ရောက်ကုန်သော သမဏ ဗြာဟ္မဏတို့အား သင်္ကန်းကိုင်း ဆွမ်းကိုင်း ဆေးကိုင်း အိပ်ရာနေရာကိုင်း ထမင်းကိုင်း အဖျော်ကိုင်း အဝတ်ပုဆိုးနှင့် ကျောင်းတို့ကိုင်း အထူးကြည်လင်သော စိတ်ဖြင့် ပေးလှူလော့။

၅၉၅။ သီလနှင့် ပြည့်စုံကုန်သော ရာဂကင်းကုန်သော အကြားအမြင်များကုန်သော ရဟန်းတို့ကိုလည်း ထမင်းအဖျော်ဖြင့် ရောင့်ရဲစေလော့၊ ဤသို့ ပြုသည်ရှိသော် သင့်အား အခါခပ်သိမ်း ကုသိုလ်ကောင်းမှုသည် ပွါးများ၏။

၅၉၆။ ဤသို့လျှင် ရှိသေစွာ နေ့ညဉ့်ပတ်လုံး မမေ့လျော့ပဲ ရှိသေစွာ တရားတို့ကို ကျင့်သော သင်သည် ထိုငရဲမှ လွတ်ရာ၏၊ ခံစားအပ်သော အကျိုးရှိသော အပရာပရိယကံကို ကြဉ်ထား၍ ဥပပဇ္ဇဝေဒနီယကံသည် အကျိုးမပေးသည့် အဟောသိကံဖြစ်ရာ၏(ဟု ရဟန်းမြတ်က ဖြေ၏)။

၅၉၇။ အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကိုင်း တရားတော်ကိုင်း သံဃာတော်ကိုင်း ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ယခုပင်လျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ထို့ပြင်လည်း သိက္ခာပုဒ်ငါးပါးတို့ကို မကျိုးမပျက်သည်ကိုပြု၍ ဆောက်တည်ပါ၏။

၅၉၈။ လောက၌ သူ့အသက်သတ်ခြင်းမှ လျင်စွာ ရှောင်ကြဉ်ပါအံ့၊ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါအံ့၊ သေရည်သေရက် မသောက်ပါအံ့၊ မမှန်စကားကို မဆိုပါအံ့၊ မိမိမယားဖြင့်သာ ရောင့်ရဲပါအံ့၊ ဖြူစင်သော မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အပြစ်မရှိသော ကောင်းသောအကျိုးကို ပွါးစေတတ်သော ဤဥပုသ်သီလကို ဆောက်တည်ပါအံ့။

၅၉၉-၆၀၀။ သင်္ကန်းကိုင်း ဆွမ်းကိုင်း ဆေးကိုင်း အိပ်ရာနေရာကိုင်း ထမင်းကိုင်း အဖျော်ကိုင်း ခဲဖွယ်ကိုင်း အဝတ်ပုဆိုးနှင့် ကျောင်းတို့ကိုင်း သီလနှင့်ပြည့်စုံကုန်သော (ရာဂ)ကင်းကုန်သော အကြားအမြင်များကုန်သော ရဟန်းတို့အား ပေးလှူပါအံ့၊ မတုန်လှုပ်တော့ပါ၊ မြတ်စွာဘုရားတို့၏ သာသနာတော်၌ မွေ့လျော်ပါအံ့(ဟု လိစ္ဆဝီမင်းက လျှောက်၏)။

၆၀၁။ ဤသို့ ဆိုအပ်ပြီးသော သဘောရှိသော အမ္ဗသက္ကရလိစ္ဆဝီမင်းသည် ဝေသာလီပြည်၌ ရတနာသုံးပါးကို ဆည်းကပ်သူတို့တွင် တယောက်အပါအဝင်ဖြစ်သော ဥပါသကာ

http://www.dhammadownload.com



ဖြစ်၏၊ ထိုအခါဝယ် အမ္ဗသက္ကရလိစ္ဆဝိမင်းသည် သဒ္ဓါတရားရှိသူ နူးညွံ့သိမ်မွေ့သူ ကျေးဇူး ဥပကာရကို **မြတတ်**သူဖြစ်၍ ရဟန်းသံဃာကိုလည်း ရိုသေစွာ ဆည်းကပ် လုပ်ကျွေးပြီ။

၆၀၂။ **တံကျင်လျှိုခံရသော** ယောကျ်ားသည်လည်း အနာရောဂါ**ကင်းသူ မိမိ အလို အတိုင်းနေရသူ** ချမ်းသာရှိသူဖြစ်၍ ရဟန်းအဖြစ်သို့ ကပ်ရောက်**၏။ ကပ္ပိတက ရဟန်း မြတ်ကို စွဲ၍ နှစ်ယော**က်သော လိစ္ဆဝိမင်းနှင့် တံကျင်လျှိုခံရသူတို့သည်လည်း **သောတာ-ပတ္တိဖိုလ်ဟူသော** အကျိုးတို့ကို ရကြကုန်၏။

**၆၀၃။ ကိ**လေသာ ငြိမ်းအေးပြီးကုန်သော လောကီ လောကုတ္တရာ အသိဉာ**ဏ်ပညာ ရှိကုန်သော** သူတော်ကောင်းတို့ကို မှီဝဲခြင်းသည် ဤသို့သော အကျိုးရှိ၏၊ တံကျင်လျှို **ခံရသော** ယောကျ်ားသည် အရဟတ္တဖိုလ်သို့ ရောက်၏၊ အမ္ဗသက္ကရလိစ္ဆဝိမင်းသည်ကား **သောတာ**ပတ္တိဖိုလ်သို့ **ရောက်၏**။

ရှေးဦးစွာသော အမ္ဗသက္ကရပေတဝတ္ထု **ပြီး၏**။

---

## ၂-သေရီသကပေတဝတ္ထု

၆၀၄။ အရှင်ဘုရားတို့ နာတော်မူပါကုန်၊ အကြင် သဲကန္တာရခရီး၌ (**လမ်းမှားပြီး** သွားသော) ထိုအခါဝယ် နတ်သားနှင့် ကုန်သည်တို့၏ ပေါင်းဆုံမိခြင်း ဖြစ်ခဲ့ပါ၏၊ ထို နတ်သားနှင့် ကုန်သည်တို့ အပြန်အလှန် ကောင်းစွာ ပြောဆိုအပ်သော စကားကိုလည်း ပြောဆိုသည့်အတိုင်း အားလုံးသော အရှင်ဘုရားတို့ နာတော်မူကြပါကုန်။

၆၀၅။ အရှင်ဘုရားတို့ အကြင် ပါယာသိရာဇညမင်းသည် ဘုမ္မစိုးနတ်တို့၏ **အသင်း** ဝင် အပေါင်းအဖော်အဖြစ်သို့ ရောက်၏၊ ကျော်စောခြင်းရှိပါ၏၊ နတ်ဖြစ်နေသော ထို ပါယာသိရာဇညသည် မိမိဗိမာန်၌ ဝမ်းမြောက်သည်ဖြစ်၍ လူတို့ကို ပြောဆိုပါ၏။

၆၀၆။ (တောသို့ဝင်ကုန်သော လူတို့ အသက်ရှင်ပါကုန်အံ့လော၊ သေရကုန်အံ့လော) ဟု တွေးတော ယုံမှားရာဖြစ်၍ မြေဘုတ် ဘီလူး အစရှိသည်တို့၏ သွားလာရာဖြစ်သော ရေမရှိသော အစာမရှိသော ကူးမြောက်ရန် အလွန် ခက်ခဲသော သဲကန္တာရအလယ်၌ တွေးတော ယုံမှားမှုတို့ကြောင့် ကြောက်လန့်၍ စိတ်နှလုံး ပျက်ကုန်သော အိုလူများတို့—

၆၀၇။ ဤသဲကန္တာရ၌ သစ်သီးတို့သည်၎င်း အမြစ်အဉတို့သည်၎င်း မရှိကုန်၊ ဤ သဲကန္တာရ၌ မီးလောင်စာ ထင်းမျှသော်လည်း မရှိ၊ ကျယ်ဝန်း ပူလောင် ကြမ်းထမ်းကုန် သော မြေမှုန့်တို့နှင့် သဲတို့မှတပါး လူတို့၏ စားရန် အစာ အဘယ်မှာ ရှိမည်နည်း။

၆၀၈။ ကျတ်တီးပြင် ကုန်းခေါင်ခေါင်ဖြစ်၍ သံအိုးကင်းပူကဲ့သို့ ချစ်ချစ်တောက် ပူလောင်သော ချမ်းသာမှု မရှိခြင်းကြောင့် အသက်ကို ဖျက်ဆီးတတ်သော ငရဲနှင့်လည်း တူသော ဤသဲကန္တာရအရပ်သည် ကြမ်းကြုတ်ကုန်သော မြေဘုတ်ဘီလူး **အစရှိသည်တို့၏ နေရာဟောင်း ဖြစ်၏**၊ မြေအရပ်သည် (ဤသို့ ခေါင်းပါးစေ ကြမ်းသောအခြင်းအရာ **ရှိစေဟု) ရှေးက ရသေ့တို့ ကျိန်ဆဲထားသည်နှင့် တူ၏**။

http://www.dhammadownload.com



၆၀၉။ ထိုသို့ဖြစ်လျက် သင်တို့သည် အဘယ်အကြောင်းကြောင့် အဘယ်ကိုတောင့်တကုန်၍ ဤအရပ်သို့ ဝင်ကြကုန်သနည်း၊ အဆောတလျင် (အကျိုးအပြစ်ကို) မစူးမစမ်းပဲ ဝင်လာကုန်သလော၊ လောဘကြောင့်သော်လည်း ဝင်လာကုန်သလော၊ ဘေးရန်ကြောင့်သော်လည်း ဝင်လာကုန်သလော၊ သို့မဟုတ် လမ်းမှား၍သော်လည်း ဝင်လာကုန်သလော (ဟု နတ်သားက ကုန်သည်များကို မေး၏)။

၆၁၀။ မဂဓတိုင်း အင်္ဂတိုင်းတို့၌ နေကုန်သော လှည်းကုန်သည်ဖြစ်ကြသော ထိုအကျွန်ုပ်တို့သည် ဥစ္စာကို အလိုရှိကုန်သည်ဖြစ်၍ အမြတ်ကို တောင့်တကုန်လျက် များစွာသော ဘဏ္ဍာကို (လှည်းထက်၌)တင်ကုန်၍ သိန္ဓုအရပ် သောဝီရအရပ်သို့ သွားကြရပါကုန်၏။

၆၁၁။ နေ့အခါ၌ ရေမွတ်သိပ်ခြင်းကို သည်းမခံနိုင်ကုန်သည်ဖြစ်၍ နွားအစရှိကုန်သော သတ္တဝါတို့အား ချီးမြှောက်ထောက်ပံ့မှုကိုလည်း ကောင်းစွာ ရှုဆင်ခြင်ကုန်လျက် အခါမဟုတ်သော ညဉ့်၌ ခရီးသွားကုန်သော အကျွန်ုပ်တို့အားလုံးသည် ဤသို့သော အဟုန်ဖြင့် သွားကြပါကုန်၏။

၆၁၂။ ခရီးလမ်းမှားကို သွားကုန်၍ ချွတ်လွဲသော ခရီးရှိကုန်သောကြောင့် သူကန်းကဲ့သို့ နှောက်ရှက်ကုန်သည်ဖြစ်၍ (ခရီးမှားသဖြင့်) စိတ်ပျက်ကုန်သော ထိုအကျွန်ုပ်တို့သည် တော၌ ကူးမြောက်ရန် အလွန်ခဲယဉ်းသော သဲသန္တာရခရီးအလယ်တွင် ပြင်းစွာ တွေဝေသော စိတ်ရှိကုန်သည်ဖြစ်၍ သွားရမည့်အရပ်ကို မသိနိုင်ပါကုန်။

၆၁၃။ နတ်သား ရှေးက မမြင်ဘူးသော ဤဗိမာန်မြတ်ကိုင်း, သင်နတ်သားကိုင်း မြင်ရခြင်းကြောင့် ရှေးကထက်အလွန် အသက်ကို တောင့်တကြပါကုန်၏၊ (သင့်ကို)မြင်ရခြင်းကြောင့် ရွှင်လန်းကြပါကုန်၏၊ ဝမ်းသာကြပါကုန်၏၊ တက်ကြွကြပါကုန်၏ (ဟု ကုန်သည်များက ပြောဆို၏)။

၆၁၄။ (ကုန်သည်တို့) သင်တို့သည် ဥစ္စာစည်းစိမ်ဟူသော အကြောင်းကြောင့် သမုဒ္ဒရာ၏ ကမ်းတဖက်သို့ငှင်း ဤသဲကန္တာရ ခရီးခဲသို့ငှင်း ကြိမ်နွယ်တို့ဖြင့် ဖွဲ့၍ သွားအပ်သော ခရီးသို့ငှင်း သစ်ငုတ်တံသင်းတို့ကို နှုတ်၍ သွားအပ်သော ခရီးသို့ငှင်း ထိုမှတပါး မြစ်တို့သို့ငှင်း တောင်တို့၏ မညီမညွတ်သော အရပ်တို့သို့ငှင်း ဤများစွာသော အရပ်မျက်နှာတို့သို့ သွားကြရပါကုန်၏။

၆၁၅။ (ကုန်သည်တို့) သင်တို့သည် တပါးသော မင်းတို့၏ နိုင်ငံသို့ ဝင်ကုန်၍ တိုင်းတပါးသားတို့ကို ကြည့်ရှုကြလျက် (သွားကြရကုန်၏) ဤသို့သောနည်းဖြင့် (ရောက်ပေါက်ကုန်သော)သင်တို့ ကြားဘူးမြင်ဘူးသော အံ့ဩဖွယ်ကို သင်တို့ထံမှ ကြားနာလိုပါကုန်၏(ဟု နတ်သားက ပြောဆို၏)။

၆၁၆။ နတ်သား ဤသင့်ဗိမာန်နှင့် သင်နတ်သားထက် အထူးသဖြင့် အံ့ဩချီးမွမ်းဖွယ်ကို အကျွန်ုပ်တို့ ကြားလည်း မကြားစဘူး၊ မြင်လည်း မမြင်စဘူးပါ၊ လူတို့၏အဆင်းသဏ္ဍာန်ကိုလွန်သော ပြည့်စုံသော အဆင်းသဏ္ဍာန်ရှိသော (သင်နတ်သားနှင့်တကွ) အလုံးစုံသော (ဗိမာန်စသော စည်းစိမ်)ကို မြင်ကြရကုန်၍ မရောင့်ရဲနိုင်ကြပါကုန်။

http://www.dhammadownload.com



၆၁၇။ များသော ပန်းရှိကုန်သော များသော ကြာပုဏ္ဍရိက်ရှိကုန်သော ရေကန်တို့သည် ကောင်းကင်ပြင်ဝယ် စီးသွားကုန်၏၊ သင်၏ ဤသစ်ပင်တို့သည်လည်း အခါခပ်သိမ်း အသီးနှင့် ပြည့်စုံကုန်သည်ဖြစ်၍ မွှေးကြိုင်သော ရနံ့တို့သည် အလွန်လျှင် ပျံ့လှိုင်ကုန်၏။

၆၁၈။ အတောင်တရာမြင့်ကုန်သော ကြောင်မျက်ရွဲတိုင်တို့ရင်း, အမြှောင့်ရှည်ကုန်သော ကျောက်တိုင် သန္တာတိုင်တို့ရင်း, ပတ္တမြားနီနှင့်တကွ ပတ္တမြားပြောက်တိုင်တို့ရင်း, ဇောတိရသကျောက်မျက်ရတနာဖြင့်ပြီးသော တိုင်တို့ရင်း ဤတိုင်တို့သည်(ရှိကြကုန်၏)။

၆၁၉။ ထိုတိုင်တို့၏ အထက်၌ သီတိုင်တထောင် တည်ရှိသော မနှိုင်းယှဉ်အပ်သော အာနုဘော်လည်းရှိသော ရတနာအမျိုးမျိုးတို့နှင့် ယှဉ်၍ ရွှေပွတ်တိုင်တို့ဖြင့် ဝန်းရံအပ်သော အမျိုးမျိုးသော ရတနာတို့ဖြင့် ပြီးသော အမိုးတို့ဖြင့် ကောင်းစွာမိုးအပ်သော သင်၏ ဤဗိမာန်သည် ကောင်းလှပါပေ၏။

၆၂၀။ သင်၏ ဤဗိမာန်သည် ဦးသစ်သော ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ ထွက်သော အရောင်အလျှံရှိ၏၊ ထိုဗိမာန်၏ ထိုထိုအစိတ်အပိုင်းသည် အလွန်ပြေပြစ်ချောမောလှ၏၊ ပြာသာဒ်ဆောင် စောင်းတန်းလှေခါး တံကဲမှိုပျဉ်တို့နှင့်လည်း ပြည့်စုံပေ၏၊ မြဲမြံခိုင်ခံ့လှ၏၊ အဆင်းသဏ္ဌာန်လည်း အလွန်လှ၏၊ ကောင်းစွာစုပေါင်းထားသော အစိတ်အပိုင်းလည်းရှိ၏၊ အလွန်လျှင် ရှုချင်ဖွယ်ကောင်း၏၊ စိတ်နှစ်သက်ဖွယ်လည်း ရှိ၏။

၆၂၁။ ရတနာဗိမာန်၏ အတွင်း၌ များစွာသော ထမင်းအဖျော်ရှိ၏ (သင်သည်) နတ်သမီးအပေါင်း ခြံရံကာ မုရိုးစည် အာလမ္ဗရစည်နှင့် အခြားတူရိယာမျိုးတို့၏ အသံတို့ဖြင့် ခြိမ့်ခြိမ့်ညံလျက် ချီးမွမ်းခြင်းထုတိမင်္ဂလာမျိုးဖြင့် ချီးကျူးခံထိုက်သူ ဖြစ်ပါပေ၏။

၆၂၂။ မကြံစည်နိုင်သော အာနုဘော်ရှိ၍ ဂုဏ်အားလုံးတို့နှင့် ပြည့်စုံသော ထိုသင်သည် နဠိနီမည်သော ကစားရာဌာန၌ ဝေဿဝဏ်နတ်မင်းကြီးကဲ့သို့ နတ်သမီးအပေါင်းသည် နှိုးအပ်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ် ရှိသော ဗိမာန်ပြာသာဒ်မြတ်၌ မွေ့လျော်ရပါပေ၏။

၆၂၃။ နတ်သား သင်သည် စာတုမဟာရာဇ် နတ်ဖြစ်လေသလော၊ သို့မဟုတ် ပူဇော်အပ်သော နတ်ပင်ဖြစ်လေသလော၊ သို့မဟုတ် နတ်တို့၏အရှင် သိကြားမင်း ဖြစ်လေသလော၊ လူပင်ဖြစ်လေသလော၊ လှည်းကုန်သည်တို့သည် သင့်ကို မေးပါကုန်၏၊ အကျွန်ုပ်တို့အား ဖြေကြားပါလော့၊ သင် အဘယ်သူ ဖြစ်ပါသနည်း၊ ပူဇော်အပ်သော နတ်ပင်ဖြစ်လေသလော (ဟု ကုန်သည်များက မေး၏)။

၆၂၄။ ကုန်သည်တို့ ငါသည် သဲကန္တာရ၌ စောင့်ရှောက်သော ကန္တာရခရီးစောင့် သေရိသက အမည်ရှိသော နတ်ပါတည်း၊ ငါသည် ဝေဿဝဏ်နတ်မင်းကြီး၏ စကားကိုလိုက်နာရသည်ဖြစ်၍ ဤသဲကန္တာရအရပ်ကို စောင့်ရှောက်ရပါ၏(ဟု နတ်သားက ဖြေ၏)။

၆၂၅။ နတ်သား သင်သည် (ဤဗိမာန်ကို) အကြောင်းမရှိပဲ အလိုလို ရအပ်လေသလော၊ သင်၏ စိတ်ညွတ်မှုကြောင့် ဖြစ်လေသလော၊ မိမိကိုယ်တိုင် ပြုလုပ်ထားသလော၊ သို့မဟုတ် နတ်ထို့က ပေးပါသလော၊ လှည်းကုန်သည်တို့သည် သင့်ကို မေးပါ

http://www.dhammadownload.com



ကုန်၏၊ သင်သည် နှစ်သက်ဖွယ်သော ဤဗိမာန်ကို အဘယ်အကြောင်းကြောင့် ရအပ်သနည်း(ဟု ကုန်သည်များက မေး၏)။

၆၂၆။ ကုန်သည်တို့ ငါသည်(ဤဗိမာန်ကို)အကြောင်းမရှိပဲ အလိုလိုရအပ်သည်လည်း မဟုတ်၊ ငါ၏ စိတ်ညွတ်မှုကြောင့် ဖြစ်သည်လည်း မဟုတ်၊ ငါသည် မိမိကိုယ်တိုင် ပြုလုပ်ထားသည်လည်းမဟုတ်၊ နတ်တို့ကပေးအပ်သည်လည်းမဟုတ်၊ မယုတ်မာသော မိမိဉစ္စာဖြစ်သော ကောင်းမှုကံတို့ကြောင့် နှစ်သက်ဖွယ်ရှိသော ဤဗိမာန်ကို ငါရ၏(ဟု နတ်သားက ဖြေ၏)။

၆၂၇။ နတ်သား သင်၏ ဆောက်တည်သော အကျင့်သည် အဘယ်ပါနည်း၊ မြတ်သောအကျင့်သည် အဘယ်ပါနည်း၊ နတ်သား ဤအကျိုးသည် အဘယ်သို့သော အလေ့အကျင့်ကောင်း၏ အကျိုးပါနည်း၊ လှည်းကုန်သည်တို့သည် သင့်ကို မေးပါကုန်၏၊ သင်သည် ဤဗိမာန်ကို အဘယ်ကုသိုလ်ကံကြောင့် ရအပ်ပါသနည်း (ဟု ကုန်သည်များက မေးပြန်၏)။

၆၂၈။ ကုန်သည်တို့ ငါသည် ကောသလတိုင်းသူတို့၏ မင်းအဖြစ်ကို ပြုခဲ့စဉ်အခါက ပါယာသိရာဇညဟူသော အမည်ရှိခဲ့၏၊ အလှူပေးခြင်း၏ အကျိုးသည် မရှိဟု အယူရှိခဲ့ဘူး၏၊ နှမြောစေးနှဲဝန်တိုခဲ့ဘူး၏၊ ယုတ်မာသော အကျင့်လည်း ရှိခဲ့ဘူး၏၊(သတ္တဝါသည် သေသည်မှနောက် ပြတ်၏၊ တမလွန်လောကဌ် မဖြစ်ဟူသော)ဥစ္ဆေဒဒိဋ္ဌိအယူရှိခဲ့ဘူး၏။

၆၂၉။ ထိုစဉ်အခါက အကြားအမြင်များ၍ တရားစကားကို ဆန်းကြယ်စွာ ပြောဟောတတ်သော မြင့်မြတ်သော ကုမာရကဿပအမည်ရှိသော ရဟန်းသည်လည်း ရှိခဲ့၏၊ ထိုရဟန်းသည် ငါ့အား တရားစကားကို ပြောဟောခဲ့၏၊ ငါ၏ မှားသော အယူတည်းဟူသော ငြောင့်တံသင်းတို့ကို ပယ်နုတ်တော်မူခဲ့၏။

၆၃၀။ ကုန်သည်တို့ ငါသည် ထိုရဟန်း၏ ထိုတရားစကားကို ကြားနာရ၍ ဥပါသကာ၏ အဖြစ်ကို လျှောက်ကြားခဲ့ဘူး၏၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ လောက၌ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ သေအရက် မသောက်မစားခဲ့ဘူးပေ၊ မဟုတ်မမှန်သော စကားကိုလည်း မပြောဆိုခဲ့ပေ၊ မိမိမယားဖြင့်သာ ရောင့်ရဲခဲ့ဘူး၏။

၆၃၁။ ကုန်သည်တို့ ငါဆောက်တည်၍ ကျင့်သော အကျင့်သည် ထိုဆိုအပ်ခဲ့ပြီးသော အကျင့်ပင်တည်း၊ မြတ်သော အကျင့်သည်လည်း ထိုအကျင့်ပင်တည်း၊ ဤအကျိုးသည် ထိုဆိုအပ်ခဲ့ပြီးသော ကောင်းသော အလေ့အကျင့်၏ အကျိုးတည်း၊ ထိုမယုတ်မာသော ကောင်းမှုကုသိုလ်ကံတို့ကြောင့်သာလျှင် ငါသည် ဤဗိမာန်ကို ရ၏ (ဟု နတ်သားက ပြောဆို၏)။

၆၃၂။ ပညာရှိကုန်သော လူတို့သည် မှန်သော စကားကို ပြောဆိုကုန်သတတ်၊ ပညာရှိကုန်သော သူတို့၏ စကားသည် ဖောက်ပြန်ခြင်းမရှိ၊ ကောင်းမှုရှိသော သူသည် အကြင်အကြင်အရပ်သို့ ရောက်အံ့၊ ထိုထိုအရပ်၌ လိုတိုင်းရလျက် မွေ့လျော်စံပျော်ရ၏။

၆၃၃။ အကြင်အကြင်အရပ်၌ စိုးရိမ်ပူဆွေးမှု ငိုကြွေးမြည်တမ်းရမှုသည်၎င်း သတ်ဖြတ်ညှဉ်းဆဲမှုသည်၎င်း နှောင်ဖွဲ့မှုသည်၎င်း ဆိုခဲ့ပြီးသော အကျိုးမဲ့ ဘေးရန်ဖြစ်ခြင်းသည်၎င်း

http://www.dhammadownload.com



အကြင်အကြင်အရပ်၌ ရှိ၏၊ မကောင်းမှုကံရှိသော သူသည် ထိုထိုအရပ်သို့ ရောက်တတ်၏၊ မကောင်းသော လားရာ'ဒုဂ္ဂတိဘဝ'မှ တခါတရံမျှမလွတ်နိုင်(ဟု ကုန်သည်များက ပြောဆိုကုန်၏)။

၆၃၄။ နတ်သား နတ်အပေါင်းသည် အချင်းခပ်သိမ်း တွေ့ဝေသော သဘောရှိသကဲ့သို့ ဖြစ်၏၊ အခိုက်အတန့် ခဏ၌ပင် ညွန်နှစ်ရေကဲ့သို့ နောက်ကျုခြင်း သဘောရှိ၏၊ နတ်သား အဘယ်ကြောင့် သင်၏ ခြွေရံပရိသတ်ဖြစ်သော ဤနတ်အပေါင်းနှင့် သင်နတ်သားအား နှလုံးမသာယာမှု ဖြစ်ရလေသနည်း (ဟု ကုန်သည်များက မေးမြန်းကုန်၏)။

၆၃၅။ ကုန်သည်တို့ နတ်၌ဖြစ်ကုန်သော မွှေးကြိုင်ကုန်သော ဤအနံ့တို့သည် ကုက္ကိုတောမှ ထက်ဝန်းကျင် ပျံ့လှိုင်ကုန်၏၊ ထိုအနံ့လှိုင်သော ကုက္ကိုပန်းတို့သည် နေ့၌ရင်း ညဉ့်၌ရင်း အမိုက်မှောင်ကို ပယ်ဖျောက်ကုန်လျက် ဤဗိမာန်ကို ထက်ဝန်းကျင်မှ ပျံ့သျှိုင်စေကုန်၏။

၆၃၆-၇။ ကုန်သည်တို့ ဤကုက္ကိုပင်တို့၏ အသီးသည် အနှစ်တရာလွန်မှ တခုစီတခုစီ (ရင့်ရော်လျက်) ကြွေကျ၏၊ လူ၌ ဖြစ်သော အနှစ်တရာလွန်သွားပြီ၊ ဤစတုမဟာရာဇ်နတ်ပြည်၌ အကြင်အခါမှစ၍ ဖြစ်၏၊ ထိုအခါမှစ၍ ငါသည် နတ်၌ဖြစ်သော နောက်အနှစ်ငါးရာတို့ပတ်လုံး ဤဗိမာန်၌ တည်ပြီးလျှင် အသက်အပိုင်းအခြား ကုန်ခြင်းကြောင့်ရင်း ကုသိုလ်ကံကုန်ခြင်းကြောင့်ရင်း သေရတော့လတ္တံ့ဟု မြင်၍ ထိုသေရမည်ကို အကြောင်းပြု၍ဖြစ်သော စိုးရိမ်မှု 'သောက'ကြောင့် မိန်းမောတွေဝေရ၏ (ဟု နတ်သားက ပြောဆို၏)။

၆၃၈။ နတ်သား အကြင်သူတို့သည်ကား နည်းငယ် တိုတောင်းစွာ ဖြစ်ရကုန်၏၊ ဘုန်းကံနည်းကုန်သော ထိုသူတို့သည်သာလျှင် စိုးရိမ်ကုန်ရာသည် မဟုတ်လော၊ မနှိုင်းယှဉ်အပ်သော ဗိမာန်ကိုရ၍ ကြာမြင့်စွာသော ကာလပတ်လုံး နတ်စည်းစိမ်ကို ခံစားလျက် တည်နေသော ထိုသို့သဘောရှိသော သင်သည် အဘယ်အကြောင်းကြောင့် စိုးရိမ်ရပါသနည်း(ဟု ကုန်သည်များက ဆို၏)။

၆၃၉။ ကုန်သည်ဘို့ သင်တို့သည် ငါ့ကို အကြင်ချစ်မြတ်နိုးဖွယ်စကားကို ဆိုကုန်၏၊ ထိုစကားသည်လည်း ငါ့အား လျောက်ပတ်ပါပေ၏၊ ငါသည်လည်း သင်တို့ကို စောင့်ရှောက်ခဲ့ပြီ၊ သင်တို့ အလိုရှိရာအရပ်သို့ ချမ်းသာစွာ သွားကြကုန်လော့ (ဟု နတ်သားက ပြောဆို၏)။

၆၄၀။ နတ်သား အကျွန်ုပ်တို့သည် ဥစ္စာကို အလိုရှိကုန်သည်ဖြစ်၍ အမြတ်ကို တောင့်တကုန်လျက် သိန္ဓုအရပ် သောဝိရအရပ်သို့ သွားကြပြီးလျှင် ဝန်ခံသည်အား လျော်စွာ လို့လရှိကုန်လျက် စွန့်ကြဲမှုနှင့် ပြည့်စုံကုန်သည်ဖြစ်၍ ကြီးမြတ်သော သေရီသကနတ်ပူဇော်ပွဲသဘင်ကို ပြုကြပါကုန်အံ့ (ဟု ကုန်သည်များက ဆို၏)။

၆၄၁။ ကုန်သည်တို့ သင်တို့သည် သေရီသကနတ်သားအား ပူဇော်ခြင်းကို မပြုကြကုန်လင့်၊ သင်တို့သည် အကြင်စကားကို ဆိုကုန်၏၊ ထိုပြောဆိုသမျှစကားအားလုံးသည် သင်တို့ဆိုတိုင်း ဖြစ်လတ္တံ့၊ သင်တို့သည် ယုတ်ညံ့ကုန်သော မကောင်းမှုကံတို့ကို ကြဉ်ရှောင်

http://www.dhammadownload.com



ကြကုန်လော၊ ဒါနစသော ကုသိုလ်တရား အားထုတ်ခြင်းကိုလည်း ဆောက်တည်ကျင့်သုံးကြကုန်လော။

၆၄၂။ ကုန်သည်တို့ ဤလူအပေါင်းတွင် များသော အကြားအမြင်လည်း ရှိသော သီလ အကျင့်တို့နှင့်လည်း ပြည့်စုံသော ယုံကြည်မှု'သဒ္ဓါ'လည်း ရှိသော စွန့်ကြဲမှု'စာဂ'လည်း ရှိသော သီလကို အလွန်ချစ်မြတ်နိုးသော ထိုထိုကိစ္စကို ပြုခြင်း၌ လိမ်မာသော ရောင့်ရဲလွယ်သော ပစ္စုပ္ပန်တမလွန် နှစ်တန်သော အစီးအပွါးတို့ကိုလည်း သိတတ်သော ဥပါသကာသည် ရှိ၏။

၆၄၃။ ကုန်သည်တို့ ထိုဥပါသကာသည် သိလျက် မဟုတ်မမှန်သော စကားကို မပြောဆို၊ သူတပါးကို သတ်ဖြတ်ညှဉ်းဆဲခြင်းငှါ မကြံစည်၊ ကွဲပြားကြောင်းဖြစ်သော ကုန်းစကားကို မပြောဆို၊ သိမ်မွေ့၍ ပြေပြစ်သော စကားကို ပြောဆို၏။

၆၄၄။ ကုန်သည်တို့ ရိုသေခြင်း တုပ်ဝပ်ခြင်းနှင့် တကွဖြစ်၍ ဆုံးမအပ်ပြီးသော ကိုယ်နှုတ်နှလုံးရှိသော ယုတ်မာသော အကျင့်မရှိသော အဓိသီလသိက္ခာ၌ အထူးသဖြင့် စင်ကြယ်သော ဥပါသကာသည် စင်ကြယ်သော အသက်မွေးခြင်းရှိသည်ဖြစ်၍ အမိကိုရင်း အဖကိုရင်း တရားသဖြင့် လုပ်ကျွေးမွေးမြူ၏။

၆၄၅။ ကုန်သည်တို့ ထိုဥပါသကာသည် အမိအဖတို့၏ အကြောင်းကြောင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၏၊ မိမိဟူသော အကြောင်းကြောင့် ရှာမှီးသည် မဟုတ်၊ နိဗ္ဗာန်သို့ စိတ်ညွတ်သော ထိုဥပါသကာသည် အမိအဖတို့ သေလွန်သည်ရှိသော် မြတ်သော အကျင့်ကို ကျင့်လတ္တံ့။

၆၄၆။ ကုန်သည်တို့ မကောက်ကျစ် မစဉ်းလဲ မလှည့်ပတ်မူ၍ ဖြောင့်မတ်သော ထိုဥပါသကာသည် ပရိယာယ်ကြံဆသဖြင့်သော်လည်း မပြောဆို၊ ကောင်းစွာ ပြုအပ်သော ကုသိုလ်ကံကို ပြုလေ့ရှိ၍ တရား၌တည်သော ထိုသို့သဘောရှိသော ဥပါသကာသည် အသို့လျှင် ဆင်းရဲကို ရရာအံ့နည်း။

၆၄၇။ ကုန်သည်တို့ ထိုဥပါသကာဟူသော အကြောင်းကြောင့် ငါသည် သင်တို့အား ကိုယ်ထင်ရှားပြု၏၊ ယို့ကြောင့် သင်တို့သည် တရားကို ရှုကြကုန်လော့၊ သင်တို့သည် ထိုဥပါသကာ မပါမူ၍(လာကြကုန်မူ) ဤသဲကန္တာရ၌ သူကန်းကဲ့သို့ နှောက်ရှက်သော စိတ်ရှိကုန်သည်ဖြစ်၍ ခရီးမှားသဖြင့် စိတ်ပျက်ကုန်လျက် သဲကန္တာရ၌ဖြစ်သော ဘေးရန်နှိပ်စက်ခြင်းဖြင့်ငင်း တပါးသော ဘေးရန် နှိပ်စက်ခြင်းဖြင့်ငင်း တောအရပ်ဝယ် ပြာအဖြစ်သို့ လျင်မြန်စွာ ရောက်ကုန်ရာ၏၊ သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းသည် စင်စစ် ချမ်းသာ၏(ဟု နတ်သားက ဆို၏)။

၆၄၈။ နတ်သား သင်သည် အကြင်ဥပါသကာကို ချီးမြှောက်ခြင်းငှါ ဤသဲကန္တာရခရီးသို့ ရောက်လာ၏၊ ထိုဥပါသကာသည် အဘယ်သူပါနည်း၊ အဘယ်အမှုအရာကို ပြုလုပ်ပါသနည်း၊ အဘယ်အမည်ရှိပါသနည်း၊ ထိုဥပါသကာ၏ အနွယ်သည် အဘယ်ပါနည်း၊ အကျွန်ုပ်တို့သည်လည်း ထိုဥပါသကာကို တွေ့မြင်လိုပါကုန်၏၊ နတ်သား အကြင်သူကို သင်ချစ်မြတ်နိုး၏၊ အကျွန်ုပ်တို့သည် သင်ချစ်မြတ်နိုးသော ထိုသူကို သိလိုပါကုန်၏(ဟု ကုန်သည်များက ဆို၏)။

http://www.dhammadownload.com



၆၄၉။ ကုန်သည်တို့ သမ္ဘဝမည်သော အကြင်ဆတ္တာသည်သည် (ခေါင်းဖီးရန်) ဘီးထိုင်ခုံ ပျဉ်ချပ်တို့ကို မှီ၍ အသက်မွေးမှုလျက် ရတနာသုံးပါးကို ဆည်းကပ်သူ ဥပါသကာဖြစ်၏၊ ထိုသမ္ဘဝဆတ္တာသည်ကို သိကုန်လော့၊ ထိုဆတ္တာသည်သည် သင်တို့၏ အစေခံတည်း၊ သင်တို့သည် ထိုဆတ္တာသည်ကို မရှုတ်ချကုန်လင့်၊ ထိုဆတ္တာသည်သည် သီလကို အလွန်ချစ်မြတ်နိုးသူ ဖြစ်၏(ဟု နတ်သားက ဆို၏)။

၆၅၀။ နတ်သား သင်ပြောဆိုသော ဥပါသကာကို အကျွန်ုပ်တို့သည် လူသဘောအားဖြင့် သိပါကုန်၏၊ ဂုဏ်အားဖြင့်ကား ဤသို့သဘောရှိ၏ဟူ၍ မသိကြပါကုန်၊ နတ်သား သင်၏ ကောင်းမြတ်သော စကားကို ကြားကုန်၍ အကျွန်ုပ်တို့သည်လည်း ထိုဥပါသကာကို ပူဇော်ကြပါကုန်အံ့(ဟု ကုန်သည်များက ဆို၏)။

၆၅၁။ ကုန်သည်တို့ ဤလှည်းကုန်သည် အပေါင်းတွင် အရွယ်ငယ်သူ အလတ်ဖြစ်သူ အရွယ်ကြီးရင့်သူ လူအားလုံးတို့သည် ငါ၏ ဗိမာန်သို့ တက်ကြကုန်လော့၊ နှမြောစဉ်းလဲသော စိတ်ရှိသူတို့သည် ကုသိုလ်ကောင်းမှုတို့၏ အကျိုးကို ကြည့်ရှုလှည့်ကြကုန်(ဟု နတ်သားက ဆို၏)။

၆၅၂။ ထိုအရပ်၌ ထိုကုန်သည်အားလုံးတို့သည် ဗိမာန်သို့ ငါအလျင်တက်မည်၊ ငါအလျင်တက်မည် ဟု (ဆိုကုန်လျက်) ထို ဆတ္တာသည်ဥပါသကာကို ရှေ့သွားပြုပြီးလျှင် သိကြားမင်း၏ ဗိမာန်နှင့် တူသော သေရိသကနတ်သားဗိမာန်သို့ တက်ကြကုန်၏။

၆၅၃။ ထိုဗိမာန်၌ ထိုကုန်သည်အားလုံးတို့သည် ငါအလျင် ငါအလျင်ဟု (သူ့ထက်ငါ) ဥပါသကာအဖြစ်ကို ပြောကြားကုန်၏၊ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်ပြီ၊ လောက၌ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကုန်ပြီ၊ သေအရက်ကို မသောက်စားကြကုန်၊ မမှန်သော စကားကိုလည်း မပြောဆိုကြကုန်၊ မိမိမယားဖြင့်သာ နှစ်သိမ့်ရောင့်ရဲကြကုန်ပြီ။

၆၅၄။ ထိုဗိမာန်၌ ကုန်သည် အားလုံးတို့သည် ငါအလျင် ငါအလျင်ဟု(သူ့ထက်ငါ) ဥပါသကာအဖြစ်ကို ပြောကြားကုန်ပြီးလျှင် ကုန်သည်အပေါင်းသည် သေရိသကနတ်သား ခွင့်ပြုအပ်သည်ဖြစ်၍ နတ်သား၏ တန်ခိုးအာနုဘော်ကို အဖန်တလဲလဲ ဝမ်းမြောက်ကုန်လျက် ဖဲသွားလေ၏။

၆၅၅။ ထိုကုန်သည်တို့သည် ဥစ္စာကို အလိုရှိကုန်သည်ဖြစ်၍ အမြတ်ကို တောင့်တကုန်လျက် သိန္ဓုအရပ် သောဝီရအရပ်သို့ သွားရောက်ကြကုန်ပြီးလျှင် ဝန်ခံသည်အားလျော်စွာ လုံ့လရှိကုန်လျက် ပြည့်စုံသော လာဘ်ရှိကုန်၍ ပါဋလိပုတ်ပြည်သို့ ဘေးမရှိပဲ ပြန်သွားကြလေကုန်၏။

၆၅၆။ ထိုကုန်သည်တို့သည် ချမ်းချမ်းသာသာ မိမိအိမ်သို့ ရောက်ကြသောအခါ သားသမီးတို့နှင့်၎င်း မယားတို့နှင့်၎င်း ပေါင်းဆုံမိကြပြီးလျှင် အားရရွှင်လန်း ဝမ်းမြောက်နှစ်သက်ကုန်သည်ဖြစ်၍ ကြီးမြတ်သော သေရိသကနတ်ပူဇော်ပွဲသဘင်ကို ပြုကြကုန်၏၊ ထိုကုန်သည်တို့သည် သေရိသကနတ်ကွန်းကို ဆောက်လုပ်ကြကုန်၏။

http://www.dhammadownload.com



၆၅၇။ သူတော်ကောင်းတို့ကို မှီဝဲ ပေါင်းဖော်ရခြင်းသည် ဤသို့(အကျိုးမဲ့ကို တား မြစ်ခြင်းအကျိုးကို ပြီးစေခြင်း)သဘောရှိ၏၊ တရားတော်၏ ကျေးဇူးတို့ကို မှီဝဲခြင်းသည် များစွာမြတ်သော အကျိုးအာနိသင်ရှိ၏၊ ဥပါသကာတယောက်၏ အကျိုးငှါ ချီးမြှောက် ခြင်းကို ပြုသဖြင့် သတ္တဝါအားလုံးတို့ ချမ်းသာခြင်းသို့ ရောက်ကြကုန်၏။

နှစ်ခုမြောက်သော သေရီသကပေတဝတ္ထု ပြီး၏။

တတိယဘာဏဝါရ ပြီး၏။

---

### ၃-နန္ဒကပေတဝတ္ထု

၆၅၈။ သုရဋ္ဌတိုင်း၏ အရှင်ဖြစ်သော ပိင်္ဂလကမည်သော မင်းသည် မောရိယမင်းတို့ အား ခစားရန်သွားပြီးလျှင် သုရဋ္ဌတိုင်းသို့ တဖန် ပြန်လာခဲ့ပြီ။

၆၅၉။ ပိင်္ဂလကမင်းသည် မွန်းတည့်ချိန် နေပူပြင်းသော အခါဝယ် နူးညံ့သော မြေ အပြင်သို့ ချဉ်းကပ်မိလေသော် ပြိတ္တာတို့ ဖန်ဆင်းအပ်သော မွေ့လျော်ဖွယ်ရာ သဲမြေလမ်း ခရီးကို မြင်လေပြီ။

၆၆၀။ ထိုအခါ ပိင်္ဂလကမင်းသည် ရထားထိန်းကို "ဤလမ်းခရီးသည် မွေ့လျော်ဖွယ် ရှိ၏၊ ဘေးမရှိမူ၍ ချမ်းသာသည်၏ အဖြစ်ကို ရှက်ဆောင်တတ်၏၊ ဥပဒ္ဒဝေါ မရှိ၊ ရထား ထိန်း ဤလမ်းခရီးဖြင့် ဤအရပ်မှ သုရဋ္ဌတိုင်းသို့ သွားကြကုန်အံ့"ဟု မိန့်ဆို၏။

၆၆၁။ သုရဋ္ဌတိုင်းရှင် ပိင်္ဂလကမင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်နှင့်တကွ (ပြိတ္တာ ဖန်ဆင်းသော) ခရီးဖြင့် သွားလေ၏၊ (ထိုအခါ) နောက်ပါ ယောကျ်ား တယောက် သည် ထိတ်လန့်သော သဘောရှိသည်ဖြစ်၍ သုရဋ္ဌတိုင်းရှင် ပိင်္ဂလကမင်းအား ဤစကားကို လျှောက်၏။

၆၆၂။ "အရှင်မင်းမြတ် အကျွန်ုပ်တို့သည် ကြောက်မက်ဖွယ် ဘေးကို ဖြစ်စေတတ် သော ကြက်သီးမွေးညင်း ထစေနိုင်လောက်သော ခရီးမှားကို သွားနေကြပါကုန်၏၊ ရှေ့ (သွားရမည့်)ခရီးကိုသာ တွေ့မြင်ရပါ၏၊ နောက်(သွားပြီး)ခရီးကိုမူကား မတွေ့မြင်ရပါ။

၆၆၃။ အကျွန်ုပ်တို့သည် ပြိတ္တာတို့၏ အနီးအပါးဝယ် ခရီးမှားကို သွားနေကြပါကုန် ၏၊ ပြိတ္တာတို့၏ ကိုယ်နံ့သည် လှိုင်ပါ၏၊ ကြမ်းထမ်းသော ကြွေးကြော်သံကို ကြားရပါ ကုန်၏"(ဟု လျှောက်၏)။

၆၆၄။ သုရဋ္ဌတိုင်းရှင် ပိင်္ဂလကမင်းသည် ထိတ်လန့်ရကား ရထားထိန်းအား ဤ စကားကို ဆို၏၊ "ရထားထိန်း ငါတို့သည် ကြောက်လန့်ဖွယ်ဘေးကို ဖြစ်စေတတ်သော ကြက်သီးမွေးညင်း ထစေနိုင်လောက်သော ခရီးမှားကို သွားနေကြကုန်၏၊ ရှေ့ (သွားရ မည့်)ခရီးကိုသာ တွေ့မြင်ရ၏၊ နောက်(သွားပြီး)ခရီးကိုမူကား မတွေ့မြင်ရပေ။

၆၆၅။ ငါတို့သည် ပြိတ္တာတို့၏ အနီးအပါးဝယ် ခရီးမှားကို သွားနေကြကုန်၏၊ ပြိတ္တာ တို့၏ ကိုယ်နံ့သည် လှိုင်၏၊ ကြမ်းထမ်းသော ကြွေးကြော်သံကို ကြားရကုန်၏"(ဟု ဆို၏)။

http://www.dhammadownload.com



၆၆၆။ ထိုပိင်္ဂလကမင်းသည် ဆင်၏ကျောက်ကုန်းသို့ တက်၍ အရပ်လေးမျက်နှာကို ကြည့်သော် မွေ့လျော်ဖွယ်ရှိ၍ အရိပ်နှင့်ပြည့်စုံသော တိမ်ညိုရောင်အဆင်းရှိသော မိုးတိမ် အဆင်းသဏ္ဌာန် ထင်ရသော ပညောင်ပင်ကို မြင်ရလေပြီ။

၆၆၇။ ထိုအခါ ပိင်္ဂလကမင်းသည် ရထားထိန်းကို "တိမ်ညိုရောင် အဆင်းရှိသော မိုးတိမ် အဆင်းသဏ္ဌာန်ထင်ရသော ကျယ်ပြန့်သော ဤသစ်ပင်သည် အဘယ် သစ်ပင် နည်း"ဟု မိန့်ဆို၏။

၆၆၈။ မြတ်သောမင်းကြီး အရိပ်နှင့်ပြည့်စုံ၍ တိမ်ညိုရောင်အဆင်းရှိသော မိုးတိမ် အဆင်းသဏ္ဌာန် ထင်ရသော ထိုသစ်ပင်သည် ပညောင်ပင်ပါတည်း(ဟု ရထားထိန်းက လျှောက်၏)။

၆၆၉။ သုရဋ္ဌတိုင်းရှင် ပိင်္ဂလကမင်းသည် တိမ်ညိုရောင်အဆင်းရှိသော မိုးတိမ် အဆင်း သဏ္ဌာန် ထင်ရသော ကျယ်ပြန့်သော ထိုပညောင်ပင်ရှိရာ အရပ်သို့ သွားလေပြီ။

၆၇၀။ ပိင်္ဂလကမင်းသည် ဆင်ကျောက်ကုန်းမှ ဆင်းသက်၍ ပညောင်ပင် အနီးသို့ ချဉ်းကပ်ပြီးလျှင် မျုးမတ် ခြွေရံပရိသတ်နှင့်တကွ ပညောင်ပင်အနီး၌ ထိုင်သည်ရှိသော် ရေဖြင့်ပြည့်သော သောက်ရေခွက်ကိုင်း နှစ်သက်ဖွယ်သော မုန့်တို့ကိုင်း တွေ့မြင်ရလေပြီ။

၆၇၁။ နတ်၏ အဆင်းသဏ္ဌာန်နှင့်တူသော သဏ္ဌာန်ရှိသော ခပ်သိမ်းသော အဆင် တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ယောကျ်ားသည်လည်း သုရဋ္ဌတိုင်းရှင် ပိင်္ဂလကမင်း သို့ ချဉ်းကပ်၍—

၆၇၂။ "မြတ်သော မင်းကြီး သင်၏ လာခြင်းသည် ကောင်းသော လာခြင်း ဖြစ်ပါ ၏၊ သင်၏ လာခြင်းသည် မကောင်းသဖြင့် လာခြင်း မဟုတ်ပါ၊ ရန်သူကို ဆုံးမတတ်သော မင်းမြတ် မင်းမြတ်သည် သောက်ရေကို သောက်တော်မူပါ၊ မုန့်တို့ကိုလည်း ခဲစားတော်မူ ပါ"ဟူသော ဤစကားကို လျှောက်၏။

၆၇၃။ သုရဋ္ဌတိုင်းကို အစိုးရသော ပိင်္ဂလကမင်းသည် မျုးမတ် ခြွေရံပရိသတ်နှင့်တကွ သောက်ရေကို သောက်၍ငြင်း မုန့်တို့ကို စား၍ငြင်း ပြီးဆုံးပြီးနောက်—

၆၇၄။ "သင်သည် စတုမဟာရာဇ်နတ် ဖြစ်လေသလော၊ ဂန္ဓဗ္ဗနတ်မျိုး ဖြစ်လေ သလော၊ သို့မဟုတ် ရွေး၌ အလှူကို ပေးတတ်သော သိကြားဖြစ်လေသလော၊ မသိကုန် သည်ဖြစ်၍ သင့်ကို မေးကြကုန်၏၊ ငါတို့သည် သင့်ကို အဘယ်သို့ သိရကုန်အံ့နည်း" ဟူသော ဤစကားကို ဆို၏။

၆၇၅။ မင်းမြတ် အကျွန်ုပ်သည် စတုမဟာရာဇ်နတ်လည်း မဟုတ်ပါ၊ ဂန္ဓဗ္ဗနတ်မျိုး လည်း မဟုတ်ပါ၊ ရွေး၌ အလှူကို ပေးလှူတတ်သော သိကြားလည်း မဟုတ်ပါ၊ မင်းမြတ် အကျွန်ုပ်သည် သုရဋ္ဌတိုင်းမှ ဤပညောင်ပင်သို့ ပဋိသန္ဓေအားဖြင့် ရောက်လာသော ပြိတ္တာ ဖြစ်ပါ၏(ဟု ပြိတ္တာက ပြော၏)။

၆၇၆။ နတ်သား ရှေးကဝက သုရဋ္ဌတိုင်း၌နေသော သင်သည် အဘယ်သို့သော သီလ ရှိပါသနည်း၊ အဘယ်သို့သော ကောင်းသော အကျင့်ရှိသနည်း၊ သင်၏ အဘယ်သို့သော

http://www.dhammadownload.com



မြတ်သော အကျင့်ကြောင့် ဤအာနုဘော်သည် သင့်အား ဖြစ်သနည်း(ဟု ပိင်္ဂလကမင်းက မေး၏)။

၆၇၇။ ရန်သူတို့ကို ဆုံးမ၍ တိုင်းပြည်ကို တိုးတက်စေတတ်သော မင်းမြတ် အကျွန်ုပ်ဆိုလတ္တံ့သော စကားကို နာတော်မူပါ၊ အမတ်တို့သည်၎င်း အလုပ်အကျွေးတို့သည်၎င်း ပုရောဟိတ်ပုဏ္ဏားသည်၎င်း နာတော်မူကြပါကုန်။

၆၇၈။ မင်းမြတ် အကျွန်ုပ်သည် သုရဋ္ဌတိုင်း၌ ယုတ်ညံ့သောစိတ်ရှိသူ ယောကျ်ားဖြစ်ခဲ့ပါ၏၊ မိစ္ဆာအယူ ရှိခဲ့ပါ၏၊ သီလ မရှိခဲ့ပါ၊ နှမြောဝန်တိုသောသူ ဖြစ်ခဲ့ပါ၏၊ (ရဟန်းသူတော်ကောင်းတို့ကို) ဆဲရေးတတ်သူဖြစ်ခဲ့ပါ၏။

၆၇၉။ အကျွန်ုပ်သည် အလှူဒါန ပေးလှူသော သူတို့ကို၎င်း ကုသိုလ် ကောင်းမှုပြုသော သူတို့ကို၎င်း တားမြစ်ဘူးပါ၏၊ အလှူကို ပေးလှူကြမည့် တပါးသော သူတို့၏ အန္တရာယ်ကို ပြုသည်ဖြစ်၍ လူအများကို တားမြစ်ခဲ့ပါ၏။

၆၈၀။ အလှူ ဒါန၏ အကျိုးသည် မရှိ၊ စောင့်စည်းမှု 'သီလ'၏အကျိုးသည် အဘယ်မှာ ရှိအံ့နည်း၊ ဆရာမည်သည် မရှိ၊ မယဉ်ကျေးသူကို အဘယ်သူသည် ဆုံးမလတ္တံ့နည်း။

၆၈၁။ သတ္တဝါတို့သည် အညီအညွတ် တူမျှကုန်၏၊ အမျိုး၌ ကြီးသူတို့အား လုပ်ကျွေးခြင်း ကုသိုလ်ကံသည် အဘယ်မှာ ရှိနိုင်ပါအံ့နည်း၊ အရဟတ္တဖိုလ်တိုင်အောင် ရောက်ကြောင်း ရကြောင်းဖြစ်သော ခွန်အားသည်၎င်း လုံ့လသည်၎င်း မရှိ၊ ယောကျ်ားတို့၏ ထကြွ လုံ့လဖြင့် ရောက်အပ်သော အကျိုးကား အဘယ်မှာ ရှိအံ့နည်း။

၆၈၂။ အလှူ၏ အကျိုးမည်သည် မရှိ၊ ပါဏာတိပါတ စသော မကောင်းမှုရှိသော ပုဂ္ဂိုလ်ကို ဒါန သီလစသော အကျင့်က မစင်ကြယ်စေနိုင်၊ သတ္တဝါသည် (ရအပ်သော ချမ်းသာ ဆင်းရဲကို ရသည်ရှိသော်) ဖြစ်မြဲတိုင်း ဓမ္မတာ၏ အထူးထူး အပြားပြားအားဖြင့်ဖြစ်သော ရသင့်ရထိုက်သော ချမ်းသာ ဆင်းရဲကို ရ၏၊ (ကုသိုလ် အကုသိုလ်ကံကို ပြုခြင်းကြောင့် ရသည် မဟုတ်)။

၆၈၃။ အမိအဖ အစ်ကိုတို့၌ ကောင်းစွာ လုပ်ကျွေးမှုနှင့် ကောင်းစွာ မလုပ်ကျွေးမှုတို့၏ အကျိုးအပြစ်မရှိ၊ ဤပစ္စုပ္ပန်လောကမှ တပါးသော တမလွန်လောကမရှိ၊ အလှူကြီး၏ အကျိုးသည် မရှိ၊ ပူဇော်သက္ကာရ၏ အကျိုးသည် မရှိ၊ သူတော်ကောင်းတို့အား ပေးလှူသည်၏ အစွမ်းဖြင့် သိုမှီးမြှုပ်နှံထားအပ်သော ကောင်းမှုသည် မရှိ။

၆၈၄။ အကြင်သူသည် သတ္တဝါကို သတ်စေကာမူ တပါးသော သတ္တဝါ၏ ဦးခေါင်းကို ဖြတ်စေကာမူ (ပရမတ္ထအားဖြင့်) တစုံတယောက်သော သူသည် တစုံတယောက်သော သူကို သတ်သည် မမည်၊ ပထဝီကာယ စသော ခုနစ်ပါးသော ကာယတို့၏ အပေါက်အကြား၌ (ထားလက်နက်သည် ဝင်၏)။

၆၈၅။ အသက် 'ဇီဝအတ္တ'ကို မဖြတ် မခွဲနိုင်သည်သာတည်း၊ အသက် ဇီဝသည် ရဲခါ ရှစ်မြှောင့်ရှိ၏၊ ရဲခါ အလုံးအခဲ အဝန်းအဝိုင်း ဖြစ်၏၊ ယူဇနာငါးရာမြင့်၏၊ အဘယ်သူသည် အသက်ဇီဝကို ဖြတ်ခြင်းငှါ စွမ်းနိုင်ပါအံ့နည်း။

http://www.dhammadownload.com



၆၇၆။ ချည်လုံးကို ပစ်အပ်သည်ရှိသော် (ချည်ရှိသရွေ့သော) ပြေလျက် ပြေးသွားသကဲ့သို့ ဤအတူ ထိုအသက်ဇီဝသည် (အတ္တဘောတည်းဟူသော ချည်လုံးကို မဟာကပ်) ရှစ်သန်းလေးသိန်းပတ်လုံး ပြေစေလျက် ပြေးသွား၏။

၆၇၇။ တစုံတယောက်သော သူသည် မိမိရွာမှ ထွက်၍ အခြားသော ရွာသို့ ဝင်သကဲ့သို့ ဤအတူပင် ထိုအသက်ဇီဝသည် အခြားသော ကိုယ် 'အတ္တဘော'သို့ ဝင်၏။

၆၇၈။ တစုံတယောက်သော သူသည် မိမိအိမ်မှ ထွက်၍ အခြားအိမ်သို့ ဝင်သကဲ့သို့ ဤအတူ ထိုအသက်ဇီဝသည် အခြားသော ကိုယ် 'အတ္တဘော'သို့ ဝင်၏။

၆၇၉။ မဟာကပ်ရှစ်သန်းလေးသိန်းတို့သည် (သံသရာ၏အတိုင်းအရှည်တည်း) လူမိုက်တို့သည်၎င်း ပညာရှိတို့သည်၎င်း ဆိုခဲ့ပြီး အပိုင်းအခြားရှိသော သံသရာကို ကုန်စေ၍ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုကြကုန်လတ္တံ့။

၆၈၀။ (နှမ်းဆန်စသည်တို့ကို) စရွတ်တို့ဖြင့်၎င်း တောင်းတို့ဖြင့်၎င်း (နှိုင်းယှဉ်အပ်ကုန်သကဲ့သို့) သတ္တဝါတို့၏ သုခ ဒုက္ခတို့ကို (ဆိုအပ်ပြီးသော ရှစ်သန်းလေးသိန်း အတိုင်းအရှည်ရှိသော ကာလဖြင့်) နှိုင်းယှဉ်အပ်ကုန်၏၊ ဇိနဘုံ၌ တည်သော ပညာရှိသည် အလုံးစုံကို အပြားအားဖြင့် သိ၏၊ တပါးသော သတ္တဝါအပေါင်းသည် ပြင်းစွာတွေဝေ၏။

၆၈၁။ မင်းမြတ် အကျွန်ုပ်သည် ရှေးက ဤသို့ မှားသော အယူရှိခဲ့ပါ၏၊ မောဟဖုံးလွှမ်းအပ်သည်ဖြစ်၍ ပြင်းစွာ တွေဝေခဲ့ပါ၏၊ မှားသော အယူလည်း ရှိခဲ့ပါ၏၊ သီလလည်း မရှိခဲ့ပါ၊ နှမြောဝန်တိုခဲ့ပါ၏၊ (ရဟန်းသူတော်ကောင်းတို့ကို) ဆဲရေးခဲ့ပါ၏။

၆၈၂-၃။ မင်းမြတ် ခြောက်လမလွန်မီ အကျွန်ုပ်အား သေလွန်ခြင်းဖြစ်ရပါလိမ့်မည်၊ အကျွန်ုပ်သည် စင်စစ် ဆင်းရဲ၍ ကြမ်းထမ်းသော လေးထောင့်ရှိသော တံခါးလေးပေါက်ရှိသော ပုံစံတူဖြစ်သော သံတံတိုင်းကာရံ၍ သံပြားဖြင့် ပိတ်ဖုံးထားအပ်သော ငရဲသို့ ကျရောက်ရပါလိမ့်မည်။

၆၈၄။ ထိုငရဲ၏ မြေကြီးသည်ကား သံဖြင့်ပြီး၏၊ တောက်လောင်သည်ဖြစ်၍ အခိုးအလျှံ ရှိ၏၊ ပတ်ဝန်းကျင် ယူဇနာ တရာတိုင်တိုင် အခါခပ်သိမ်း ပြန့်နှံ့၍ တည်၏။

၆၈၅။ မင်းမြတ် (ထိုအဝီစိငရဲကြီး၏ မီးလျှံသည် ထက်ဝန်းကျင်မှ ထွက်၍) အနှစ်တသိန်းမျှ လွန်သည်ရှိသော် ထိုခဏ၌ (အဝီစိ၌ ခံရသော သင်တို့အား အနှစ်တသိန်း လွန်ပြီဟူသော) ကြွေးကြော်သံကို ကြားရ၏၊ အကြင်နှစ်တို့၏ ကုဋေတသိန်း အတိုင်းအရှည် ရှိသော အဘို့တို့သည် ရှိကုန်၏၊ ဤအဘို့တို့သည် (ငရဲသူတို့၏) အသက်အပိုင်းအခြားတည်း။

၆၈၆။ မင်းမြတ် အကြင်သတ္တဝါတို့သည် မိစ္ဆာအယူရှိကုန်၏၊ သီလမရှိကုန်၊ ဘုရားစသော အရိယာတို့ကို စွပ်စွဲတတ်ကုန်၏၊ ထိုသတ္တဝါတို့သည် အနှစ်ကုဋေတသိန်းတို့ပတ်လုံး အဝီစိငရဲ၌ ကျက်ရကုန်၏။

၆၈၇။ အကျွန်ုပ်သည် ထိုငရဲ၌ ရှည်မြင့်စွာသော ကာလပတ်လုံး မကောင်းမှုကံ၏ အကျိုးဖြစ်သော ဆင်းရဲဝေဒနာကို ခံစားရလတ္တံ့၊ ထို့ကြောင့် အကျွန်ုပ်သည် ပြင်းစွာ စိုးရိမ်မိပါ၏။

http://www.dhammadownload.com



၆၉၈။ ရန်သူတို့ကို ဆုံးမ၍ တိုင်းပြည်ကို တိုးတက်စေတတ်သော မင်းမြတ် အကျွန်ုပ် ဆိုလတ္တံ့သော စကားကို နာတော်မူပါ၊ သင်မင်းမြတ်အား ကောင်းသော အကျိုးစီးပွါး ဖြစ်ပါစေ၊ မင်းမြတ် အကျွန်ုပ်၏ သမီးဥတ္တရာသည်—

၆၉၉။ ကောင်းမြတ်သော ကုသိုလ်ကံကို ပြုပါ၏၊ နိစ္စသီလ၌၎င်း, ဥပုသ်သီလ၌၎င်း မွေ့လျော်ပါ၏၊ မကောင်းမှုမှ စောင့်စည်းပါ၏၊ ပေးကမ်း လှူဒါန်းခြင်းလည်း ရှိပါ၏၊ တောင်းရမ်းပြောဆိုသော စကားကို သိတတ်ပါ၏၊ ဝန်တိုမှု'မစ္ဆရိယ'ကင်းပါ၏။

၇၀၀။ သီလသိက္ခာ၌ မကျိုးမပေါက်အောင် ပြုလေ့ရှိပါ၏၊ သူတပါးအိမ်တို့၌ ချွေးမ လည်း ဖြစ်ပါ၏၊ တရားအားလုံးကို အလိုလိုသိတော်မူသော ဘုန်းကြက်သရေရှိတော် မူသော မြတ်စွာဘုရား၏ ဥပါသိကာမလည်း ဖြစ်ပါ၏။

၇၀၁။ မင်းမြတ် ချထားသော မျက်လွှာရှိသည်ဖြစ်၍ (ရှေ့သို့တက်ခြင်းစသည်တို့၌) သတိနှင့် ပြည့်စုံလျက် ဣန္ဒြေတို့၌ စောင့်အပ်သော တံခါးရှိသည်ဖြစ်၍ စောင့်သုံးအပ်သော ကိုယ်နှုတ်နှလုံးရှိသော သီလနှင့် ပြည့်စုံသည့် ရဟန်းသည်လည်း ရွာတွင်းသို့ ဆွမ်းခံဝင် တော်မူပါ၏။

၇၀၂။ မင်းမြတ် အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်သော ထိုရဟန်းသည် အကျွန်ုပ်၏ သမီးဖြစ်သော ဥတ္တရာ၏ အိမ်သို့ ရောက်လာပါ၏၊ အကျွန်ုပ်၏ သမီးဥတ္တရာသည် ထိုရဟန်း ကို မြင်လေ၏၊ အရှင်ဘုရား အရှင်ဘုရားအား ကောင်းခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း (ဟုဆို၍)—

၇၀၃။ ထိုဥတ္တရာသည် ရေပြည့်သော သောက်ရေခွက်ကို၎င်း နှစ်သက်ဖွယ်သော မုံ့တို့ကို၎င်း (ထိုရဟန်းအား) ပေးလှူ၏၊ အရှင်ဘုရား အကျွန်ုပ်၏ အဖသည် သေလွန်သည် ဖြစ်၍ ဤအလှူသည် ထိုသေလွန်သော အဖအား ကပ်ရောက်ပါစေသတည်း (ဟု အမျှဝေ ပါ၏)။

၇၀၄။ မင်းမြတ် အမျှဝေသည်၏ အခြားမဲ့၌ အကျိုးဖြစ်ပေါ်လာတော့၏၊ ဝေဿဝဏ် နတ်မင်းကြီးကဲ့သို့ အလိုရှိအပ်သော စည်းစိမ်တို့ကို အလိုရှိတိုင်း သုံးဆောင်ရ၏။

၇၀၅။ ရန်သူတို့ကို ဆုံးမ၍ တိုင်းပြည်ကို တိုးတက်စေနိုင်သော မင်းမြတ် အကျွန်ုပ် ဆိုလတ္တံ့သော စကားကို နာတော်မူပါ၊ နတ်နှင့်တကွသောလောကထက် မြတ်စွာဘုရားကို အမြတ်ဆုံးဟူ၍ ဆိုအပ်ပါ၏၊ ရန်သူတို့ကို ဆုံးမတတ်သောမင်းမြတ် သားမယားနှင့်တကွ ထိုမြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါလေလော့။

၇၀၆။ ဘုရားရှင်၏ တပည့်သားသာဝကတို့သည် အကြင်အင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် သေခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်ကြရကုန်၏၊ ရန်သူတို့ကို ဆုံးမတတ်သော မင်းမြတ် သားမယားနှင့်တကွ ထိုတရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါလေလော့။

၇၀၇။ ကျင့်ဆဲ ဖြစ်သော ပုဂ္ဂိုလ်လေးယောက်တို့သည်၎င်း, ဖိုလ်၌တည်သော ပုဂ္ဂိုလ် လေးယောက်တို့သည်၎င်း ရှိကုန်၏၊ ဖြောင့်မတ်သော အဖြစ်သို့ ရောက်သော ဤ ရှစ်ယောက်သော အရိယာသံဃာသည် သီလ သမာဓိ ပညာနှင့် ပြည့်စုံ၏၊ ရန်သူကို ဆုံးမ

http://www.dhammadownload.com



တတ်သောမင်းမြတ် သားမယားနှင့်တကွ ထိုရှစ်ယောက်သော အရိယာသံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါလေလော့။

၇၀၈။ မင်းမြတ် သင်မင်းမြတ်သည် သူ့အသက်ကိုသတ်ခြင်းမှ လျင်စွာ ရှောင်ကြဉ်ပါလေလော့၊ လောက၌ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါလေလော့၊ သေရည်သေရက်ကို မသောက်ပါနှင့်၊ မမှန်သောစကား မဆိုပါနှင့်၊ မိမိမယားဖြင့်သာ ရောင့်ရဲပါလော့ (ဟု နတ်ပြိတ္တာက ပြော၏)။

၇၀၉။ နတ်သား (သင်သည်) ငါ၏ အကျိုးကို လိုလားပေ၏၊ နတ်သား (သင်သည်) အစီးအပွါးကို လိုလားပေ၏၊ သင်၏ စကားကို လိုက်နာပါအံ့၊ သင်သည် ငါ၏ ဆရာဖြစ်ပေ၏။

၇၁၀။ ငါသည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါအံ့၊ အတုမရှိသော တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါအံ့၊ လူတို့၏နတ် ဘုရားမြတ်၏ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါအံ့။

၇၁၁။ သူ့အသက်ကို သတ်ခြင်းမှ လျင်စွာ ရှောင်ကြဉ်ပါအံ့၊ လောက၌ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါအံ့၊ သေရည်သေရက်ကို မသောက်တော့ပါ၊ မမှန်စကားကို မပြောဆိုတော့ပါ၊ မိမိမယားဖြင့်သာ ရောင့်ရဲပါအံ့။

၇၁၂။ ပြင်းစွာသော လေ၌ (ဖွဲပြာကို) လွှင့်လိုက်သကဲ့သို့ ငါသည် ယုတ်မာသော မိစ္ဆာအယူကို လွှင့်လိုက်ပါတော့အံ့၊ လျင်မြန်စွာ စီးသွားသော မြစ်၌ (မြက်သစ်ရွက်ကို) မျှောလိုက်သကဲ့သို့ ယုတ်မာသော မိစ္ဆာအယူကို မျှောလိုက်ပါတော့အံ့၊ ငါသည် မြတ်စွာဘုရားသာသနာတော်၌ မွေ့လျော်သည်ဖြစ်၍ ယုတ်မာသော မိစ္ဆာအယူကို ထွေးအံပစ်လိုက်ပါတော့အံ့(ဟု ပိင်္ဂလကမင်းဆို၏)။

၇၁၃။ သုရဋ္ဌတိုင်းရှင် ပိင်္ဂလကမင်းသည် ဤစကားကို ဆို၍ မကောင်းသော မိစ္ဆာအမြင်မှ ရှောင်ကြဉ်ပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးခြင်းကို ပြုလျက် အရှေ့အရပ်မျက်နှာသို့ ရှေးရှု ရထားကို တက်စီး (ထွက်ခွါသွား)လေ၏။

သုံးခုမြောက်သော နန္ဒကပေတဝတ္ထု ပြီး၏။

---

## ၄-ရေဝတီပေတဝတ္ထု

၇၁၄။ အလွန်ယုတ်မာသောအကျင့်ရှိသော တစုံတယောက်အား တစုံတခုကိုမျှ ပေးလှူလေ့မရှိသောကြောင့် အပါယ်တံခါးပွင့်နေသော ရေဝတီ ထလော့၊ အကြင်ငရဲ၌ မကောင်းသော အလားရှိကုန်သော ငရဲသူသတ္တဝါတို့သည် ဆင်းရဲနှိပ်စက်အပ်ကုန်သည်ဖြစ်၍ ညည်းကွားကြရကုန်၏၊ ထိုငရဲသို့ သင့်ကို ငါတို့ ပို့ဆောင်ကြကုန်အံ့။

၇၁၅။ ဤသို့လျှင် ပြောဆိုကြကုန်၍ ယမမင်း၏ တမန်နှင့် တူကုန်သော ချင်းချင်းနီသော မျက်စိရှိကုန်သော ကြီးသောကိုယ်ရှိကုန်သော ထိုဘီလူးနှစ်ယောက်တို့သည်၊

http://www.dhammadownload.com



ရေဝတီ၏ လက်မောင်းတို့ကို တယောက်တဖက်စီ ကိုင်ဆွဲကြ၍ တာဝတိံသာနတ်အပေါင်း၏ အထံသို့ ဆောင်ယူသွားကြကုန်၏။

၇၁၆။ နေ၏ အရောင်ကဲ့သို့ ပြောင်ပြောင်ထွန်းပသော အဆင်းရှိသော နှလုံးမွေ့လျော်ဖွယ်ရှိသော ပြိုးပြိုးပြက်သော တင့်တယ်လျောက်ပတ်သော ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်သော နတ်သားနတ်သမီးတို့ဖြင့် ပြွမ်းသော နေရောင်ကဲ့သို့ တပြောင်ပြောင်ထွန်းပသော ကျယ်ပြန့်သော ဤဗိမာန်သည် အဘယ်သူ၏ ဗိမာန်ပေနည်း။

၇၁၇။ စန္ဒကူးနှစ်နံ့သာဖြင့် လိမ်းကျံအပ်သော နတ်သမီးအပေါင်းတို့သည် ဗိမာန်ကို (အတွင်းအပြင်) နှစ်ဘက်လုံး တင့်တယ်စေပါကုန်၏၊ ထိုဗိမာန်သည် နေ၏ အရောင်အဆင်းကဲ့သို့ တပြောင်ပြောင်ထွန်းပသော အဆင်းရှိသည်ဖြစ်၍ ထင်၏၊ နတ်ပြည်သို့ ရောက်သည်ဖြစ်၍ ဗိမာန်၌ မွေ့လျော်နေသူကား အဘယ်သူပါနည်း (ဟု ရေဝတီကမေး၏)။

၇၁၈။ ဗာရာဏသီပြည်၌ ဝန်တိုမှု'မစ္ဆရိယ'မရှိသော အလှူရှင်ဖြစ်သော အလှူခံတို့၏ အခြင်းအရာကို သိတတ်သော နန္ဒိယမည်သော ဥပါသကာသည် ရှိခဲ့၏၊ နတ်သားနတ်သမီးတို့ဖြင့် ပြွမ်းသော နေရောင်ကဲ့သို့ တပြောင်ပြောင်ထွန်းပသော ဤဗိမာန်သည် **ထိုနန္ဒိယဥပါသကာ၏** ဗိမာန်ပေတည်း။

၇၁၉။ စန္ဒကူးနှစ်နံ့သာဖြင့် လိမ်းကျံအပ်သော နတ်သမီးအပေါင်းတို့သည် ဗိမာန်ကို (အတွင်းအပြင်) နှစ်ဘက်လုံး တင့်တယ်စေကြကုန်၏၊ ထိုဗိမာန်သည် နေ၏အရောင်အဆင်းကဲ့သို့ တပြောင်ပြောင်ထွန်းပသော အဆင်းရှိသည်ဖြစ်၍ ထင်၏၊ တာဝတိံသာနတ်ပြည်သို့ ရောက်သည်ဖြစ်၍ ဗိမာန်၌ မွေ့လျော်နေသူကား ထိုနန္ဒိယဥပါသကာပင်တည်း (ဟု ဘီလူးတို့က ဖြေ၏)။

၇၂၀။ အကျွန်ုပ်သည် နန္ဒိယ၏ မယားပါတည်း၊ စည်းစိမ်ဥစ္စာအားလုံးကို အစိုးရသော အိမ်ရှင်မ ဖြစ်ခဲ့ပါ၏၊ ယခုအခါ၌ အကျွန်ုပ်သည် လင်၏ဗိမာန်၌ မွေ့လျော်ပါအံ့၊ ငရဲသို့ ကြည့်ရှုရန်ပင် အလိုမရှိတော့ပါ (ဟု ရေဝတီက ဆို၏)။

၇၂၁။ အလွန်ယုတ်မာသော အကျင့်ရှိသော ရေဝတီ ဤငရဲသည် သင်၏ ငရဲတည်း၊ သက်ရှိလောက လူ့ဘဝက သင်သည် ကောင်းမှုကို မပြုခဲ့၊ ဝန်တိုသော ချုတ်ချယ်တတ်သော ယုတ်မာသော သဘောရှိသောသူသည် နတ်ပြည်သို့ လားကုန်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်ကို မရနိုင်သည်သာတည်း (ဟု ဘီလူးတို့က ဆို၏)။

၇၂၂။ အသို့နည်း၊ မစင်မကြယ် စက်ဆုပ်ဖွယ်ဖြစ်သော ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တွေ့မြင်ရ၏၊ အဘယ်ကြောင့် ဤငရဲသည် မကောင်းသော အနံ့ရှိသော ကျင်ကြီးရှိလေသနည်း၊ အဘယ်ကြောင့် ဤငရဲသည် မကောင်းသော အနံ့ဖြင့် နံစော်လေသနည်း (ဟု ရေဝတီက မေး၏)။

၇၂၃။ ရေဝတီ အသူတရာနက်လှစွာသော ဤငရဲသည် မစင်ကြယ်သော ကျင်ကြီးကျင်ငယ်စသည်ကို ယိုစီးစေတတ်သောကြောင့် သံသဝက ငရဲမည်၏၊ သင်သည် ယင်းငရဲ၌ အနှစ်အထောင်မက ကျက်ရလတ္တံ့ (ဟု ဘီလူးတို့က ဆို၏)။

http://www.dhammadownload.com



၇၂၄။ အသို့နည်း၊ အကျွန်ုပ်သည် ကိုယ်နှုတ်စိတ်ဖြင့် အဘယ်မကောင်းမှုကို ပြုခဲ့မိပါသနည်း၊ အဘယ်မကောင်းမှုကြောင့် အကျွန်ုပ်သည် အသူတရာနက်လှစွာသော မစင်ကြယ်သော ကျင်ကြီးကျင်ငယ်စသည်ကို ယိုစီးစေတတ်သော သံသဝကမည်သော ငရဲကို ရအပ်ပါသနည်း (ဟု ရေဝတီက မေး၏)။

၇၂၅။ သင်သည် သမဏဗြာဟ္မဏတို့ကိုရင်း အခြားသော ဖုန်းတောင်းယာစကာတို့ကိုရင်း မဟုတ်မမှန်သော စကားဖြင့် လှည့်ပတ်တတ်၏၊ ထိုမကောင်းမှုအကုသိုလ်ကံကို သင်သည် ပြုခဲ့၏။

၇၂၆။ ရေဝတီ ထိုမကောင်းမှုအကုသိုလ်ကြောင့် သင်သည် အသူတရာနက်လှစွာသော သံသဝကအမည်ရှိသော ငရဲကို ရအပ်၏၊ ယင်းငရဲ၌ သင်သည် အနှစ်အထောင်မက ကျက်ရလတ္တံ့။

၇၂၇။ လက်တို့ကိုလည်း ဖြတ်ကုန်လတ္တံ့၊ ခြေတို့ကိုလည်း ဖြတ်ကုန်လတ္တံ့၊ နားတို့ကိုလည်း ဖြတ်ကုန်လတ္တံ့၊ နှာခေါင်းတို့ကိုလည်း ဖြတ်ကုန်လတ္တံ့၊ ထိုမှတပါးလည်း ကျီးငှက်အပေါင်းတို့သည် စုရုံးချဉ်းကပ်ကြကုန်လျက် တုန်လှုပ်နေသော သင့်ကို ခဲစားကြကုန်လတ္တံ့ (ဟု ဘီလူးတို့က ဆို၏)။

၇၂၈။ တောင်းပန်ပါ၏၊ အကျွန်ုပ်ကို (လူ့ပြည်သို့) ပြန်ပို့ကြပါကုန်လော့၊ အကြင်ကုသိုလ်ကို ပြုကုန်၍ ချမ်းသာခြင်းသို့ ရောက်ကုန်၏၊ နောင်အခါ၌ အဖန်တလဲလဲ ပူပန်မှု (နောင်တ)လည်း မရှိကုန်၊ အကျွန်ုပ်သည် အလှူပေးခြင်းဖြင့်ရင်း အညီအညွတ်ကျင့်ခြင်းဖြင့်ရင်း စောင့်စည်းခြင်းဖြင့်ရင်း ဣန္ဒြေကို ဆုံးမခြင်းဖြင့်ရင်း များစွာသော ထိုကုသိုလ်ကို ပြုပါတော့အံ့ (ဟု ရေဝတီက ဆို၏)။

၇၂၉။ သင်သည် ရှေးအခါက (ကုသိုလ်ကို) မေ့လျော့ခဲ့၍ ယခုမှ ငိုကြွေးမြည်တမ်းဘိ၏၊ သင့်ကိုယ်တိုင် ပြုခဲ့သော ကံတို့၏အကျိုးကို သင်သည်ပင် ခံစားရလတ္တံ့ (ဟု ဘီလူးတို့က ဆို၏)။

၇၃၀။ (အကျွန်ုပ်) မေးအပ်သည်ရှိသော် နတ်ပြည်မှ လူ့ပြည်သို့ လာပြီးလျှင် လက်နက်ကိုပယ်ချထားပြီး ဖြစ်ကုန်သော သမဏဗြာဟ္မဏတို့အား အလှူကို ပေးလှူရာ၏၊ အဝတ်အရုံကိုရင်း အိပ်ရာနေရာကိုရင်း ဆွမ်းအဖျော်ကိုရင်း ပေးလှူရာ၏ မှန်၏၊ ဝန်တိုသော ချုတ်ချယ်တတ်သော ယုတ်မာသော သဘောရှိသူသည် နတ်ပြည်သို့ လားရကုန်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်ကို မရနိုင်သည်သာတည်းဟု အဘယ်မည်သော နတ်သည် အကျွန်ုပ်ကို ပြောဆိုပါမည်နည်း။

၇၃၁။ အကျွန်ုပ်သည် ဤငရဲမှ လွတ်မြောက်ပြီးလျှင် လူ့ဘဝကို ရသည်ရှိသော် အလှူခံတို့၏ အခြင်းအရာကို သိသည်ဖြစ်၍ သီလနှင့်လည်း ပြည့်စုံလျက် အလှူပေးခြင်းဖြင့်ရင်း အညီအညွတ်ကျင့်ခြင်းဖြင့်ရင်း စောင့်စည်းခြင်းဖြင့်ရင်း ဣန္ဒြေတို့ကို ဆုံးမခြင်းဖြင့်ရင်း များစွာသော ကုသိုလ်ကို ပြုပါတော့အံ့။

၇၃၂။ အထူးကြည်လင်သောစိတ်ဖြင့် သစ်သီးအရံ ပန်းအရံတို့ကိုလည်း စိုက်ပျိုးပါတော့အံ့၊ ကူးသန်းသွားလာရန် ခက်သောအရပ်၌ တံတားတို့ကိုလည်း ဆောက်လုပ်ပါတော့အံ့၊ ရေအိုးစင်ကိုရင်း ရေတွင်းရေကန်ကိုရင်း ပြုပါတော့အံ့။

http://www.dhammadownload.com



၇၃၃-၄။ အကျွန်ုပ်သည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်သော နေ့၌၎င်း တဆယ့်ငါးရက်မြောက်သော နေ့၌၎င်း ရှစ်ရက်မြောက်သော နေ့၌၎င်း ဥပုသ်နေ့တို့၏ အကြိုနေ့အပိုနေ့၌၎င်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို စောင့်ထိန်းပါတော့အံ့၊ အခါခပ်သိမ်း သီလတို့ကို စောင့်စည်းပါတော့အံ့၊ အလှူပေးခြင်း၌ မမေ့မလျော့သည်သာ ဖြစ်ပါတော့အံ့၊ အကျွန်ုပ်သည် ဤငရဲကို ကိုယ်တိုင် မြင်အပ်ပါပြီ (ဟု ရေဝတီက မြည်တမ်း၏)။

၇၃၅။ ဤသို့ မြည်တမ်း၍ တုန်လှုပ်နေသော ရေဝတီကို (ငရဲထိန်းတို့သည်) ကြောက်လန့်ဖွယ်ရှိသော ငရဲ၌ ထိုထိုအရပ်မှ ခြေထောက်မိုးမျှော် ဦးခေါင်းစောက်ထိုး ပစ်ချလိုက်ကြကုန်၏။

၇၃၆။ ငါသည် ရှေးအခါက ဝန်တိုခြင်း ရှိခဲ့ပါ၏၊ သမဏဗြာဟ္မဏတို့ကို ဆဲရေးကြိမ်းမောင်းခဲ့ပါ၏၊ လင်ကိုလည်း မဟုတ်မမှန်သော စကားဖြင့် လှည့်ပတ်ခြင်းကြောင့် ကြောက်လန့်ဖွယ် သဘောရှိသော ငရဲ၌ ကျက်ရပါ၏(ဟု မြည်တမ်း၏)။

လေးခုမြောက်သော ရေဝတီပေတဝတ္ထု ပြီး၏။

---

## ၅-ဥစ္ဆုပေတဝတ္ထု

၇၃၇။ အရှင်ဘုရား အကျွန်ုပ်၏ များပြားကြီးကျယ်သော ဤကြံတောသည် များပြားကြီးကျယ်လှစွာသော ကောင်းမှုအကျိုး ဖြစ်ပါ၏၊ ထိုကြံတောသည် ယခုအခါ အကျွန်ုပ် သုံးဆောင်ရခြင်းသို့ မရောက်နိုင်သေးပါ၊ အရှင်ဘုရား ဖြေကြားတော်မူပါလော့၊ ဤအကျိုးသည် အဘယ်ကံ၏ အကျိုးပါနည်း။

၇၃၈။ အရှင်ဘုရား အကြင်အခါ ထိုအကျွန်ုပ်သည် တစုံတခုသော ကြံကို သုံးဆောင်ခြင်းငှါ လုံ့လကိုလည်း ပြုပါ၏၊ အားထုတ်ခြင်းကိုလည်း ပြုပါ၏၊ ထိုအခါ ထိုကြံတောသည် အကျွန်ုပ်ကို နှိပ်စက်လည်း နှိပ်စက်အပ်ပါ၏၊ (သံလျက်သွားနှင့်တူသော ကြံရွက်တို့သည်) အကျွန်ုပ်ကို ဖြတ်လည်းဖြတ်အပ်ပါ၏၊ ထို့ကြောင့် အကျွန်ုပ်သည် အင်အားပြတ်သည်ဖြစ်၍ ပြင်းစွာ ဆင်းရဲခြင်းသို့ ရောက်လျက် မြည်တမ်းနေရပါ၏၊ ဤအကျိုးသည် အဘယ်ကံ၏ အကျိုးပါနည်း။

၇၃၉။ အရှင်ဘုရား အကျွန်ုပ်သည် ပင်ပန်းသည်ဖြစ်၍သာလျှင် မြေ၌ လဲကျပါ၏၊ ပူပြင်းသော ကြည်းကုန်းထက်ဝယ် ရေ၌ ကျက်စားသော ငါးကဲ့သို့ ချာချာလည်နေပါ၏၊ ငိုကြွေးရသော အကျွန်ုပ်၏ မျက်ရည်တို့သည် ယိုစီးထွက်ကျပါကုန်၏၊ အရှင်ဘုရား ဖြေကြားတော်မူပါ၊ ဤအကျိုးသည် အဘယ်ကံ၏ အကျိုးပါနည်း။

၇၄၀။ အရှင်ဘုရား အကျွန်ုပ်သည် ဆာလောင်သည်ဖြစ်၍ ပင်ပန်းလည်း ပင်ပန်းလှပါ၏၊ ရေလည်း မွတ်သိပ်လှပါ၏၊ လွန်စွာ မွတ်သိပ်လှသောကြောင့် သာယာဖွယ် ချမ်းသာကို မရပါ၊ အရှင်ဘုရား ဤအကြောင်းကို အရှင်ဘုရားအား မေးပါ၏၊ အဘယ်သို့သော အကြောင်းဖြင့် အကျွန်ုပ်သည် ကြံသုံးဆောင်ခြင်းကို ရပါအံ့နည်း(ဟု ပြိတ္တာက လျှောက်၏)။

http://www.dhammadownload.com



၇၄၁။ ရှေးဘဝက လူသားဖြစ်သော သင်သည် ကိုယ်တိုင် အကုသိုလ်ကံကို ပြုခဲ့ပြီ၊ ငါသည် သင့်အား ဤအကြောင်းကို ဟောကြားအံ့၊ သင်သည် ကြားနာရ၍ ဤအကြောင်းကို သိလော့။

၇၄၂။ (ရှေးဘဝက) သင်သည် ကြံကို ခဲစားလျက် သွား၏၊ ယောကျ်ားတယောက်သည်လည်း သင်၏ နောက်က အစဉ်လိုက်၏၊ ထိုယောကျ်ားသည်လည်း ကြံအနည်းငယ်ကို တောင့်တလျက် သင့်အား ပြောဆို၏၊ သင်သည် ထိုယောကျ်ားအား စကားတစုံတရာကိုမျှ မပြောဆို။

၇၄၃။ ထိုယောကျ်ားသည်လည်း စကားမပြောသော သင့်ကို တောင်း၏၊ အရှင် ကြံအနည်းငယ်မျှ ပေးပါဟုလည်း သင့်ကို ပြော၏၊ သင်သည် ထိုသူအား ကြံကို နောက်ပြန်ပေး၏၊ ဤအကျိုးသည် ထိုကြံကို နောက်ပြန်ပေးသော ကံ၏ အကျိုးတည်း။

၇၄၄။ သင့်ကို တိုက်တွန်း၏၊ သင်သည် သွား၍ ကြံကို နောက်ပြန်ယူလေလော့၊ ယူပြီး၍ အလိုရှိတိုင်း ထိုကြံကို ခဲစားလေလော့၊ ယင်းသို့ ခဲစားသဖြင့်သာလျှင် သင်သည် နှစ်လိုရွှင်လန်း တက်ကြွသော စိတ်ရှိသည်ဖြစ်၍ ဝမ်းမြောက်ရလတ္တံ့ (ဟု မထေရ်က မိန့်ဆို၏)။

၇၄၅။ ထိုပြိတ္တာသည် ကြံတောသို့ သွား၍ ကြံကို နောက်ပြန်ယူပြီးလျှင် ထိုကြံကို အလိုရှိတိုင်း ခဲစား၏၊ ယင်းသို့ ခဲစားရသဖြင့်သာလျှင် ထိုပြိတ္တာသည် နှစ်လိုရွှင်လန်း တက်ကြွသော စိတ်ရှိသည်ဖြစ်၍ ဝမ်းမြောက်ရလေ၏။

ငါးခုမြောက်သော ဥစ္ဆုပေတဝတ္ထု ပြီး၏။

---

## ၆-ကုမာရပေတဝတ္ထု

၇၄၆။ ဟိမဝန္တာ၏ နံဘေး၌ သာဝတ္ထိမည်သော မြို့သည် ရှိ၏၊ ထိုမြို့၌ မင်းသားဖြစ်ကုန်သော သူငယ်နှစ်ယောက်တို့ ရှိကုန်၏ဟူ၍ ငါကြားဘူး၏။

၇၄၇။ ထိုမင်းသားနှစ်ယောက်တို့သည် တပ်မက်ဖွယ် ကာမဂုဏ်တို့၌ အလွန်ယစ်မူး မေ့လျော့ကြလျက် ကာမတို့၌ သာယာသည်၏အစွမ်းဖြင့် အလွန်နှစ်သက်သော အလေ့ရှိကုန်ရကား ပစ္စုပ္ပန်ချမ်းသာ၌ မက်မောကုန်သည်ဖြစ်၍ နောင်အခါ ရအပ်သော အနာဂတ်ချမ်းသာကို မမြင်နိုင်ကြကုန်။

၇၄၈။ ထိုမင်းသားတို့သည် ဤလူ့အဖြစ်မှ စုတေကုန်၍သာလျှင် လူ့ပြည်မှတပါးသော ပြိတ္တာဘုံသို့ ရောက်ကြရကုန်၏၊ ထိုမင်းသားပြိတ္တာတို့သည် ဤသာဝတ္ထိပြည်၏ အနီးအရပ်၌ ရုပ်အသွင်ကို မပြကြကုန်ဘဲ ရှေးဘဝက မိမိ၏ မကောင်းမှုအကျိုးကို (ယခုအခါ ငါတို့သာ ခံစားကြရကုန်၏ ဟု) မြည်တမ်းကြကုန်၏။

၇၄၉။ ငါတို့သည် (ရှေးဘဝက) များစွာသော အလှူခံပုဂ္ဂိုလ်တို့ ရှိပါကုန်လျက် လှူဖွယ်ဝတ္ထုတို့ကို ရအပ်ပါကုန်လျက် နောင်အခါ ချမ်းသာကို ရွက်ဆောင်တတ်သော အနည်းငယ်သော ကုသိုလ်ကံကိုမျှလည်း မိမိကိုယ်ကို ပြုလုပ်စေရန် မတတ်နိုင်ခဲ့ကြကုန်။

http://www.dhammadownload.com



၇၅၀။ အကြင် မကောင်းမှုကြောင့် ငါတို့သည် မင်းမျိုးမှ စုတေ၍ ပြိတ္တာဘုံ၌ ဖြစ်ကြရကုန်၏၊ ဆာလောင် မွတ်သိပ်ခြင်းဖြင့် အနှိပ်စက်ခံရကုန်လျက် လှည့်လည် သွားလာကြရကုန်၏၊ ထိုမကောင်းမှုထက် ယုတ်ညံ့သော မကောင်းမှုမျိုးသည် အဘယ်မှာ ရှိနိုင်တော့အံ့နည်း။

၇၅၁။ ဤလောကဝယ် အကြင်အရပ်၌ အရှင်သခင်ဖြစ်ကြကုန်၍ လှည့်လည် သွားလာရဘူးကုန်၏၊ ထိုအရပ်၌ပင် တမလွန်ဘဝဝယ် အရှင်သခင်တို့ မဟုတ်ကြတော့ကုန်၊ လူဖြစ်စဉ်က အထက်တန်းကျ၍ တမလွန်ဘဝဝယ် အောက်တန်းကျကုန်လျက် ဆာလောင် မွတ်သိပ်ခြင်းဖြင့် တုန်လှုပ်ကြရကုန်၏။

၇၅၂။ အကြင်သတ္တဝါသည် အစိုးရခြင်းကိုမှီ၍ မာန်ယစ်ခြင်းကြောင့်ဖြစ်သော ပြိတ္တာဖြစ်ရခြင်းဟူသော ဤအဖြစ်ကို သိသည်ရှိသော် အစိုးရခြင်းကိုမှီ၍ မာန်ယစ်ခြင်းကို ပယ်စွန့်ပြီးလျှင် (ကုသိုလ်ကောင်းမှု၌ လေ့လာအားထုတ်၍) နတ်ပြည်သို့ လားရာ၏၊ ပညာရှိသော ထိုသတ္တဝါသည် ကိုယ်ခန္ဓာပျက်သည်မှနောက်၌ နတ်ပြည်၌ ဖြစ်ရ၏။

**ခြောက်ခုမြောက်သော ကုမာရပေတဝတ္ထု ပြီး၏။**

---

## ၇-ရာဇပုတ္တပေတဝတ္ထု

၇၅၃။ ရှေးဘဝကပြုခဲ့သော ကံတို့၏အကျိုးသည် နှလုံးမွေ့လျော်ဖွယ်ရှိသော ရူပါရုံ သဒ္ဒါရုံ ရသာရုံ ဂန္ဓာရုံ ဖောဋ္ဌဗ္ဗာရုံဟူသော အကြောင်းကြောင့် (ပစ္စုပ္ပန်) ကောင်းကျိုးကို မမြင်နိုင်သော လူမိုက်တို့၏ စိတ်ကို နှိပ်စက်ရာ၏။

၇၅၄။ (ကိတဝမင်း၏ သားသည်) ကခြင်းကိုဎင်း သီခြင်းကိုဎင်း ကာမဖြင့် မွေ့လျော်ခြင်းကိုဎင်း အပေါင်းအဖော်စသည်တို့နှင့် ရွှင်မြူးခြင်းကိုဎင်း ဤသို့ များစွာသော စည်းစိမ် ချမ်းသာကို ခံစား၍ ဥယျာဉ်၌ စမွယ်ပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဝင်လာသည်ရှိသော်—

၇၅၅။ မိမိစိတ်ကို ဆုံးမပြီးသော အရဟတ္တဖိုလ်သမာဓိဖြင့် တည်ကြည်သော အလိုနည်း၍ ရှက်ခြင်းနှင့် ပြည့်စုံသော ဆွမ်းခံသဖြင့် ရအပ်သော သပိတ်အတွင်းသို့ ရောက်သော ဘွမ်း၌သာ နှစ်သိမ့် ရောင့်ရဲသော သုနေတ္တပစ္စေကဗုဒ္ဓါကို မြင်လေပြီ။

၇၅၆။ (ထိုအခါ) ထိုမင်းသားသည် ဆင်၏ ကျောက်ကုန်းမှ သက်ဆင်း၍ အရှင်ဘုရား ဆွမ်းရခဲ့ပါပြီလောဟု ပြော ဆိုမေးမြန်းပြီးလျှင် ထိုပစ္စေကဗုဒ္ဓါ၏ သပိတ်ကို ယူလျက် အလွန်မြင့်စွာ မြှောက်၍....

၇၅၇။ မာကျော ကြမ်းထမ်းသောအရပ်၌ သပိတ်ကို ပစ်ခွဲ၍ ရယ်မောကာ ဖဲသွားပြီးလျှင် ငါသည် ကိတဝမင်း၏ သားတည်း၊ သင်သည် င ါကို ကြည့်သော်လည်း အဘယ်သို့ ပြုနိုင်လတ္တံ့နည်းဟု ဆို၏။

၇၅၈။ ကြမ်းကြုတ်သော ထိုအကုသိုလ်ကံ၏ အကြင်အကျိုးကို မင်းသားသည် အဝီစိငရဲ၌ ကျရောက်သက်ဝင်လျက် ခံစားရ၏၊ ထိုအကျိုးသည် အလွန် စပ်ရှား ဆင်းရဲလှ၏။

http://www.dhammadownload.com



၇၅၉။ ပြုအပ်ပြီးသော မကောင်းမှုရှိသော ထိုမင်းသားသည် အနှစ် ရှစ်သောင်း လေးထောင်တို့ပတ်လုံး ခြောက်ကြိမ်တို့ တိုင်တိုင်ဖြစ်၍ နှစ်ပေါင်းများစွာတို့ ပတ်လုံးပင် အဝီစိငရဲ၌ ပြင်းထန်သော ဆင်းရဲသို့ ရောက်ရမလေပြီ။

၇၆၀။ ပက်လက်လည်း ကျက်ခဲ့ရ၏၊ မှောက်ခုံလည်း ကျက်ခဲ့ရ၏၊ လက်ဝဲ လကျာ ပြန်လျက်လည်း ကျက်ခဲ့ရ၏၊ ခြေမိုးမျှော်(ဦးခေါင်းစောက်ထိုး)လည်း ကျက်ခဲ့ရ၏၊ မတ်တတ် ရပ်လျက်လည်း ကျက်ခဲ့ရ၏၊ ဤသို့ မိုက်လှစွာသော ထိုမင်းသားသည် ကြာမြင့်စွာ ကျက်ခဲ့ရ၏။

၇၆၁။ ပြုအပ်ပြီးသော မကောင်းမှုရှိသော ထိုမင်းသားသည် များစွာသော နှစ် အထောင်တို့ပတ်လုံးငင်း များစွာသော နှစ်တို့၏ အပေါင်းဖြစ်သော နှစ်အသောင်းတို့ ပတ်လုံးငင်း အဝီစိငရဲ၌ ပြင်းထန်သော ဆင်းရဲဒုက္ခသို့ ရောက်ရလေပြီ။

၇၆၂။ မပြစ်မှားထိုက်သော အပြစ်မရှိသည်ဖြစ်၍ ကောင်းသော အကျင့်ရှိသော ပစ္စေကဗုဒ္ဓါကို ထိခိုက်ပြစ်မှား၍ မကောင်းမှုပြုသူတို့သည် ဤသို့ သဘောရှိသော လွန်ကဲ သော ဆင်းရဲကို ခံစားရကုန်၏။

၇၆၃။ ထိုမင်းသားသည် ထိုအဝီစိငရဲ၌ များစွာသော နှစ်လတို့ပတ်လုံး များစွာ သော ဆင်းရဲကို ခံစားပြီး၍ ထိုအဝီစိငရဲမှ စုတေခဲ့သော် ဆာလောင် မွတ်သိပ်ခြင်း ပြင်း စွာ နှိပ်စက်အပ်သောကြောင့် ခုပ္ပိပါသဟတအမည်ရသော ပြိတ္တာ ဖြစ်ရပါ၏။

၇၆၄။ (ပညာရှိသည်)အစိုးရခြင်းကိုမှီ၍ မာန်ယစ်ခြင်းကြောင့်ဖြစ်သော ဤအပြစ် ကို သိ၍ အစိုးရခြင်းကိုမှီ၍ မာန်ယစ်ခြင်းကို ပယ်စွန့်ပြီးလျှင် နှိမ့်ချခြင်းပြုကာ လျှောက် ပတ်စွာ ကျင့်ရာ၏။

၇၆၅။ မြတ်စွာဘုရားတို့၌ ရိုသေသော ပညာရှိသော သူသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင် ချီးမွမ်းထိုက်၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည့်နောက်၌ နတ်ပြည် ၌ ဖြစ်ရ၏။

ခုနစ်ခုမြောက်သော ရာဇပုတ္တပေတဝတ္ထု ပြီး၏။

## ဂ-ဂူထခါဒကပေတဝတ္ထု

၇၆၆။ (ယောကျ်ား)ကျင်ကြီးတွင်းမှတက်၍ အထီးကျန် ဆင်းရဲသူဖြစ်လျက် ရပ် တည်နေသော သင်သည် အဘယ်သူ ဖြစ်သနည်း၊ သင်သည် ယုံမှားမရှိလောက်အောင်ပင် ယုတ်ညံ့သော အသက်မွေးမှုရှိလျက် အဘယ်ကြောင့် မြည်တမ်းနေဘိသနည်း(ဟု အရှင် မဟာမောဂ္ဂလ္လာန်က မေး၏)။

၇၆၇။ အရှင်ဘုရား အကျွန်ုပ်သည် ယမမင်း နိုင်ငံ ပြိတ္တာဘုံ၌ အကျုံးဝင်သော မကောင်းသော လားရောက်ရာ 'ဒုဂ္ဂတိဘုံ'သို့ ရောက်နေရသော ပြိတ္တာ ဖြစ်ပါ၏၊ အကျွန်ုပ် သည် မကောင်းမှုကို ပြုမိခြင်းကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်ရပါ၏(ဟု ပြိတ္တာ က လျှောက်၏)။

http://www.dhammadownload.com



၇၆၈။ (ယောကျ်ား) သင်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း အဘယ် မကောင်းမှုကို ပြုခဲ့သနည်း၊ အဘယ် မကောင်းမှုကံ၏ အကျိုးအားဖြင့် ဤဆင်းရဲသို့ ရောက်ရသနည်း(ဟု အသျှင်မဟာမောဂ္ဂလ္လာန်က မေး၏)။

၇၆၉။ အရှင်ဘုရား အကျွန်ုပ်၏ ကျောင်း၌နေသော (ကျောင်းထိုင်) ရဟန်းသည် ပြုစုတတ်သူ ဒါယကာ၌ ဝန်တိုတတ်သူ သူတပါး ပေးလှူသည်ကို တားမြစ်သောအားဖြင့် ကြမ်းထမ်းသော မစ္ဆရိယရှိသူ သမဏဗြာဟ္မဏတို့ကို ဆဲရေးတတ်သူဖြစ်၍ အကျွန်ုပ်အိမ်၌ ပစ္စည်း တပ်မက်မောသော စိတ်ဖြင့် မပြတ် ဝင်ထွက်နေပါ၏။

၇၇၀။ အကျွန်ုပ်သည် ထိုရဟန်း၏စကားကို ကြားရသောကြောင့် ရဟန်းတို့ကို ဆဲ ရေးခဲ့ဘူးပါ၏၊ ထိုကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်ရပါ၏(ဟု ပြိတ္တာ က လျှောက်၏)။

၇၇၁။ (ယောကျ်ား) အဆွေခင်ပွန်း မဟုတ်ပဲ အဆွေခင်ပွန်း အသွင်ဖြင့် ဖြစ်၍ သင်၏ အိမ်သို့ မပြတ် ကပ်ရောက်တတ်သော ပညာမဲ့သော ရဟန်းသည် ကိုယ်ခန္ဓာပျက်စီး သည့်နောက် တမလွန်ဘဝ၌ အဘယ်ဂတိသို့ရောက်ရသနည်း(ဟု အသျှင်မဟာမောဂ္ဂလ္လာန် က မေး၏)။

၇၇၂။ အရှင်ဘုရား အကျွန်ုပ်သည် ယုတ်မာသော မကောင်းမှုရှိသော ထိုရဟန်း၏ ဦးခေါင်းထက်၌သာလျှင် တည်နေပါ၏၊ ပြိတ္တာဘုံသို့ရောက်သော ထို ရဟန်းပြိတ္တာသည် အကျွန်ုပ်၏ အလုပ်အကျွေးသာလျှင် ဖြစ်ပါ၏။

၇၇၃။ အရှင်ဘုရား သူတပါးတို့ စွန့်အပ်သော ကျင်ကြီးသည် အကျွန်ုပ်၏ အစာ ဘောဇဉ် ဖြစ်ပါ၏၊ ထိုရဟန်းပြိတ္တာသည်ကား အကျွန်ုပ်စွန့်အပ်သော ကျင်ကြီးကို စား သောက် မှီခိုလျက် အသက်မွေးရပါ၏(ဟု ပြိတ္တာက လျှောက်၏)။

ရှစ်ခုမြောက်သော ဂူထခါဒကပေတဝတ္ထု ပြီး၏။

---

## ၉-ဂူထခါဒကပေတိဝတ္ထု

၇၇၄။ မိန်းမ ကျင်ကြီးတွင်းမှ တက်၍ အထီးကျန် ဆင်းရဲသူဖြစ်လျက် ရပ်တည် နေသော သင်သည် အဘယ်သူဖြစ်လေသနည်း၊ မိန်းမ သင်သည် ယုံမှားမရှိလောက် အောင်ပင် ယုတ်ညံ့သော အသက်မွေးမှုရှိလျက် အဘယ်ကြောင့် မြည်တမ်းနေဘိသနည်း (ဟု အရှင်မဟာမောဂ္ဂလ္လာန်က မေး၏)။

၇၇၅။ အရှင်ဘုရား အကျွန်ုပ်သည် ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျုံးဝင်သော မကောင်းသော လားရောက်ရာ 'ဒုဂ္ဂတိဘုံ'သို့ ရောက်နေရသော ပြိတ္တာဖြစ်ပါ၏၊ အကျွန်ုပ် သည် မကောင်းမှုကို ပြုမိခြင်းကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်ရပါ၏(ဟု ပြိတ္တာက လျှောက်၏)။

၇၇၆။ မိန်းမ သင်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း အဘယ်မကောင်းမှု ကံကို ပြုခဲ့သနည်း၊ အဘယ်မကောင်းမှုကံ၏ အကျိုးအားဖြင့် ဤဆင်းရဲသို့ ရောက်ရ သနည်း (ဟု အသျှင်မဟာမောဂ္ဂလ္လာန်က မေး၏)။

http://www.dhammadownload.com



၇၇၇။ အရှင်ဘုရား အကျွန်ုပ်၏ ကျောင်း၌ နေသော (ကျောင်းထိုင်) ရဟန်းသည် ဖြူစွတတ်သူ ဒါယကာ၌ ဝန်တိုတတ်သူ သူတပါးပေးလှူသည်ကို တားမြစ်သောအားဖြင့် ကြမ်းတမ်းသောမစ္ဆရိယရှိသူ သမဏဗြာဟ္မဏတို့ကို ဆဲရေးတတ်သူဖြစ်၍ အကျွန်ုပ်အိမ်၌ ပစ္စည်းတပ်မက်မောသော စိတ်ဖြင့် မပြက် ဝင်ထွက်နေပါ၏။

၇၇၈။ အကျွန်ုပ်သည် ထိုရဟန်း၏ စကားကို ကြားရသောကြောင့် ရဟန်းတို့ကို ဆဲရေးခဲ့ဘူးပါ၏၊ ထိုကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်ရပါ၏ (ဟု ပြိတ္တာမက လျှောက်၏)။

၇၇၉။ မိန်းမ အဆွေခင်ပွန်းမဟုတ်ပဲ အဆွေခင်ပွန်းအသွင်ဖြင့်ဖြစ်၍ သင်၏အိမ်သို့ မပြတ်ကပ်ရောက်တတ်သော ပညာမဲ့သော ရဟန်းသည် ကိုယ်ခန္ဓာပျက်စီးသည့်နောက် တမလွန်ဘဝ၌ အဘယ်ဂတိသို့ လားရောက်သနည်း (ဟု အသျှင်မဟာမောဂ္ဂလ္လာန်က မေး၏)။

၇၈၀။ အရှင်ဘုရား အကျွန်ုပ်သည် ယုတ်မာသော မကောင်းမှုရှိသော ထိုရဟန်း၏ ဦးခေါင်းထက်၌သာလျှင် တည်နေရပါ၏၊ ပြိတ္တာဘုံသို့ ရောက်သော ထိုရဟန်းပြိတ္တာသည် အကျွန်ုပ်၏ အလုပ်အကျွေးသာလျှင် ဖြစ်ပါ၏။

၇၈၁။ အရှင်ဘုရား သူတပါးတို့ စွန့်ပစ်အပ်သော ကျင်ကြီးသည် အကျွန်ုပ်၏ အစာဘောဇဉ်ဖြစ်ပါ၏၊ ရဟန်းပြိတ္တာသည်ကား အကျွန်ုပ် စွန့်ပစ်အပ်သော ကျင်ကြီးကို စားသောက်မှီခိုလျက် အသက်မွေးရပါ၏(ဟု ပြိတ္တာမက လျှောက်၏)။

ကိုးခုမြောက်သော ဂူထခါဒကပေတဝတ္ထု ပြီး၏။

---

## ၁၀-ဂဏပေတဝတ္ထု

၇၈၂။ အလွန်ကြုံလှီ၍ နံရိုးပြိုင်းပြိုင်းထွက်သော အချင်းပြိတ္တာတို့ သင်တို့သည် အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ်အဆင်းသဏ္ဍာန်လည်းရှိကုန်၏၊ ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်လျက် ဤအရပ်၌ တည်နေသော သင်တို့ကား အဘယ်သူတို့ ဖြစ်ကုန်သနည်း (ဟု အသျှင်မဟာမောဂ္ဂလ္လာန်က မေး၏)။

၇၈၃။ အရှင်ဘုရား အကျွန်ုပ်တို့သည် ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျုံးဝင်သော မကောင်းသော လားရာရှိသော ပြိတ္တာတို့ဖြစ်ပါကုန်၏၊ အကျွန်ုပ်တို့သည် မကောင်းမှုကံကို ပြုခဲ့မိတုန်သောကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်ကြရပါကုန်၏ (ဟု ပြိတ္တာများက ဖြေ၏)။

၇၈၄။ အချင်းတို့ သင်တို့သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း အဘယ်မကောင်းမှုကံကို ပြုခဲ့ကြကုန်သနည်း၊ အဘယ်မကောင်းမှုကံ၏ အကျိုးအားဖြင့် ဤလူ့ပြည်မှ ပြိတ္တာဘုံသို့ ရောက်ကြရကုန်သနည်း(ဟု အသျှင်မဟာမောဂ္ဂလ္လာန်က မေး၏)။

၇၈၅။ (အရှင်ဘုရား) အကျွန်ုပ်တို့သည် မည်သူကမျှ အပိတ်အပင်မရှိသော ရေချိုးဆိပ်တို့၌ လူတို့မေ့လျော့ကျန်ရစ်ခဲ့သော ပဝက်မျဉ်စုတ်ကိုလည်း (ရလိုရငြား) ရှာမှီးခဲ့ပါ

http://www.dhammadownload.com



ကုန်၏၊ အကျွန်ုပ်တို့သည် လှူဖွယ်ဝတ္ထုတို့ရှိပါကုန်သော်လည်း မိမိ၏မှီခိုရာ ကိုင်းကျွန်း သဖွယ်ဖြစ်သော ဒါနကို မပြုလုပ်ခဲ့ပါကုန်။

၇၈၆။ အရှင်ဘုရား အကျွန်ုပ်တို့သည် ရေမွတ်သိပ်လှကုန်သည်ဖြစ်၍ မြစ်သို့ ကပ်ရောက်ပါကုန်၏၊ ယင်းသို့ ကပ်ရောက်မိကြကုန်သော် စီးနေသော မြစ်သည် ရေမရှိပဲ အချည်းနှီးဖြစ်သွားပါ၏၊ ပူသောအချိန်ကာလတို့၌ အရိပ်ရှိရာသို့ ချဉ်းကပ်ကြပါကုန်၏၊ ယင်းသို့ ချဉ်းကပ်မိကြကုန်သည်ရှိသော် အရိပ်တည်ရာအရပ်သည် နေပူဖြစ်သွားပါ၏။

၇၈၇။ အကျွန်ုပ်တို့အား လေသည် အတွေ့အားဖြင့် မီးကဲ့သို့ ပူလောင်သည်ဖြစ်၍ တိုက်ခတ်ပါ၏၊ အရှင်ဘုရား ဤဆိုအပ်ပြီးသော ဆင်းရဲကိုင်း ထိုဆင်းရဲထက် ရှန်ရင်း ကြမ်းထမ်းသော အခြားဆင်းရဲကိုင်း (မကောင်းမှုပြုခဲ့သော အကျွန်ုပ်တို့သည်) ခံစား ထိုက်ပါကုန်၏။

၇၈၈။ အကျွန်ုပ်တို့သည် ဆာလောင်ကုန်သည်ဖြစ်၍ စားသောက်ဖွယ်အာဟာရ၌ မက်မောကုန်လျက် ယူဇနာများစွာတိုင်အောင်လည်း သွားရောက်ကြပါကုန်၏၊ ဤသို့ သွားရောက်ကြပါကုန်သော်လည်း အာဟာရတစုံတရာကို မရကြကုန်ပဲသာလျှင် ပြန်ခဲ့ကြရပါကုန်၏၊ အကျွန်ုပ်တို့၏ ဘုန်းကံနည်းသောအဖြစ်သည် အံ့ဩဖွယ်ရှိလှပါ၏။

၇၈၉။ အရှင်ဘုရား အကျွန်ုပ်တို့သည် ဆာလောင်ကုန်သည်ဖြစ်၍ ဆာလောင်ခြင်းဖြင့် မူးမိုင်တွေဝေကုန်သည်ဖြစ်ရကား တုန်လှုပ်ကုန်လျက် မြေ၌ လဲကျကြရပါကုန်၏၊ တရံတခါ ပက်လက်လဲကျကုန်၍ တရံတခါ၊ မှောက်ခုံလဲကျရပါကုန်၏။

၇၉၀။ ထိုအကျွန်ုပ်တို့သည် ထိုရောက်ရာအရပ်ဝယ် မြေ၌ ပုတ်ခတ်အပ်ကုန်သကဲ့သို့ လဲကျကြရပါကုန်၏၊ ရင်ဝကိုင်း ဦးခေါင်း(နဖူး)ကိုင်း ထိခိုက်ကြပါကုန်၏၊ အကျွန်ုပ်တို့၏ ဘုန်းကံနည်းသောအဖြစ်သည် အံ့ဩဖွယ်ရှိလှပါ၏။

၇၉၁။ အရှင်ဘုရား အကျွန်ုပ်တို့သည် ဤဆိုအပ်ပြီးသော ဆင်းရဲကိုင်း ထိုဆင်းရဲ ထက် ရှန်ရင်းကြမ်းထမ်းသော အခြားဆင်းရဲကိုင်း ခံစားထိုက်ကြပါကုန်၏၊ အကျွန်ုပ်တို့ သည် လှူဖွယ်ဝတ္ထုတို့ရှိပါကုန်လျက် မိမိ၏ မှီခိုရာ ကိုင်းကျွန်းသဖွယ်ဖြစ်သော ကောင်းမှု ကို မပြုခဲ့မိကြပါကုန်။

၇၉၂။ ထိုအကျွန်ုပ်တို့သည် ဤပြိတ္တာဘဝမှ သွားရောက်၍ လူ့ဘဝကို ရကြပါကုန် သော် အလှူခံကိုစကားကို သိကုန်သည်ဖြစ်၍ သီလနှင့်ပြည့်စုံကာ များစွာသော ကုသိုလ် ကံကို ပြုကြပါကုန်အံ့ (ဟု ပြိတ္တာများက လျှောက်၏)။

ဆယ်ခုမြောက်သော ဂဏပေတဝတ္ထု ပြီး၏။

---

## ၁၁-ပါဋလိပုတ္တပေတဝတ္ထု

၇၉၃။ ရှင်မ သင်သည် ငရဲတို့ကိုင်း နဂါးဂဠုန်စသော တိရစ္ဆာန်တို့ကိုင်း ပြိတ္တာ တို့ကိုင်း အသုရာတို့ကိုင်း တွေ့မြင်ဘူးကုန်ပြီ၊ ထိုမှတပါး လူတို့ကိုင်း စာတုမဟာရာဇ် နတ်တို့ကိုင်း မြင်အပ်ဘူးကုန်ပြီ၊ သင်သည် မိမိပြုအပ်သော ကံတို့၏ အကျိုးကို ကိုယ်တိုင်

http://www.dhammadownload.com



ပင်မြင်ရပြီ၊ ငါသည် ယခုအခါ တစုံတရာမျှ ဆုတ်ယုတ်ပျက်စီးခြင်း မရှိသော သင့်ကို ပါဋလိပုတ်ပြည်သို့ ပို့ဆောင်အံ့၊ ထိုပါဋလိပုတ်ပြည်သို့ သွား၍ ကုသိုလ်ကောင်းမှုကို ပြုလေလော့ (ဟု ပြိတ္တာက ပြန်ရန် တောင်းပန်သော မိန်းမကို ပြော၏)။

၇၉၄။ နတ်သား သင်သည် အကျွန်ုပ်၏ အကျိုးကို အလိုရှိပါ၏၊ နတ်သား သင်သည် အကျွန်ုပ်၏ အစီးအပွါးကို အလိုရှိပါ၏၊ အကျွန်ုပ်သည် သင်၏ စကားကို လိုက်နာပါအံ့၊ သင်သည် အကျွန်ုပ်၏ ဆရာဖြစ်ပါ၏။

၇၉၅။ နတ်သား အကျွန်ုပ်သည် ရေဲတို့ကိုင်း နဂါး ဂဠုန်စသော တိရစ္ဆာန်တို့ကိုင်း ပြိတ္တာတို့ကိုင်း အသုရာတို့ကိုင်း တွေ့မြင်ဘူးကုန်ပြီ၊ ထိုမှတပါး လူတို့ကိုင်း စာတု-မဟာရာဇ်နတ်တို့ကိုင်း တွေ့မြင်ဘူးကုန်ပြီ၊ အကျွန်ုပ်သည် မိမိပြုအပ်သော ကံတို့၏ အကျိုးကို ကိုယ်တိုင်ပင် မြင်ရပါပြီ(ပါဋလိပုတ်ပြည်သို့ သွားရောက်၍)များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုပါအံ့ (ဟု မိန်းမက ပြန်ပြော၏)။

၉ တဆယ့်တခုမြောက်သော ပါဋလိပုတ္တပေတဝတ္ထု ပြီး၏။

---

## ၁၂-အမ္ဗဝနပေတဝတ္ထု

၇၉၆။ သင်၏ ဤရေကန်သည် အလွန်နှလုံးမွေ့လျော်ဖွယ်ရှိ၍ ညီညွတ်သော အပြင်လည်း ရှိပေ၏၊ ကောင်းသော ဆိပ်ကမ်းလည်းရှိ၏၊ များသောရေလည်း ရှိ၏၊ ကောင်းစွာ ပွင့်သော ပန်းလည်း ရှိ၏၊ ပျားပိတုန်းအပေါင်းတို့ဖြင့် ပြွမ်း၏၊ သင်သည် နှစ်သက်ဖွယ်သော ဤရေကန်ကို အဘယ်အကြောင်းကြောင့် ရအပ်သနည်း။

၇၉၇။ နတ်သား သင်၏ ဤသရက်ဥယျာဉ်သည် အလွန်နှလုံးမွေ့လျော်ဖွယ် ရှိ၏၊ ဥတုသုံးပါးလုံး ချမ်းသာကို ရွက်ဆောင်လျက် အသီးတို့ကို ဆောင်၏၊ အခါခပ်သိမ်း ပွင့်၏၊ ပျားပိတုန်းအပေါင်းတို့ဖြင့် ပြွမ်း၏၊ ဤဗိမာန်ကို သင်သည် အဘယ်အကြောင်းကြောင့် ရအပ်သနည်း(ဟု ကုန်သည်များက မေး၏)။

၇၉၈။ ကုန်သည်တို့ အကျွန်ုပ်၏သမီးသည် အကျွန်ုပ်ကိုရည်၍ သရက်သီးမှည့်ကိုင်း ရေကိုင်း ယာဂုကိုင်း ပေးလှူ၏၊ သမီး၏ ထိုပေးလှူသော အလှူကြောင့် ဤသရက်ဥယျာဉ်၌ သရက်သီးမှည့်ကိုင်း ဤရေကန်၌ ရေကိုင်း ဤဗိမာန်ပဒေသာပင်စသည်တို့၌ နှလုံးမွေ့လျော်ဖွယ်ရှိ၍ ချမ်းသေသာအရိပ်ကို အကျွန်ုပ်ရပါ၏(ဟု ပြိတ္တာက ပြောဆို၏)။

၇၉၉။ အလှူပေးခြင်း၏ငင်း ဣန္ဒြေကို ဆုံးမခြင်း၏ငင်း သီလစောင့်ထိန်းခြင်း၏ငင်း အကျိုးကို(ကုသိုလ်ကံသည် ဤသို့ပင် မျက်မှောက်ဘဝ၌ ခံစားအပ်သော အကျိုးရှိ၏ဟု) ကြည့်ရှုကုန်လော့၊ အကျွန်ုပ်သည် ရှေးက အရှင်သခင်အိမ်တို့၌ ကျွန်မဖြစ်ပြီး၍ ယခုအခါ အိမ်ကို အစိုးရသော ချွေးမဖြစ်ပါ၏(ဟု ပြိတ္တာ၏ သမီးက ရွတ်ဆို၏)*။

တဆယ့်နှစ်ခုမြောက်သော အမ္ဗဝနပေတဝတ္ထု ပြီး၏။

---

* ဤဂါထာသည် ပြိတ္တာ၏ သမီးက ရွတ်ဆိုသော ဂါထာတည်း။

http://www.dhammadownload.com



## ၁၃-အက္ခရုက္ခပေတဝတ္ထု

၈၀၀။ အချင်းဥပါသကာ ဒါယကာသည် အကြင်လှူဖွယ်ဝတ္ထုကို ပေးလှူ၏၊ ထိုလှူဖွယ်ဝတ္ထုသည် (တမလွန် လောကဥ္စသာ ထိုအလှူ၏ အကျိုးဖြစ်သည် မဟုတ်) စင်စစ်သော်ကား အခြားတပါး များစွာသော ကောင်းကျိုးသည် ဖြစ်သေး၏၊ ထိုကြောင့် သင်တို့သည် အလှူကို ပေးလှူသင့်ကုန်သည်သာတည်း၊ ပညာရှိသည် ပေးလှူခြင်းကြောင့် ပစ္စုပ္ပန် သံသရာ၌ ဖြစ်ဆဲ ဖြစ်လတ္တံ့သော ဆင်းရဲ နှစ်ပါးကို လွန်မြောက်နိုင်၏၊ ထိုအလှူပေးခြင်းကြောင့် ပစ္စုပ္ပန်သံသရာ၌ ဖြစ်ဆဲ ဖြစ်လတ္တံ့သော ချမ်းသာနှစ်မျိုးသို့ ရောက်နိုင်၏၊ သင်တို့သည် နိုးကြားကြကုန်လော့၊ မမေ့လျော့ကြကုန်လင့် (ဟု ဘုမ္မဇိုဝ်းနတ်က ဆို၏)။

တဆယ့်သုံးခုမြောက်သော အက္ခရုက္ခပေတဝတ္ထု ပြီး၏။

---

## ၁၄-ဘောဂသံဟရပေတဝတ္ထု

၈၀၁။ ငါတို့သည် ရှေးဘဝက စည်းစိမ်ချမ်းသာတို့ကို အသင့်အားဖြင့်ရင်း မသင့်သော အားဖြင့်ရင်း ဆောင်ယူစုဆောင်းခဲ့ပါကုန်၏၊ ထိုစုဆောင်းခဲ့သော စည်းစိမ်ဥစ္စာတို့ကို သူတပါးတို့ သုံးဆောင်ခံစားကုန်၏၊ ငါတို့မူကား ပြိတ္တာဘုံ၌ ဖြစ်သော ဆင်းရဲအဘို့မျှသာ ရှိကုန်၏ (ဟု ဈေးသည်ဖြစ်ကြကုန်၍ စဉ်းလဲရောင်းချဘူးကုန်သော ပြိတ္တာမတို့က အော်ဟစ်ကုန်၏)။

တဆယ့်လေးခုမြောက်သော ဘောဂသံဟရပေတဝတ္ထု ပြီး၏။

---

## ၁၅-သေဋ္ဌိပုတ္တပေတဝတ္ထု

၈၀၂။ အချင်းတို့ အချင်းခပ်သိမ်း လောဟကုမ္ဘီငရဲ၌ ကျက်ကြကုန်သော ငါတို့အား အနှစ်ခြောက်သောင်းတို့ ပြည့်ခဲ့ကုန်ပြီ၊ ငါတို့အား ဘယ်အခါ ဤဆင်းရဲ၏ အဆုံးသည် ဖြစ်ပါလတ္တံ့နည်း။

၈၀၃။ အချင်းတို့ အကြင်သို့သော အပြားအားဖြင့် သင့်အားရင်း ငါ့အားရင်း ဤဆင်းရဲ၏ အဆုံးမရှိ၊ ဤဆင်းရဲ၏ အဆုံးသည် အဘယ်မှာရှိနိုင်ပါတော့အံ့နည်း၊ ဤဆင်းရဲ၏ အဆုံးကို မတွေ့မမြင်နိုင်၊ ထိုသို့သော အပြားအားဖြင့် သင်သည်ရင်း ငါသည်ရင်း မကောင်းမှုကို ပြုအပ်ခဲ့ပြီ။

၈၀၄။ အကြင်ငါတို့သည် လှူဖွယ်ဝတ္ထုတို့ ထင်ရှားရှိပါကုန်လျက် မပေးမလှူခဲ့မိကြပါကုန်၊ မိမိ၏ မှီခိုရာ ကိုင်းကျွန်းသဖွယ် ဖြစ်သော ကုသိုလ်ကောင်းမှုကို မပြုမိကြပါကုန်၊ ထိုငါတို့သည် ပညာရှိတို့ ကဲ့ရဲ့ထိုက်သော အသက်ရှည်ခြင်းဖြင့် အသက်ရှည်ခဲ့ကြရပါကုန်၏။

http://www.dhammadownload.com



၈၀၅။ ထိုငါသည် ဤရေမှ သွား၍ လူ့ဘဝကို ရပါမူ အလှူခံပုဂ္ဂိုလ်တို့ ပြောဆိုသော စကားကို သိတတ်သူ သီလနှင့်ပြည့်စုံသူဖြစ်၍ များစွာသော ကောင်းမှုကုသိုလ်ကို ပြုပါတော့အံ့၊ (ဤသို့ သူဌေးသားလေးယောက်တို့ ရွတ်ဆိုကြကုန်၏*)။

တဆယ့်ငါးခုမြောက်သော သေဋ္ဌိပုတ္တပေတဝတ္ထု ပြီး၏။

## ၁၆-သင္ဂိကူဋပေတဝတ္ထု

၈၀၆။ ယောကျ်ား အဘယ်အကြောင်းကြောင့် သင်သည် ရူးသော သူကဲ့သို့ရင်း ကြောက်လန့်သဖြင့် တုန်လှုပ်သော သားသမင်ကဲ့သို့ရင်း ထိုမှ ဤမှ ပြေးသွားသနည်း၊ ယောကျ်ား သင်သည် ယုံမှားမရှိလောက်အောင်ပင် ယုတ်ညံ့သော အသက်မွေးမှုရှိလျက် အဘယ်အကြောင်းကြောင့် မြည်တမ်းနေဘိသနည်း (ဟု အသျှင်မဟာမောဂ္ဂလ္လာန်က မေး၏)။

၈၀၇။ အရှင်ဘုရား အကျွန်ုပ်သည် ယမမင်းနိုင်ငံ ပြိတ္တာဘုံ၌ အကျုံးဝင်သော မကောင်းသော လားရာဒုဂ္ဂတိဘုံသို့ လားရောက်ရသော ပြိတ္တာဖြစ်ပါ၏၊ အရှင်ဘုရား အကျွန်ုပ်သည် မကောင်းမှုကံကို ပြုခဲ့မိသောကြောင့် ဤလူ့ဘုံမှ ပြိတ္တာဘုံသို့ ရောက်ရပါ၏။

၈၀၈။ အရှင်ဘုရား အယုတ်အလွန် မရှိမူ၍ ခြောက်သောင်းတိတိပြည့်သော သံတူတို့သည် အကျွန်ုပ်၏ ဦးခေါင်း၌ အချင်းခပ်သိမ်း ကျပါကုန်၏၊ ထိုခြောက်သောင်းသော သံတူတို့သည် အကျွန်ုပ်၏ ဦးခေါင်းကို ခွဲလည်း ခွဲကြပါကုန်၏ (ဟု ပြိတ္တာက လျှောက်၏)။

၈၀၉။ ယောကျ်ား သင်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း အဘယ် မကောင်းမှုကံကို ပြုခဲ့သနည်း၊ အဘယ် မကောင်းမှုကံ၏ အကျိုးကြောင့် ဤဆင်းရဲကို ခံရဘိသနည်း။

၈၁၀။ အယုတ်အလွန် မရှိမူ၍ ခြောက်သောင်းတိတိပြည့်သော သံတူတို့သည် သင်၏ ဦးခေါင်း၌ အချင်းခပ်သိမ်း အဘယ်ကြောင့် ကျကုန်သနည်း၊ ထိုခြောက်သောင်းသော သံတူတို့သည် သင့်ဦးခေါင်းကို အဘယ်ကြောင့် ခွဲလည်း ခွဲကြကုန်သနည်း (ဟု အသျှင် မဟာမောဂ္ဂလ္လာန်က ထပ်မေး၏)။

၈၁၁။ အရှင်ဘုရား အကျွန်ုပ်သည် သစ်ပင်ရင်း၌ ထိုင်နေတော်မူသော အရိယာမဂ်ဖြင့် ပွါးစေအပ်ပြီးသည့်ဣန္ဒြေရှိသော အရဟတ္တဖိုလ်စျာန်လည်းရှိသော ကိလေသာကြောင့် ဖြစ်သည့် ဘေးလည်း မရှိသော သုနေတ္တအမည်ရှိသော ပစ္စေကဗုဒ္ဓါကို မြင်ခဲ့ပါ၏။

၈၁၂။ (ထိုအခါ) ထိုပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းကို ကျောက်စရစ်တို့ဖြင့် ပစ်ခတ်သော အားဖြင့် ခွဲခဲ့ဘူးပါ၏၊ အရှင်ဘုရား ထိုကံ၏အကျိုးကြောင့် ဤသို့သော ဆင်းရဲကို ခံရပါ၏။

---

* ယခု လူတို့ ဒု သ န သောဟုသိနေကြသော ဂါထာလေးပုဒ်သည် ငရဲသတ္တဝါလေးဦးတို့ လောဟကုမ္ဘီငရဲမှ တလုံးစီသာ ရွတ်ဆိုနိုင်သော ဂါထာလေးပုဒ်ဖြစ်သည်။

http://www.dhammadownload.com



၈၁၃။ အယုတ်အလွန်မရှိမှု၍ ခြောက်သောင်းတိတိပြည့်သော သံတူတို့သည် အကျွန်ုပ်၏ ဦးခေါင်း၌ အချင်းခပ်သိမ်း ကျပါကုန်၏၊ ထိုခြောက်သောင်းသော သံတူတို့သည် အကျွန်ုပ်၏ ဦးခေါင်းကို ခွဲလည်း ခွဲကြပါကုန်၏(ဟု ပြိတ္တာက ထပ်လျှောက်၏)။

၈၁၄။ ယုတ်မာသော ယောက်ျား သင်ပြုသော အကြောင်းအားလျော်စွာ အယုတ်အလွန်မရှိမှု၍ ထိုခြောက်သောင်းတိတိပြည့်သော သံတူတို့သည် သင့်ဦးခေါင်း၌ အချင်းခပ်သိမ်း ကျကုန်၏၊ ထိုခြောက်သောင်းသော သံတူတို့သည် သင့်ဦးခေါင်းကို ခွဲလည်း ခွဲကြကုန်၏။

တဆယ့်ခြောက်ခုမြောက်သော သဋ္ဌိကူဋပေတဝတ္ထု ပြီး၏။

လေးခုမြောက်သော မဟာဝဂ် ပြီး၏။

# ပေတဝတ္ထုပါဠိတော် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com



# မှတ်သားဖွယ်အက္ခရာစဉ်

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အံသဗဒ္ဓကဒါယိကာဝိမာနဝတ္ထု | ၄၇ |
| အကုသိုလ်ကံကြောင့် မျက်စိမှ အညစ် အကြေးယိုစီးနေခြင်း | ၁၅၅ |
| အင်ကြင်းပန်းကို လှူဒါန်းခြင်းအကျိုး | ၅၆ |
| အင်းပျဉ်ငယ်ကိုပေးလှူခြင်းအကျိုး | ၂ |
| အင်္ကုရနတ်သားအကြောင်း | ၁၅၆ |
| အင်္ကုရနတ်သားထက် ဣန္ဒကနတ်သားက ပိုလွန်သော ဆယ်ပါးသော အကြောင်း | ၁၅၈ |
| အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့၏ အကျိုးပေးထူးခြားပုံ | ၁၅၈ |
| အင်္ကုရပေတဝတ္ထု | ၁၅၂ |
| အက္ခရုက္ခပေတဝတ္ထု | ၂၁၄ |
| အချင်းချင်း သတ်ပုတ်၍ ထွက်သည့် သွေးပြည်တို့ကို စားနေရသော ပြိတ္တာလင်မယားနှင့် သာမဏေ တွေ့၍ မေးမြန်းပြောဆိုခြင်း | ၁၃၄ |
| အဂ္ဂသာဝကအစုံကို လုပ်ကျွေးရခြင်း အကျိုး | ၂၇ |
| အဂ္ဂသာဝကနှစ်ပါးတို့ကို ဖူးမြင်ရခြင်း၏ အကျိုး | ၁၀၁ |
| အစ္စိမတီနတ်သမီး | ၃၇ |
| အဇာတသတ်မင်းနှင့် ပြိတ္တာတို့ မေး မြန်းပြောဆိုခြင်း | ၁၅၁ |
| အဇာတသတ်မင်း ပြိတ္တာအတွက် အလှူ ပေးခြင်း | ၁၅၂ |
| အဆွေခင်ပွန်းဖျက်သောသူ | ၁၅၃ |
| အတိဒါရုဏီနတ်သမီး | ၂၂ |
| အဒိန္နပုဗ္ဗကပုဏ္ဏားနှင့် မဋ္ဌကုဏ္ဍလီ နတ် သား တွေ့ဆုံခြင်း | ၁၄၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အဒိန္နပုဗ္ဗကပုဏ္ဏား သရဏဂုံသီလ ဆောက်တည်ခြင်း | ၁၁၄ |
| အန္ဓကဝိန္ဒမြို့ | ၅၉၊၁၀၅၊၁၅၁၊ |
| အန္ဓကဝေဏ္ဍု၏သားများ | ၈၈ |
| အနုရုဒ္ဓါ(အသျှင်)နှင့်နတ်သမီး မေး မြန်းပြောဆိုခြင်း | ၆၁ |
| အနေကဝဏ္ဏဝိမာနဝတ္ထု | ၁၁၁ |
| အနောတတ္တအိုင် | ၃၇ |
| အနှစ်ရှစ်သောင်းလေးထောင်တို့ပတ် လုံး ခြောက်ကြိမ်တိုင်တိုင် အဝီစိ ငရဲ၌ ခံစားရသောမင်းသား | ၂၀၉ |
| အနှစ်သုံးကုဋေခြောက်သောင်းတို့ပတ် လုံး နတ်ပြည်၌ တည်နေသော နတ်သမီး | ၃၀ |
| အပရကမ္မကာရိနီဝိမာနဝတ္ထု | ၄၄ |
| အပုပ်နံ့လှိုင်သော ခံတွင်းရှိသော ပြိတ္တာ၏ ရှေးအကြောင်း | ၁၂၆၊၁၇၉ |
| အဖ၏ရင်း တပါးသောသူတို့၏ရင်း ပူဆွေးမှု သောကမှ ဆုတ်နစ်စေ ခြင်းကို ပြုလုပ်ရာ၏ဟု မြတ်စွာ ဘုရားဟောတော်မူခြင်း | ၁၃၁ |
| အဖျော်လှူခြင်းအကျိုး | ၉၅၊၁၅၅ |
| အဘိဇ္ဇမာနပေတဝတ္ထု | ၁၆၆ |
| အမိအဖတို့အား လုပ်ကျွေးအပ်ကြောင်း ကို ပြိတ္တာက ဆုံးမပြောဆိုခြင်း | ၁၅၁ |
| အမိ အဖ နှစ်မငယ် မယား ကျေးကျွန် တို့ တရားရခြင်း | ၁၃၅ |
| အမိကိုညှဉ်းဆဲသော သားမိုက်၏ ပြိတ္တာဘဝခံစားရပုံ | ၁၇၂ |
| အမ္ဗကဉ္ဇိကဒါယိကာဝိမာနဝတ္ထု | ၄၆ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အမ္ဗဝနပေတဝတ္ထု | ၂၁၃ |
| အမ္ဗဝနဝိမာနဝတ္ထု | ၁၀၅ |
| အမ္ဗဝိမာနဝတ္ထု | ၆၅ |
| အမ္ဗသက္ကရပေတဝတ္ထု | ၁၈၁ |
| အမျက်မထွက်ခြင်းအကျိုး | ၁၇ |
| အမျက်မထွက်သူ၏အကျိုးပေး | ၃၆ |
| အမြစ်ခဲဖွယ်လှူဒါန်းခြင်းအကျိုး | ၄၆ |
| အရသာကို ပေးလှူတတ်သော မိန်းမ အကြောင်း | ၄၂ |
| အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်း တောက်ပစေသော အရောင် အ ဆင်းရှိသည့်နတ်သမီးများ | ၂-၃-၄ |
| အရိပ်နေလျက် အခက်ချိုးခြင်း | ၁၅၃ |
| အရောင်ထွန်းတောက်ပသော ဗိမာန် ကို ရစေနိုင်သည့်ကောင်းမှု | ၁၁ |
| အလမ္ဗုသာနတ်သမီး | ၂၂ |
| အလှူအိမ်ကို ညွှန်ပြခဲ့သောကောင်းမှု အကျိုး | ၁၅၄ |
| အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်စိစစ် အပ်ကြောင်း | ၁၅၉ |
| အလှူခံပုဂ္ဂိုလ်ကိုရှိခိုးခြင်းအကျိုး | ၂ |
| အလှူဒါနပြုရန် မမေ့အပ်ကြောင်းကို ပြိတ္တာလင်မယားက လျှောက် ထားခြင်း | ၁၃၄ |
| အလှူဒါန၏ပြည့်စုံခြင်း | ၁၅၇ |
| အလှူဒါနပြုခဲ့သောသားသမီးများ နှင့် ဝန်တိုတတ်သော မိဖနှစ်ပါး တို့၏ အကျိုးပေးပုံ | ၁၃၃ |
| အလှူဒါနပြုခြင်းအကျိုး | ၁၃၊၈၃၊၂၁၃ |
| အလှူပေးလှူကြမည့်သူများအား တားမြစ်ခဲ့ဘူးသူ | ၂၀၀ |
| အလောမဝိမာနဝတ္ထု | ၅၉ |
| အလောမမည်သောနတ်သမီး | ၅၉ |
| အလိုရှိရာသွားလာနိုင်သော အင်းပျဉ်ဗိမာန် | ၂-၃-၄ |
| အဝတ်အရုံကိုပေးလှူခြင်း အကျိုး | ၂၆၊၂၈၊၃၀၊၁၅၄ |
| အဝတ်ကိုခိုးယူခဲ့သော မတ္တာ မည်သော မယားကြီး၏ပြိတ္တာဘဝခံစားရပုံ | ၁၄၁ |
| အဝတ်ကိုပေးလှူသောမိန်းမအကြောင်း | ၃၉ |
| အဝတ်ပုဆိုးကိုပေးလှူခြင်းအကျိုး | ၂၈၊၁၅၅ |
| အဝတ်ပုဆိုးကို ဝတ်လေဟု ပေးလျှင် ပြိတ္တာများ မဝတ်ရခြင်း | ၁၃၂ |
| အဝတ်မပါ စက်ဆုပ်ရွံရှာဖွယ်အဆင်း ရှိသောပြိတ္တာနှင့် ကုန်သည်တို့ တွေ့ဆုံခြင်း | ၁၄၉ |
| အဝတ်မပါစက်ဆုပ်ရွံရှာဖွယ်သော အဆင်းရှိလျက် ကိုယ်နံ့မကောင်း ယင်ကောင်တို့ဖြင့်ဝိုင်းအုံနေသော ပြိတ္တာမနှင့် သံဃာ့မဟာထေရ်တို့ တွေ့ဆုံခြင်း | ၁၂၉ |
| အဝတ်မိုးသောကျောင်းကို ပေးလှူ ခြင်းအကျိုး | ၈၆ |
| အသကမင်း၏သား သုဇာတ | ၈၇ |
| အသယှသူဌေး | ၁၅၄ |
| အသယှသူဌေး၏ လားရာဂတိ | ၁၅၅ |
| အသဒိသအလှူကြီးပေးလှူခြင်းအကျိုး | ၉၄ |
| အသက်ကင်းသောနွားအိုကြီးကို ဥပမာပြု၍ ဖခင်၏သောကမီးကို ငြိမ်းအေးစေသော သုဇာတလုလင် | ၁၃၀ |
| အသက်ဇီဝအကြောင်း | ၂၀၁ |
| အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်း အကျိုး | ၁၄ |
| [အာ] | |
| အာစာမဒါယိကာဝိမာနဝတ္ထု | ၂၄ |
| အာယောဂပဋ္ဋဒါယိကာဝိမာနဝတ္ထု | ၄၇ |
| အာယောဂပဋ္ဋလှူခြင်းအကျိုး | ၄၇ |
| အာရာမ်သစ်ပင်စိုက်ပျိုးခြင်းအကျိုး | ၁၀၄ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ အာ ]

အာလမ္ဗတူရိယာစသောတူရိယာ ခြောက်သောင်း ၂၁
အာလမ္ဗရစည် ၁၉၃

[ ဣ ]

ဣန္ဒကလုလင်သည် အသျှင်အနုရုဒ္ဓါအား တဇွန်းတယောက်မျှသောဆွမ်းကို လှူဒါန်းခြင်း ၁၅၀
ဣန္ဒြေကိုဆုံးမခြင်းအကျိုး ၂၁၃

[ ဥ ]

ဥစ္စာစပါး အသက်တိုသည် ခဏတာ မျှသာဖြစ်သည်ဟု ပညာရှိတို့ဆိုခြင်း ၁၃၄
ဥစ္ဆုဒါယိကာဝိမာနဝတ္ထု ၃၄
ဥစ္ဆုခဏ္ဍိကဒါယိကာဝိမာနဝတ္ထု ၄၅
ဥစ္ဆုပေတဝတ္ထု ၂၀၆
ဥစ္ဆုဝိမာနဝတ္ထု ၆၇
ဥစ္ဆေဒဒိဋ္ဌိအယူ ၁၉၄
ဥတ္တရမာတုပေတိဝတ္ထု ၁၅၉
ဥတ္တရလုလင်၏မိခင်ပြိတ္တာမအကြောင်း ၁၆၀
ဥတ္တရာဥပါသိကာမဖြစ်ခဲ့ဘူးသော နတ်သမီးနှင့်အသျှင်မဟာမောဂ္ဂလ္လာန် တွေ့ဆုံမေးမြန်းခြင်း ၁၀
ဥတ္တရာဥပါသိကာမက သေလွန်သော အဖအား ရောက်ပါစေဟု အမျှ ဝေခြင်း ၂၀၂
ဥဒကဒါယိကာဝိမာနဝတ္ထု ၄၃
ဥဒေါင်းတောင်တို့ဖြင့်ပြုအပ်သော ခြင်နှင်ယပ်လှူခြင်းအကျိုး ၄၇
ဥတ္တရာဝိမာနဝတ္ထု ၁၆
ဥပဋ္ဌာနဝိမာနဝတ္ထု ၄၃
ဥပါဟနဒါယိကာဝိမာနဝတ္ထု ၄၇
ဥပုသ်ကျင့်သုံးခြင်းအကျိုး ၁၇၊၅၄
ဥပုသ်စောင့်ခြင်း၌ မမေ့လျော့သူ၏ အကျိုးပေး ၃၆

[ ဥ ]

ဥပေါသထာမည်သောနတ်သမီး သောတာပန်ဖြစ်ခြင်း ၃၀
ဥပေါသထာဝိမာနဝတ္ထု ၂၀
ဥဗ္ဗရိပေတဝတ္ထု ၁၆၃
ဥဗ္ဗရိမိဖုရား ဗြဟ္မာ့ပြည်သို့ရောက်ခြင်း ၁၆၅
ဥဗ္ဗရိမိဖုရားရသေ့ရဟန်းဘောင်သို့ ပြောင်း၍ ဗြဟ္မာ့ပြည်သို့ရောက်ရန် မေတ္တာပွါးများခြင်း ၁၆၅
ဥရဂပေတဝတ္ထု ၁၃၄
ဥရုဝေဠမည်သောရွာ ၁၆၅
ဥဠာရဝိမာနဝတ္ထု ၃၃

[ ဦ ]

ဦးဆောက်ပန်းလှူခြင်းအကျိုး ၅၇

[ ဧ-အို ]

ဧကူပေါသထဝိမာနဝတ္ထု ၄၃
ဏေ်ဖဿာနတ်သမီး ၂၂
ဧသိကတိုင်း ပဏ္ဏကတမြို့ ၆၃
ဧဠာလုကဒါယိကာဝိမာနဝတ္ထု ၄၆
အိပ်ရာနေရာလှူခြင်းအကျိုး ၂၆၊၂၀
အိပ်ရာပေါ်တွင် ခွေးလှေးသီးကို ကြဲချခဲ့သောမကောင်းမှုကြောင့် ပြိတ္တာဘဝခံစားရပုံ ၁၄၀
အိမ်စောင့်နတ်ကိုအကြောင်းပြု၍ ပေးလှူခြင်းအကျိုး ၁၂၆
အိုခြင်း သေခြင်းတရား ၁၄၀
အိုခြင်း သေခြင်းနှိပ်စက်ပုံ ၈၀
အိုးကွဲဥပမာပြ၍ သောကမီးကို ငြိမ်းသတ်ပုံ ၁၃၅
အိုးကင်းမှုံ့ကိုပေးလှူခြင်းအကျိုး ၃၃

[ က ]

ကက္ကဋကရသဒါယကဝိမာနဝတ္ထု ၈၀
ကဉ္ဇိကဒါယိကာဝိမာနဝတ္ထု ၄၆

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကချေသည်တို့ဖြင့် တင့်တယ်သော နတ်သမီးနှင့် အသျှင်မဟာမောဂ္ဂလ္လာန် တွေ့ဆုံမေးမြန်းပြောဆိုခြင်း | ၁၃ |
| ကဉ္ဇိကဒါယိကာဝိမာနဝတ္ထု | ၅၉ |
| ကဏ္ဍကမြင်းအကြောင်း | ၁၀၀ |
| ကဏ္ဍကနတ်သား၏ ရှေးအကြောင်း | ၁၀၀ |
| ကဏ္ဍကဝိမာနဝတ္ထု | ၁၀၁ |
| ကဏ္ဍမုဏ္ဍပေတီဝတ္ထု | ၁၆၁ |
| ကဏှအနွယ်ဖြစ်သောဝါသုဒေဝမင်း | ၁၄၇ |
| ကဏှပေတဝတ္ထု | ၁၄၇ |
| ကတွတ်မှုံ့လှူခြင်းအကျိုး | ၄၀ |
| ကဿပဘုရားရှင်အားပူးမြင်ရခြင်း အကျိုး | ၉၃ |
| ကာယဗန္ဓနဒါယိကာဝိမာနဝတ္ထု | ၄၇ |
| ကိတဝမင်း၏သား | ၂၀၀ |
| ကိမိလမြို့သူအကျင့်ပျက်မ ပြိတ္တာဘဝ ခံစားရပုံ | ၁၆၃ |
| ကုဋ္ဌရမည်သောဆင်ဖြူ | ၁၃၃ |
| ကုဋ္ဌရဝိမာနဝတ္ထု | ၅ |
| ကုဏ္ဍိမြို့သား ပေါဋ္ဌပါဒမထေရ် သာဏတောင်၌ သီတင်းသုံးနေတော်မူခြင်း | ၁၆၀ |
| ကုမာရကဿပမည်သောရဟန်း | ၁၃၄ |
| ကုမာရပေတဝတ္ထု | ၁၇၃၊ ၂၀၇ |
| ကုမာရကဿပ (အသျှင်)ကမေးခြင်း | ၁၀၁ |
| ကုသိုလ်ကောင်းမှုအနည်းငယ်မျှသာ ပြုခဲ့ရသောပြိတ္တာမ | ၁၃၂ |
| ကုသိုလ်ကောင်းမှုကံကြောင့် ထူးကဲ သာလွန်သောအကြောင်း လေးပါးကိုရခြင်း | ၇၇ |
| ကုသိုလ်ကောင်းမှုပြုခြင်းအကျိုး | ၂၂ |
| ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေလျှင် ပြိတ္တာများအကျိုးခံစားရပုံ | ၁၃၂ |
| ကုသိုလ်ကောင်းမှုပြုသူနတ်ပြည်သို့ ရောက်ခြင်း | ၁၆၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကုသိုလ်ကောင်းမှုပြုသည်ကိုတားမြစ် ခဲ့သောသူ၏ ပြိတ္တာဘဝ ခံစားရပုံ | ၁၀၀ |
| ကုသိုလ်ကောင်းမှုဟူသောကျွန်း | ၁၅၀ |
| ကုသိုလ်မှုမပြုရန်တားမြစ်ခဲ့သူ ခံစား ရသောအပြစ် | ၁၅၄ |
| ကုသိုလ်ကံ၏ မျက်မှောက်ဘဝ ခံစား ရခြင်း | ၂၁၃ |
| ကူဋဝိနိစ္ဆယိကပေတဝတ္ထု | ၁၇၀ |
| ကေသဝမင်း | ၁၄၇ |
| ကေဝဋ္ဋအမည်ရှိသောတံငါ | ၂၃ |
| ကေသဝမင်းနှင့် ဃဋပဏ္ဍိတတို့စကား ဆိုခြင်း | ၁၄၇ |
| ကေသကာရီဝိမာနဝတ္ထု | ၂၀ |
| ကေသကာရီ မိန်းမအကြောင်း | ၂၀ |
| ကောလိယအမတ်သည် ပြိတ္တာအား မှုံ့ ထမင်း အဝတ် ပုဆိုးအစုံကိုပေးခြင်း | ၁၆၆ |
| ကုန်းတိုက်သူ ဟမလန့်ဘဝ၌ ခံစားရပုံ | ၁၂၆ |
| ကောက်ကျစ်စဉ်းလဲသောကုန်သည်၏ ပြိတ္တာဘဝ ခံစားရပုံ | ၁၇၂ |
| ကောင်းမွန်နူးညံ့သောအဝတ်တို့ကို ပေး သော်လည်း သံပြားကဲ့သို့ဖြစ်ခြင်း | ၁၃၁ |
| ကောင်းမှု၏အကျိုး | ၁၆၀ |
| ကိုယ်ထိလက်ရောက်ပေးလှူခြင်းအကျိုး | ၄ |
| ကိုယ်နံ့မွှေးကြိုင်ရခြင်း၏ ရှေးကောင်းမှု | ၅၅ |
| ကိုယ်မှာရှေ့အဆင်းမျက်နှာကား ဝက် မျက်နှာနှင့်တူသောပြိတ္တာ | ၁၂၅ |
| ကိုယ်ရောင်တောက်ပစေနိုင်သော ကောင်းမှု | ၁၂၉ |
| ကိုယ်ဝန်ချသူအပြစ်ခံရပုံ | ၁၂၉ |
| ကျင်ကြီး ကျင်ငယ် သွေး ပြည်ကို စားနေရသောပြိတ္တာမ | ၁၃၁ |
| ကျင်ကြီးကိုသာစားနေရသော ပြိတ္တာမ | ၂၀၉-၂၁၀ |
| ကျောင်းအိပ်ရာ နေရာလှူခြင်း အကျိုး | ၅၄၊၁၅၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[က]** | |
| ကျောင်းတော်ကို မိမိလက်တို့ဖြင့် ဆောက်လုပ်ခြင်းအကျိုး | ၁၀၅ |
| ကြာပန်းတို့ကိုပေးလှူခြင်းအကျိုး | ၆ |
| ကြံကိုနောက်ပြန်ပေးခဲ့မိ၍ ပြိတ္တာဘဝ ခံစားရပုံ | ၂၀၇ |
| ကြံရွက်မိုးသောကျောင်းလှူခြင်းအကျိုး | ဂ၆ |
| ကြံလှူခြင်းအကျိုး | ၃၅၊၄၅၊၆ဂ |
| ကြမ်းကြုတ်သောစကားကိုမဆိုခြင်း အကျိုး | ၁၃ |
| ကျွန်မဘဝမှ အိမ်ရှင်မဖြစ်ခြင်း | ၂၁၃ |
| **[ခ]** | |
| ခရီးသွားသော ရဟန်းယောကျ်ား ရဟန်း မိန်းမတို့အား ဖူးမြင်ရခြင်းအကျိုး | ၄၃ |
| ခရုသင်းလက်ကောက် လက်ကြပ်တန်ဆာ ရွှေနားသွယ်ပန်းတို့ဖြင့် တင့်တယ် သော ကျွန်မငါးရာ | ၁၆၂ |
| ခလ္လာဋိယပေတဝတ္ထု | ၁၃၂ |
| ခီရောဒန ဒါယိကာဝိမာနဝတ္ထု | ၄၄ |
| ခုပ္ပိပါသပြိတ္တာ | ၁၃၄ |
| ခုပ္ပိပါသဟတပြိတ္တာ | ၂၀ဂ |
| ခေတ္တူပမပေတဝတ္ထု | ၁၂၅ |
| ခံအိုးမတ်ယောက္ခမ ယောကျ်ားသူ ကျွန်ယောကျ်ားကျွန်မိန်းမတို့နှင့် တကွ လင်ကို နှစ်သက်စေခဲ့သူ | ၃၇ |
| ခံဖွယ်ဘောဇဉ်လှူခြင်းအကျိုး | ၉၄ |
| ခါးပန်းကြိုး လှူရခြင်းအကျိုး | ၄၇ |
| ခွေးစားခံနေရသော ပြိတ္တာမနှင့် ဗာရာဏသီမင်းတွေ့ဆုံခြင်း | ၁၆၂ |
| ချောပစ် ကုန်းတိုက် မုသားပြောဆို တတ်သူ ပြိတ္တာဘဝခံစားရပုံ | ၁၇၉ |
| ချိုးရေလှူခြင်းအကျိုး | ၁၀၆ |
| ချည်လှူခြင်းအကျိုး | ၁၆၀ |
| ခြောက်ကျိပ်လေးယောက်သော နတ်သမီး | ၉၉၊၁၀၀၊၁၀၇ |
| **[ခ]** | |
| ခြောက်သောင်းကုန်သော သံတူ တို့ဖြင့် ဦးခေါင်းကို အခွဲခံရ သော ပြိတ္တာ | ၂၁၅ |
| ခွဲဝေလှူဒါန်းခြင်းအကျိုး | ၃၃၊၅၄ |
| **[ဂ]** | |
| ဂဏပေတဝတ္ထု | ၂၁၁ |
| ဂင်္ဂါမြစ်ရေအယဉ်သွေးဖြစ်ခြင်း | ၁၆ဝ |
| ဂန္ဓပဥ္စင်္ဂုလိကဒါယိကာဝိမာနဝတ္ထု | ၄၂ |
| ဂန္ဓဗ္ဗနတ် | ဂ၆ |
| ဂန္ဓုတ္တမဒါယိကာ ဝိမာနဝတ္ထု | ၄၀ |
| ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော် မူသော မြတ်စွာဘုရားအား အလှူ၏အကျိုးကို လျှောက် ထားခြင်း | ၅၀ |
| ဂုဏ်သတင်းကျော်စောခြင်းရှိသူ | ၁၇ |
| ဂုဏ်ပြိုင်မှု (ပဋ္ဌာသ) | ၁၇ |
| ဂုတ္တိလစောင်းဆရာ | ၃ဂ |
| ဂူထခါဒကပေတဝတ္ထု | ၂၀၉ |
| ဂေါဏပေတဝတ္ထု | ၁၃၀ |
| ဂေါတမမြတ်စွာဘုရား၏ ဥပါသိကာမ ဖြစ်ခဲ့ဘူးသော နတ်သမီး | ၁၄၊၁၇ |
| ဂေါပါလက နတ်သား | ၁၀၇ |
| ဂေါပါလကဝိမာနဝတ္ထု | ၁၀၇ |
| **[င]** | |
| ငုရွှေပန်းစည်းလှူခြင်းအကျိုး | ၆၃ |
| ငါးဆယ့်ငါးနှစ်တို့ပတ်လုံး ဆာလောင် မွတ်သိပ်နေရသောပြိတ္တာ | ၁၅၀၊၁၆၀ |
| ငါးပါးသီလ ဆောက်တည်ခြင်း အကျိုး | ၁၄၊၈၅ |
| ငိုကြွေးခြင်းသည် ပြိတ္တာတို့အား အကျိုးမရှိပုံ | ၁၂၇ |
| ငြူစူမှု (ဣဿာ) | ၁၇ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ စ ]

စကြဝတေးမင်းစည်းစိမ်နှင့် ထမင်းချိုးလှူခြင်း၏အကျိုးကို နှိုင်းယှဉ်၍ပြခြင်း ၂၄
စကြဝတေးမင်းစည်းစိမ်နှင့် ပုန်းရည်လှူခြင်း၏အကျိုးကို နှိုင်းယှဉ်၍ပြခြင်း ၆၀
စဏ္ဍာလိဝိမာနဝတ္ထု ၂၅
စဏ္ဍာလီသူအိုမကြီးကို နွားမ ဝှေ့၍ သတ်ခြင်း ၂၅
စဏ္ဍာလီနတ်သမီး အသျှင်မဟာမောဂ္ဂလ္လာန်ထံသို့ ချဉ်းကပ်ခြင်း ၂၅
စတုတ္ထပီဌဝိမာနဝတ္ထု ၄
စာတုမဟာရာဇ်နတ် ၈၆
စာတုရိတ္ထိဝိမာနဝတ္ထု ၆၃
စာမရီသားမြီးယပ်လက်စွဲသော နတ်အကြောင်း ၉၀
စိတ္တလတာဥယျာဉ် ၂၁၊၅၄၊၉၅၊၁၀၂
စိတ္တလတာဝိမာနဝတ္ထု ၁၀၂
စီးတော်ဆင်ရတနာဖြင့် ကောင်းကင်သို့ လှည့်လည်နိုင်သော နတ်သမီး ၅
စီးနေသော မြစ်ရေသည် ပြိတ္တာ၏ အကုသိုလ်ကံကြောင့် ရေမရှိပဲ အချည်းနှီးဖြစ်သွားခြင်း ၂၁၂
စည်းစိမ်ဥစ္စာကို လျှို့ဝှက်ခဲ့သူ ပြိတ္တာ ဘဝခံစားရပုံ ၁၇၂
စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံး ဖြစ်ပေါ်နိုင်သော နတ်သမီး၏ ရှေးကောင်းမှု ၄
စုဆောင်းခဲ့သော စည်းစိမ်ဥစ္စာ တို့သည် သူတပါးအတွက်သာ ဖြစ်ခြင်း ၂၁၄
စုလစ်မွန်းချွန် အထွတ်တပ်သော ပြာသာဒ်ဆောင်ခုနစ်ရာ ၁၀၃၊၁၀၅
စူဠရထဝိမာနဝတ္ထု ၈၆
စူဠသေဋ္ဌိပေတဝတ္ထု ၁၅၁

[ စ ]

စေတီပုထိုး၌ ပန်းလှူခြင်းအကျိုး ၅၅၊၁၂၂
စိုသောလက်ရှိသူဟု ဆိုအပ်သော ကျေးဇူးရှင် ၁၅၃

[ ဆ ]

ဆတ္တမာဏဝကဝိမာနဝတ္ထု ၇၆
ဆတ္တဒါယိကာဝိမာနဝတ္ထု ၄၇
ဆံပင်တို့ဖြင့် ဖုံးလွှမ်းနေရသော ပြိတ္တာမ ၁၃၂၊၁၅၉၊၁၆၀
ဆာလောင်မွတ်သိပ်ပုံကို ဥပမာပြ၍ ပြိတ္တာမလျှောက်ထားပုံ ၁၂၉
ဆာလောင်မွတ်သိပ်၍ ပက်လက် မှောက်ခုံလဲကျရသော ပြိတ္တာမ ၂၁၂
ဆီမီးတန်ဆောင် လှူခြင်း အကျိုး ၁၁၊၂၆၊၂၈၊၅၄
ဆားငန်ရေဖြင့် လောင်းဆွတ်၍ အဖန်ဖန်လှီးဖြတ်ခံရသောပြိတ္တာ ၁၇၉
ဆွေမျိုးတို့ပြုအပ်သော ဝတ်တရား ၁၂၈
ဆင်ယာဉ်စီး၍ ကောင်းကင်ခရီးမှ လာသူ ၈၄-၈၅-၈၆
ဆွမ်းလှူခြင်းအကျိုး ၁၃၊၂၆၊၂၈၊၃၂၊၃၃၊ ၄၉၊၅၄၊၈၆၊၉၄၊ ၉၇၊၁၀၁၊၁၀၂၊ ၁၀၃၊၁၀၄၊၁၃၂

[ ဇ ]

ဇာတိခေတ် ၁၅၈
ဇောတိရသကျောက်မျက်ရတနာ ၁၉၃

[ ည ]

ညဥ့်အခါ၌ နတ်စည်းစိမ်ကိုခံစားရ၍ နေ့အခါ၌ ခွေးစားခံရခြင်း ၁၇၇

[ တ ]

တကျိပ်နှစ်ပါးသော ရဟန်းတို့သည် သာဏဝါသီ မထေရ်အား ရသမျှသော ဆွမ်းကို လှူဒါန်းခြင်း ၁၆၉

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[တ]

တဆယ့်နှစ်ယူဇနာတိုင်တိုင် အရောင် အဆင်း ထွန်းပသော နတ်သမီး၏ ရှေးကောင်းမှုအကြောင်း ၂
တတိယ နာဂဝိမာနဝတ္ထု ၈၆
တတိယ ပီဌဝိမာနဝတ္ထု ၃
တတိယ နာဝါဝိမာနဝတ္ထု ၉
တထပ်စာသောဆွမ်းကိုလှူရခြင်းအကျိုး ၉၈
တနေ့မျှဥပုသ်စောင့်ရခြင်းအကျိုး ၄၃
တမလွန်ဘဝသို့ ပြောင်းသွားသူအား ရည်စူး၍ သံဃာတော်အား လှူဒါန်းလျှင် အကျိုးခံစားရပုံ ၁၂၇-၁၂၈
တမာရွက်လက်တဆုပ်မျှလှူခြင်းအကျိုး ၄၆
တရားနာနေစဉ် နွားကျောင်းသားသတ်၍ သေသောဖား နတ်သားဖြစ်ခြင်း ၇၃
တလက်ဝါးမျှသော ပုဆိုးပိုင်း လှူခြင်း အကျိုး ၁၃၇
တလုတ်စာမျှသောဆွမ်းလှူခြင်းအကျိုး ၁၃၇
တသောင်းခြောက်ထောင်သောယောက်မကိုင် မိန်းမများ ၁၅၇
တာဒိဂုဏ်အကြောင်း ၂၅
တာလဝဏ္ဋဒါယိကာ ဝိမာနဝတ္ထု ၄၇
တာဝတိံသာနတ်သမီးများ ၇၁
တာဝတိံသာနတ်တို့၏ အပေါင်းအသင်း ဖြစ်လိုသူတို့၏ အလေ့အကျင့် ၂၂
တိမ္ဗရုသကဒါယိကာ ဝိမာနဝတ္ထု ၄၅
တိရောကုဋ္ဋပေတဝတ္ထု ၁၂၇
တိလဒက္ခိဏာဝိမာနဝတ္ထု ၁၁
တံခါးကိုပိတ်၍ စားသောက်သုံးဆောင်သူ ပြိတ္တာဘဝခံစားရပုံ ၁၄၉
တံတားကို ဖျက်ဆီးသူအပြစ် ၁၅၀
တံတားလှူခြင်းအကျိုး ၁၀၄၊၁၅၅
တင်လဲလှူခြင်းအကျိုး ၄၅၊၅၇
တည်သီးလှူခြင်းအကျိုး ၄၅
တည်းကျောင်းလှူခြင်းအကျိုး ၉၇

[ ထ ]

ထမင်းချိုးလှူခြင်းအကျိုး ၂၄
ထမင်းလှူခြင်းအကျိုး ၁၅၅၊၁၇၁
ထီးလှူခြင်းအကျိုး ၄၇
တန်းရွက်ယပ်လှူခြင်းအကျိုး ၄၇

[ ဒ ]

ဒဒ္ဒလ္လဝိမာနဝတ္ထု ၄၈
ဒါယကာ၌ ဝန်တိုတတ်သော ကျောင်းထိုင် ရဟန်း ပြိတ္တာဘဝသို့ရောက်ခြင်း ၂၀၉
ဒါသိဝိမာနဝတ္ထု ၂၁
ဒီပဝိမာနဝတ္ထု ၁၀
ဒုကိယအဂါရိယ ဝိမာနဝတ္ထု ၉၅
ဒုတိယ ဥပဿယဒါယက ဝိမာနဝတ္ထု ၉၈
ဒုတိယ ကရဏီယ ဝိမာနဝတ္ထု ၈၂
ဒုတိယ နာဂဝိမာနဝတ္ထု ၈၅
ဒုတိယ နာဝါဝိမာနဝတ္ထု ၈
ဒုတိယ ပတိဗ္ဗတာဝိမာနဝတ္ထု ၁၃
ဒုတိယ ပီဌဝိမာနဝတ္ထု ၂
ဒုတိယ ဘိက္ခာဒါယိကာဝိမာနဝတ္ထု ၃၂
ဒုတိယ မိဂလုဒ္ဒကပေတဝတ္ထု ၁၇၇
ဒုတိယ သုဏိသာဝိမာနဝတ္ထု ၁၅
ဒုတိယ သူစိဝိမာနဝတ္ထု ၈၄
ဒုဿီလပုဏ္ဏားတို့အား ကျွေးမွေးခြင်းဖြင့် ပြိတ္တာတို့အား အကျိုးမရပုံ ၁၅၂
ဒေါဏိ နိမ္မဇ္ဇနိဒါယိကာဝိမာနဝတ္ထု ၄၇
ဒွါရပါလက ဝိမာနဝတ္ထု ၈၁
ဒွါရဝတီဟုမြို့လုံးလှည့်လည်လျက် ယုန်ယုန် ဟု မည်တမ်းနေသူ ၁၄၇
ဒွန်းစဏ္ဍားအမျိုးမှ တာဝတိံသာ နတ်ပြည်သို့ ရောက်ခြင်း ၂၅

[ ဓ ]

ဓနပါလသေဋ္ဌိပေတဝတ္ထု ၁၄၉
ဓာတုပိဝဏ္ဏပေတဝတ္ထု ၁၇၉

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ

[ န ]


နံနက်ပိုင်းတွင် သားခုနစ်ယောက် ညနေပိုင်းတွင် သားခုနစ်ယောက် မွေးဖွားသောပြိတ္တာ ၁၂၉
နံရံပြင်ဘက်လမ်းဆုံလမ်းခွ အိမ်ခြံစပ် တံခါးဝ တံခါးပေါင်တို့၌ ပြိတ္တာများ ရပ်တည်နေရခြင်း ၁၂၇
နှံ့သာကို လှူသောမိန်းမအကြောင်း ၄၀
နန္ဒနဝိမာနဝတ္ထု ၁၀၂
နန္ဒဝန်ဥယျာဉ် ၁၅၊ ၂၉၊ ၆၈
နန္ဒာနတ်သမီး ၂၂
နန္ဒာပေတိဝတ္ထု ၁၄၃
နန္ဒာပြိတ္တာမကကျေးဇူးဆပ်ပုံ ၁၄၄
နန္ဒိယဥပါသကာ၏ ဗိမာန် ၇၄၊ ၂၀၄
နဠိနီမည်သော ကစားရာဌာန ၁၉၃
နာဂပေတဝတ္ထု ၁၃၃
နာဂဝိမာနဝတ္ထု ၅၈
နာရဒမထေရ်ကနတ်သမီးအား မေးမြန်းခြင်း ၅၃
နာရဒမထေရ်နှင့် အသားစားပြိတ္တာ တွေ့ဆုံခြင်း ၁၇၉
နာရဒမထေရ်နှင့်ပြိတ္တာတွေ့ဆုံခြင်း ၁၂၅
နာရဒမထေရ်နှင့်ဝေမာနိကပြိတ္တာ တွေ့ဆုံခြင်း ၁၇၆
နာဋကရှာသူ ဘုကြွယ်၏ချွေးမ ပေသဝတီ ၅၂
နာဋန္ဒာမြို့သူ သောဏဒိန္နာမည်သော ဥပါသိကာမ ၂၈
နိဒ္ဒါဝိမာနဝတ္ထု ၃၀
နိမ္မုဋ္ဌိဒါယိကာဝိမာနဝတ္ထု ၄၆
နိမ္မာနရတိနတ်ပြည်၌ဖြစ်သော သုဘဒ္ဒါနတ်သမီး ၄၉
နိမ္မာနရတိနတ်ပြည်သို့ရောက်ရပုံ ၁၈
နေဗိမာန်နှင့်တူသောဗိမာန် ၉၈
နေရာပေးခြင်းအကျိုး ၆


[ န ]


နေလတို့ကဲ့သို့တင့်တယ်သော နတ်သမီး ၃၄
နေလနှစ်ပါးတည်းဟူသော ရထားဘီးကို အလိုရှိခြင်း ၁၄၅
နားဒွောင်းတန်ဆာရှိသောနတ်သား ၁၄၄
နားရွက်ပြတ်သောခွေး အစားခံ နေရသောပြိတ္တာမ ၁၆၂
နွားဦးခေါင်းရိုးဖြင့် တံတားခင်းခြင်း၏ အကျိုး ၁၈၃
နွားမဝှေ့ ရျှသေရသောသူ ၆၆
နတ်ကချေသည်တို့ဖြင့်တင့်တယ်သော ရွှေဗိမာန် ၃၃
နတ်ပြည်၌ဖြစ်သော ကုက္ကိုပင် ၁၃၉
နတ်၌ဖြစ်သော ဘယက်တန်ဆာရှိသော နတ်သမီးနှင့် အသျှင်မဟာမောဂ္ဂလ္လာန် တွေ့ဆုံပြောဆိုခြင်း ၁-၂-၃-၄-၅
နတ်၌ဖြစ်သောချမ်းသာကို အလိုရှိသူ၏ ပြုလုပ်ရမည့်အလှူဒါန ၉၇
နတ်၌ဖြစ်သော သရက်ဥယျာဉ် ၆၅
နတ်ပြည်ရောက်ကြောင်းတရား ၁၄၃၊ ၁၅၁
နတ်မင်းကြီးလေးယောက်ကို အကြောင်း ပြု၍လှူခြင်း ၁၂၆
နတ်သမီးတသိန်းရှိသောဗိမာန် ၂၀
နှမြောစေးနှဲသော ယောက္ခမရိုက်သဖြင့် ပခုံးရိုးကျိုး၍သေရသော ချွေးမ တာဝတိံသာနတ်ပြည်၌ဖြစ်ခြင်း ၃၃
နှမ်းဆီထွေး လှူခြင်းအကျိုး ၄၇
နှမ်းလှူခြင်းအကျိုး ၁၂
နှုတ်မစောင့်စည်းသူခံရသောအပြစ် ၁၂၆
နို့ဆွမ်း... ခြင်းအကျိုး ၄၅


[ ပ ]


ပခုံးဖွဲ့လှူခြင်းအကျိုး ၄၇
ပစ္စည်း၌တပ်မက်သောရဟန်း ၂၀၉
ပဋ္ဌမုတ္တခါဒပေတဝတ္ထု ၁၂၈

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ပ]** | |
| ပဉ္စာလတိုင်းပြည်ရှင်ဗြဟ္မဒတ်မင်း၏ ဥဗ္ဗရီမည်သောမိဖုရားငိုကြွေးခြင်း | ၁၆၃ |
| ပဌမအဂါရိယဝိမာနဝတ္ထု | ၉၅ |
| ပဌမဥပဿယဒါယကဝိမာနဝတ္ထု | ၉၇ |
| ပဌမကရဏီယဝိမာနဝတ္ထု | ၈၁ |
| ပဌမကုဏ္ဍလီဝိမာနဝတ္ထု | ၉၉ |
| ပဌမနာဂဝိမာနဝတ္ထု | ၈၄ |
| ပဌမနာဝါဝိမာနဝတ္ထု | ၆ |
| ပဌမပတိဗ္ဗတာဝိမာနဝတ္ထု | ၁၂ |
| ပဌမပီဌဝိမာနဝတ္ထု | ၁ |
| ပဌမဘိက္ခာဒါယိကာဝိမာနဝတ္ထု | ၃၂ |
| ပဌမသုနိသာဝိမာနဝတ္ထု | ၁၄ |
| ပဌမသူစိဝိမာနဝတ္ထု | ၈၃ |
| ပဏ္ဍာမင်းတို့၏ရေကစ္ဆာမြို့၌ မနေပါလသူဌေးဖြစ်ခဲ့ဘူးသောပြိတ္တာ | ၁၄၉ |
| ပတ္တမြားတိုင်ရှိသောပြိတ္တာ | ၈၁-၈၂-၈၃-၈၄ |
| ပတ္တမြားနားဒေါင်းဝတ်ဆင်သော ထင်းခွဲသမားခြောက်သောင်း | ၁၅၇ |
| ပတ္တမြားနားဒေါင်းဝတ်ဆင်သောသုံးထောင်သောစဖိုသည် | ၁၅၇ |
| ပဒုမာကြာချပ်တို့ဖြင့် ကြဲဖြန့်ထားသောနေရာကိုလှူခဲ့ဘူးသောနတ်သမီးအကြောင်း | ၆ |
| ပဒုမာကြာချပ်နှင့်တူသော မျက်စိရှိသောပဒုမာနတ်သမီးနှင့်အသျှင်မဟာမောဂ္ဂလ္လာန်တို့ တွေ့ဆုံမေးမြန်းခြင်း | ၅ |
| ပဒုမာကြာစည်းလှူခြင်းအကျိုး | ၆၄ |
| ပဒုမာကြာရှိသောရေကန်ကိုဖန်ဆင်းခြင်း | ၅ |
| ပဘဿရဝိမာနဝတ္ထု | ၅၇ |
| ပရိနိဗ္ဗာန်စံတော်မူသောမြတ်စွာဘုရားအားပူဇော်ခြင်းအကျိုး | ၅၃ |
| ပရိနိဗ္ဗာန်စံတော်မူသောအသျှင်သာရိပုတြာအား ပူဇော်ခြင်းအကျိုး | ၅၂ |
| ပလ္လင်္ကဝိမာနဝတ္ထု | ၃၆ |
| ပဝရာ နတ်သမီး | ၃၇ |
| **[ပ]** | |
| ပါဋလိပုတ်ပြည် | ၁၉၇ |
| ပါဋလိပုတ်ပြည်သို့ လှည်းကုန်သည်များပြန်သွားခြင်း | ၁၂၁ |
| ပါဋလိပုတ္တပေတဝတ္ထု | ၂၁၂ |
| ပါယာသိရာဇညမင်း | ၁၉၄ |
| ပါယာသိရာဇည၏ အလုပ်အကျွေးဥတ္တရလုလင် | ၁၀၁ |
| ပါယာသိရာဇညနတ်သားကတရားပြ၍ဆုံးမခြင်း | ၁၂၀ |
| ပါယာသိရာဇည နတ်သားနှင့် မဂဓတိုင်းသားလှည်းကုန်သည်များတွေ့ခြင်း | ၁၁၉ |
| ပါယာသိရာဇညမင်း နတ်ဖြစ်ပုံ | ၁၁၅ |
| ပါယာသိဝိမာနဝတ္ထု | ၁၀၁ |
| ပါရိစ္ဆတ္တကမည်သော ပင်လယ်ကသစ်ပင် | ၅၅ |
| ပါရိစ္ဆတ္တကဝိမာနဝတ္ထု | ၅၅ |
| ပါးစပ်စောင်းရှဲ့စေတတ်သောအကုသိုလ် | ၁၂၆ |
| ပြိတ္တာတို့အား ကျွေးမွေးနည်း | ၁၂၇ |
| ပြိတ္တာတို့က တုံ့ပြန်ကျေးဇူးဆပ်ပုံ | ၁၂၇ |
| ပြိတ္တာတို့ တောင့်တလိုလားချက် | ၁၂၇ |
| ပြိတ္တာတို့ နတ်ပြည်သို့ရောက်နိုင်ခြင်း | ၁၂၅ |
| ပြိတ္တာများ အမျိုးမျိုးသော ဒုက္ခတွေ့ကြုံရပုံ | ၁၆၆ |
| ပီတဝိမာနဝတ္ထု | ၆၆ |
| ပုဇွန်လုံးဟင်းလျာ လှူခြင်းအကျိုး | ၈၀ |
| ပုဏ္ဏရိကာနတ်သမီး | ၂၂ |
| ပုထိုးတော်၌ လက်ငါးချောင်းရာပေးလှူခြင်းအကျိုး | ၄၂ |
| ပုထိုးတော်၌ပူဇော်သူအား ကဲ့ရဲ့မိသူ | ၁၈၀ |
| ပုပ္ဖကမ္မဋ္ဌိဒါယိကာဝိမာနဝတ္ထု | ၄၆ |
| ပုပ္ဖါရုံကျောင်းတော် ဆောက်လုပ်လှူဒါန်းခြင်း | ၆၁ |
| ပုပ္ဖုတ္တမဒါယိကာဝိမာနဝတ္ထု | ၃၉ |


၃ မြန် ၂-၁၅—ပ-မ-ဗ-သ-စ

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ပ ]

ပူတိမုခပေတဝတ္ထု ၁၂၆
ပူဝဒါယိကာဝိမာနဝတ္ထု ၄၇
ပူသောကာလ၌ အရိပ်ရှိရာအရပ်သို့ ချဉ်းကပ်သွားရာ အရိပ်ကွယ် ပျောက်ခြင်း ၁၇၅
ပေသဝတီဝိမာနဝတ္ထု ၅၁
ပေးလှူမှုမရှိ စဉ်းလဲကောက်ကျစ်၍ သမဏဗြာဟ္မဏတို့အား ဆဲရေး သော မိန်းမ၏ ပြိတ္တာဘဝ ခံစားရပုံ ၁၁၁
ပေးလှူသူနှင့် လယ်သမားဥပမာ ၁၂၅
ပန်းကို ကောင်းစွာပြုပြင် တင်လှူခြင်းအကျိုး ၁၂၃
ပန်းရှစ်ပွင့်တို့ကို ပုထိုးတော်အား လှူခြင်းအကျိုး ၈၅
ပန်းလှူသော မိန်းမ အကြောင်း ၄၀၊၅၅၊၅၇
ပင်လယ်ကသစ်ပင် ၅၅
ပုန်းရည်လှူခြင်းအကျိုး ၄၆၊၅၉

[ ဖ ]

ဖရုံသီး လှူခြင်းအကျိုး ၄၆
ဖလဒါယကဝိမာနဝတ္ထု ၉၆
ဖလုတ္တမဒါယိကာဝိမာနဝတ္ထု ၄၁
ဖာဏိတဒါယိကာဝိမာနဝတ္ထု ၄၅
ဖာရုသကဒါယိကာဝိမာနဝတ္ထု ၄၆
ဖားနတ်သားအကြောင်း ၇၃
ဖက်သက်တရော်သီး လှူခြင်း အကျိုး ၄၆

[ ဗ ]

ဗိမာန်အတွင်းမှ အပြင်သို့ မထွက် ဝံ့သော ပြိတ္တာမနှင့် ကုန်သည် ကြီးတို့ တွေ့ဆုံခြင်း ၁၃၂
ဗိမ္ဗိသာရမင်းကြီး၏ အလုပ်အကျွေး ဖြစ်ခဲ့ဘူးသော နတ်သမီး ၁၈

[ ဘ ]

ဘဒ္ဒါနတ်သမီး ၄၈
ဘဒ္ဒိတ္ထိဝိမာနဝတ္ထု ၂၆
ဘဝငါးရာတိုင်ပတ်လုံး ဆာလောင် မွတ်သိပ်နေရသော ပြိတ္တာမ ၁၃၆
ဘိက္ခာဒါယကဝိမာနဝတ္ထု ၉၈
ဘိနပ်လှူခြင်းအကျိုး ၄၇၊၁၇၁
ဘုရား တရား သံဃာ၌ ကြည်ညို သော မိန်းမ နတ်သမီး ဖြစ်လာခြင်း ၂၀
ဘောဂသံဟာရပေတဝတ္ထု ၂၁၄

[ မ ]

မကောင်းမှုပြုခြင်း၏ အပြစ် ၁၆၈
မကုန်ခန်းနိုင်သော စည်းစိမ်ခံစား ရခြင်း၏ ရှေးကောင်းမှု ၁၆၁
မဂဓတိုင်းနှင့် အင်္ဂတိုင်းတို့မှ လှည်းကုန်သည်များ လမ်းမှား သွားရာ နတ်သားနှင့် တွေ့ခြင်း ၁၁၅
မဉ္ဇိဋ္ဌကဝိမာနဝတ္ထု ၅၆
မဉ္ဇူသကနတ်ပန်း ၅၆
မဋ္ဌကုဏ္ဍလီနတ်သားနှင့် အဒိန္နပုဗ္ဗက ပုဏ္ဏားတို့ စကားပြောဆိုခြင်း ၁၁၃
မဋ္ဌကုဏ္ဍလီပေတဝတ္ထု ၁၄၄
မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထု ၁၁၂
မဋ္ဌကုဏ္ဍလီသတို့သား တာဝတိံသာ နတ်ပြည်၌ ဖြစ်ခြင်း ၁၄၆
မဏိထူဏဝိမာနဝတ္ထု ၁၀၃
မဏ္ဍူကဒေဝပုတ္တဝိမာနဝတ္ထု ၇၃
မတ္တာပေတိဝတ္ထု ၁၄၀
မတ္တာပြိတ္တာမက ကျေးဇူးဆပ်ပုံ ၁၄၂
မန္ဒာရဝနတ်ပန်းတို့ဖြင့် ပန်ဆင်ထား သော နတ်သမီး ၂၆

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[မ]** | |
| မပေးမလှူပဲ အလှူခံတို့အား ဆဲရေးကြိမ်းမောင်းခဲ့ခြင်း ကြောင့် ယုတ်ညံ့သော အမျိုး အန္ဓယ်၌ ဖြစ်ရပုံ | ၁၆၇ |
| မမှန်သော ကျိန်စာကြောင့် အနှစ် ခုနစ်ရာပတ်လုံး ခွေးစားခံနေရ သော ပြိတ္တာမ | ၁၆၃ |
| မယားကြီးဖြစ်ခဲ့ဘူးသော မတ္တာ ပြိတ္တာမနှင့် မယားငယ် တိဿာတို့ တွေ့ဆုံကြ၍ မေးမြန်းပြောဆိုပုံ | ၁၄၀ |
| မလ္လိကာဝိမာနဝတ္ထု | ၅၃ |
| မဟာကဿပ(အသျှင်)မထေရ်နှင့် အပုပ်နံ့လှိုင်သော ပြိတ္တာတို့ တွေ့ဆုံခြင်း | ၁၇၉ |
| မဟာပေသကာရပေတဝတ္ထု | ၁၃၁ |
| မဟာရထဝိမာနဝတ္ထု | ၉၀ |
| မဟိန္ဒရမည်သောတောင် | ၃၈ |
| မာတင်္ဂဆင်နှင့်ပုန်းရည်လှူခြင်း၏ အကျိုးကို နှိုင်းယှဉ်၍ပြခြင်း | ၆၀ |
| မိဂလုဒ္ဒကပေတဝတ္ထု | ၁၇၆ |
| မိဖတို့ကို လုပ်ကျွေးမွေးမြူခြင်းအကျိုး | ၁၀၂ |
| မိမိကျောက်ကန်းသားတို့ကို ကိုယ်တိုင် လှီးဖြတ်၍ခံစားနေရသောပြိတ္တာ | ၁၇၉ |
| မိမိ မွေးဖွားသော သား ၁၄-ယောက်ကို ခံစားသော်လည်း ဆာလောင်မွတ်သိပ် ခြင်းကို ပယ်ဖျောက်ခြင်းငှါမစွမ်း နိုင်သော ပြိတ္တာမ | ၁၂၉ |
| မိမိရသောအဘိုးမှထက်ဝက်လှူသော မိန်းမပျို၏ အကျိုးခံစားရပုံ | ၁၃၃ |
| မိမိလင်ဖြင့်သာ ရောင့်ရဲခြင်းအကျိုး | ၁၄ |
| မိဿကေသီနတ်သမီး | ၂၂ |
| မုဒုဝါဒိနီနတ်သမီး | ၂၂ |
| မုယောမှုန့်ကိုပေးလှူခြင်း အကျိုး | ၁၆၊၅၉၊၉၉၊၁၀၈ |
| မုရိုးစည် | ၁၉၃ |
| **[မ]** | |
| မုသာ:ဆိုသောချွေးမ ပြိတ္တာဘဝ ခံစားရပုံ | ၁၇၂ |
| မုသိလစောင်းသမား | ၃၈ |
| မူလကဒါယိကာဝိမာနဝတ္ထု | ၄၆ |
| မှုံ့လှူခြင်းအကျိုး | ၄၇ |
| မြေမှုန့်တို့ဖြင့် လိမ်းကျံသော ကိုယ်ရှိသော မတ္တာမည်သော ပြိတ္တာမ အကြောင်း | ၁၄၀ |
| မြွေရေလဲကို ဥပမာပြ၍ သောကမီးကို ငြိမ်းသတ်ပုံ | ၁၃၄ |
| မောဂ္ဂလ္လာန်မထေရ်နှင့်နံရိုးပြိုင်းပြိုင်း ထွက်၍ စက်ဆုပ်ရွံရှာဖွယ်အဆင်း ရှိသော ပြိတ္တာတွေ့ဆုံခြင်း | ၂၁၁ |
| မောဂ္ဂလ္လာန်မထေရ်နှင့် ကျင်ကြီးတွင်းမှ တက်လာသောပြိတ္တာမ တွေ့ဆုံခြင်း | ၂၁၀ |
| မောဂ္ဂလ္လာန်မထေရ်နှင့် ပြိတ္တာမိသားစု လေးဦးတို့တွေ့ဆုံခြင်း | ၁၇၂ |
| မောဂ္ဂလ္လာန်မထေရ်နှိုးဆော်တိုက်တွန်း၍ စဏ္ဍာလီသူအိုမကြီးသည် မြတ်စွာ ဘုရားအား ရှိခိုးခြင်း | ၂၅ |
| မောဒကဒါယိကာဝိမာနဝတ္ထု | ၄၈ |
| မောရဟတ္ထဒါယိကာဝိမာနဝတ္ထု | ၄၇ |
| မောရိယမင်း | ၁၉၈ |
| မှန်သောစကားကိုဆိုခြင်းအကျိုး | ၁၃ |
| မြင်းကသော နတ်ရထားငါးရာ နတ်သမီး နောက်သို့ အစဉ်လိုက်ခြင်း | ၁၈ |
| မြင်းတထောင်ကသောယာဉ် | ၉၀ |
| မြတ်စွာဘုရားအားကြည်ညိုခြင်း အကျိုး | ၈၂-၈၃ |
| မြတ်စွာဘုရားအားလက်အုပ်ချီခဲ့သော မဏ္ဍုကဗ္ဗလီသတ္တိသားအကျိုး ခံစားရပုံ | ၁၄၆ |
| မြတ်စွာဘုရားအားလက်အုပ်ချီခြင်း အကျိုး | ၁၁၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[မ]** | |
| မြတ်စွာဘုရား၏ ခြေတော်တို့ကိုရှိခိုးခြင်း အကျိုး | ၅၈ |
| မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ပူဇော်သော သိကြားမင်းနှင့် မာတလိ နတ်သားအကြောင်း | ၆၇ |
| မြတ်စွာဘုရား၏သရီရဓာတ်တော်တို့ကို ပူဇော်ခြင်းအကျိုး | ၉၀ |
| မြတ်စွာဘုရားကို ယာဂုဖြင့် ခုနစ်ရက် ပတ်လုံးလုပ်ကျွေးခဲ့သော အကျိုး | ၁၇၄ |
| မြတ်လေးငိုလှူခြင်းအကျိုး | ၆၄ |
| မြတ်သောအလှူခံပုဂ္ဂိုလ်အား လှူအပ်ကြောင်း | ၁၅၉ |
| **[ယ]** | |
| ယမမင်း၏ တမန်ဘီလူးနှစ်ယောက်က ရေဝတီအား တာဝတိံသာ နတ်ပြည်ကို ပြ၍ ငရဲသို့ခေါ် ဆောင်သွားခြင်း | ၇၄ |
| ယမမင်းနိုင်ငံပြိတ္တာဘုံ၌ဖြစ်သော ပြိတ္တာမ | ၁၂၉ |
| ယဝပါလကဝိမာနဝတ္ထု | ၉၈ |
| ယသုတ္တရာမည်သောမိန်းမ | ၅၈ |
| ယာဂုလှူခြင်းအကျိုး | ၂၁၃ |
| ယူဇနာတရာတိုင်တိုင်အခိုးအလျှံပြန့်နှံ့သော သံပူငရဲ | ၁၃၃ |
| ယူဇနာများစွာသွားသော်လည်း အာဟာရ မရသောပြိတ္တာ | ၂၁၂ |
| ယောက္ခမကအင်းပျဉ်နှင့်ရိုက်၍သေသည်၏ အခြားမဲ့၌ နတ်သမီးဖြစ်ခြင်း အကြောင်း | ၃၅ |
| ယောက္ခမကို ကောင်းစွာလုပ်ကျွေးသူ | ၄၄ |
| ယောက္ခမ မိန်းမသူကခဲနှင့်ပေါက်၍ သေသည်၏ အခြားမဲ့၌ နတ်ပြည်၌ ဖြစ်ရသူအကြောင်း | ၆၈ |
| **[ယ]** | |
| ယောကျ်ားတပါးတို့နှင့် သွားလာ လွန်ကျူးခြင်းအပြစ် | ၁၆၃ |
| **[ရ]** | |
| ရဇ္ဇုမာလာမည်သောအိမ်ကျွန်မ | ၇၀ |
| ရဇ္ဇုမာလာဝိမာနဝတ္ထု | ၆၉ |
| ရတနာခုနစ်ပါး | ၁၀၄၊၁၀၈ |
| ရတနာသုံးပါးကြည်ညိုခြင်း အကျိုး | ၅၇ |
| ရထကာရပေတိဝတ္ထု | ၁၇၁ |
| ရထား၏ တင့်တယ်ပုံ | ၉၀ |
| ရသုတ္တမဒါယိကာဝိမာနဝတ္ထု | ၄၁ |
| ရသောအဘိုမှထက်ဝက်ကိုလှူခြင်း အကျိုး | ၁၅ |
| ရဟန်းဆိုးနှင့် ပေါင်းသင်းမိသော ဒါယကာ သေသည်၏ အခြား မဲ့၌ ပြိတ္တာဖြစ်ရပုံ | ၂၀၉ |
| ရဟန္တာအရှင်နှင့် လယ်မြေဥပမာ | ၁၂၅ |
| ရဟန္တာအား ကိုယ်ထိလက်ရောက် မှုလှူခြင်းအကျိုး | ၁၅-၁၆ |
| ရဟန္တာအား ပေးလှူခြင်းအကျိုး | ၈၄ |
| ရဟန္တာအား ဖူးမြင်ရခြင်း အကျိုး | ၄၊၃၃၊၈၄၊၁၀၀ |
| ရဟန်းတို့အား လုပ်ကျွေးခြင်း အကျိုး | ၂၇ |
| ရဟန်းတို့၏ ခြေကို ရှိခိုးခြင်းအကျိုး | ၆၉ |
| ရဟန်းပြိတ္တာ၏ ဦးခေါင်းထက်၌ ဒါယကာပြိတ္တာတည်နေခြင်း | ၂၁၀ |
| ရဟန်းပြိတ္တာသည် ဒါယကာပြိတ္တာ၏ အလုပ်အကျွေးဖြစ်ခြင်း | ၂၁၀ |
| ရာဇပုတ္တပေတဝတ္ထု | ၂၀၈ |
| ရာဇဂြိုဟ်ပြည်သူ နိဒ္ဒါမည်သော ဥပါသိကာမ | ၃၀ |
| ရေအိုးစင်ကို ဖျက်ဆီးခဲ့သူ၏အပြစ် | ၁၅၀ |
| ရေအိုးစင်လှူခြင်းအကျိုး | ၁၅၅ |
| ရေတွင်းလှူခြင်းအကျိုး | ၁၅၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရေမှတ်သိပ်၍ မြစ်သို့သွားရာ မြစ်ရေ ကွယ်ပျောက်သွားသော ရှေးက အကုသိုလ် | ၁၇၅ |
| ရေလှူခြင်းအကျိုး | ၉၊၂၁၃ |
| ရေဝတ(အသျှင်)အား ဆွမ်းလုပ်ကျွေးဘူးသော နတ်သမီး | ၄၉ |
| ရေဝတီ၏ ခံစားရမည့် ငရဲကို ဘီလူးတို့က ပြခြင်း | ၂၀၅ |
| ရေဝတီ ငရဲသို့ ကျပုံ | ၇၆ |
| ရေဝတီနှင့် ဘီလူးတို့ ပြောဆို မေးမြန်းပုံ | ၇၄ |
| ရေဝတီပေတဝတ္ထု | ၂၀၃ |
| ရေဝတီဝိမာနဝတ္ထု | ၇၃ |
| ရယ်မြူးလို၍ ပုဆိုးကို ဝှက်ထား ခဲ့သူ၏ ပြိတ္တာဘဝ ခံစားရပုံ | ၁၈၃ |
| ရှေးကောင်းမှုကြောင့် အနာ ရောဂါကင်းခြင်း | ၁၇ |
| ရွှေကြိုးတန်ဆာတပ်အပ်ကုန်သော မာတင်မျိုး ဆင်တရာနှင့် ဟမင်း ချီးလှူခြင်း၏ အကျိုးကို နှိုင်းယှဉ်၍ ပြခြင်း | ၂၄ |
| ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းထားသော ဗိမာန် | ၁၀၄ |
| ရွှေ,ငွေ,ကြေးနီ,ခရုသင်း,ကျောက် သလင်း,သန္တာဖြင့်ပြီးသော ယုန်ရုပ်ကို အလိုရှိသလောဟု ကေသဝဏ်းက ပြောဆို မေးမြန်းခြင်း | ၁၄၇ |
| ရွှေ,ငွေ,မြ,ပတ္တမြားနီတို့ဖြင့် ပြီးသော ရထားဘီးအစုံ | ၁၄၅ |
| ရွှေ,ငွေ,လှည်းအစီးရှစ်ဆယ်တိုက် ရှိသော ဓနပါလသူဌေး | ၁၄၉ |
| ရွှေစောင်းတန်းလှေကားရှိသော ရေကန် | ၁၆၁ |
| **[ ရ ]** | |
| ရွှေအင်းပျဉ်တို့ဖြင့် ခင်းအပ်သော ပြာသာဒ် | ၁၀၃၊၁၀၅ |
| ရွှေအင်းပျဉ်တို့ဖြင့် ခင်းထားအပ် သော ပြာသာဒ်ဆောင် ခုနစ်ရာ | ၈၁-၈၂-၈၃-၈၄၊၉၆ |
| ရွှေဖြင့်ပြီးသော ရထားအိမ်အတွက် ရထားဘီးအစုံကို မရသဖြင့် ဆင်းရဲရသော မဋ္ဌကုဏ္ဍလီ | ၁၄၅ |
| ရွှေဗိမာန်၌ နေရသော နတ်သမီး | ၃၃ |
| ရွှေဝါရောင်အသုံးအဆောင်များ | ၆၆ |
| ရွှေလှေသို့ တက်စီး၍ ပဒုမာကြာကို ဆွတ်ခူးနေသော နတ်သမီးနှင့် အသျှင်မဟာမောဂ္ဂလ္လာန် တွေ့ဆုံမေးမြန်းခြင်း | ၆၊၈-၉ |
| ရှစ်ပါးစာ ဆွမ်းလှူခြင်းအကျိုး | ၄၉ |
| ရှစ်မြှောင့်ရှိသော တိုင်တို့၌ ကြောင် မျက်ရွဲတို့ဖြင့် ပြီးသောဗိမာန် | ၁၀၄ |
| ရှစ်သောင်းခြောက်ထောင်သော ဗြဟ္မဒတ်မင်း | ၁၆၄ |
| **[ လ ]** | |
| လခုမာဥပါသိကာမအကြောင်း | ၂၃ |
| လခုမာဝိမာနဝတ္ထု | ၂၂ |
| လတာနတ်သမီး | ၃၇ |
| လတာဝိမာနဝတ္ထု | ၃၇ |
| လနှင့် ဥပမာပြုပုံ | ၂၀ |
| လပြည့်ဝန်းနှင့်တူသော နတ်သား | ၉၉ |
| လဗိမာန်နှင့်တူသောဗိမာန် | ၉၇ |
| လဗိမာန်မှ ယုန်ရုပ်ကို အလိုရှိသော ဃဋ္ဌပဏ္ဍိတ | ၁၄၇ |
| လူ့ပြည်အနှစ်ခုနစ်ရာကို နတ်ပြည်တွင် ခုနစ်နှစ်သာဟု ထင်မှတ်ခြင်း | ၁၆၁ |
| လူ့ဘဝက ကြမ်းထမ်းသော ကျိန်စာကို ဆိုခဲ့သော ပြိတ္တာမ | ၁၃၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[လ]** | |
| လူ၌ဖြစ်သော ချမ်းသာကို အလိုရှိသူ ပြုလုပ်ရမည့်အလှူဒါန | ၉၇ |
| လေးထောင့်ယပ်လှူခြင်းအကျိုး | ၄၇ |
| လေပူတိုက်ခတ်ခံရသော ပြိတ္တာမ | ၁၇၅ |
| လေသည် အတွေ့အားဖြင့် မီးကဲ့သို့ ပူလောင်နေခြင်း | ၂၁၁ |
| လောဏသောဝိရကအဖျော်ရည်လှူသော ဥပါသိကာမ | ၂၃ |
| လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်း ခံစားရခြင်း | ၂၁၄ |
| လက်အုပ်ချီခြင်းအကျိုး | ၆ |
| လက်ချောင်းကောက်ကွေးစေတတ်သော အကုသိုလ် | ၁၅၅ |
| လက်တဆုပ်မျှသောပန်းလှူခြင်းအကျိုး | ၄၆ |
| လက်တဆုပ်မျှသောဟင်းရွက်လှူခြင်း အကျိုး | ၄၆ |
| လျက်ဖွယ်လှူခြင်းအကျိုး | ၉၄ |
| လင်တူမိန်းမအပေါ်၌ ယုတ်မာစွာပြုကျင့်မိသောမိန်းမ၏ ပြိတ္တာဘဝခံစားရပုံ | ၁၂၉ |
| လင်ဟောင်းနန္ဒိသေန က ပြိတ္တာမ နန္ဒာအတွက် အလှူပေးခြင်း | ၁၄၄ |
| လင့်အပေါ် ကျင့်ဝတ်နှင့်ပြည့်စုံသူ နတ်ပြည်၌ခံစားရပုံ | ၁၃ |
| လင့်အလိုသို့လိုက်၍ကျင့်ခြင်းအကျိုး | ၁၇၊၃၆ |
| လိမ်လည်၍ကျိန်စာဆိုမိသော မိန်းမ၏ ကြောက်မက်ဖွယ်သောဘေး | ၁၂၉ |
| လိမ္မာသော ချွေးမအကြောင်း | ၁၅-၁၆ |
| လှပတင့်တယ်လိုသူပြုလုပ်ရမည့် အလှူဒါန | ၉၇ |
| လှူဖွယ်ဝတ္ထုသည် မျိုးစေ့နှင့်တူပုံ | ၁၂၅ |
| လှူဖွယ်ရှိလျက် မလှူခဲ့ရသော ပြိတ္တာ၏ သံဝေဂ | ၂၁၁ |
| လှည်းအစီးခြောက်သောင်းတိုက်မျှ လောက်သော ဘောဇဉ် | ၁၅၇ |
| **[ဝ]** | |
| ဝင်္ဂီသ (အသျှင်)က နတ်သားအား မေးမြန်းခြင်း | ၈၅ |
| ဝင်္ဂီသ (အသျှင်)က နတ်သမီးအား မေးမြန်းခြင်း | ၅၂ |
| ဝန္ဒနဝိမာနဝတ္ထု | ၆၉ |
| ဝတ္ထုတ္တမဒါယိကာဝိမာနဝတ္ထု | ၃၈ |
| ဝလ္လိဖလဒါယိကာဝိမာနဝတ္ထု | ၄၆ |
| ဝသဝတ္တီနတ်ပြည်သို့ ကပ်ရောက်ပါစေလော့ဟု နန္ဒာနတ်သမီးက ဆုတောင်းခြင်း | ၁၄၄ |
| ဝသဝတ္တီနတ်ပြည်သို့ကပ်ရောက်ပါစေလော့ဟု မတ္တာနတ်သမီးက ဆုတောင်းခြင်း | ၁၄၂ |
| ဝါသဘရွာနှင့် ဗာရာဏသီပြည် အကြား၌ တည်သော စုန္ဒဋ္ဌိလရွာ | ၁၆၆ |
| ဝါသုဒေဝမင်းနှင့် ရောဟိဏေယျ အမတ်တို့စကားပြောဆိုပုံ | ၁၄၇ |
| ဝိဏာမောက္ခနတ်သမီး | ၂၂ |
| ဝိဓူပနဒါယိကာဝိမာနဝတ္ထု | ၄၇ |
| ဝိသာခါကျောင်းအမ သုနိမ္မိတ မည်သော နိမ္မာနရတိနတ်မင်းကြီး၏ မိဖုရားဖြစ်ပုံ | ၆၂ |
| ဝိသာလက္ခိဝိမာနဝတ္ထု | ၅၄ |
| ဝိဟာရဝိမာနဝတ္ထု | ၆၀ |
| ဝေသာလီပြည်၏ အနီး၌ နေသော ကပ္ပိတကမည်သောရဟန်း | ၁၈၄ |
| ဝေသာလီမြို့၌ အမွှသက္ကရမည်သော လိစ္ဆဝီမင်း ပြိတ္တာနှင့်တွေ့၍ မေးမြန်းခြင်း | ၁၈၁ |
| ဝေဿဝဏ်နတ်မင်း၏သမီးတော် ငါးယောက် | ၃၇ |
| ဝဲနာနှိပ်စက်ခံရသော တိဿာမည်သော ပြိတ္တာမ | ၁၄၀ |
| ဝန်တိုမှု (မစ္ဆရိယ) | ၁၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [သ] | |
| သံဃာ့မဟာထေရ်နှင့်ပြိတ္တာမတွေ့ခြင်း | ၁၂၈ |
| သံဃိက အလှူ၏အကျိုး | ၆၃ |
| သံတံတိုင်းကာရံ၍သံပြားဖြင့်ပိတ်ဖုံး ထားသောဂေဲ | ၁၅၀၊၂၀၁ |
| သံသဝကရောဲ၌ ခံစားရမည့် အခြင်း အရာများ | ၇၅ |
| သံသာရမောစကပေတဝတ္ထု | ၁၃၆ |
| သက္ကစ္စကုသိုလ်အကျိုး | ၁၃ |
| သက္ခလိကဒါယိကာဝိမာနဝတ္ထု | ၄၈ |
| သက်န်းလှူခြင်းအကျိုး | ၉၄ |
| သကာခဲလှူခြင်းအကျိုး | ၄၈ |
| သခွါးကြောင်သီးလှူခြင်းအကျိုး | ၄၆ |
| သခွါးဆေစ်သီးလှူခြင်းအကျိုး | ၄၆ |
| သဇ္ဈာနတ်သမီး | ၃၇ |
| သဋ္ဌိကူဋပေတဝတ္ထု | ၂၁၅ |
| သပုတ္တခါဒပေတဝတ္ထု | ၁၂၉ |
| သပွတ်ခါးပန်းလေးပွင့်ဖြင့် စေတီတော် အား ပူဇော်ခြင်းအကျိုး | ၆၆ |
| သမ္ဘဝဆတ္တာသည် | ၁၂၀၊၁၉၇ |
| သမီးက ဖခင်အားရည်ညွှန်း၍ အလှူဒါန ပြုပုံ | ၂၁၃ |
| သရဏဂုံသီလဆောက်တည်ခြင်း အကျိုး | ၁၄ |
| သရီရဓာတ်တော်ကို ပူဇော်ခြင်း အကျိုး | ၁၁၂ |
| သရက်ပင်တို့ဖြင့်ခြံရံအပ်သောကျောင်း ကို သံဃာတော်တို့အား လှူခဲ့ဘူး သော နတ်သမီး | ၆၅ |
| သရက်သီးမှည့်လှူခြင်းအကျိုး | ၉၇၊၂၁၃ |
| သာကမုဋ္ဌိဒါယိကာဝိမာနဝတ္ထု | ၄၆ |
| သာကေတမြို့နေ ဥပေါသထာမည်သော ဥပါသိကာမ | ၂၉ |
| သာဏဝါသီမထေရ်သည် ကုသိုလ် ကောင်းမှု အဘို့ကို အမျိုးပြိတ္တာတို့ အား အမျှပေးဝေခြင်း | ၁၆၉-၁၇၀ |
| [သ] | |
| သာဏဝါသီထေရပေတဝတ္ထု | ၁၆၈ |
| သာယာသောအသံတို့ဖြင့် တင့်တယ်သော ဗိမာန်ရှင်နတ်သမီးနှင့် အသျှင်မဟာ မောဂ္ဂလ္လာန်တွေ့ဆုံမေးမြန်းခြင်း | ၁၂ |
| သာရိပုတြာ (အသျှင်)နှင့်နံရိုးပြိုင်းပြိုင်း ထွက်သော ပြိတ္တာမတွေ့ဆုံခြင်း | ၁၃၆ |
| သာရိပုတြာ (အသျှင်) အလှူပေး၍ ပြိတ္တာမအား အလှူ၏အဘို့ကို အမျှ ပေးဝေခြင်း | ၁၃၆ |
| သာရိပုတြာ(အသျှင်)၏ကောင်းမှုကြောင့် ပြိတ္တာဘဝမှ လွတ်မြောက်သော နတ်သမီး | ၁၃၇ |
| သာရိပုတ္တထေရမာတုပေတဝတ္ထု | ၁၃၈ |
| သာရိပုတြာ(အသျှင်)က အမိတော်ခဲ့ ဘူးသောပြိတ္တာမ အကြောင်းကို အသျှင်မဟာမောဂ္ဂလ္လာန်စသည်တို့ အား ပြောကြားခြင်း | ၁၃၈ |
| သား၏ စေတနာသဒ္ဓါတရားကို ပိတ်ပင်ခဲ့သော မိခင်၏ ပြိတ္တာဘဝ ခံစားရပုံ | ၁၆၀ |
| သားဆယ်ယောက်မွေးဖွား၍ စားနေရသော ပြိတ္တာမ | ၁၂၈ |
| သားတည်းဟူသော အားနှင့် ပြည့်စုံ၍ လင်ကို မထီမဲ့မြင် ပြုခဲ့မိသောမိန်းမ ပြိတ္တာဘဝ ကျရောက်ပုံ | ၁၃၀ |
| သားသမီးသုံးယောက်တို့နှင့် မိဘ နှစ်ပါး ဘဝအကျိုးပေး ခြားနားပုံ | ၁၃၃ |
| သားသေ၍ ပူဆွေးဒုက္ခရောက်နေ သော ဝါသုဒေဝမင်းမြတ်အား ဃဋပဏ္ဍိတက တရားဟောခြင်း | ၁၄၈ |
| သားသတ်မှုဆိုး၏ ပြိတ္တာဘဝ ခံစားရပုံ | ၁၇၆ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[သ]** | |
| သိကြားမင်း၏ အတိုင်ပင်ခံ နတ်သမီး | ၂၁ |
| သိကြားမင်းထံမှ အကိုရ အလိုရှိသောဆု | ၁၅၆ |
| သိကြားမင်းနှင့် ကေသကာရီ နတ်သမီးတို့ တွေ့ဆုံမေးမြန်းခြင်း | ၂၀ |
| သိကြားမင်း၏ မိဖုရားယသုတ္တရာ | ၅၈ |
| သိက္ခာပုဒ်ငါးပါး၌ ဖြည့်ကျင့်သူ နတ်သမီးဘဝ ခံစားရပုံ | ၃၆ |
| သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်သော သုနိဒ္ဒါမည်သော ဥပါသိကာမ | ၃၁ |
| သိက္ခာပုဒ်ငါးပါး၌ မွေ့လျော်ခြင်း အကျိုး | ၁၇၊၂၇၊၂၈၊၃၆၊၅၅ |
| သိန္ဓုအရပ် သောဝိရအရပ်သို့ သွားသော လှည်းကုန်သည် | ၁၇၅၊၁၉၅ |
| သိရိမာနတ်သမီးနှင့် မြတ်စွာ ဘုရား တွေ့ဆုံခြင်း | ၁၈ |
| သိရိမာ သောတာပန် တည်ခြင်း | ၁၉ |
| သိရိမာဝိမာနဝတ္ထု | ၁၈ |
| သီလစောင့်ခြင်းအကျိုး | ၅၄၊၂၁၃ |
| သီလပြည့်စုံသူ၏ အကျိုးပေး | ၂၂ |
| သုစိမှိတာနတ်သမီး | ၂၂ |
| သုဇာတအား အသျှင်မဟာကစ္စည်း ထေရ်က တရားပြ၍ ဆုံးမခြင်း | ၈၇ |
| သုဇာတသရဏဂုံသီလ ဆောက်တည်ခြင်း | ၈၉ |
| သုတ္တပေတဝတ္ထု | ၁၆၀ |
| သုတာနတ်သမီး | ၃၇ |
| သုဓမ္မာမည်သော တာဝတိံသာ အနွယ်ဝင်နတ်သား | ၈၆ |
| သုဓမ္မာမည်သော နတ်သဘင် | ၁၀၁ |
| သုနန္ဒာနတ်သမီး | ၂၂ |
| သုနိက္ခိတ္တဝိမာနဝတ္ထု | ၁၂၂ |
| သုနိဒ္ဒါဝိမာနဝတ္ထု | ၃၁ |
| သုနေတ္တပစ္စေကဗုဒ္ဓါ၏ သပိတ်ကို ယူ၍ ပစ်ခွဲသောမင်းသား အဝီစိငရဲ၌ ခံစားရပုံ | ၂၀၈ |
| သုနေတ္တမည်သော ပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းကို ပစ်ခတ်ခွဲသောအပြစ် | ၂၁၅ |
| သုဖဿာနတ်သမီး | ၂၂ |
| သုဘဒ္ဒါနတ်သမီး | ၂၂ |
| သုမနာသတို့သမီး | ၆၄ |
| သုရဋ္ဌတိုင်းရှင် ပိင်္ဂလကမည်သောမင်း | ၁၉၈ |
| သုဝဏ္ဏဝိမာနဝတ္ထု | ၁၀၄ |
| သုသာန်မြေကို ညောင်စောင်း အမှတ်ပြု၍ အိပ်ရသော ပြိတ္တာမ | ၁၃၈ |
| သူကရမုခပေတဝတ္ထု | ၁၂၈ |
| သူဂယ်ဘဝ၌ အထိန်းအယတို့၏ ရင်ခွင်တခုမှ ရင်ခွင်တခုသို့ ရောက်၍ ချမ်းသာစွာ နေရ ခြင်း၏ ရှေးကောင်းမှု | ၁၆၇ |
| သူဌေးသားလေးယောက် ရွတ်ဆိုသောစကား | ၂၁၄ |
| သူတပါးပေးလှူသည်ကို တားမြစ် တတ်သော ကျောင်းထိုင်ရဟန်း | ၂၁၀ |
| သူတပါးတို့၏ အမှုကြီးငယ်ကို လုပ်ဆောင်သူ | ၄၄ |
| သူတော်ကောင်းတို့ ချီးမွမ်း အပ်သောသူ | ၁၅၃ |
| သူတော်ကောင်းတို့အား နေရာ ပေးလှူအပ်ကြောင်း | ၆ |
| သေဋ္ဌိပေတဝတ္ထု | ၂၁၄ |
| သေရိဏီပေတဝတ္ထု | ၁၇၄ |
| သေရီသကနတ်ကွန်းဆောက် လုပ်ခြင်း | ၁၂၁ |
| သေရီသကနတ်ပူဇော်ပွဲသဘင် | ၁၁၉၊၁၉၅ |
| သေရီသကပေတဝတ္ထု | ၁၉၁ |
| သေရီသကဝိမာနဝတ္ထု | ၁၁၅ |
| သေသူကို အကြောင်းပြု၍လှူခြင်း | ၁၂၆ |

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်